ADRIAN EBENS

# လောကမာယာများမှ ရုန်းထွက်ခြင်း



# မြို့ကြီးကိုစွန့်ခွာသူများအား ရည်စူးပါသည်

fatheroflove.info

မူပိုင်ခွင့်

@ Adrian Ebens, 2018

ပ အကြိမ်ပုံနှိပ်ခြင်း 2018

ISBN: 987-0-6482290-4-9

ကန့်သတ်တားမြစ်ချက်များ၊ စာရေးသူ၏ ခွင့်ပြုစာမပါဘဲ ဤစာအုပ်၏ တစ်စိတ်တစ်ပိုင်း (သို့) အီလက်ထရွန်နစ်နည်းပညာဖြင့် database ပြုလုပ်ခြင်း၊ မိတ္တူကူးခြင်း၊ အသံဖိုင် ပြုလုပ်ခြင်း၊ အခြားနှီးနွှယ်သည်များလည်း မပြုလုပ်ရ။ စာရေးသူ အာရုံအထူးထားချင်တဲ့ ကျမ်းချက်များကို စာလုံးအနက်ရေးထားတာကို အမှတ်ထားပါ။

အထူးအကဲမရှိပါက ကျမ်းကိုးများသည် New King James ယူထားပါသည်။

NLT ဆိုသည်မှာ New Living Translation မှ ယူခြင်းဖြစ်၏။

NIV ဆိုသည်မှာ New International Version မှ ယူခြင်းဖြစ်၏။

NirV ဆိုသည်မှာ New International Reader’s Version မှ ယူခြင်းဖြစ်၏။

Website မှယူသည့် အချက်အလက်အားလုံးသည် ၂၀၂၀ ဒီဇင်ဘာလအထိ နောက်ဆုံးရသတင်းများဖြစ်၏။

Father of Love ပုံနှိပ်တိုက်မှထုတ်ဝေသည့်

ဤစာအုပ်အပါ စာအုပ်အားလုံး fatheroflove.info website ၌ ရနိုင်ပြီး

adrian@life-matters.org သို့ email ဖြင့် မှာယူနိုင်ပါသည်။

ISBN:978-0-6488114-6-6

ဤစာအုပ်ကို

Adrian Ebens က ရေးသား

Lorelle Ebens က စာတည်း

Shane Winfield/ Advent Design က မျက်နှာဖုံးဒီဇိုင်းဆွဲ

iStockphoto က မျက်နှာဖုံးဓာတ်ပုံ စီစဉ်

Palatino က စာစီပါသည်။

Australia တွင် ပုံနှိပ်သည်။

ယေရှုက၊ ငါသည် လမ်းခရီးဖြစ်၏။

သမ္မာတရားလည်းဖြစ်၏။

အသက်လည်းဖြစ်၏။

ငါ့ကို အမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရ။

ရှင်ယောဟန် ၁၄ : ၆

## မာတိကာ


စိတ်ကူးအိပ်မက် ........................................................... 9

ငါ အလုပ်ရပြီ ........................................................... 13

မျိုးဆက်သစ် ........................................................... 18

ဗဟိုပန်းခြံထဲက ရေပန်း ........................................................... 24

ကမ္ဘာသစ်ပုံစံ ........................................................... 29

ငွေခန့်ခွဲသူ ........................................................... 33

စိတ်ခုခြင်း ........................................................... 42

ချစ်သား ........................................................... 46

ဗျာဒိတ်ထဲက သတ္တုလူသား ........................................................... 54

ကောင်းချီးမင်္ဂလာ ........................................................... 60

နောက်ဆုံးသောကာလမှာ တရားစီရင်မှုရှိမယ် ........................................................... 67

ငယ်သောအမှုမှာ သစ္စာရှိခြင်း ........................................................... 78

ကောင်းကင်ကို ကြေးပမာ၊ ကမ္ဘာကို သံပမာ ........................................................... 85

LEO ........................................................... 94

ဒုက္ခကြားက သုခ ........................................................... 98

ကိုယ်တော့်အပေါ် ကျွန်တော့်ခံစားမှု ........................................................... 105

ကမ္ဘာကြီး တန့်တဲ့နေ့ ........................................................... 109

ကျွန်တော့်သခင်ဟာ ကျွန်တော့်အပိုင်၊ ကျွန်တော်သည် သခင့်အပိုင်117

မှန်တွင်ထင်သည့် ဘုရား၏ပုံစံသော့ ........................................................... 123

ငရဲတွင်း ........................................................................................ 134
ခင်ဗျား ကေန်မသေပါဘူး ........................................................................ 141
အနတ္တတရားရဲ့ မူပိုင်ရှင် .......................................................................... 151
နိုင်ငံ (၂) နိုင်ငံ ........................................................................................ 160
အကူးအပြောင်း ........................................................................................ 169
ကြိမ်နှုန်းမြင့်ခြင်း ..................................................................................... 174
အလိမ်အညာထောက်တိုင် ........................................................................ 178
အစားထိုးထားတဲ့ ထောင့်ကျောက် ............................................................ 183
ကြီးမားတဲ့ ကွဲလွဲမှု .................................................................................. 194
ဘုရားရဲ့စည်းမျဉ်းများ ............................................................................. 201
Constance မြို့၏ အုတ်မြစ်များ ................................................................ 208
ခမည်းတော်ရဲ့ မေတ္တာသဝဏ်လွှာ ............................................................ 216
ကြေးဝါမှရွှေသို့ ........................................................................................ 224
ဘုန်းတော်ပြည့်တောင် .............................................................................. 234
အနှင်ခံရခြင်း ......................................................................................... 240
ငွေပုံကြားက ရွှေတစ်ပွင့် ........................................................................... 253
ပဥ္စမာယာသချာဗေဒ ............................................................................... 258
လွတ်ကြောင်းကြံခဲ့ခြင်း ............................................................................. 265
ခမည်းတော်၏ရင်ခွင်၌ .............................................................................. 274
ကောင်း/ဆိုး ဆီမီးအလှူ ............................................................................. 281

ကောင်းချီးခံ လွှတ်လပ်မျိုးစေ့ .................................................. 295
အသန့်ရှင်းဆုံးအခန်းသို့ ........................................................ 302
ယဇ်ကောင်နှင့်အလှူငွေတို့ကို ဘုရားအလိုမရှိ ............................ 310
ကျောက်ဖြူ ........................................................................ 316
သဲပြင်ပေါ်ရှိ စည်း .................................................................. 324
ခိုင်မာစေခြင်း........................................................................ 335
တိုင်းတာမရသည့် မေတ္တာတော် .................................................. 341
နက်နဲတဲ့မေးခွန်းတွေ ............................................................ 346
သန်းခေါင်ယံကြွေးကြော်သံ .................................................... 350
ကောင်းကင်မှ အသက်မုန့် ...................................................... 353
ဘယ်သူ ငါတို့အယူကို ယုံမှာလဲ ................................................ 366
ဂေါလျတ်နှင့် ထိပ်တိုက်တွေ့ခြင်း.............................................. 371
အပြစ်ဖို့ခြင်း ........................................................................ 379
တောထဲမှာတွေ့ခဲ့တဲ့ ဖန်သော့ .................................................. 384
မြေရဲ့ကျိန်စာ........................................................................ 389
အင်ဂျင်ခန်း ........................................................................ 397
ဗိမာန်တည်ဆောက်ခြင်း .......................................................... 412
Chronos ရှုံးပြီ .................................................................... 422
နောက်ဆုံးအသင့်ပြင်ခြင်းများ.................................................... 436
ထွက်မြောက်ခြင်း .................................................................. 449

သကေနေပွဲတော်........................................................................ 457
နိဂုံး........................................................................................ 460

# အခန်း ၁
# စိတ်ကူးအိပ်မက်

လေသန့်သန့်ကို ပြင်းပြင်းရှူလိုက်ရတဲ့ အရသာဟာ အလွန်နေရကောင်းပါတယ်။ မြို့နဲ့ဝေးလာခဲ့ပြီး ဗစ်တိုရိယတောင် ခါးလည်လောက်ရောက်တဲ့အခါ မြို့ကနေ မြန်နိုင်သရွေ့ မြန်မြန်ထွက်ခဲ့ကြတဲ့ Maatan နဲ့ Stella တို့ဟာ အသွားနှုန်းကို ထိန်းလိုက်ကြတယ်။

Maatan' မိန်းမ Stella က "တောင်ထိပ်ရောက်ဖို့ ဘယ်လောက် လိုသေးလည်း" လို့မေးတယ်။

Maatan က "နောက် (၂) နာရီလောက်ဆို တောင်ထိပ်ရောက်နိုင်မယ်ထင်တယ်" ဆိုပြီး မြို့ထဲကနေ ထွက်နိုင်ခဲ့လို့ ထောပနာသီချင်းကို စပြီးဆိုပါတယ်။ Stella လည်း ကူဆိုပြီး သူတို့ဟာ လွတ်မြောက်လာတဲ့အတွက် ကောင်းကင်ဘုံမှာရှိတဲ့ဘုရားသခင်ကို ထောပနာပြုကြတယ်။

တောင်ထိပ်နီးလာတဲ့အခါ ပိုပြီးမတ်စောက်လာပါတယ်။ Maatan နဲ့ Stella လည်း အားပိုစိုက်ရလို့ အသက်ရှူသံများ ပြင်းလာတယ်။ နီးပြီမှန်းသိရလို့ သူတို့ကို အားတက်စေပါတယ်။

ဗစ်တိုရိယ တောင်ထိပ်ကနေ ချိုင့်ဝှမ်းမှာရှိတဲ့မြို့ကို ကြည့်ကြတယ်။ ပြဿနာရဲ့ အတိုင်းအဆကို သူတို့ရှေ့မှာ ရှင်းရှင်းမြင်နေရတယ်။ မြို့ကို ရောမ၊မဟာခေတ်အား ပင်မတိုင်(၅)တိုင်က ဝိုင်းထားတယ်။ အဲဒီတိုင်(၅)တိုင်က လျှပ်စီးတံတိုင်းလိုဖြစ်ပြီး မြို့ပတ်ပတ်လည်ကို စည်းသားပါတယ်။ ဒီစနစ်က မြို့ကို အပြင်ရန်ကနေ ကာကွယ်ပေးဖို့ ရည်ရွယ်တာပါ။ ဒါပေမယ့် မြို့သားတွေက မသိကြဘူး။ လျှပ်စစ်တံတိုင်းက မြို့နေလူထုကို မြို့ထဲမှာဘဲပိတ်ဖို့ ကြံစည်ဆောက်လုပ်ထားတာပါ။

Maatan ဟာ လွတ်မြောက်မှုအသစ် ကြုံခဲ့ရလို့ ပီတိဖြစ် ကျေးဇူးတင်မဆုံးဖြစ်ပြီး မြို့စွန်ကို ပြန်သွားပြီး လူတစ်ချို့ကို သူတို့နဲ့နေဖို့၊ ရုန်းထွက်ဖို့ အားပေးလိုစိတ် ပြင်းပြင်းပြပြ

ပေါ်ခဲ့တယ်။ အရင်လုပ်ရမှာကို အရင်လုပ်ရတာပေါ့။ သူတို့လည်း တောင်ထိပ်စမ်းနားမှာ တဲစချလိုက်ကြတယ်။ Maatan က တဲဆောက်ပြီးရင် နောက်နေ့မနက်ကျ မြို့ပြန်လှည့်ဖို့ စိတ်ပိုင်းဖြတ်တယ်။

Maatan နဲ့ Stella တို့ဟာ မီးပုံနားမှာ အတူထိုင်ပြီး Constance[1] မြို့ကနေ လွတ်မြောက်နိုင်တဲ့အတွက် ကောင်းကင်ဘုံရှိ ခမည်းတော်နဲ့ သားတော်ဘုရားကို ချီးမွမ်းသီချင်း ဆိုကြတယ်။ ရုန်းထွက်ခဲ့ရပုံက တစ်ဦးတစ်ယောက် ထင်ထားတာထက် ရှုပ်ထွေးပါတယ်။ ကောင်းကင်က ကြယ်တွေကို ကြည့်ကြရင်း သူတို့ကို မြို့ထဲကလွတ်အောင် လမ်းပြပေးမယ့် ခမည်းတော်ဘုရားကို Maatan ယုံကြည်ပေးလို့ Stella ကျေးဇူးတင်နေပါတယ်။ သူမက မြို့ကို ပြန်သွားတဲ့အခါ သတိထားဖို့ မှာလိုက်တယ်။

“ငါတို့ သူတို့ကို အတတ်နိုင်ဆုံး ကယ်ရမှာပဲ။ ထွက်လမ်းကို ငါတို့သိနေပြီပဲ” လို့ Maatan ကပြောတယ်။ Stella က နည်းနည်းစိုးရိမ်ပေမယ့် Maatan ရဲ့ ဉာဏ်ကိုယုံပြီး သူ့ကိုယ်သူလည်း ဘုရားလက်ထဲအပ်ထားပါတယ်။

နှစ်ခြိုက်စွာအိပ်စက်အနားယူပြီးနောက် Maatan နဲ့ Stella တို့ နံနက်ခင်းစာစားအပြီး အလုပ်စပါတော့တယ်။ အဆင်းက အတက်ထက် ခရီးတွင်ပါတယ်။ မြို့ကာတဲ့စည်းအနားရောက်တဲ့အခါ လျှပ်စီးလှိုင်းကနေထွက်တဲ့အသံ တဝီဝီကြားနေရတယ်။ သတိမထားရင်တော့ မကြားနိုင်လောက်တဲ့ အသံပါပဲ။

လျှပ်စီးလှိုင်းနဲ့နီးလာတဲ့အခါ Maatan က နည်းနည်းမောဟိုက်လာတယ်။ လျှပ်စီးရဲ့ကြိမ်နှုန်းက ဗစ်တိုရိယ တောင်ပေါ်ကထက် ပိုနိမ့်ပါတယ်။ Stella ကတော့ “ထာဝရဘုရား

---

[1] Constance မြို့ဟာ Konstanz ရဲ့ ဩတ္တိလိင်သတ်ပုံဖြစ်ပြီး အတောမသတ် (သို့) အဆက်မပြတ်လို့ အဓိပ္ပာယ်ရပါတယ်။ ဒါ့ကြောင့် ဘုရားကို အဆက်မပြတ် ပုန်ကန်လို့ ပေးထားတဲ့နာမည်ပါ။ ရှေးရာစုနှစ်များစွာက သက်ရှိထင်ရှားရှိခဲ့တဲ့ ဧကရာဇ်မင်း Constantine ကို ဂါရဝပြု မှည့်တွင်ခဲ့ခြင်းဖြစ်ပါတယ်။ အဲဒါထက် နက်နက်ရှိုင်းရှိုင်းဆိုရရင် Conned-stance ဆိုတာကို စေ့ဆော်ပါတယ်။ မြို့နေလူထုဟာ အလိမ်ခံရတယ် (သို့) မြို့သားတွေဟာ ဥပဒေတွေနဲ့ အနီးကပ်စောင့်ကြည့်ခံရတဲ့ အဓိပ္ပာယ်ပါ။

သည့် ငါ၏ သိုးထိန်းဖြစ်တော်မူ၏။ ငါသည် ဆင်းရဲမခံရ။” ကို အထပ်ထပ်ရွတ်ဆိုပြီး “နင် ဘာလုပ်မယ် စိတ်ကူးလဲ Maatan” လို့ မေးလိုက်တယ်။

Maatan က “Stella ရေ ဆုတောင်းရအောင်” “ကောင်းကင်ဘုံမှာရှိတော်မူတဲ့ အဖဘုရား မြို့နေလူထုဆီရောက်နိုင်ဖို့ ကျွန်ုပ်တို့ကို စောင်မတော်မူပါ။ ကောင်းကင်တမန်များ စေလွှတ်ပေးတော်မူပါ။ သခင်ယေရှု၏ နာမတော်ဖြင့် ဆုတောင်းပါ၏ဘုရား။ အာမင်။”

ဆုတောင်းအပြီးမှာပဲ စည်းရဲ့တစ်ဘက်က လူတစ်ယောက်ကို သတိထားမိကြတယ်။ Maatan နဲ့ Stella က သူတို့ဆီလာဖို့ လက်ယမ်းကြတယ်။ အဲဒီလူက သတိမထားမိဘဲ သူ့လမ်းသူ ဆက်လျှောက်တယ်။ Maatan လည်း ထပ်ကြိုးစားတယ်။ ဒါနဲ့ပဲ အဲ့လူလည်း သူတို့ကို တွေ့သွားတယ်။ အဲ့လူက သူတို့ကို စိုးရိမ်စိတ်နဲ့ တအံ့တဩကြည့်လိုက်တယ်။ အဲ့လူလည်း လှည့်ပြေးပြီး လူတစ်ချို့နဲ့ ပြန်ရောက်လာတယ်။

Maatan နဲ့ Stella က သူတို့ပြောတာကြားရဖို့ ပိုပြီးနီးအောင်လာကြဖို့ သူတို့ကို အချက်ပြလိုက်တယ်။ ဟိုလူတွေလည်း သူတို့ ရဲသလောက် အနားကပ်လာကြတယ်။ Maatan က “ငါ့အသံကြားရလားဟေ့။” တစ်ယောက်က သူ့လက်ကို နားအနားကပ်ပြီး နားထောင်ပေမယ့် သူက မကြားနိုင်ဘူး။

သူတို့ထဲကတစ်ယောက်က စပြီး ရယ်တယ်။ သူတို့နဲ့ စကားပြောနိုင်ဖို့ Maatan နဲ့ Stella တို့ရဲ့ ကြိုးပမ်းမှုကို ကြည့်နေရင်းနဲ့ သူစိတ်တိုလာတယ်။ “ဒီလူတွေဟာ အရူးပါကွာ။ ပြောစရာဘာမှမရှိဘဲ လက်ချည်းလိုက် ဝှေ့ယမ်းနေတယ်။ ဒါမျိုးတွေ အီနေပြီ။” အဲဒီလိုနဲ့ အဲဒီလူဟာ ပြန်လှည့်သွားတယ်။ ကျန်တဲ့လူတွေလည်း အဲဒီလူနောက်ကို ပြန်လိုက်သွားကြတယ်။ Maatan က “ပြန်လာပါဦး” လို့ အော်ခေါ်ပေမဲ့ အချည်းနှီးပါပဲ။

Stella က “ဒါဟာ ဒီလျှပ်စီးလှိုင်းနဲ့ ပတ်ကိုပတ်သက်ရမယ်” လို့ တွေးမိတယ်။ “ဒီတိုင်တွေက သူတို့နဲ့ ဆက်သွယ်လို့မရအောင် တားနေတယ်။” Maatan ဟာ ဟိုလူတွေနဲ့ စကားပြောနိုင်ဖို့ အလီလီကြိုးစားပေမယ့် ဟိုလူတွေက သူနဲ့မပတ်သက်နိုင်၊ မပတ်သက်ချင်ကြဘူး။ အဆုံးမှာတော့ Maatan ဟာ ဒူးထောက်ပြီး ဘုရားဆီဆုတောင်းတယ်။

“သူတို့ ကျွန်တော့်အသံကို မကြားနိုင်ကြဘူး၊ သူတို့ ကျွန်တော့်အသံကို မကြားနိုင်ကြဘူး။ သူတို့ မြို့ထဲမှာ ပိတ်မိနေပါတယ်!”

# အခန်း ၂
# ငါ အလုပ်ရပြီ

## Constance မြို့၊ ၁၉၉၃

“ငါဘယ်ရောက်နေတာလဲ” Maatan လန့်နိုးလာတယ်။ ဗဟိုစီးပွားရေးဇုံကို သွားနေတဲ့ ရထားရဲ့ပြတင်းပေါက်ကို နေရောင်ထိုးဝင်နေတယ်။ အိပ်မက်ကြောင့် သူ့နှလုံးအခုန်မြန်ပြီး ဩော် ငါ အိပ်ပျော်သွားတာပဲလို့ စဉ်းစားခန်း ဝင်ခဲ့တယ်။

သူနဲ့ Stella ဟာ မကြာခင်နှစ်တွေက ဘွဲ့ကိုယ်စီ ရခဲ့ကြတယ်။ Stella က သူနာပြုသင်တန်းတက်ချင်ပေမယ့် Maatan ကတော့ တစ်နှစ်နောက် အနားယူချင်သေးတယ်။ သူတို့ဟာ အသက်(၃၀)နား နီးလာတဲ့အခါ အိမ်ထောင်ရေးတွေ ပုံမှန်ဝင်ငွေရှိဖို့ စတဲ့အရာတွေကို စဉ်းစားလာကြတယ်။ Maatan ကတော့ မြို့ထဲကလူမှုကူညီရေးအသင်းမှာ အလုပ်ဝင်အင်တာဗျူးဖြေဖို့ သွားနေတာပါ။ ဘူတာရောက်တဲ့အထိ သူ့ရဲ့အိပ်မက်အကြောင်း အထူးအဆန်းဖြစ်နေပါတယ်။

အိပ်မက်ထဲက တောင်ပေါ်ရှုခင်းနဲ့ အခု သူ့အပေါ် ကျနေတဲ့ မိုးမျှော်တိုက်တွေရဲ့ အရိပ်တွေက တစ်ဘာသာခြားလို့ နေတယ်။ Maatan က မြို့ကြီးရဲ့ ဆူညံသံ၊ လေထုညစ်ညမ်းမှုတွေနဲ့ အသားမကျနိုင်။ ခရစ်ယာန်အဖွဲ့အစည်းတစ်ခုမှာ အလုပ်ရနိုင်ခွင့်ဟာ မြို့ပြဘဝရဲ့ ကျဉ်းကြပ်မှုကနေ ရုန်းထွက်ချင်တဲ့ သူ့ရဲ့ဆန္ဒနဲ့ လွန်ဆွဲနေတယ်။

“၁၃ လမ်းနဲ့ လမ်းမကြီး (၇) ထောင့်ကို ရောက်ပြီ။ ဟုတ်ပြီ။ ဒီနေရာပဲ”။ Maatan ဟာ မက်သိုဒစ်အသင်းတော်မှာ အလုပ်လာလျှောက်တာပါ။ ဒီအသင်းတော်က မရှိဆင်းရဲသားတွေကို ကဏ္ဍအများကြီးနဲ့ ပံ့ပိုးတယ်။ ဒီအသင်းတော်က ဘတ်ဂျက်ကို စီမံပေးမယ့်၊ အဖွဲ့အစည်းအတွက် ကုန်ကျငွေတွေတွက်ပေးမယ့် ကွန်ပျူတာပညာရှင် စာရင်းကိုင်ပညာရှင်တွေကို ရှာနေတယ်။

Maatan ဟာ မန်နေဂျာကိုစောင့်ရင်းနဲ့ (၅) ထပ်မြောက်ကနေ အောက်ကိုကြည့်တဲ့အခါ အနားမှာရှိတဲ့ မြစ်ရေပေါ်မှာ နေရောင် ကစားနေတာကို တွေ့တယ်။

"မာတင်၊ ကျွန်တော့နာမည်က ဒေးဗစ်ပါ။ ခင်ဗျားကိုတွေ့ရတာ ဝမ်းသာပါတယ်။ ရုံးခန်းထဲကြွပါ။ ဩော်၊ ခင်ဗျားနာမည်က အမှန်တော့ Maatan ကိုး၊ ကျွန်တော်ခေါ်တာ မှန်ရဲ့လားခင်ဗျာ"

"အမြန်ခေါ်ရင် မာတင်ဖြစ်ခါနီးပါပဲ" ဆိုပြီး နှစ်ယောက်သားရီကြတယ်။

"Mataan ဆိုတဲ့နာမည်ဟာ အဆန်းပဲခင်ဗျ - ဒီနာမည်မျိုး မကြားဖူးသေးဘူး"

"ကျွန်တော့အဖေက ဒီလိုမှည့်ပေးခဲ့တာ။ ဟေဗြဲဝေါဟာရနှစ်လုံးကို ပေါင်းထားတာ။ Maayan အဓိပ္ပာယ်က *စမ်းချောင်း၊* Nathan အဓိပ္ပာယ်က *လက်ဆောင်* ပါ။

ဒေးဗစ်က "ဒါဆို ခင်ဗျားဟာ ဂျူးလား - Maatan"

Maatan က "မဟုတ်ပါဘူး။ ဒါပေမယ့် ဂျူးတွေလို ဥပုသ်စောင့်ပါတယ်" လို့ ရဲရဲဖြေလိုက်တယ်။

ဒီလိုနဲ့ (၂) မိနစ်လောက် စကားပြောဖြစ်သွားကြပြီး ဒေးဗစ်က "ခင်ဗျား ဒီအလုပ်အတွက် ဘယ်လို လူမှန်နေရာမှန်ဖြစ်မလဲ" လို့ မေးလိုက်တယ်။

"ကျွန်တော်တတ်ထားတာတွေနဲ့ လူတွေကို ကူညီချင်လို့ပါ။ ခင်ဗျားတို့ အဖွဲ့အစည်းဟာ မြို့ထဲမှာ အလုပ် ကောင်းကောင်းလုပ်ပေးတယ်။ အဝတ်ဘီဒို၊ မီးဖိုချောင်ခန်းတွေ မြို့အရှေ့ပိုင်းရပ်ကွက်တွေမှာ လုပ်ပေးတာတွေ ကျွန်တော်တွေ့ပြီးပါပြီ"

"ဩော်၊ ခင်ဗျားက ဒါတွေကို သိပြီးသားပေါ့" ဒေးဗစ်က သဘောတွေ့သွားတယ်။

"မှန်ပါတယ်။ ကျွန်တော့်ရဲ့ ကျွမ်းကျင်မှုက ခင်ဗျားရဲ့အလုပ်ကို ကောင်းကောင်းပံ့ပိုးပေးမယ်လို့ ကျွန်တော်ထင်ပါတယ်။"

မေးခွန်းအချို့မေးအပြီးမှာ ဒေးဗစ်က Maatan ကိုကြည့်ပြီး “Maatan ခင်ဗျားက အလုပ်နဲ့ ကိုက်ညီပါတယ်။ ဘယ်တော့ အလုပ်စနိုင်မယ် ထင်လဲ”

“ကျွန်တော် တနင်္လာနေ့မှာ စနိုင်ပါတယ်။ တောင်းဆိုစရာတစ်ခုတော့ ရှိတယ်။ ဆောင်းတွင်းပိုင်းကျရင် ဥပုသ်နေ့အတွက် သောကြာနေ့တွေမှာ (၂) နာရီ အလုပ်စောသိမ်းချင်ပါတယ်။ အဲဒီနေ့ရဲ့ အလုပ်ကို အစားပြန်ဖြည့်ပေးပါ့မယ်။ အဲဒါလေး အဆင်ပြေမလား”

ဒေးဗစ်လည်း ခဏတွေဝေသွားပြီး “ဖြစ်နိုင်လောက်မှာပါ” ဆိုပြီး နှစ်ယောက်သား လက်ဆွဲနှုတ်ဆက်ကြပြီး Maatan လည်း အိမ်ပြန်လာပါတယ်။

ခေတ်လှေခါးဆီသွားရင်း “ဘုရားဂုဏ်တော်ကို ချီးမွမ်းပါတယ်” လို့ သူပြောလိုက်တယ်။ ဘူတာကို အပြေးသွားပြီး Stella ကို “ငါအလုပ်ရပြီ။ တနင်္လာနေ့ စဝင်မှာ” လို့ ဖုန်းလှမ်းဆက်လိုက်တယ်။

“ရှင့်အတွက် ဝမ်းသာပေးပါတယ်။ ဘုရားက ငါတို့ဆုတောင်းတာကို အဖြေပေးတာပဲ။ သူတို့အတွက် နင် ကောင်းကောင်းလုပ်ပေးနိုင်မှာပါ”

“ဝမ်းသာပါတယ်။ ဒါလင်ရေ။ ငါတို့မှာ ကျေးဇူးတင်စရာ အများကြီးပဲ။ အိမ်ပြန်ရောက်ရင် ပွဲတည်ရအောင်။ ဘာစားချင်လဲ” လို့ Maatan က မေးတယ်။

Stella က “ထိုင်းစာ စားမယ်”

“ကောင်းပြီ၊ ခဏနေတွေ့ကြမယ်”

Hawthorne ဆင်ခြေဖုံးကိုပြန်ဖို့က ရထား (၂) နာရီလောက် စီးရတယ်။ Maatan က လမ်းမှာဖတ်ဖို့ သတင်းစာဝယ်တယ်။ ခေါင်းစီးမှာ “ကလင်တန်က အီရတ်ကိုတိုက်ဖို့ အမိန့်ပေးပြီ။” “ယူအက်စ် ကတော့ အခုဘာဖြစ်နေပြီလဲမသိဘူး” လို့ သူ စဉ်းစားခန်းဝင်နေလိုက်တယ်။ သမ္မတဟောင်း ဘုရှ်ရဲ့မိန့်ခွန်းကို ကြားပြီးနောက်ပိုင်းမှာ Maatan ဟာ New World Order ဝေါဟာရနဲ့ပတ်သက်ပြီး သံသယပွားလာတယ်။

*ဒီလူတွေ အရှေ့အလယ်ပိုင်းဒေသမှာ ဘာလို့စစ်ဆက်ခင်းရတာလဲ။*
*မူဆလင်တွေကိုဆွပြီး ငရဲဖန်တီးတာပဲ* လို့ Maatan က စဉ်းစားတယ်။

နောက်ခေါင်းစဉ်တစ်ခုကတော့ “တင်းမာမှုများဖြစ်ပေါ်” တဲ့။ ခရစ်ယာန်ခေါင်းဆောင်တွေက မြို့ထဲ Mardi Grass ဂေးချီတက်မယ့်ပွဲကို တုံ့ပြန်ကြသည်” တဲ့။ အဲဒီဆောင်းပါးကိုဖတ်တော့ သူ စိတ်ရှုပ်သွားတယ်။ သူက ဒီကိစ္စနဲ့ပတ်သက်ပြီး သမ္မာကျမ်းစာက ဘယ်လိုမိန့်ထားလဲဆိုတာ သိပေမယ့် အချို့အသင်းတော်ခေါင်းဆောင်တွေရဲ့ လက်ညှိုးထိုးတတ်တဲ့ ဝသီကိုတော့ မနှစ်သက်နိုင်ဘူး ဖြစ်နေတယ်။ နောက်စာမျက်နှာ အနည်းငယ်အောက်မှာ “စက်ဆုပ်စွာမုန်းတီးခြင်း” ဆိုတဲ့ခေါင်းစဉ်ကို “ဂေးများ မည့ှာမတာ ညှင်းဆဲခံရပြီးနောက်မှာ ကိုယ့်ကိုယ်ကို သတ်သေကြသည်” ဆိုတဲ့ ခေါင်းစဉ်ငယ် တွဲထားတာကို ဖတ်လိုက်ရတယ်။ Maatan က သေသွားကြတဲ့ လူရွယ်တွေအတွက် ဝမ်းနည်းပြီး အပြစ်တင်ချင်တဲ့စိတ်တွေလည်း ဖြစ်လာတယ်။ *ဘုရားပညတ်ကို ချိုးဖောက်ရင် ဒီလိုဖြစ်မှာပဲလေ၊ အပြစ်ရဲ့အခဟာ သေခြင်းပဲ”* လို့ သူ တွေးတယ်။ ဒီခံစားမှုနှစ်မျိုးဟာ သူ့စိတ်ထဲမှာ သဟဇာတဖြစ်လို့မရ ဖြစ်နေတယ်။ တစ်ခုခု လိုနေတယ်။ ခေါင်းစဉ်တပ်လို့မရတဲ့ တစ်ခုခုပဲ။

ဘာကြောင့်လဲဆိုတာ မသိနိုင်ဘဲ စိတ်ပျက်ပြီး အခြားစာမျက်နှာကိုလှန်တော့ ရေကူးဝတ်စုံနဲ့ အမျိုးသမီးပုံကို တွေ့တယ်။ ပုံကိုကြာကြာကြည့်ဖို့ စုံစမ်းခံရတယ်။ ဒါပေမယ့် “အမျိုးသမီးတစ်ဦးကို ကိလေသာစိတ်နှင့် မကြည့်ရ” ဆိုတဲ့ ပညတ်တော်ကို အမှတ်ရလိုက်တယ်။ *အဖဘုရား ကျွန်တော့်ကို သမာဓိမြဲအောင် မစပါ။* သူ့စိတ်ဟာ ညစ်ညမ်းရုပ်ရှင်တွေကို စွဲလန်းနေတဲ့ သူ့ သူငယ်ချင်းတွေဆီ ရောက်သွားတယ်။ အဲဒီစွဲလန်းမှုက လူ့အသိုင်းအဝိုင်းတစ်ခုလုံးကို ဝါးမြိုနေတယ်။ ဒီခေတ်ဒီအခါမှာ အင်တာနက်က ကျယ်ပြန့်လာတော့ ရှာရတာလွယ်လွန်းနေပါတယ်။ ခင်ဗျားရဲ့ ဆန္ဒရှိရင်တွေ ဒေါင်းလုပ်လုပ်ဖို့ အိမ်ပြင်ထွက်စရာမလိုပါဘူး။ Maatan က အိမ်ထောင်ရေးကို ဖျက်ဆီးတဲ့ သကာမွန်းတဲ့မြုံးကနေ ရှောင်နိုင်ဖို့ အမြဲဆုတောင်းတယ်။ *အဖဘုရား ကျွန်ုပ်သည် မြို့ကြီးကနေ အမှန်ထွက်သွား*

*လိုပါတယ်။ အခုမှာတော့ ဒီအလုပ်ကိုရပါတယ်။ သမာဓိမြဲပြီး အဖဆီမှာ ပျော်မွေ့တတ်ဖို့ မစတော်မူပါ။ အဖဘုရားနဲ့ Stella ကို မနှစ်နာစေဖို့ မစတော်မူပါ။*[2]

"*စာဖတ်တာ တော်လောက်ပြီ ဒီနေ့ရတဲ့ကောင်းချီးနဲ့ ဒီညပွဲတည်မယ့် အစီအစဉ် စဉ်းစား သင့်ပြီ။*"*လို့ တွေးလိုက်တယ်။ ဘုရားဟာ ငါတို့အပေါ် ကောင်းခဲ့ပါတယ်လို့ တွေးလိုက်* တယ်။

[2] အဲဒီအကြောင်းပိုသိချင်ရင် fatheroflove.info ကနေ Comforter ကိုရှုပါ။

# အခန်း ၃
# မျိုးဆက်သစ်

Maatan နဲ့ Stella လည်း ထိုင်းစားသောက်ဆိုင်ကို google မှာ ရှာပြီး သွားစားကြတယ်။ ဆိုင်ထဲဝင်တာနဲ့ ဘုရားရုပ်တုအများကြီးကို တွေ့ရကြတယ်။

Stella – "ဒီအရုပ်တွေနဲ့တော့ အဆင်မပြေလိုက်တာ" လို့ တိုးတိုးလေး ပြောလိုက်တယ်။

Maatan – "ဒီအရုပ်တွေက ဘာမှမဟုတ်မှန်းတော့ သိပါတယ်။ ဒါပေမယ့် နတ်တွေကို အခွင့်သာစေတာပေါ့။ ဒီလိုမျိုးနေရာက ငါစားချင်နေတဲ့နေရာမျိုး မဟုတ်ဘူး" ဆိုပြီး ရုပ်တုနဲ့ဝေးတဲ့ခုံမှာ ပြောင်းထိုင်ကြတယ်။

"stella၊ ဘုရားက ငါတို့နှစ်ယောက်ကို ဖူးစာဆုံပေးတဲ့လို့ ဝမ်းသာတယ် ကွာ။ ငါ့ကို ကူပေးတဲ့အတွက် နင့်ကိုလည်း ကျေးဇူးတင်တယ်။" သူတို့နှစ်ယောက် ညားကြတာ (၂) နှစ် ရှိသွားပြီ။ ရှေ့ရေးအတွက် မျှော်လင့်ချက်တွေ၊ အနာဂတ်အတွက်အစီအစဉ် ဆွေးနွေးပျော်ရွှင်ကြည်နူးတတ်ကြတယ်။

"ဘုရားက ငါတို့ကို ဖူးစာဆုံပေးမှန်း ငါသိတယ် Maantan။ သူက နင့်ကို လမ်းပြနေတယ်လို့ ငါယုံတယ်။ ငါတော့ နင်နဲ့နေရတာ သိပ်စိတ်ချမ်းသာတာပဲ"

"ကျေးဇူးပါ ဒါလင်ရေ၊ ဒါဟာ ကိုယ့် အတွက်တော့ တကယ့်အားပဲ"

"ဝင်ငွေတည်ငြိမ်ပြီဆိုတော့ ကလေးယူဖို့ စဉ်းစားလို့ရပြီပေါ့" လို့ stella က ပြောတယ်။

"ဟုတ်တယ်။ ဒါနဲ့ နင့်သူနာပြုအလုပ်ကကော ဘယ်လိုနေလဲ။ နင် ဒါကို ဘေးချိတ်ထားနိုင်ပြီလား stella။ ငါတို့နှစ်ယောက်က စီးပွားရှာပြီး ကလေးတွေကိုတော့ သူစိမ်းလက်မှာ မကြီးပြင်းစေချင်ပါဘူး" လို့ Maatan က ပြောတယ်။ "နှစ်အများကြီး အလုပ်မလုပ်ဘဲနေရတော့မှာပေါ့။ ကလေးတွေကို အိမ်မှာဘဲ စာသင်ပေးပြီး ဘုရားအလိုတော်အတိုင်း သွန်သင်ချင်တယ်"

"ကျေးဇူးပါ stella ရေ၊ ဒါက အရေးကြီးပါတယ်"

"ဒါက ပေးဆပ်မှုတစ်ခုပါပဲ။ ဒါပေမယ့် ကလေးဆိုတာ ဘုရားပေးလက်ဆောင်ပါ။ ဘုရားဘုန်းတော်ထွန်းစေဖို့ သူတို့ကို သွန်သင်ပေးချင်ပါတယ်" stella ထပ်ပြောတယ်။

"သက်သတ်လွတ် Pad Thai တစ်ပွဲနဲ့ Pad SeeEw တစ်ပွဲ" ရပါပြီ စားပွဲထိုးရဲ့ အသံ။

Maatan က "ကျေးဇူးပါ" "ဆုတောင်းရအောင်။ အဖဘုရား ကျွန်တော်တို့ကို ကြည့်ရှုစောင်မပေးခဲ့သမျှ အားလုံးအတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ကို ကောင်းချီးပေးတော်မူပါ။ စားသောက်ဆိုင်ပိုင်ရှင်နဲ့ ဝန်ထမ်းများကိုလည်း ကောင်းချီးပေးတော်မူပါ။ သခင်ယေရှုနာမ၌ ကျေးဇူးတော် ချီးမွမ်းပါ၏။ အာမင်" အဲဒီနောက် Maatan က ကလေးအကြောင်း ဆက်တယ်။

"ကျောင်းပတ်ဝန်းကျင်က မကောင်းတာများတော့ ငါလည်း ကလေးတွေကို ကိုယ်တိုင်သင်ပေးချင်တယ်။ ကျောင်းပို့တာ လွယ်မှန်းသိပါတယ်။ ဒါပေမဲ့ ကလေးတွေက အလွတ်ကျက်တာမျိုးမဟုတ်ဘဲ ခွဲခြမ်းစိတ်ဖြာတတ်ဖို့ လိုတယ်။ အလွတ်ကျက်တာက သင်ယူမှုမဟုတ်ဘူး။" ဒီအကြောင်းက သူစိတ်ဝင်စားတာမျိုးဖြစ်လို့ စကားလည်း မြန်လာတယ်။ "ကလေးတွေက သူများရဲ့ အာဘော်ကို ပြန်ရွတ်တာထက် ကိုယ်တိုင်စဉ်းစားနိုင်ကြဖို့က ငါ့အတွက် အဓိကပဲ"

Stella က "ကလေးတွေရဲ့ ပညာရေးကို ရှင် ဒီလောက်စိတ်ဝင်စားတာ ကျမရဲ့ လာဘ်ပဲ။ ရှင့်မှာ ဒီလိုစိတ်ရှိမှန်း သိရလို့ ကလေးတွေနဲ့ အိမ်မှာနေရမှာ အဆင်ပြေမှာပါ" ကလေးမယူသေးဘဲ (၂) နှစ် (၃) နှစ်တော့ အလုပ်ဆက်လုပ်ရင်လည်း အဆင်ပြေမယ်ထင်တယ်။

Maatan က "ဒါဆို ငါလည်း ကလေးတွေအတွက် အလုပ်ထဲပိုနှစ်လို့ ရသွားတာပေါ့။"

Stella က မျက်နှာရှုံ့ပြီး "ကလေးတွေကို ညဥ့်သန်းခေါင် နို့မလည်းရခင် အချိန်ပိုရတာပေါ့။ ကျမ်းစာက ဘာပြောလဲသိလား။ ငါတို့သည် ညမအိပ်ရ၊ ငါတို့သည် ပြောင်းလဲသွားမယ်တဲ့" ဆိုပြီး နှစ်ယောက်သား ရွှေအိပ်မက်တွေနဲ့ ပျော်နေကြတယ်။

Maatan က "ငါတို့နဲ့ တူမယ့်ကလေးကို မွေးနိုင်တယ်ဆိုတာ ဘုရားရဲ့တန်ခိုးက ဆန်းကြယ်ပါတယ်"

"ယောက်ျား၊ ရှင် ကျွန်မကို အဖြေတောင်းတဲ့ညကို ငါအမှတ်ရတုန်းပဲ။ ငါတို့နှစ်ယောက်လက်တွဲရာမှာ ဘုရားကဦးဆောင်ဖို့ ကျမ မျှော်လင့်ခဲ့တာ။

"ကျေးဇူးပါ၊ ဘာမဟုတ်တဲ့အကြောင်းတွေထက် ဘုရားတရားကိုမြတ်နိုးပြီး ဘုရားတရားအကြောင်း ပြောချင်တဲ့နင့်ကို ငါ ကြွေခဲ့တာ"

Stella က "သက်ကလေ မိသားစုကောင်းကနေ မလာခဲ့တဲ့အတွက် တစ်ခြားမိန်းကလေးတွေထက် နိမ့်ပါးတယ်လို့ ခံစားလို့ ခင်ပွန်းကောင်းတွေ့ပါ့မလားလို့တောင် တွေးပူခဲ့တာ"

"Stella ရေ၊ ဘုရားကတော့ နင်ဟာ ငါ့အတွက်ဆိုပြီး ရှင်းရှင်းပြခဲ့တယ်။ ကျမ်းစာမှာ သီလသာ အဓိကလို့ ပြောပါတယ်။ ငါတို့က သပ်သပ်ရပ်ရပ် လှလှပပ ဝတ်ရမှာ ဟုတ်တယ်။ ဒါပေမယ့် ကိုယ့်သီလောက်တော့ အရေးမပါဘူးပေါ့"

"ယောက်ျားရယ် အရမ်းကျေးဇူးတင်တာပဲ။ တစ်ခြားယောက်ျားတွေလို အပြင်ပန်းကို အာရုံမစိုက်လို့ သက် ဝမ်းသာပါတယ်။ သက်ကိုယ်သက် မလှဘူးလို့ ခံစားရတဲ့ နေ့တွေအများကြီးပဲ။ ဒါပေမယ့် ရှင်ကတော့ သက်ရဲ့ဆံပင်၊ အဝတ်တွေအကြောင်း အပြစ်ဘာမှ မပြောဘူးနော်။ သက်ကတော့ အဲဒါတွေနဲ့ ခေါင်းစားခဲ့တာ။ ဒီကိစ္စကို သည်းခံပေးလို့ ကျေးဇူးတင်ပဲ။"

Maantan က "မိန်းမနဲ့ပတ်သက်လို့ ရုပ်ရှင်တွေက ငါ့ရဲ့ဆယ်ကျော်သက်ဘဝကို ဖျက်ဆီးခဲ့တယ်။ အဲဒါတွေရဲ့ လွှမ်းမိုးမှုကြောင့် ဝမ်းနည်းရပါတယ်။ ငါ့ဘဝကို သခင်ယေရှုဆီအပ်တဲ့အခါ သူက ငါ့ရဲ့အမြင်တွေကို ပြောင်းပေးခဲ့တယ်။ ပြောင်းပစ်ဖို့က မလွယ်ပါဘူး။ ဒါပေမယ့် ယေရှုက ယောကျ်ားတွေက အမျိုးသမီးကို တဏှာနဲ့ မကြည့်ရဘူးတဲ့။ ဒါဟာ အပေါ်ယံအလှကိုရှုတာဖြစ်ပြီး၊ ပျက်စီးခြင်းဆီ ပို့တယ်"

"အဲဒါက သက်ကို စိတ်သက်သာစေပါတယ်။ သက်ကို အပြင်ပန်းမဟုတ်ဘဲ လူတစ်ယောက်အဖြစ်ချစ်မှန်း သက် သိပါတယ်။ သက်လည်း အာရုံစိုက်ခံရအောင် ဖွဲ့ဆောင်မှုရှိတဲ့ အဝတ်အစားတွေ ဝတ်ချင်မိတဲ့အချိန်တွေ ရှိတယ်။ ဒါပေမယ့် ဒါတွေကလည်း ကြာရှည်ခံတဲ့ ပျော်ရွှင်မှု မပေးနိုင်ပါဘူး။ ကြည့်မှန်ရဲ့ အကြိုက်ဆောင်ဖို့ အချိန်ကုန်ရတာ မတန်ပါဘူး။ ဘဝမှာ စက္ခုအာရုံအတွက်ထက် ကျန်တဲ့အရေး အများကြီးရှိပါတယ်။

"Stella ရေ ငါ့ရဲ့မေတ္တာမှာ နင်ကို စိတ်ချပျော်ရွှင်စေချင်တယ်။ သူ့လိုမျိုး မင်းအပေါ် ငါဆက်ဆံနိုင်ဖို့ ယေရှုဘုရားဆီ ငါဆုတောင်းလေ့ရှိတယ်။ အိမ်ထောင်ရေးဆိုတာ သိမ်မွေ့ပါတယ်။ ကျမ်းစာကတော့ အမျိုးသမီးက ယောကျ်ားအလိုကို လိုက်ဖို့ မှာထားတယ်။ ငါသာ နင့်အလိုကို လိုက်ရမယ်ဆိုရင် ငါဘယ်လို ခံစားရမလဲဆိုပြီး ကိုယ့်ကိုယ်ကိုယ် တွေးမိတယ်။ ကိုယ်သေချာမသိတဲ့ အလုပ်ကို လုပ်ဖို့၊ သေချာမသိတဲ့ နေရာကို သွားဖို့ ငါသာ တောင်းဆိုခံရရင် ငါဘယ်လိုနေမလဲ။ ငါတို့လုပ်ရ၊ သွားရမယ့်အကြောင်းတွေကို စဉ်းစားတဲ့အခါ အဲဒါကို အမြဲထည့်စဉ်းစားတယ်။ ငါ့ဆုံးဖြတ်ချက်က မင်းအပေါ် ဘယ်လိုသက်ရောက်မလဲ အမြဲတွေးပေးတယ်။ ဒီဘက်မှာ ငါအားနည်းမှန်း သိတယ်။ ဒါကြောင့် ဘုရားရဲ့အလိုအတိုင်း မင်းကို ဂရုစိုက်ပေးနိုင်ဖို့ အမြဲဆုတောင်းတယ်။ မင်းက ဘုရားရဲ့သမီးပဲ ဒါကြောင့် ဘုရားရဲ့သားသမီးကို သိမ်ငယ်စေမိတာမျိုး ကိုယ်မလိုချင်ဘူး။"

Stella က "အဲဒါကြောင့်ပဲ ရှင် သက်ကို ကမ်းလှမ်းတော့ 'ဟုတ်' လို့ပြောဖို့ မခဲယဉ်းခဲ့ရတာပေါ့။ ရှင် ယေရှုကို စိတ်အကြွင်းမဲ့ချစ်တယ်ဆိုတာ သက် တွေ့နိုင်တယ်လေ။ သက်လည်း ရှင်နဲ့အတူ ဘဝခရီးလျှောက်ချင်ခဲ့တာပေါ့။"

Maatan က "ဟုတ်တယ်နော။ နင်က ငါတောင်းဆိုတဲ့အခါ မတုံ့ဆိုင်းခဲ့ဘူး။ ဘဝခရီးတစ်လျှောက် ငါနဲ့အတူလျှောက်လို့လည်း ကျေးဇူးတင်ပါတယ်။ ဒီကမ္ဘာကြီးက ခြောက်ကပ်ပါတယ်။ နင်နဲ့လက်တွဲခွင့်ရလို့ ငါ့အတွက်တော့ အိုအေစစ်ပါပဲ။ နင်က မိခင်ကောင်းဖြစ်လာမှာ ငါသိတယ်။

Stella လည်း ဝမ်းသာမျက်ရည်နဲ့ "ရှင်လည်း ဖခင်ကောင်းဖြစ်မှာပါ"

Maantan နဲ့ Stella ဟု ဘုရားပေးတဲ့  ထာဝရအခိုက်အတန့်ကို  အရသာခံကြတယ်။ အတော်ကြာလေး တိတ်နေကြတယ်။ အတူရှိနေတဲ့ အခိုက်တန့်ကို ခံစားကြည်နူးနေ လိုက်ကြတယ်။ ဒါနဲ့ Stella က အခြားအကြောင်းအရာတစ်ခု တွေးလိုက်တယ်။

"အမျိုးသမီးတွေ ဘယ်လိုစိတ်နဲ့များ  ကိုယ်ဝန်ဖျက်နိုင်ကြမှန်း နားမလည်နိုင်ပါဘူး"

Maantan က "ဘယ်လိုဖြစ်ပြီး ဒီလိုတွေးဖြစ်သွားတာလဲ"

"ဒီမနက် သက် ဦးဆောင်ရတဲ့ သက် ထက်ဝါနုတဲ့နာ့စ်မ အလုပ်ဝင်တယ်။ ပျာယာခတ်နေ တာပဲ။ ဘာဖြစ်တာလဲလို့ မေးလိုက်တော့။ သူ့ရည်းစားက ကျောင်းထွက်ပြီး အလုပ်မလုပ် ချင်လို့တဲ့။ ကိုယ်ဝန်ဖျက်ခိုင်းတယ်တဲ့။ ဒါ့အပြင် ကောင်လေးဘက်ကလည်း ခါးခါးသီးသီး ပဲတဲ့။ သနားပါတယ်။ သူ့အတွက်က တစ်ခြမ်းသေတာနဲ့ အတူတူပဲ။

Maantan လည်း "ဒါတော့ တော်တော်ခက်မှာပဲ။  သူ ဘယ်လိုခံစားရမယ်ဆိုတာ မတွေး ပေးတတ်တော့ဘူး။ ထူးဆန်းတာက တစ်ခြားမိန်းမတွေ ဒီကိစ္စကိုမမှုတာပဲ"

Stella က  "လူ့အသက်ကို  ငါတို့ဘယ်လို သဘောထားလဲ။ ကိုယ့်ကလေးကို ကိုယ်ပြန် ဖျက်တာက ကိုယ့်တန်ဖိုးကို ကိုယ်ဖျက်တာပဲ။  အဓိပ္ပာယ်မရှိတဲ့  သူ့လုပ်ရက်က သူဘယ် လိုလူမျိုးလဲ ဆိုတာပြနေတာပဲ။" လို့ပြောလိုက်တယ်။

Maatan က  "ကောင်းလိုက်တာ။  မင်းကို ဒါကြောင့်ချစ်နေရတာ။  ဒါပေမဲ့ မုဒိမ်းမှုဆိုရင် ကော။  တဏှာမုဆိုးရဲ့ရုပ်နဲ့  မွေးလာမယ့်ကလေးကို မွေးပေးရမှာလား။  ဒီကိစ္စမှာတော့ ဖျက်သင့်တယ် မဟုတ်လား။ ဒါကတော့ အများရဲ့ အဆိုတစ်ခုပေါ့။ ငါကတော့ ဒီသဘော ကို မကြိုက်ပါဘူး။ ဒါပေမယ့် သူတို့ရဲ့ရှုထောင့်ကိုတော့ သဘောပေါက်တယ်။"

"သက်ရဲ့ရင်သွေးက  သက်ရဲ့ ရင်သွေးပဲလေ။  ဒီလိုလုပ်ရင် သက်က သဘောထား သေး သိမ်တဲ့ လူတစ်ယောက်ဖြစ်သွားမှာပေါ့"

"ကောင်းတဲ့အတွေးပဲ stella။ လူတွေ ဒီအချက်ကို  မမြင်ကြတာ ဆန်းတယ်။ ကလေးက အမေ့ရဲ့ ကလေးပဲ။  အဖေတစ်ယောက်ထဲရဲ့  ကလေးမဟုတ်ဘူး။ သက်ကတော့ လှပ ထက်မြက်နေတာပဲ"

Stella က "သက် သာ ဒီလိုကြံ့ခဲ့ရင် ဘုရားက မစမှာပါဆိုပြီး ကိုးစားလိုက်မှာ"

"ယုံကြည်ခြင်းက ထူးခြားမှု ကြီးကြီးမာမားလုပ်နိုင်တာပဲ။ ယုံကြည်ခြင်း  မရှိတဲ့သူတွေအ တွက်တော့  ခက်မယ်လို့ ထင်တယ်"  "ကိုယ့်ရင်သွေးကို  ကိုယ်သတ်တယ်ဆိုတဲ့  အသိ ထက် ပိုခက်ခဲတဲ့အရာ မရှိလောက်ဘူး။  သက်တော့ အဲလိုအသိနဲ့ မနေနိုင်ပါဘူး…။ အဲဒီ အမျိုးသမီးရဲ့မျက်နှာကို ရှင် တွေ့ခဲ့သင့်တယ်" လို့ stella က မျက်ရည်ဥရင်း ပြောတယ်။

"Stella, အဲဒီအမျိုးသမီးက နင့်ရဲ့ဂရုစိုက်မှုရလို့ ကျေးဇူးတင်နေမယ်လို့ ငါယုံတယ်။ နင့်ရဲ့ လုပ်ဖော်ကိုင်ဖက်တွေကို ဂရုစိုက်လို့ ကောင်းချီးရပါစေ"

အဲဒါနဲ့  သူတို့  ထမင်းစားလို့ပြီးသွားပြီး   နှစ်ယောက်စလုံးကြိုက်ကြတဲ့ အုန်းမွှေးကောက် ညှင်း အချိုပွဲနဲ့ ပိတ်လိုက်ကြတယ်။

"သမ္မတကလင်တန်က အီရတ်ကို ဗုံးကြဲတဲ့ သတင်းကြည့်ဖြစ်သေးလား stella။  ငါတော့ နေမပျော်ဘူး။ ဒါက အစွန်းရောက်မှုမီး မွှေးလိမ့်မယ်၊ အဲ့နောက်မှာ အနာဂတ်တော့ ပိုဆိုး မယ်လို့ ငါထင်တယ်။

"ထမင်းပွဲမှာ နိမိတ်နမာမရှိတဲ့အရာနဲ့ မဖျက်တာကောင်းမယ်ထင်တယ်" Maatan က ပြုံးရင်းနဲ့ "ဟုတ်တယ် stella၊ နင်မှန်တယ်"

# အခန်း ၄
# ဗဟိုပန်းခြံထဲက ရေပန်း

Maatan ရုံးစတက်တဲ့နေ့မှာ ဘာလုပ်ရမလဲမေးဖို့ David ရဲ့ ရုံးခန်းကိုဝင်တော့ David က "မင်္ဂလာပါ Maatan" လို့ ကြိုဆိုတယ်။ "ငါတို့အဖွဲ့မှာ လုပ်ငန်းခွဲအများကြီးရှိတယ်။ လုပ်ငန်းတိုင်းမှာ စီမံကိန်းငွေလိုတယ်။ လုပ်ငန်းအများစုကလည်း အစိုးရက ထောက်ပံ့တာဖြစ်ပြီး မလောက်ဘူးဖြစ်နေတယ်။ မန်နေဂျာတွေကလည်း သူတို့ကိုင်တဲ့ လုပ်ငန်းပမာဏကိုမှီပြီး စီမံကိန်းငွေ တင်တောင်းကြတယ်။ အဲဒါတွေကိုစုပြီး တစ်ခုထဲဖြစ်အောင်လုပ်ပြီး ငွေထောက်ပံ့နိုင်မလား ကြည့်ရတယ်။ နင့်အလုပ်က ဌာနတိုင်းရဲ့ ကုန်ကျစရိတ်တွေနင့်စာရင်းထဲမှာ စုဖို့ပါ။ အဲဒါတွေပြီးတဲ့အခါ ဘယ်ဌာနကိုတော့ ထောက်ပံ့ပေးနိုင်မယ်။ ဘယ်ဌာနကိုတော့ မဖြစ်နိုင်သေးဘူးဆိုတာတွေ အကြောင်းပြန်ရတယ်။"

Maatan လည်း "ဟုတ်။ ရိုးရှင်းတဲ့ ပုံပဲ။"

David က " ဖြစ်နိုင်ချေရှိတဲ့ အလုပ်တွေကို အချက်အလက်တွေတွက်ချက် အကဲဖြတ်ပြီး ငါတို့ လုပ်ငန်းနဲ့ ဦးတည်ချက်ချင်းတူတဲ့ လုပ်ငန်းတွေနဲ့ လက်တွဲနိုင်ချေရှိမှ စတာတွေတွက်ချက်ပေးဖို့ လိုလိမ့်မယ်။ အဲဒါကြောင့် နင်ထိုင်ရမယ့် ရုံးခန်းကို လိုက်ပို့ပေးမယ်။" David ရဲ့ရုံးခန်းကတော့ မှန်နဲ့ကာထားပြီး စားပွဲအကြီးကြီးနဲ့ပါ။ HR မန်နေဂျာရုံး ခန်းနဲ့ကပ်လျက်။ အထွေထွေမန်နေဂျာကြီးရုံးခန်းနဲ့လည်း ကပ်လျက်ဖြစ်ပြန်ရော။ သူတို့လည်း David ရဲ့ ရုံးခန်းကနေ ထွက်လာပြီး အံကွက်ပုံရုံးခန်းတွေကို ဖြတ်လျှောက်ကြတယ်။

"မင်္ဂလာပါ Majorie။ နင့်ကို Maatan နဲ့ မိတ်ဆက်ပေးမယ်။ သူက အသစ်ရောက်လာတဲ့ စီမံရေး စာရေးပါ။ Majorie ကတော့ ငါတို့ရဲ့ လစာဌာနကပဲ။ နင် သူနဲ့ ပလဲနံပ သင့်ချင်မှာပါ" အဲလိုနဲ့ Maatan ထိုင်ရမယ့်ရုံးခန်းကို ရောက်လာပါတယ်။

"ဒါက နင်ထိုင်ရမယ့်စားပွဲပဲ Maatan။ နောက်ဆုံးပေါ် Pentium computer Windows 3.1 နဲ့ Unix network ကို တာမီနယ်မုတ်နဲ့ ဝင်နိုင်မယ့် လိုင်းလည်းရှိတယ်။ နင့်ကို ရုံးအ

နောက် ထောင့်မှာထိုင်နေတဲ့ computer system မန်နေဂျာ Stephen နဲ့ မိတ်ဆက်ပေးဦးမယ်။

Stephen က "ကြိုဆိုပါတယ် Martin။ ငါတို့နဲ့အတူ လာလုပ်လို့ ဝမ်းသာပါတယ်။"

David လည်း ရီရင်းနဲ့ "Stephen ရေ သတိလည်းဆောင်ဦးဟ။ သူ့နာမည်က Maatan ဟေ့။"

Stephen လည်း Maatan ကို လက်ဆွဲနှုတ်ဆက်ပြီး "ငါကတော့ ဘာမှမကွာဘူးလို့ မှတ်တာပဲ" လို့ ပြောလိုက်တယ်။

Maatan က ပြုံးရင်းနဲ့ "အားလုံးက သတ်ပုံမှာ ကွဲပြီးသားပါ Stephen။ နင်တို့နဲ့ အတူလုပ်ခွင့်ပေးလို့ ကျေးဇူးတင်ပါတယ်" တဲ့။

"နင့် computer မဟုတ်ရင် Unix ကွန်ယက်နဲ့ပတ်သက်လို့ software, hardware ပြဿနာရှိရင် ငါရှိတယ်နော်။ ငါမရှိရင်လည်း ငါ့လက်ထောက် Derrick ရှိတယ်"

Derrick လည်း ရုံးအခန်းကာကို ခေါင်းပြူပြီး "ကြိုဆိုပါတယ်" ဆိုပြီး ကိုယ့်ကိုယ်ကို မိတ်ဆက်တယ်။ Maatan လည်း "ငါ့နာမည် အမှန်အတိုင်းခေါ်လို့ ဝမ်းသာပါတယ်၊ သဘောကျပါတယ်" လို့ ပြန်ဖြေတယ်။

David က "မွန်းလွဲကျရင် စီမံကိန်းရေးဆွဲရေး မန်နေဂျာနဲ့ မိတ်ဆက်ပေးမယ်။ သူက နင့်ကို လုပ်ငန်းမန်နေဂျာတွေဆီခေါ်သွားပြီး သူတို့ရဲ့ စီမံကိန်းလိုငွေတွေအကြောင်း ဆွေးနွေးခိုင်းလိမ့်မယ်" တဲ့။

"ကောင်းပါပြီ David, ကျေးဇူးပါ"

အဲဒါနဲ့ Maatan လည်း သူ့ computer နဲ့ ရုံးနဲ့ ကျင့်သားရအောင် ကျင့်အပြီးမှာ နေ့လည်စာ စားချိန်ရောက်ပါပြီ။ သူလည်း ရုံးပြင်ထွက်ပြီး ဗဟိုပန်းခြံဖက် မြို့ထဲကနေရနိုင်တဲ့

နေရောင်နဲ့လေသန့်တွေ ရသလောက် ရှူလိုက်တယ်။ သူလည်း လူတွေဝိုင်းအုံကြည့်နေတဲ့ စစ်တုရင်ကစားဝိုင်းကို ဖြတ်လျှောက်ခဲ့တယ်။

ပန်းခြံထဲက ကုန်းအမြင့်ဆုံးနေရာကို လျှောက်တော့ ရေပန်းကြီးဆီကို ရောက်သွားတယ်။ ရေပန်းရဲ့ အလယ်မှာက လက်ဆန့်ထားတဲ့ Apollo ကြေးရုပ် ရှိတယ်။ သူ့နောက်မှာ စက်ဝိုင်းခြမ်းသဏ္ဍာန် ရေပန်းတွေက သူ့ကို မြင်သာစေပါတယ်။ အောက်ကြမ်းမှာတော့ ရုပ်တု (၂) ခု ရှိတယ်။ တစ်ရုပ်က အမျိုးသမီးရုပ်၊ နောက်တစ်ရုပ်က လုလင်ပျိုရုပ်ပါ။ သူက အဲဒီ (၂) ရုပ်ကို သတိမမူမိခဲ့ပါဘူး။ အဲဒါရဲ့ အနောက်မှာက လူတစ်ဝက်၊ နွားတစ်ဝက် Minotaur ကို ကျောကနေဒူးနဲ့ဖိ လက်မှာဓားကိုင် အနိုင်ယူတဲ့ ရုပ်တု ရှိတယ်။ ရေပန်းပတ်ပတ်လယ်မှာ ရေကန်ရှိပြီး လေငြိမ်တဲ့အခါ ကြည့်ရှုသူတို့ကို ရသအများကြီး ပေးပါတယ်။ ရေထဲက လင်းပိုင်ရုပ်၊ လိပ်ရုပ်တွေက ရေပန်းရဲ့ဗဟိုမှာ ရေ ပန်းထုတ်ပါတယ်။

ဒီရေပန်းရဲ့အနောက်မှာက သစ်ပင်တန်းရှိပြီး ကြည့်လိုက်ရင် (၁) ကီလိုမီတာလောက်မှာ စစ်သင်္ချိုင်း ရှိတယ်။ Apollo ရုပ်တုရဲ့ ညာဘက်၊ ဒူးထောက်နေတဲ့ အမျိုးသမီးရုပ်ရှိတဲ့ ဘက်ကလမ်းဟာ ကက်သလစ်အသင်းတော်ရဲ့ စိန်မေရီဘုရားကျောင်းကို ရောက်တယ်။ Maatan ကတော့ ဒီဟာတွေအားလုံးနဲ့ ပန်းခြံရဲ့ဆက်စပ်မှုကို စဉ်းစားနေတယ်။ ရေပန်းကတော့ ဂရိယဉ်ကျေးမှုကိုပြတဲ့ လှပတဲ့ရေပန်းဖြစ်ပြီး လူ့ဘောင်ရဲ့ ဘာသာရေး၊ စီးပွားရေး၊ လူမှုရေး၊ ပူဇော်မှုတွေနဲ့ ယှက်နွယ်နေပါတယ်။ အားလုံးက Apollo မှာ ပေါင်းဆုံတယ်။ အသက်ပေးပိုင်ရှင်အလားပေါ့။

အဲဒါက Maatan ကို ဒံယေလအခန်းကြီး (၇) ထဲက ကျားသစ်သားရဲကို စဉ်းစားမိစေတယ်။ ဒံယေလ အခန်း (၇) ရဲ့ ကျားသစ်ဟာ ဂရိတွေ ကမ္ဘာ့ထိပ်သီးဖြစ်လာမှာကို ပုံဆောင်ပါတယ်။ ကမ္ဘာကြီးကို ဂရိတို့သြဇာလွှမ်းပုံက ဗျာဒိတ်ကျမ်း (၁၃) လာ ပင်လယ်ထဲကနေတက်လာတဲ့ သားရဲမှာလည်း တွေ့ရတယ်။ အဲဒီသားရဲရဲ့ ကျားသစ်ခန္ဓာက ဂရိဟာ ခေတ်သစ်ကမ္ဘာအထိ သြဇာလွှမ်းခြင်းကို ပုံဆောင်ပါတယ်။

Maatan က အသားညှပ်ပေါင်မုန့် စားရင်းနဲ့ *ဒံယေလကျမ်းနဲ့ ဗျာဒိတ်ကျမ်းရဲ့အပေါကို ခေတ်ဖမ်းနေပါတယ်။* သူက အဲဒါတွေကို အာရုံစိုက်နေချိန်မှာ ခိုတွေ သူ့နားမှာ ဝိုင်းဝိုင်းလည်နေပါတယ်။ *ဒီမြို့သားတွေက Apollo ကို နေ့ဦး၊ အသက်ပေးသူဆိုပြီး ကြည်ညိုကြတာ အံ့ပါတယ်။ ဒီနေ့ဒီအချိန်မှာ ဘယ်သူက ဒါကို ဂရုစိုက်ကြသေးလဲ။*

Maatan လည်း ဒီရေပန်းနဲ့ပတ်သက်ပြီး အာရုံပြုဖို့ ကျမ်းစာကို ဖွင့်လိုက်တယ်။ ဆာလံကျမ်းထဲက အကြောင်းကို အမှတ်ရလိုက်တယ်။ ။

> "အကြောင်းမူကား၊ ကိုယ်တော်ထံမှာ အသက်စမ်းရေတွင်း ရှိပါ၏။ အလင်းတော်ထဲမှာ အကျွန်ုပ်တို့သည် အလင်းကိုရကြပါ၏။" - ဆာလံကျမ်း ၃၆:၉ (NIV)

Maatan က *စမ်းရေ*(ရေပန်း)နဲ့ *အလင်း* ဆက်စပ်တာကို သတိပြုမိတယ်။ အဲဒါနဲ့ ဓမ္မသစ်ကျမ်းထဲက အခြားကျမ်းချက်တွေကို ဆက်ဖတ်ဖြစ်သွားတယ်။

> "တစ်ဖန်တုံယေရှုက၊ ငါသည် ဤလောက၏အလင်းဖြစ်၏။ ငါ့နောက်သို့ လိုက်သောသူသည် မှောင်မိုက်၌ မသွားမလာ။ အသက်၏အလင်းကို ရလိမ့်မည်ဟု မိန့်တော်မူ၏။" - ရှင်ယောဟန်ခရစ်ဝင် ၈:၁၂ (NIV)

> "ထိုနှုတ်ကပတ်တော်၌ အသက်ရှိ၏။ ထိုအသက်သည်လည်း လူတို့၏အလင်းဖြစ်၏။" - ရှင်ယောဟန်ခရစ်ဝင် ၁:၄ (NIV)

သခင်ယေရှုဟာ ကမ္ဘာ့မီးအိမ်ရှင်နဲ့ အသက်စမ်းရေ ဖြစ်ပါတယ်။ အခြားတစ်ဘက်မှာတော့ ဂရိက လူ့ဒဿနကို ဖန်ဆင်းရှင်ရဲ့ အထက်မှာထားပြီး လူ့ဆင်ခြင်တုံတရားဟာ ကမ္ဘာ့မီးအိမ်ရှင်နဲ့ အသက်စမ်းရေလို့ ဆိုပါတယ်။ ဖန်ဆင်းရှင်ကို ပိုသိလာတဲ့အခါ ပိုပြီးနှိမ့်လေဖြစ်တဲ့ အမှန်တရားထက် ဒီဒဿနက လူသားတွေအတွက် ပိုဆွဲဆောင်မှုရှိလို့ ပိုပြီးလက်ခံလာကြတယ်။ ဉာဏ်ပညာတိုးပွားခြင်းဟာ ဘုရားပေးတဲ့လက်ဆောင်ပါ။ အဲဒါကို အသိအမှတ်မပြုခြင်းက လူ့အသိုင်းအဝိုင်းကို ကမောက်ကမဖြစ်စေ၊ မလုံခြုံစေပါဘူး။

Maatan လည်း ဒါတွေအားလုံးကို ရှုမှတ်ပြီး ကျမ်းချက်တစ်ချက်ကို သတိရသွားတယ်။
။

> "ယုဒလူတို့သည် နိမိတ်လက္ခဏာကို တောင်းတတ်ကြ၏။ ဟေလသလူတို့သည် ပညာကို ရှာတတ်ကြ၏။- ငါတို့မူကား၊ လက်ဝါးကပ်တိုင်မှာ အသေခံတော်မူသော ခရစ်တော်၏ အကြောင်းအရာကို ဟောပြောကြ၏။ ထိုအကြောင်းအရာသည်ကား၊ ယုဒအမျိုးသား ထိမိ၍ လဲစရာအကြောင်းဖြစ်၏။ တစ်ပါးအမျိုးသား၌ကား၊ မိုက်မဲခြင်းဖြစ်၏။" - ကောရိန္သုသြဝါဒစာပထမစောင် ၁:၂၂၊ ၂၃ (KJV)

Maatan က Apollo ဟာ *ယေရှုက ကမ္ဘာ့မီးအိမ်ရှင်နဲ့ အသက်ဖြစ်တယ်ဆိုတာကို ငြင်းတဲ့ ပုံဆောင်ခဲပဲ။ အခု ငါ့ရှေ့မှာ ဖန်ဆင်းရှင်ကိုငြင်းတဲ့ ကြေးရုပ်ရှိတယ်။ လူ့ဘောင်တစ်ခုလုံးက Apollo ဖြစ်ဖြစ်၊ အခြားတစ်ယောက်၊ အခြားတစ်ခုကဖြစ်ဖြစ် ဖန်ဆင်းရှင်မဟုတ်ဘဲ လူ့မှာအသက်ရှိတယ်ဆိုတဲ့အကြောင်းမှာ မြုံးမိနေကြပါတယ်။*

Maatan က "အိုး၊ အချိန်လည်းကြည့်ပါဦး။ အလုပ်ပြန်ဝင်ဖို့ အချိန်ရောက်ပြီပဲ။"

# အခန်း ၅
# ကမ္ဘာသစ်ပုံစံ

Maatan က Keith ဆီ မျက်နှာသွားပြတယ်။ Keith ဟာ စီမံကိန်းဆွဲသူဆိုတော့ အလုပ်အမှုဆောင်အဖွဲ့မှာ အထူးအကြံပေးဖြစ်ပြီး အဖွဲ့အစည်းအတွင်း အကြီးပိုင်းဖြစ်တယ်။

Keith က "ဟိုင်း Maatan နင့်ကိုတွေ့ရတာ ဝမ်းသာပါတယ်။ ငါ့နာမည် အပြည့်အစုံက Keith Miles ပါ" လို့ ဘိလပ်လေသံနဲ့ နှုတ်ဆက်တယ်။

"ခင်ဗျားနဲ့တွေ့ရတာ ဝမ်းသာပါတယ် Keith။ ငါတို့ စီမံကိန်းသမားတွေနဲ့ စီမံငွေကိစ္စ ဆွေးနွေးဖို့ရှိတယ် မဟုတ်လား"

"ဟုတ်တယ် Maatan။ မွန်းလွဲ ၁း၃၀ မှာ ငါတို့ကိုလာခေါ်ဖို့ Taxi ခေါ်ထားပြီးပြီ။

ကားထဲရောက်တဲ့အခါ Maatan က "သမ္မတကလင်တန် အီရတ်ကိုဗုံးကြဲတဲ့သတင်း တွေ့ပြီးပြီလား။ ဘာလင်တံတိုင်း ငြိမ်းချမ်းရေးက ကြာကြာမခံသလိုပဲ" လို့ ပြောလိုက်တယ်။

"Keith က ငါသတင်းမကြည့်ဘူး Maatan။ ငါ့မှာ TV မရှိဘူး။ အာရုံနောက်လို့။ ကမ္ဘာကြီး ပိုပြီးသာယာလာဖို့ပဲ ငါစိတ်ဝင်စားတာ။ ဒါကို ကမ္ဘာက အဖြေမရှာပေးနိုင်ရင် စစ်ကတော့ ပြီးမှာမဟုတ်ပါဘူး" တဲ့။

Maatan က "ကမ္ဘာ့ပြဿနာဖြေရှင်းမှာက ခရစ်တော် ဒုတိယအကြိမ် ပြန်ကြွလာမှပဲဖြစ်မှာလို့ ငါမြင်တယ်" လို့ ပြန်ပြောတယ်။

Keith က Maatan ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး "နင့်အပေါ်ရုံအင်္ကျီပေါ်က ရင်ထိုးက ဘာလေးလဲ"

"ဗျာဒိတ်ကျမ်း (၁၄) က ကောင်းကင်တမန် (၃) ပါး သတင်းစကားကို ပုံဆောင်တာ" လို့ Maatan က ပြန်ဖြေတယ်။

Keith က Maatan ရဲ့ တည့်တိုးအဖြေကို အံ့ဩပြီး စိတ်ပေါက်ပေါက်နဲ့ "အဲဒီသတင်းစကားထဲကနေ ဘာကိုယုံတာလဲ" လို့ ခပ်ထန်ထန် မေးလိုက်တယ်။

Maatan က "ဒါက သားရဲရဲ့တစ်ဘက် ထာဝရသတင်းကောင်းပေါ့။ ကောင်းကင်မြေကြီး ဖန်ဆင်းရှင်ကို ကိုးကွယ်ဖို့၊ အောက်မေ့ဖို့၊ ဥပုသ်ကိုစောင့်ဖို့ ပုံဆောင်တာပါ"

Keith က စိတ်ပျက်ပျက်နဲ့ "နင်က စနေဥပုသ်စောင့်သမားလား။ ငါတို့ခရစ်ယာန်ဆိုတာ ကမ္ဘာကြီးကို ပြောင်းလဲဖို့ပါ။ ဒါကို ကမ္ဘာ့အရေးဝါဒီကပဲ လုပ်နိုင်မှာ" လို့ ပြောတယ်။

Maatan က "ဒါဟာ ကောင်းတဲ့ရည်ရွယ်ချက်ပါ။ ဒါပေမယ့် ငါ့ကျမ်းစာကတော့ ခရစ်တော်ပြန်မကြွလာခင်မှာ ဖြစ်မယ့် ကမ္ဘာ့ရွာဝါဒဟာ သားရဲတံဆိပ်နဲ့ နွယ်တယ်လို့ ဆိုထားတယ်နော်" Maatan လည်း ဒီလိုပြောမိလိုက်လို့ ကိုယ့်ကိုယ်ကို သတိအုပ်ပြီး 'စိတ်လျှော့ maatan' လို့ ပြန်သတိပေးပါတယ်။

အဲဒီအချိန်မှာ Taxi ကလည်း စီးရတာ အဆင်မပြေပါဘူး။ Keith လည်း ခေါင်းစဉ်ပြောင်းပြီး Methodist အသင်းတော်က ဦးဆောင်တဲ့ ပရဟိတလုပ်ငန်း အကြောင်းတွေကို ရှင်းပြတယ်။ "ငါတို့ကို ဦးစီးတဲ့ မ Kathy နဲ့ မိတ်ဆက်ပေးမယ်။ သူက လုပ်ငန်းအကြောင်း အကျဉ်းချုံးရှင်းပြမှာပါ။"

Keithနဲ့ Maatan ဝင်လာတဲ့အခါ Kathy က "ဟိုင်း Keith ဒီမှာ လုပ်ငန်းတွေစီထားတယ်။ တစ်နှစ်စာ လှူထားငွေကို လောက်နိုင်မယ်လို့ မျှော်လင့်ပါတယ်" လို့ မျှော်လင့်ချက်နဲ့ ပြောတယ်။

Keith က "နင့်ကို Maatan နဲ့ မိတ်ဆက်ပေးရဦးမယ်။ သူက ငွေတွေကို စီမံပါလိမ့်မယ်။ အဲဒီအခါကျမှ နင့်ရဲ့တောင်းဆိုမှုအားလုံး ဖြည့်ဆည်းပေးနိုင်၊ မနိုင် တွေ့ရမှာပေါ့"

"ဟိုင်း၊ Maatan ငွေက ငါတို့ဘက်ကို မျက်နှာသာပေးပါစေလို့ မျှော်လင့်ပါတယ်။ နောက်နှစ်မှာ လူများများ ကူနိုင်ဖို့ လုပ်ငန်းတကယ်ချဲ့ချင်တာ"

“တွေ့ရတာ ဝမ်းသာပါတယ် Kathy။ ငါတို့ စနစ်တကျဖြစ်အောင် လုပ်ကြတာပေါ့။ နင့်ဆီ ပြန်လာပါ့မယ်”

“ကျေးဇူးပါ Maatan။ ကျေနပ်ပါတယ်”

Maatan နဲ့ Keith လည်း အခြား (၂) နေရာကို ဆက်လေ့လာကြတယ်။ Maatan ပြန်တဲ့ အခါ Keith က သူ့ကို “Maatan ရေ ငါ့အခု လောလောလတ်လတ် ထုတ်ထားတဲ့ စာအုပ် ရှိတယ် နင့်ကိုပေးဦးမှ” တဲ့။

“ကျေးဇူးပါ Keith” Maatan က စာအုပ်ကိုကြည့်ပြီး ကမ္ဘာလုံးဆိုင်ရာ လုပ်ပိုင်ခွင့်ဆိုတဲ့ ခေါင်းစဉ်နဲ့ လျှပ်စစ်ကြိုးနဲ့ ပတ်ထားတဲ့ ကမ္ဘာလုံးပုံကိုတွေ့တယ်။

ရထားပေါ်မှာ Maatan က စာအုပ်ထုတ်ပြီး Keith ဘာတွေရေးတာလဲလို့ နောက်ဖုံးကို ဖတ်တယ်။ သူဟာ ရောမကလပ်ရဲ့ အသင်းဝင်လို့ ဆိုထားပါတယ်။

Maatan က *စိတ်ဝင်စားစရာပဲ။ ရောမကလပ်အကြောင်း ငါကြားဖူးတယ်။ ဒါက အထက် လွှာအဖွဲ့ပဲ။ Keith က ဆရာကြီးပဲ သူဘာလို့ ဒီအသင်းအဖွဲ့မှာ ဝင်တာလဲ။ သူက ဒီအဖွဲ့ ခေါင်းဆောင်ပိုင်းမှာပါပြီး သတင်းဖန်တီးသူဖြစ်နေရင် TV မကြည့်ဘူးဆိုတာ ဟုတ် လောက်ပါတယ်။ သူလုပ်နေတဲ့အရာအပေါ် အပြည့်အဝ ယုံကြည်မှုရှိတယ်လို့တော့ သေ ချာပြောလို့ရတယ်။* Maatan က *“ကမ္ဘာကြီး ပိုသာယာအောင် မလုပ်ချင်တဲ့သူ ဘယ်သူရှိ မလဲ။ သူသာ သူယုံကြည်တဲ့အတိုင်း ဖြစ်ဖို့က ကမ္ဘာမပျက်ခင် တစ်ခဏပဲခံမှာဖြစ်ပြီး ကမ္ဘာကြီးဟာ ပြန်မပေါင်းစည်းနိုင်ကြောင်း ဒံယေလနဲ့ ဗျာဒိတ်ကျမ်းအဟော (ဗျာဒိတ် ၁၇း၁၂) ကိုသာ သိရင်ကောင်းမှာလို့” တွေးဖြစ်တယ်။*

Maatan ကတော့ ဒီလူကြီးတွေ ခရစ်ယာန်ဘာသာ ဒီလောက်နှောကြောတာ ဘယ်လိုဖြစ် ပြီး ကျမ်းစာလာ လူ့ဘောင်ရဲ့အခြေအနေကို ငြင်းကြတာလဲလို့ အံ့ဩခဲ့ပါတယ်။ အပြစ် သည် ကုရာနတ္တိဖြစ်ကြောင်း၊ ဘုရားက ကမ္ဘာကို အသစ်ပြန်တည်တဲ့အခါမှ ငြိမ်းချမ်းမှုရ မယ်ဆိုတဲ့ အကြောင်းပါ။ ဒီ ရေပေါ်ဆီလူတွေက ဘုရားက သူတို့ကို လုပ်စေချင်တဲ့ဟာ ကို သူတို့လုပ်နေတယ်လို့ မှတ်နေတာများလား။ ခရစ်ယာန်တွေပြောတဲ့ ကမ္ဘာသစ်ဆို

တာကို သူတို့က ဒီလိုယူတာလား။ ဘုရားအလိုတော်ဟာ နားလည်မှုလွဲဖို့ အရမ်းလွယ်တဲ့ အရာပါလားလို့ တွေးမိတယ်။ အဲဒီအကြောင်းတွေကို စဉ်းစားရင်းနဲ့ စာအုပ်ဆက်ဖတ်ချင်စိတ်ပျောက်သွားတယ်။ ဒါနဲ့ ကျမ်းချက်(၁)ချက် ခေါင်းထဲဝင်လာတယ်။ ။

> "အကြင်သူသည်၊ ငါကားပညာရှိဖြစ်သည်ဟူ၍ စိတ်ထင်၏။ ထိုသူသည် သိအပ်သည်အတိုင်း အလျှင်းမသိသေး။" - ကောရိန္သုဩဝါဒစာပထမစောင် ၈:၂

Maatan လည်း *ကျွန်တော်သိသင့်တာ ရှိသေးလားအဖ* လို့ တွေးမိတယ်။

# အခန်း ၆

# ငွေခန့်ခွဲသူ

Maatan ဟာ လအနည်းငယ်ကြာပြီးနောက် သူ့ဌာနနဲ့ အထာကျလာတဲ့အခါ ငွေစီမံခန့်ခွဲတာတွေ လုပ်ရပါတယ်။ သူက *ဒီဒေတာတွေကို မြန်မြန်စရင်းသွင်းနိုင်မယ့်နည်း ရှိရမယ်လို့ တွေးမိတယ်။ ဌာနတိုင်းရဲ့ မန်နေဂျာတွေက သူတို့ရဲ့ ကိုယ်စီ ကွန်ပြူတာကနေ လျှာထားငွေကို စာရိုက်ထုတ်ပြီး ရုံးချုပ်ကို စာနဲ့ပို့။ ဒါကို ငါကကွန်ပြူတာမှာ ပြန်ရိုက်ရတယ်။ သက်သာတဲ့နည်းရှိရမယ်လို့ ထင်တယ်။*

*ငါလုပ်ရမှာက ငါ့ Microsoft Access ထဲမှာ ငါလုပ်ထားတဲ့ လျှာထားငွေနဲ့ ပတ်သက်တဲ့ စရင်းသွင်းတဲ့ စနစ်ကြီးကို ထပ်ပွားနိုင်ဖို့ပဲ။ ဒါဆို ငါ့ရဲ့ ဒေတာဗေ့ကို ဂျာကြီး computer ကို ပို့လို့ရမှာ။ သူတို့လည်း ဒေတာတွေကို သိမ်းပြီး ၃.၅ လက်မပဲရှိတဲ့ floppy disk ထဲမှာ ကူးပြီး ငါ့ဆီကိုပို့လို့ရတယ်။ ငါလည်း ကွန်ပြူတာထဲ ပြောင်းထည့်ရုံပဲ။ ကိုယ်တိုင် ရေးနေစရာ မရလိုတော့ဘူး။*

Maatan က *ငါတကယ်လုပ်နိုင်မှာလား* လို့ ခဏစဉ်းစားတယ်။ စရင်းသွင်းတဲ့အလုပ်ကို ပိုမိုသက်သာပြီး ပိုမိုထိရောက်စွာ လုပ်ဆောင်နိုင်ဖို့ ဘုရားဆီဆုတောင်းခဲ့တယ်။

David က “ဝင်လာလေ Maatan, ဘာကိစ္စလည်း”

“တစ်နှစ်စာ လျှာထားငွေစီမံကိန်းစာရင်းတွေ မြန်မြန်လုပ်နိုင်ဖို့ ကျွန်တော့်မှာအတွေးပေါ်လာလို့ပါ။ ပုံမှန်ကတော့ (၈) ပတ် ကြာလေ့ရှိပါတယ်။  ကျွန်တော်တွေးထားသလို ဆိုရင် အချိန်ကုန်အရမ်းသက်သာမှာ။

David က “အိုကေ၊ Maatan ငါ အားပေးတယ်”

“ကျေးဇူးပဲ David, ကျွန်တော်လုပ်လိုက်မယ်”

(၃) ပတ်ကြာအပြီးမှာ  Maatan က Stella ကို "ငါတော့  ငါ့အလုပ်ကို  အနားသတ်လို့ရ တော့မယ် ထင်တယ်" လို့ ပြောတယ်။

Stella က "ကောင်းတာပေါ့။  နင်က အဲဒီအဖွဲ့အတွက် ကောင်းချီးဖြစ်ဖို့ ငါတို့ ဆုတောင်း ခဲ့တယ်။ ဆုတောင်းခြင်းက သူတို့ကို အကျိုးဖြစ်စေပြီပေါ့။"

"David ကိုတွေ့တဲ့အထိ  အခြေအနေကြည့်ရဦးမယ်။  ဒီဂဏန်းတွေက Unix Systemနဲ့ အခါတိုင်းတော့ မိနစ် (၄၀) ကြာတယ်။ System အားလုံးကို ငါ့စက်ထဲမှာ  ကူးပြီးပြီ၊ အဲဒါ ငါစမ်း ထားတဲ့အရတော့ (၁) မိနစ်အတွင်းမှ ပြီးတယ်" လို့ Maatan က ပြောပြတယ်။

"ဩော်၊ အံ့ဩစရာပဲ၊ ဘုရားရေ ကျေးဇူးတော်ပဲ"

"Stella ရေ ငါ  ဒီလိုလုပ်နိုင်လို့ ဝမ်းသာတယ်။  တစ်ချို့နေ့တွေဆို ကိုယ့်ကိုယ်ကိုယ် သေ ချာတာ မဟုတ်ဘူး။ SQL ဆိုတဲ့ဒေတာဗေ့က အတော်ရှုပ်တာမျိုးလေ။ အခုတော့ အဆင် ချောပါပြီ။

Stella လည်း  "တယ် ဆရာတာကိုး" လို့   လက်ညှိုးနဲ့  သူ့ရင်ဘက်ကို ထိုးရင်း ကျီစယ် လိုက်တယ်။ Maatan လည်း Stella ရဲ့ အပြောကို သဘောကျပြီး "ငါ ရထားအမြန်လိုက် မှထင်တယ်။ ညကျတွေ့ကြမယ်" ဆိုပြီး ဘူတာကို သွားပါတော့တယ်။

ရုံးရောက်တော့ David ရဲ့ရုံးခန်းထဲ  ခေါင်းပြူပြီး  "မင်္ဂလာပါ David" လို့ နှုတ်ဆက်လိုက် တယ်။ David လည်း "မင်္ဂလာပါ Maatan, ငွေစာရင်းပြီးပြီလား။ (၈)ပတ်လုပ်ရမှာကို (၈) ရက်နဲ့ပြီးအောင် လုပ်နိုင်တဲ့စနစ်သစ်အကြောင်း သိရတာ ဝမ်းသာစရာပဲ။"

"ဟုတ်ကဲ့သူဌေး၊ အခုပဲ ရအောင်လုပ်ပါ့မယ်"

နောက်အနည်းငယ်အကြာမှာ David ရဲ့ ရုံးကို ပြန်ရောက်လာတယ်။ "ဟုတ်၊ Maatan, ဘာကူညီပေးရမလဲ"

Maatan က "ခင်များလိုချင်တဲ့ ငွေစာရင်းရပါပြီ။"

David က "ဟာ၊ ဟုတ်လား၊ ဘယ်လိုလုပ်လိုက်တာလဲ" လို့ တအံ့တသြ မေးတယ်။

"ဒါကတော့ ကျွန်တော်တို့ထွင်လိုက်တဲ့ စနစ်သစ်ကြောင့်ပါ။ စီမံကိန်းလိုငွေကို မိနစ်(၄၀) မဟုတ်ဘဲ (၁) မိနစ်အတွင်း အပြီးတွက်လို့ရပါတယ်။

"အေး၊ ငါတို့တော့ ဒါကို ကောင်းကောင်းအသုံးချရမယ် Maatan"

Maatan က "ဒီလိုလုပ်ပေးနိုင်ခဲ့လို့ ဝမ်းသာပါတယ်" ဆိုပြီး သူ့စားပွဲကို ပြန်သွားတယ်။ သူ့ရဲ့သူဌေးနဲ့ အဖွဲ့အစည်းတစ်ခုလုံးအတွက် ဒီလိုလုပ်ပေးနိုင်ခွင့်ရခဲ့လို့ ဘုရားဂုဏ်တော်ကိုလည်း ချီးမွမ်းလိုက်တယ်။

တစ်ခဏအတွင်းမှာပဲ Maatan က သူ့ရဲ့သူဌေး David ကို သဘောတွေ့လာပါပြီ။ အခု David နဲ့ ကျမ်းစာအကြောင်းတွေ တစ်ခွန်းစ နှစ်ခွန်းစ ပြောဖြစ်လာကြတယ်။ သူ အရေးကြီးတယ်လို့ ခံယူတဲ့အကြောင်းတွေ David လည်း နားထောင်ပေးလာမယ်လို့ Maatan က မှတ်နေပါတယ်။

Maatan လည်း အိမ်အပြန်မှာ David ရဲ့ရုံးကို ဝင်တယ်။ "David ရေ ကျမ်းစာဗျာဒိတ်အဟောနဲ့ ပတ်သက်လို့ ခင်ဗျားကို ပြောပြချင်တာတွေရှိတယ်"လို့ ပြောလိုက်တယ်။ David လည်း "ငါစိတ်ဝင်စားပါတယ်။ အချိန်ဘယ်လောက်ယူမှာလဲ"

"(၁) နာရီတည်းပါ"

"နောက်ဗုဒ္ဓဟူး မွန်းလွဲဆိုဖြစ်လား"

"ဖြစ်တယ်။ အချိန်ပေးလို့ ကျေးဇူးပါ"

* * * * *

နောက်ဗုဒ္ဓဟူးနေ့ အလုပ်ပြီးတဲ့အခါ Maatan က David ရုံးကိုလာပြီး "ကျွန်တော်တို့ ဒီနေ့ ဆွေးနွေးဖြစ်မလား" လို့ မေးတယ်။ "ဖြစ်ပါတယ် Maatan (၅) မိနစ်စောင့်ဦး။ တစ်ဘက်ခန်းကို သွားလိုက်ဦးမယ်၊ ချက်ချင်းပြန်လာမယ်။"

Maatan လည်း *အဖဘုရား၊ David ကို ကောင်းကောင်းရှင်းပြနိုင်အောင် မစပါ။ David က ဒါတွေကို အရေးကြီးကြောင်း အလင်းရနိုင်ပါစေ။ ယေရှုနာမ၌ ဆုတောင်းပါ၏* လို့ ကြိတ်ဆုတောင်းတယ်။ မကြာဘူး David ပြန်ရောက်လာပြီး ထိုင်လိုက်တယ်။ "ရပြီ။ အပြည့်အဝ အာရုံစိုက်နားထောင်ပေးမယ်" လို့ David က ပြောတယ်။

Maatan လည်း "ကျွန်တော်တို့ဟာ ကမ္ဘာကုန်ခါနီးမှာ နေနေကြောင်း၊ ခရစ်တော်ကြွလာမှာ အတော့်ကိုနီးကြောင်း ဒံယေလကျမ်းထဲကနေ ခင်ဗျားကို မျှဝေချင်တာပါ။ ဒါနဲ့ အရင်ဆုံး တစ်ဆိတ်လောက် ဆုတောင်းလို့ရမလား" လို့ မေးတယ်။

David လည်း "ရပါတယ်" လို့ ပြန်ဖြေတယ်။

"ကောင်းကင်ဘုံ၌ရှိသော အဖဘုရား၊ ကျွန်တော်တို့ဟာ သမိုင်းရဲ့ ဘယ်နေရာကို ရောက်ကြောင်း၊ ကိုယ်တော်သည် ပြန်ကြွလာတော့မှာဖြစ်ကြောင်းတွေ ဗျာဒိတ်အဟောတွေကနေ သိခွင့်ရလို့ ကျေးဇူးတင်တယ်။ အခုလည်း အလင်းပြဖို့ ယေရှုနာမ၌ တောင်းလျှောက်ပါတယ်။ အာမင်"

Maatan က "ကျွန်တော်တို့ (၂) ယောက်စလုံးက ယေရှုက အပြစ်သားတွေကို ကယ်ဖို့ ဒီကမ္ဘာကိုကြွခဲ့၊ သေခဲ့၊ ပြန်ရှင်ခဲ့၊ ဒုတိယအကြိမ် ပြန်ကြွလာမယ့်အကြောင်းတွေ ယုံကြတယ်" လို့ အစချီတယ်။

"ဟုတ်ပါတယ်" လို့ Davidက ထောက်ခံတယ်။

"ကျွန်တော်စကားခံချင်တာက ယေရှုက ဘယ်တော့လာမှာလဲ ဆိုတဲ့အကြောင်းပါ"

"မကြာတော့ပါဘူး။ သူလာမယ့် နေ့ (သို့) နာရီကို တစ်ယောက်မှ မသိပါဘူး" (မဿဲ ၂၄း၃၆)

Maatan လည်း စပါပြီ "အဲဒါမှန်တယ်။ ဒါပေမယ့် ယေရှုက နီးလာပြီဖြစ်ကြောင်း သိနိုင်တယ်လို့ ပြောတယ်။" (မဿဲ ၂၄း၃၃) "ရှင်မဿဲ ၂၄ အစမှာ ယေရှုရဲ့ တပည့်တော်တွေက ယေရှုကို မေးကြတယ်။ "ကိုယ်တော်သည် ကြွလာ၍ ဤကပ်ကမ္ဘာကုန်သော ပုဗ္ဗနိ

မိတ်သည် အဘယ်နိမိတ်နည်း” လို့ မေးခဲ့ကြတယ်။ ယေရှုက စစ်ဖြစ်မယ့်အကြောင်း အစာခေါင်းပါး၊ ကပ်ရောဂါ ဆိုက်မယ်ဆိုတာတွေ မိန့်ခဲ့ပါတယ် (မဿဲ ၂၄း၆၊ ၇)။ ပရော ဖက်ယောင်တွေ၊ တရားမဲ့တွေပေါ်လာပြီး ယုံကြည်သဒ္ဓါအားတွေ ဆုတ်ယုတ်စေမယ်။ (မဿဲ ၂၄း၉-၁၂)။ ဧဝံဂေလိတရား လောကီနိုင်ငံအရပ်ရပ်ကို ပြန့်နှံ့အပြီးမှ နောက်ဆုံးအ ချိန်ရောက်လာမယ်။ အဲ့နောက်မှာ ယေရှုက ဒံယေလဟောခဲ့တဲ့ ဖျက်ဆီးတတ်သော ရွံရှာ ဖွယ်အကြောင်း ထည့်ပြောတယ် (မဿဲ ၂၄း၁၄၊ ၁၅)။

“အခု၊ အဲဒီဖျက်ဆီးတတ်သော ရွံရှာဖွယ်အကြောင်း အချိန်နည်းနည်းပေးကြမယ်။ ကျွန် တော်ကတော့ ခရစ်တော်ပြန်မကြွလာခင်မှာ ဖြစ်ပျက်မယ့်အကြောင်းတွေကို နှောကြေဖို့ အရေးကြီးတယ်လို့ မှတ်ပါတယ်” လို့ Maatan က စိတ်ရင်းနဲ့ပြောတယ်။

“ငါက ဒီအကြောင်းတွေမှာ အချိန်မပေးခဲ့ဘူး။ ဒါပေမယ့် နင့်ဆီကနေ ကြားချင်ပါတယ်”

“ကောင်းပြီ ကျေးဇူးပါ David ယေရှုက ဒံယေလကျမ်း ဖတ်တဲ့လူတွေကို နားလည်စေချင် တယ်ဆိုရင် ငါတို့က စူးစမ်းဖို့ အရေးကြီးတယ်လို့ ကျွန်တော်တော့ မှတ်ယူပါတယ်”

“ဓမ္မဟောင်းကျမ်းမှာ ရုပ်တု၊ ဘုရားတုတွေကို ကိုးကွယ်ခြင်းဟာ ရွံရှာဖွယ်လုပ်ရပ်လို့ ပြောတယ်။ ၃ ရာ ၁၁း၅-၇၊ ၄ ရာ ၂၃း၁၃ တွေက သာဓကပါ။ ဒါကြောင့် ဖျက်ဆီးတတ်တဲ့ ရွံရှာဖွယ်အမှုဆိုတာ ဘုရားကို အမြင်မှားစေပြီး နိုင်ငံတစ်နိုင်ငံ (သို့) တစ်ကမ္ဘာလုံးကိုဖြစ် ဖြစ် မိမိကိုယ်မိမိ လှည့်ဖြားပြီး ပျက်စီးစေတဲ့အရာလို့ ကျွန်တော်တို့ ပြောလို့ရတယ်။ ပျက်စီးခြင်းဆိုတာ သမ္မာကျမ်းစာလာ ဘုရားမှန်ကို နိုင်ငံတော်က ကျောခိုင်းတဲ့အခါ ဖြစ် လာတာ ဖြစ်ပါတယ်။ နိုင်ငံသားတွေဟာ သူတို့ကို ပျက်စီးစေမဲ့ မာရ်နတ်ရဲ့အောက် ရောက်သွားရော”

“ ဒီအထိတော့ နင့်ရဲ့ယုတ္တိဗေဒကို ငါလိုက်လို့ရတယ်။ ဒါနဲ့ ဒီအကြောင်းက ဒံယေလ ကျမ်းနဲ့ ဘယ်လိုပတ်သက်လို့ ယေရှုရဲ့အမိန့်က ဒီအကြောင်းကို နားလည်စေမှာလဲ” လို့ David က အသံမြင့်ပြီး ထောက်တယ်။

“ကောင်းတဲ့မေးခွန်းပဲ David။ ဖျက်ဆီးတတ်သော ရွံရှာဖွယ်အမှုအကြောင်း ဒံယေလကျမ်းထဲက (၃) နေရာကို ကြည့်ရအောင်”

> “တစ်သီတင်းတွင် လူအများတို့နှင့် ပဋိညာဉ်ဖွဲ့ခြင်းရှိ၍ ထိုသီတင်းတစ်ဝက်တွင် ယဇ်ပူဇော်ခြင်းနှင့် ဆက်ကပ်ခြင်းကို ပပျောက်စေလိမ့်မည်။ **ရွံရှာဖွယ်သောအရာ၏ အထွဋ်ပေါ်သို့ ဖျက်ဆီးသောသူသည် ရောက်၍ စီရင်ဆုံးဖြတ်သော သုတ်သင်ပယ်ရှင်းခြင်းသည် ပျက်စီးအပ်သော သူတို့ကို မလွှမ်းမိုးမီတိုင်အောင် ထိုသို့ဖြစ်လိမ့်မည်ဟု ကြားပြော၏။**” - ဒံယေလအနာဂတ္တိကျမ်း ၉:၂၇

> “ထိုမင်းနောက်မှ စစ်လက်နက်တို့သည် ပေါ်လာသဖြင့်၊ တန်ခိုးကြီးသော သန့်ရှင်းရာဌာနတော်ကို ညစ်ညူးစေ၍၊ **နေ့ရက်အစဉ် ပြုသောဝတ်ကို ပယ်ရှင်းကြလိမ့်မည်။ ဖျက်ဆီးတတ်သော ရွံရှာဖွယ်အရာကိုလည်း တည်ထားကြလိမ့်မည်။**” - ဒံယေလအနာဂတ္တိကျမ်း ၁၁:၃၁

> “နေ့ရက်အစဉ် ပြုသောဝတ်ကို ပယ်ရှင်း၍၊ **ဖျက်ဆီးတတ်သော ရွံရှာဖွယ်အရာသည် ပေါ်လာပြီးမှ၊ အရက် တစ်ထောင်နှစ်ရာကိုးဆယ်ကြာလိမ့်မည်။**” - ဒံယေလအနာဂတ္တိကျမ်း ၁၂:၁၁

“ပထမကျမ်းချက်က အစ္စရေးတွေ မေရှိယကို ငြင်းတဲ့အခါ ဖြစ်ပျက်ခဲ့တာပါ။ အစ္စရေးတွေက သူတို့မှာ ဆီဇာကလွဲလို့ ဘယ်ဘုရင်မှ မရှိဘူးလို့ အော်ဟစ်ကြတဲ့အခါ (ရှင်ယောဟန် ၁၉း၁၅) သူတို့ဟာ ကိုးကွယ်မှုအမှားကို လုံးလုံးဆုပ်ကိုင်ကြတာဖြစ်ပြီး ရောမရဲ့ လောင်းရိပ်မှာ ခိုလှုံကြပါပြီ။ အဲဒီနောက် နှစ် (၄၀) အကြာမှာ ရောမတွေ ယေရှုရှလင်မြို့ကို လာပြီးဖျက်ဆီးတယ်။ လူသန်းနဲ့ချီ သေခဲ့တယ်။ လမ်းပေါ်မှာ သွေးချောင်းစီးခဲ့တယ်။ ရှင်လုကာခရစ်ဝင်ကျမ်းက ဒီအဖြစ်ကို အောက်ပါအတိုင်း ဆိုထားတယ်။ ။

“ယေရုရှလင်မြို့ကို ဗိုလ်ခြေများ ဝန်းရံလျက်ရှိသည်ကို သင်တို့မြင်သောအခါ၊ **ထိုမြို့သည် ပျက်စီးခြင်းသို့ ရောက်လုသည်ကို သိမှတ်ကြလော့။**” - ရှင်လုကာခရစ်ဝင် ၂၁:၂၀

“ဆိုတော့ ကျွန်တော်တို့ ပထမသော ဖျက်ဆီးသူကို တွေ့ရပါတယ်။ကျမ်းချက် အဓိပ္ပာယ်က ဘုရားသားတော်ကို သတ်ခဲ့တဲ့ ဂျူးနိုင်ငံဟာ နှစ် (၄၀) အကြာမှာ ရောမရဲ့ဖျက်ဆီးခြင်းကို ခံခဲ့ရပါတယ်။ ဂျူးတွေ ခရစ်တော်ကို ငြင်းပယ်တဲ့အမှု တန်ပြန်သက်ရောက်ပါပြီ (ဂလာတိ ၆း၈)။ ဒီဖြစ်စဉ်က ဒံယေလ ၉း၂၇ လာ အကြောင်းကို ပြည့်စုံစေပါတယ်။ ။

“ရွံရှာဖွယ်သောအရာ၏ အထွဋ်ပေါ်သို့ ဖျက်ဆီးသောသူသည်ရောက်၍ စီရင်ဆုံးဖြတ်သော သုတ်သင်ပယ်ရှင်းခြင်းသည် ပျက်စီးအပ်သော သူတို့ကို မလွှမ်းမိုးမီတိုင်အောင် ထိုသို့ဖြစ်လိမ့်မည်ဟု ကြားပြော၏။” - ဒံယေလအနာဂတ္တိကျမ်း ၉:၂၇ (YLT)

“စိတ်ဝင်စားဖို့ကောင်းတာက ဒီဖြစ်စဉ်တွေဟာ အခုန ကျမ်းချက်မှာ ပြောထားတဲ့ ပရောဖက်ပြုချက်ဆိုင်ရာ အချိန်ကာလနဲ့ ဆက်နွယ်နေတာပါပဲ။

“**ထိုသီတင်း ခြောက်ဆယ့်နှစ်သီတင်းလွန်ပြီးမှ ခရစ်တော်သည် အခွင့်မရဘဲ အသေသတ်ခြင်းကို ခံရလိမ့်မည်။** ထိုနောက်မှလာသော သခင်၏လူတို့သည် မြို့တော်ကိုလည်းကောင်း၊ သန့်ရှင်းရာဌာနကိုလည်းကောင်း ဖြိုဖျက်ကြလိမ့်မည်။ ရေလွှမ်းမိုးသောအားဖြင့် ဆုံးရှုံးခြင်း*ဖြစ်လိမ့်မည်။* အဆုံးတိုင်အောင် စစ်တိုက်ခြင်း၊ ပျက်စီးရာနှင့်ဆိုင်သော စီရင်ဆုံးဖြတ်ခြင်းရှိလိမ့်မည်။”
- ဒံယေလအနာဂတ္တိကျမ်း ၉:၂၆

“ဒီမှာဖော်ပြတဲ့သခင်ဟာ ခရစ်တော်ပါ။ - အငယ် ၂၅ မှာ ဖော်ပြတဲ့ သခင်ပါပဲ။ သခင်ခရစ်တော်ရဲ့ လူတွေဟာ ဂျူးတွေပါ။ မေရှိယကို ငြင်းဆိုတဲ့အတွက် အခြားသောနိုင်ငံက သူတို့အပေါ် ဖျက်ဆီးခွင့်ရသွားပါတယ်။

စိတ်ဝင်စားဖို့ကောင်းတာက သခင်ယေရှုက ဗိမာန်တော်ပျက်စီးမယ့်အကြောင်း သူ့တပည့်တော်တွေကို မိန့်တဲ့အခါ ကမ္ဘာပျက်မယ့်အကြောင်း တပည့်တော်များ မေးကြတာက စိတ်ဝင်စားစရာပါ။ အဲဒါက သူတို့က ဖြစ်စဉ် (၂)ခုကို (၁) ခုဖြစ်အောင် ပေါင်းလိုက်လို့ပါ။

> "ယေရှုကလည်း၊ ဤအရာအလုံးစုံကို သင်တို့သည် မြင်ကြသည်မဟုတ်လော။ ငါအမှန်ဆိုသည်ကား၊ မဖြိုမချဘဲ ကျောက်တစ်ခုပေါ်မှာ တစ်ခုမျှမတည်မနေရဟု မိန့်တော်မူ၏။ ထိုနောက် သံလွင်တောင်ပေါ်မှာ ထိုင်တော်မူစဉ်၊ တပည့်တော်တို့သည် အခြားသူမပါဘဲ ချဉ်းကပ်၍၊ ထိုအမှုအရာတို့သည် အဘယ်ကာလမှ ဖြစ်မည်ကိုလည်းကောင်း၊ ကိုယ်တော်သည်ကြွလာ၍ ဤကပ်ကမ္ဘာကုန်သော ပုပ္ပနိမိတ်သည် အဘယ်နိမိတ် ဖြစ်မည်ကိုလည်းကောင်း အမိန့်ရှိတော်မူပါဟု လျှောက်ကြ၏။" - ရှင်မဿဲခရစ်ဝင် ၂၄:၂၊ ၃

သခင်ယေရှုက သူတို့ရဲ့ မေးခွန်းကို အကန့်မခွဲတာ၊ အဲဒီဖြစ်စဉ်တွေကို တစ်ခုလိုလို ဖြေရခြင်းက ယေရုရှလင်မြို့ပျက်စီးခြင်းသည် ကမ္ဘာကုန်မယ့်အချိန် ဖြစ်ပျက်မယ့်အကြောင်းအရာတွေကို ကြိုတင် နိမိတ်ပြနေတာဖြစ်ပါတယ်။ ဖျက်ဆီးတတ်သော ရွံရှာဖွယ်အမှုအကြောင်းရေးထားတဲ့ ကျန်ကျမ်းချက် (၂) ချက် လေ့လာမယ်ဆိုရင် ဘာဖြစ်လာမှာလဲဆိုတာ ပိုနားလည်နိုင်မှာပါ" Maatan လည်း David လည်း နားလည်မယ်လို့ မျှော်ရင်းနဲ့ သူ သူပြောချင်တာ အဆုံးသတ် လိုက်တယ်။

"Maatan ရေ၊ ခဏနော် ခဏ။ ငါ့ခေါင်း ချာရမ်းသွားပြီ။ ဒီအကြောင်းတွေက ငါ့အတွက် အသစ်ဖြစ်နေလို့ မင်းပြောလိုက်တဲ့ဟာတွေကို ငါဆန်းစစ်ရဆုံးမယ်"

"ဟုတ်ကဲ့၊ ကျွန်တော်နားလည်ပါတယ်။ ကျွန်တော်တို့လေ့လာရမှာတွေက အများကြီးပါ။ ဒံယေလကျမ်းကို နားလည်ဖို့ ယေရှုရဲ့ နှုတ်ထွက်တွေကို အာရုံပေးချင်ပါတယ်။ ကြိုပြောရရင် ဒံယေလ အခန်းကြီး (၁၂) ထဲက ရက်ပေါင်း (၁၂၉၀) ဗျာဒိတ်က အချိန်နဲ့ပတ်သက်လို့ ကျွန်တော်တို့ကို သဲလွန်စပေးပါတယ်။

အားလုံးစီရရင်တော့ ဒံယေလအခန်းကြီး ၂၊ ၇၊ ၈ တွေထဲက အနာဂတ်အကြောင်း ပရောဖက်ပြုချက်တွေကို စီတန်းရပါမယ်။ ဆရာပြောတဲ့အတိုင်းပဲ ဒီအကြောင်းတွေ နောက်များမှာ ဆွေးနွေးဖို့ ချန်ရမှာပါ။"

David က "ငါတို့ အဆုံးမသတ်ခင် တစ်ခုမေးဦးမယ်။ ဒီအကြောင်းတွေကို နင်ဘယ်ကသိလာတာလဲ။ နင်ပြောတာတွေက တော်တော်ကို အနုစိတ်နေလို့" လို့ မေးတယ်။

"ကျွန်တော်က မြော်လင့်ခြင်းသတ္တမနေ့အသင်းတော် ခြံပေါက်ပါ။ ဒီအသင်းတော်ရဲ့အုတ်မြစ်ဖြစ်တဲ့ ဒံယေလကျမ်းနဲ့ ဗျာဒိတ်ကျမ်းက ကျွန်တော့်အတွက် ထူးပါတယ်။ သူတို့ရဲ့ စာပေအုတ်မြစ်တစ်ခုက Uriah Smith ပြုစုတဲ့ *ဒံယေလကျမ်းနှင့် ဗျာဒိတ်ကျမ်း* ဆိုတဲ့ စာအုပ်ပါ။ ဒံယေလကျမ်းနဲ့ ဗျာဒိတ်ကျမ်းကို လေ့လာဖို့ အဲဒီစာအုပ်ကို ကျွန်တော်ရဲရဲကြီးညွှန်းပေးချင်တယ်။ အဲဒီစာအုပ်က အနုစိတ်လွန်းတော့ အတော်မြင့်တဲ့စာအုပ်ပါပဲ။ ဒါပေမယ့် အလေးထားသင့်တဲ့ အကောင်းဆုံးစာအုပ်တွေထဲမှာ ပါပါတယ်။ အခု ကျွန်တော်တို့ စီမံငွေတွေကို စိတ်ဖြာနေရသလိုပဲ အဲဒီစာအုပ်ကလည်း ကျမ်းစာလာ ဗျာဒိတ်တွေကို တစ်မူထူးပြီး စိတ်ဖြာပါတယ်" လို့ Maatan က ပြုံးရင်းနဲ့ ပြောပြတယ်။

"စီမံကိန်းငွေအကြောင်း မန်နေဂျာကြီးဆီတင်ပြဖို့ ငါတို့ အချိန် (၂) ပတ် ရတယ်"

Maatan ကလည်း "ကောင်းပါပြီ။ အဲဒီအလုပ်က ခင်ဗျားကို ဒံယေလကျမ်း ရှင်းပြရတာထက် လွယ်ပါတယ်" သူတို့ (၂) ယောက်လည်း ပွဲကျသွားတယ်။ "ကျွန်တော်တို့ လမ်းမခွဲခင် ဆုတောင်းလို့ရမလား"

"ရပါတယ်။ တောင်းပါ"

"ကောင်းကင်ဘုံရှိ အဖဘုရား၊ ကျွန်တော်တို့ သိနားလည်ဖို့ ယေရှုမိန့်ခဲ့တဲ့ ဗျာဒိတ်တွေအတွက် ကျေးဇူးတင်ပါတယ်။ ကိုယ်တော့်သားတော် ကြွလာမယ့်နိမိတ်နဲ့ ကမ္ဘာကုန်မယ့်အချိန်အခါကို နားလည်တတ်ဖို့ ဝိညာဉ်တော် လမ်းပြစေတော်မူပါ။ သခင်ယေရှုနာမဖြင့် ဆုတောင်းပါ၏။ အာမင်"

# အခန်း ၇
# စိတ်ချခြင်း

လများစွာ ကြာပြီးလို့ Maatan နဲ့ Stella ဟာ ညဦးယံဝတ်ပြုနေချိန် ကျမ်းချက်တစ်ချက်ကိုဖတ်ပြီး ဆွေးနွေးနေကြတယ်။ ။

> “ဧနောက်သည် အသက်ခြောက်ဆယ်ငါးနှစ်ရှိသော်၊ သား မသုရှလကို မြင်လေ၏။ မသုရှလဖွားမြင်သောနောက်၊ ဧနောက်သည် အနှစ်သုံးရာပတ်လုံး ဘုရားသခင်နှင့်အတူသွားလာ၍၊ သားသမီးများကို မြင်လေ၏။” - ကမ္ဘာဦးကျမ်း ၅:၂၁၊ ၂၂

“၆၉ နှစ်အထိ သားမရသေးတဲ့ဘဝကို စဉ်းစားကြည့် Stella” Stella က “၆၅ နှစ်ဆိုရင် ငါ့ခန္ဓာက ကလေးယူလို့ရမယ်လို့ မထင်ပေါင်” လို့ ရီရင်းပြောတယ်။

Maatan ကလည်း “စာရာလည်း အသက်(၉၀) မှာ သားမရနိုင်ဘူးလို့ မှတ်ခဲ့တာပဲလေ” လို့ အရွှန်းဖောက်တယ်။

“အသက် ၁၀၀ ကပ်တဲ့အချိန် ကလေးအနှီးလဲဖို့ မနက် (၃) နာရီမှာ နင်ထမှာလား”
“အင်း လုပ်ရမှာပေါ့”

“ အသက် ၃၀ နား ကပ်လာတဲ့အခါ ကလေးမွေးဖို့က ပေါ့သေးသေးမဟုတ်နော ”

“ဒီမှာကြည့်။ ဧနောက်က သားရပြီးနောက်မှာ ဘုရားနဲ့အတူ လမ်းလျှောက်တယ်တဲ့။ ဒါက ဘာကိုပြောတယ်ထင်လဲ”

“ဘုရားဟာ ငါတို့ရဲ့အဖ၊ ငါတို့လည်း အဖေဘဝရောက်တဲ့အခါ ဖခင်မေတ္တာကို နားလည်လာတဲ့သဘောနေမှာ” လို့ Stella က ဖြေတယ်။

“ငါလည်း ဒီလိုပဲစဉ်းစားတယ်။ ကောင်းကင်မှာရှိတဲ့ အဖနဲ့ မိတ်သဟာယပြုနိုင်ဖို့ ငါတို့လည်း ငါတို့နဲ့တူတဲ့ ကလေးတွေရတာဟာ အခွင့်ထူးပါပဲ။

"ငါတို့ ဘယ်တော့ကလေးယူနိုင်မယ်လို့ထင်လဲ Maatan"

"ကလေးရှိတာ ပျော်စရာဖြစ်မှာပါ။ ငါတို့ (၂) ယောက်လုံးကလည်း ကလေးလိုချင်နေတာပဲလေ။ ဘုရားဆီ ဆုတောင်းခဲ့တာတွေ၊ ငါတို့အတူတူ ဆွေးနွေးခဲ့တာတွေကို ခြုံငုံရရင် နောက် (၂) နှစ်လောက်နေရင် အဆင်သင့်ပြီလို့ ထင်ရတာပဲ"

"ဟုတ်တယ် Maatan ငါတို့ စဖို့တန်ပြီ။ မလောဖို့ပဲလိုတယ်။"

"မိဘာဘ၀ မ၀င်ခင်တော့ တူနှစ်ကိုယ်ကမ္ဘာလေးမှာ ပျော်ပျော်ကြီးနေချင်ပါသေးတယ်။ ကျမ်းစာထဲမှာ ဒီဟာနဲ့သက်ဆိုင်မှုရှိတဲ့ ကျမ်းချက် ငါတွေ့တယ်။ သစ်ပင်အကြောင်းဆိုပေမယ့် အဲဒီမှာ နိယာမတစ်ခုရှိတယ်လို့ ငါယုံတယ်"

> "သင်တို့သည် ငါပေးသောပြည်သို့ရောက်၍၊ စားအပ်သော အပင်အမျိုးမျိုးကို စိုက်ပြီးမှ၊ **သုံးနှစ်ပတ်လုံးသီးသောအသီးကို၊ အရေဖျားလှီးခြင်းကို မခံသောအသီးဟူ၍ မှတ်ရမည်။** ထိုအသီးကို မစားရ။ စတုတ္ထနှစ်တွင် သီးသောအသီးရှိသမျှသည်သန့်ရှင်း၍၊ ထာဝရဘုရား၏ ကျေးဇူးတော်ကိုချီးမွမ်းဖို့ရာ ဖြစ်ရမည်။" - ဝတ်ပြုရာကျမ်း ၁၉:၂၃၊ ၂၄ (KJV)

"ဇနီးမောင်နှံနှစ်ဦးဟာ ကလေးမြန်မြန်ရလို့ရှိရင် သူတို့လည်း အခြေမခိုင်ဖြစ် (သို့) ကလေးအတွက် အဆင်သင့်ဖြစ်ကြမှာ မဟုတ်သေးဘူး။ (၃)နှစ်လောက်အထိ ကလေးမယူသေးတာက အဓိပ္ပာယ်ရှိတယ်လို့ ထင်တာပဲ"

"ငါလည်း အဲလိုထင်တယ်။ ငါဒီသဘောတရားကို ကျမ်းစာထဲမှာ မတွေးခဲ့ဖူးဘူး။ ဒီလိုပြပေးလို့ ကျေးဇူးပါ။ ဘုရားက ကျမ်းစာကနေ နင့်ကို အလင်းပြတယ်လို့ ငါတော့မြင်တယ်" လို့ Stella က စိတ်ချလက်ချပြောတယ်။

"ကျေးဇူးပါ။ ဒီလိုဆုတောင်းချက်မျိုး ငါလိုအပ်တယ်။ ဘုရားမပါရင် အကောင်းဆုံးဟာ ဘာလဲဆိုတာ ငါတို့မသိနိုင်ဘူး။ သားသမီးကိစ္စမှာ ဝေဝါးစရာတွေ အများကြီးပဲ... ဥပမာ

ကာကွယ်ဆေးကို နင်ဘယ်လိုမှတ်လဲ၊ ငါတို့နှစ်ယောက်လုံးကတော့ ထိုးပြီးသားပဲ” လို့ Maatan က မေးတယ်။

“ကလေးသူနာပြုက ကာကွယ်ဆေးထိုးပေးတာကို သက် ကြည့်ခဲ့ပါတယ်။ ကလေးခံစား ရတာကို သက် မကြည့်နိုင်ပါဘူး။ စကားမပြောနိုင်ခင်မှာကို အပ်ထိုးထည့်ဖို့လိုအောင် ဘုရားကငါတို့ကို ဖန်ဆင်းခဲ့မယ်လို့ မထင်ပါဘူး။ သဘာဝမကျပါဘူး”

Maatan လည်း ခေါင်းထဲ micro ကြေးငုပ် (၅) ချောင်း အထိုးခံရတာလည်း သဘာဝမကျ ပါဘူး။ Constance မြို့က ကလေးတွေ ဒါ အထိုးခံရတာ ထုံးစံလိုဖြစ်နေတယ်။

“သူတို့ကတော့ ဒီကြေးငုပ်တွေက ဇရီယာတိုင်လို သံလိုက်စက်ကွင်းဖြစ်စေပြီး ရောဂါ ကာကွယ်ပေးတယ် ပြောတာပဲ။ အဲဒီငုပ်တွေက သေးလွန်းလို့ ဂရုစိုက်ပြီးရှာမှ ရှိလို့ရှိမှန်း သိနိုင်မှာ” လို့ Stella က ပြောတယ်။

“ဆရာဝန်တွေကတော့ ရောဂါကာကွယ်ရေးဗျူဟာက လူသားတွေကို ရောဂါဘယကနေ ကယ်တင်တယ်လို့ ပြောတာပဲ။ တစ်ချို့မှာတော့ ရောဂါကာကွယ်သလိုပါပဲ။ ပဋိဇီဝဖြစ် စဉ်တွေ ဖြစ်နေတာတွေရှိတယ်”လို့ Maatan ပြောပါတယ်။ “တစ်ဘက်မှာလည်း ကလေး တိုင်း ကာကွယ်ဆေးထိုးတိုင်း အလုပ်မဖြစ်တာလည်း တွေ့ရတယ်။ စွမ်းသူသာ အသက် မြဲတယ်ဆိုတဲ့ နိယာမကိုပဲ လိုက်သလိုပဲ။ ကလေးကသာ အားပြည့်ပြည့်နဲ့ မွေးရခဲ့ရင်သာ အလုပ်ဖြစ်မယ့်ပုံပါ။ မဟုတ်ရင်တော့ သေတောင်သေတယ်”

“အတိတ်မှာတော့ လူတွေက သူတို့ကလေးတွေဟာ ကျန်းမာသန်စွမ်းကြမယ်လို့ ထင်ကြ တာပါ။ ဒါပေမယ့် အနာဂတ်မှာကော အဲလိုထင်နိုင်ကြအုံးမလား။ လူတွေက ပတ်ဝန်း ကျင်ကြောင့် ငါတို့ထင်နေတာထက်ကို မြန်မြန်ကြီး အားနည်းလာမှာပါ” လို့ Stella က ပြောတယ်။

“လူတွေဒါကို ခံစားတတ်မှန်း ငါသိတယ်။ ဒါပေမယ့် ရောဂါခုခံရေးအစီအစဉ်က စုပေါင်း ကောင်းစားဖို့ ငါတို့ကို ဖိအားပေးတာလို့ ငါမြင်တယ်။ ဒါ့အပြင် ကာကွယ်ဆေးကလည်း တိုးတိုးလာနေတယ်” Maatan ကတော့ တာဝန်မဲ့တော့ မဖြစ်ချင်ပါဘူး။ ဒါပေမယ့် သူ့အ

တွက်တော့ ကလေးနဲ့ပတ်သက်ပြီး သူ့ရဲ့ရွေးချယ်ပိုင်ခွင့် အနုတ်ခံရတယ်လို့ပဲ မြင်တယ်။ “ငါရဲ့လေ့လာမှုတွေအရ ကလေးတွေအတွက် ကာကွယ်ဆေးကို သဘာဝနည်း ပိုသုံးသင့်တယ်လို့ မြင်တယ်။ ဒါပေမယ့် လူသိအောင်တော့ လိုက်မကြော်ငြာသင့်ပါဘူး။ ကာကွယ်ဆေးကို ယုံတဲ့သူတွေနဲ့ ပြဿနာတက်တာပဲ အဖတ်တင်မှာ။”

“ကာကွယ်ဆေးမသုံးရ ဆိုသူတွေလည်း အားတက်သရောပါပဲ။ သူတို့ကို သက် နားလည်ပေးနိုင်ပါတယ်။ ဒီအကြောင်းနဲ့ပတ်သက်လို့ အငြင်းအခုံ မဖြစ်ချင်ပါဘူး” လို့ Stella က ပြောတယ်။

“သူနာပြုအလုပ်နဲ့ပတ်သက်ပြီး ကာကွယ်ဆေး ထပ်ထိုးဖို့ မလိုတော့ဘူးလို့ ထင်တာပဲ။ အလုပ်ဝင်ဝင်ချင်းမှာတော့ ထိုးခဲ့ရတယ်။ ထိုးပြီးပြီးချင်း သက် ခေါင်းမူးသွားတယ်လို့ ပြောခဲ့တာ ယောကျ်ားမှတ်မိသေးလား”

“အင်း၊ နင်ပြောတာ မှတ်မိပါတယ်။ အဲ့ဆေးထဲမှာ ဘာပါလည်းဆိုတာ နင် အတပ်မသိဘူးလေ။ တစ်ချို့ကတော့ ခန္ဓာကိုယ်ထဲကနေ ပြန်ထွက်ရခက်တဲ့ နာနိုအမှုန့်တွေပါတယ်လို့ ပြောကြတာပဲ။ ငါတို့ကလေးတွေကိုတော့ မထိုးပေးသင့်ဘူးလို့ ထင်တယ်။ တစ်ဘက်ကလည်း ဒါကို ထောက်ခံသူတွေနဲ့ ပဋိပက္ခဖြစ်အောင် မလုပ်သင့်ဘူးလို့ မှတ်တယ်။ လူတိုင်းက ကိုယ့်အတွက်ကိုယ် ဆုံးဖြတ်သင့်ပါတယ်။

Stella လည်း “ဒီလိုခက်ခဲတဲ့ အဆုံးအဖြတ်ချရမယ့် မိဘတွေကို သနားပါတယ်။ ကမ္ဘာကုန်မယ့် နိမိတ်အကြောင်း ငါတို့က သိနေပေမယ့် မသိတဲ့လူက ဒုနဲ့ဒေးပဲ။”

“မှန်တယ်၊ အချိန်လင့်နေပြီ၊ မနက်စောစော ရထားစောင့်စရာရှိတယ်။ အိပ်ချိန်ရောက်ပြီ။ ငါတို့ကလေးရတဲ့အခါ ဘုရားက ငါတို့ကို နောက်လိုပဲ သူနဲ့အတူ လမ်းလျှောက်ခွင့်ပေးသူအကြောင်း ပိုသိစေမယ်လို့ထင်ပါတယ်” လို့ Maatan က ပြောတယ်။

Stella လည်း “ဟုတ်တယ် Maatan ဒါ ငါ့ဆုတောင်းပဲ”

# အခန်း ၈
# ချစ်သား

Maatan ရဲ့ဘဝဟာ နောက်(၂)နှစ်အတွင်း ပြောင့်ဖြူးခဲ့တယ်။ စီမံကိန်းလျာထားငွေတွေ စိစစ်၊ ဝန်ထမ်းအာမခံငွေတွေ လျှော့ခဲ့ပါတယ်။ အတိတ်ကာလတုန်းက ဝန်ထမ်းတွေအတွက် သင်တန်းတွေ မပေးခဲ့လို့ ထိခိုက်အနာတရတွေ၊ ကျန်းမာရေးချို့ယွင်းလို့ ငွေကုန်ခဲ့ရတယ်။

နေ့လည်စာစား နားချိန်မှာ Maatan ဟာ ရေပန်းရှိတဲ့နေရာကို မကြာခဏသွားတတ်ပြီး ကမ္ဘာ့သမိုင်းနဲ့ အနာဂတ်မှာဖြစ်ပျက်မယ့် အရာတွေကို စဉ်းစားတတ်တယ်။ လူတွေကတော့ ပန်းခြံထဲမှာ ဥဒဟို သွားလာနေကြတယ်။ နေ့လည်စာစား နားချိန်မှာ ကိုယ်လက်လေ့ကျင့်ခန်း ဦးဆောင်တဲ့ဆရာတွေ ရှိတယ်။ ရေပန်းကို အလည်လာကြည့်တဲ့ ခရီးသည်တွေရှိပါတယ်။ စုံတွဲတွေကလည်း မြက်ခင်းမှာ ကျောခင်းလို့၊ ဖက်လို့။ အိမ်ခြေမဲ့တွေလည်း အမှုက်ပုံထဲကနေ ရသလောက်ဆွဲလို့ပါပဲ။ အိမ်ခြေမဲ့အတော်များများက Maatan ဆီ ပိုက်ဆံတောင်း၊ စီးကရက်တောင်းဖို့ လာကြတယ်။ သူလည်း တစ်ခါတစ်လေ သူတို့ကို ဆိုင်ခေါ်ကျွေးတယ်။ အကြောင်းကတော့ ပိုက်ဆံပေးရင် ဆေးသုံးကြမှာစိုးလို့ပါ။

ပန်းခြံမှာတော့ လူ အလွှာပေါင်းစုံပါပဲ။ Maatan လည်း လူတွေကိုကြည့်ပြီး သူတို့ ဘယ်ကလာလို့ ဘယ်ကိုဦးတည်ကြလဲလို့ စဉ်းစားဖြစ်တယ်။ သူတို့ဟာ ခရစ်တော်ကို လက်မခံသေးလို့ရှိရင် လက်ခံလာကြဖို့ ဆုတောင်းပေးနေတယ်။

အဲဒါနဲ့ ဖုန်းဝင်လာတယ်။ “ဟယ်လို ယောကျ်ား၊ သတင်းကောင်းရှိတယ်။ ကိုယ်ဝန်စစ်ဆေးတာ အဖြေရလာပြီ။ အစ်ကို မကြာခင်မှာ အဖေဖြစ်တော့မယ်။”

Maatan လည်း ခဏကြောင်သွားပြီး နောက်မှ “ငါကွ” ဆိုပြီး ထခုန်ရော။ ခိုတွေလည်း လန့်ပြီး ပျံကုန်ရော။ Maatan အပျော် ကောင်းကင်အထိ ရောက်လို့ပါပဲ။ “ဝမ်းသာစရာပဲ Stella ။ ဆရာဝန်က ဘယ်နှစ်လရှိပြီပြောလဲ” “၆ ပတ်” တဲ့။

"မိန်းမရေ၊ ဒီနေ့တော့ နေ့ထူးပဲ။ သားဆုပေးတဲ့အတွက် ဘုရားကိုကျေးဇူးတင်လိုက်တာ။ အိမ်ကျမှ တွေ့ကျမယ်နော်။ မစောင့်နိုင်တော့ဘူး"

"ဟုတ်ပါပြီ Maatan"

*"ငါ အဖေဖြစ်တော့မယ်။"* Maatan က ဒါကိုတွေးပြီး ပန်းခြံထဲမှာ ဈာန်ကြွနေပါတယ်။ လင်းပိုင်တွေ လိပ်တွေလိုပဲ ရေကူးချင်စိတ်တောင် ပေါက်လိုက်သေးတယ်။ သူလည်း လူခြေတိတ်တဲ့ထောင့်တစ်နေရာသွားပြီး ဘုရားဆီ ဂုဏ်တော်ချီးမွမ်းလိုက်ပါတယ်။

အဲဒီနောက်ပိုင်းတော့ ကလေးနေမယ့် အခန်းအတွက် အလုပ်ရှုပ်ပါပြီ။ အမျိုးတွေ၊ မိတ်ဆွေတွေဆီကနေလည်း မုဒိတာမေတ္တာတွေ ရနေပါတယ်။ Maatan လည်း Stella ဗိုက်နားကပ်ပြီး ကလေးကို ခဏခဏစကားပြောဖြစ်တယ်။

Stella လည်း သားချော့တေးတွေ ဆိုဖြစ်နေတယ်။ Maatan က ကလေးရမှာကို ပျော်နေတာသိလို့ သူလည်း ကျေနပ်နေပါတယ်။ သူ့အတွက် ကလေးမွေးပေးရမှာကို ပီတိဖြစ်နေပါတယ်။

"ကလေးက သားလေးဖြစ်မှာလား၊ သမီးလေးဖြစ်မှာလား Stella"

"အင်း၊ Ultrasound ရိုက်ရင်ပေါ်မှာပါ"

"မွေးတဲ့အထိ ဒီလိုပဲနေမယ်လေနော်" လို့ Maatan က ပြောတယ်။

"အင်း၊ ကောင်းပါတယ်။ သားဖြစ်ဖြစ်၊ သမီးဖြစ်ဖြစ် ငါတို့ချစ်မှာပဲလေ။ ဒါက ဘုရားပေးတဲ့လက်ဆောင်ပဲဟာ။ သားလေးဖြစ်ခဲ့ရင်ကော ဘယ်လိုခေါ်မလဲ" လို့ Stella က မေးတယ်။

"C-H-I လို့ မှည့်ဖို့ စဉ်းစားနေတာပဲ"

"ဟူး၊ ထိုက်ချီထဲက C-H-I လား"

"မဟုတ်ပါဘူး၊ Kye ပါ။ ဂရိစာမှာ chi က X နဲ့တူတာ။ ခရစ်ယာန်သမိုင်း အစပိုင်းမှာ လက် ဝါးကားတိုင်ပုံဆောင်ပေါ့။

"ဩော်၊ သဘောပေါက်ပြီ။ Maatan"

"သမီးလေးဖြစ်ရင်ကော ဘယ်လိုခေါ်မှာလဲ" Matan ကတော့ Stella ခေါင်းထဲမှာရှိမယ် လို့ မှန်းထားပါတယ်။ Stella က "Amy လို့ခေါ်မယ်၊ Amelia အတိုကောက်။"

"ကြိုက်တယ်။ သိပ်ကြိုက်တယ်။ အိုကေ, အားလုံးအဆင်ပြေပြီ။ သားဖြစ်ရင် Chi, သမီး ဖြစ်ရင် Amy"

* * * * *

လအနည်းငယ် ကြာပြီးနောက် Stella က မွေးရတော့မယ်လို့ ခံစားမိလာတယ်။ နောက် ကြောတွေနာ၊ အိပ်ရခက်၊ နလုံးပူပြီး အဆင်မပြေလှဘူး။ ကလေးကလည်း ခုန်မှခုန်။ သူ တို့ဘဝပြောင်းဖို့ ရက်ပိုင်းလောက်ပဲ လိုတော့တယ်။ Maatan လည်း Stella ဒုက္ခခံချိန်မှာ အကူအညီဖြစ်ဖို့ စိတ်ပြင်ထားပါတယ်။

"ဘာလုပ်ပေးရမလဲ" လို့ Maatan က မေးတယ်။

"ကားယူပြီး ဆေးရုံပို့ပေးပါလား"

"တကယ်လား" ဆိုပြီး Maatan လည်း ကားယူပြီး တန်းမောင်းရော။ သူ့ကိုယ်သူ "စိတ် ထိန်း Maatan" လို့ ဆုံးမတယ်။ *Stella အတွက် စိတ်ငြိမ်မှ တော်ကာကျမယ်။* သူ့စိတ်က လည်း လင်ကောင်းဖြစ်ရေးကို တာစူနေတယ်။

Stella လည်း တစ်ပတ်ကြိုပြင်ထားတဲ့ သူ့ရဲ့အိတ်ကို ဆွဲလိုက်တယ်။ အခုက တကယ် ကြုံရတော့မှာ။ Maatan လည်း ကားရှိန်မလွန်အောင် မောင်းနေပါတယ်။ ဆေးရုံကို အ မြန်ရောက်ချင်နေပြီ။ "မိန်းမရေ ဘယ်လိုနေလဲ၊ အဆင်ပြေရဲ့လား" "အင်း၊ ပြေတယ်။ သားအိမ် အရမ်းမလှုပ်သေးဘူး"

Maatan လည်း ဆေးရုံရှေ့တည့်တည့်ရပ်ပြီး "ကျွန်တော့်မိန်းမ ကလေးမွေးတော့မှာ" လို့ အကူအညီတောင်းလိုက်ပါတယ်။ သူတို့လည်း မွေးခန်းကို ခေါ်သွားပြီး မာမီနဲ့ အပ်တယ်။ မာမီက Stella ကို တစ်ချက်ကြည့်ပြီး "နင့်ကြည့်ရတာ ပျော်နေပါ့လား။ ခဏလောက် လမ်းလျှောက်လိုက်ပါဦး။ ပြီးမှပြန်လာခဲ့" တဲ့။

Maatan နဲ့ Stella တို့လည်း ရီပြီး "ကောင်းပါပြီ။ နောက်မကျအောင်ဆိုပြီး လာလိုက်မိတာပါ" လို့ Maatan က ရှင်းပြတယ်။ မာမီကလည်း "နင်လုပ်နိုင်ခဲ့ပါတယ်။" လို့ အရွှန်းဖောက်လိုက်တယ်။

သူတို့နှစ်ယောက်လည်း လမ်းအတူလျှောက်ရင်း ဘုရားရဲ့ကောင်းချီးအကြောင်းတွေ စားမြုံ့ပြန်ကြတယ်။ Stella ဟာ လမ်းလျှောက်ရင်း အသက်ရှူဖို့ နားရပါတယ်။ "ကမ္ဘာဇလေ အတော်လှုပ်ပြီထင်တယ်။" Matan လည်း ပျာယာကိုခတ်ရော။

*ကောင်းကင်ဘုံမှာရှိတဲ့ အဖဘုရား၊ Stella ဒီဝေဒနာကို ကျော်ဖြတ်နိုင်အောင် မစပါ။ အဖဟာ အသက်ပေးပိုင်ရှင်ပါ။ သူ့ကို ကူညီမယ်လို့ ကျွန်တော်ယုံပါတယ်။ ယေရှုနာမ၌ ဆုတောင်းပါတယ်။ အာမင်။*

Stellaလည်း မွေးခန်းဘက်ကို လျှောက်လာတယ်။ သူတို့ရဲ့သူနာပြုကိုလည်း တွေ့တယ်။ သူနာပြုက "နင့်ကြည့်ရတာ ပိုအဆင်ပြေနေပြီပဲ။ ကလေးမွေးဖို့ စကြတာပေါ့။" Stella ကတော့ သားအိမ်လှုပ်တိုင်း အသက်ရှူမှန်ဖို့ အာရုံစိုက်နေရတယ်။ Maatan က သူ့ရဲ့ လက်ကိုင်ပေး၊ ကျောကို သာသာလေး ပွတ်ပေးနေပါတယ်။

"နင့် ဒီသားအိမ်လှုပ်တဲ့ဝေဒနာ ခံနိုင်ပါတယ်" လို့ Maatan က တတ်နိုင်သလောက် အားပေးနေတယ်။

Stella လည်း အသက်ပြင်းပြင်းရှူရင်းနဲ့ "ကျွန်မသားအိမ် ဘယ်လောက်ပွင့်ပြီလဲ။" မာမီက "ကြည့်ပေးမယ်နော်။ (၂) စင်တီမီတာပဲရှိသေးတယ်... တော်တော်လိုသေးတယ်။"

Stella ကလည်း "(၄) နာရီတောင်ကြာပြီ၊ ၂၀% ဘဲပွင့်သေးတာလား။"

Maatan က သူ့မိန်းမလက်ကိုင်ရင်းနဲ့ "ဆုတောင်းကြမယ်လေ။ နင်ဒီလိုခံစားရတာတွေအတွက် နားလည်ပေးပါတယ်။ နင်ဒီလိုဖြစ်တာမြင်ရတာ ငါလည်းမနေသာဘူး။"

Stella က "အချိန်တန်ရင် အဆင်ပြေသွားမှာပါ" လို့ ဖြေတယ်။

"ဒါမှ ငါ့မိန်းမကွ။ ဂုဏ်ယူပါတယ်" လို့ Maatan က အားပေးတယ်။ ကမ္ဘာဇလေလှုပ်တာ ပိုပိုပြင်းလာပြီး Stella လည်း "အခုရော ဘယ်လောက်ပွင့်ပြီလဲ" လို့ မေးတယ်။ နာစ့်က "(၆) စင်တီမီတာရှိပြီ။ နင်လုပ်နိုင်တာပဲ။ နည်းနည်းလိုသေးတယ်။"

Maatan လည်း Stella ကို ကူဖို့ ဘုရားဆီ ဆုတောင်းတယ်။ သားအိမ်လှုပ်တာ ပြင်းလေလေ Stella အော်တာကို ကြည့်ပြီး Maatan ဟာ မျက်ရည်ကျနေတယ်။ *အဖဘုရား၊ ကျမ်းစာမှာတော့ ပင်ပန်းစွာ ဝေဒနာခံ၍ သားဖွားရမည်လို့တော့ လာပါတယ်။ ဒါပေမယ့် လောလောဆယ် ဒီလိုဖြစ်ဖို့ လိုအပ်တယ်လို့ မမြင်ပါဘူး။ ဘာပဲဖြစ်ဖြစ် Stellaကို မစပေးမယ်လို့ ကျွန်တော်ယုံပါတယ်။* Maatan က ဘုရားကိုယုံဖို့ ရုန်းကန်နေတယ်။ နောက်တော့ ဘုရားက ဘယ်တော့မှ ဥပေက္ခာမပြုမယ့် ကတိကိုယုံပြီး ဘုရားကို ကိုးစားဖို့ ဆုံးဖြတ်လိုက်တယ်။

မကြာပါဘူး။ သားဖွားဆရာဝန် ရောက်လာပြီး အမေနဲ့ကလေး အခြေအနေလာကြည့်တယ်။ Maatan လည်း သနားစရာမျက်နှာနဲ့ "မင်္ဂလာပါ ဒေါက်တာဆိုင်မွန်" လို့ နှုတ်ဆက်လိုက်တယ်။ ဆရာဝန်က "သူ ဘယ်လောက်ကြာသွားပြီလဲ" လို့မေးတယ်။ ဆရာမက "(၇) နာရီ ကြာသွားပြီ" တဲ့။ "ကလေးရဲ့ အနေအထားကတော့ ပုံစံမှန်နေပါတယ်။ အနာခံနိုင်ဖို့ ထုံဆေးထိုးပေးမယ်လေ။ နင်က လုံးလုံးကို မပွင့်သေးဘူး။"

Stella လည်း ချက်ချင်းပဲ "ဟုတ်ကဲ့" လို့ ဖြေလိုက်ပါတယ်။

"အိုကေ၊ ထုံဆေးဆရာတွေ သွားခေါ်လိုက်မယ်။" ဒါနဲ့ ဆရာဝန်ဟာ (၅) မိနစ်အတွင်း ပြန်ရောက်လာတယ်။ "ကြည့်ရတာ ဆရာက အခြားတစ်ယောက်ကို သွားကြည့်နေတဲ့အချိန်ဖြစ်မယ်" ဆိုပြီး ပြောတယ်။ (၁၀) မိနစ်နေတော့ Stella နေရ သက်သာလို့ Maatan လည်း အနေချောင်သွားတယ်။

“(၁) နာရီလောက်တော့ နားလိုက်ဦး။  ဒါမှ အသက်ရှူမှန်မှာ။  အဲ့ကျမှ အားကုန်ညှစ်လို့ရမယ်ထင်တယ်။ အခု မနက် (၂) နာရီတောင်ရှိပြီပဲ။   နောက် (၁) နာရီနေရင် အခြေအနေပြန်လာကြည့်ပါ့မယ်”

Maatan လည်း  “ကျေးဇူးပါ ဒေါက်တာ” လို့  နှုတ်ဆက်လိုက်တယ်။  အဲဒါနဲ့ Maatan နဲ့ Stella လည်း (၁၅) မိနစ်အတွင်း အိပ်မောကျသွားကြတယ်။ အဲဒါနဲ့ Maatan က ကလေးငိုသံကြားလို့  နိုးလာပြီး စိတ်အေးသွားတယ်။   ဒါပေမယ့် အဲဒါက တစ်ဖက်ခန်းဆီက ဖြစ်နေတယ်။

မကြာပါဘူး။ Stella ဆီ ဆရာဝန်ရောက်လာတယ်။  “အခုတော့ ရာခိုင်နှုန်းပြည့် ပွင့်နေပါပြီ။ နောက်တစ်ခေါက် ပြန်နာလာတဲ့အခါ ညှစ်သာညှစ်။ အားကုန်သာညှစ်” လို့ ဆရာဝန်ကပြောတယ်။ Stella လည်းညှစ်ပြီး ကလေးခေါင်း စထွက်လာပါပြီ။

ဆရာဝန်က  “နောက်တစ်ခေါက်သာ  ညှစ်လိုက်ရင်  ပြီးနိုင်လောက်တယ်လို့”  အားပေးတယ်။ Stella လည်း အားကုန်ညှစ်တဲ့အခါ ကလေးထွက်လာပါပြီ။

ဒေါက်တာဆိုင်မွန်လည်း “ဝမ်းသာပါတယ်” လို့  မုဒိတာပွားလိုက်တယ်။  “သားလေးမွေးပါတယ်။ အခုက မနက် (၅) နာရီပါ။” သားလေးက   မိခင်နို့စို့နေချိန်မှာ Stella ဟာ မိခင်ဘဝကို  ကျေနပ်နေပါတယ်။  Maatan လည်း  သားလေးကိုကြည့်ပြီး  အပျော်လုံးစို့နေတယ်။

Stella က “Maatan ရေ သားလေးကိုချီချင်လား။” Maatan လည်း သားလေးကို ချီလိုက်တယ်။ Chi ရဲ့ မျက်လုံးကိုကြည့်ရင်းနဲ့ သူဟာ ဝမ်းသာလုံးစို့နေတယ်။ Maatan က “ငါတို့ရဲ့သား အချစ်တုံးကြီးဟေ့” လို့ ဆိုပြီး   ဝမ်းသာမျက်ရည် စီးကျလာတယ်။  Stella လည်း ယောကျ်ားအတွက်  ကလေးမွေးပေးနိုင်ခဲ့လို့   ဝမ်းသာမျက်ရည် ကျခဲ့တယ်။  သူ့ကိုယ်သူ သူ့ယောကျ်ားကို အကောင်းဆုံး ဖြည့်ဆည်းပေးနိုင်ခဲ့ပြီလို့လည်း  မှတ်ယူတယ်။  Maatan ရဲ့အပျော်က  သူမကို ပုဝါခြုံပေးသလို ဖြစ်ရပါတယ်။   သူမအတွက် ဒီ့ထက်ပျော်ရမယ့်အချိန် မရှိတော့ပါဘူး။

"ကလေးမွေးပေးတဲ့အတွက် ကျေးဇူးပါ"

"လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါတယ် Maatan။ ကလေးမွေးနိုင်ခဲ့လို့ ငါလည်း ဝမ်းသာပါတယ်။ ကလေးက ရှင့်မျက်လုံး၊ ရှင့်မျက်နှာပေါက်နဲ့ ဆင်သလိုပဲ"

"ဟုတ်တယ်နော် Stella ထောင့်ကျတဲ့မေးရိုးပုံစံ ငါတွေ့တယ်" အဲဒါနဲ့ Maatan က "အဖဘုရား၊ သားလေး Chi ကို ပေးသနားတဲ့အတွက် ကျေးဇူးအထူးတင်ပါတယ်။ ကိုယ်တော့်ဘုန်းတော်ကို ချီးမြောက်ပေးနိုင်မယ့် သားလေးဖြစ်စေဖို့ ကျွန်တော့်ကို သွန်သင်တတ်မဲ့ဉာဏ် ပေးတော်မူပါ။ ကျွန်တော်တို့အကြားကို ဘာကမှဝင်မဖျက်ဖို့ ဆုတောင်းပါတယ်။ ဘာကြုံကြုံ မိဘများကို ချစ်တတ်မယ့်သား ဖြစ်စေတော်မူပါ။ ယေရှုနာမ၌ ဆုတောင်းပါ၏။ အာမင်" ဆိုပြီး ဆုတောင်းလိုက်တယ်။

Maatan က ဆေးရုံကိုနေ့တိုင်း ပန်းလာပို့၊ လူနာလာကြည့်ပါတယ်။ မကြာခင်မှာ ဆေးရုံကဆင်း၊ လူ (၃) ယောက်ရှိတဲ့ မိသားစု ဖြစ်လာပါပြီ။ တစ်ခါမှာ Maatan က ကလေးချီရင်း "နာသန့်သီချင်း" ဆိုတဲ့ သူ့အကြိုက်သီချင်းကို နားထောင်ဖြစ်ခဲ့တယ်။ Maatan ဟာ သားဆုရလို့ မျက်ရည်ကျရင်းနဲ့ သီချင်းကို လိုက်ဆိုပါတယ်။

**သားချစ်တိုး**

ကြိုဆိုပါတယ် ခရီးသွားလေးရယ်
အံ့ဖွယ်နဲ့ပြည့်တဲ့ ဒီကမ္ဘာကို
ရန့်တွေက သင်းကြိုင်လို့
ဘဝလည်း သာယာလို့
သတိတော့ထားပေါ့
မွေးဖွားခြင်းဟာ နံနက်လို
ဘဝမှာ ကျန်ခဲ့မှာ။

အကောင်းတွေအားလုံးကို

ဂွမ်းဆီထိသလို
ဘုရားပေးတဲ့ဆု ခံရသူအပေါ်
ညစ်ထုတ်လိုက်ရင်
ရထိုက်သူတွေပေါ်
ရောက်ပါတယ်
ငါနင့်ကို သင်ပေးတာထက်
ကိုယ်တော့်အကြောင်းကို ပိုဝန်ခံပါ။

ကျေးဇူးတင်တဲ့စကားလုံး ရှာမရ
နှလုံးသားကို တွေ့နိုင်တဲ့
မျက်နှာကို ဖတ်နိုင်တဲ့
ဒီဆန်းကြယ်သူကို
အလှျို့ဝှက်ဆုံးနေရာမှာ
ပေါင်းစည်းပုံဖေါ်
အသေချာဆုံးသင်္ကေတ
အံ့ဖွယ် ကရုဏာတော်ပါ။

ကြိုဆိုပါတယ် ခရီးသွားလေးရယ်
အံ့ဖွယ်နဲ့ပြည့်တဲ့ ဒီကမ္ဘာကို
ကမောက်ကမဖြစ်တဲ့ ဒီကမ္ဘာ
ဒုက္ခတွေပွေလီတဲ့ ဒီကမ္ဘာ။

ငါ့သား ဘဝဟာတိုက်ပွဲပါ
ပါးနပ်အောင် ကျင့်
တိုက်ဖို့အသင့်ရှိ
တရားဘယ်ခါမမေ့ရာ။

# အခန်း (၉)
# ဗျာဒိတ်ထဲက သတ္တုလူသား

David က Maatan ကို  လက်ကမ်းရင်း  "သားလေးရလို့ ဂုဏ်ပြုပါတယ်" လို့ နှုတ်ဆက်လိုက်တယ်။  "ကျေးဇူးတင်ပါတယ် ဒေးဗစ်။  ကလေးရှိတာ  တစ်မျိုးနေလို့ပျော်ပါတယ်။ သူတို့ဟာ ဘုရားပေးတဲ့ လက်ဆောင်ပါ။  သားကတော့  ဒီကမ္ဘာမှာ  ဘယ်လောက်ကြာကြာ နေရမလဲတော့ မသိဘူး။  ဒါပေမယ့်  ဘုရားကို  ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသလောက် အကြွင်းမဲ့ချစ်ဖို့ အလင်းပြပေးချင်ပါတယ်" လို့ Maatan က ပျော်ပျော်ရွှင်ရွှင် ပြောတယ်။

"ဒါက ငါ့ကို တစ်ခုအမှတ်ရစေတယ် Maatan ဒံယေလကျမ်းအကြောင်း  နင်ပြောခဲ့တယ်နော်။ သခင်ခရစ်တော်  ပြန်ကြွလာတော့မယ့်အကြောင်း  ဘာကြောင့်ယုံရတဲ့အကြောင်းရင်းတွေ နင်ပြောခဲ့တယ်နော်။  အခု ငါလည်း  ဒံယေလ အခန်း (၉) ရဲ့ ရှေ့ကဟာတွေကို လက်ခံနိုင်ပါပြီ"

"ပြန်ဆွေးနွေးရမှာကို  အတိုင်းထက်အလွန် ပျော်ပါတယ်  ဒေးဗစ်။  ညနေဆိုရင်ကော အဆင်ပြေလား။"  ဒေးဗစ် က ပြုံးရင်းနဲ့ "ပြေပါတယ်။  ဖခင်ဖြစ်လာပြီဆိုတော့  အာရုံတော့ နည်းနည်းပြန့်မယ်ဆိုတာ သိပါတယ်။  ဘာဖြစ်ဖြစ် ရေဒီယိုအစီအစဉ်နဲ့ ပတ်သက်ပြီး ခန့်မှန်းငွေတွေ တွက်စရာရှိတယ်"

"ရတယ် ဒေးဗစ် အမြန်တွက်ပေးပါ့မယ်"

"ကောင်းပြီ။ ညနေတွေ့မယ်" ဆိုပြီး ဒေးဗစ် လည်း သူ့ရုံးခန်းထဲဝင်ရင်း ပြောတယ်။

အဲဒီနေ့ညနေမှာ Maatan က ဝိုက်ဘုတ်နဲ့ ကျမ်းစာနဲ့ အဆင်သင့်ပေါ့။ "ဒံယေလ အခန်းကြီး (၉) ကနေ (၁၂) ကို နားလည်ဖို့   အခန်း (၁) ကနေ (၈) ကို  ပြန်ပြီးဇယားချဖို့လိုပါတယ်။ အစီအစဉ်မစခင် ဆုတောင်းပေးနိုင်မလား ဒေးဗစ်"

"ကောင်းကင်ဘုံမှာရှိတဲ့  အဖဘုရား။  Maatan  မျှဝေပေးမယ့်တရားမှာ  အလင်းရှိမယ်ဆိုရင် ကျမ်းစာကနေ မြစ်ဖျားခံပါစေ။ ယေရှုနာမဥ္စ ဆုတောင်းပါတယ်။ အာမင်"

“ဒံယေလအခန်းကြီး (၂) ကတော့ 600 B.C. ဝန်းကျင်ကနေ ခရစ်တော် ဒုတိယအကြိမ် ပြန်ကြွလာမယ့်အချိန်အထိ ယေဘုယျချပြတာပါ။ ဒီအခန်းကြီးထဲမှာ ဗာဗုလုန်ဘုရင်က ရွှေကနေ သံ၊ သံနဲ့သရွတ် စပ်ထားတဲ့အထိပါတဲ့ လူရုပ်တုကို အိပ်မက်မက်ခဲ့တယ်။ ဘုရင်ဟာ အိပ်မက်ကိုမေ့နေပြီး အဓိပ္ပာယ်သိဖို့က ပိုဝေးတာပေါ့။ ပညာရှိအမတ်တွေဆိုတာ ဘုရင့်အိပ်မက် ဘယ်သိနိုင်မလဲ။ အဲဒါကိုပဲ ဘုရင်က အမျက်ရှပြီး သတ်မိန့်ချခဲ့တယ်။ ဒီလိုအခင်းဖြစ်နေချိန်မှာ ဒံယေလဆိုတဲ့အမတ် မပါဘူး။ သူက ပညာရှိအမတ်တွေကိုသတ်မိန့်ထုတ်တဲ့အကြောင်း တစ်ဆင့်စကားသာ ကြားခဲ့ရတယ်။ ဒံယေလက အဖြေသိရဖို့ အချိန်တောင်းတယ်။ ဒံယေလနဲ့ သူ့သူငယ်ချင်းတွေက ဘုရင့်အိပ်မက်နဲ့ အနက်ကိုပါ အသိပေးဖို့ ဘုရားဆီ ဆုပန်ခဲ့တယ်။ “ဒံယေလအခန်းကြီး (၂) အဆုံးမှာ ဒံယေလက ဒီလိုဆိုခဲ့တယ်။ ။

> “သံ၊ ကြေးဝါ၊ သရွတ်၊ ငွေ၊ ရွှေတို့ကို ချိုးဖွဲ့သည်ကို မြင်တော်မူသည် အကြောင်းအရာမှာ၊ ပျက်စီးခြင်းသို့ မရောက်နိုင်သော နိုင်ငံတစ်ခုကို ထိုမင်းကြီးများ လက်ထက်၌ ကောင်းကင်ဘုံရှင် ဘုရားသခင်သည် တည်ထောင်စေတော်မူမည်။ ထိုနိုင်ငံသည် အခြားသော လူမျိုးလက်သို့ မရောက်ရဘဲ၊ အထက်ဆိုခဲ့ပြီးသော နိုင်ငံရှိသမျှတို့ကို ချိုးဖွဲ့ဖျက်ဆီး၍ အစဉ်အမြဲတည်လိမ့်မည်။ ထိုသို့နောင်၌ ဖြစ်လတ္တံ့သောအရာတို့ကို ကြီးမြတ်တော်မူသော ဘုရားသခင်သည် အရှင်မင်းကြီးအား ကြားပြောတော်မူ၏။ **အိပ်မက်တော် ရွေ့လျော့ခြင်းမရှိ။ အနက်သည်လည်း မှန်ပါ၏ဟု ဒံယေလသည် အထံတော်၌ လျှောက်ထား၏။**” - ဒံယေလအနာဂတ္တိကျမ်း ၂:၄၅

“ဘုရင့်အိပ်မက်ဟာ ဒံယေလအနက်ပြန်ပေးခဲ့တဲ့အတိုင်း ဖြစ်ခဲ့တာကို ကျွန်တော်အရမ်းစိတ်ဝင်စားပါတယ်။ ကမ္ဘာ့စူပါပါဝါ (၄) နိုင်ငံဟာ ဒံယေလပြောတဲ့အတိုင်းပဲ တက်ခဲ့၊ ကျရှုံးခဲ့ကြတယ်။ ရောမအင်ပါယာလည်း (၁၀) ခြမ်း ကွဲခဲ့တယ်။ ခြေချောင်း (၁၀) ချောင်းနဲ့ ပြထားတဲ့ဟာပါ။ (၈) ရာစုက ရောမကေရာဇ် ချားလမိန်းလိုဟာမျိုးတွေအားဖြင့်

ဥရောပနိုင်ငံတွေဟာ ရောမ (ကက်သလစ်) အသင်းတော်ရဲ့ အုပ်ချုပ်မှု ခံခဲ့ရပါတယ်။ နောက်ပိုင်းမှာတော့ ဒံယေလ (၇) မှာတွေ့ရတဲ့အတိုင်း ဒီဘုရင်တွေဟာ ၁၉၇၈ ပြင်သစ်တော်လှန်ရေးမှာ ပုပ်ရဟာန်းမင်း အချုပ်ခံရမှ ခေါင်းပြန်ထောင်နိုင်ခဲ့ကြတယ်။ ဘုရင်တွေကလည်း ဥရောပရဲ့ ပါဝါစုစည်းဖို့ အချင်းချင်း ထိမ်းမြားလက်ဆက်ကြတယ်။ ဒါပေမယ့် ရည်ရွယ်ချက်တွေ အရာမရောက်ပါဘူး။ ပေါင်းစည်းလို့ မရကြပါဘူး။

> "ခြေချောင်းတို့သည် သံတစ်ပိုင်းသရွတ်တစ်ပိုင်း ဖြစ်သည်နှင့်အညီ၊ ထိုနိုင်ငံသည် ခိုင်မာခြင်းနှင့်လည်းကောင်း၊ ကျိုးပဲ့ခြင်းနှင့်လည်းကောင်း ဆက်ဆံလိမ့်မည်။ ဖုတ်သောသရွတ်နှင့် သံရောနှောသည်ကို မြင်တော်မူသည်နှင့် လျော်စွာ၊ နိုင်ငံသားတို့သည် အခြားသော လူမျိုးသားတို့နှင့် ပေါင်းဖော်ကြလိမ့်မည်။ သို့သော်လည်း၊ သရွတ်နှင့်သံ မရောနှောနိုင်သကဲ့သို့၊ သူတို့သည် အချင်းချင်း ပေါင်းဖော်၍ မသင့်နိုင်ကြ။" - ဒံယေလအနာဂတ္တိကျမ်း ၂:၄၂၊ ၄၃

ပြင်သစ်ကနေ ပေါ်ပေါက်လာတဲ့ မနုဿဝါဒက ကမ္ဘာပေါ်မှာဖြစ်ဖို့ခက်တဲ့ တစ်ကမ္ဘာလုံး အစိုးရတစ်ခုတည်းဖြစ်ရေး ကြိုးစားခဲ့တယ်။

"ဘာလို့ ဖြစ်ဖို့ခက်တယ်လို့ ပြောရတာလဲ"




"အဲဒီအချိန်မှာ ပုန်ကန်လိုတဲ့စိတ်က နိုင်ငံခေါင်းဆောင်တွေဆီကလာပြီး ပိုပြီးလည်း ခက်ထန်ပါတယ်။ ဗျာဒိတ်ကျမ်းမှာ ကမ္ဘာမကုန်ခင် (၁) နာရီစာပဲ အုပ်စိုးလိမ့်မယ်လို့ ဆိုပါတယ်။ ကမ္ဘာကြီးငြိမ်းချမ်းမယ်။ ဘေးအန္တရာယ်မရှိဘူးလို့ ဆိုစဉ်မှာပဲ ပျက်စီးခြင်းဟာ တစ်မုဟုတ်ချင်း ရောက်လာမှာပါ (၁ သက်သာလောနိတ် ၅း၃)။ ကျွန်တော် နည်းနည်းအရှေ့ရောက်နေပြီ။ ဒံယေလ (၂) ဆိုလိုချင်တာက ခရစ်တော်မမွေးခင် နှစ် (၆၀၀) က

ဒံယေလရဲ့ ဗျာဒိတ်အဟောရဲ့သြဇာဟာ နှစ် (၂,၀၀၀) ကြာပြီးတဲ့အထိ သက်ရောက်တဲ့ အကြောင်းပါ။ ကျွန်တော်တို့ဟာ ဒံယေလ (၂) မှာလာတဲ့ ခြေချောင်းလေးများရဲ့ ခေတ်ကာလမှာ နေနေတာပါ။ ဒီဗျာဒိတ်အဟောအရ ဖြစ်စဉ် (၁) ခုပဲ ဖြစ်ဖို့ကျန်ပါတယ်။

> "လက်နှင့်မထုမလုပ်ဘဲ ကျောက်တစ်လုံးသည် တောင်ပေါ်က အလိုလိုပဲ့ကွာ၍၊ သံ၊ ကြေးဝါ၊ သရွတ်၊ ငွေ၊ ရွှေတို့ကို ချိုးဖဲ့သည်ကို မြင်တော်မူသည် အကြောင်းအရာမှာ၊ ပျက်စီးခြင်းသို့ မရောက်နိုင်သော နိုင်ငံတစ်ခုကို ထိုမင်းကြီးများလက်ထက်၌ ကောင်းကင်ဘုံရှင် ဘုရားသခင်သည် တည်စေတော်မူမည်။" - ဒံယေလ အနာဂတ္တိကျမ်း ၂:၄၄၊ ၄၅

"ဒံယေလ (၂) ရဲ့ အဟောစဉ်တန်းအရ ခရစ်တော်ကြွလာဖို့က နီးပါပြီ"

"Ok, Maatan, ငါလိုက်လို့ရတယ်။ ဒါပေမယ့် ဦးခေါင်းကနေ ခြေဖျားအထိ နှစ် (၁,၁၀၀) ယူရပြီး၊ ခြေချောင်းလေးတွေချည်းကကျတော့ နှစ် (၁,၅၀၀) ယူတာက ထူးဆန်းနေသလိုပဲ။ ဒါကို နင် ဘယ်လိုရှင်းမလဲ"

"ကောင်းတဲ့မေးခွန်းပါ ဒေးဗစ်။ ဒီအနာဂတ်ဟောကြားချက်က သမိုင်းတုန်းက သူ့အချိန်တန်းကနဲ့စာရင် နားလည်ရပိုခက်လေပေါ့။ ခရစ်တော် ဒုတိယအကြိမ်ကြွလာဖို့ ဖြစ်စဉ်ထူးကြီးတွေ ပါတယ်လေ။ ခြေချောင်းမှာချုံ့ထားတဲ့ အချိန်ကာလကို ဒံယေလ (၇ - ၁၂) တွေမှာ အသေးစိတ် ချဲ့ထားတယ်။ ကျွန်တော်တို့ အဲဒီအကြောင်းတွေ လေ့လာမှာပါ။ ဒီညတော့ တော်တော်များလောက်ပြီပေါ့"

"ဟုတ်တယ် Maatan, ဒံယေလ (၇) ကို ပြန်မသွားခင် ငါ့မှာ သုံးသပ်ဖို့လိုတယ်။ ဒံယေလ (၂) ကတော့ တော်တော်ဆွဲဆောင်တယ်လို့ ပြောရမှာပါ။ ဒီအခန်း (၂) က ကျမ်းစာအုပ်ဟာ သတင်းရင်းမြစ် မှန်ကြောင်းပြတယ်။ နှစ် (၂,၅၀၀) အတွင်း တက်မယ့်၊ ကျမယ့် ကမ္ဘာ့နိုင်ငံအကြောင်း အခြားဘယ်စာအုပ်က ဟောထားတာ ရှိလို့လဲ။ အံ့သြစရာပါပဲ" လို့ ဒေးဗစ် က ပြောတယ်။

“အဲဒီအကြောင်းက ဒုတိယကမ္ဘာစစ်တုန်းက ဂျာမန်တပ်ပဲ့ကိုင်ရှင် Frank Hasel အကြောင်းကို အမှတ်ရစေတယ်။[3] Frank က စစ်ပြီးခါနီးမှာ ရုရှားစစ်မျက်နှာဘက်မှာ အမှုထမ်းနေတုန်း သူ့ရဲ့စီနီယာတွေဆီမှာ ဟစ်တလာ စစ်မနိုင်နိုင်ရတဲ့အကြောင်းကို ပြောပြတယ်။ သူက ဒံယေလ ၂း၄၃ ကို ပြတယ်။ သူက ဟစ်တလာက နိုင်ငံတွေကိုပေါင်းစည်းပြီး ဂျာမန်အင်ပါယာ ထူထောင်နိုင်မှာ မဟုတ်ဘူးလို့ ပြောတယ်။ စီနီယာတွေလည်း ရုရှားရဲ့တပ်တွေ ဝင်လာတဲ့အခါ ဂျာမနီဘက်ကိုဆုတ်ဖို့ လောင်စာတွေကို စုခိုင်းခဲ့တယ်။ Frank ဟာ စစ်ပွဲကိုင်သူ (၁,၀၀၀) ထဲက မသေဘဲ ကျန်ခဲ့တဲ့ (၆) ယောက်ထဲက (၁) ယောက် ဖြစ်ပါတယ်။

“ဒံယေလ (၂) ရဲ့ အဟောကြောင့် ဟစ်တလာက စစ်နိုင်မှာ မဟုတ်ကြောင်းသိတဲ့ Frank Hasel လိုပဲ အဲ့ ဗျာဒိတ်အဟောသိခြင်းက ကျွန်တော်တို့ရဲ့ အသက်ကို ကယ်ပါလိမ့်မယ်” လို့ Maatan က ပြောတယ်။

“စိတ်ဝင်စားစရာပဲ။ စူးစမ်းဖို့ ရှိနေပြီ။ Maatan အိမ်ပြန်ရတော့မှာမို့ ငါဘဲအပိတ်ဆုတောင်းပြီး အဆုံးသတ်ရအောင်။ ကောင်ကင်ဘုံ၌ရှိသောအဖဘုရား ကိုယ်တော်ပြန်ကြွလာမယ့်အချိန်နီးကြောင်း သေသေချာချာ သိရအောင် ဒံယေလ (၂) ကို လေ့လာခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အိမ်ပြန်ရာမှာလည်း ခင်ဗျားပြန်ကြွလာမှာ နီးလာတာနဲ့အမျှ စောင့်ရှောက်ပေးပါ။ ယေရှုနာမတော်၌ ဆုတောင်းပါတယ်။ အာမင်”

[3] Susy Hasel Mundy. *A Thousand Shall Fall* (Review and Herald) 2001

# အခန်း ၁၀

## ကောင်းချီးမင်္ဂလာ

Maatan က နာရီကို လှမ်းကြည့်လိုက်တယ်။ သောကြာနေ့မွန်းလွဲ (၃) နာရီထိုးဖို့ မိနစ် (၂၀)။ (၃) နာရီအမီ ပြီးနိုင်မယ်ထင်တယ်လို့ Maatan စဉ်းစားတယ်။ (၃) နာရီထိုးတာနဲ့ သူလည်း အားလုံးကို သိမ်းဆည်းပြီး အိမ်တန်းပြန်ရော။ Maatan က "အယောက်တိုင်း မင်္ဂလာပါ၊ ပျော်စရာ weekend ဖြစ်ပါစေ" လို့ ပြုံးရင်းပြောလိုက်တယ်။

ရုံးသားအသစ်က "နင်ဘာလို့ (၂) နာရီစောပြီး ဆင်းရတာလဲ" တဲ့။ "ငါ့ ဥပုသ်နေ့ရောက်လာလို့ပါ Simon နေမဝင်ခင် အိမ်ရောက်ဖို့လိုတယ်လေ" လို့ Maatan က ဖြေတယ်။

Simon က "ဥပုသ်ဟုတ်လား" ဆိုပြီးရီတယ်။ "သောကြာနေ့မှာ (၂) နာရီစောဆင်းဖို့ ဘယ်မှာလက်မှတ်ထိုးရမှာလဲ"

Maatan ကလည်း ရီရင်းနဲ့ "ဥပုသ်နေ့ဟာ ဘုရားပိုင်တဲ့နေ့ဆိုတာကို ယုံရုံပါပဲ။ ပညတ်တော်ရဲ့ ဗဟိုချက်မမှာ ပြဋ္ဌာန်းထားပါတယ်" လို့ ဖြေတယ်။

Simon "(၇) ရက်အထဲက (၁) ရက်ပဲဟာ၊ ဘာထူးခြားလို့လဲ" လို့ ပြန်ချေလိုက်တယ်။

Maatan လည်း ပြန်ဖြေမလို့ပါပဲ။ (၃) နာရီကျော်လို့ (၅) မိနစ်တောင်စွန်းလို့ ဥပုသ်နေ့အတွက် အိမ်ကို ပြန်ချင်နေပြီ။ "ကျမ်းစာအကြောင်း ငါသိတာတွေ နင်နဲ့ အချိန်မရွေး ဆွေးနွေးလိုပါတယ် Simon"

Simon လည်းစဉ်းစားပြီး "ယေရှုက ငါ့ဥပုသ်ပါ" လို့ ပြောပါတယ်။

Maatan လည်း ခေတ်ကြည်ကြည်နဲ့ "ဟုတ်ပါတယ်။ ယေရှုဟာ ဥပုသ်နေ့ရဲ့ သခင်ပါပဲ (မဿဲ ၁၂း၈)။ ငါသူ့ကို အခုရှိခိုးမလို့ ကြံနေတာပါ" လို့ ပြောတယ်။

* * * * *

Maatan ဟာ အပြန်လမ်းမှာ သတင်းစာကောက်ဖတ်ပါတယ်။ "ဗုံးခွဲသူ အပြစ်ရှိကြောင်း တွေ့ရ – အာမခံ မရ" သတင်းပါ။ နောက်ဆုံးတော့ မိသွားပြီထင်တယ်။ *သူ့အကြောင်း အရင်နှစ်တွေမှာ ဖတ်ဖူးပါတယ်။ ပါးနပ်တဲ့လူပါ။ အကြမ်းဖက်ရင် ကမ္ဘာကြီးကောင်းလာမယ်လို့ သူက ဘာလို့ထင်ရတာလဲမသိဘူး။ သူရှိနေခြင်းက လူ့ဘောင်ကြီး ဘယ်ကိုဦးတည်လဲဆိုတာကို အသိပေးနေတယ်"* လို့ စဉ်းစားခန်းဝင်နေတယ်။

ဗုံးခွဲသူဟာ လူနေမှုပုံစံဟောင်း ပျောက်ကွယ်သွားမှာကို မရှုစိမ့်ဘူး။ လူ့အသိုင်းအဝိုင်း အများကြီးဟာ ဖိအားအသစ်တွေ လိုမ့်ခံနေရတယ်။ နည်းပညာ၊ မီဒီယာ၊ ကင်းထောက်ခြင်းတွေ တွင်ကျယ်လာပြီး ဝိဝါဒတွေနဲ့ ခလုတ်တိုက်ကြပြီး အဲဒါတွေကို မလိုလားတဲ့သူတွေကလည်း တစ်သီးပုဂ္ဂလနေဖို့ ပိုပိုခက်နေတယ်။

Maatan က သူ့ နိုကီယာဖုန်းကိုကြည့်ပြီး လူတွေကို ဒီပစ္စည်းတွေနဲ့ ခြေရာခံဖို့ ဘယ်လောက်များ လွယ်ပါလိမ့်ဆိုပြီး စဉ်းစားဖြစ်တယ်။ ကမ္ဘာကြီးက ဘယ်ကိုဦးတည်သလဲဆိုတဲ့အကြောင်း သူ့စိတ်ထဲမှာ မေးခွန်းအများကြီး ရှိနေတယ်။ ဒံယေလကျမ်းနဲ့ ဗျာဒိတ်ကျမ်းအရ ကမ္ဘာကြီးဟာ ပဋိညာဉ်တစ်ခုထဲဖြစ်ရမယ်ဆိုတဲ့ဖက်ကို ဦးတည်ကြောင်းပြတယ်။ ဒါပေမယ့်လို့ ဖိအားက ဆန့်ကျင်ဘက်ကနေ လာမှာဖြစ်တယ်။ အပြင်ပန်းမှာတော့ ပြဿနာကို ထုတ်ပြ၊ အတွင်းမှာတော့ စီမံကိန်း၊ လုပ်ငန်းစဉ်တွေ ကုလားဖန်ထိုးနေတာ ရှင်းနေပါတယ်။ ဒံယေလ (၁၁) အထဲက ရောမဧကရာဇ် Julius Caesar ကို ဆက်ခံဖို့ Octavian နဲ့ Antony တို့ ပဋိပက္ခဖြစ်ကြတဲ့အကြောင်း သူ့ကိုအမှတ်ရစေပါတယ်။ ။

> "ထိုရှင်ဘုရင် နှစ်ပါးတို့သည် မကောင်းသော အကြံကိုကြံ၍၊ တစ်ခု သောစားပွဲ၌ မုသားစကားကို ပြောကြလိမ့်မည်။ သို့သော်လည်း၊ အကြံမမြောက်ရ။ ချိန်းချက်သော အချိန်ကာလ၌ အဆုံးဖြစ်ရလိမ့်မည်။"
> - ဒံယေလအနာဂတ္တိကျမ်း ၁၁:၂၇

ပြင်သစ်ပြုပြင်ပြောင်းလဲရေး အချိန်ကစပြီး ကမ္ဘာကြီးဟာ မနုဿဝါဒ ဩဇာအောက်ကို ရောက်ခဲ့တယ်။ အဲဒီ ဝိုင်(ဝါဒ)ကို ကမ္ဘာ့နိုင်ငံအများကြီးက သောက်သုံးနေပါတယ်။ အမျိုးသမီးရေးရာ၊ လူနည်းစုအတွက် အခွင့်အရေးတောင်းဆိုမှုတွေက လူ့နေထိုင်မှုစံကို မှောက်လှန်ကြပြီး စံအသစ်တွေကို ကျော်မောစေပါတယ်။ ရုပ်ရှင်နဲ့ တေးဂီတနယ်ပယ်တွေက နိုင်ငံများစွာရဲ့ "ခရစ်ယာန်တန်ဖိုးကို" စိန်ခေါ်နေပြီး ပြင်သစ်တော်လှန်ရေးတုန်းက မထီစွာနဲ့ကိုးကွယ်ပြတဲ့ လူ့ဉာဏ်စဉ်အားပြု ဘုရားမကို ကိုးကွယ်ခြင်းက ဘုရားမဲ့ဖို့ လမ်းခင်းပေးနေပါတယ်။

လူ့နည်းပညာဖန်တီးနိုင်မှုက ဘုရားကို လျစ်လျူရှုစေပါတယ်။ တိုးတက်နေတဲ့ လောကကြီးမှာရှိတဲ့လူတွေက အောင်မြင်ကျော်ကြားသူတွေရဲ့ ဝါဒတွေကို ကိုင်စွဲကြတယ်။ အဲဒီမှာ လူတစ်ယောက်ရဲ့ဝါဒကို ပတ်ဝန်းကျင်က လက်ခံရင် နေရာရလာတယ်။ ဒါဝင်ရဲ့ ဆင့်ကဲဖြစ်စဉ်သီအိုရီနဲ့ သိပ္ပံပညာအကူအညီကြောင့် အဲဒီမနုဿဝါဒသစ်ဟာ ကမ္ဘာ့အနောက်ခြမ်း ယဉ်ကျေးမှုကို ခြယ်လှယ်လာခဲ့တယ်။ တစ်ချိန်ထဲမှာလည်း အဲဒီလူ့ဘောင်သစ်မှာ မအောင်မြင်ကြတဲ့လူတွေဟာ (လူတိုင်းမအောင်မြင်နိုင်ပါဘူး) သူ့ကိုယ်သူ (သို့) စနစ်ကို အပြစ်တင်ရမှာ ဖြစ်ပါတယ်။ အဲဒါဟာ "လက်ဝဲဝါဒီ"[4] က ဆင်းလာတဲ့ "သိမ်ငယ်ခြင်းခံစားမှု" ပါလို့ပြောတဲ့ ဗုံးဖောက်သူကို ကူညီရာရောက်ပါတယ်။

တစ်ချိန်ထဲမှာပဲ Maatan လည်း အစ္စလမ်အစွန်းရောက်မှု၊ ကမ္ဘာ့စီးပွားရေး အဆောက်အဦး ၁၉၉၃ မှာ ဖောက်ခဲ့တဲ့အကြောင်းတွေကို စဉ်းစားခန်းဝင်တယ်။ ပင်လယ်ကွေ့စစ်ပွဲအတွင်း အမေရိကန်တပ်သားတွေ အရှေ့အလယ်ပိုင်းဒေသမှာ ခြေလာစွာခြင်းက အစ္စလမ်အစွန်းရောက်တွေရဲ့ဘဝကို မီးမွှေးပေးတာပဲ ရှိပါတယ်။ ကမ္ဘာ့အနောက်ခြမ်းရဲ့ ဗိုလ်ကျစိုးမိုးခြင်းက အာရပ်နဲ့ မူဆလင်အတွေးအခေါ်ကို အစ္စလမ်ဗိုလ်ကျစိုးမိုးရေး စိတ်ရှိစေဖို့ လှုံ့ဆော်ပါတယ်။ ဒေသတွင်းခေါင်းဆောင်တွေကလည်း သူတို့ရဲ့ဘိုးဘေးတွေ ကွန်စတန်တင်နိုပယ် မြို့ကိုသိမ်း၊ ဘုရားဖူးတွေကို တိုက်ခဲ့ကြသလို သူတို့ဟာ အစ္စလမ်ကမ္ဘာကို

[4] https://www.washingtonpost.com/wp-srv/national/longterm/unabomber/manifesto.text.html

တည်ထောင်နိုင်ပြီး အစ္စရေးနဲ့ အနောက်တိုင်းသားတွေကို နှင်ထုတ်နိုင်ရင် အာလာဘုရား နဲ့ အနာဂတ်သမိုင်းဆရာတွေက ချီးမွမ်းကြမယ့်အရေးကို အိပ်မက်မက်ကြပါတယ်။ ဂျူး ဖြစ်ဖြစ်၊ မူဆလင် (သို့) ခရစ်ယာန်ဖြစ်ဖြစ် ကမ္ဘာ့နောက်ဆုံးခန်း အခင်းအကျင်းမှာ ကျမ်း စာလာဘိုးဘေးတွေရဲ့ နယ်မြေဟာ အာပြဟံကိုးကွယ်တဲ့ ဘာသာကို ဗဟိုပြုတာက စိတ် ဝင်စားစရာပါ။

လောကီသီးသန့်ဝါဒနဲ့ အစ္စလမ်ဘာသာတို့ တွင်ကျယ်လာခြင်းက ခရစ်ယာန်အစွန်း ရောက်တွေကို တွန်းလှန်မှာ ဖြစ်တယ်။ Catholic, Protestant ရှေးရိုးစွဲလက္ခဏာတွေက ပညတ်တော် (၁၀) ပါး (*ဥပုသ်ပညတ်ကိုနုတ်ထားပြီး*) ကို အခြေခံပြီး နိုင်ငံရေးမှာ ဩဇာ သက်ရောက်ဖို့ ကြိုးစားမှာကို Maatan က စဉ်းစားဖြစ်ရင်းနဲ့ ပြုံးဖြစ်သွားတယ်။ ဗျာဒိတ် ကျမ်းမှာ Protestant အသင်းတော်က အာဏာစက်နဲ့ နိုင်ငံအုပ်ချုပ်၊ ယုံကြည်ချက်တွေ ကို အာဏာစက်နဲ့ဓမ္မစက်နဲ့ တွဲကိုင်ပြီး သွပ်သွင်းတဲ့ ရိုမင်အသင်းတော်ကို ပစားမယ်ဆို တဲ့အကြောင်းကို သူ ပြန်စဉ်းစားဖြစ်တယ်။ သူ့ရဲ့အတွေးကို ဗျာဒိတ်ကျမ်း (၁၃) နဲ့ အား ဖြည့်တယ်။ ။

> “ပထမသားရဲရှေ့၌ ပြပိုင်သော နိမိတ်လက္ခဏာတို့အားဖြင့် မြေကြီး သားတို့ကို လှည့်ဖြား၏။ ဓားနှင့် ခုတ်သောဒဏ်ချက်ကို ခံရ၍ အသက် ရှင်သေးသော သားရဲ၏ ရုပ်တုကို လုပ်စေခြင်းငှာ မြေကြီးသားတို့ကို မှာထား၏။- သားရဲ၏ ရုပ်တုသည် စကားပြောနိုင်မည် အကြောင်းနှင့်၊ မိမိကို မကိုးကွယ်သောသူ ရှိသမျှတို့ကို သတ်ခြင်းငှာ ပြုနိုင်မည်အ ကြောင်း၊ ရုပ်တု၌ အသက်ကို သွင်းပေးရသော အခွင့်ကိုလည်းရ၏။- ငွေရတတ်သောသူ၊ ဆင်းရဲသောသူ၊ ကျွန်ခံရသောသူ ၊ လွတ်သောသူ၊ အကြီးအငယ် ရှိသမျှတို့သည် လက်ယာလက်၌ဖြစ်စေ၊ နဖူး၌ဖြစ်စေ၊ တံဆိပ်လက်မှတ်ကို ခံစေခြင်းငှာ ပြု၏။” - ဗျာဒိတ်ကျမ်း ၁၃:၁၄-၁၆

လောလောဆယ်တော့ “ခရစ်ယာန် ရှေးရိုးစွဲတွေက” ကမ္ဘာကြီးကို နီတိပြဋ္ဌာန်းခွင့် မရနိုင် သေးပါဘူး။ မနုဿဝါဒီတွေက ကမ္ဘာကို ထိန်းနေပုံရှိပါတယ်။ သူတို့ရဲ့ အတွေးအခေါ်တွေ

ကို အထမြောက်စေဖို့၊ စစ်ဌာနတွေထားနိုင်ဖို့ အစ္စလမ်တွေဟာ မျက်နှာစာအဖြစ် အသုံးချခံရပါတယ်။ လူသားဝါဒီတွေဟာ သူတို့ကိုယ်သူတို့ ပြန်ပံ့ပိုးဖို့ ရန်သူလိုအပ်တယ်။ လက်ဝဲယိမ်းတွေက ကမ္ဘာသစ်ကို တည်နိုင်မဲ့ဟန် ရှိပါတယ်။ ဒါပေမယ့် ကျမ်းစာအဟောမှာတော့ ကမ္ဘာကြီးဟာ တစ်မုဟုတ်ချင်းညာဘက်ကို ယိုင်လိမ့်မယ်လို့လာတယ်။ ဗျာဒိတ် (၁၇) လာ ပြည့်တန်ဆာမက နိုင်ငံတော်အကြီးအကဲတွေကို သူကသာ ကမ္ဘာကြီးကို ချုပ်ကိုင်ဖို့ အသင့်တော်ဆုံးဖြစ်တယ်လို့ ချပြမှာပါ။

Maatan က သတင်းစာကိုဘေးချပြီး ကျမ်းစာက ကြိုဟောထားတဲ့ အကြောင်းတွေကို လက်ခံနိုင်ဖို့ ဆုတောင်းလိုက်တယ်။ သူ့အိမ်ထောင်ကို ကောင်းကောင်းဦးဆောင် လမ်းပြနိုင်ဖို့၊ သူ့သား Chi ကို ကောင်းကင်မြေကြီး၊ စမ်းရေသမုဒ္ဒရာကိုဖန်ဆင်းတဲ့ ဘုရားသခင်ကို ချစ်ကြောက်ရိုသေအောင် သင်ပေးနိုင်ဖို့ ဆုတောင်းတယ်။ သူလည်း ရထားကဆင်းပြီး အိမ်ဘက်လျှောက်လာတဲ့အခါ အနောက်မိုးကုတ်စက်ဝိုင်းမှာ လကွေးကွေးလေးပေါ်တာကို တွေ့တယ်။ မိန်းမနဲ့သားလေးကို ပြန်တွေ့ရမှာကို စဉ်းစားဖြစ်တော့ စိတ်ကနွေးသွားတယ်။ သူတို့ဟာ ငါ့အတွက် တကယ့်ဆုလာဘ်ပါလား။ *ခမည်းတော်က သူ့ရဲ့သားတော် နှစ်ခြင်းမင်္ဂလာယူတုန်းက အသိပေးသလိုပဲ ငါလည်း ဥပုသ်နေ့မှာ သူတို့ကို ကောင်းချီးပေးရဦးမယ်* လို့ ဆုတောင်းဖြစ်ခဲ့ပါတယ်။

> “ဤသူကား ငါနှစ်သက်မြတ်နိုးရာ၊ ငါ၏ချစ်သားပေတည်းဟု ကောင်းကင်က အသံတော်ဖြစ်လေ၏။” - ရှင်မဿဲခရစ်ဝင် ၃:၁၇

Maatan အိမ်ထဲဝင်တော့ Chi က ကြိုပြီး “ဖေဖေ အိမ်ပြန်လာပြီ။ သားသားနဲ့ ကစားနိုင်မလား” တဲ့ “Chi ရေ ဥပုသ်ရောက်ပြီ။ ကျမ်းစာဖတ်၊ သီချင်းဆို၊ ဆုတောင်းကြမယ်လေ။ အကောင်ရုပ်တွေထုတ်ပြီး နောသေဘော်လုပ်တမ်း ကစားကြမယ်လေ။ ဘယ်လိုလဲ”

“ရေး” ဆိုပြီး Chi က ဝမ်းသာစွာနဲ့ အရုပ်တွေ သွားယူတယ်။

Maatan က “မိန်းမရေ၊ ငါအိမ်ပြန်ရောက်ပြီ”

"ကြိုဆိုပါတယ်၊ ပျော်စရာဥပုသ်ပါ။ ငါ့မှာ လုပ်စရာတွေရှိနေသေးလို့ အဓိကတွေကတော့ ပြီးပါပြီ" တဲ့။

"အလုပ်ပိုလုပ်လို့ ကျေးဇူးပါ။ ဥပုသ်နေ့အတွက် ဒီလိုပြင်ချင်တာကိုကြိုက်တယ်။ ဒါတွေ ထားလိုက်ပါ။ ဘုရားရှိခိုးမယ်။ Chi အရုပ်တွေသိမ်းလိုက်၊ ဘုရားရှိခိုးစမယ်။" Chi က တော့ စိတ်မပါစွာနဲ့ အရုပ်တွေပြန်ထည့်တယ်။ သူတို့အားလုံး စက်ဝိုင်းပုံဒူးထောက်ပြီး ဥပုသ်ကို ကြိုဆိုကြတယ်။

"အဖဘုရား၊ ဥပုသ်နေ့ကို စီမံထားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဖန်ဆင်းထားတဲ့ အရာတွေကနေ ကိုယ်တော်ရဲ့မေတ္တာတွေ တွေ့ရလို့ ကျေးဇူးတင်ပါတယ်။ မေမေ့ကြောင့် လည်း ကိုယ်တော့်ကို ကျေးဇူးတင်ပါတယ်။ သူဟာ ပတ္တမြားထက် တန်ဖိုးရှိပါတယ်။ ကျွန်တော့အတွက် တန်ဖိုးရှိပါတယ်။ ကျွန်တော့်အတွက် ဘဝလက်တွဲဖော်အဖြစ် စီမံပေး တဲ့အတွက် ကျေးဇူးတင်ပါတယ်" Stella ရဲ့မျက်စိက နည်းနည်းစို့လာတယ်။

"သားလေး Chi ကြောင့်လည်း ကိုယ်တော့်ကိုကျေးဇူးတင်ပါတယ်။ သူဟာ ကျွန်တော်တို့ ရဲ့ မာန်ပါ၊ ပီတိပါ။ သူ့ကို အမှောင်တိုက်ကနေ အလင်းပြနိုင်ဖို့ ကျွန်တော့်ကို မစပါ။ သူ ဟာ ကိုယ်တော်က ဘုရားရဲ့လူလို့ ပြောနိုင်မယ့်ပုဂ္ဂိုလ်မျိုး ဖြစ်လာပါစေ။ အားအင်နဲ့ပြည့် စုံပြီး သိမ်မွေ့နိုင်ပါစေ။ ယုံကြည်ခြင်းခိုင်မြဲပြီး နူးညံ့ပါစေ။ ကောင်းချီးအားလုံးကြောင့် မိခင်ကိုရိုသေသူ၊ ကိုယ်တော့်ကို ချစ်တဲ့သူလည်း ဖြစ်ပါစေ။ သခင်ယေရှုရဲ့နာမတော်၌ ဆုတောင်းပါ၏။ အာမင်"

Maatan လည်း Stella နဲ့ Chi ကို ဖက်လိုက်ပြီး သူတို့ဟာ ဘယ်လောက်တန်ဖိုးကြီး ကြောင်း အသိပေးတယ်။ Stella လည်း "ဆာလံကျမ်းကနေ ငါဖတ်ပြရမလား။" Maatan လည်း "အေး၊ ဖတ်ပြ" လို့ဖြေတယ်။

> "ထာဝရဘုရားကိုကြောက်ရွံ့၍၊ လမ်းခရီးတော်သို့လိုက်သွားသမျှသော သူတို့ သည် မင်္ဂလာရှိကြ၏။ ထိုသို့ပြုလျှင် သင်သည် မိမိလက်နှင့် လုပ်ဆောင်၍ရ သောအစာကို စားရလိမ့်မည်။ မင်္ဂလာရှိ၍ ကောင်းစားရလိမ့်မည်။ သင်၏မယား

သည် သင့်အိမ်နားမှာ များစွာအသီးသီးသော စပျစ်နွယ်ပင်ကဲ့သို့လည်းကောင်း၊ သားသမီးတို့သည် သင့်စားပွဲပတ်လည်၌ စိုက်ပျိုးသော သံလွင်ပင်များကဲ့သို့ လည်းကောင်း ဖြစ်ကြလိမ့်မည်။ ထာဝရဘုရားကို ကြောက်ရွံ့သောသူသည် ထို သို့သောမင်္ဂလာရှိရလိမ့်မည်။ ထာဝရဘုရားသည် ဇိအုန်တောင်ပေါ်က ကောင်း ချီးပေးတော်မူ၍၊ ယေရုရှလင်မြို့ခံရသော ကောင်းကျိုးကို တစ်သက်လုံးမြင်ရ လိမ့်မည်။ မိမိသားသမီးတို့၌ ဖွားမြင်သောသားသမီးတို့ကိုလည်း မြင်ရလိမ့်မည်။ ဣသရေလအမျိုး၌ ငြိမ်ဝပ်ခြင်း ရှိပါစေသော။" - ဆာလံကျမ်း ၁၂၈:၁-၆

"သိပ်ကောင်းတယ် Stella ကျေးဇူးပါ။ ယေရှုက ကောင်းချီးချပေးပါစေ။ သူ့ရဲ့ငြိမ်းချမ်း ခြင်းတွေ နင့်ဆီသက်ရောက်ပါစေ။ ယုံကြည်ခြင်းမှာခိုင်မြဲဖို့ ဘုရားက ပညာဉာဏ် ငါ့အ ပေါ်ချပေးပါစေ" လို့ ပြောရင်း Maatan ရဲ့အသံ နည်းနည်းစို့သွားတယ်။

Stella လည်း ဘုရားက ဦးဆောင်မှာပါဆိုပြီး သူ့ယောက်ျားကို အားပေးချင်ခဲ့တယ်။ ဒါ့ ကြောင့် "Maatan ရေ ဘုရားအလိုတော်အတိုင်း သက်တို့ကို ဦးဆောင်နိုင်ဖို့ ရှင့်အတွက် ဆုတောင်းပေးပါတယ်။ သက်နဲ့ Chi က နင့်အတွက် နေ့တိုင်း ဆုတောင်းပေးပါတယ်။ ဘုရားက ရှင့်ကို ခင်ပွန်းကောင်း၊ ဖခင်ကောင်း၊ အိမ်ထောင်အတွက် ကောင်းကောင်းပဲ့ ကိုင်မဲ့သူလို့ သက်တို့ မှတ်ယူထားပါတယ်" သူ့ရဲ့မိန်းမနဲ့ကလေးကြောင့် သူဟာ ပီတိဖြစ် ပြီး စကားမဆိုနိုင် ဖြစ်သွားတယ်။

ဒါကတော့ စကားနဲ့ပြောလို့မရ၊ ဒါပေမယ့် ဘုရားရဲ့ပညတ်တော်ကို စောင့်သူအချင်းချင်း နားလည်တဲ့ ကောင်းကင်ဘာသာစကားပါ။ မိသားစုဆိုတာ ကောင်းကင်အသေးလေးပါ။ အဲဒီအင်္ဂါရပ်မျိုး ဘုရားရဲ့အသင်းတော်မှာ တွေ့ရပါစေ။

# အခန်း ၁၁
# နောက်ဆုံးသောကာလမှာ တရားစီရင်မှုရှိမယ်

"Stella ရေ၊ ဖြစ်နိုင်မယ်ဆိုရင် ဘုရားကျောင်းကို ငါနည်းနည်း စောစောရောက်ချင်တယ်"

"ကောင်းပါတယ်။ ဘာကြောင့်လဲ"

"ငါ့သူငွေး David ကို ငါ ဒံယေလကျမ်းအကြောင်း တရားဟောမှာကို လာနားထောင်ဖို့ ဖိတ်ထားလို့ပါ။ ငါသူနဲ့ ဒံယေလအခန်း (၂) အကြောင်း ပြောခဲ့ပြီးပြီ။ အခုက ချိုငယ်လေးကို တရားစီရင်မယ့် ဒံယေလ (၇) အကြောင်း ပြချင်လို့။"

"ရှင့်သူငွေးနဲ့ ဆွေးနွေးတဲ့အခါ ဘုရားမစဖို့ သက် ဆုတောင်းပေးပါတယ်"

*         *         *         *         *

Maatan လည်း David ကို စောင့်ရင်း ဘုရားကျောင်းရှေ့မှာ ဂနာမငြိမ်ဖြစ်နေတယ်။

"တစ်ယောက်ယောက်ကို စောင့်နေတာလား Maatan"

"မင်္ဂလာပါ Pastor Bruce, မှန်ပါတယ်။ ဒံယေလ (၇) အကြောင်း ပြောမှာမို့ ကျွန်တော့်ရဲ့သူငွေး လာနားထောင်ဖို့ ဖိတ်ထားလို့"

"သူလာပါစေလို့ ဆုတောင်းပေးပါတယ်" "ကျေးဇူးပါ Pastor"

ဒါနဲ့ David ဟာ ဝတ်စုံအပြည့်နဲ့ ရောက်လာတယ်။ "လာနိုင်တဲ့အတွက် ဝမ်းသာပါတယ် David"

"ဒီနေရာက နည်းနည်းလှမ်းတယ်နော်။ ဒါပေမယ့် နေရာကောင်းလေးပါ။ ဒံယေလ (၇) အကြောင်း နင်ပြောမှာကို ငါစိတ်ဝင်စားတယ်။ စကားမပြောဖြစ်ကြတာတောင် အတော်ကြာသွားပြီ။ ဘဝက ဇယ်ဆက်နေတာ။"

Maatan ကလည်း "ဟုတ်ပါတယ်။ ဒီမှာ Stella, Chi တို့နဲ့ အတူထိုင်ဖို့ ဆရာ့အတွက် စီစဉ်ပေးထားပါတယ်"

"ပြန်တွေ့ရတာဝမ်းသာပါတယ် Stella"

"ဒီကိုလာတဲ့အတွက် ဝမ်းသာပါတယ် David ရှင် ဒီကိုလာဖို့ Maatan က သိပ်ကိုမျှော်ခဲ့တာပါ"

"ငါလည်းပျော်ပါတယ် Stella မြို့ပြင်ထွက်ပြီး နင်တို့ရဲ့ဥပုသ်နေ့မှာ ဘုရားရှိခိုးရတာကောင်းပါတယ်" လို့ David က ပြုံးပြုံးနဲ့ ပြောလိုက်တယ်။

ဓမ္မသီချင်းဆိုတာ၊ ကြေငြာတာတွေအပြီးမှာ Maatan ဟာ စကားပြောဖို့ စင်ပေါ်တက်လာပါတယ်။ "အားလုံးပဲ၊ ပျော်ရွှင်စရာဥပုသ်နေ့ပါ။ ဒီနေ့မှာ ကျွန်တော်ဟာ မက်သိုဒစ်အသင်းသား၊ ကျွန်တော်အလုပ်လုပ်တဲ့ ဝယ်စလီမီရှင်က ကျွန်တော့်သူငွေးကို အထူးကြိုဆိုကြောင်း ပြောချင်ပါတယ်။" David လည်း ခေါင်းညိတ်ပြ၊ ပရိသတ်တွေကို လက်ယမ်းပြတယ်။

"ဒီမနက် ကျွန်တော်တို့နှလုံးသွင်းရမယ့် ကျမ်းချက်ကို ဖတ်ပြချင်ပါတယ်။ အဲဒါကို ဒံယေလ ၇း၉၊ ၁၀ မှာ တွေ့နိုင်ပါတယ်။ ။

> "ထိုအခါ ငါကြည့်ရှုစဉ်၊ ရာဇပလ္လင်များကို တည်ထားလျက်ရှိ၍၊ အသက်ကြီးသော သူတစ်ဦးသည် ထိုင်တော်မူ၏။ အဝတ်တော်သည် မိုးပွင့်ကဲ့သို့ဖြူ၏။ ဆံပင်တော်သည် ဖြူသော သိုးမွေးနှင့်တူ၏။ ပလ္လင်တော်သည် မီးလျှံဖြစ်၏။ ပလ္လင်တော်အောက်၌ မီးစက်လှည်းဘီး ရှိ၏။ မျက်နှာတော်မှာ မီးရောင်ခြည်ထွက်လေ၏။ အတိုင်းမသိ များစွာသောသူတို့သည် အမှုတော်ကို ဆောင်ရွက်၍၊ ကုဋေသင်္ချေမက ရှေ့တော်၌ ခစား၍နေကြ၏။ တရားစီရင်ခြင်းငှာပြင်ဆင်၍ စာစောင်များကို ဖွင့်ထားကြ၏။" - ဒံယေလအနာဂတ္တိကျမ်း ၇:၉-၁၀

ကျွန်တော်တို့မေးရမှာက ဘုရားသခင်က ဘယ်တော့ စာအုပ်ဖွင့်ပြီး စစီရင်မှာလဲ။ ဒံယေလကတော့ ဗျာမများရအောင် တရားစစီရင်မယ့်အချိန်ကို ပြထားပါတယ်။ ဒံယေလရဲ့ ရူပါရုံအစမှာ သားရဲ (၄) ကောင် ပင်လယ်ထဲကနေတက်လာတာကို သူတွေ့ရတယ်။ အဲဒီသားရဲ (၄) ကောင်ဟာ အချိန်ကွဲပြီး ကမ္ဘာကိုလွှမ်းမိုးခဲ့တဲ့ ကမ္ဘာ့ပါဝါ(၄)နိုင်ငံကို ပုံဆောင်ပါတယ်။ အဲဒါကို ဒံယေလ ၇း၂-၇ မှာ တွေ့နိုင်ပါတယ်။ ခင်ဗျားတို့ ကြားရအောင် ကျွန်တော်ဖတ်ပါမယ်။ ။

"ငါ ဒံယေလသည် ညအခါ အာရုံပြု၍၊ မိုးကောင်းကင် လေးမျက်နှာ၌ လေတို့သည် မဟာသမုဒ္ဒရာပေါ်မှာ အချင်းချင်းတိုက်ကြလျှင်၊ သဏ္ဍာန်ချင်းမတူသော သားရဲလေးကောင်တို့သည် သမုဒ္ဒရာထဲက ထွက်လာကြ၏။ ပထမသားရဲသည် ခြင်္သေ့နှင့်တူ၏။ ရွှေလင်းတအတောင်လည်းရှိ၏။ ငါ ကြည့်ရှု၍နေစဉ်၊ သူ၏အတောင်ကို နုတ်ကြ၏။ မြေမှ ကိုယ်ကို ချီကြွလျက် လူကဲ့သို့ ခြေဖြင့်မတ်တပ်ရပ်၍၊ လူစိတ်သဘောကိုလည်းရ၏။ ဒုတိယသားရဲသည် ဝံနှင့်တူ၏။ တစ်ဖက်၌ ကိုယ်ကို ကိုယ်ချီကြွ၏။ ပါးစပ်၌ နံရိုးသုံးချောင်းကို ကိုက်လျက်ရှိ၏။ သင် ထလော့။ အသားများကို ကိုက်စားလော့ဟု သူ့အားပြောကြ၏။ တစ်ဖန် ငါကြည့်ရှုပြန်၍၊ ကျားသစ်နှင့်တူသော သားရဲတစ်ကောင်သည် ထင်ရှား၏။ ကျောပေါ်မှာ ငှက်အတောင် လေးခုရှိ၏။ ခေါင်းလေးလုံးနှင့် ပြည့်စုံ၏။ အုပ်စိုးရသော အခွင့်လည်းရှိ၏။ ထိုညအခါ၊ တစ်ဖန်ငါသည် အာရုံပြုစဉ်၊ ကြီးစွာသော ခွန်အားနှင့်ပြည့်စုံ၍ အလွန်ကြောက်မက်ဖွယ်သော စတုတ္ထသားရဲသည် ထင်ရှား၏။ ကြီးစွာသော သံသွားလည်းရှိ၏။ ကိုက်စားချိုးဖဲ့၍ ကြွင်းသောအရာကို ခြေဖြင့်နင်းချေ၏။ သူသည် အရင်သားရဲရှိသမျှတို့ထက် ထူးခြား၏။ ချိုဆယ်ချောင်းလည်းရှိ၏။" - ဒံယေလအနာဂတ္တိကျမ်း ၇:၂-၇

"ဒံယေလက ဒီသားရဲတွေဟာ ကမ္ဘာမှာဖြစ်တည်လာမယ့် (၄) နိုင်ငံတွေလို့ အငယ် (၁၇) မှာ ပြောပါတယ်။ အငယ် (၁၈) မှာတော့ ဘုရင်ဆိုရုံထက် သန့်ရှင်းသူတွေဟာ နိုင်ငံတော်ကို သိမ်းယူကြမယ့် နိုင်ငံအကြောင်း ချပြထားပါတယ်။ ဒီရုပါရုံဟာ ဒံယေလ (၂) ကို အကျယ်ချဲ့တာပါ။ ဒံယေလ (၂) မှာလာတဲ့ 600 BC ကစတဲ့ လူ့သမိုင်းမှာ (၄) နိုင်ငံ တက်လာတဲ့အကြောင်းဖြစ်ပြီး၊ အဲ့နောက်မှ (၁၀) နိုင်ငံကွဲပါတယ်။ အဲ့နောက်မှာ ခရစ်တော် ဒုတိယအကြိမ် ကြွလာပါတယ်။

"ဒံယေလ (၇) ကို ကျွန်တော်တို့ကြည့်တဲ့အခါ သားရဲ (၄) ကောင် (သို့) နိုင်ငံတက်လာတာ တွေ့ရပါတယ်။ နောက်ဆုံးနိုင်ငံမှ ချို (၁၀) ချောင်း ပေါက်ပါတယ်။ အဲဒီသားရဲ (၄) ကောင်ဟာ အဲဒီသမိုင်းကိုပဲပြောတာပါ။ ဒါပေမယ့် ဒံယေလ(၂)ထဲမှာ မပါခဲ့တဲ့အကြောင်းတွေ ပါလာပါတယ်။ ကမ္ဘာ့အင်အားကြီး (၄) နိုင်ငံတွေဟာ ၁။ဗာဗုလုန် ၂။မီဒိုပါရှား ၃။ဂရိ ၄။ရောမနိုင်ငံတွေပါ"

"ချို (၁၀) ချောင်းကတော့ ရောမအင်ပါယာ (၅) ရာစုလောက်မှာ ဥရောပမှာ (၁၀) ခြမ်းကွဲတာကို ပုံဆောင်ပါတယ်။ အဲဒီနောက်မှာ ဒံယေလက အရင် (၁၀) နိုင်ငံတွေနဲ့ မတူတဲ့ နိုင်ငံ တက်လာမယ့်အကြောင်း၊ သူက (၁၀) နိုင်ငံထဲကနေ (၃) နိုင်ငံကို ချေမှုန်းမဲ့အကြောင်း ပြောပါတယ်။"

> "ထိုချိုတို့ကို ငါကြည့်ရှုစဉ်၊ ချိုများအလယ်၌ ချိုငယ်တစ်ချောင်းသည် ပေါက်ပြန်၏။ ထိုချိုငယ်ရှေ့မှာ အရင်ချိုသုံးချောင်းကို အမြစ်နှင့်တကွ နုတ်လေ၏။ ထိုချိုငယ်သည် လူမျက်စိကဲ့သို့သော မျက်စိနှင့်လည်း ကောင်း၊ ကြီးစွာသော စကားကို ပြောတတ်သော နှုတ်နှင့်လည်း ကောင်း ပြည့်စုံ၏။" - ဒံယေလအနာဂတ္တိကျမ်း ၇:၈

"ဒံယေလ (၇) လာအတိုင်း ပြည့်စုံစေခဲ့တာ ပါဝါတစ်ခုပဲရှိပါတယ်။ အဲဒါကတော့ ရိုမင်အသင်းတော်ရဲ့ ပါပအာဏာပါပဲ။ Maatan က ဒီအချက်ကြီးတွေကို ပါဝါပွိုင့်နဲ့ ပြတယ်။ "ကျွန်တော်တို့က ဒံယေလ ၇း၉၊ ၁၀ ထဲက တရားစီရင်မယ့်အကြောင်းကိုပဲ ပြောချင်တာ

မို့လို့ ချိုငယ်အကြောင်းကို အချိန်မပေးချင်ပါဘူး။ အရေးကြီးတာက ဘာလဲဆိုတော့ တရားစီရင်ချိန်အထိ ချိုငယ်လေးက ဘယ်လောက်ကြာကြာ ခြယ်လှယ်မှာလည်းဆိုတာ ကို အနက်ဖွင့်ခြင်းဖြစ်ပါတယ်။ ။

> "ထိုနိုင်ငံ၌ ပေါက်သော ချိုဆယ်ချောင်းသည် ပေါ်လတ္တံ့သော မင်းကြီး ဆယ်ပါး ဖြစ်၏။ သူတို့နောက် အခြားသော မင်းကြီး ပေါ်လာလိမ့် မည်။ အရင်မင်းကြီးထက် ထူးခြား၍ သုံးပါးတို့ကို နှိမ့်ချလိမ့်မည်။ အ မြင့်ဆုံးသောဘုရားကို ဆန့်ကျင်ဘက်ပြု၍၊ ကြီးစွာသော စကားကို ပြောလိမ့်မည်။ အမြင့်ဆုံးသောဘုရား၏ သန့်ရှင်းသူတို့ကို ညှဉ်းဆဲနှိပ် စက်လိမ့်မည်။ ကာလအချိန်နှင့် ပညတ်တရားတို့ကို ပြောင်းလဲစေခြင်း ငှာ ကြံစည်လိမ့်မည်။ တစ်ကာလ၊ နှစ်ကာလ၊ ကာလတစ်ဝက်ပတ်လုံး သူသည် အခွင့်ရလိမ့်မည်။ ထိုနောက်မှ တရားစီရင်ခြင်း ဖြစ်လိမ့်မည်။ ထိုအခါ သူ၏တန်ခိုးအာဏာကိုနုတ်၍ ရှင်းရှင်း ဖျက်ဆီးကြလိမ့်မည်။"
> - ဒံယေလအနာဂတ္တိကျမ်း ၇:၂၄-၂၆

"ကောင်းကင်မှာ တရားစီရင်ခြင်းမစခင်အထိ ဘုရားရဲ့ သန့်ရှင်းသူတွေဟာ တစ်ကာလ၊ နှစ်ကာလ၊ ကာလတစ်ဝက်ကြာ ချိုငယ်လေးရဲ့နှိပ်ကွပ်မှု ခံရမဲ့ကာလအကြောင်းပါပါ တယ်။ တစ်ကာလ၊ နှစ်ကာလ၊ ကာလတစ်ဝက်ဆိုတဲ့ အချိန်နဲ့ပတ်သက်ပြီး အခြားကျမ်း ချက်တွေကို ကျွန်တော်တို့ကြည့်ဖို့လိုပါတယ်။ ဗျာဒိတ်ကျမ်းမှာလည်း ဒီအချိန်အကြောင်း ကိုပဲ အမျိုးသမီးဟာ ချိုငယ်လေးရဲ့ရန်ကိုရှောင်ဖို့ တောထဲကိုပြေးတယ်လို့ဆိုပြီး ပြောင်း ပြောထားပါတယ်။ အဲဒီအမျိုးသမီးဟာ သူ့ရဲ့အဖွဲ့တွဲအတိုင်း ဘုရားကိုကိုးကွယ်ဖို့ ပုပ်ရ ဟန်းသြဇာကိုရှောင်ပြီး တောတောင်ထဲကိုထွက်ပြေးတဲ့ အသင်းတော်ကို ပုံဆောင်ပါ တယ်။ ။

> "**မိန်းမသည် အရက်တစ်ထောင်နှစ်ရာခြောက်ဆယ်ပတ်လုံး တော၌ ကျွေးမွေး ခြင်းကို ခံရမည်**အကြောင်း ဘုရားသခင် ပြင်ဆင်တော်မူသော အရပ်သို့ ပြေး လေ၏။" - ဗျာဒိတ်ကျမ်း ၁၂:၆

> "**မိန်းမသည် ထိုမြွေနှင့်လွတ်၍၊ တစ်ကာလ၊ နှစ်ကာလ၊ ကာလတစ်ဝက်ပတ်လုံး ကျွေးမွေးခြင်းကို ခံ**ရာ အရပ်တည်းဟူသော တောအရပ်သို့ ပျံနိုင်မည့်အကြောင်း၊ ရွှေလင်းတကြီး၏ အတောင်နှစ်ဖက်ကို ရလေ၏။" - ဗျာဒိတ်ကျမ်း ၁၂:၁၄

"ကျမ်းစာကတော့ တစ်ကာလ၊ နှစ်ကာလ၊ ကာလတစ်ဝက်ကို ရက်ပေါင်း ၁,၂၆၀ လို့ ဆိုပါတယ်။ ဟေဗြဲပြက္ခဒိန်အရ တစ်ကာလဟာ (၁) နှစ် (သို့) (၃၆၀) ရက်ပါ။

နှစ်ကာလာဟာ (၂) နှစ်ဖြစ်ပြီး ၃၆၀ + ၇၂၀ + ၁၈၀ = ၁,၂၆၀

"ရက်ကို နှစ်အဖြစ်ယူရတဲ့ သာဓကတွေ ကျမ်းစာမှာ အများကြီးရှိပါတယ်။ ကျမ်းကိုကျမ်းနဲ့ အနက်ဖွင့်ခိုင်းကြတာပေါ့။ ။

> "ထိုနေ့ရက်စေ့ပြီးမှ၊ တစ်ဖန် လက်ယာနံစောင်းဖြင့် အိပ်၍၊ အရက်လေးဆယ်ပတ်လုံး ယုဒအမျိုး၏အပြစ်ကို ခံဦးလော့။ **နှစ်အစား၌ ရက်ကိုငါထားပြီ။**" - ယေဇကျေလအနာဂတ္တိကျမ်း ၄:၆

"ပုပ်ရဟန်းကရော ၆ ရာစုကနေပြီး နှစ်ပေါင်း ၁,၂၆၀ ကြာ ကမ္ဘာကြီးကို အုပ်စိုးခဲ့သလားလို့ စမ်းစစ်ကြရအောင်။ မှန်ပါတယ်။ သူက တကယ်ပဲအုပ်စိုးခဲ့တာပါ။ ဧကရာဇ်မင်း Justinian က သူ့ရဲ့ပလ္လင်ကို AD 533 ခုနှစ်မှာ ပုပ်ရဟန်းမင်းကို လွှဲခဲ့ပါတယ်။ ဒါပေမယ့် ဒါက အီတလီကို အုပ်ချုပ်တဲ့ ပုပ်ရဟန်းအာဏာကို လိုက်တားတဲ့ Orstrogoth ကို မဖြုတ်နိုင်မချင်း အရာမထင်သေးပါဘူး။ AD 538 ခုနှစ်မှာ Ostrogoth ကို အပြီးသတ်ချေမှုန်းနိုင်ခဲ့ပါတယ်။

"နှစ်ပေါင်း ၁,၂၆၀ ပြည့်တဲ့နှစ်တိတိမှာပဲ နပိုလီယံက Huguenot စစ်ကဲမှူးကြီး Berthier ကို ပုပ်ရဟန်းမင်းကို ၁၇၉၈ ခုနှစ်မှာ အကျဉ်းသွင်းဖို့ အမိန့်ပေးခဲ့ပါတယ်။ အဲဒီဖြစ်စဉ်က ပုပ်ရဟန်းမင်းက အသင်းတော်ရဲ့ယုံကြည်ချက်ကို နိုင်ငံ့အာဏာစက်သုံးပြီး ယုံခိုင်းတဲ့အာဏာ အဆုံးသတ်စေခဲ့ပါတယ်။ အဲဒါကြောင့် ၁၇၉၈ ခုနှစ်နောက်မှ ဒံယေလ (၇) ထဲမှာ လာတဲ့ တရားစီရင်ခြင်း စပါတယ်။ AD 1798 ခုနှစ်နောက်ပိုင်း ဆယ်စုနှစ်တွေနောက်မှာ

တရားစီရင်ခြင်းစတယ် ဆိုတာကလွဲလို့ ဒံယေလ (၈) မှာလာတဲ့ တရားစီရင်ခြင်းအကြောင်း ပြောဖို့ ကျွန်တော်တို့မှာ အချိန်မလောက်ပါဘူး။

"ဒံယေလ (၇) မှာတော့ ဒီတရားစီရင်ခြင်းပြီးတဲ့အခါမှာမှ နိုင်ငံတော်ကို သန့်ရှင်းသူတွေရဲ့ လက်ထဲအပ်မယ်လို့ ဆိုပါတယ်။ ဒါကတော့ ဒံယေလ ၂း၃၄၊ ၃၅၊ ၄၄၊ ၄၅ မှာ (လက်နှင့် မထုမလုပ်သော ကျောက်တစ်လုံး) ပြထားတဲ့ ခရစ်တော်ကြွလာမယ့်အကြောင်းပါပဲ။ ဒီကျမ်းနှစ်ချက်စလုံးက ဖြစ်စဉ်တစ်ခုတည်းကိုပဲ ပြောတာပါ။

> "ကောင်းကင်အောက်၌ နိုင်ငံနှင့်တကွ အာဏာစကြ် ဘုန်းတန်ခိုးရှိသမျှကို အမြင့်ဆုံးသောဘုရား၏ သန့်ရှင်းသောအမျိုးသားတို့သည် ရကြလိမ့်မည်။ ထိုဘုရားသခင်၏ နိုင်ငံတော်သည် ထာဝရနိုင်ငံဖြစ်၏။ မင်းကြီးအပေါင်းတို့သည် တိုးဝင်၍ ကျွန်ခံရကြလိမ့်မည်။" - ဒံယေလအနာဂတ္တိကျမ်း ၇:၂၇

"၁၇၉၈ ခုနှစ်ကနေ တရားစီရင်တဲ့ကာလထိ နောက်ဆုံးသောကာလလို့ ဆိုပါတယ်။ ။

> "ထိုစကားကို ငါကြား၍ နားမလည်သောကြောင့်၊ သခင်ဘုရား၊ ဤအမှုအရာတို့သည် အဘယ်သို့ ကုန်စင်ပါမည်နည်းဟု မေးလျှောက်လျှင်၊ ထိုသူက ဒံယေလ၊ သင်သွားလော့။ ထိုစကားသည် အမှုကုန်ရသည် ကာလတိုင်အောင် ပိတ်၍ တံဆိပ်ခတ်ထားလျက် ရှိ၏။" - ဒံယေလအနာဂတ္တိကျမ်း ၁၂:၈၊ ၉

"ခင်ဗျားတို့ အကုန်လုံးကို နားမလည်နိုင်ရင်လည်း ရပါတယ်။ အဓိကသိသင့်တာက ဒံယေလ အချိန်ကစပြီး (၄) နိုင်ငံတက်လာမှာဖြစ်ပြီး စတုတ္ထနိုင်ငံ (ရောမ) ဟာ (၁၀) နိုင်ငံကွဲသွားမယ့်အကြောင်း။ ချိုငယ်က (၃) နိုင်ငံကိုဖြိုပြီး AD 1798 ခုနှစ်အထိ နှစ်ပေါင်း ၁,၂၆၀ ကြာ အုပ်စိုးမယ့်အကြောင်း။ အဲဒီနောက်မကြာခင်မှာပဲ ဒံယေလ (၈) ထဲက တရားစီရင်မယ့်အကြောင်းတွေကို သိရင်ရပါပြီ။

“ရုပ်တုကိုးကွယ်တဲ့ ရောမခေတ်ကနေ ပုပ်ရဟန်းကို အာဏာပေးတဲ့ဖြစ်စဉ်ကို ဖျက်ဆီး တတ်သော ရွံရှာဖွယ်အမှုလို့ ညွှန်းထားပါတယ်။ ။

> “အကြောင်းမူကား ခိတ္တိမ်သင်္ဘောတို့သည် ထိုသူကို ဆီးတားကြလိမ့်မည်။ ထိုကြောင့် စိတ်နာလျက် ပြန်သွား၍ သန့်ရှင်းသော ပဋိညာဉ်တရားကို အမျက်ထွက်သည်အတိုင်း ပြုပြီးမှ ပြန်သွားစဉ်တွင် သန့်ရှင်းသော ပဋိညာဉ်တရားကို စွန့်ပစ်သောသူတို့နှင့် အဆွေဖွဲ့လိမ့်မည်။ ထိုမင်းနောက်မှ စစ်လက်နက်တို့သည် ပေါ်လာသဖြင့်၊ တန်ခိုးကြီးသော သန့်ရှင်းရာဌာနတော်ကို ညစ်ညူးစေ၍၊ နေ့ရက်အစဉ် ပြုသောဝတ်ကို ပယ်ရှင်းကြလိမ့်မည်။ ဖျက်ဆီးတတ်သော ရွံရှာဖွယ်အရာကိုလည်း တည်ထားကြလိမ့်မည်။” - ဒံယေလအနာဂတ္တိကျမ်း ၁၁:၃၀၊ ၃၁

“ဒီလိုပြောရတဲ့အကြောင်းကတော့ ရောမတွေ ကျင့်သုံးခဲ့တဲ့ ဗာဟီရဘာသာရဲ့အနှစ်ဖြစ်တဲ့ ဘုရားကိုပွဲတင်ပသခြင်း (ဂျူပီတာ၊ မားရ်(စ်) စသဖြင့်) တွေကို ရောမခရစ်ယာန်တွေဆီ လက်ဆင့်ကမ်းခဲ့လို့ပါ။ ယေဟောဝါဘုရားဟာ ဗာဟီရရဲ့ အစဉ်အလာကို ခရစ်ယာန်မှုပြု ကိုးကွယ်ခံရပါတယ်။ အကြောင်းရင်းကတော့ ဖျက်ဆီးတတ်သောအာဏာဟာ ဝမ်းမြောက်ဖွယ် သတင်းကောင်းကို ကလိမ်ဉာဏ်ကွန့်ပြီး ဟောကြားလို့ပါ။ တကယ်တမ်းကျတော့ အဲဒါတွေက လူကို မကယ်နိုင်ပါဘူး။ ဒီလိုနဲ့ ယေရှုခရစ်ပေးတဲ့ ကယ်တင်ခြင်းကို ဖမ်းဆုပ်နိုင်တဲ့ လူ့ယုံကြည်မှုကို ဖျက်ဆီးနေတာပါ။

Maatan က ခဏနားပြီး ပြန်ဆက်တယ်။ “ကျွန်တော်ပြောနေတာ များသွားမှန်းသိပါတယ်။ တစ်ချို့အကြောင်းတွေက ကယ်တင်ခြင်းနဲ့ မပတ်သက်လောက်ဘူးလို့ ထင်လို့ရတာတွေရှိပါတယ်။ ဒါပေမယ့် သခင်ယေရှုကတော့ ကျွန်တော်တို့သိသင့်လို့ ဒံယေလကျမ်းထဲမှာ မိန့်ခဲ့တာပါ။ ဒီလိုသာမဟုတ်ရင် ချိုင်ယ်ရဲ့ ကလိမ်ဉာဏ်အကြောင်း သိစရာအခြေအနေ ရှိကိုမရှိပါဘူး။ ကျွန်တော်တို့ ဒီလိုပြောတဲ့အခါ လူကိုပြောခြင်း မဟုတ်ပါဘူး။ ဆရာအများကြီးက ဘုရားအတွက် ဆက်ကပ်ပြီး ဉာဏ်ရှိသလောက် အမှုတော်

ဆောင်ကြတာပါ။ ဒါပေမယ့် ဒီစနစ်ရဲ့ တရားတော်က လူကို မကယ်တဲ့အပြင် လူကိုဖျက်ဆီးပါတယ်။

"အဲဒါကြောင့်ဘဲ ဘုရားက တရားစီရင်ချိန်ကာလမှာ ဧဝံဂေလိတရားကို ဟောကြားရမယ်လို့ မိန့်ပါတယ်။

> "မြေကြီးပေါ်မှာနေသော သူတည်းဟူသော အသီးအသီး ဘာသာစကားကိုပြောသော လူအမျိုးအနွယ် ခပ်သိမ်းတို့အား ထာဝရဧဝံဂေလိတရားကို ဟောရသော ကောင်းကင်တမန်တစ်ပါးက၊- ဘုရားသခင်ကိုကြောက်ရွံ့၍ ချီးမွမ်းကြလော့။ တရားစီရင်တော်မူသော အချိန်ရောက်လာပြီ။ ကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာနှင့် စမ်းရေတွင်းတို့ကို ဖန်ဆင်းတော်မူသောအရှင်ကို ကိုးကွယ်ကြလော့ဟု ကြီးသောအသံနှင့်ပြောဆို၍ ကောင်းကင်အလယ်၌ ပျံ၀ဲလျက် ရှိသည်ကို ငါမြင်၏။" - ဗျာဒိတ်ကျမ်း ၁၄:၆၊ ၇

"ကျွန်တော်တို့ဟာ အဲဒီကာလမှာ နေနေကြသူတွေပါ။ ကျွန်တော်တို့ဟာ ခရစ်တော်ဒုတိယအကြိမ် မကြွခင်မှာ ပြုလုပ်တဲ့ တရားစီရင်တဲ့ကာလမှာ နေနေကြတာပါ။ ခင်ဗျားတို့ရရှိတဲ့ ကယ်တင်ခြင်းအခွင့်အရေးကို လက်မလွှတ်မိစေဖို့ တောင်းပန်လိုပါတယ်။ အချိန်ဟာ တော်တော်ကုန်နေပါပြီ။ အလွန်ကို နီးနေပါပြီ။ အားလုံး နောင်တရကြပြီး ခရစ်တော်ပြန်ကြွလာမယ့် အချိန်အတွက် အသင့်ဖြစ်နေကြရအောင်" ဆိုပြီး Maatan က သူ့ရဲ့တရားကို နိဂုံးချုပ်လိုက်တယ်။ David လည်း သဘောပေါက်ပါစေလို့ စိတ်ကနေ ဆန္ဒပြုတယ်။

David က Maatan ကို တံခါးပေါက်မှာ လက်ဆွဲနှုတ်ဆက်တယ်။ "စဉ်းစားစရာတွေ အများကြီးပဲ Maatan, ဆည်းကပ်စရာတွေ ရှိနေပြီ" လို့ သဘောပေါက်စွာ ပြောတယ်။

"အဲဒါကြောင့်ပဲ ခရစ်တော်မလာခင်မှာ အလောဟောနေရတာပေါ့။ အချိန်က သိပ်ကျန်တော့တာ မဟုတ်ဘူး။ ဒံယေလကျမ်းက ဒါကို ထောက်ပြနေတယ်"

“နင်ဘာကြောင့် ဒီလောက်လောရတယ်ဆိုတာကို ငါသိတယ် Maatan, အေး၊ ဒါပေမယ့် နင်သေတာနဲ့ ကောင်းကင်တန်းရောက်မယ်ဆိုတော့ ဘာလောစရာလိုလဲ။ ခရစ်တော် ပြန်ကြွလာခြင်း ဆိုတာကလည်း လူတွေသေတိုင်း ပြည့်စုံသွားတာ မဟုတ်လား။

“ဒါမေးခွန်းကောင်းပဲ David ငါတို့တစ်ခါလောက် ဗဟိုပန်းခြံထဲက Apollo ရုပ်တုဆီသွားပြီး အမတဘဝက ဘာလဲ၊ ဘယ်လိုရနိုင်လည်းဆိုတာတွေ နှီးနှောကြတာပေါ့” လို့ Maatan က ပြောလိုက်တယ်။


“ရတယ် Maatan ဒီကိစ္စ ငါစိတ်ဝင်စားတယ်။ နင်နဲ့ပြန်မတွေ့ခင် ခဏတော့ ပြန်စဉ်းစားပါရစေဦး”

“ရပါတယ် David, ကျွန်တော်ခင်ဗျားရဲ့ဖုန်း စောင့်နေပါ့မယ်”

**<u>တက်လာမည့်နိုင်ငံများ ရှုပါရုံ</u>**

ဒံယေလ အခန်းကြီး ၂၊ ၇၊ ၈ များကို နှိုင်းယှဉ်ထားခြင်း။

ကာလကုန်တဲ့အခါ တရားစီရင်ခြင်းရှိမယ်


Visions of Future Kingdoms
Parallels between the visions of Daniel Two, Seven and Eight
Babylon
605 BC 539 BC
Medo- Persia
539 BC 331 BC
Greece
331 BC 168 BC
Pagan Rome
168 BC AD 476
Papal Rome
AD 538 AD 1798
Christs Second Coming
457 BC
70 weeks
27 AD
1260 Years
457 BC
2300 Years
AD 1844
HEAD
CHEST
THIGHS
LEGS
FEET AND TOES
LION
BEAR
LEOPARD
BEAST
TEN HORNS
RAM
GOAT
LITTLE HORN PAGAN
LITTLE HORN PAPAL
DANIEL 2
DANIEL 7
DANIEL 8
IDOLATROUS IMAGE
UNCLEAN BEAST
SANCTUARY BEAST

# အခန်း ၁၂

# ငယ်သောအမှုမှာ သစ္စာရှိခြင်း

မကြာမီ အပတ်အတွင်း Maatan တို့ဘက်က ရုံးဝန်ထမ်းတွေဆီ ရုံးတွင်း e-mail ဝင်လာပါတယ်။ “Oliver စားတော်ဆက် ကြာသပတေးနေ့ မွန်းတည့် ၁၂ နာရီမှာ နှစ်ပတ်လည် အစီအစဉ်မှာ လာရောက်ဖို့ ဖိတ်ခေါ်ပါတယ်” တဲ့။ Maatan လည်း *သွားမှာပေါ့* လို့ စဉ်းစားထားတယ်။

ကြာသပတေးနေ့ ရောက်ပါပြီ။ အားလုံးက နေ့လည်စာစားဖို့ တာစူနေကြတယ်။ Maatan က Computer system မန်နေဂျာ Stephen သူ့ရဲ့သူငွေး David တို့နဲ့အတူ ထိုင်နေတယ်။

Maatan က စားပွဲထိုးဆီ သူ စားမယ့်အစာတွေကို မှာလိုက်တယ်။ မကြာခင်ပဲ စားစရာတွေ ရောက်လာပါတယ်။ Stephen က “Maatan နင်သက်သတ်လွတ်သမားလား။ အသားတွေကိုဖယ်နေတာ ငါတွေ့တယ်” တဲ့။

Maatan ကလည်း “ဟုတ်တယ်၊ အသက် ၁၈ နှစ်ကတည်းကပဲ” တဲ့။ David ကလည်း “စိတ်မရှိဘူးဆိုရင်၊ အသားမစားရခြင်းရဲ့ နင့်ဒဿနကို ကြားချင်တယ်” လို့ ပြောလိုက်တယ်။

Stephen က “သတ္တမနေ့ဥပုတ်စောင့် အသင်းသားအများစုဟာ အသက်သတ်လွတ်သသမားတွေလို့ ငါကြားဖူးတယ်။ အဲဒါမှန်လား Maatan” တဲ့။

Maatan လည်း “တစ်ဝက်လောက်က အသားရှောင်ကြတယ်လို့ ကြားဖူးတယ်” လို့ ပြန်ဖြေတယ်။

David က ပြုံးလျက် “သြော် အစားအသောက်နဲ့ ကောင်းကင်မရောက်နိုင်ဘူးမလား”

“မှန်ပါတယ်။ ကောင်းကင်နိုင်ငံတော်ဆိုတာ အစားအသောက်တွေ မဟုတ်ပါဘူး။ သူဌေး သိတဲ့အတိုင်းပဲ ကျွန်တော်ဟာ ဒံယေလကျမ်းကို နှစ်သက်သူပါ။ အခန်းကြီး (၁) ဆိုရင် ကျွန်တော် စိတ်ဝင်စားပါတယ်။ ဒံယေလဟာ ဘုရင့်စားဖွယ်တွေနဲ့ တည်ခင်းခံရတယ်။ ဒံယေလက မိန်းမဆိုးအုပ်ဆီမှာ (၁၀)ရက်ပဲ ဟင်းသီးဟင်းရွက် စမ်းကျွေးပြီး အခြေအနေ ဟန်မဟန်ကြည့်ဖို့ တောင်းပန်ခဲ့တယ်။ (၁၀) ရက်စေ့တဲ့အခါ ဒံယေလဟာ ဘုရင့်ရှေ့ သွင်းခံရပြီး စစ်ဆေးတဲ့အခါ သူတို့ဟာ သူများထက် (၁၀) ဆ သာကြောင်း တွေ့ရတယ်။ ဒါကို ကျွန်တော်လည်းအားကျပြီး နမူနာယူဖို့ ဆုံးဖြတ်ခဲ့တာပါ” လို့ Maatan က ပြော တယ်။

David က “စိတ်ဝင်စားစရာပဲ Maatan။ ဟိုဘက်က နင့်အသင်းတော်ထဲက လူကျတော့ နင့်လိုမပြောတော့ ငါခေါင်းနည်းနည်းရှုပ်သွားတယ်။ ဒါက အစွန်းရောက်နေတာကော မ ဖြစ်နိုင်ဘူးလား။ နင့်ကိုဖိနေတာ မဟုတ်ဘူးနော်။ စိတ်လည်းဝင်စားတယ်၊ နင့်ကိုလည်း နားလည်ပေးတယ်” တဲ့။

“နားလည်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် David ကျွန်တော်ကတော့ အခြားလူတွေ ကို အနေကြပ်စေမယ့်လူ မဖြစ်ချင်ပါဘူး။ လူတိုင်းမှာ လွတ်လွတ်လပ်လပ် ရွေးချယ်ခွင့်ရှိ သင့်တယ်လို့ မြင်ပါတယ်။ ကျွန်တော်ကသာ ဒံယေလကို စံနမူနာယူချင်နေတာပါ။ ကျမ်း စာကတော့ ဒီသမိုင်းတွေကို နှောင်းလူတွေအတွက် အလင်းဖြစ်ဖို့ ရေးထားတာလို့ ဆိုပါ တယ် (၁ ကော ၁၀း၁၁) အဲဒါကြောင့် ဒီသာဓကဟာ အရေးကြီးတယ်လို့ ကျွန်တော်မှတ် တယ်”

Stephen က “သခင်ယေရှု ဒီကမ္ဘာမှာပွင့်ခဲ့တုန်းက ငါး၊ သိုးသားတွေ စားခဲ့တယ်မဟုတ် လား” တဲ့။

“မှန်ပါတယ်။ ဒီလိုပြောတာ ကျေးဇူးတင်ပါတယ်။ ကျွန်တော်ကတော့ ခရစ်တော်ဟာ လူတွေ သူ့ဆီစုရုံးလာဖို့ နည်းအများကြီး သုံးတယ်လို့ မှတ်တယ်။ ခရစ်တော်ဆိုတာ အ ကောင်းပြုသူပါ။ မာရ်နတ်ဟာ ဖျက်ဆီးသူပါ။ ယေရှုက သူဖန်ဆင်းထားတဲ့ သိုးလုလု

လေးကို သတ်ပြီးစားကြတာကို မရှုစိမ့်ဘူးလို့ ထင်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့နဲ့နီးဖို့ နားလည်ဖို့ သည်းညည်းခံပြီး စားပြလိုစိတ် ရှိပါတယ်။ အဲဒါကြောင့် စားလို့လည်း အပြစ်မဟုတ်ပါဘူး။ ကျွန်တော်ကတော့ အဆင့်တိုင်းမှာ အကောင်းဆုံးကြိုးစားသွားချင်တာပါ"

David က လူတွေစားသောက်ဆိုင်မှာ ဘာသောက်၊ ဘာစားကြတာတွေကြည့်ပြီး "အဲဒါကြောင့် နင်က လက်ဖက်ရည်၊ ကော်ဖီ၊ ဝိုင်တွေအစား ရိုးရိုးရေပဲ သောက်တာလား" လို့ မေးတယ်။

"ဟုတ်ပါတယ် David။ ကျမ်းစာက ဝိုင်ဟာ လှည့်စားတတ်တယ်။ သေရည်သေရက်ဟာ ရန်းရင်းခတ်ခြင်း ဖြစ်စေတယ်လို့ ဆိုပါတယ်။ အဲဒါကို ကျွန်တော်အတည်ယူပါတယ်။ ယေရှုက ရေကို ဝိုင်ဖြစ်စေတဲ့သာဓကကို ကျွန်တော်သိပါတယ်။ ဒါပေမယ့် ကျမ်းစာမှာ ဝိုင်လို့ပြောရင် ကစော်ပေါက် (သို့) မပေါက်တာ (၂) မျိုးလုံးအတွက် သုံးတယ်။ Alcohol နဲ့ ကဖိန်းဓာတ်အကြောင်း လေ့လာခြင်းကနေပြီး ယေရှုက လူကိုဒုက္ခပေးမယ့်အလုပ် မလုပ်ဘူးလို့ ကျွန်တော့်ကို သုံးသပ်စေတယ်။ ဒါက ကျွန်တော့်ရဲ့အသိတရားပါ။

"ဒံယေလကျမ်းထဲမှာ အခြားသာဓကတစ်ခု ရှိပါသေးတယ်။ ဒူရာလွင်ပြင်မှာ တူရိယာအစုံတီးတဲ့အခါ ဘုရင့်ရုပ်တုကို ကိုးကွယ်ရမယ့် အမိန့်ပေးခံရတဲ့ ဟေဗြဲလူရွယ် (၃)ယောက်အကြောင်းပါ။ အဲဒီအကြောင်းက ဗျာဒိတ်ကျမ်း အခန်း (၁၃) လာ နောက်ဆုံးသောနေ့မှာ သားရဲကို ကိုးကွယ်စေမယ့်အကြောင်းကို အမှတ်ရစေပါတယ်။ သူ့ကို ဦးမချရင် သေမိန့်ပေးမှာဖြစ်တယ်။ ဒံယေလရဲ့ သူငယ်ချင်း (၃) ယောက်ရဲ့ ယုံကြည်ခြင်းမျိုးရှိဖို့ သူတို့ရဲ့ စားသောက်မှုပုံရိပ်ကို နမူနာယူရမယ်လို့ ကျွန်တော်ကတော့ မှတ်တယ်။ ယုတ္တိတန်တယ်လို့လည်း မှတ်တယ်"

"ဒါဆို အသားလုံးလုံးမစားတဲ့ သဘောပေါ့"

"အခြေအနေ အလွန်ကြပ်တည်းရင်တော့ သန့်ရှင်းတဲ့အသားကို ရွေးလို့ရပါတယ်။ အဲဒီအခါမျိုးဆိုရင် ကျွန်တော်လည်း စဉ်းစားဖြစ်မှာပါ။ ဥပမာပြောရရင် မကြာသေးခင်တုန်းကပဲ ကျွန်တော့်သူငယ်ချင်းက အသားနဲ့ချည်းပဲ ဧည့်ခံခဲ့ပါတယ်။ ကျွန်တော်လည်း သူ့ရဲ့မိန်းမ

ကို သူအပင်ပန်းခံခဲ့ရတာတွေအတွက် စိတ်မပျက်စေချင်ဘူး။ အသားကလည်း သန့်ရှင်းတဲ့အသားဆိုတော့ စားလိုက်တယ်။ ကျွန်တော်က သူများအတွက် ဒုက္ခအိုးမဖြစ်ချင်ဘူး။ ဝက်သားဖြစ်ခဲ့ရင်တော့ ဘယ်လိုမှ စားမှာမဟုတ်ဘူးပေါ့"

Stephen က "ဒီ သန့်ရှင်း၊ မသန့်ရှင်း ကိစ္စကို ယေရှုက လက်ဝါးကားတိုင်ပေါ်မှာ အပြီးချိတ်ခဲ့တဲ့ ဂျူးတွေရဲ့ဥပဒေ မဟုတ်ဘူးလား" တဲ့။

"ခရစ်ယာန်တွေက အဲဒီလိုပြောကြတာပါ။ သန့်ရှင်း၊ မသန့်ရှင်းတဲ့ပညတ်က နောအေထိ နောက်ကြောင်း ပြန်လိုက်လို့ရပါတယ်။ အဲဒါကြောင့် ဒီပြဋ္ဌာန်းချက်ဟာ မောရှေမတိုင်ခင်ကတည်းက ရှိပြီးသားပါ။ အသားကိစ္စ မောရှေပညတ်မှာ ပါရတာက ကျွန်တော်တို့အကျိုးအတွက်ပါ။ ကျွန်တော်တို့ ကျန်းမာစွာနေနိုင်ဖို့ မေတ္တာအရင်းခံပြီး ပြဋ္ဌာန်းတာပါ။ ဒီကိစ္စနဲ့ပတ်သက်ပြီး အစွန်းရောက်တာတွေ ရှိတာမှန်ပါတယ်။ ဒါပေမယ့် မသန့်ရှင်းတဲ့တိရစ္ဆာန်တွေ အစာဘယ်လိုချေဖျက်လည်း၊ သန့်ရှင်းရေးလုပ်ဆောင်တဲ့ သတ္တဝါတွေ ရေထုသန့်ရှင်းဖို့ အဆိပ်တွေကို ဘယ်လိုရှင်းကြလည်းဆိုတာတွေကို လေ့လာပြီးတဲ့အခါမှာ ကျွန်တော်တော့ ဒီဟာတွေကို စားရလောက်အောင် လူ့ဗာလကြီး မဖြစ်ချင်ပါဘူး"

David က "စိတ်ဝင်စားစရာပဲ Maatan။ နင်နဲ့ သဘောထားချင်း မတိုက်ဆိုင်တောင်မှ နင့်ရဲ့ခံယူချက်ကို လေးစားပါတယ်။"

"နင်ဘယ်ကလာလို့၊ ဘယ်လိုမြင်တယ်ဆိုတာ ငါအပြည့်အဝ နားလည်တယ်။ ဥပမာကွာ လမ်းရဲ့တစ်ဘက်မှာပဲမောင်း၊ မီးပွိုင့်မှာပဲ ရပ်ရမယ်ဆိုတာမျိုးက ချုပ်ချယ်ရာကျတာပေါ့။ ဒါပေမယ့် အဲဒါကို စိတ်ခုစရာလို့ မမြင်ပါဘူး။ ဒါက ကိုယ်ကောင်းဖို့ပဲလေ။ အဲဒါကြောင့်လည်း ပျော်ပျော်ပဲလိုက်နာတယ်။ နောက်တစ်ခုက အသားထုတ်လုပ်ရေးက မြေကြီးကို ထိခိုက်တယ်။ အသားတစ်တုံးရဖို့အရေး အစေ့အဆန်အများကြီး၊ ရေအများကြီး သုံးရတယ်။ တကယ်လို့သာ ရေ၊ အစေ့အဆန်တွေ တိုက်ရိုက်စားလိုက်ရင် လူအများကြီး စားလို့ရမှာဖြစ်ပြီး အကုန်အကျလည်း နည်းဦးမှာ။ အသားစားတစ်ဦးကို အစားအစာဖြည့်

တင်းဖို့ မြေ ၃.၂၅ ဧက လိုတယ်။ အသီးအရွက်စားသူအတွက်က ၀.၅ ဧက၊ vegan အတွက် ၁/၆ ဧကပဲ လိုပါတယ်။ အဲဒါကြောင့် မြေလည်း သက်သာတယ်”

David က ရီရင်း “ကောင်းပါပြီ Maatan နင်က ကမ္ဘာကိုကယ်၊ ငါတို့အတွက် စိတ်ပူပေး၊ ဆလတ်ရွက်တွေ နုတ်နုတ်စဉ်းပေးနေပါပြီ။ ငါတို့ နင့်ကို ဗိုက်မဆာစေချင်ဘူး။ နောက်တစ်ခေါက်မှ နင့်ကို အာရှစားသောက်ဆိုင်ကို ခေါ်သွားမယ်။ အဲ့ကျမှ ရွေးပေတော့။ ဘယ်လိုလဲ” တဲ့။

“ဒီဆလတ်ရွက် ကြွပ်ကြွပ်တွေက ကိန်းဂဏန်းတွေကို တွက်နိုင်ဖို့ ကျွန်တော့်ကိုကူပါတယ် David” ဆိုပြီး Maatan ကလည်း ပြန်ပြောတယ်။

*　　　*　　　*　　　*　　　*

အလုပ်ပြီးတဲ့အခါ Maatan က ကာကွယ်ဆေးလက်မှတ်ရဖို့ ဆရာဝန်ဆီသွားရမှာကို သတိရမိတယ်။ ဆရာဝန်က သူ့ခေါင်းမှာထည့်ထားတဲ့ ကြေး(၅)ငုတ်ကို စစ်ဖို့လိုတယ်။ အယောက်တိုင်းဟာ ရောဂါကာကွယ်ဖို့ ဒီလိုလုပ်ရတယ်။ ဒေါက်တာ Sweeny က “ဝင်ပါ Maatan။ အခြေအနေ ဘယ်လိုလဲ” တဲ့။

Maatan က ရီရင်းနဲ့“ဘောပင်ကိုင်ပြီး စာရိုက်တဲ့ရုံးဝန်ထမ်းလေးကနေလို့ထိုင်လို့ကောင်းပါတယ်” ပြန်ပြောတယ်။

“ဝမ်းသာပါတယ်။ ဪ၊ ငါသတိထားမိတာရှိတယ်...”

“ပြဿနာကြီးသလား ဒေါက်တာ”

“ပြဿနာ မကြီးလောက်ပါဘူး။ ငုတ်တစ်ချောင်းက ကြေးကနေ ငွေရောင်ပြောင်းသွားတယ်။ ဒါမျိုးက မြင်ရခဲတယ်။ ဒါက ဓာတ်အားရှိတဲ့နေရာနဲ့ ချိတ်ဆက်မှုမှားယွင်းမှုရှိတဲ့ သဘောပဲ၊ ငွေကတော့ လည်ပတ်နေကျ system ရဲ့ ကြိမ်နှုန်းထက် ပိုမြင့်တယ်။ ဒါပေမယ့် ဘောင်အတွင်းမှာပါပဲ။ ထူးခြားမှုများ သတိထားမိရင် ပြောပြလေ၊ အသစ်လဲလို့ ရ

တာပေါ့။ ပင်မကြိမ်နှုန်းအတိုင်းဖြစ်အောင် ချိန်လို့ရတာပေါ့” လို့ ဒေါက်တာ Sweeny က မရေမရာ ပြောတယ်။

Maatan လည်း “မွမ်းမံမြင့်တင်မှုလို့ ကျွန်တော်မှတ်ပါတယ်။ ဘာလို့ ဒီလိုဖြစ်တာလဲဆိုတာ သိချင်ပါတယ်။ ငုတ် ဘာလို့ (၅) နေရာမှာ စုပ်ရတာလည်း ဒေါက်တာကျွန်တော့်ကို ပြောခဲ့ဖူးတာ ကြာပါပြီ မမှတ်မိတော့ဘူး”

“ငုတ်တိုင်းက အာရုံ (၅) ပါး (၁) ပါးဆီကို ဆက်ထားတာဖြစ်တယ်။ အာရုံ (၅) ပါးဟာ ဝင်ပေါက် (၅) ပေါက်ပဲ။ လူတစ်ယောက် မလိုလားအပ်တဲ့ လောင်းရိပ်မမိအောင် ငါတို့က အဲဒီဝင်ပေါက်တွေကို ကာကွယ်ချင်တာပါ။ အထူးအားဖြင့် ကြိမ်နှုန်းမြင့်တဲ့ဟာတွေပေါ့။ အဲဒါတွေက ဒုက္ခတော်တော်ပေးတာ”

“ဘယ်လိုပေးတာလဲ” လို့ Maatan က မေးတယ်။

“အဲဒါက မြို့ကို ပရမ်းပတာဖြစ်စေနိုင်တယ်။ ကြိမ်နှုန်းမြင့်ရင် လူတွေကိုယုံမှားစေပြီး အကြမ်းဖက်မှုတွေ ဖြစ်စေတယ်။ အာရုံကြောလုပ်ငန်းစဉ်ကိုလည်း ပင်ပန်းစေတယ်”

Maatan က *စိတ်ဝင်စားစရာပဲ* လို့ တွေးမိတယ်။ “ဒါနဲ့ တစ်ဆိတ်ပါ ဒေါက်တာ”

“ဟုတ် Maatan”

“ဩော် ရပါတယ်။ အရေးမကြီးပါဘူး”

Maatan လည်း အိမ်အပြန်မှာ ဒီငုတ်တွေက ဘာလို့ အာရုံ (၅) ပါးနဲ့ ဆိုင်ရတာလဲ။ သူ့ခေါင်းက ငုတ်တစ်ချောင်းလည်း ဘာလို့ ငွေချောင်းဖြစ်သွားရတာလဲ။

Maatan က *ဒါကို လေ့လာရမယ်။ ငါက ဒီဘာက်ကို အာရုံမစိုက်ခဲ့ဖူးဘူး။ ငါက ဆေးမထိုးထားတော့ တပန်းသာမှာပါ။ ငွေဖြစ်သွားတာကတော့ အဆန်းပဲ။ ဘယ်လိုလုပ် ဖြစ်သွားတာလဲ။ ကြိမ်နှုန်းမြင့်တာကရော ဘာကြီးလဲ။ ဒါတွေက ဘာလဲ။*

*လေ့လာစရာအများကြီးပါလား။ အဖဘုရား အမှန်တရားဆီလမ်းပြဖို့ ယေရှုနာမဖြင့် ဆုတောင်းပါတယ်။*

# အခန်း ၁၃
# ကောင်းကင်ကို ကြေးပမာ၊ ကမ္ဘာကို သံပမာ

Maatan စားဖိုခန်းထဲဝင်ပြီး "ရှင်မရေ၊ ငါ အိမ်ရောက်ပြီ" ဆိုပြီး Stella ကို ပါးမှာ ဖွဖွ လေးနမ်းလိုက်တယ်။

Stella က "ရှင့်ကြည့်ရတာ တစ်ခုခုလုပ်ခဲ့သလိုပဲ" တဲ့။

"ငါ ဆရာဝန်ဆီ ဝင်ခဲ့တယ်။ ငါ့ခေါင်းက ကြေးငုတ်တစ်ချောင်းက ငွေဖြစ်သွားတယ်။ အဲ ဒါကို စဉ်းစားမရဖြစ်နေတာ။ ဆရာဝန်ကို ဘာကြောင့် (၅) ချောင်း ရှိရတာလဲမေးတော့ ဒါက အာရုံ (၅) ပါး အမြင်၊ အကြား၊ အနံ့၊ အရသာ၊ အထိအတွေ့ အာရုံတွေကို ထိန်းတာ လို့ ပြောတယ်။"

"အေး။ ငါ့သင်တန်းမှာလည်း အဲလိုပဲပြောတယ်။ အဲဒီငုတ်တွေက မြို့ပြင်ဘက်က လျှပ် စစ်သံလိုက်ကို ကာကွယ်ပေးတယ် ပြောတာပဲ။"

"နင့်ခေါင်းက ငုတ်တွေ ပေးကြည့်ပေးဦးမယ် Stella"
"ဘာလို့လဲ Maatan"

"နင့်ဟာလည်း အားလုံးကြေးဖြစ်သေးလား၊ ပြောင်းတာရှိပြီလား တွေ့ချင်လို့။ ပြောရ တော့ ခက်ပါတယ်လေ။ ခဏ" ဆိုပြီး သူ့ရုံးခန်းထဲသွားပြီး မှန်ဘီလူး ယူလာတယ်။ "အံ့ ဩစရာပဲ။ တစ်ချောင်းက အရောင်ပြောင်းပြီး တစ်ခြားဟာတွေတော့ သေချာမပြောနိုင် သေးဘူး"

ဆန်းတယ်ရှင့်...။ ရှင် ပထမအချောင်းကိုထိတုန်းက လျှာမှာ အာရုံလာတယ်။ ရသာရုံနဲ့ ဆိုင်တာနေမှာ" လို့ Stella က ပြောပါတယ်။

"နင်လဲ တစ်ခုခုတော့ တစ်ခုခုပဲ။ နင့်ဟာလည်း ဘာလို့ အရောင်ပြောင်းရတာလဲ။ ငါတို့ ဆုတောင်းရမယ်"

Maatan နဲ့ Stella လည်း ဆုတောင်းကြတယ်။ "ကောင်းကင်ဘုံမှာရှိတဲ့ အဖဘုရား၊ ဒီဖြစ်စဉ်ရဲ့ အဓိပ္ပာယ်ကို သိနိုင်ဖို့ မစတော်မူပါ။ ပညာမဲ့တယ်လို့ ခံစားရရင် ကိုယ်တော်ဆီမှာ တောင်းနိုင်တယ်လို့ ကိုယ်တော်ပဲ ကတိပေးခဲ့ပါတယ်။ နားညောင်းပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ယေရှုနာမ၌ ဆုတောင်းပါ၏။ အာမင်"

"Maatan ရေ၊ ငါ တစ်ခုစဉ်းစားမိတယ်။ သတ္တုနဲ့ပတ်သက်လို့ ကျမ်းစာက ဘာပြောလဲဆိုပြီး စဉ်းစားမိတယ်"

"ဟုတ်သားပဲ။ ဘုရားက နင့်ကို လမ်းပြတယ်ထင်တယ်"

Maatan လည်း computer ဖွင့်ပြီး "ကြေးဝါ" ဆိုပြီး ရိုက်လိုက်တယ်။ "ပထမကျမ်းကိုးကို ကမ္ဘာဦးကျမ်းမှာ တွေ့ရတယ်ဟေ့" လို့ Maatan က ပြောတယ်။ ဘာပြောထားလဲ ကြည့်အုံး။

> "ဇိလသည်လည်း၊ သားတုဗလကာဣနကို ဖွားမြင်လေ၏။ သူသည် ပန်းတဉ်းသမား၊ ပန်းပဲသမားအပေါင်းတို့၏ ဆရာဖြစ်လေ၏။ တုဗလကာဣန၏နှမကား၊ နေမအမည်ရှိ၏။" - ကမ္ဘာဦးကျမ်း ၄:၂၂

"တုဗလကာဣန ကိုသိလား Stella သူက ကာဣနရဲ့မျိုးဆက်ပဲ။ သူက ကြေးဝါကို ထွင်ခဲ့တာ။ New King James ကတော့ ကြေးနီလို့ ဆိုထားတယ်။ NIV လည်း ဒီလိုပဲ။ ဘာကွာတာလဲ ဆိုတဲ့အကြောင်းရင်း ရှိလား။"

Maatan လည်း google ထဲ ဝင်ရှာတယ်။ ကြေးဝါရော၊ ကြေးနီ (bronze) ရောက copper (ကြေးနီ) သတ္တုကို သုံးတယ်။ ကြေးဝါကတော့ သွပ်နဲ့စပ်တာဖြစ်ပြီး ကြေးနီကတော့ ခဲမဖြူနဲ့ စပ်တယ်။ ဖောစဖရတ်၊ မန်ဂနိ၊ အလူမီနီယံ၊ ဆီလီကွန် တွေနဲ့လည်း စပ်ကြပါတယ်။ ပဓာနကတော့ လူလုပ်တဲ့လက်ရာပါ။ အဲဒါက စိတ်ဝင်စားဖို့ ကောင်းတယ်။ လောလောဆယ်တော့ King James ပဲ သုံးပြီး ကြေးဝါအကြောင်းဆက်မယ်။"

"တစ်ခြားကျမ်းချက်တွေမှာကော ဘာပြောလဲ"

“ထွက်မြောက်ရာကျမ်းထဲမှာ ဗိမာန်တော်ပရိဝုဏ်မှာသုံးတဲ့ ပရိဘောဂတွေ မီးရှို့ရာယဇ် ပလ္လင်နဲ့ အင်တုံကို ကြေးဝါနဲ့လုပ်တယ်လို့ လာတယ်” လို့ Maatan က ပြောတယ်။

“ဘုရားက ဘာကြောင့် လူလုပ်သတ္တုစပ်ကို သူ့ရဲ့ဗိမာန်တော်မှာ သုံးရတာလဲ”

“ကောင်းတဲ့မေးခွန်းပဲ Stella တရားဟောရာကျမ်းကိုကြည့်”

> “သင့်ခေါင်းပေါ်မှာ မိုးကောင်းကင်သည် ကြေးဝါကဲ့သို့လည်းကောင်း၊ သင့်အောက်၌ မြေသည်  သံကဲ့သို့လည်းကောင်း ဖြစ်လိမ့်မည်။” - တရားဟောရာကျမ်း ၂၈:၂၃ (KJV)

“ဘုရားက ဘာလို့ ဒီလိုပြောရတာလဲ Maatan ဇာတ်ကြောင်းကဘာလဲ”

“ဟုတ်ပြီ။ ကြည့်လိုက်ဦးမယ်၊ သြော်၊ အငယ် ၁၅ မှာရှိတယ်။     ။

> “ယနေ့ ငါဆင့်ဆိုသော သင်၏ဘုရားသခင် ထာဝရဘုရား  စီရင်ထုံးဖွဲ့ တော်မူချက် အလုံးစုံတို့ကို  ကျင့်စောင့်ခြင်းငှာ  စကားတော်ကို နားမ ထောင်လျှင်၊ သင့်အပေါ်မှာ သက်ရောက်လတ္တံ့သော ကျိန်ခြင်းအမင်္ လာများဟူမူကား၊” - တရားဟောရာကျမ်း ၂၈:၁၅

“ဘုရားရဲ့သားတွေက  သူ့ရဲ့ပညတ်ဥပဒေသတွေကို  မစောင့်ကြတဲ့အခါ ကောင်းကင်ဟာ ကြေးဝါ၊ ကမ္ဘာဟာ  လောဟာသံ ဖြစ်လာမယ့်အဓိပ္ပာယ်ပဲ။   ဒါဟာ မကောင်းတဲ့ဘက်က ပေါ့။ ဒါကတော့ ဘုရားရဲ့ ပညတ်ဥပဒေသတွေကို မစောင့်တဲ့သူတွေအပေါ် ကျရောက်တဲ့ ကျိန်စာပါ။

“ရှင်တော့ တစ်ခုခုဖြစ်နေတယ် Maatan။  ရှင် ဘာစဉ်းစားနေလဲ”

“အိုး၊ နင် ငါ့ကို  အတော်သိနေတာပဲ။   ငါက မြို့ကိုပတ်ထားတဲ့ ဆက်သွယ်ရေးစတီးတိုင် တွေအကြောင်းကို စဉ်းစားနေတာ။ ဒါဟာ နည်းနည်းတော့  ရီစရာဖြစ်မှာပါ။  စတီးနဲ့လုပ် တဲ့တိုင်ဟာ သံပမာဏအများဆုံး ပါဝင်တယ်။

“လောကုတ္တရာကို ဦးထိပ်ထားလွန်းရင်  နင်ဟာလောကီအတွက် မကောင်းဘူးဆိုတဲ့ ဆိုရိုးစကားကြားဖူးလား”

“ကြားဖူးတယ်။ ဒါပေမယ့် မဆက်စပ်တတ်ဘူး”

“ငါတို့ဟာ  ဘုရားပညတ်ကို  ငြင်းပယ်တဲ့ကမ္ဘာမှာ နေနေတာလေ။  ခရစ်ယာန်ဆိုတာက လည်း ဘုရားရဲ့ ဥပုသ်တော်နေ့ကို ငြင်းပယ်၊  ကျန်တဲ့လူတွေဆိုတာက သူတို့ ရှေးရှုတဲ့အရာတွေနဲ့ကိုက်မယ့် အရာတွေကလွဲလို့ ဘုရားပညတ်တော်ကို စိတ်ဝင်စားကြတာ မဟုတ်ဘူး” Maatan က ခဏနားလိုက်တယ်။ Stella ကလည်း စောင့်နေတယ်။

ငါ ဗဟိုပန်းခြံကို  ခဏခဏ  သွားဖြစ်တယ်။  ရေပန်းကို ကြည့်ဖြစ်တယ်။ အဲဒီက ရုပ်တုတွေက ကြေးဝါနဲ့လုပ်ထားတာ။  အလယ်က ရုပ်တုက Apollo ပဲ။  သူ့ဆီကနေ အသက်စမ်းရေ စီးဆင်းတာ။ သူဟာ Zeus ရဲ့သားဖြစ်ပြီး တန်ခိုးကြီးတဲ့ ဘုရားတွေထဲက တစ်ပါးပဲ။ Apollo ဟာ အရှေ့ကို ကြိုမြင်နိုင်တယ်။ အလင်းကို အုပ်စိုးတယ်လို့ သိကြတယ်။ မြို့တည်ဆောက်ပုံကို အာရုံယူကြည့်တဲ့အခါ စီးပွားရေးဇုံ၊ အသင်းတော်၊  စစ်သင်္ချိုင်းတွေက Apollo ကြေးရုပ်ကို ဝန်းရံနေတာ တွေ့ရတယ်။ Apollo ကြေးရုပ်ကလည်း လက်ကိုဆန့်ပြီး လူတွေကို အုပ်စိုးနေတဲ့ပုံ ပြနေတယ်။

“ဒံယေလ (၂) ကို ကြည့်တော့  ဂရိအင်ပါယာဟာ  ကြေးသတ္တုနဲ့ဖြစ်ပြီး  ရောမအင်ပါယာဟာ သံဖြစ်တယ်။  ရောမက  ဂရိတို့ရဲ့ဒဿနတွေကိုယူပြီး  နေ့တခုဝ လက်တွေ့ကျင့်သုံးတယ်။  အဲဒီစနစ်တွေအားလုံးကို   ကမ္ဘာကို  နှစ်ပေါင်း ၁,၂၆၀ အုပ်စိုးခဲ့တဲ့ ရောမအသင်းတော်ထဲ သွပ်သွင်းခဲ့တယ်။

Stella က “ငါတော့ လိုက်လို့မမီသေးဘူး” လို့ ရိုးရင်းပြောတယ်။

“ငါတို့ခေါင်းက  ကြေးငုတ်တွေက မြို့ကိုဝိုင်းထားတဲ့ စတီးတိုင်တွေနဲ့ လျှပ်စစ်သံလိုက်အစွမ်းနဲ့ ချိတ်ဆက်ထားတာ။ အဲဒါကြောင့် အဲဒီယန္တရားကငါတို့ရဲ့အာရုံကို ဩဇာညောင်းတယ်။ အဲဒါကြောင့် ကမ္ဘာကို  ငါတို့ရှုမြင်ပုံဟာ  ဂရိရဲ့ဘဝဒဿနရဲ့  လောင်းရိပ်မိတယ်။ အထက်က ကောင်းကင် (သို့) ငါတို့စိတ်အတွေးပေါ်ရာ လောကုတ္တရာနယ်ပယ်ဟာ ငါတို့

ကို မိုးတဲ့ကြေးဝါပဲ။ ငါတို့ခြေအောက်က မြေကြီးဟာ မြို့ကိုအသံပေးတဲ့ စတီး/သံတိုင်တွေပဲ။”

“ငါကတော့ သံတိုင်တွေနဲ့ ချိတ်ဆက်ထားတဲ့ ကြေးငုတ်လေးတွေဟာ ရောဂါ၊ စိတ်ထွေပြားမှုတွေကနေ တားဆီးပေးမယ်လို့ မှတ်ခဲ့တာ မဟုတ်လား။ အဲဒါကကော ဂရိဒဿနနဲ့ ဘယ်လိုဆက်စပ်လဲ”

“မြို့ကိုတည်ခဲ့တဲ့လူတွေက ဂရိဒဿနကို ကောင်းတယ်မှတ်ကြပြီး သူတို့နဲ့ သဘောထားကွဲတဲ့လူတွေကို အံလွဲတဲ့လူတွေလို့ မှတ်ကြတာ။ မြို့ကို စတည်ခဲ့တဲ့သူတွေဟာ မာရ်နတ်ရဲ့သန္တေရှိကြတဲ့ ကာလ္လနရဲ့ မျိုးဆက်တွေဆိုတာ မှတ်မိလား။ နိမ်ရောဒဆိုတာ လူတွေကို စပြီးအုပ်စိုးခဲ့တဲ့သူပေါ့။ သူက အိမ်ထောင်၊ မျိုးနွယ်စုနဲ့ မသွားဘူး။ အခုခေတ် မြို့တည်တဲ့လူတွေက သူတို့ကိုယ်သူတို့ ကာကွယ်တဲ့စနစ်နဲ့ တည်ကြတယ်လို့ မှတ်ကြတာပဲ။ တကယ်တမ်းမှာတော့ သူတို့က လောကုတ္တရာကို ပယ်နေကြတာ” လို့ Maatan ပြောရင်းနဲ့ အံ့ဩခဲ့ရတယ်။

Maatan ပြောတဲ့အကြောင်းက Stella ဓာတ်အခံနဲ့ ကိုက်နေတယ်။ ကြေးငုတ်လေးတွေက ဆေးပညာအရ ယုတ္တိမဆန်ပါဘူး...။ မြို့တွင်းမှီတင်းနေထိုင်သူတွေကို သာသနာအမှောင်ဖုံးစေတဲ့ပုံတောင် ပေါက်နေသေးတယ်။ “အခုမှ ရှင်ပြောတာ အဓိပ္ပာယ်ရှိလာပြီ။ ဩော်၊ မြို့ပတ်ပတ်လည်မှာ တိုင်တွေဘယ်လောက်ရှိလဲ”

အဓိကက (၅) တိုင်။ အဲဒီတိုင်ကြီးတွေရဲ့ကြားတွေမှာ မြို့တွင်းကိုဖြတ်ပြီး ထူထားတဲ့တိုင်အသေးတွေ အများကြီးပဲ။ ဒါက ငါတို့ဟာ အဲဒီစနစ်ရဲ့အကျိုးကို ခံရတယ်ဆိုတာကို ပြတာပဲ”

Stella လည်း မျက်လုံးပြူးပြီး “ငွေဆိုတာကကော ဘာလဲ၊ ဘာအဓိပ္ပာယ်လဲ” တဲ့။ “ကျမ်းစာမှာ ရှိကိုရှိမှာပါ။ အဖြေတွေ့မယ်လို့ ငါယုံတယ်... ဟော... ဒီမှာကြည့် - ဒီမှာကြည့်” လို့ Maatan က ပြောလိုက်တယ်။ ။

“သင့်ကို ညှဉ်းဆဲသောသူတို့၏သားတို့သည် သင့်ထံသို့လာ၍ ဦးချကြလိမ့်မည်။ **သင့်ကို မထီမဲ့မြင်ပြုသောသူ အပေါင်းတို့သည် သင်၏ခြေရင်း၌ ဝပ်နေကြလိမ့်မည်။ ထာဝရဘုရား၏မြို့၊** ဣသရေလအမျိုး၏သန့်ရှင်းသောဘုရား၏ ဇိအုန်မြို့ဟူ၍၊ သင့်ကို သမုတ်ကြလိမ့်မည်။ သင့်ကို အဘယ်သူမျှ လျှောက်၍မသွားရမည်အကြောင်း၊ သူတစ်ပါးတို့သည် သင့်ကို စွန့်ပစ်ရွံရှာကြသည်အတွက်၊ **ငါသည် သင့်ကို ထာဝရအထွဋ်အမြတ် ဖြစ်စေမည်။ လူမျိုးအစဉ်အဆက် ဝမ်းမြောက်စရာ အကြောင်း**လည်း ဖြစ်စေမည်။ သင်သည် တစ်ပါးအမျိုးသားတို့၏ နို့ကို စို့ရလိမ့်မည်။ ရှင်ဘုရင်တို့၏သားမြတ်ကိုလည်း စို့ရလိမ့်မည်။ ငါထာဝရဘုရားသည်၊ သင့်ကို ကယ်တင်သောသူ၊ ယာကုပ်အမျိုး၌ တန်ခိုးကြီးသောဘုရားသည်၊ သင့်ကို ရွေးနုတ်သောသူ ဖြစ်ကြောင်းကို သင်သည် သိရလိမ့်မည်။ ကြေးဝါအရာ၌ **ရွှေကိုလည်းကောင်း၊ သံအရာ၌ ငွေကိုလည်းကောင်း၊ သစ်သားအရာ၌ ကြေးဝါကိုလည်းကောင်း၊ ကျောက်အရာ၌ သံကိုလည်းကောင်း ငါဆောင်ခဲ့မည်။** သင်၏အရာရှိတို့ကို ငြိမ်သက်သောသဘော၊ အခွန်ခံတို့ကို ဖြောင့်မတ်သောသဘောနှင့် ပြည့်စုံစေမည်။” - ဟေရှာယအနာဂတ္တိကျမ်း ၆၀:၁၄-၁၇ (KJV)

“အဆက်အစပ်ကိုတွေ့လား Stella”

“ဘုရားရဲ့ဝိညာဉ် သူ့ရဲ့လူတွေအပေါ် သက်ရောက်တဲ့အခါ သတ္တုတွေ အဆင့်တက်လာတဲ့အကြောင်း တွေ့တယ်” “ကွက်တိပဲ!”

“ငါတို့ရဲ့ ကြေးငုတ်တွေ ဘာလို့ ရွှေမဖြစ်သွားရတာလဲ။ ဘာလို့ ငွေဖြစ်သွားရတာလဲ”

“ကောင်းတဲ့မေးခွန်းပဲ။ ဒံယေလ (၂) ကိုကြည့်ရင် ကြေးဝါနဲ့ ရွှေကြားမှာ ငွေ ခံနေတယ်။ ဒါက ငါတို့ ဆက်လှေ့လာစရာရှိသေးတယ်လို့ ဆိုလိုတာဖြစ်လိမ့်မယ်။ ဘုရားကတော့

သူ့ရဲ့ကတိ ငါတို့အပေါ် အကောင်အထည် စဖော်နေပါပြီ။ နောက်ထပ် ကျမ်းချက်ကို ကြည့်ရအောင်။ ။

> “သင်ထလော့။ လင်းလော့။ သင်၏ အလင်းရောက်လာပြီ။ ထာဝရဘုရား၏ဘုန်းတော်သည် သင်၏အပေါ်မှာ ပေါ်ထွန်းလျက်ရှိ၏။ ကြည့်ရှုလော့။ မှောင်မိုက်သည် မြေကြီးကို ဖုံးလွှမ်းလိမ့်မည်။ ထူထပ်သော မှောင်မိုက်သည် လူများကို ဖုံးလွှမ်းလိမ့်မည်။ သို့သော်လည်း၊ သင်၏ အပေါ်မှာ ထာဝရဘုရားသည် ပေါ်ထွန်းတော်မူ၍၊ ဘုန်းတော်သည် သင်၏အပေါ်မှာ ထင်ရှားလျက်ရှိလိမ့်မည်။ တစ်ပါးအမျိုးသားတို့သည် သင်၏ အလင်းသို့လည်းကောင်း၊ ရှင်ဘုရင်တို့သည် သင်၌ ပေါ်ထွန်းခြင်းအရောင်သို့လည်းကောင်း လာကြလိမ့်မည်။” - ဟေရှာယအနာဂတ္တိကျမ်း ၆၀း၁-၃ (KJV)

“ဒါက စတုတ္ထကောင်းကင်တမန်ရဲ့ ကျယ်သောအသံအကြောင်း ရေးထားတဲ့ ဗျာဒိတ် (၁၈) က အကြောင်းပဲ။ တစ်ကမ္ဘာလုံးက ဘုရားရဲ့ရောင်ခြည်နဲ့ ထွန်းလင်းမှာဖြစ်တယ်။ အဓိပ္ပာယ်က ငါတို့ဟာ အဲဒီအချိန်နဲ့ တော်တော်နီးပြီဆိုတာပဲ။ ဒီအကြောင်းနဲ့ပတ်သက်လို့ ရှိဦးမှာပါ” ဆိုပြီး Maatan က ဆက်ပြီးရှာတယ်။ “ဒီမှာလည်း ကြေးဝါအကြောင်း ယေဇကျေလကျမ်းမှာ လာတာရှိတယ်”။ ။

> “အချင်းလူသား၊ ဣသရေလအမျိုးသည် ငါ့ရှေ့မှာချော်ဖြစ်လေပြီ။ ထိုသူအပေါင်းတို့သည် မိုက်ထဲ၌ ထည့်သော ကြေးနီ၊ ကြေးဖြူ၊ သံ၊ ခဲကဲ့သို့ငွေနှင့်ကွာသော ချော်ဖြစ်ကြ၏။” - ယေဇကျေလအနာဂတ္တိကျမ်း ၂၂း၁၈ (KJV)

“ဒါက ဘုရားရွေးထားတဲ့ ဣသရေလကို ပြောထားတဲ့အကြောင်းပဲ။ သူတို့ဟာ ကြေး၊ သွပ်၊ သံ၊ ငွေရဲ့ချော် စတာတွေမျိုးလို နိမ့်ပါးသွားကြတယ်လို့ ဥပမာပေးထားတယ်။ သဘောက ဘုရားသားတွေ ဓမ္မစစ်ကနေ လမ်းချော်ကြတဲ့အခါ ဟေရှာယမှာတော့ ဘုရား

က သူတို့ကို ပြန်ခေါ်မယ်တဲ့။ သတ္တဝါမျိုးကွဲခြင်းက ဘုရားနဲ့သူတို့ ဆက်ဆံရေးအခြေအနေ ချပြတဲ့ပြဒါးပဲ” လို့ Stella လည်း ဝင်ပြောတယ်။

“ဟုတ်တယ် Stella, ဘုရားဂုဏ်တော်ချီးမွမ်းပါတယ်။ နင်က ဇဟိုချက်ကို ထိုးလိုက်ပြီလို့ ငါမှတ်လိုက်ပြီ”

Stella က “သဘောက ငါတို့မြို့ကြီးကို စွန့်ခွာရမယ်ဆိုတဲ့သဘော မဟုတ်လား” တဲ့။

“ဟုတ်တယ်၊ မှန်တယ်။ ဒါပေမယ့် ဒီကြေးငုတ်တွေနဲ့ ထွက်ခွာဖို့ကြိုးစားရင် ခံရမယ်ထင်တယ်။ ဒါတွေကို ရွှေဖြစ်အောင်ပြောင်းဖို့ လမ်းရှာမှဖြစ်မယ်” Maatan လည်း ရှေ့မဆက်ခင် ဒီမဟာဓာတ်တိုင်တွေ ဘယ်လောက်အားပြင်းလဲ မသိဘူးဆိုပြီး စဉ်းစားခန်းဝင်နေတယ်။ ။

၁၉၈၀ အစောပိုင်းလောက်က *Dinner with Andre* ဆိုတဲ့ရုပ်ရှင်ကို အခု သတိရမိတယ်။ ညစာစားတဲ့အခန်းမှာ Andre က သူ့သူငယ်ချင်းကို New York မြို့ဟာ သူ့ဟာသူ ထောင်ဖြစ်သွားလိမ့်မယ်။ မြို့သားတွေဆိုတာ တစ်ချိန်ထဲမှာပဲ ထောင်သားနဲ့ ထောင်စောင့်တွေပဲ။ မြို့ကနေထွက်လို့ရမှာ မဟုတ်ဘူး။ ထွက်ချင်တယ်ဆိုရင်တောင် အကာအကွယ်လိုမယ်လို့ နင်ခံစားရမှာ။ မြို့သားတွေဟာ သက်ဆိုင်ရာထောင်နဲ့ အမှတ်သညာပြုမှာ ဖြစ်တယ်။ ငါတို့ ဒါကိုကြုံရပြီထင်တယ်။ မေးရမှာက ငါတို့ ဒီမြို့ကနေ ဘယ်လိုထွက်မလဲ။

Maatan က Stella ရဲ့ လက်ဆွဲပြီး Chi ရဲ့အခန်းထဲကို ဝင်ကြတယ်။ Chi ကတော့ ငြိမ်းချမ်းစွာ အိပ်နေတယ်။ Maatan ကတော့ သူ့မိသားစုကို မြို့ကနေခေါ်ထုတ်ချင်နေတယ်။ သူလည်း မျက်ရည်ကျရင်းနဲ့ သူ့အကြိုက် သီချင်းတစ်ပုဒ် ညည်းလိုက်တယ်။ Stella လည်း လိုက်ဆိုတယ်။

ဓမ္မစစ်ကိုမြင်နိုင်ရန်
ကျွန်ုပ်စက္ခုကို ဖွင့်မူပါ
ကျွန်ုပ်လက်သို့ ဓမ္မဉာဏ်သော့ပေးပါ
ကျွန်ုပ်ကို လွတ်ငြိမ်းစေပါမည်

ယခု ကိုယ်တော်ကို စောင့်ပါပြီ။
ကိုယ်တော့်အလိုကိုမြင်ရန် အသင့်ရှိပြီ
ကျွန်ုပ်မျက်လုံးကိုဖွင့်ပြီး အလင်းပြပါဘုရား!

ကိုယ်တော့်ဓမ္မစစ်ကြားရန်
ကျွန်ုပ်နားကို ဖွင့်မူပါ
ဓမ္မစစ်ကို ကြားသည်တွင်
အခြားအကြောင်း ပပျောက်မှာ

ယခု ကိုယ်တော်ကို စောင့်ပါပြီ။
ကိုယ်တော့်အလိုကိုမြင်ရန် အသင့်ရှိပြီ
ကျွန်ုပ်မျက်လုံးကိုဖွင့်ပြီး အလင်းပြပါဘုရား!

ကျွန်ုပ်နှုတ်ကိုဖွင့်ပါ။ ပြောခွင့်ပြုပါ
အရပ်တကာ ဓမ္မစစ်ဖြင့်နွေးထွေးစေမှာ
ကျွန်ုပ်စိတ်ကိုဖွင့်ပါ။ ပြင်ဆင်ခွင့်ပြုပါ
ကိုယ်တော့်သားသမီးများကိုချစ်ပြီး မျှဝေမှာ

ယခု ကိုယ်တော်ကို စောင့်ပါပြီ။
ကိုယ်တော့်အလိုကိုမြင်ရန် အသင့်ရှိပြီ
ကျွန်ုပ်မျက်လုံးကိုဖွင့်ပြီး အလင်းပြပါဘုရား!

# အခန်း ၁၄

## LEO

လအတော်ကြာပြီးနောက် Stella က တံခါးတွန်းပြီး "ယောကျ်ားရေ၊ မှန်းစမ်း" တဲ့။

"မိန်းမ၊ ငါကဘာမှန်းရမှာလဲ၊ ကိုယ်ဝန်များလား" "ဟုတ်တယ် Maatan၊ (၈) ပတ်ရှိပြီ"

"ဘယ်လိုလုပ်ပြီး စမ်းဖြစ်သွားတာတုန်း" "မနက်တုန်းက ခေါင်းမိုက်သွားလို့ စိတ်ကူး ပေါက်သွားတာ"

"မင်္ဂလာပဲပေါ့။ ဘုရားဂုဏ်ကို ချီးမွမ်းပါတယ်။ ဒါ ပွဲခံရမယ့် အချိန်ပဲ" ဆိုပြီး Maatan ထက တယ်။ Chi တော့ အဖော်ရတော့မယ်ဟေ့၊ ပျော်လိုက်တာ" ဆိုပြီး Chi ကို သွားချီ တယ်။ "Chi ရေ နင်က ညီလေး မဟုတ်ရင် နှမလေးရတော့မှာတဲ့၊ ကြားလား" (၂) နှစ် သား Chi ကတော့ အားလုံးကို ကြိုဆိုနေတာပေါ့။

Chi လည်း "ညီလေးလား ဒယ်ဒီ" တဲ့။

"အေး၊ ဒါကတော့ ဆုတောင်းရမှာပေါ့။ မာမီနဲ့ ဒယ်ဒီကတော့ ဘာဖြစ်ဖြစ်ပျော်မှာပါ။ Chi လည်း လက်မြှောက်ပြီး "ရေး၊ ရေး၊ ညီလေးရတော့မယ်" ဆိုပြီး မောတဲ့အထိ ပတ်ချာ လည်ပြေးနေရော။

"ဒီတစ်ခါကော နာမည်ဘယ်လိုမှည့်မှာလဲ Stella"

"သမီးလေးဆိုရင် Amy, သားလေးဆိုရင် Leonard၊ ခြင်္သေ့မာန်ရှိသူပေါ့"

"လီယိုကလေး၊ ခြင်္သေ့မျိုး ယုဒအနွယ်။ အေး ကောင်းသားပဲ ကြိုက်တယ်။ သားလေးဆို ရင် လီယို ပေါ့"

Maatan က "ဘုရားက ငါတို့မြို့ထဲကနေ ထွက်နိုင်ဖို့ လမ်းရှာပေးမှာပါ။ ကျမ်းစာမှာ ဘုရားက လိုအပ်တာတွေအားလုံး ဖြည့်ဆည်းပေးမယ်လို့ မိန့်ထားတာပဲ"

ငါတို့ကို အသက်ပေးတဲ့ဘုရားက ဆက်ပြီး စောင့်ရှောက်မှာပါလို့ ငါတော့ ယုံတယ်။

"ဟုတ်တယ် Stella" "ဒီနေ့ ဘာလုပ်ခဲ့လည်း" လို့ Stella က မေးတယ်။

"လူ့ဗီဇအကြောင်း ကျမ်းစာမှာလိုက်ရှာနေတာ။ David က လူတွေသေရင် ကောင်းကင်တန်းရောက်တယ်ဆိုရင် ဒုတိယကြွလာခြင်းက ဘာအရေးလဲဆိုလို့။ အဲဒါက Apollo ရုပ်တုဆီ ပြန်ခေါ်နေတယ်။ ဂရိတွေက ဝိညာဉ်မသေဘူးလို့ ယုံကြတာ။ ဒီဂရိအယူက ခရစ်ယာန်ထဲကို စိမ့်ဝင်တယ်။ Plato က ဝိညာဉ်ဟာ လူသေပြီးလည်း ဆက်ရှင်၊ ဆက်တွေးခေါ်နိုင်တယ်လို့ ယုံခဲ့တာ။ ခန္ဓာအသစ်ယူပြီး ပြန်မွေးဖွားနိုင်မယ်လို့လည်း ယုံခဲ့တာ။ သူတစ်ယောက်ထဲက ဒီလိုတွေးတာ မဟုတ်ဘူး။ ဂရိဒဿနရဲ့ဩဇာက အသင်းတော်ထဲမှာလည်းစိမ့်ဝင်ပြီး ဒီကနေ့ ယုံကြည်သူတွေကိုလည်း ဩဇာညောင်းနေတာ။ အထူးသဖြင့် ပြုပြင်ပြောင်းလဲရေးသမား John Calvin ဆိုရင် အမတဝိညာဉ်အကြောင်း အထူးပြောခဲ့တာ။ Protestant အများစုက သူ့နောက်ကို လိုက်ကြတယ်"

"ဘုရားက ရှင့်ကိုလမ်းပြတယ်လို့ ကျွန်မသိတယ်။ Maatan အဆင်ပြေမှာပါ"

"ကျေးဇူးပါ Stella ငါလည်း အဲလိုပဲယုံတယ်"

နောက်နေ့မှာ Maatan လည်း David ရုံးထဲဝင်ပြီး "နေ့လည်စာစားချိန် အားမလား။ ခင်ဗျားမေးထားတဲ့ ဒုတိယအကြိမ် ခရစ်တော်ကြွလာခြင်းအကြောင်း ဆွေးနွေးကြမလားလို့ပါ"

"ဟုတ်တာပေါ့။ နောက်အပတ်ပေါ့ Maatan လောလောဆယ် ရှင်းစရာရှိသေးလို့"

"ရပါတယ် သူဌေး၊ Stella လည်း ကိုယ်ဝန်ရှိပြန်ပါပြီ။ Jacobson မိသားစုမှာတော့ အပြုံးတွေဝေဆာနေပါတယ်"

"ဝမ်းသာပေးပါတယ် Maatan။ ဒါ သတင်းကောင်းပဲ။ Stella ကို ကျွန်တော့်ရဲ့ဆုတောင်းတွေ ပြောပေးလိုက်ဦး" "ဟုတ်ကဲ့၊ ပြောလိုက်ပါ့မယ်"

အဲဒီည အိမ်ပြန်တဲ့အခါ Maatan က ခေါင်းထဲထိုးထည့်ထားတဲ့ ကြေးငုတ်အကြောင်း စဉ်းစားခန်းဝင်ခဲ့တယ်။ Stella ခေါင်းက တစ်ငုတ်ဟာ ဘာလို့ သူ့ရဲ့ပါးစပ်ကို အာရုံခံစားစေတာလဲ။ ရသာရုံနဲ့ဆိုင်တဲ့ ငုတ်က ဘာလို့ ငွေရောင်ဖြစ်သွားရတာလဲ။ Maatan က ဘုရားဆီမှာ *ဒါဟာ ဘာအဓိပ္ပာယ်လည်းအဖ၊ ကျွန်တော်တို့ နားမလည်တာ ဘာတွေရှိသလဲ။ အဲဒါကို ဆက်စပ်တတ်အောင် နှုတ်ကပတ်တော် (ကျမ်းစာ) မှ အလင်းပြပေးပါ* လို့ ဆုတောင်းလိုက်တယ်။ သူလည်း ငယ်ငယ်ကရထားတဲ့ ဆာလံကျမ်းချက်ကို သတိရမိရော။

> "မိန့်တော်မူချက်တို့သည် အကျွန်ုပ်အာခေါင်၌ အလွန်ချိုကြပါ၏။ ခံတွင်းထဲမှာ ပျားရည်ထက်**သာ၍ ချို**ကြပါ၏။" - ဆာလံကျမ်း ၁၁၉:၁၀၃

*ခေါင်းထဲထိုးထည့်ထားတဲ့ ကြေးငုတ်က ဘုရားရဲ့နှုတ်ကပတ်တော်ကို အနှစ်သာရပျယ်အောင် လုပ်တာလား။* Maatan လည်း တစ်မြို့လုံးကပန်းခြံထဲက ကြေးရေပန်းနဲ့ Apollo ကို ကိုးကွယ်ကြတာကို ပြန်စဉ်းစားတယ်။ *ဘုရားရဲ့နှုတ်ကပတ်တော်ဟာ ရေစစ်ခံရပြီး အဖုံးခံရပါတယ်။ လူ့ယဉ်ကျေးမှုတွေကလည်း သမ္မာကျမ်းစာကို မှားမှားယွင်းယွင်း လေ့လာမိစေတယ်။ ဒါပေမယ့် ဘုရားကတော့ ကြေးကနေ ရွှေဖြစ်အောင် ပြောင်းပေးမယ်လို့ ကတိခံထားတယ်။ ငါတို့ဟာ ဂရိရဲ့လွှမ်းမိုးမှုအောက်မှာ နေကြရတာကြောင့် ကျွန်တော့်အပေါ်လည်း သက်ရောက်မှုရှိမှာပါ။ ဘယ်နည်းနဲ့လဲပေါ့။*

တုဗလကာလ္လနက ကြေးဝါစထွင်ခဲ့ကြောင်း Maatan အမှတ်ရတယ်။ အဲ့သတ္တုက လူထွင်ထားတဲ့ ပေါင်းစပ်သတ္တုပါ။ ဘုရားဖန်ဆင်းထားတဲ့ မူလသတ္တု မဟုတ်ပါဘူး။ ဒါကြောင့် ကြေးဆိုတာ ဘုရားရဲ့နှုတ်ကပတ်တော်ကို လူ့အတွေးအခေါ်နဲ့ ထပ်ကွန့်ထားတာကို ပုံဆောင်တယ်။ ဒါကြောင့် ဘုရားရဲ့နှုတ်ကပတ်တော်ကို ပြောင်းဆန်ပစ်တယ်။ ဒါနဲ့ Chi ကို ချော့တဲ့သီချင်း သူ့စိတ်မှာပေါ်လာပြီး စိတ်နှစ်ပြီးဆုတောင်းတယ်။

" ဓမ္မစစ်ကိုမြင်နိုင်ရန်
ကျွန်ုပ်စက္ခုကို ဖွင့်မူပါ
ကျွန်ုပ်လက်သို့ ဓမ္မဉာဏ်သော့ပေးပါ

ကျွန်ုပ်ကို လွှတ်ငြိမ်းစေပါမည်”

*     *     *     *     *

အချိန်ဟာ ကုန်မြန်ခဲ့တယ်။ Maatanနဲ့ Stella တို့ ဒီတစ်ခေါက် ဆေးရုံသွားတာ လွန်ခဲ့တဲ့ (၂) နှစ်က အတွေ့အကြုံက ဒီတစ်ခေါက်မှာ ရင်းနှီးပြီးသား ဖြစ်ပါပြီ။ Chi က ညကျရင် နိုးနိုးတတ်လို့ Chi ကို မွေးမယ့်အချိန်ကလို Stella ဟာ သိပ်ပြီးပြင်ဆင်လို့ မရဘူး။ ကိုယ့်ကိုယ်ကို မပိုင်တော့တာက ခက်ပါတယ်။ Chi ဟာ အဖေအမေတွေနဲ့ နေချင်ပေမယ့် သူ့အဖွားနဲ့ ထားထားလိုက်တယ်။

နောက် (၃) နာရီမှာ လီယိုမွေးတယ်။ Maatan လည်း သားလေးကိုချီပြီး ပီတိဖြစ်ရပြန်တယ်။ ဘုရားကိုလည်း သားလေးကြောင့် ကျေးဇူးတင်ခဲ့တယ်။ “Leo ရေ၊ ကြိုဆိုပါတယ် ယုဒရဲ့ခြင်္သေ့မာန်နဲ့ ကမ္ဘာကြီးကို ကုသိုလ်ပြုနိုင်ပါစေ။”

ဒီတစ်ခေါက်တော့ တစ်ခဏအတွင်း မွေးရလို့ Stella လည်း ကျေနပ်တယ်။ သူ့ခင်ပွန်းအတွက် သား (၂) ယောက် မွေးပေးနိုင်ခဲ့ပြီပေါ့။ Maatan လီယိုကိုချီနေတာတွေ့ရလို့ သူ့ကိုပျော်စေတယ်။

“ကလေးမွေးပေးပြန်တဲ့အတွက် ကျေးဇူးပါ Stella”

“ဒီကလေးအတွက်လည်း ဝန်ပိုရတော့မယ်ထင်တယ် ဦးJacobson” ဆိုပြီး Stella ရီတယ်။

“ရပါတယ်။ နင်က အနာခံပြီးတောင် မွေးပေးခဲ့တာပဲ။ Chi ဆီပြန်ပြီး မနက်မှ သူ့ညီလေးကို တွေ့ခိုင်းလိုက်မယ်။ သူတော့ ပျော်လိုက်မယ့်ဖြစ်ခြင်း။ နက်ဖြန်တွေ့မယ်” ဆိုပြီး အသာလက်ပုတ်ပြီး အိမ်ပြန်တယ်။

# အခန်း ၁၅
# ဒုက္ခကြားက သုခ

နောက်နှစ်တွေမှာတော့ Maatan နဲ့ Stella လည်း  ကလေးတွေကို  ဘုရားအလိုတော်အတိုင်း အလင်းပြနေကြတယ်။  သူတို့လည်း ကလေးတွေကို ကောင်းရာညွှန်တတ်ကြဖို့ ဘုရားသခင်ဆီ ဆုတောင်းကြတယ်။ သည်းညည်းခံပါ!  ကလေးတွေ ခင်ဗျားပြောတဲ့အတိုင်း မလိုက်နာတဲ့အခါ ခရစ်တော်နဲ့တူအောင် ခင်ဗျားဘယ်လိုကျင့်လဲ။

တစ်ချိန်ထဲမှာပဲ  သူတို့ရဲ့ကလေးတွေ ပတ်ဝန်းကျင်ကို ဘယ်လိုမြင်လဲဆိုတာလဲ သူတို့က မြင်ချင်သေးတယ်။ သူတို့ကို အပြင်ခေါ်သွားရတာလဲ အရသာတစ်မျိုးပေါ့။ အထူးသဖြင့် စနေနေ့မျိုးမှာဆိတ်ညံတဲ့နေရာမျိုးမှာ ဘုရားဖန်ဆင်းတဲ့အလှကို ထွက်ခံစားကြတယ်။

တစ်မနက်မှာ Maatan က ကျမ်းချက်တစ်ချက်ကို အာရုံစိုက်နေတယ်။    ။

> “ကျမ်းစာလာသည်ကား၊ ဖြောင့်မတ်သောသူမရှိ၊ တစ်ယောက်မျှမရှိ။- နားလည်သောသူမရှိ၊ ဘုရားသခင်ကို ရှာသောသူမရှိ။- လူအပေါင်းတို့သည် လမ်းလွဲကြပြီ။ တညီတညွတ်တည်း အသုံးမရသောသူဖြစ်ကြပြီ။ ကောင်းသောအကျင့်ကို ကျင့်သောသူမရှိ၊ တစ်ယောက်မျှမရှိ။” - ရောမဩဝါဒစာ ၃:၁၀-၁၂ (NIV)

*ဒီလိုလား ဘုရားသခင်?  ဘယ်သူမှ ခင်ဗျားကိုမရှာဘူးလား?  ကျွန်တော်ကောပဲလား? ဒါဟာ နားလည်ဖို့ခက်ပါတယ်။* ဒီအကြောင်းနဲ့စပ်လို့  ယေရမိထဲကအကြောင်း Maatan အမှတ်ရတယ်။

> “ထာဝရဘုရားသည် အဝေးကထင်ရှား၍ မိန့်တော်မူသည်ကား၊ အကယ်စင်စစ် ထာဝရမေတ္တာနှင့် သင့်ကိုငါချစ်၏။ ထိုကြောင့်၊ ကရုဏာကျေးဇူးကို သင်၌ ကြာမြင့်စွာပြ၏။” - ယေရမိအနာဂတ္တိကျမ်း ၃၁:၃

*ကျွန်တော်က ခင်ဗျားကို လိုလားစိတ်ရှိတာဟာ ကိုယ်တော်ဟာ ကျွန်တော့်ဆီလာလို့ကိုး။* Maatan က ဒီလိုမစဉ်းစားခဲ့ဖူးဘူး။ *သူလည်း မျက်ရည်ကျပြီး ကျွန်တော်ဟာ ဇီဇစိတ်က*

*နေ ခင်ဗျားကို မလိုလားခဲ့ဖူးဘူးလား။ ကျွန်တော့်ကို အစဉ်လိုလားခဲ့သူဟာ ကိုယ်တော် လား။* ဒီလိုနဲ့ Maatan က ကျမ်းစာစာသားကို ကြားယောင်တယ်။

> "ငါသည် စပျစ်နွယ်ပင်ဖြစ်၏။ သင်တို့သည် အခက်များဖြစ်ကြ၏။ အကြင်သူ သည် ငါ၌တည်၍ ငါသည်လည်း သူ၌တည်၏၊ ထိုသူသည် များစွာသောအသီး ကို သီးတတ်၏။ ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှုကိုမျှ မတတ်နိုင်ကြ။"
> - ရှင်ယောဟန်ခရစ်ဝင် ၁၅:၅

*ခမ္မအမှုကိုလုပ်ချင်တဲ့စိတ်ဟာ သခင်ယေရှုဆီကလာတာ ဖြစ်တယ်။ ကျွန်တော့်မိန်းမနဲ့ သားတွေရဲ့ အကျိုးကိုလိုလားပေးတဲ့စိတ်ဟာ ယေရှုဆီက မြစ်ဖျားခံတာပါ။ ကျွန်တော် ဟာ အသက်ရှူဖို့၊ မာရ်နတ်နဲ့ သူ့အပေါင်းပါတွေရဲ့ရန်ကနေ ကာကွယ်ပေးဖို့အတွက်၊ ခမ္မ ကို ပြုချင်စိတ်ရှိဖို့ အရာခပ်သိမ်းအတွက် ယေရှုဘုရားကို လုံးလုံးမှီခိုရပါတယ်။ ဒါတွေ အားလုံး ကိုယ်တော်ထံမှလာပါတယ် အရှင်ဘုရား။*

*သူနဲ့ သူ့မိန်းမဟာ သူတို့သားအတွက် ပြည့်စုံတဲ့မေတ္တာ မရှိမှန်းသိလို့ Maatan က အဲဒီ စိတ်မျိုး ထားနိုင်တာပါ။ သူတို့လည်း အလုပ်တစ်ခုကို အဖန်တလဲလဲ လုပ်နေရတာကို အ ချိန်ဖြုန်းတာလို့ ခံစားပြီး နေမထိထိုင်မသာ ဖြစ်ကြတယ်။ ဒီအတွေးမျိုး ဖြစ်နိုင်ရင် အ တတ်နိုင်ဆုံး မပြကြပါဘူး။ ကလေးတွေကို ထိန်းကျောင်းရမယ့် ဝတ္တရားမှာ ဒါမျိုးတွေက ကြုံရမယ့်အရာတွေဖြစ်ပြီး မြည်တွန်နေခြင်းဟာ မှားတဲ့အပြုအမူပါ။*

Maatan က Chi ကို ပထမဆုံး ခိုင်းဖြစ်ခဲ့တဲ့ဖြစ်ရပ်ကို အမှတ်ရတုန်းပါပဲ။ Chi ကတော့ စိတ်ပါပါနဲ့ "နိုး" လို့ တုံ့ပြန်ခဲ့တယ်။ အဲဒါက Maatan ကို အံ့အားသင့်စေခဲ့တယ်။ ကိုယ့် စိတ်အတိုင်း ထုတ်ပြတဲ့အခါ Maatan နဲ့ Stella တို့ စိတ်ညစ်ရတယ်။

Maatan က သားတွေရဲ့ မလိမ်မာမှုကို အပြစ်ဖို့ပြီး ဒဏ်ပေးလို့ရပါတယ်။ ဒါပေမယ့် ဘုရားရဲ့ဝိညာဉ်တော်က သူ့အဖြစ်ကိုသိတတ်အောင် ဒီကလေးတွေက နှင့်ဗီဇကိုပြနေ တာဆိုပြီး သူ့ကိုအလင်းပြတယ်။

Stella လည်း ညဆို ကလေးတွေကြောင့် မကြခဏ ထရတယ်။ ညအအိပ်ပျက်ခြင်းက Maatan နဲ့ Stella ရဲ့ ဇာတိပကတိစိတ်ထားကို ပေါ်လာစေတတ်တယ်။ ကိုယ့်ရဲ့အတ္တက နှစ်ဦးနှစ်ဖက်ကို ထိပါးတယ်။ စကားပြောမှားတာကို အိပ်ရေးမဝလို့ပါလို့ ပြောလို့ရလား။ ဒါက ကလေးတွေအပေါ် ဘာသက်ရောက်နိုင်မလဲ။ ဒါကို မသိတတ်သေးဘဲ Maatan က သူ့ခေါင်းမှာရှိသေးတဲ့ ကြေးငုတ်တွေရဲ့ ပဟေဋ္ဌိတွေ ရှာပါတယ်။

Stella (သို့) ကလေးတွေက သူ့စကားမလိုက်နာတဲ့အခါ သူတို့ကို အပြစ်ဖို့တတ်တယ်။ ဒီအဖြစ်ကို သူလည်း သုံးသပ်တယ်။ ဒီကလေးတွေက သူ့အပေါ် ဒီလောက်ထိ ဘာလို့နား ကောက်ရတာလဲပေါ့။ Stella ကကော သူဟာ နှိမ့်ချဆက်ဆံခံရတယ်လို့ တစ်ခါခါ သူ့ကို ဘာလို့ပြောတတ်ရတာလဲ။ သူလည်း တစ်ခါခါ ငါဟာ ဘုရားရဲ့လူမှ ဟုတ်ရဲ့လား။ အိမ် ထောင်ကို ဦးဆောင်ဖို့သင့်တဲ့လူ ဟုတ်မှဟုတ်ရဲ့လားဆိုပြီး အဖန်ဖန် စဉ်းစားဖြစ်တယ်။ သူ့မိန်းမနဲ့သူ့သားတွေ သူ့ကိုချစ်မှန်း သူသိပါတယ်။ ဒါပေမယ့် သူတို့ရဲ့ဆက်ဆံရေးမှာ အ ဆင်မပြေစေမယ့် အရာတွေက ရှိနေတယ်။

Maatan က အသင်းတော်မှာနဲ့ အလုပ်မှာကော သူ့ရဲ့ရပ်တည်မှုကို သုံးသပ်ဖြစ်တယ်။ ထွေလုံး၊ ပြက်လုံး၊ ကွယ်ရာအတင်းပြော၊ အပြစ်ဖို့ခြင်း အနည်းအများတွေကို သူစဉ်းစား တယ်။ အတိတ်တွေ သူ့စိတ်မှာပြန်ပေါ်ပြီး သူ့အမှားတွေကို ပြန်မြင်တယ်။

Maatan ဟာ သတင်းပတ် အတော်များများ သူ့ရဲ့ဓမ္မခရီးမှာ စမျှော်ပါခဲ့တယ်။ သူဟာ ဘုရားကို တကယ်ချစ်တာမှ ဟုတ်ရဲ့လား၊ သမာဓိရှိတဲ့လူကော ဟုတ်ရဲ့လားလို့ သံသယ ဝင်တယ်။ အသစ်ပြောင်းလဲဖို့က သူ့အတွက် မဖြစ်နိုင်တဲ့အရာလို ဖြစ်ခဲ့တယ်။ သူက ဘုရားမေတ္တာကို သိတယ်။ သားတော်ကြောင့်လည်း ဘုရားရဲ့ကရုဏာတော်ဆိုတာကို ကိုးစားခဲ့တယ်။ ဒါပေမယ့် ဘာလို့ မျှော်လင့်ထားသလို မပြောင်းလဲရသေးတာလဲ။

တစ်ချို့ ဓမ္မဆရာတွေက အောင်မြင်သောခရစ်ယာန်ဘဝကို ကတိပေးတတ်ကြတယ်။ ဒါပေမယ့် ဒါက အစဉ်ဝေးပြီးရင်း ဝေးနေပါတယ်။ အချို့ အမှုဆောင် ဆရာတွေကလည်း အပြစ်ဆိုတာ လုပ်ဖြစ်နေမှာပါ။ ဒါဟာ ဘဝမှာ ရှောင်လို့မရတဲ့အရာ လို့ ခံယူကြတယ်။

အဲဒါကြောင့် ဘုရားရဲ့ကရုဏာကို ကိုးစားပြီး ပညတ်တော်ကို အပုပ်ချကြတယ်။ အဲဒါဟာ ဟုတ်မလိုလိုနဲ့ တကယ်တမ်းကျတော့ သူ့အမှားကို လစ်လျူရှုစေပြီး ပြောင်းလဲလိုစိတ်မရှိဘဲ ကရုဏာတော်ကို အစဉ်တောင်းစေတယ်။ ဒါဟာ အဓိပ္ပာယ်မရှိဘူး။ Maatan ဟာ သူ့ပတ်ဝန်းကျင်ကို သူ့ရဲ့အပြုအမူတွေနဲ့ မထိခိုက်စေချင်ဘူး။ ယေရှုဟာ ကျွန်တော်တို့ ဆီလာကိန်းအောင်းလို့ရတဲ့အခါ ပြောင်းလဲပေးမယ်လို့ ကတိခံထားတာကို သူက သမ္မာကျမ်းစာဖတ်လို့ သိခဲ့ပြီးဖြစ်တယ်။ ။

> "လူမည်သည်ကား၊ ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သောသတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ။" - ကောရိန္သုဩဝါဒစာဒုတိယစောင် ၅:၁၇

> "ထိမိ၍လဲခြင်းနှင့် ကင်းလွတ်စေမည်အကြောင်း သင်တို့ကို စောင့်ရှောက်ခြင်းငှာလည်းကောင်း၊ အပြစ်မရှိဘဲ ဝမ်းမြောက်ခြင်းနှင့် ပြည့်စုံလျက်ရှိသော သင်တို့ကို ဘုန်းအသရေတော်ရှေ့၌ ဆက်သခြင်းငှာလည်းကောင်း တတ်နိုင်တော်မူသော သူတည်းဟူသော၊" - ရှင်ယုဒဩဝါဒစာ ၁:၂၄

> "ထိုသို့ငါတို့သည် ချစ်ခြင်းမေတ္တာနှင့် ပြည့်စုံသောအားဖြင့်၊ တရားဆုံးဖြတ်တော်မူသောနေ့၌ ရဲရင့်ရသောအခွင့် ရှိကြလိမ့်မည်။ အကြောင်းမူကား၊ ငါတို့သည် ကိုယ်တော်၏နည်းတူ ဤလောက၌ဖြစ်ကြ၏။" - ရှင်ယောဟန်ဩဝါဒစာပထမစောင် ၄:၁၇ (KJV)

သူ့ရဲ့ရင်သွေးတွေမွေးလာတဲ့အခါ Maatan ဟာ သူ့ရုပ်ကို ပြန်မြင်ရပြီး သူလည်း တရားရသွားတယ်။ အဲဒီအဖြစ်က သူ့ကို သမ္မာကျမ်းစာကို ပိုလေ့လာစေတယ်။ အခု ရောမအခန်းကြီး (၂) မှာ သူ့ရုပ်အမှန်ကို မြင်ရပါပြီ။

ရောမ (၃) က ပုထုဇဉ်အားလုံးဟာ အပြစ်သားတွေဖြစ်ကြောင်း၊ ဘယ်သူကမှ ဘယ်သူ့ထက်မှ မသာကြောင်း၊ ဘုရားက သူတို့စိတ်ထဲမှာ အလုပ်လုပ်လို့ ဓမ္မကိုလုပ်ဆောင်ကြ

တာလို့ ဆိုပါတယ်။ Maatan လည်း ဒါကို ဉာဏ်ပေါက်တဲ့အခါ ခက်ခဲပေမယ့် သုခတစ်မျိုးတော့ ရသွားတယ်။ လူ့ဗီဇဆိုတာကလည်း ကိုယ့်ရဲ့နိမ့်ပါးမှုကို လက်မခံနိုင် ဖြစ်ကြတယ်။ ဒါပေမယ့် တကယ့်ကို ခံစားတဲ့အခါတော့ အဖြစ်မှန်ကို ဖော်ထုတ်နိုင်ပြီး ခင်ဗျားရဲ့အဖြစ်မှန်ကို ရှင်းပြပေးတဲ့ပုဂ္ဂိုလ် ရှိပါလားဆိုပြီး သုခချမ်းသာ ခံစားရပါတယ်။

Maatan က ဒီအကြောင်းကို အိပ်ရာပေါ်မှာ စဉ်းစားနေတဲ့အချိန် Chi ပြေးဝင်လာပြီး ကုတင်ပေါ် ခုန်တက်ပြီး "အဖေ့ကိုချစ်တယ်" တဲ့။

"ဪ၊ ဒါသိပ်တန်ဖိုးရှိတယ်။ Chi ကျေးဇူးပဲသား" ဆိုပြီး သူ့ကို တအားဖက်လိုက်တယ်။ အဲဒီအချိန်မှာ Maatan စိတ်ထဲ အသိတစ်ခု ဝင်လာတယ်။ *နင့်ကို ဘယ်လောက်ချစ်ကြောင်း ငါပြောချင်ခဲ့တယ် Maatan နင့်သားကို ငါ့ကိုယ်စား ပြောခိုင်းလိုက်တာ။* Chi နဲ့ ခဏကစားပြီးနောက်မှာ Maatan လည်း သူကြုံခဲ့တာကို သုံးသပ်ဖို့ လမ်းထလျှောက်တယ်။ ဒီလိုနဲ့ အမေတစ်ယောက် သူ့သမီးကို ဒါန်းမှာလွဲပြီး အတူရီနေကြတာကို မြင်ခဲ့တယ်။ *တွေ့လား Maatan ဖြောင့်မတ်တဲ့သူ တစ်ယောက်မှမရှိ၊ ဘုရားသခင်ကိုရှာတဲ့သူ မရှိတဲ့အချိန်မှာ လူလူချင်းချစ်တဲ့ – ဒီလိုပြစ်မျိုးမဲ့တဲ့အပျော် ဘယ်ကလာတာလဲ။ ငါဟာ စစ်မှန်တဲ့စေ့ဆော်မှုတိုင်းရဲ့ မြစ်ဖျားခံရာပဲ။ ငါဟာ ဒီကမ္ဘာကလူတိုင်းကို အလင်းပေးတဲ့ မီးအိမ်ရှင်ပဲ။*

Maatan လည်း သူ့အတွေးကိုရပ်ပြီး "ယေရှုဘုရား၊ ကျွန်တော့်ကို ဘယ်လိုလုပ်ပြီး ချစ်နိုင်ရတာလဲ။ ကိုယ်တော်ဟာ အလွန်ကောင်းမြတ်ပြီး ကျွန်တော်ဟာ အလွန်ဆိုးညစ်ပါတယ် ကျွန်တော်တို့ ဒီလောက် အတ္တကြီးကြီးနဲ့ ခြစားနေချိန်မှာ ဘာလို့ ဆက်ပြီးကူညီရတာလဲ?

*အဲဒါကြောင့်ပဲ ငါ ဒီကမ္ဘာမှာ လာပွင့်ရတာပေါ့ Maatan။ ငါက အပြစ်ပေးဖို့ လာခဲ့တာ မဟုတ်ဘူး။ ကယ်ဖို့လာခဲ့တာ။*

Maatan ရဲ့ပါးပြင်ပေါ် မျက်ရည်တွေ စီးကျလာတယ်။ ကျွန်တော်ယုံပါတယ် ကိုယ်တော်။ ကိုယ်တော်ဟာ ဘာလို့ ဒီလိုလုပ်ချင်ရတာလဲဆိုတာကို ကျွန်တော်နားမလည်ပါဘူး။ ဒါပေမယ့် ကိုယ်တော့်ကိုယုံပါတယ်။ ကိုယ်တော်ရဲ့ မေတ္တာထုကြီးအတွက်လည်း ကျေးဇူး

တင်ပါတယ်။ ခမ္မကိုလုပ်ဆောင်နိုင်ဖို့ ကျွန်တော့်ကို ထိန်းကျောင်းပါ ကိုယ်တော်။ နံနက်တိုင်း ကျွန်တော့်ကို ဆုတောင်း၊ ကျမ်းစာဖတ်လိုစိတ် ရှိစေပါတယ်။ ကျွန်တော့်မိန်းမနဲ့ ကလေးတွေကို ကျွန်တော်ချစ်ကြောင်း နေ့တိုင်းပြောနိုင်ဖို့ ကိုယ်တော် လမ်းပြပေးတယ်။ ဒါတွေအားလုံး ကိုယ်တော့်ဆီက လာတာချည်းပါပဲ။ ဒါဟာ ဆန်းပါတယ်။ အမြင်သစ်ပါ – ယုတ္တိရှိလို့ မဟုတ်ဘဲ ဒီအမှန်တရားက Maatan ရဲ့သန္တာန်မှာ အမြစ်တွယ်လို့ပါ။

(လူ့စိတ်ဟာ စဉ်းလဲတယ်။ ပြင်မရတဲ့ သန္ဓေယုတ်တဲ့ဗီဇကို မသိကျိုးကျွန်ပြုပြီး ငြင်းဆန်တယ်(ယေရမိ ၁၇း၉)။ ကုရမည့်ထုံးကတော့ ကိုယ့်ဗီဇနဲ့ပယ်သတ်ပြီး ပုထုဇဉ်တွေအပေါ် ထားရှိတဲ့ ဘုရားသခင်ရဲ့ မေတ္တာတော်မှာ အသစ်မွေးဖွားဖို့ပါ။ နေ့စဉ်နေ့တိုင်း အကောင်းတွေစဉ်းစားဖြစ်၊ တောင့်တဖြစ်စေတာက သခင်ယေရှုဖြစ်မှန်း Maatan သတိချပ်မိတဲ့အခါ သူ့ရဲ့ကယ်တင်ရှင်အပေါ် ကျေးဇူးသိတတ်တဲ့တရားတွေ ပေါ်ပေါ်လာပါတော့တယ်။)

နေရောင်ဟာ Maatan ရဲ့ဝန်းကျင်မှာကျ ကျေးငှက်တွေကလည်း သူနဲ့အတူ သီကြူးပုံပေါ်နေတယ်။ Maatan လည်း ဈာန်ပုံစိတ်နဲ့ အိမ်ကိုပြန်ဦးတည်တယ်။ ဧည့်ခန်းထဲမှာ အားကုန် ဘုရားသီချင်းဟစ်လိုက်တယ်။ ။

ကောင်းကင်နှင့်ကြယ်စုများက
အရှင်ရဲ့နာမကို ကြွေးကြော်လျှင်
အဖန်ဆင်းခံတိုင်းက
အရှင့်ဘုန်းတော် ကြွေးကြော်လျှင်
ကျွန်ုပ် မည်သို့နေရမည်နည်း
ကျွန်ုပ်ရဲ့နှုတ် ကျွန်ုပ်ရဲ့နေ
အရှင့်ရဲ့ဘုန်း အရှင့်ရဲ့ခန့်ညားခြင်း
ချီးမွမ်းရင်းသက်ရှင်
အသက်ရှင်

ကိုယ်တော်ကို အကျွန်ုပ်ချီးမွမ်းပါ၏

အဖန်ဆင်းခံ အားလုံးတို့နှင့်အတူ
အကျွန်ုပ် သီဆိုပါသည်
ချီးမွမ်းပါ၏ဘုရား
အကျွန်ုပ်ချီးမွမ်းပါ၏
ကျွန်ုပ်၏အရှင် ကျွန်ုပ်၏ကယ်တင်ရှင်
ကျွန်ုပ်၏အရှင် ကျွန်ုပ်၏ဘုရင်

သူတို့ရဲ့သခင်အကြောင်းပြောဖို့
ကြယ်များက လမ်းပြင်လျှင်
မိုးမျက်နှာကြက်သည်လည်း
ချီးမွမ်းလမ်းပြင်လျှင်
ကျွန်ုပ် မည်သို့ဖြင့် ငြိမ်ရမည်နည်း
မချီးမွမ်းဘဲ နေမည်လော
အကျွန်ုပ်ကိုချစ်ခဲ့သူ
ကယ်တင်ရှင်ကို ချီးမွမ်း
အို ဘုရား၊ ကျွန်ုပ်ချီးမွမ်း

ကိုယ်တော်ကို အကျွန်ုပ်ချီးမွမ်းပါ၏
အဖန်ဆင်းခံ အားလုံးတို့နှင့်အတူ
အကျွန်ုပ် သီဆိုပါသည်
ချီးမွမ်းပါ၏ဘုရား
အကျွန်ုပ်ချီးမွမ်းပါ၏
ကျွန်ုပ်၏အရှင် ကျွန်ုပ်၏ကယ်တင်ရှင်ကျွန်ုပ်၏အရှင် ကျွန်ုပ်၏ဘုရင်[5]

---

[5] Steve Green – Praise You, O Lord I Will Praise You from the Album *Find us Faithful.* Sparrow Record 1988.

# အခန်း ၁၆
# ကိုယ်တော့်အပေါ် ကျွန်တော့်ခံစားမှု

ဥပုသ်နေ့တစ်နေ့မှာ Maatan နဲ့ Stella တို့ ဘုရားကျောင်း မသွားဘဲ အိမ်မှာနေဖို့ ကြံကြတယ်။ Maatanဟာ ဘုရားရဲ့မေတ္တာ၊ ကောင်းမြတ်မှုအကြောင်းတွေကို ရှုမှတ်ဆုတောင်းအာရုံပြုချင်လို့ တစ်ယောက်ထဲ လမ်းထွက်လျှောက်တယ်။ သူ့စိတ်က Chi မွေးတဲ့အချိန်ကို ပြန်ရောက်သွားတယ်။ သူ့သားနဲ့အကြည့်ချင်းဆုံဖြစ်ခဲ့တာကို အမှတ်ရနေသေးတယ်။ သူ့သားကို ချစ်တဲ့အချစ်က သားအတွက် ဘာမှမလုပ်ပေးနိုင်တာမရှိ ဆိုတဲ့အထိပဲ။ ဒါကလည်း သားဆီကနေ တစ်စုံတရာ မျှော်လင့်တာမျိုး မရှိပါဘူး။ Chi က စိတ်ရှိအတိုင်းနေနိုင်ဖို့ Maatan က ဘာမဆိုလုပ်ပေးမှာပါ။ သူ့ရင်သွေးမို့လို့ သူ့ကိုချစ်တာပါ။ ကလေးဟာ သူ့ရဲ့ရုပ်ပါပဲ။ Chi ဟာ အမေအားဖြင့် အဖေ့ဆီကနေ လူဖြစ်ခွင့်ရတာပါ။

Maatan လည်း "ဤသူကား ငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေတည်း" (ရှင်မဿဲ ၃း၇) လာ ခမည်းတော်က သားတော်နဲ့ပတ်သက်လို့ မိန့်ခဲ့တာကို ပြန်သုံးသပ်တယ်။ အလင်းဟာ သူ့သန္တာန်ထဲ ထိုးဝင်လာတယ်။ ဘုရားရဲ့သားတော်ဟာ ခမည်းတော်ဆီကနေ ဘုရားဘုန်း အမွေခံခဲ့တယ်။ ဒါကို သက်သေပြနေစရာ မလိုဘူး။ အမွေရတာ။ ကျမ်းချက်လည်း ဝင်လာတယ်။

> "အကြောင်းမူကား၊ ခမည်းတော်သည် ကိုယ်၌ အသက်ရှိတော်မူသည်နည်းတူ၊ သားတော်သည် မိမိ၌ အသက်ရှိရသောအခွင့်ကို ပေးတော်မူ၏။" - ရှင်ယောဟန်ခရစ်ဝင် ၅:၂၆

> "ခမည်းတော်သည် သားတော်ကို ချစ်တော်မူ၍၊ ခပ်သိမ်းသောအရာတို့ကို သားတော်လက်သို့ အပ်ပေးတော်မူပြီ။" - ရှင်ယောဟန်ခရစ်ဝင် ၃:၃၅

*ခရစ်တော်ဟာ သူ့ရဲ့ကုဒ္ဒိတွေကြောင့် သူ့ခမည်းတော်နဲ့ ပခုံးညီတယ်ဆိုတဲ့အမှတ်နဲ့ ကျွန်တော် ကြီးပြင်းလာခဲ့တယ်။ ယေရှုဟာ သူ့ရဲ့သဗ္ဗဗလရေကြောင့် အားကြီးတဲ့ဘုရားဖြစ်*

*တယ်လို့ သွန်သင်ခံခဲ့ရတယ်။ အမှန်တော့ ယေရှုဟာ ခမည်းတော်ဆီကနေ အမွေရလို့ ဘုရားဖြစ်နေတာပါ။ သက်သေပြဖို့ (သို့) အားထုတ်ဖို့လည်း မလိုဘူး။ ရိုးရိုးလေး ရခဲ့တာ။ သားတော်ဖြစ်ရခြင်းဟာ ခမည်းတော်နဲ့ သဟာယဖြစ်မှုမှာ မူတည်တာပါ။ ရရှိခဲ့တဲ့ အစွမ်းတွေကြောင့် မဟုတ်ဘူး။ ခရစ်တော်ဟာ သားတော်အဖြစ်နဲ့ ရောင့်ရဲတယ်။ အကြောင်းကတော့ ခမည်းတော်က အရာခပ်သိမ်းကိုအပ်ပြီး ခမည်းတော်က သူ့ကိုချစ်မှန်း သေချာသိလို့ပါ။*

မိုးမျက်နှာကြက်ကလည်း ဘုရားရဲ့ဘုန်းတော်ကို ချီးမွမ်းဟန်ရှိပါတယ်။ Maatan ရဲ့နှလုံးလည်း ခုန်လာပါတယ်။ သူ့စိတ်ထဲမှာတော့ သတ္တုတွေကို ကြိတ်နေသလိုကျယ်နေတယ်။ သူ့ခေါင်း (၄) နေရာမှာ ပူနေတယ်လို့ သူခံစားရတယ်။

တစ်ခုခုတော့ ပြောင်းပြီ။ ပြောင်းလဲနေပြီ!

Maatan! Maatan လည်း “ငါ့နာမည် ငါကြားတယ်။ အဲဒါ အရှင်ဘုရားလား” လို့ စဉ်းစားတယ်။

*Maatan နင့်သားမွေးတုန်းက ဘာဆုတောင်းခဲ့လဲ မှတ်မိသေးလား။*

“မှတ်မိပါတယ် ဘုရား၊ ကျွန်တော်တို့ကြား ဘာမှဝင်မလာဖို့၊ ကျွန်တော့်ကိုသိကျွမ်းဖို့တွေ တောင်းပါတယ်။”

Maatan လည်း  သူ့နှလုံးခုန်တာကို သတိထားမိတယ်။ *ငါလည်း နင့်အပေါ် ဒီလိုပဲ ခံစားတာပါ* လို့ ကြားခဲ့ပါတယ်။

*ဒါက တကယ်ဖြစ်နေတာလား။ ငါက ကောင်းကင်မြေကြီးကိုဖန်ဆင်းတဲ့ ကောင်းကင်က ဘုရားသခင်နဲ့ စကားပြောနေတာလား။ အရှင်ဘုရားက ကျွန်တော်နဲ့ ဒီလို မိတ်သဟာယပြုချင်တာလား။*

Maatan လည်း “အရှင်ဘုရားက ကျွန်တော်နဲ့ ဘာလို့ ဒီလိုရင်းနှီးချင်ရတာလဲ။ ကျွန်တော်ဟာ အပြစ်သားပါ”

*ဘုရားရဲ့မေတ္တာဟာ ဖခင်နဲ့တူတယ်လို့ အခြားလူတွေနဲ့ နှစ်အများကြီး နီးနှောခဲ့ပြီးပြီ မဟုတ်လား။*

“အဲဒါမှန်ပါတယ်။ ကျွန်တော်ဟာ ဒုသီလပါ။ ကျွန်တော်သိသလောက် မနေပြခဲ့ပါဘူး။ ခဏခဏကျရှုံးပါတယ်။ *ဘာကြောင့် ငါ ဒီလိုဖြစ်ရတာပါလိမ့်။ ငါဘာကြောင့် ငြင်းနေတာလဲ။ ဦးနှောက်ပဲ၊ ဒါဟာ အလှဆုံးတရားပဲ။*

Maatan လည်း စိတ်ထဲမှာ (၁၀) မိနစ်လောက် အခေါက်ခေါက်စဉ်းစားနေပါတယ်။

*နင် ငါ့ကို ငြင်းဦးမလို့လား Maatan?*

Maatan လည်း သိပ်ခံစားရပြီး ငိုပါတော့တယ်။ “အရှင်ဘုရား၊ ကျွန်တော် အရှင်ဘုရားကို ငြင်းလို့မရပါဘူး။ ဒါဟာ တင့်တယ်ပါတယ်။ ကိုယ်တော်လည်း ကျွန်တော်တို့ကြားကို ဘာမှအဝင်မခံစေချင်ပါဘူး။ ကိုယ်တော်ကို ကျွန်တော်သိဖို့ပဲ ကိုယ်တော်အလိုရှိခဲ့ပါတယ် ကျွန်တော်လက်ခံပါတယ်။ ကျွန်တော်ဟာ ဒါကိုငြင်းပယ်ဖို့ စုံစမ်းခံရပါတယ်။ ကျွန်တော်ဟာ ချစ်ဖို့ထိုက်တန်ကြောင်း သက်သေပြချင်နေတာက ကျွန်တော့်ရဲ့ အမှောင်ဖုံးတဲ့ ဆန္ဒကြောင့်ပါ။ အခုတော့ ကျွန်တော်လည်း တစ်ပါးတည်းသောသားတော် ခရစ်တော်ရဲ့ အမွေရရှိတာကို ယုံပါပြီ။ ယေရှုလိုပဲ ကျွန်တော်လည်း ခမည်းတော်ရဲ့သားတော်ပါပဲ။ ယေရှုအားဖြင့် အမှန်တရားကို ကျွန်တော်မြင်နိုင်ပါတယ်။ ခရစ်တော်က အဲဒီအာမခံကို ကျွန်တော့်သန္တာန်မှာ ထည့်ပေးလို့ ကျွန်တော်လည်း မိသားစုဝင်အဖြစ် ကြိုဆိုခံရကြောင်း ယုံနိုင်ပါပြီ။ သခင်ယေရှုလည်း ခမည်းတော်ဆီကနေ ရခဲ့တာကြောင့် ကျွန်တော့်ဆီမှာ အဲဒီအာမခံကို ပေးနိုင်တာဖြစ်ပါတယ်။”

“အဖကို ကျွန်တော်ယုံပါတယ်။ ကိုယ်တော်ရဲ့သားတော်လိုဘဲ ကျွန်တော်ဟာ အမွေအားဖြင့် ကိုယ်တော်ရဲ့သားအဖြစ် လက်ခံခြင်းခံရတာကို ယုံပါတယ်။ ကျွန်တော့်သန္တာန်မှာ ထည့်ပေးတဲ့ ကျွန်တော့်သားကို ချစ်တတ်တဲ့စိတ်က ကျွန်တော်ဟာ ကိုယ်တော့်အတွက် ဘာလဲဆိုတာကို မြင်စေပါတယ်။ ကျေးဇူးတင်ပါတယ်။” Maatan လည်း မျက်ရည်ကျပြီး ဒီအကြောင်းဟာ ရိုးရှင်းပေမယ့် ဒီလိုတစ်ခါမှ သဘောမပေါက်ခဲ့ဖူးဘူး။

“ခမည်းတော်နဲ့ကျွန်တော့်ကို ရင်ကြားစေ့ပေးတဲ့အတွက် ကျေးဇူးတင်ပါ သခင်ယေရှု”

Maatan ဟာ သူ့ရဲ့အသစ်တွေ့ရှိမှုကို သူ့မိန်းမနဲ့ မျှဝေချင်တယ်။ “Stella ရေ အံ့သြစရာ ဖြစ်ပျက်ခဲ့တယ်” ဆိုပြီး ဖြစ်ကြောင်းကုန်စင် ခင်းပြတယ်။

“ဘုရားကိုချီးမွမ်းပါတယ် Maatan ဒါဟာ ဆန်းကျယ်ပါတယ်။ ဘုရားက ဒီလိုမြင်တတ်ဖို့ ငါတို့ရဲ့အိမ်ထောင်နဲ့ အလင်းပြတာပဲ” ဆိုပြီး Stella က Maatan ကို ပြောတယ်။ သူ့မျက်နှာဟာ တစ်မျိုးပြောင်းနေတယ်။ ဝန်ထုပ်မလေးတော့တဲ့ ပုံမျိုးပဲ။ “နင့်ခေါင်းကကြေးငုတ်တွေ ကြည့်ပါဦးမယ်။ ခေါင်းမှာ တစ်ခုခုဖြစ်ခဲ့တယ်လို့ နင်ပြောခဲ့တယ်လေ”

“ဟုတ်တယ် Stella ကြည့်ပေးပါဦး။ ဘာတွေ့လဲ” Stella လည်း မှန်ဘီလူးယူလာပြီး ကြည့်တယ်။

“အားလုံးပဲ၊ Maatan” “ဘာအားလုံးလဲ Stella” “အားလုံး ငွေငုတ်ဖြစ်သွားပြီ”

“နင့်ဟာလည်း ကြည့်ရအောင်လို့” Maatan လည်း ပြောတယ်။ မှန်ဘီလူးနဲ့ ကြည့်လိုက်ပြီး “နင့်ဟာတွေလည်း အကုန်လုံး ငွေငုတ်ဖြစ်သွားပြီ” တဲ့။

Maatan လည်း Stellaကိုဖက်ပြီး အတူဒူးထောက် ဆုတောင်းလိုက်ကြတယ်။ “ယေရှုဘုရား၊ ကိုယ်တော့်ရဲ့ထမ်းပိုးဟာ ထမ်းရလွယ်ပြီး ပေါ့လည်းပေါ့ပါတယ်။ ကိုယ်တော့်ရဲ့ အမွေအားဖြင့် ကျွန်တော်တို့ရဲ့ဝန်လည်း ပေါ့ခဲ့ရပါတယ်။ ကိုယ်တော်ဟာ လမ်း၊ သမ္မာတရား၊ အသက်ဖြစ်ပါတယ်။ သားတော်ကိုရရှိသူဟာ အသက်ရရှိပါတယ်။ သားတော်ကို မရရှိသူဟာ အသက်မရရှိပါဘူး။ သားတော်ရှေ့မှာ ကျွန်တော်တို့ ပျပ်ဝပ်ပါတယ်။ ကိုယ်တော့်ကို ပဏာမပြုပါတယ်။ ကိုယ်တော့်ရဲ့ဇာစ်မြစ်မှာ လွတ်လပ်မှုကိုရပြီး ကိုယ်တော်နှစ်ခြင်းခံယူစဉ်က ခမည်းတော်မိန့်ခဲ့တဲ့ “ဤသူကား ငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေတည်း” ဆိုတဲ့စကားမှာ ကျွန်တော်တို့ မှီခိုလျက်ပါ။ ဘုရား၏နာမတော် ဘုန်းကြီးပါစေ။ သခင်ယေရှုနာမ၌ ဆုတောင်းပါ၏။ အာမင်”

# အခန်း ၁၇

# ကမ္ဘာကြီး တန့်တဲ့နေ့

တနင်္လာနေ့ Maatan ဟာ သူ့စားပွဲကို သွားနေတုန်း David က သူ့ရုံးခန်းထဲလာဖို့ ခေါ်တယ်။ “Maatan ငါတို့ ဘောထုပ်ထားတဲ့ဖက်သွားပြီး ဘာလို့ဝင်ငွေလျှော့ရတာလည်းဆိုတာ ကြည့်ပေးပါဦး” လို့ David က ပြောတယ်။

“စိတ်ချ၊ သူဌေး နောက်နေ့မနက်ကျရင် အရင်ဆုံးလုပ်လိုက်ပါ့မယ်”

နောက်နေ့မနက် စက်တင်ဘာ ၁၁၊ ၂၀၀၁ ဟာ နေပွင့်ပြီး လှပနေပါတယ်။ ကောင်းကင်မှာ တိမ်ကင်းလို့။ Spring Hill ဌာနကို Maatan မနက် ၈း၃၀ မှာ ရောက်ပြီး မန်နေဂျာ James နဲ့ စကားပြောတယ်။ သူတို့ (၂) ယောက်လုံးက အချက်အလက်တွေ ရှာနေတုန်း တစ်မုဟုတ်ချင်းပဲ လူတွေလှုပ်လှုပ်ရှားရှား ဖြစ်သွားကြတယ်။

“ဘာဖြစ်တာလဲ” ဆိုပြီး သူတို့ (၂) ယောက် ခေါင်းရှုပ်သွားတယ်။

သူတို့လည်း အပြင်ထွက်ကြည့်တော့ World Trade Centre မြောက်ဘက်ကတိုက် မီးခိုးထွက်နေတယ်။ James က “ဘာဖြစ်တာလဲ” တဲ့။ အထဲပြန်ဝင်ပြီး မှန်ပြောင်းသွားယူတယ်။ အဲဒီတိုက်ဟာ သူတို့ဆီကနေ (၅) ကီလိုမီတာဝေးတယ်။ ဒါကြောင့် မျက်စိနဲ့လှမ်းမြင်နိုင်တယ်။

James က “အိုး၊ မီးခိုးတွေဟာ World Trade Centre မှာ အပေါက်ကြီးဖြစ်တဲ့ပုံပဲ”

Maatan လည်း စိတ်မအေးဘူး။ “ဗုံးပေါက်တာလားဘာလား မသိဘူး” ဒီအဖြစ်ကြောင့် ခံစားရမဲ့လူတွေအတွက် ဆုတောင်းရအောင်။ တစ်ချို့တော့ ဒီပေါက်ကွဲမှုကြောင့် သေမှာသေချာတယ်။ “အဖဘုရား ဒုက္ခကြုံမယ့်သူတွေကိုမစတော်မူပါ။ ယေရှုနာမ၌ ဆုတောင်းပါ၏”

James က "သတင်းမှာဘာပြောလဲ သွားကြည့်မယ်" ဆိုပြီး လစ်သွားတယ်။ TV ဖွင့်လိုက်တော့ လေယာဉ်က ဝင်တိုက်တယ်လို့ မှန်းရတယ်လို့ ပြောတယ်။

Maatan က "ဘာ၊ လေယာဉ်! လေယာဉ်မှူးက မှားနိုင်လား" အပေါက်ကြီးက ကြီးမားတဲ့ လေယာဉ်မြန်နှုန်းကို ပြတယ်။ လေယာဉ်ငယ်ဆိုရင်တော့ ယင်ကောင်က တိုက်အနားစွန်းကို တိုက်သလိုပဲနေမှာ။

Maatan လည်း သူ့စိတ်ကို ပြန်စုစည်းတယ်။ မြို့ထဲကသူ့ရုံးလည်း သူရှိတဲ့နေရာနဲ့ အခင်းဖြစ်ပွားရာနေရာလောက် ဝေးတယ်။ ပေါက်ကွဲမှုအကြီးစားကြီး တကယ်ဖြစ်ခဲ့တယ်။ ဒါဟာမြို့ကို ရည်ရွယ်ချက်ရှိရှိနဲ့ တိုက်တာဖြစ်ရမယ်။ တကယ့်ပြဿနာပါပဲ။

Maatan ဗိုက်က သရိုးသရီဖြစ်သလို ခံစားလာတယ်။ မီးသတ်ဥသြသံကလည်း တိုက်နှစ်လုံးကြားက မီးခိုးငွေ့နဲ့ အပြိုင်မြည်နေတယ်။ Maatan ဘာလုပ်ရမှန်းမသိ တက်လိုက်ဆင်းလိုက်နဲ့ လုပ်နေချိန် ဖုန်းဝင်လာတယ်။ Stella က စိတ်ပူပူနဲ့ "Honey, အဆင်ပြေလား။ World Trade Centre ကိုတိုက်တဲ့ သတင်းကြားမိလို့ပါ" တဲ့။

"ငါ အေးဆေးပဲ Stella၊ ငါ မြစ်တစ်ဘက်က Spring Hill မှာ ရောက်နေတယ်။ James နဲ့ ငါ အဲဒီဖြစ်စဉ်ကို တွေ့တယ်။ မီးခိုးတွေလိုမ့်တက်နေတာကို တွေ့ရတယ်။ ဒုက္ခတွေ့မယ့်လူတွေအတွက် ငါတို့ ဆုတောင်းပေးရမယ်။ ဒီနေ့တော့ မိသားစုအများကြီးအတွက် နေ့ဆိုးပဲ။ မီးသတ်အဖွဲ့ ထိန်းနိုင်မယ်လို့ မျှော်ရမှာပဲ"

"Maatan ဒါက တိုက်ခိုက်တာဆိုရင် ဘာဆက်ဖြစ်နိုင်မလဲ။ နင် အိမ်ပြန်လာသင့်တယ်ထင်တယ်"

"David ကို ဖုန်းခေါ်ပြီး သူဘာပြောလဲကြည့်မယ်လေ။ နောက်မှ နင့်ကို အကြောင်းကြားလိုက်မယ်"

Maatan က David ကို ဖုန်းဆက်ပြီး "David ခင်ဗျားအဆင်ပြေလား၊ World Trade Centre ကို ကြည့်ဖြစ်သေးလား"

“အေး၊ ငါကောင်းပါတယ် Maatan နင် အိမ်ပြန်လိုက်ပါလား။ ပင်တဂွန်လည်းထိတယ် ပြောတယ်။ အဲဒါကြောင့် မြို့လယ်တွေကို ပိတ်ပစ်နိုင်တယ်။ မြို့ရဲ့တစ်ဘက်မှာ ဖြိုခွဲမှုတွေ ဆက်ပြီးဖြစ်နိုင်ချေရှိနေတယ်။ Stella နဲ့ ကလေးတွေဆီပြန်လိုက်တော့”

“ပင်တဂွန်ကိုတိုက်တယ် ဟုတ်လား။ ဘယ်လိုကြီးလဲ။ ကမ္ဘာ့အကြီးဆုံး ကာကွယ်ရေးဌာနက သူ့အဆောက်အဦးကို မကာကွယ်နိုင်ဘူးလား။ အဓိပ္ပာယ်မရှိလိုက်တာ”

“အခုတော့ ဘာမှကိုအဓိပ္ပာယ်မရှိဘူး Maatan နင့်ကို အိမ်ပြန်ဖို့ပဲ တိုက်တွန်းချင်တယ်။ ကိစ္စတွေ မကြာခင်ကောင်းလာမယ်လို့ မျှော်လင့်ပါတယ်”

“ကောင်းပါပြီ David အားလုံးကို ဆုတောင်းပေးကြတာပေါ့။ ဒီနေ့တော့ ကျွန်တော်တို့ ဘယ်တော့မှ မမေ့မယ့်နေ့ပဲ။ တကယ့်ဦးနှောက်ပဲ။” Maatan လည်း ဂျိမ်း ဆီမှာ “ကျွန်တော်အိမ်ပြန်တော့မယ်။ David က အိမ်ပြန်တာ အကောင်းဆုံးလို့ ပြောတယ်။ ခင်ဗျားကော ဘာလုပ်မှာလဲ”

“ငါ့မှာ လုပ်စရာနည်းနည်းရှိသေးတယ်။ အခြေအနေကြည့်ပြီး နောက်မှ အေးဆေးပြန်မယ်” လို့ ဂျိမ်းက ဖြေတယ်။

“ကောင်းပြီ။ သတိမပြတ်စေနဲ့။ Constance မြို့အတွက် ဆုတောင်းပေးရအောင်။ ဒီနေ့တော့ တကယ့်ပြဿဒါးပဲ”

Maatan ဘူတာရုံကိုလာတဲ့အခါ မြို့လယ်ကနေထွက်လာတဲ့ အသံကြီးကို ကြားရတယ်။ မြေကြီးတုန်သွားတယ်။ လူတွေကလည်း “နိုး၊ နိုး၊ နိုး” ဆိုပြီး ဆူညံနေတာပဲ။ တိုက်ကြီးတစ်ခုလုံး ပြိုကျသွားတာ Maatan မြင်ရတဲ့အခါ သူ့အတွက် အရာအားလုံးဟာ အနှေးပြကွက်လို ဖြစ်နေတယ်။ သူလည်း သူတွေ့ရတာနဲ့ပတ်သက်လို့ အာစေးမိနေတယ်။ သူလည်း ချက်ချင်းပဲ ဒီတိုက်ထဲမှာ လူတွေရှိဦးမှာပဲဆိုပြီး *“ယေရှုဘုရား ဒါဟာ ဘာသဘောလဲ၊ ဘာကြောင့် ဒီလိုဖြစ်ရတာလဲ”* တဲ့။

Maatan လည်း ရထားထဲရောက်တော့ သူ့စိတ်ကိုပြန်ပြီး စုစည်းတယ်။ ဒီတိုက်ကြီး ဒီလို ပြိုကျနိုင်မယ်လို့ကို သူ မစဉ်းစားတတ်ခဲ့ဘူး။ ဒါပေမယ့်လည်း ယုတ္တိရှိရှိစဉ်းစားဖို့လည်း အာရုံမစိုက်နိုင်ဘူး ဖြစ်နေတယ်။ ဖြစ်ပျက်ခဲ့တာတွေကလည်း ရှုပ်ထွေးလွန်းနေတယ်။ Maatan က သူ့ဖုန်းကနေ နောက်ဆုံးသတင်းတွေကို နားစွင့်နေတယ်။

သူ့အိမ်နဲ့နီးတဲ့ဘူတာ မရောက်ခင်မှာ မြောက်ဘက်ကတိုက်လည်း ပြိုကျပြီဆိုတဲ့သတင်း ကြားခဲ့သေးတယ်။ အခု Maatan ဒီအကြောင်းကို စဉ်းစားနေပါပြီ။ မြောက်ဘက်ကတိုက် က ဘာလို့ ပြိုကျနိုင်ရတာလဲ။ လေယာဉ်တိုက်ခဲ့တဲ့နေရာက တောင်ဘက်တိုက်ထက် အများကြီး မြင့်နေတယ်လေ။ ရထားစီးနေတဲ့သူ အားလုံးက သတင်းမှာ တောင်ဘက်က တိုက်လိုပဲ ပြိုသွားပြီလို ပြောတယ်လေလို့ ပြောနေကြတယ်။ တိုက် (၂) လုံးစလုံး အခု တော့ မြေပုံဖြစ်သွားတယ်။ အရင်က ကောင်းကင်ကို စီးမိုးနေတဲ့နေရာမှာ အခုဘာမှမရှိ တော့ဘူး။

Stella က ကြောက်ကြောက်နဲ့ “Maatan ဘာတွေဖြစ်ခဲ့တာလဲ” လို့ တံခါးဖွင့်ရင်းမေး တယ်။ Maatan က သူ့ကိုဖက်ပြီး နှစ်သိမ့်တယ်။

“ဒီဖြစ်စဉ်က ဆန်းနေတယ်။ တစ်ချို့ဟာတွေက တွေးလို့ကို မရဘူး။ TV ကြည့်ပြီးတော့ ပြန်စဉ်းစားရမယ်” လို့ Maatan က ပြောတယ်။ Maatan နဲ့ Stella တို့ကတော့ ကျမ်းစာ ပိုဖတ်ဖြစ်အောင်TV ကြည့်တာကို လျှော့တယ်။ တစ်ခါတစ်လေတော့ သတင်းသိရအောင် ကြည့်ကြတယ်။

Stella က “သူတို့က လေယာဉ်ပေါ်ကလူတွေ သူတို့မိသားစုနဲ့ စကားပြောတာတွေ ပြန် ပြန်ပြနေတယ်” လို့ ပြောတယ်။

Maatan က “TV ကို အိပ်ခန်းထဲပြောင်းထားလိုက်မယ်။ ကလေးတွေ ကြည့်ဖို့မလိုဘူး”

“Maatan နင် ဘာစဉ်းစားနေတာလဲ။ နင့်မျက်လုံးမှာ တစ်ခုခုတော့ တစ်ခုခုပဲ”

“အင်တာဗျူးထားတာကို လွှင့်တော့ အမျိုးသမီးရဲ့အသံကို နင်ကြားလား။ လူတွေ ကြောက်နေ၊ ပျာယာခတ်နေတဲ့အသံတွေ ကြားနေရမှာ မဟုတ်လား။ အခု ဒီအမျိုးသမီး က တည်ငြိမ်နေသလိုပဲ။ ထူးဆန်းလိုက်တာ Stella။ တကယ်ပါ တစ်ခုခုတော့ မှားနေ တယ်။

Stella က “ရေချိုးခန်းကနေပြောလို့လားမှ မသိတာ” တဲ့။

“လေယာဉ်ပေါ်ကနေ ဖုန်းပြောလို့ရလို့လား။[6] ဖုန်းမပြောရမှန်း ငါသိတယ်။ အမြင့်ဆုံး ရောက်တဲ့အချိန်တော့ မသိဘူး Stella။ ဆန်းတာတော့ တကယ်ကိုဆန်းတာ။ ပင်တဂွန် ပျက်တဲ့ပုံကော တွေ့လား။ လေယာဉ်ကော ဘယ်မှာလဲ။ ဘာလေယာဉ်မှ ငါမတွေ့ဘူး။ တောင်နဲ့မြောက် တိုက်(၂)လုံးကို တိုက်တာက လေယာဉ်တွေပါဆိုတာကော နင်အတပ် သိလို့လား”

“တိုက်ထဲမှာ အားလုံးရှိတာနေမှာပေါ့ Maatan”

သူ့မေးခွန်းတွေဟာ stella အတွက် အရမ်းခက်နေမှန်း Maatan သိလိုက်တယ်။ “နင် ပြောတာမှန်နိုင်တယ် Stella။ လေယာဉ်ဟာ တိုက်ထဲမှာလည်း ရှိနေနိုင်တယ်။ နေပါဦး နင်ကလေးတွေကို ထိန်းလိုက်လေ ငါလည်းဆက်ကြည့်ပြီး သတင်းစုဦးမယ်”

Maatan လည်း ဆက်ကြည့်ပြီး VHS Tape မှာ ကူးထားလိုက်တယ်။ သူက ခရီးစဉ်အမှတ် ၉၃ မှာ ပါသွားတဲ့လူရဲ့ မိခင့်အသံကို နားထောင်ကြည့်တယ်။ အဲဒီမိခင်က သူ့သားရဲ့ နာ မည် အပြည့်အစုံကို ပြောတဲ့အခါ အတုကြီးလိုဖြစ်နေတယ်။ ဘာတွေဖြစ်နေတာလဲ။ မြေ ပြင်ကမီးခိုးနဲ့ တောထဲကိုကျတယ် ပြောတဲ့နေရာက မီးခိုးကိုလည်း ကြည့်ဖြစ်တယ်။ *လေ ယာဉ် ဘာလို့မတွေ့ရတာလဲ။ လေယာဉ်ကို ဘာလို့မပြရတာလဲ။* သူအံ့သြနေတယ်။ CNN က ဒုတိယလေယာဉ်က တိုက်ကိုတိုက်တဲ့ပုံ ပြတာကို ကြည့်တယ်။ မပေါက်ကွဲမချင်း တစ်ယောက်ကမှ ဘာမှမပြောဘူး။ သူတို့ရဲ့ မြေပြင်သတင်းထောက် အဲဒီနေရာမှာရှိ

---

[6] https://www.prnewswire.com/news-release/the-911-phone-calls-disturbing-irregularities-uncovered-in-the-calls-that-flashed-around-the-world-207702531.html

တယ်။ သူက ပေါက်ကွဲတာကိုပဲပြောပြီး လေယာဉ်အကြောင်း ဘာမှမပြောဘူး။[7] နာရီအတော်ကြာပြီးနောက်မှာ Maatan က လမ်းထလျှောက်ပြီး အားလုံးကို ချိတ်ဆက်ကြည့်တယ်။ ခေါင်းချာလပတ်ရမ်းသလို ခံစားရလို့ "Stella ရေ ငါလမ်းထွက်လျှောက် ဆုတောင်းလိုက်ဦးမယ်။ ငါ့မှာ စဉ်းစားစရာတွေရှိတယ်"

"ဘုရားက လမ်းပြပေးမယ်လို့ သက် ယုံတယ်။ ဆုတောင်းပေးပါတယ်"

Maatan က ပြုံးပြီး "ကျေးဇူးပဲ honey" *ဘုရားရေ ဘာတွေဖြစ်နေတာလဲ။ ဘာမှကို နားမလည်နိုင်တော့ဘူး။ ကျွန်တော်ရူးပြီထင်တယ်။ ဒါတွေကို မစဉ်းစားချင်တော့အောင် ဖြစ်မိတယ်။* ဆုတောင်းနေချိန်မှာ ကျမ်းချက်တစ်ချက် ခေါင်းထဲဝင်လာတယ်။ ။

> "အကြောင်းမူကား၊ အမြင့်ဆုံးသောဘုရားသည် လောကီနိုင်ငံကို အုပ်စိုးတော်မူသည်ကိုလည်းကောင်း၊ ပေးလိုသော သူတို့အား ပေးတော်မူသည်ကိုလည်းကောင်း၊ ယုတ်မာသော သူတို့ကို ချီးမြှောက်၍ နိုင်ငံကို အပ်ပေးတော်မူသည်ကိုလည်းကောင်း သတ္တဝါတို့ သိနားလည်ရသော အခွင့်ရှိစေခြင်းငှာ၊ သစ်ပင်စောင့်တို့သည် ဤသို့စီရင်ကြပြီ။ သန့်ရှင်းသူတို့သည် အမိန့်တော်ကို ပေးကြပြီဟု ဟစ်ကြော်လေ၏။" - ဒံယေလအနာဂတ္တိကျမ်း ၄:၁၇

Maatan လည်း အရင် (၅)နှစ်လောက်မှာ Martin Bryant က လူ (၃၅) ယောက်ကို သတ်ခဲ့တဲ့ Arthur ဆိပ်ကမ်း လူသတ်မှုကြီးအကြောင်း စ သုံးသပ်လိုက်တယ်။ သူက ကဖေးထဲမှာ လူ (၁၂) ယောက်ကို (၁၅) စက္ကန့်အတွင်း သတ်ခဲ့တယ်လို့ သတင်းကပြောတယ်။ အဲဒီမှာ မီဒီယာရဲ့လှည့်ဖြားမှု အများကြီးပါတယ်လို့ ခံစားရတယ်။ Bryant ပြောတာကို နားထောင်တဲ့အခါ သူက ဒါမျိုးလုပ်နိုင်မယ့် အရည်အချင်း ရှိပုံမပေါက်ဘူး။ *ကမ္ဘာကြီးက အာ*

---

[7] https://www.youtube.com/watch?v=sBciZFE&!Aw

*ရုံစိုက်ရလောက်အောင် ဒီလိုမြန်မြန်သတ်နိုင်ဖို့ ခင်ဗျားဒီလိုသင်တန်းကို ဘယ်မှာတက်ခဲ့တာလဲ။ ဒါ ဖြစ်နိုင်ပါတယ်။ ဒါပေမယ့်လည်း ဆန်းနေတယ်။*

Maatan က *ငါတော့ အတွေးနဲ့ မရှုပ်ချင်ဘူး။ ဒါပေမယ့် ဒီသတင်းတွေကို ဘယ်လိုလုပ်ရမှာလဲ ။ New World Order အင်အားစုဟာ ကန့်လန့်ကာနောက်မှာရှိနေမှန်း ငါသိတယ်။ သမ္မတဘုရှ်ရဲ့အဖေက ဒါကိုပြောဖူးတယ်။* Maatan လည်း ဆုတောင်းအပြီးမှာ နေသာထိုင်သာရှိလာတယ်။ သူလည်း ထွေနေတယ်။ ဒီအထိကတော့ ခေါင်းဆောင်တစ်ချို့ လူ့အရေးအတွက် ဓမ္မကိုလုပ်ဆောင်ချင်တယ်လို့ မျှော်လင့်လို့ရတယ်။ ဒါပေမယ့် ကမ္ဘာကြီးဟာ အဓမ္မသမားတွေရဲ့လက်ထဲ ရောက်နေတဲ့ သာဓကတွေက တောင်လိုပုံနေတယ်။

အစိုးရက အားလုံးကို ထိန်းချုပ်နေတာလို့ ခံစားနေရတယ်။ ဒါက လက်ခံရခက်ပါတယ်။ သတင်းအတိုင်း ယုံလိုက်တာ ပိုမလွယ်ဘူးလား။ ဘောင်အပြင်ထွက်ရတာ မောပါတယ်။ အဲဒါနဲ့ Maatan ဟာ သူ့ငွေငုတ်တွေဆီ အာရုံရောက်သွားတယ်။ ဒါက သူ့မှာ အာကာသရဲ့တန်ခိုးကို အစိုးရတဲ့မင်းက ကြိုးကိုင်တဲ့ ဒီကမ္ဘာအကြောင်း လေ့လာစရာတွေ အများကြီးရှိကြောင်းကို အမှတ်ရစေတယ်။ ဒီလိုမဖြစ်ပျက်နိုင်အောင် လုပ်နိုင်တဲ့အစွမ်းကနေ ရှန်းထွက်ဖို့က ခက်လွန်းမက ခက်မယ့်ပုံပဲ။

ညနေအတော်စောင်းပြီဆိုတော့ Maatan လည်း အိမ်ပြန်လာတယ်။ အိမ်ရောက်တာနဲ့ TV ပြန်ကြည့်တယ်။ ညနေ ၅း၂၀ မှာ WTC တိုက်အမှတ် (၇) ပြိုကျတဲ့သတင်း တက်လာတယ်။ “မဟုတ်သေးပါဘူး။ ဒါတော့ ဟုတ်ကို မဟုတ်တော့ဘူး။ ဒါတော့ ထိန်းချုပ်မှုနဲ့ ဖြိုချတာပဲ။ ဒီလိုပဲဖြစ်နိုင်တယ်။ ဒါကတော့ အတွင်းစည်းရဲ့ ကြံစည်မှုမဟုတ်ဘူးလို့ ဘယ်သူမှ ငါ့ကိုနားချလို့ရမှာ မဟုတ်ဘူး။ WTC (၇) ကို ဘယ်လေယာဉ်မှ မတိုက်ဘူး။ မီးတွေကြောင့်လည်း အဲဒီတိုက်ကို မပြိုစေနိုင်ဘူး။ အဲဒီတိုက်ပြိုတဲ့အချိန် မီးငြိမ်းနေပြီ။ ဒါတော့ များသွားပြီ။

Maatan အသက်ပြင်းပြင်းရှူလိုက်တယ်။ ဘဝမှာ ထားထားတဲ့ မျှော်လင့်ချက်တွေလည်း ပျောက်ကုန်ပြီ။ ကမ္ဘာကြီး ဒီလိုအမြဲ မြဲနေမှာမဟုတ်မှန်း သူသိပါတယ်။ ကမ္ဘာကြီးဟာ

နောက်ဆုံးကာလကို ခြေလှမ်းနေမှန်း သိပါတယ်။ သူဟာ ယေရှုပြခဲ့တဲ့ ခမည်းတော်ရဲ့ မေတ္တာတော်နဲ့ ကယ်တင်ခြင်းလက်ဆောင် ပံ့သကူပေးနေတဲ့အကြောင်းတွေကို စဉ်းစားဖြစ်နေတယ်။ သူ့ကလေးတွေ၊ သူ့မိတ်ဆွေတွေအကြောင်းကို စဉ်းစားပြီး သူတို့ရှေ့ရေးအတွက် ဘာလုပ်ပေးရမလဲဆိုတာကို စဉ်းစားတယ်။ သူ့အတွက် ဘာကအရေးကြီးလဲဆိုတာလည်း အာရုံစိုက်တယ်။

*သခင်ယေရှုဘုရား၊ ကိုယ်တော်ရဲ့ငြိမ်းချမ်းမှု ကျွန်တော်လိုအပ်ပါတယ်။ ကျွန်တော့်စိတ်ကတော့ ဒီမိစ္ဆာကို တိုက်ချင်ပါတယ်။ ဒါပေမယ့် ကိုယ်တော်က ကိုယ်တော့်ရဲ့နိုင်ငံဟာ ဒီကမ္ဘာမဟုတ်ဘူးလို့ မိန့်ခဲ့တယ်။ အရှင့်ရဲ့ အစေခံတွေကလည်း ဒီလိုမတိုက်ကြဘူး။ အမှန်တရားနဲ့ အရှင့်ရဲ့ကောင်းမြတ်ခြင်းကို ကျွန်တော် အာရုံပြုဖို့လိုပါတယ်။ အရှင်ဟာ ကျွန်ုပ်ရဲ့ကြေးငွေတွေကို ငွေရောင်ပြောင်းပေးခဲ့ပါပြီ။ မြို့ကနေထွက်ပြေးနိုင်ဖို့ ဒီငွေငွေတွေကို ရွှေရောင်ဖြစ်အောင်လုပ်ဖို့ လိုပါသေးတယ်။*

Maatan လည်း ဘုရားကိုတွေ့ဖို့ သူ့မွေးရပ်ဒေသကို စွန့်ခွာခဲ့တဲ့ သူ့ရဲ့ဘိုးဘေးကြီး အာဗြဟံအကြောင်း တွေးဖြစ်တယ်။ Maatan လည်း အာဗြဟံလိုပဲ သူကြီးပြင်းခဲ့တဲ့ အရပ်ဟာ မကောင်းမှန်းသိပြီး သူ့မိသားစုကို ဒါထက်ကောင်းအောင် ထားချင်ခဲ့တယ်။ ရှင်ပေါလုက လူကမလုပ်ဘဲ ဘုရားက ကြံစည်ပေးတဲ့အဖြစ်ကို အောက်ကအတိုင်း ပြောတယ်။ ။

> "အာဗြဟံသည် အမွေခံရလတ္တံ့သော ပြည်သို့ ထွက်သွားမည်အကြောင်း၊ ဘုရားသခင်ခေါ်တော်မူသောအခါ၊ သူသည် အဘယ်အရပ်သို့သွားသည်ကို ကိုယ်တိုင်မသိဘဲလျက်၊ ယုံကြည်ခြင်းအားဖြင့် နားထောင်၍ ထွက်သွားလေ၏။ [၁၀]အကြောင်းမူကား၊ ဘုရားသခင် တည်ထောင်ပြုစုတော်မူသော၊ ခိုင်ခံ့မြဲမြံသောမြို့ကို မျှော်လင့်သတည်း။" - ဟေဗြဲဩဝါဒစာ ၁၁:၈၊ ၁၀

## အခန်း ၁၈

## ကျွန်တော့်သခင်ဟာ ကျွန်တော့်အပိုင်၊ ကျွန်တော်သည် သခင့်အပိုင်

နောက်အပတ်ထဲမှာလည်း Maaan က ဆက်ပြီးသတင်းတွေ စစ်ဆေး၊ ဆုတောင်းတယ်။ လေယာဉ်ပျက်ထဲကနေ လေယာဉ်ပြန်ပြေးဆွဲသမားရဲ့ နိုင်ငံကူးလက်မှတ် အကောင်းအတိုင်းရှိနေသေးတာကလည်း ပြဿနာ…။ သတင်းတင်ပြသူကတော့ လူထုကိုယုံစေချင်ခဲ့တယ်။

Stella က "ငြိမ်လှချည်လား Maatan" လို့ တိုးတိုးလေးလာပြောတယ်။ သူကတော့ အတွေးလွန်နေတော့ အသံကြားတဲ့အခါ လန့်ခဲ့သေးတယ်။

"Stella ရေ ဒီစနစ်ကြီးကနေ ဘယ်လိုရုန်းထွက်ရမလဲ။ ဒါက အထုပ်တွေထုတ်ပြီး ထွက်ရုံနဲ့မပြီးဘူး။ Constance ဆိုတာကို ငါတို့ စိတ်စွဲနေသေးရင် ဒဿနတွေကို ငါတို့နဲ့ အပါယူသွားသလိုဖြစ်ပြီး ငါတို့ရောက်တဲ့နေရာတိုင်း ဆက်ပြီးစိုက်သလို ဖြစ်သွားနိုင်တယ်။ ငါတို့က ကြေးနဲ့သံရဲ့စနစ်အောက်မှာ ကြီးပြင်းခဲ့ကြတာ။ ငါတို့ရဲ့စိတ်လည်း ကျားသစ်ရဲ့အစက်အပြောက်လိုပဲ။ ဘုရားကို အမြဲငြင်းဆန်ခြင်းရဲ့ အကျိုးကို မြည်းခဲ့၊ သိခဲ့ပြီးကြပြီ။

"Stella ရေ၊ သမ္မာကျမ်းစာမှာတော့ မြို့တည်တဲ့သူတွေ အစကတည်းက ဘာဆုံးဖြတ်ခဲ့ကြလဲဆိုတာ ပြထားတယ်။ ။

> "လူမျိုးတို့သည် အဘယ်ကြောင့် ရုန်းရင်းခတ် ပြုကြသနည်း။ လူစုတို့သည် အဘယ်ကြောင့် အချည်းနှီး ကြံစည်ကြသနည်း။ လောကီရှင်ဘုရင်တို့သည် ထကြ၍၊ မှူးမတ်အရာရှိတို့လည်း၊ ထာဝရဘုရားနှင့် ခရစ်တော်ကိုရန်ဘက်ပြုလျက်၊ သူတို့ချည်နှောင်ခြင်းကို ဖြေကြကုန်အံ့။ ချည်နှောင်သောကြိုးတို့ကို ဖယ်ကြကုန်အံ့ဟု သင်းဖွဲ့ကြ၏။" - ဆာလံကျမ်း ၂:၁-၃

"သူတို့က ဘာကိုငြင်းပယ်တာလဲ"

> “ငါ၏ရှင်ဘုရင်ကို သန့်ရှင်းသော ဇိအုန်တောင်တော်ပေါ်မှာ၊ ငါ့ကိုယ်တိုင် ဘိသိက်ပေးပြီဟု မိန့်တော်မူမည်။ ဗျာဒိတ်တော်အချက်ကို ငါပြန်ကြားပေအံ့။ ထာဝရဘုရားက သင်သည်ငါ့သားဖြစ်၏။ ယနေ့ပင် သင့်ကို ငါဖြစ်ဖွားစေပြီ။” - ဆာလံကျမ်း ၂:၆၊ ၇

“သူတို့ ဘာလို့ပုန်ကန်ကြတာလဲ Stella? သူတို့က ဘုရားကို မကြိုက်ကြလို့ပဲ။ သူတို့က သူတို့သဘောအတိုင်း နေချင်ကြတာ။ သားတော်ဆိုတာ ခမည်းတော်ကို လုံးလုံးနာခံ၊ အပ်နှံတဲ့ ပြယုဂ်ကြီးလေ။”

> “ငါသည် ကိုယ်အလိုအလျောက် အဘယ်အမှုကိုမျှ မပြုနိုင်။ ငါသည် ကြားသည်အတိုင်း တရားစီရင်၏၊ ငါစီရင်ခြင်းသည်လည်း တရားတော်နှင့် ညီညွတ်၏။ အကြောင်းမူကား၊ ငါသည် ကိုယ်အလိုသို့မလိုက်၊ ငါ့ကို စေလွှတ်တော်မူသော ခမည်းတော်၏အလိုသို့ လိုက်၏။”
> - ရှင်ယောဟန်ခရစ်ဝင် ၅:၃၀

“ဒါက ဘာကိုဆိုလိုတာလဲ သိလား Stella” “သိတယ်ထင်တာပဲ Maatan။ ငါနင့်ကို နားလည်အောင် ကြိုးစားနေပါတယ်”

“ကျမ်းစာမှာ - ကြည့်နေရင်း ပုံသဏ္ဍာန်တော်နှင့်အညီ ပြောင်းလဲသွားတယ်” လို့ Maatan က ကျမ်းစာဖတ်ပြတယ်။

> “ငါတို့ရှိသမျှသည် မျက်နှာဖုံးကိုဖွင့်လျက် မှန်ကို ကြည့်သကဲ့သို့၊ သခင်ဘုရား၏ ဘုန်းအသရေတော်ကို ကြည့်မြင်၍၊ ဝိညာဉ်တော်တရား၏ အရှင်သည် ရောင်ခြည်တော်ကို လွှတ်တော်မူသည်အတိုင်း၊ ငါတို့သည် ဘုန်းအသရေ တိုးပွား၍ ပုံသဏ္ဍာန်တော်နှင့်အညီ ပြောင်းလဲခြင်း ရှိရကြ၏။” - ကောရိန္သုဩဝါဒစာဒုတိယစောင် ၃:၁၈

“ငါတို့က သားတော်ဘုရားဟာ အရာခပ်သိမ်းကို ခမည်းတော်ဆီကနေရပြီး သူလည်း အရာခပ်သိမ်းမှာ နာခံတယ်ဆိုပြီး ကိုးကွယ်ရင် ငါတို့လည်း ဒီအတိုင်းဖြစ်မှာပဲ။ သား

တော်ကို ကိုးကွယ်ခြင်းဟာ ကိုယ့်ကိုယ်ကျိုးကို ကြည့်တဲ့အသက်တာရဲ့ အဆုံးသတ်ပဲ။ အဲဒီလို ဘုရားကို ကိုးကွယ်ခြင်းဟာ ငါတို့လည်း တခြားဝေယျာဝစ္စတွေထက် သားတော်ဘုရားအတိုင်း ဘုရားသခင်ထံ အပ်နှံနာခံပြီး ဘုရားကို အကျိုးဆောင်ရမှာဖြစ်တယ်။

"Maatan ရယ် အစပိုင်းမှာတော့ ဒီအကြောင်းက မကောင်းသလိုရှိတာပေါ့။ တစ်ဦးဦးက အခြားတစ်ဦးဆီ ဘာလို့ အောက်ကျို့ခံပြီး နေချင်မှာလဲ။ ဒါပေမယ့် ငါတို့ရဲ့ အိမ်ထောင်ကို ဥပမာယူပြီး တွေးကြည့်တော့ သားတော်ရဲ့ အသက်တာမျိုးက ငြိမ်းချမ်းမှုကို ပေးနိုင်မှန်း တွေ့ရတယ်"

"သက်လည်း ရှင့်ရဲ့ဦးဆောင်မှုနောက် လိုက်တဲ့အခါ ဘုရားက ရှင့်ကို ဦးဆောင်မှာပါလေလို့ စိတ်ချလိုက်တယ်။ သားတော်က ခမည်းတော်ရဲ့အလိုကို လိုက်တဲ့အတိုင်းပေါ့။ သက်လည်း ရှင့်ကို ခံမငြင်းတဲ့အခါ ရှင့်ရဲ့မေတ္တာမှာ လုံခြုံမှုရတယ်။ ဒါကတော့ ရှင့်ရဲ့မေတ္တာကိုရမှန်း သေချာသိမှ ဖြစ်လာတာပါ။

"နင်ဟာ ငါ့ရဲ့ဘဝပါ Stella။ နင့်အဖေနဲ့ ဘုရားဆီမှာ နင့်ကို အကောင်းဆုံးစောင့်ရှောက်မယ်လို့ ကတိပေးပြီးသားပါ" ဆိုပြီး Stella ကို ဖက်ထားတယ်။

Stella က "ရှင် ဒီလိုဖက်ပေးတာ သက် ရှင့်ဦးဆောင်ရာကို လိုက်ရပျော်ပါတယ်။ ဘုရားက ရှင့်ကိုဦးဆောင်မယ်လို့လည်း ယုံပါတယ်။ တစ်ခါတစ်လေတော့လည်း ရှင်က သက်အတွက် အကောင်းဆုံးတွေ ပေးရဲ့လားလို့ ထင်မိတဲ့အခါတွေ ရှိပါတယ်။ ဒါပေမယ့်ပေါ့ Constance မြို့တည်တဲ့သူတွေရဲ့ သန္ဓေဆိုးတွေကို ပယ်သတ်ဖို့ သက် ပိုင်းဖြတ်ပါတယ်။ ဘုရားက ရှင့်ကို ကောင်းချီးပေး၊ သက်ကလည်း ရှင့်ဘေးကနေ အဖော်ကောင်းဖြစ်ဖို့ ဘုရားဆီမှာ ဆုတောင်းပါတယ်"

Maatan လည်း မျက်ရည်စို့လာလို့ စကားဆက်ဖို့ အားယူပြီး "အဲဒါကြောင့် အိမ်ထောင့်တာဝန်ဟာ သက်အပေါ်မှာ မူတည်နေတာပေါ့။ ကိုယ့်ကို သက်ရဲ့ဆက်ဆံပုံက ကလေးတွေ ကိုယ့်အပေါ် ဘယ်လိုပြုမူရမလဲဆိုတာ ပြနေတာလေ။ သားသားမီးမီးတွေ ကိုယ့်ကိုရိုသေ မရိုသေဆိုတာ သက်ရဲ့လက်ထဲမှာရှိတယ်။ သက်က သူတို့ကို နို့ချိုတိုက်၊ သွန်သင်၊

အချိန်အများဆုံး ပေးခဲ့သူလေ။ သူတို့က သက်ကိုကြည့်ပြီး ကိုယ့်ကို ဆက်ဆံကြမှာလေ။ အိမ်မှုကိစ္စအားလုံး သက်ရဲ့ လက်ထဲမှာရှိတယ်။ အဲဒါကြောင့် သက်ကို လက်ဆောင်ပေးတာကအစ ဘာပဲလုပ်ပေးရ လုပ်ပေးရ လုပ်ရပျော်ပါတယ်။ သက်က ကိုယ့်ရင်ခွင်မှာ လာနားတဲ့အခါ ကိုယ် ကြည်နူးတယ်။ ရှင်ယောဟန် ၁း၁၈ မှာ ခမည်းတော်နဲ့ သားတော်ဘုရားရဲ့ ဒီအဖြစ်မျိုး တွေ့ရတယ်။ အဲဒီတရားသဘောက ဇနီးမောင်နှံဆက်ဆံရေးအပါအခြားဆက်ဆံရေးတွေကိုလည်း ချပြပါတယ်။

> "ယောကျ်ား၏ခေါင်းကား ခရစ်တော်ဖြစ်သည်ကိုလည်းကောင်း၊ မိန်းမ၏ခေါင်းကား ယောကျ်ားဖြစ်သည်ကိုလည်းကောင်း၊ ခရစ်တော်၏ခေါင်းကား ဘုရားသခင် ဖြစ်တော်မူသည်ကိုလည်းကောင်း၊ သင်တို့သိမှတ်စေခြင်းငှာ ငါအလိုရှိ၏။" - ကောရိန္သုဩဝါဒစာပထမစောင် ၁၁:၃

"သားတော်ရဲ့ ခမည်းတော်အပေါ် ဆက်ဆံပုံက ခေါင်းဆောင်နဲ့ နာခံမှုကို အပြည့်အစုံနမူနာပြတယ်။ သူတို့ရဲ့ ဆက်ဆံရေးအကြောင်း နားမလည်ရင် ယောကျ်ားက မိန်းမရဲ့ဦးခေါင်း ဘာလို့ဖြစ်ရမလဲ။ ခရစ်တော်ကို ဘယ်လိုနာခံရမယ်ဆိုတာတွေ ရှုပ်ထွေးဝေဝါးပြီး ခရစ်ယာန်ဓမ္မခရီး အမြီးအမောက်မတည့် ဖြစ်သွားမယ်"

"ငါလည်း ဓမ္မစစ်ကို အခုထိကို မသိသေးဘူး ဖြစ်နေတာ။ Constance မြို့သားဆိုတော့လည်း ခမည်းတော်နဲ့ သားတော်ကို ခွဲချင်နေတယ်။ ဘုရားကို ချစ်ပါတယ်လို့ ပြောနေပေမယ့် လွတ်လပ်ချင်နေတယ်။ ကိုယ့်ဘဝမှာ ဘုရားကိုရှာတာမျိုး ဘာမှမရှိမှန်း နားမလည်ခင်အထိ ငါလည်း ငါအဖြစ်မှန်ကို မမြင်တဲ့ အကန်းလိုပါပဲ။ အဲဒီနောက်မှာ ခမည်းတော်က ငါ့ကိုဘယ်လောက်ချစ်ကြောင်း သားတော်ဘုရားရဲ့ ဖော်ပြချက်ကို ငါ့သားလေးအားဖြင့် ငါ့ကို ပြောပြတယ်။ ငါလည်း ငွေအဆင့်ရောက်လာတယ်။ ငါ့အပေါ်စိုက်တဲ့တံခွန်က မေတ္တာတော်ဖြစ်တယ်။ ယောကျ်ား၊ မိန်းမကို ဘုရားရဲ့သဏ္ဌာန်နဲ့အညီ ဖန်ဆင်းထားတဲ့အကြောင်း ငါအခုမှ စမြင်တတ်လာတယ်။ လေ့လာစရာ အများကြီးရှိသေးတယ်။ အခုငါတို့ရဲ့လက်တွဲပုံက ဒီမြို့ကနေ ဘယ်လိုထွက်ပြေးနိုင်မလဲဆိုတဲ့ သဲလွန်စကို ရလာပြီ။

ခမည်းတော်နဲ့ သားတော်ရဲ့ ဆက်ဆံရေးကို အမှန်အတိုင်း သိဖို့က Constance မြို့ကနေ (မမှန်ကန်တဲ့ သွန်သင်ချက်၊ ယုံကြည်ချက်တွေဆီက) ပြေးနိုင်မှဖြစ်မှာ။" Maatan လည်း စကားပြောပြီးရော အပူလုံးပျောက်၊ သူသွားမယ့်လမ်းက ထင်လာပြီး ဘုရားက သူ့ကို ဦးဆောင်မှန်းသိလို့ စိတ်ချလက်ချ ဖြစ်လာတယ်။

Stella လည်း ဘုရားပါရှိကြောင်း ခံစားတယ်။ Stella ဟာ ယောကျ်ား၊ မိန်းမကြား ဆက်ဆံရေးနဲ့ ဘုရားကိုဆက်ပြီး ဆက်ဆံရပုံတွေကို နားရှင်းလာတယ်။ "ကျွန်မတို့ရဲ့ ကလေးတွေ ရှင့်ကို ရိုသေပြီး၊ စကားနားထောင်အောင် သွန်သင်တတ်ဖို့ ဉာဏ်ပညာအတွက် ဆုတောင်းပါတယ်။ ကျွန်မက ရှင့်ကိုမရိုသေရင် Chi နဲ့ Leo လည်း ရှင့်ကို ရိုသေမှာ မဟုတ်။ မိခင်တစ်ဦးဖြစ်တဲ့ အားလျော်စွာ ကောင်းချီးရဖို့ ရှင့်ဆီလမ်းပြရမယ့် မိခင်တာဝန်ကို လွတ်လပ်လိုစိတ်က အနိုင်မယူစေဖို့ ဆုတောင်းပါတယ်။ ရှင့်အားဖြင့် ခမည်းတော်ရဲ့ ကောင်းချီးကို အမှီပြုပြီး ဆုတောင်းပါသည်" လို့ ဆုတောင်းတယ်။

Maatan ဟာ Stella ကို "Estelle မင်းဟာ မိန်းမတကာထက် မင်္ဂလာရှိတယ်။ မင်းရဲ့နာမည်က Esther ကနေလာတာ။ နင်ဟာ ငါ့သရဖူပေါ်က ကြယ်ပွင့်။ ငါ့ဆံပင်ကို တင့်တယ်စေတဲ့ ထုံသင်းတဲ့ပန်းကုံးပါ"

Stella ဟာ မျက်ရည်ကျရင်းနဲ့ ဒီလိုပြောတယ်။

> "ငါချစ်ရာသခင်ကို ငါဆိုင်ပေ၏။ ငါ့ကိုလည်း သခင်ဆိုင်ပေ၏။ နှင်းတော၌ ကျက်စားတော်မူ၏။" - ရှောလမုန်သီချင်း ၂:၁၆

Maatan လည်း Stella ကို ဒီလိုတိုးတိုးပြောတယ်။

> "ငါချစ်သောနှမ၊ သင်သည် အပြစ်တစ်စုံတစ်ခုမျှ မရှိ။ တစ်ကိုယ်လုံး လှပေ၏။" - ရှောလမုန်သီချင်း ၄:၇

Maatan နဲ့ Stella တို့ နှစ်ယောက်ပေါင်းပြီး ခမည်းတော်နဲ့သားတော်ကို ချီးမွမ်းပြီး ကြင်ဖော်ဖြစ်ခွင့်ပေးတဲ့အပေါ် ကျေးဇူးထောမနာပြုကြတယ်။

“ထိုအခါ ယေရှုက၊ ကောင်းကင်နှင့် မြေကြီးကို အစိုးရတော်မူသောအဘ၊ ကိုယ်တော်သည် ပညာအလိမ္မာနှင့် ပြည့်စုံသောသူတို့အား ဤအရာများကို ထိမ်ဝှက်ကွယ်ထားလျက် သူငယ်တို့အား ဖော်ပြတော်မူသည်ဖြစ်၍ ကျေးဇူးတော်ကို အကျွန်ုပ် ချီးမွမ်းပါ၏။ ထိုသို့ အလိုတော်တော်ရှိသောကြောင့် မှန်ပါ၏အဘ။- ငါ၏ခမည်းတော်သည် ခပ်သိမ်းသောအရာတို့ကို ငါ၌ အပ်ပေးတော်မူပြီ။ ခမည်းတော်မှတစ်ပါး အဘယ သူ မျှ သားတော်ကိုမသိ။ သားတော်နှင့် သားတော်သည် လင်းစေလိုသော သူမှတစ်ပါး အဘယ်သူမျှ ခမည်းတော်ကိုမသိ။- ဝန်လေး၍ ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့ လာကြလော့။ ငါသည် ချမ်းသာပေးမည်။- ငါ့ထမ်းပိုးကို တင်၍ ထမ်းကြလော့။ ငါ့ထံ၌ နည်းခံကြလော့။ ငါသည် နူးညံ့သိမ်မွေ့နှိမ့်ချသော စိတ်သဘောရှိ၏။ သင်တို့စိတ်နှလုံးသည် သက်သာခြင်းကို ရလိမ့်မည်။- အကြောင်းမူကား၊ ငါ့ထမ်းပိုးသည် ထမ်းလွယ်၏။ ငါ့ဝန်လည်း ပေါ့၏ဟု မိန့်တော်မူ၏။” -
ရှင်မဿဲခရစ်ဝင် ၁၁:၂၅-၃၀

## အခန်း ၁၉
## မှန်တွင်ထင်သည့် ဘုရား၏ပုံစံသော့

စက်တင်ဘာလ (၁၁) ရက်နေ့ အဖြစ်အပျက်အပြီး (၁) ပတ်မြောက်မှာ Maatan ဟာ မြို့ထဲက ရုံးကို ပြန်တက်တယ်။ သူ့ရုံးတည်နေရာဟာ ကန့်သတ်နယ်ထဲမှာ ပါတယ်။ အဲဒီဧရိယာထဲ ဘယ်သူမှ ဝင်ခွင့်မရဘူး။ အတော်များများက ပြိုလဲခဲ့တဲ့အိမ်ပုံကြီး ဘယ်လိုလုပ်ပြီး ချက်ချင်းပြောင်သွားလဲလို့ အံ့သြကြတယ်။ ရာဇဝတ်သဲလွန်စတွေ အရင်ဆုံးရှာရမှာမဟုတ်လား။ ဒီမေးခွန်းဟာ သူ့စိတ်မှာ ပေါ်ပေါ်နေတယ်။ ဒါပေမယ့် သူက ခမည်းတော်နဲ့ သားတော်ဘုရားရဲ့မေတ္တာကိုပဲ အာရုံစိုက်ဖို့ စိတ်ပိုင်းဖြတ်တယ်။

ဘူတာရုံက ထွက်ထွက်ချင်းပဲ တိုက်ညီနောင်ရှိခဲ့တဲ့ဘက်ကို ကြည့်ဖြစ်ခဲ့တယ်။ အရင်က ရှိခဲ့တဲ့ တိုက်ညီနောင် အခုတော့ ဘာမှမရှိတော့ဘူး။ သံတိုသံစလေးတွေပဲ ကျန်တော့တယ်။

တိုက်အပိုင်းအစတွေ၊ မှန်ကွဲတွေ အောက်မှာအတော်ကျန်သေးတယ်။ ဖုန်တော့ တော်တော်များသေးတယ်။ Maatan က သူ့ရုံးကိုသွားတဲ့အခါ နှာခေါင်းကာကို တပ်သွားတယ်။

“မင်္ဂလာနံနက်ခင်းပါ David… ပြန်တွေ့ရတာ မင်္ဂလာပဲ။ လွန်ခဲ့တဲ့အပတ်မှာ ဘယ်လိုနေလဲ”

“မင်္ဂလာပါ Maatan… ငါတို့အားလုံး ရှော့ခ်ရှိတာပေါ့။ အကြမ်းဖက်တွေက ငါတို့မြို့ကို တိုက်သွားလိုက်တာ လူအားလုံးကြောက်သလားပဲ”

Maatan က “ဒါဟာ အကြမ်းဖက်လက်ချက် မဟုတ်ရင်ကော” လို့ ပြောဖြစ်ခဲ့တယ်။

“ဘာလဲဟ၊ Maatan ရ” “ထားလိုက်၊ David။ ဒီနေ့အတွက် ဇယားမှာ ဘာရေးထားလဲ”

“လပတ်စာရင်းလေး လိုချင်တယ်။ လတိုင်းပဲ လပတ်စာရင်း လုပ်ပေးမယ့်လူ လိုတယ်။ ခင်ဗျား လုပ်ပေးနိုင်မလား”

“ရပါတယ်၊ Daivd။ (၁) ရက် (၂) ရက်နေ ရမှာပါ” “ဒါဆို ကျေးဇူးပဲ Maatan”

“ရပါတယ် သူဌေး” လို့ Maatan က ပြုံးပြီးဖြေတယ်။

Maatan လည်း အလုပ်ကို အာရုံစိုက်ကြည့်တယ်။ World Trade Center ကြီး ပြိုသွားခြင်းက လူတွေကို ဘာတရားပြလဲဆိုတာကို ဖြတ်ဖြတ်ပြီး စဉ်းစားဖြစ်တယ်။ Maatan က မြို့ထဲကနေ ထွက်ခွာနိုင်ဖို့၊ ငွေငုတ်ကနေ ရွှေငုတ်ဖြစ်အောင် ဘယ်လိုအားထုတ်ရမလဲ ဆိုတာတွေကို အတွေးနယ်ချဲ့နေတယ်။

ငွေငုတ်ဟာ ကြိမ်နှုန်းမြင့်မှ အလုပ်လုပ်တယ်ဆိုရင်၊ ရွှေဆို ပိုပြီးမြင့်နေရမှာပေါ့။ သူလည်း တစ်ခါထဲ ဗျာဒိတ်ကျမ်းကို သတိရသွားတယ်။ ။

> “သင်သည် ဥစ္စာရတတ်ခြင်းငှာ၊ မီးနှင့်ချွတ်ပြီးသော ရွှေကိုလည်းကောင်း၊ အဝတ်အချည်းစည်းရှိ၍၊ သူတစ်ပါး ရှေ့တွင် မရှက်စေခြင်းငှာ ခြုံစရာဖို့၊ ဖြူသောအဝတ်ကိုလည်းကောင်း ငါ့ထံမှာဝယ်လော့။ သင်၏မျက်စိမြင်စေခြင်းငှာ၊ မျက်စိ၌ မျက်စဉ်းခတ်လော့ဟု သင့်အားငါသည် အကြံပေး၏။” - ဗျာဒိတ်ကျမ်း ၃:၁၈

*ဘုရားသခင် အဲဒီရွှေကို ကျွန်တော်ဘယ်လို၊ ဘယ်မှာဝယ်ရမှာလဲ။* Maatan လည်း ရွှေအကြောင်းပါတဲ့ သီချင်းတစ်ပုဒ်ကို ပြန်ပြီးအမှတ်ရတယ်။ အဲဒါကတော့ ဆာလံထဲမှာပါ။

> “ထာဝရဘုရား၏တရားတော်သည် စုံလင်သည်ဖြစ်၍ စိတ်ဝိညာဉ်ကို ပြုပြင်တတ်၏။ ထာဝရဘုရား၏ သက်သေခံတော်မူချက်သည် ဟုတ်မှန်သည်ဖြစ်၍ မလိမ္မာသောသူတို့ကို လိမ္မာစေတတ်၏။ ထာဝရဘုရား၏နည်းဥပဒေသတို့သည် ဖြောင့်မတ်သည်ဖြစ်၍ စိတ်နှလုံးကို ရွှင်လန်းစေတတ်၏။ ထာဝရဘုရား၏ ပညတ်တော်သည် စင်ကြယ်သည်ဖြစ်၍၊ မျက်စိကို ရှင်းလင်းစေတတ်၏။ ထာဝရဘုရားကိုကြောက်ရွံ့ခြင်းသဘောသည် သန့်ရှင်းသည်ဖြစ်၍၊ ကာလအစဉ်အမြဲတည်၏။ ထာဝရဘုရား၏ စီရင်တော်မူချက်တို့သည် သစ္စာတရားနှင့်ညီ၍၊ တ

ညီတညွတ်တည်း ဖြောင့်မတ်ကြ၏။ ရွှေထက်မက၊ များစွာသောရွှေစင်ထက် နှစ်သက်ဖွယ်ဖြစ်၍၊ ပျားရည်ထက်မက၊ ပျားလပို့ထက်ချိုကြ၏။ တရားတော်အားဖြင့် ကိုယ်တော်၏ကျွန်သည် သတိရ၍၊ တရားစောင့်ခြင်းအကျိုးသည် ကြီးလှပါ၏။" - ဆာလံကျမ်း ၁၉:၇-၁၁

*ဘုရား၏ပညတ်တော်၊ တရားစီရင်ခန်း– အထူးအားဖြင့် သမ္မာကျမ်းစာတော်မြတ်–သည် ရွှေရှိရာကို ရှာရမယ့်အရပ် ဖြစ်ပါတယ်။ ဒါပေမယ့် အတော်များများဆီမှာ ကျမ်းစာအုပ်ရှိတယ်လေ* လို့ Maatan က တွေးမိတယ်။ ဒါထက်တော့ လေးနက်ရမယ်။ ဒီတရားဆက်ရှာဖို့ နေ့လယ်စာနားချိန်ကို စောင့်နေတယ်။ အချိန်လည်းရောက်ရော ကွန်ပြူတာမှာ ကျမ်းစာ app ကို ဖွင့်လိုက်တယ်။ အောက်ပါကျမ်းပိုဒ်ကို တွေ့ပါတယ်။

"အရည်ကျို၍ စုံစမ်းခြင်းကိုခံနိုင်သော်လည်း၊ ပျက်စီးတတ်သော ရွှေကို စစ်ကြောစုံစမ်းခြင်းထက်၊ သင်တို့ယုံကြည်ခြင်းကို စစ်ကြောစုံစမ်းခြင်းအရာသည် သာ၍ မြတ်သည်နှင့်၊ ယေရှုခရစ် ပေါ်ထွန်းတော်မူသောအခါ အချီးအမွမ်း၊ ဂုဏ်အသရေ၊ ဘုန်းအာနုဘော် အလို့ငှာဖြစ်မည်အကြောင်း ..." - ရှင်ပေတရုဩဝါဒစာပထမစောင် ၁:၇

*ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို ယုံကြည်ခြင်းဟာ ရွှေဖြစ်တယ်တဲ့။ သခင်ယေရှု နှစ်ခြင်းခံအပြီး စာတန်ရဲ့ စုံစမ်းခြင်းကို တွန်းလှန်တဲ့နေရာမှာ မိန့်သွားတာက ကွက်တိပဲလို့ ကျွန်တော်မှတ်တယ်။*

"ယေရှုကလည်း၊ လူသည် မုန့်အားဖြင့်သာ အသက်ကိုမွေးရမည် မဟုတ်။ ဘုရားသခင် မိန့်တော်မူသမျှအားဖြင့် အသက်ကိုမွေးရမည် ကျမ်းစာလာသည်ဟု ပြန်ပြောတော်မူ၏။" - ရှင်မဿဲခရစ်ဝင် ၄:၄

*အမှန်ဝန်ခံရရင် ဒီထက်ပိုပြီးနှံ့စပ်ဖို့ သခင်ယေရှုရဲ့ယုံကြည်ခြင်းကိုမှီပြီး သမ္မာကျမ်းစာကို ဒီထက်ပိုပြီးဖွေစစ်ဖို့ ကျွန်တော့်မှာ လိုအပ်နေပါသေးတယ်။ ဆိုလိုတာက ကျွန်တော်ရဲ့ စိတ်ကို လောကီထက် လောကုတ္တရာကို အာရုံထားရမှာကို ပြောတာပါ။ အိုအဖဘုရား*

*ဤမြို့မှထွက်နိုင်ဖို့ ကျမ်းစာထဲကနေ ပြတော်မူပါ။ ဘယ်ကနေစရမှာလဲ။ နောက်တစ်ဆင့် ဘယ်လိုရောက်နိုင်မလဲ။ သခင်ယေရှု၏နာမတော်ကို အမှီပြုပြီး တောင်းလျှောက်ပါတယ်။ အာမင်။*

Maatan ဟာ ဘုရားရဲ့နှုတ်ကပတ်တော်ကနေ စိတ်အေးနိုင်မယ်လို့ ခံစားမိတယ်။

အဲဒီညနေ အလုပ်ဆင်းတော့ ပြီးခဲ့တဲ့အဖြစ်အပျက်တွေကို ပြန်စဉ်းစားဖို့ ဗဟိုပန်းခြံကို သွားချင်စိတ် ပေါက်သွားတယ်။ ပန်းခြံထဲဝင်တာနဲ့ အနောက်ဘက်ကိုကြည့်တော့ ငွေရောင် လဆန်းကွေးကွေးလေးကို မြင်လိုက်တယ်။ သစ်ပင်မြင့်မြင့်တွေရဲ့ အရိပ်တွေ ရေပန်းရှိရာပတ်ပတ်လည်မှာ ကျနေတယ်။ လေထုလည်း ငြိမ်နေတယ်။

Maatan က အိမ်ဘေးကအမျိုးသမီး အရင်အပတ်အတွင်း ဘယ်လိုဖြတ်သန်းခဲ့လဲလို့ စဉ်းစားဖြစ်တယ်။ သူမဟာ သီချင်းတစ်ပုဒ်ကို အခါခါတီးခဲ့တယ်။ အဲဒီသံစဉ်မှာ Celtic လူမျိုးရဲ့ ကြောက်စရာသံစဉ် ပါတယ်။ အဲဒါက သူတို့ဟာ ဆုံးရှုံးတဲ့အခါ ဝမ်းနည်းကြောင်းပြတဲ့နည်းပဲ။ Maatan က စာသားအားလုံးကို မမှတ်မိဘူး။ ဒါပေမယ့် ကောင်းကင်တမန်ရဲ့ ရင်ခွင်မှာဆိုတာတော့ မှတ်မိတယ်။ ဘယ်ကောင်းကင်တမန်ဖြစ်မလဲ ကျွန်တော်သိချင်တယ်ဆိုပြီး ရေပန်းအလယ်မှာရှိတဲ့ အာပိုလိုကြေးရုပ်ကို မော့ကြည့်ဖြစ်တယ်။

နေဝင်တာနဲ့ Maatan ဟာ  အတွေးထဲ စီးမျောသွားတယ်။ သူဟာ ရေပန်းရဲ့ နှုတ်ခမ်းမှာ ဒူးထောက် ဆုတောင်းတယ်။ သူက ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘူး။ မြို့သားအများစုက ဒုက္ခတွေကနေ ငြိမ်းအေးတဲ့နေရာကို ရှာကြတော့ သူဒီလိုဆုတောင်းတာဟာ သာမန်ကိစ္စလိုပါပဲ။




လဆန်းရဲ့လရောင်ဟာ ရေမျက်နှာပြင်မှာ လှိုင်းကြက်ခွပ်ထနေတယ်။ Maatan ရဲ့ ဒူး ထောက်တဲ့ပုံစံ၊ ရေမှာပေါ်တဲ့ ရေပန်းအရိပ်၊ ကြေးရုပ်အရိပ်တွေကြားကနေ တစ်ခုကို သတိထားမိတယ်။ ရေပြင်ဟာငြိမ်ပြီး မှန်လိုပဲဖြစ်နေတယ်လို့ သူ မြင်တယ်။

*ဒါဘာလဲ! မြင်ကွင်းက သိပ်ရှင်းတယ်။ မှားစရာမရှိဘူး။* Maatan လည်း ထပြီး နောက် နည်းနည်း ဆုတ်လိုက်တယ်။ အခု သူဘာမှမတွေ့တော့ဘူး။ ဒီတိုင်းကို ပျောက်သွားတာ။ အလင်းတန်းလည်း နေရာစုံယိုင်တယ်။ သူလည်း သူ့နေရာဟောင်းကို ပြန်လာပြီး ဒူး ထောက်တယ်။ အခုကျ ပြန်ပြီးရှင်းပြန်ရော။ အဲဒါနဲ့ သူသိပြီးသား သံစဉ်နဲ့စာသား စိတ်ထဲ ပေါ်လာတယ်။

"ဓမ္မစစ်ကိုမြင်နိုင်ရန်<br>ကျွန်ုပ်စက္ခုကို ဖွင့်မူပါ<br>ကျွန်ုပ်လက်သို့ ဓမ္မဉာဏ်သော့ပေးပါ<br>ကျွန်ုပ်ကို လွတ်ငြိမ်းစေပါမည်"

*အဖဘုရား၊ ဒီသော့ဟာ ငုတ် (၅) ငုတ်ကို နုတ်ပေး၊ ဒီမြို့ကနေလွတ်စေမှာလား။* ဒါနဲ့ သူ့စိတ်ထဲမှာ

သင့်စိတ်နှလုံးအကြွင်းမဲ့ဖြင့် ငါ့ကိုရှာလျှင် သင်သည် ငါ့ကိုရှာတွေ့လိမ့်မည်

ဆိုတဲ့ စကားတစ်ခွန်း ဝင်လာတယ်။

*ရေပြင်မှာ ပေါ်ခဲ့တဲ့ကျမ်းချက်ဟာ ၁ ကော ၈း၆ ဖြစ်ရမယ်။ ဒါဟာ ငါ့အတွက် ပထမဆုံး သဲလွန်စပဲ။* ဒီလိုနဲ့ ကျမ်းချက်၊ ကျမ်းစာသားတွေကို ကပ်တိုင်သင်္ကြာန် ဆွဲလိုက်တယ်။ အဲဒီစာတွေဟာ ထူးကိုထူးမှာ။ သူလည်း အိတ်ထဲက ကျမ်းစာကို ထုတ်ဖတ်လိုက်တယ်။

> "အကြင်ဘုရားသခင်အထဲက ခပ်သိမ်းသော အရာဖြစ်၍၊ အကြင်ဘုရားသခင်အဖို့ အလိုငှာ ငါတို့သည် ဖြစ်ကြ၏။ ထိုခမည်းတော်ဘုရားသခင် တစ်ပါးတည်းသာ ငါတို့၌ ရှိတော်မူ၏။ အကြင်သခင်အားဖြင့် ငါတို့မှစ၍ ခပ်သိမ်းသော အရာဖြစ်ကြ၏။ ထိုသခင်ယေရှုခရစ်တစ်ပါးတည်းသာ ငါတို့၌ရှိတော်မူ၏။" - ကောရိန္သုဩဝါဒစာပထမစောင် ၈:၆

*ဒီကျမ်းချက်ကို ငါအရင်က ဘာလို့သတိမထားမိပါလိမ့်။ ဒီမှာက ခမည်းတော်ကို တစ်ပါးတည်းသောဘုရား၊ သူ့ရဲ့သားယေရှုကို တစ်ပါးတည်းသောသခင်လို့ ပြထားတာပဲ။ အရာခပ်သိမ်းဟာ ခမည်းတော်ဆီက ဖြစ်လာတယ် (အကြင်ဘုရားသခင်အထဲက ငါတို့သည် ဖြစ်ကြ၏)၊ အရာခပ်သိမ်း သားတော်အားဖြင့် ဖြစ်လာတယ် (အကြင်သခင်အားဖြင့် ခပ်သိမ်းသော အရာဖြစ်ကြ၏)။*

*ရေပန်းရဲ့အခြားဘက်ကိုသွားပြီး အနောက်ဘက်ခြမ်းကနေ ကြည့်ပါ*

Maatan ဟာ အိပ်မက်လား တကယ်လားဆိုပြီး ထွေသွားတယ်။ *ဒီစာသားတွေ ရေပေါ်မှာ မှန်လိုမျိုး ထင်လာတာ အံ့သြစရာပဲ။ တစ်ခုခုရှိဦးမယ်ထင်တယ်။* ရေပန်းရဲ့အနောက်ဘက်ကိုသွားပြီး ဒူးထောက်ဆုတောင်းအပြီး ရေထဲကိုကြည့်လိုက်တော့။ ။

ရင်းမြစ်
လမ်းကြော
အနားယူ

ဆိုတာကို တွေ့ခဲ့တယ်။

*ဒီစာလုံးတွေဟာ ဟိုဘက်မှာရှိတဲ့ စာတွေနဲ့ ကိုက်နေတယ်။ S ဟာ source - ရင်းမြစ်၊ C ဟာ channel - လမ်းကြောင်း၊ R ဟာ rest - အနားယူ ...။ ဒီဟာတွေအားလုံး ငါဖတ်လိုက်တဲ့ ကျမ်းချက်နဲ့ ပတ်သက်ရမယ်။* သူ လည်း ခုံတန်းမှာသွားထိုင်ပြီး laptop ဖွင့် ကျမ်းစာဖွင့်ပြီး ၁ ကော ၈း၆ ရဲ့ အဓိပ္ပာယ်ကို ဆက်လေ့လာတယ်။

အရာခပ်သိမ်း ခမည်းတော်ဆီက ဖြစ်တည်လာတယ်ဆိုရင် ခမည်းတော်သည် ရင်းမြစ်ပဲ။ Maatan က ခမည်းတော်ဆိုတဲ့ စာလုံးနောက်ကအနက်ဖွင့်ကို ကြည့်ပါတယ်။ Strong's Concordance ကိုကြည့်ပြီး ဂရိစာလုံးရဲ့ အဓိပ္ပာယ်ကို လေ့လာတယ်။ *"မူလ" လို့ ရေးထားပါလား။ အံ့သြစရာပဲ။* အဲဒီနောက် ခရစ်တော်ဆိုတဲ့ စာလုံးကိုရှာတော့ *"အကောင်အထည်ဖော်သည့် လမ်းကြောင်း" လို့ လင်းထားတယ်။ အမလေး။ ခမည်းတော်ဟာ အရာခပ်သိမ်းရဲ့ ရင်းမြစ်ဖြစ်ပြီး၊ သားတော်ဟာ အရာခပ်သိမ်းရဲ့ လမ်းကြောင်းတဲ့။ ဒီဓမ္မဉာဏ်ကို ခင်ဗျားရတဲ့အခါ ခင်ဗျား အေးဆေးအနားယူလို့ ရပြီ။*

ဒါနဲ့ ရေပန်းကို မိုးကြိုးပစ်၊ ကောင်းကင်ကနေ အသံအကျယ်ကြီးနဲ့ ဒီလိုမိန့်တယ်။ ။

## Maatan ရေ၊ ဒီလမ်းကြောင်းကနေပြီး ဗိမာန်တော်ကို ငါတည်မယ်

အခုတော့ ရေပန်းတစ်ဝိုက် ရှုပ်ယှက်ခပ်နေပါတယ်။ ပန်းခြံထဲကလူတွေက တိမ်မရှိဘာမရှိနဲ့ မိုးကြိုးဘယ်လိုပစ်လဲ မသိဘူးလို့ တွတ်ထိုးနေကြတယ်။ တစ်ချို့ကလည်း အကြမ်းဖက်မှုဘဲဆိုပြီး အော်ပြေးကြတယ်။

Maatan ဟာ ဒီလိုအလင်းပြခံရတဲ့အတွက် ဘုရားသခင်ကို ဒူးထောက် ကျေးဇူးတင်စကား ဆိုခဲ့တယ်။ သော့ချက်ကတော့ ဘုရားလမ်းစဉ်ပါ။ ဘုရားလမ်းစဉ်ဟာ သားအဖအဆက်အဆံလမ်းစဉ်အပေါ် အခြေပြုပါတယ်။ အဲဒီဆက်ဆံရေးဟာ လူ့လက်နဲ့မဟုတ်၊ တောင်ကနေ ခုတ်ဖြတ်ထားတဲ့ ကျောက်ပါ။ အဲဒါဟာ ရှေးခေတ်က ဘုရားရဲ့ လူတွေကို ဦးဆောင်တဲ့ ဗေနေဇာကျောက်တိုင်ကြီးပါပဲ။

အခုတော့ မှောင်ပြီ။ လလည်းပျောက်ပြီ။ Maatan လည်း အဖြစ်အပျက်တွေကို Stella ကို ပြောပြဖို့ မစောင့်နိုင်တော့ဘူး။ သူ့စိတ်ထဲမှာလဲ မေးခွန်းတွေနဲ့ပေါ့။ ဒီသော့ကို ငါ ဘယ်လိုသုံးရမလဲလို့ သူစဉ်းစားတယ်။ ဒါနဲ့ – သင့်စိတ်နှလုံး အကြွင်းမဲ့ဖြင့် ငါ့ကိုရှာလျှင် ငါ့ကိုတွေ့လိမ့်မည် – ဆိုတာကို အမှတ်ရလိုက်တယ်။ *မှန်လှပါဘုရား၊ ဘုရားဟာ ကလေးများ၊ သင့်အား ကိုးစားသူများဆီ ထင်ပြပါတယ်။*

အိမ်အပြန် ရထားပေါ်မှာ Maatan က Constance မြို့ကို တည်တဲ့သူတွေကို အစွဲပြုပြီး လုပ်ထားတဲ့ရေပန်းမှာ ဘုရားက သူ့ကိုဘယ်လိုလုပ် အဲဒီသော့ချက်ကို ပြနိုင်တာလဲလို့ အံ့သြနေတယ်။ ဒီလောက် အမှားတွေပွေလီနေတဲ့ စနစ်ကြားမှာ ဘုရားက ထွက်ပေါက်ကို ပြနိုင်ခဲ့တယ်။ ဘုရားက လူ့ဉာဏ်ကို ဓမ္မစစ်နဲ့ ခွဲခြမ်းပြတယ်။ သူ့မြင်ကွင်းထဲမှာ ဓမ္မစစ်ကို မြင်သာအောင်၊ တန်ဖိုးရှိအောင် စီရင်တယ်။

*အဖဘုရား သင်သည် ဤရွှံ့ရှာဖွယ်များမှ စမ်းရေတစ်ခုလုံး ဝါးမြိုမည့်တေဇောမီးကို ဖြစ်စေပါတယ်။ အဲဒီမီးဟာ ကြေးကို အရည်ပျော်၊ ရေ ခမ်းခြောက်စေမယ့်မီး၊ ကိုယ်တော်ရဲ့ ဘိသိက်ခံတဲ့ မင်းအတွက် လမ်းခင်းတဲ့မီး ဖြစ်ပါတယ်။ ။*

> "အကြင်သူ၏ရှေ့မှာ အပြည်ပြည်တို့ကို နှိမ့်ချ၍၊ ရှင်ဘုရင်တို့ကို တန်ဆာချွတ်လျက်၊ အတွင်းတံခါးတို့ကို မပိတ်ရဘဲ၊ နှစ်ရွက်ရှိသော တံခါးတို့ကို ဖွင့်ခြင်းငှာ၊ အကြင်သူ၏ လက်ယာလက်ကို ငါထောက်မ၏။ ထိုသူတည်းဟူသော ကုရုမင်း၊ ထာဝရဘုရားပေးတော်မူ၍ ဘိသိက်ခံသောမင်းအား မိန့်တော်မူသည်ကား၊ သင့်ရှေ့မှာ ငါသွား၍ မြင့်သောအရပ်ကို ညီစေမည်။ ကြေးဝါတံခါးတို့ကို ချိုး၍၊ သံကန့်လန့်တို့ကို အပိုင်းပိုင်းဖြတ်မည်။" - ဟေရှာယအနာဂတ္တိကျမ်း ၄၅:၁၊ ၂ (KJV)

ရုပ်တုကိုးကွယ်တဲ့ ဘုရင်အပေါ် မိန့်တဲ့စကားကို မေရှိယအပေါ် နှစ်ခြင်းဆရာ ရှင်ယောဟန် သုံးခဲ့ပါတယ်။ ကုရုမင်းအားဖြင့် ဘုရားသခင်ဟာ သူ့ရဲ့သားတော်နဲ့ ဘုရားနိုင်ငံတော်အကြောင်းကို သွန်သင်တယ်။

“လမ်းခရီးတော်ကို ဖြောင့်စေကြလော့။ ချိုင့်ဝှမ်းရာရှိသမျှတို့ကို ဖို့ရမည်။ တောင်ကြီးတောင်ငယ် ရှိသမျှတို့ကို ဖြိုရမည်။ ကောက်သောလမ်းများကို ဖြောင့်စေရမည်။ ကြမ်းတမ်းသောလမ်းများကိုလည်း သုတ်သင်ပြင်ဆင်ရမည်။- လူအပေါင်းတို့သည် ဘုရားသခင်၏ ကယ်တင်တော်မူခြင်းအကြောင်းကို မြင်ရကြလတ္တံ့ဟု လာသည်နှင့်အညီ၊ ယောဟန်သည် ယော်ဒန်မြစ်နား၌ အနှံ့အပြားလှည့်လည်၍ အပြစ်လွှတ်ခြင်းအဖို့အလို့ငှာ နောင်တနှင့် စပ်ဆိုင်သော ဗတ္တိဇံတရားကို ဟောလေ၏။” - ရှင်လုကာခရစ်ဝင် ၃:၄-၆

*ဒါ ဟာ နားလည်ရခက်ပါတယ် ဘုရား။ ဒီဟာက ဘယ်လိုအကောင်အထည် ပေါ်သလဲဆိုတာ ကျွန်တော်နားမလည်နိုင်ပေမယ့် အနှစ်သာရကို တွေ့သိနိုင်ပါတယ်။* သူက “အဖဘုရား၊ ကျွန်တော်လိုက် မမီပါ။ အလင်းသည် များလှပါသည်။ အဘယ်ကြောင့် ဤမျှများလှသည့် အလင်းတရား ယခု ရောက်လာရသနည်း။ ကျွန်ုပ်သည် အဘယ်ကြောင့် ဤမျှအထိ သိခွင့်ရပါသနည်း” လို့ ဆုတောင်းတယ်။

*သင်သည် ငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေတည်း။ သင်သည် ငါ၏သားကို*
*နှစ်သက်မြတ်နိုးသောကြောင့် ငါဘုရားလည်း သင့်အား မြတ်နိုးပေစွ။*
*သင်စီရင်သည့်အတိုင်း ငါဘုရားသည် သင့်အား စီရင်၏။*

Maatan ဟာ ကိုယ်တော်ကို ယုံခဲ့ပြီး သူလည်း ဖြောင့်မတ်တယ်လို့ အသိအမှတ်ပြုခံခဲ့ရတယ်။

* * * * *

Maatan ဟာ အိမ်ရောက်တဲ့အခါ တံခါးကိုတန်းဖွင့်၊ Stella ကို မြေနဲ့လွတ်အောင် ချီရမ်းပြီး “Stella! ဘုရားက ငါတို့ကို သော့ချက်ပေးပြီ။ ဒီမြို့ကနေ ထွက်ပြေးနိုင်မယ့်သော့ ပေးလိုက်ပြီ။”

“ဟုတ်လား Maatan။ ရှင့်ကြည့်ရတာ ရှင်ပြောတဲ့အတိုင်း ဟုတ်သလိုပဲ။ အခု မိန်းမတို့ တကယ်ပဲ သော့ကို ရခဲ့ပြီလို့ထင်တယ်။ ဟုတ်လား။”

“ဟုတ်တယ်။ ကျေးဇူးပါဘုရားရေ။ ပျော်လွန်းလို့ ထကချင်စိတ်တောင်ဖြစ်တယ်”

“သက်လည်း ရှင်နဲ့အတူ က နိုင်အောင် စိတ်ထိန်းပြီး ရှင်းပြဦးလေ”

“အော်၊ အေး အေး။ ငါလည်း သိပ်ပြောချင်နေတာပါပဲ” ဆိုပြီး Maatan လည်း ပန်းခြံထဲက ဖြစ်ပျက်သမျှကို ပြန်ပြောပြတယ်။

“ဘယ်လိုနဲ့ ပန်းခြံသွားချင်စိတ် ပေါက်ရတာလဲ”

“ငါလည်း သေချာမသိဘူး… ငါလည်း စိတ်ပျံ့၊ လဆန်းကွေးကွေးက ငါ့ကို ပန်းခြံကို ဆွဲပါရော။ လရောင်က ရေမှာ ကျမ်းချက်နဲ့ စာတွေ ပြခဲ့တယ်”

“လ အကြောင်း ဗျာဒိတ်ကျမ်းမှာ ရှိတယ်မဟုတ်လား”

“အေး။ ကြည့်လိုက်ဦးမယ် Stella ဟုတ်တယ်ဟ။ ဒီမှာကြည့်ဦး!”

> “ကောင်းကင်၌ ကြီးစွာသော နိမိတ်လက္ခဏာ ဟူမူကား၊ မိန်းမတစ်ဦးသည် နေကိုဝတ်လျက်၊ လကို ခြေဖြင့်နင်းလျက်၊ မိမိခေါင်းပေါ်၌ ကြယ်ဆယ်နှစ်လုံးဖြင့်ပြီးသော သရဖူကို ဆောင်းလျက်ပေါ်လာ၏။”
> - ဗျာဒိတ်ကျမ်း ၁၂:၁

“လဟာ ဘုရားရဲ့အသင်းတော်ကို ပုံဆောင်တဲ့ အမျိုးသမီးကို ပုံဆောင်တဲ့ အုတ်မြစ်ပဲ (ယေရမိ ၆း၂)။ လရောင်အောက်မှာ ငါ ဘုရားရဲ့သော့ချက်ကို ရခဲ့တာ။ ဝိညာဉ်တော်ကို ပုံဆောင်တဲ့ ရေမျက်နှာပြင်ကနေ ပေါ်လာတာ။ (ရှင်ယောဟန် ၇း၃၈၊ ၃၉)။ ငါကသာ နားမလည်နိုင်သေးတာ “နှစ်သိမ့်ရှင်”ကသာ ဒီလိုမျိုးလုပ်နိုင်တာပါ။ ဘုရားက ရုပ်တုကိုးကွယ်တဲ့ Constance မြို့လယ်ခေါင်ကနေ ဒီလိုမျိုး ဘယ်လိုလုပ်နိုင်တာလည်း မသိဘူး”

Maatan က ၁ ကော ၈း၆ မှာလာတဲ့ အရင်းအမြစ်၊ လမ်းကြော စတဲ့အကြောင်း အဲဒါက ခမည်းတော်နဲ့ သားတော်ကို ဘယ်လိုဆက်နွယ်ကြောင်း Stella ကို ပြောပြတယ်။

"တယ်ဟုတ်ပါလား Maatan က ကြရအောင်"

Maatan နဲ့ Stella က ကလေးတွေလက်ကိုတွဲပြီး အတူတူသီချင်းဆိုပြီး က ကြတယ်။ သီချင်းကတော့။ ။

ဘုရင့်ဘုရင် သခင့်သခင်
ဘုန်းတော် (လက်ခုပ်တီး) ဟာလေလုယ x ၂
ယေရှုငြိမ်းချမ်းရှင်
ဘုန်းတော် (လက်ခုပ်တီး) ဟာလေလုယ x ၂

သူတို့ဟာ မြန်သထက်မြန်မြန် လက်ပန်းကျတဲ့အထိ ဆိုကြတယ်။ သူတို့ဟာ ဘုရားရဲ့ ကောင်းချီးသွန်းဖြိုးခြင်းကို ခံစားကြောင်း သိကြတယ်။

# အခန်း ၂၀
# ငရဲတွင်း

နောက်တစ်နေ့ အလုပ်သွားတော့ Maatan က ပြင်သစ်သတင်းစာ Le Monde က ၉/၁၁ ဖြစ်စဉ်ဟာ အတွင်းကြံစည်မှုလို့ ရေးတာကို ဖတ်ရတယ်။ Maatan လည်း *အံ့သြစရာပဲ* လို့ တွေးဖြစ်တယ်။ *ငါတစ်ယောက်ပဲ သံသယရှိတာ မဟုတ်ဘူးပဲ။ တစ်ခုခုတော့ တစ်ခုခုပဲ ဆိုတာ သေချာတယ်။ ဒါပေမယ့် သက်သေလိုသေးတယ်။ အတွင်းမှာ လူဘယ်နှစ်ယောက်များ ပါမလဲဆိုတာ မှန်းရခက်တယ်။ ငါလည်း အိပ်မက်ကမ္ဘာထဲ ရောက်သွားတဲ့ Alice လို ဖြစ်ချင်စိတ် ရှိပြီလားမသိဘူး။ ဒါက ဘယ်လောက်များ ရှုပ်မလဲ။ ငါကကော တကယ်သိဖို့လိုရဲ့လား* လို့ Maatan စိတ်ထွေနေတယ်။

Maatan က ဗျာဒိတ်ကျမ်းကို ဖတ်ဖူးပြီးသားဖြစ်လို့ ငရဲတွင်းနဲ့ပတ်သက်လို့ ရင်းနှီးပြီးပါပြီ။

> "ထိုသို့ ငါမြင်သောသားရဲသည် ကျားသစ်နှင့် တူ၏။ သူ၏ခြေသည် ဝံခြေကဲ့သို့ဖြစ်၏။ သူ၏နှုတ်သည်လည်း ခြင်္သေ့နှုတ်ကဲ့သို့ဖြစ်၏။ နဂါးသည် မိမိတန်ခိုးနှင့် မိမိပလ္လင်ကိုလည်းကောင်း၊ ကြီးစွာသော အာဏာစက်ကိုလည်းကောင်း သားရဲ၌ အပ်ပေး၏။- သားရဲ၏ ခေါင်းတစ်လုံးသည် သေအောင် ကွပ်မျက်ပြီးသကဲ့သို့ ဖြစ်၍၊ သေစေသောဒဏ်ချက်သည် ပျောက်လျက်ရှိ၏။ မြေကြီးသားအပေါင်းတို့သည် သားရဲနောက်သို့ လိုက်၍ အံ့သြကြ၏။" - ဗျာဒိတ်ကျမ်း ၁၃:၂၊ ၃

အသက်ကို ထိပါးတဲ့အထိ ဒဏ်ရာရတဲ့ သားရဲဟာ ပြင်သစ်က နပိုလီယံဦးဆောင်ပြီး ၁၇၈၉ ခုနှစ်မှာ တိုက်ခဲ့တဲ့ ပါပရဟန်းဖြစ်တယ်လို့ Maatan ဟာ သင်ခဲ့ရဖူးတယ်။ အာဏာငုပ်သွားတာ တစ်ကမ္ဘာလုံးက ပါပရဟန်းနောက်ကို လိုက်မယ့်အထိ နာလန်ပြန်ထမယ်ဆိုတာဟာ နောက်ကွယ်ကနေ ကြိုးကိုင်မှုအများကြီး ရှိမယ်ဆိုတဲ့ သဘောပဲ။

အဲဒီအာဏာဟာ ဗျာဒိတ်ကျမ်း ၁၇ မှာ အခြားပုံစံနဲ့ပြထားပြီး လျှို့လျှို့ဝှက်ဝှက် အများ ကြီးလုပ်တဲ့အကြောင်း ပြထားတယ်။ ။

> "ဖလားခုနစ်လုံးရှိသော ကောင်းကင်တမန် ခုနစ်ပါးတို့တွင် တစ်ပါး သည်လာပြီးလျှင်၊ ငါ့ကိုနှုတ်ဆက်၍၊ လာခဲ့ပါ။ ရေအပေါ်မှာ ထိုင်သော ပြည့်တန်ဆာကြီး၌ စီရင်ခြင်းအမှုကို ငါပြမည်။- လောကီရှင်ဘုရင်တို့ သည် မတရားသော မေထုန်ကို သူနှင့်ပြုကြပြီ။ မြေကြီးသားတို့သည် သူ၏ မတရားသောမေထုန်၏ စပျစ်ရည်နှင့် ယစ်မူးကြပြီဟု ပြောဆို လျက်၊- ငါ့ကို ဝိညာဉ်တော်အားဖြင့် တောသို့ ဆောင်သွားလေ၏။ ခေါင်းခုနစ်လုံးနှင့် ချိုဆယ်ချောင်းရှိ၍၊ ဘုရားသခင်၏ အသရေတော် ကို ရှုတ်ချသော နာမတို့နှင့်အပြည့်ရှိသော သားရဲနီအပေါ်မှာ ထိုင် လျက်ရှိသော မိန်းမတစ်ဦးကို ငါမြင်၏။" - ဗျာဒိတ်ကျမ်း ၁၇:၁-၃

*အင်း၊ တောထဲမှာ* လို့ Maatan က စဉ်းစားဖြစ်တယ်။ *ကမ္ဘာကို မင်းပြုချင်သူတွေ သူ့ နောက်ကိုလိုက်ဖို့ အများကြီးကို သိမ်းသွင်းရမှာပါ။* အဲဒီအကြောင်းက Maatan ကို သီချင်းတစ်ပုဒ်ကို အမှတ်ရစေတယ်။

ယေရုရှလင် ခေါင်းလောင်းသံ ငါကြားတယ်
ရောမမြင်းတပ် သံစုံငြီး
ကျွန်ုပ်၏ကြည့်မှန်၊ ဓား၊ ဒိုင်းကာ ဖြစ်ပေးပါ
ကျွန်ုပ် နယ်ဝေးသာသနာပြုနေ
အကြောင်းကြောင်းကြောင့် ရှင်းမပြနိုင်
တစ်ခါကျွံဖူး ကတိဆိုသည်လုံးလုံးမရှိ
ထိုကာလသည် ကမ္ဘာကို ငါအုပ်စိုးမည့်အချိန်။[8]

[8] Viva La Vida – Cold Play 2008

Maatan က ဗျာဒိတ် ၁၃ ဟာ အမေရိကနိုင်ငံကို ဟောတာဖြစ်ကြောင်း သင်ခဲ့ဖူးတာကို ပြန်ပြောင်းစဉ်းစားဖြစ်တယ်။ ။

> “အခြားသော သားရဲတစ်ကောင်သည်၊ သိုးသငယ်၏ ချိုနှင့်တူသော ချိုနှစ်ချောင်းရှိ၍၊ နဂါးကဲ့သို့ စကားပြောလျက်၊ မြေကြီးထဲက ထွက်သည်ကို ငါမြင်၏။- ထိုသားရဲသည် သူ့အရင်ဖြစ်သော ပထမသားရဲ၏ အာဏာစက်ရှိသမျှကို သုံးစွဲ၏။ သေစေသော ဒဏ်ချက် ပျောက်ခဲ့ပြီးသော ပထမသားရဲကို မြေကြီးမှစ၍ မြေကြီးသားတို့သည် ကိုးကွယ်စေခြင်းငှာ ပြု၏။- ကြီးစွာသော နိမိတ်လက္ခဏာတို့ကိုလည်း ပြ၏။ လူတို့မျက်မှောက်၌ ကောင်းကင်က မြေကြီးအပေါ်သို့ မီးကို ဆင်းစေ၏။- ပထမသားရဲရှေ့၌ ပြုပိုင်သော နိမိတ်လက္ခဏာတို့အားဖြင့် မြေကြီးသားတို့ကို လှည့်ဖြား၏။ ဓားနှင့် ခုတ်သောဒဏ်ချက်ကို ခံရ၍ အသက်ရှင်သေးသော သားရဲ၏ ရုပ်တုကို လုပ်စေခြင်းငှာ မြေကြီးသားတို့ကို မှာထား၏။” - ဗျာဒိတ်ကျမ်း ၁၃:၁၁-၁၄

ဒီကျမ်းပိုဒ်က နိုင်ငံကို စထူထောင်တုန်းက သိုးသငယ်နဲ့တူခဲ့တဲ့ အမေရိကနိုင်ငံဟာ မကြာခင်မှာ အကြမ်းဖက်ထားတာတွေအပေါ် သားရဲလို တုံ့ပြန်တော့မှာဖြစ်ကြောင်း Maatan အတွက် အထောက်အထား ဖြစ်နေတယ်။ ဒီလိုအကွက်မျိုး ကမ္ဘာမှာ များနေပြီလေ။

Maatan က ရုံးရှေ့ဘက်က ကက်သိုလစ်စာအုပ်ဆိုင်မှာ Pope ထုတ်ပြန်ထားတဲ့စာ ဖတ်ခဲ့ဖူးတာကို ပြန်အမှတ်ရတယ်။ Maatan က ပါပရဟန်းက မကိုးကွယ်မနေရ ဥပဒေများ ပြဋ္ဌာန်းမလား ဘာလားဆိုတာ သိချင်ခဲ့တယ်။

အဲဒီတုန်းကအဖြစ်ကို သူမှတ်မိသေးတယ်။ Maatan က စာအုပ်ဆိုင်ထဲဝင်တော့ သူအလုပ်လုပ်နေတဲ့ United Methodist အသင်းတော်ရဲ့ ဝါရင့်ဆရာနဲ့ ပက်ပင်းတိုးတယ်။

“ဟယ်လို၊ Ken” လို့ Maatan က နှုတ်ဆက်တယ်။

"အော်၊ဟိုင်း Maatan" စာအုပ်ငယ်ကလေးကိုင်ရင်း Ken က ပြန်နှုတ်ဆက်တယ်။ "ငါတို့အမှုတော်ဆောင်တွေ တွေ့ဆုံပွဲအတွက် ငါပြင်ဆင်နေတာ။ ခင်ဗျား ဘယ်လိုသဘောရလဲ"

Maatan က ခေါင်းငုံ့လိုက်တော့ စာအုပ်ခေါင်းစဉ် "သူတော်စင် Ignatius ရဲ့ တရားကျင့်စဉ်" ကို တွေ့တယ်။ အံ့သြပေမဲ့ မျိုသိပ်ထားပြီး "စိတ်ဝင်စားစရာပဲ Ken ဒီစာအုပ် ဘယ်ကလာလဲဆိုတာ ရှာရမယ်"

"ဘာပြောတယ်၊ Maatan"

"Loyola နဲ့ သူ့ကျောင်းတော်က နိုင်ငံရေးမှာ ဝင်နှောက်လွန်းလို့ပါ။ သူ့ကျောင်းတော်နဲ့ ပတ်သက်လို့ US သမ္မတ John Adams နဲ့ Abraham Lincoln က ဘာပြောကြလဲဆိုတာ ဆက်ပြီးလေ့လာဖို့ ပြောချင်တယ်"

Ken က Maatan ကို ပဟေဋ္ဌိအကြည့်နဲ့ ကြည့်တယ်။ နှစ်ယောက်လုံးက ဒီကနေထွက်သင့်ကြောင်း အလိုလိုသိကြတယ်။ "မင်္ဂလာမွန်းလွဲဖြစ်ပါစေ Maatan"

"ကျေးဇူးပါ Ken ခင်ဗျားလည်း ပျော်ရွှင်ပါစေ" Maatan ရဲ့ စိတ်မှာတော့ မေးခွန်းတွေ တသီကြီးပေါ့။ Protestant အသင်းတော်ဦးဆောင်က Society of Jesus ရဲ့ ရည်းမှန်းချက်ကို ဘာလို့ မသိနိုင်ရတာပါလိမ့်။[9] သူက ဘာလို့ သဲလွန်စ မရ (သို့) ဒီကျောင်းရဲ့သမိုင်းကို ဂရုမထားနိုင်ရတာလဲ။ ဒီလူတွေ ရက်တိုသင်တန်းတွေမှာ ဘာတွေများ ပို့ချကြလဲမသိဘူးလို့ Maatan စဉ်းစားမိတယ်။

သူ့သွေးတွေ ဆူလာတာကို သတိထားမိပြီး စိတ်ငြိမ်အောင် ပတ္ထနာပြုလိုက်တယ်။ သူကတော့ အဲ့ကျောင်းတော်အကြောင်း လွန်ခဲ့တဲ့နှစ် ၁၀၀ လောက်က မြော်လင့်ခြင်းအသင်းတော် ထူထောင်ခဲ့သူတွေထဲက တစ်ဦးရဲ့စာအုပ်ကြောင့် သိခဲ့ပြီးဖြစ်တယ်။

[9] https;//en.wikipedia.org/wiki/Society-of-Jesus

"အကောင်းအဆိုးတိုက်လှန်ပွဲ" ဆိုတဲ့စာအုပ်ထဲမှာ ကလောင်ရှင်က အောက်ကအတိုင်း ရေးထားတယ်။ ။

"ခရစ်ယာန်လောကတွင် Protestant ဝါဒသည် အင်အားကြီးသည့် ရန်သူများ၏ ခြိမ်းခြောက်မှု ခံခဲ့ရသည့်။ အတိတ်တွင် ပြုပြင်ပြောင်း လဲရေး အောင်မြင်မှုကို တန်ပြန်အမှုန့်ချေရန် ရောမသည် အားသစ်စု ဆောင်းခဲ့သည်။ ဤတွင် ရဟန်းမင်း၏ ရက်စက်မှုသရဖူဆောင်း၊ မသ မာအားအတောင့်ဆုံး Jesuits ဟူသည့်အဖွဲ့ကို ထူထောင်ပေးလိုက် သည်။ ၎င်းတို့အဖွဲ့အစည်း၏ တစ်သွေး တစ်သံ တစ်မိန့်မှလွဲ၍ မည် သည့်ဥပဒေ၊ အနှောင်အဖွဲ့ကိုမှ မမှုသည့်၊ သံယောဇဉ် သမ္ဗဇဉ် သိစိတ် စသည်များ အပြီးတိုင်လှူ၊ လောကီသံယောဇဉ် ကိလေသာများကို အပြီးဖြတ်ထားသူများ ဖြစ်ကြ၏။ သခင်ခရစ်တော်၏ တရားတော် သည် ထိုတရားတော်ကို ကိုင်စွဲသူများအား အန္တရာယ်များ၊ အအေး၊ အ ငတ်၊ အလုပ်၊ ဆင်းရဲမွဲတေမှု စသည့်ဒဏ်များ၊ စင်အတင်ခံ၊ မြေတွင်း ချခံ၊ မီးရှို့ခြင်းများကြုံငြား ကြံ့ကြံ့ခံနိုင်ရန် စိတ်ခွန်အားပေး၏။ ထိုခွန် အားကို ဆန့်ကျင်ရန် Jesuits များသည် ၎င်းတို့၏ နောက်လိုက်များ ကို ကလိန်နည်းခပ်သိမ်းဖြင့် အန္တရာယ်ကို ရင်ဆိုင်ရဲစေခဲ့၏။ ၎င်းတို့အ တွက် မကျူးလွန်ရဲလောက်သည့်ပြစ်မှု မရှိ၊ သနွေယုတ်သည့် မုသား မရှိ၊ ခဲယဉ်းသည့် မာယာသာဌေယျ မရှိ။ လောကီချမ်းသာကို အပြီး တိုင် စွန့်လွှတ်ကာ Protestant ဝါဒကို ချေမှုန်း၊ ရဟန်းမင်း ဥစ္စာ၊ အာ ဏာပြန်ရကာ အဓိပတိဖြစ်ရေးသာ ပဋိညာဉ်ပြုထားကြ၏။"[10]

ဒါဟာ ပြုပြင်ပြောင်းလဲရေးခေတ်ကစပြီး Maatan စိတ်ထဲမှာ မင်းမူနေတဲ့ ကမ္ဘာ့သမိုင်း ပါ။ ဒီကျောင်းတော်ကပဲ ဗျာဒိတ် ၁၃ မှာလာတဲ့ ကျားသစ်နဲ့တူတဲ့သားရဲက အာဏာပြန်ရ ပြီး သူ့ရဲ့ဥပဒေကို လူသားတွေအပေါ် ကျင့်သုံးစေမှာဖြစ်တယ်။

[10] Ellen White, *the Great Controversy,* published 1888 page 234

ဘယ်အဖွဲ့အစည်းဖြစ်ဖြစ် အာဏာရဖူးသူဟာ သူ့အာဏာပြန်ရဖို့ ဘာမဆိုလုပ်မှာကို သူ နားလည်ထားတယ်။

၁၉ ရာစုအတွင်းက အထင်ကရပုဂ္ဂိုလ်တွေက နိုင်ငံတော့်အာဏာနဲ့ အသင်းတော်ရဲ့ လွတ်လပ်ခွင့်ဟာ ခြိမ်းခြောက်မှုရှိကြောင်း သိကြတယ်။ ဒါပေသိ ၂၀ ရာစုမှာတော့ ပုန်ကန်ခြားနားခြင်းဟာ တစ်ခန်းရပ်ပြီး ရိုမန်အသင်းတော်လည်း သူ့ရဲ့ဇယားကို အဟန့်အတားမဲ့ အများကြီး လုပ်လာနိုင်ခဲ့တယ်။ သူ့ရဲ့ပုံစံအမျိုးမျိုး၊ ရည်ရွယ်ချက်ပြင်းထန်မှု၊ အကူအညီရင်းမြစ် ပေါကြွယ်မှု၊ အဆက်အသွယ်ကျစ်လျစ်မှု၊ ရေရှည်စီမံကိန်း ပြုနိုင်စွမ်းရှိမှုတွေက နိုင်ငံအများစုရဲ့ နိုင်ငံတော်အဆင့် ရွေးကောက်ပွဲတွေကို ကျော်လွန်လို့ တော်တန်ရုံ သတိမမူမိကြဘူး။ သမ္မာကျမ်းစာကတော့ အမေရိကကို ကြိုးကိုင်ခြင်းဖြင့် တစ်ကမ္ဘာလုံးက သူ့ကို ဦးထိပ်ထားကိုးကွယ်၊ သူ့ရဲ့ပြဋ္ဌာန်းချက်အောက်မှာ သစ္စာခံကြလိမ့်မယ်လို့ ဟောထားပါတယ်။

တိုက်ညီနောင်ပြိုကျသွားတဲ့ ပူပူနွေးနွေးဖြစ်ခဲ့တဲ့ ၉/၁၁ ဖြစ်စဉ်မှာ ပလီမှုတွေရှိကြောင်း၊ ပထဝီနိုင်ငံရေးတွေ စတော့မယ်ဆိုတာတွေကို ပြပါတယ်။ ကွန်မြူနစ်ဝါဒကို ကြောက်တာကလည်း ကမ္ဘာ့စီးပွားရေးကို ချိတ်ဆက်မှုရှိစေပါတယ်။ အစ္စလမ်အစွန်းရောက်ခြင်းကလည်း ဘာသာရေးကို ချိတ်ဆက်စေတယ်။ ပုပ်ရဟန်းဟာ အလိုလိုနဲ့ ဒီစနစ်တွေကို ဦးစီးသွားမှာပါ။ ဒီလိုလုပ်နိုင်တဲ့ သမိုင်းအစဉ်အလာ သူကလွဲပြီး ဘယ်သူရှိလို့လဲ။

Maatan ဟာ ဗျာဒိတ်ကျမ်းထဲက ကျမ်းချက်ကို ပြန်အမှတ်ရတယ်။ ။

> "ပရောဖက်တို့၏ အသွေး၊ သန့်ရှင်းသူတို့၏ အသွေး၊ မြေကြီးပေါ်မှာ ကွပ်မျက်သောသူ အပေါင်းတို့၏ အသွေးကို ထိုမြို့၌တွေ့၏။" - ဗျာဒိတ်ကျမ်း ၁၈:၂၄

ဒီကျမ်းချက်ရဲ့ဂယက်ဟာ အတော်ကျယ်ပျံ့ပါတယ်။ Maatan က Malachi Martin ဆိုတဲ့ Jesuit ဂိုဏ်းဝင်ရေးတဲ့ *The Keys of This Blood* စာအုပ်ထဲက Pope John Paul II and

Russia and the West for control of the New World Order ဆိုတဲ့အခန်းက ဒီအကြောင်းဟာမှန်ကြောင်း ပြတဲ့သက်သေပြတဲ့အချက်လို့ မြင်တယ်။

Maatan လည်း ဘယ်လိုသဘောထားရမလဲ ဆိုတာကို ပြန်ပြီးဆင်ခြင်ရတယ်။ *ဒီအခမ္မသားတွေကို ငါ့ရဲ့အားနဲ့ ဆန့်ကျင်ရမှာလား (သို့) ငါ့ရဲ့ကယ်တင်ရှင်ဆီ အပ်ပြီး သူ့ရဲ့ဦးဆောင်မှုကိုပဲ လိုက်ရမလား။ ဒီလိုအင်အားကြီးတဲ့ အဖွဲ့က မဖြစ်ညစ်ကျယ်လေးနဲ့ အချိန်ကုန်ခံ၊ အပင်ပန်းခံတာက နင့်ကိုအားယုတ်စေလိမ့်မယ်။ ဒါတွေဟာ ဖြစ်လာမှာဆိုတော့ ငါတော့ ဆုတောင်းပြီး အခြေအနေကြည့်တော့မယ်။ ဘယ်လိုပဲ အခြေအနေဆိုးဆိုး စိတ်ငြိမ်းချမ်းအောင် ငါ့ရဲ့သခင်ကိုဘဲ အားကိုးတော့မယ်။*

Maatan လည်း သူဆင်းရမယ့်ဘူတာရောက်တော့ ဆင်းပြီး သူ့ရုံးကိုသွားတယ်။

# အခန်း ၂၁
# ခင်ဗျား ကေန်မသေပါဘူး

Maatan ဟာ သူ့စားပွဲဆီသွားနေတုန်း David က "Maatan" လို့ ခေါ်လိုက်တယ်။ "ခရစ်တော် ဒုတိယအကြိမ် ပြန်ကြွလာဖို့ မဝေးတော့ဘူးလို့ နင်ထင်တဲ့အကြောင်း ငါတို့ ဆွေးနွေးကြရအောင်။ ၉/၁၁ ဖြစ်စဉ်အပြီးမှာ ဒါဟာတကယ်လားလို့ ငါစဉ်းစားလာတယ်။ နင်ပြောချင်နေတဲ့အကြောင်း နေ့လည်စာ စားချိန်မှာ ဆွေးနွေးတာပေါ့ ဖြစ်လား"

"ဖြစ်တာပေါ့ David။ ခင်ဗျားနဲ့ ဒီလိုဆွေးနွေးခွင့်ရတာ ဂုဏ်ယူပါတယ်။ ကျွန်တော်က ဒီအခွင့်အရေး ပျောက်ပြီလို့ထင်ခဲ့တာ။ ခင်ဗျားက တစ်ချို့သာခကေတွေကို ဖွေစစ်ချင်တဲ့အတွက် ကြိုဆိုပါတယ်"

David လည်း Maatan ကို တရုတ်စားသောက်ဆိုင်ခေါ်သွားပြီး စပြီးနှီးနှောကြတယ်။ Maatan က အသားလွတ်စားမစားကို သူကထပ်ပြီး သိချင်နေတာ။

"အရင်နှစ်တွေတုန်းက သေသွားတဲ့သူနဲ့ ခရစ်တော် ဒုတိယအကြိမ်ကြွလာမှာကို နင်ဆက်စပ်ပြခဲ့ဖူးတယ်နော်။ အမတာဘဝနဲ့ နွယ်တာပေါ့" လို့ David နောက်ကြောင်းပြန်တယ်။

"ဒီအကြောင်းပြောရရင်တော့ နာမည်ကြီးတဲ့ ကျမ်းချက်နဲ့ စရင်ကောင်းမယ်ထင်တယ်။ စရ မလား"

"ရှင်ယောဟန် ၃း၁၆ ကို ပြောချင်တာလား" "အေး၊ ဟုတ်တယ်"

> "ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည်၊ ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှာ၊ ဘုရားသခင်သည် မိမိ၌ တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။" - ရှင်ယောဟန်ခရစ်ဝင် ၃:၁၆

“ဒီမှာက *ပျက်စီး* နဲ့ *ထာဝရအသက်* ဆိုတဲ့နှစ်ခုက အခရာပဲ။ *ပျက်စီး* ဟာ *ထာဝရအသက်* နဲ့ ဆန့်ကျင်ဘက်ပဲ။ တစ်ချို့ခရစ်ယာန်အသင်းတော်တွေက ခရစ်တော်ကို မယုံကြည်တဲ့ သူတွေလည်း အဆင်မပြေတဲ့ အနေအထားနဲ့ ထာဝရအသက်ကို ရနိုင်တယ် လို့သွန်သင် တတ်ကြတာပေါ့”

“သိပ်တော့ နားမလည်သေးဘူး Maatan”

“အသင်းတော် အတော်များများက လူဆိုးတွေဟာ ငရဲမှာ ထာဝရ မီးအလောင်ခံရမယ်လို့ သွန်သင်ကြတယ်။ ဒါက ထာဝရအသက်ရှင်နေခြင်းပါပဲ။ သူတို့ဟာ မီးဒဏ်ကို နာနာကျင် ကျင် ခံရမှာဖြစ်တယ်။ အများစုက မီးဟာ တကယ့်ကို ထာဝရလောင်မယ်လို့ ဟောနေ ချိန်မှာ တစ်ချို့ကတော့ ဒီမီးဟာ သိစိတ်ကိုချွန်းထိုးတဲ့ မီးပါလို့ ဟောကြတယ်”

“နင်ပြောချင်တာကို ငါမြင်တယ်။ ထာဝရအသက်ကို အနက်ဖွင့်ဆိုချက်ဟာ ကယ်တင် ခြင်းခံရသူတွေ စံရမယ့်ဘဝကို အနက်ဖွင့်တာ။ ပျက်စီးဆိုတာတော့ လူဆိုးတွေရဲ့ နတ္ထိ ဘဝကို ဆိုလိုတာ” လို့ David က ဖြေတယ်။

“ဟုတ်တယ်။ အဲဒီဝေါဟာရတွေကို အနက်ဖွင့်တဲ့အခါ ဒီလိုတွေ ဖွင့်ကြတယ်။ ဒါပေမယ့် ကျမ်းစာကိုဖတ်ရင် အသက်ကို ပျက်စီးနဲ့တွဲထားတာပါ။ အသက်ရဲ့ ဆန့်ကျင့်ဘက်ဟာ ထာဝရလို့ခေါ်တဲ့ ကာလအထိ အသက်မဲ့ခြင်းပေါ့။ ဒါကတော့ ကျမ်းစာကနေ ကျွန်တော် နားလည်နိုင်သလောက်ပါ။ အခြားကျမ်းချက်တွေလည်း ဆက်ကြည့်ကြမလား။”

“ရတာပေါ့။ ကြည့်ရအောင်”

“ဒေင်ဥယျာဉ်ထဲမှာ မာရ်နတ်ရဲ့ ပထမဆုံးပြောခဲ့တဲ့ စကားကို ကြည့်ကြတာပေါ့။ ။

> “မြွေကလည်း၊ သင်တို့သည် ဧကန်အမှန်သေရမည် မဟုတ်။ အ ကြောင်းမူကား၊ ထိုအသီးကိုစားသောနေ့၌ သင်တို့သည် မျက်စိပွင့် လင်းလျက် ကောင်းမကောင်းကိုသိ၍၊ ဘုရားသခင်ကဲ့သို့ ဖြစ်ကြလ

တွံ့သည်ကို၊ ဘုရားသခင်သိတော်မူသည်ဟု မိန်းမအားဆို၏။" - ကမ္ဘာဦးကျမ်း ၃:၄၊ ၅

"စာတန်မာရ်နတ်က ပုထုဇဉ်တွေဟာ ဘုရားနဲ့အဆက်အသွယ်မရှိလည်း ထာဝရအသက်ရှင်နိုင်တယ်လို့ နားသွင်းခဲ့တယ်။ အသီးကိုစားတယ်ဆိုတာ ဘုရားရဲ့ကောင်းမြတ်ခြင်းကို မယုံမှ စားဖြစ်မှာလေ။ ဒါကြောင့် စာတန်က လူ့ပင်ကို ကိုက ဘုရားနဲ့ဘယ်လိုပဲ မပတ်သက်သက် မသေနိုင်ဘူးဆိုတဲ့ သဘောကို သွင်းခဲ့တယ်။ ဘုရားက အာဒံကို ဒီလိုမိန့်ခဲ့တယ်။

"သင်ထွက်ရာမြေသို့ မပြန်မီတိုင်အောင်၊ သင်၏မျက်နှာမှ ချွေးထွက်လျက် အစာကိုစားရမည်။ အကြောင်းမူကား၊ သင်သည်မြေမှုန့်ဖြစ်၍ မြေမှုန့်သို့ ပြန်ရမည်ဟု မိန့်တော်မူ၏။" - ကမ္ဘာဦးကျမ်း ၃:၁၉

"အာဒံဟာ ဖုန်မှုန့်သာဖြစ်ကြောင်း၊ သူ့မှာ အမတဝိညာဉ်ရှိတယ်လို့ ဘုရားကမမိန့်ခဲ့ဘူး။ သမ္မာကျမ်းစာက လူဟာ ဖုန်မှုန့်ကိုပြန်တဲ့အခါ ဘာဖြစ်သလဲဆိုတာ ပြထားတယ်။

"လူမူကား သေ၍ ဆွေးမြေ့တတ်၏။ လူသည် အသက်ချုပ်ပြီးလျှင် အဘယ်မှာရှိသနည်း။ အိုင်ရေပြတ်သကဲ့သို့လည်းကောင်း၊ မြစ်ရေ ခန်းခြောက်သကဲ့သို့လည်းကောင်း၊ လူသည်အိပ်ပြီးမှ နောက်တစ်ဖန် မထရ။ မိုးကောင်းကင် မကုန်မဆုံးမီတိုင်အောင် မနိုးရ။ အအိပ်အပျော် မပျက်ရ။" - ယောဘဝတ္ထု ၁၄:၁၀-၁၂

"ပုထုဇဉ်ဟာ သေတဲ့အခါအိပ်ပြီး မိုးကောင်းကင်မကုန်ဆုံးတဲ့အထိ မထတော့ဘူးလို့ ကျမ်းစာမှာ လာတယ်။ အိပ်နေတယ်လို့ ဆိုလိုတာပါ။ လူသေဟာ သိစိတ်မရှိ၊ မမှတ်မိတတ်တော့ဘူး၊ သူ့တို့ဟာ ငြိမ်နေမယ်၊ ဘာမှကိုမသိ ဖြစ်မယ်။ ။

"အသက်ရှင်သောသူသည် မိမိသေရမည်ကိုသိ၏။ သေသောသူမူကား၊ အဘယ်အရာကိုမျှ မသိ။ အကျိုးအပြစ်ကိုလည်း မခံရ။ သူ့ကိုလည်း မေ့လျော့တတ်ကြ၏။ သူ၏ချစ်ခြင်း၊ မုန်းခြင်း၊ ငြူစူခြင်းလည်းပျောက်

ပျက်၏။ နေအောက်မှာပြုသမျှသောအမှု၌ သူတစ်ပါးနှင့် ရောနှော၍ မဆိုင်ရ။" - ဒေသနာကျမ်း ၉:၅၊ ၆

"သေလွန်သောသူ၊ ငြိမ်းရာထဲသို့ ဆင်းသောသူရှိသမျှတို့သည် ထာဝရဘုရားကို မချီးမွမ်းရကြ။" - ဆာလံကျမ်း ၁၁၅:၁၇

"ဝိညာဉ်ဟာ သေတတ်တယ်လို့ ကျမ်းစာမှာပြထားတဲ့အတွက် ပုထုဇဉ်တွေက မသေဖို့ ကြိုးစားကြတာပါ။ ခင်ဗျားဟာ ခင်ဗျားဆီမှာမရှိတာကို ရှာနေတာပါ။ ။

"သေတတ်သောလူသည် ဘုရားသခင့်ရှေ့မှာ ဖြောင့်မတ်ခြင်းရှိရသလော။ လူသတ္တဝါသည် ဖန်ဆင်းတော်မူသော အရှင်ရှေ့မှာ သန့်ရှင်းခြင်းရှိရသလော။" - ယောဘဝတ္တု ၄:၁၇

"ဘုရားသခင်သည် လူအသီးအသီးတို့အား မိမိတို့ အကျင့်နှင့်အလျောက် အကျိုးအပြစ်ကို ဆပ်ပေးတော်မူလတ္တံ့။- ကောင်းသောအကျင့်ကို အမြဲကျင့်၍၊ ဘုန်းအသရေကိုလည်းကောင်း၊ မဖောက်ပြန်သော ဇာတိကိုလည်းကောင်း၊ ရှာသောသူတို့အား ထာဝရအသက်ကို ပေးတော်မူလတ္တံ့။" - ရောမဩဝါဒစာ ၂:၆၊ ၇

ငါ ဒီရှုထောင့်ကနေ မစဉ်းစားခဲ့ဖူးဘူး Maatan ငါ့စိတ်မှာရှိနေတာက လာဇရုနဲ့ သူဌေးအကြောင်းပဲ။ သူဌေးက သေပြီးတဲ့နောက် ငရဲကျရော။ ယေရှုက အဲဒီအကြောင်း ရှင်လုကာမှာ ပြောထားတာ သိတယ်မဟုတ်လား။"

"တစ်နေ့သ၌ ထိုဆင်းရဲသားသည် သေလွန်၍၊ ကောင်းကင်တမန်တို့သည် အာဗြဟံ၏ရင်ခွင်သို့ ပို့ဆောင်ကြ၏။ သူဌေးသည်လည်း သေလွန်၍ သင်္ဂြိုဟ်ခြင်းကို ခံရလေ၏။- မရဏာနိုင်ငံ၌ ပြင်းပြစွာသောဝေဒနာကိုခံရလျက် မျှော်ကြည့်၍၊ အာဗြဟံကိုလည်းကောင်း၊ အာဗြဟံ၏ ရင်ခွင်၌ လာဇရုကိုလည်းကောင်း အဝေးကမြင်လျှင်၊- အို အဘအာဗြဟံ၊ အကျွန်ုပ်ကို ကယ်မသနားတော်မူပါ။ အကျွန်ုပ်သည် ဤမီးလျှံ၌

ပြင်းစွာခံရသောကြောင့်၊ လာဇရုသည် မိမိလက်ဖျားကို ရေ၌နှစ်၍ အကျွန်ုပ်လျှာကို အေးစေခြင်းငှာ သူ့ကို အကျွန်ုပ်ရှိရာသို့ စေလွှတ်တော်မူပါဟု ဟစ်ကြော်လေ၏။- အာဗြဟံကလည်း၊ ငါ့သား၊ သင်သည် အသက်ရှင်စဉ်အခါ ချမ်းသာရသည်ကိုလည်းကောင်း၊ လာဇရုသည် ဆင်းရဲစွာ နေရသည်ကိုလည်းကောင်း အောက်မေ့လော့။ ယခုမူကား၊ သူသည် သက်သာခြင်းရှိ၏။ သင်သည် ဒုက္ခဝေဒနာကို ခံရ၏။" - ရှင်လုကာခရစ်ဝင် ၁၆:၂၂-၂၅

"သူဌေးက ငရဲကျရင် အာဗြဟံနဲ့ စကားလှမ်းပြောတယ်ဆိုတာ ဝိညာဉ်ဟာ သေပြီးနောက်လည်း အသက်ရှိသေးတယ်လို့ ပြောတာမဟုတ်ဘူးလား" လို့ David က အလေးအနက်မေးတယ်။

"ခင်ဗျားဒီလို အစဆွဲပြတာ ဝမ်းသာပါတယ်။ ဒီကျမ်းချက်ဟာ ဝိညာဉ် မသေကြောင်းကို ပြဟန်ရှိတဲ့ သက်သေကောင်းပါပဲ။ ဒါပေမဲ့ ကျွန်တော်တို့ အဖြေထုတ်ရမှာက ကျမ်းစာလာအကြောင်းတွေကို ဖွေစစ်ဝိဘဇ္ဇပြု အဖြေထုတ်ရမှာပါ။ ခင်ဗျားသဘောတူလား"

"သခင်ယေရှုရဲ့ဝါစာဟာ ဓမ္မဟောင်းကျမ်းထက် သြဇာမရှိရဘူးလား။ ဒီအကြောင်းနဲ့ပတ်သက်ပြီး ငါ ဒီလိုကြားဖူးလို့ပါ" လို့ David က ပြောတယ်။

"အဲဒီလိုမျိုးဆိုရင်တော့ ယေရှုဟာ ဓမ္မဟောင်းကျမ်းကို ကန့်လန့်တိုက်သလိုဖြစ်ပြီး ဓမ္မဟောင်းကျမ်းဟာ မမှီးရမယ့်ကျမ်း ဖြစ်သွားမယ်။ ဒါပေမယ့် သခင်ယေရှုသုံးခဲ့တဲ့ကျမ်းဟာ ဒီဓမ္မဟောင်းကျမ်းပဲ ရှိခဲ့တာပါ။ ရှင်ပေါလုကလည်း ကျမ်းစာရှိသမျှသည် ဘုရားသခင်မှုတ်သွင်းထားခြင်းဖြစ်ပြီး သြဝါဒပေးခြင်း၊ တရားကို သွန်သင်ခြင်း ကျေးဇူးများပြုတတ်၏ (၂ တိ ၃း၁၆) တဲ့။ ဒါ့အပြင် ဓမ္မသစ်ကျမ်းမှာ ဝိညာဉ်မသေဘူးဆိုတဲ့ ပြဿနာဖြစ်စေတဲ့နေရာ အများကြီးရှိတယ်။

David က "ဘယ်လိုမျိုးတွေလဲ" လို့ မေးတယ်။

"ဒါမျိုးတွေပါ။ ။

“**မရဏာနှင့်ကင်းလွတ်သောသူ တစ်ပါးတည်း**ဖြစ်တော်မူထသော၊ အဘယ်သူမျှ မချဉ်းကပ်နိုင်သော အလင်းထဲ၌နေတော်မူထသော အဘယ်သူမျှ မမြင်ဖူးရာ၊ မမြင်နိုင်ရာ ဖြစ်တော်မူထသော၊ မင်္ဂလာရှိသော တစ်ပါးတည်းသော အရှင်ဖြစ်တော်မူထသော၊ ဘုရင်တကာတို့၏ ဘုရင်၊ သခင်တကာတို့၏သခင်သည်၊ ကာလအချိန်ရောက်သောအခါ၊ သခင်ယေရှုခရစ်၏ ထင်ရှားပေါ်ထွန်းခြင်းကို ပြတော်မူလိမ့်မည်။ ထိုဘုရားသခင်သည် ထာဝရဂုဏ်အသရေ အစွမ်းသတ္တိ ရှိတော်မူစေသတည်း။ အာမင်။” - တိမောသေဩဝါဒစာပထမစောင် ၆:၁၅၊ ၁၆

“သမ္မာကျမ်းစာက ဘုရားတစ်ပါးတည်းပဲ အမတဖြစ်တယ်တဲ့”

“**ငါတို့အဆွေ လာဇရုသည် အိပ်ပျော်၏။** သူ့ကိုနှိုးခြင်းအလိုငှာ ငါသွားမည်ဟု မိန့်တော်မူ၏။” - ရှင်ယောဟန်ခရစ်ဝင် ၁၁:၁၁

“သခင်ယေရှုကတော့ သေခြင်းကို အိပ်စက်ခြင်းလို့ မိန့်ထားတယ်။ သိစိတ် ဘာမှမရှိတဲ့အချိန်ပေါ့။

“သခင်ဘုရားသည် ကြွေးကြော်ခြင်း၊ ကောင်းကင်တမန်မင်း အသံပေးခြင်း၊ ဘုရားသခင်၏ တံပိုးတော်ကို မှုတ်ခြင်းနှင့်တကွ၊ ကောင်းကင်ဘုံမှ ကိုယ်တိုင် ဆင်းသက်တော်မူ၍၊ ခရစ်တော်၌ သေလွန်သောသူတို့သည် အဦးထမြောက်ကြလိမ့်မည်။” - သက်သာလောနိတ်ဩဝါဒစာပထမစောင် ၄:၁၆

“သင်္ချိုင်းမှာသေနေတဲ့ ဖြောင့်မတ်တဲ့လူသေတွေဟာ ခရစ်တော်ကြွလာတဲ့အခါ ပြန်ပြီးထမှာဖြစ်တယ်။ သူတို့ဟာ ကောင်းကင်ကို မရောက်ကြသေးဘူး။ ရှင်ပေါလုက ယုံကြည်ခြင်းဖခင်၊ မိခင်တွေအကြောင်း ဟေဗြဲ အခန်း (၁၁) မှာ ပြောထားပြီး အဆုံးပိုင်းမှာ ဒီလိုပြောပါတယ်။ ။

“ထိုသူအပေါင်းတို့သည် ယုံကြည်ခြင်းအားဖြင့် ချီးမွမ်းခြင်းသို့ ရောက်သော်လည်း၊ ကတိတော်အတိုင်း အကျိုးကျေးဇူးကို မခံရကြ။ - အဘယ်ကြောင့်နည်းဟူမူကား၊ ထိုသူတို့သည် ငါတို့မပါဘဲ စုံလင်ခြင်းသို့ မရောက်ရမည်အကြောင်း၊ ဘုရားသခင်သည် ငါတို့အဖို့ အလိုငှာ သာ၍မြတ်သော ကျေးဇူးကို ကြံစည်တော်မူ၏။” - ဟေဗြဲဩဝါဒစာ ၁၁:၃၉၊ ၄၀

“သူတို့ဟာ စုံလင်ခြင်းကို မရောက်သေးဘူးတဲ့။ ကောင်းကင်ကို မရောက်သေးဘူးလို့ ပြောချင်တာပါ။ သူတို့ဟာ ယေဘာ ပြောတဲ့အတိုင်း မိုးကောင်းကင် မရှိတော့တဲ့အထိ သင်္ချိုင်းမှာ စောင့်နေကြမှာဖြစ်တယ်။ ရှင်ပြန်ထမြောက်တဲ့နေ့ကျမှ ပြန်ထကြမှာဖြစ်တယ်။ သခင်ယေရှုက ဒါကို အတည်ပြုတယ်။ ။

“ဤအမှုအရာကို အံ့ဩခြင်းမရှိကြနှင့်။ သင်္ချိုင်းများမှာရှိသော သူအပေါင်းတို့သည် သားတော်၏ စကားသံကိုကြား၍- ထွက်ရမည့်အချိန်ကာလ ရောက်လတ္တံ့။ ကောင်းသောအကျင့်ကို ကျင့်သောသူတို့သည် အသက်ရှင်ရာ ထမြောက်ခြင်းသို့လည်းကောင်း၊ ဆိုးယုတ်သောအကျင့်ကို ကျင့်သောသူတို့သည် အပြစ်စီရင်ရာ ထမြောက်ခြင်းသို့လည်းကောင်း ထွက်ရကြလတ္တံ့။” - ရှင်ယောဟန်ခရစ်ဝင် ၅:၂၈၊ ၂၉

“ဒါကြောင့် ဒုတိယအကြိမ် မကြွလာခင်မှာ ထကြမယ့် ကျမ်းစာထဲမှာပြထားတဲ့ သူတွေကလွဲပြီး အများစုဟာ ကမ္ဘာ့သမိုင်း နိဂုံးမချုပ်ခင်အထိ ဘာမှမသိဘဲ သင်္ချိုင်းမှာ အိပ်နေကြမှာ ဖြစ်တယ်”

“နင်ပြောတာ ငါနားလည်တယ် Maatan။ ဒါပေမယ့် သူဌေးနဲ့လာဇရုအကြောင်းတော့ နားမရှင်းသေးဘူး”

“David ရေ၊ ကျွန်တော်ဖွေစစ်ထားတဲ့အရတော့ ဂျူးတွေဟာ ဂရိတွေရဲ့ တမလွန်ဘဝ၊

ငရဲ စတဲ့သဘောတရားအောက်မှာ ပိခဲ့ကြတယ်လို့ ကျွန်တော်တွေ့ခဲ့တယ်။[11] ယေရှုက ဒါကိုနားလည်ပေးပြီး သူတို့ အသက်ရှင်တုန်းမှာ မောရှေရဲ့ကျမ်းတွေကို နာနာဖတ်ကြဖို့ သင်ပေးတာပါ။ သေပြီးရင် နောက်ကျပြီလေ။ နောက်ပြီး ဒါဟာ ပုံဥပမာပါ။ အဲဒါကြောင့် ဘယ်ဟာက ပုံပမာ၊ ဘယ်ဟာကတရားဖြစ်ကြောင်း ခွဲတတ်ဖို့ လိုပါတယ်။ ဒီပုံပမာတစ်ခု က အခြားအားလုံးနဲ့မတူ ကွဲနေတယ်ဆိုကတည်းက ဒီဟာကိုပုံပမာအဖြစ် ယူရုံပါ။ ဒီလိုမ ဟုတ်ရင် ကျွန်တော်တို့ဟာ ကောင်းကင်ကို ရောက်တဲ့အခါ ကိုယ့်မိတ်ဆွေတွေငရဲကျပြီး ရေတောင်းနေပါဦးမယ်။ ဒါက ကောင်းကင်နဲ့တူလို့လား။

"ငါ နင့်ရှုထောင့်ကိုလက်ခံတယ် Maatan။ ဒါပေမယ့်ပေါ့ လူအများစုက လူ သေရင်ဒီလို ဖြစ်တယ်လို့ လက်ခံနေတာကို သခင်ယေရှုက ဘာလို့သုံးရတာလဲ။ ဒါဟာ မကောင်းပါ ဘူး" ဆိုပြီး David ဟာ အဆင်မပြေဖြစ်နေတယ်။

"ဒါဟာ ခက်တဲ့မေးခွန်းပဲ။ ကျွန်တော်ပြောနိုင်တာဆိုလို့ အကြောင်းတစ်ခုကို အဆီထုတ် တော့မယ်ဆိုရင် ကျမ်းတွေစုစည်းပြီး ဓမ္မကရိဏ်ရေစစ်နဲ့ စစ်ထုတ်ရပါမယ် (ဟေရှာယ ၂၈း၁၀)။ ကျမ်းချက်တွေကို လျစ်လျူရှုပြီး ကျမ်းချက်နည်းနည်းလေးနဲ့ နိဂုံးချုပ်ရင်တော့ မှားနိုင်ချေများတယ်။

"ကျွန်တော်ကတော့ ကျမ်းစာလာ မင်္ဂလာရှိတဲ့ မျှော်လင့်ခြင်းဆိုတဲ့ ခရစ်တော်ပြန်ကြွလာ မယ့် တရားကိုပဲ ရှေ့ရှုတယ်။ ပုထုဇဉ်တွေ သေတာနဲ့ ကောင်းကင်တန်းရောက်ရင် သေ ခြင်းဟာ မင်္ဂလာရှိတဲ့ မျှော်လင့်ခြင်း ဖြစ်တော့မှာပေါ့။ ဒါက နိမိတ်နမာ မရှိဘူး။ ဒါတင် မကဘူး၊ ငါတို့ချစ်တဲ့သူတွေ ကောင်းကင်ရောက်ကြပြီး ကမ္ဘာမှာဖြစ်ပျက်နေတာကို အ ပေါ်ကနေကြည့်နေရင် ရင်နာမှာပေါ့။ သူတို့ဟာ အနိဋ္ဌာရုံတွေကို ကမ္ဘာမှာနေကြတုန်းက ထက် ပိုပြီးမြင်ကြမှာဆိုတော့ ပိုဆိုးမှာပေါ့။ သူတို့ချစ်ရတဲ့သူက ကမ္ဘာမှာရှိနေရင် အနိဋ္ဌာ ရုံတွေကို မတွေ့သလို ဟန်ဆောင်လို့လည်း ရမှာမဟုတ်ဘူးလေ။ သူတို့ရဲ့ သားမြေးတွေ ဘယ်လိုဖြစ်ကြမလဲဆိုတာလည်း သိချင်ကြမှာပဲ။ အတော်ကို စိတ်ဖိစီးမှာပေါ့။

---

[11] Edward Fudge, *The Fire that Consumes.* Cascade Books, 2011.

ကျမ်းစာမှာပြထားတဲ့အတိုင်းပဲ နောက်ဆုံးသောနေ့အထိ ဖုန်မှုန့်အဖြစ် အိပ်နေတာကပဲ ပိုကောင်းပါတယ်။ အဲဒီနောက်တော့ "သို့သော်လည်း၊ နောက်ဆုံးသော တံပိုးမှုတ်သော အခါ၊ တစ်ခဏချင်းတွင် မျက်စိတစ်မှိတ်၌ ငါတို့ရှိသမျှသည် ပြောင်းလဲခြင်းသို့ ရောက်ရကြမည်။ ထိုတံပိုးမှုတ်ချိန် ရောက်သောအခါ၊ သေလွန်သောသူတို့သည်၊ မပုပ်နိုင်သောအဖြစ်၌ တည်လျက် ထမြောက်၍၊ ငါတို့ရှိသမျှသည် ပြောင်းလဲခြင်းသို့ ရောက်ရကြမည်။" - ကောရိန္သုဩဝါဒစာပထမစောင် ၁၅:၅၂

"နင်ပြောတာတွေ လေ့လာဦးမယ် Maatan။ နင်ပြောတာတွေ ကောင်းတယ်။ ဒါပေမယ့် အခြားကျမ်းချက်တွေကို လေ့လာဖို့ရှိသေးတယ်"

"အချိန်ယူရမယ် မှန်းသိပါတယ်။ ဒီအကြောင်းနဲ့ပတ်သက်ပြီး ခရစ်ယာန်အများစုက ငြင်းကြတယ်။ ဝိညာဉ်မသေတာကြီးက ဘုရားသခင်သာ လူဆိုးတွေကို တောက်လျှောက်ကို မီးမြိုက်မယ့်အချိုး ဖြစ်နေပြီး မေတ္တာ၊ ကရုဏာဆိုတာပျောက်ရော။ အဲဒါကို ငါကတော့ တကယ့်ကို အဓမ္မတရားလို့မြင်တယ်"

"သိပ်ပြီးရဲတင်းတဲ့ စကားပဲ။ ဘုရားမှာ တရားမျှတမှု ရှိမရှိကို ငါတို့မေးပိုင်ခွင့်ရှိမယ်လို့ ခင်ဗျားမှတ်သလား"

Maatan က "ဘုရားမှာတရားမျှတခြင်း ရှိမရှိကို ကျမ်းစာကနေ သိလာရတာတွေကိုမှီပြီး မေးတာ မဟုတ်ပါဘူး။ အပြစ်ရှိတဲ့ ၇၀-၈၀ နှစ်ကြာ ဘဝအတွက် ဘုရားက ထာဝရမီးကင်သွားမယ်လို့ကို ကျွန်တော့်မှာ ယုံစရာအကြောင်းကို မရှိဘူး။ ဒီအဖြစ်ဟာ တရားမျှတမှု ဟုတ်ကို မဟုတ်တာ။

"အင်း… လေ့လာစရာက အများကြီးပဲ"

"စိတ်ရှည်ပြီး နားထောင်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် David။ စိတ်ရင်းနဲ့ ပြောတာပါ။ အလုပ်ပြန်ဝင်သင့်ပြီလို့ ထင်တယ်"

“ရပါတယ် Maatan။ နင့်ရဲ့ သူငွေးနဲ့ နေ့လည်စာစားနေတာပဲ၊ အေးဆေးနေလိုက်ပါ။” ဒီလိုနဲ့ သူတို့လည်း ရုံးကိုပြန်လျှောက်လာကြတယ်။

# အခန်း ၂၂
# အနတ္တတရားရဲ့ မူပိုင်ရှင်

“ဘာလုပ်နေတာလဲ Maatan” လို့ Stella က အနောက်ကနေ ဖက်ရင်းမေးလိုက်ပါတယ်။

“ဥပုသ်နေ့အတွက် တရားဟောချက်ပြင်နေတာ။ သခင်ယေရှု နှစ်ခြင်းခံတုန်းက ခမည်းတော်ဘုရား မိန့်တဲ့စကားကို တွေးဖြစ်နေတယ်။ လဆန်းည ပန်းခြံထဲမှာ ဘုရားရဲ့လမ်းစဉ်ကို တွေ့ဖြစ်ကတည်းက ခမည်းတော်ဟာ အရာခပ်သိမ်းရဲ့ အရင်းအမြစ်ဖြစ်တဲ့အကြောင်းကို စဉ်းစားနေတာ။ ခမည်းတော်ကသူ့ရဲ့သားကို ချစ်ရသူလို့ ခေါ်ရတဲ့အကြောင်းကို စဉ်းစားနေတာ။ ဒီအကြောင်း စဉ်းစားလိုက်တိုင်း ငါ့စိတ်ကို ခံစားမှုဝင်လာစေတယ်။ အပ်ကျမတ်ကျ မပြောတတ်ပေမယ့် ခမည်းတော်က သူ့သားကိုချစ်ကြောင်း စကြဝဠာကို သိအောင် မိန့်တာက တော်တော်ထိတယ်။ အဲဒီအကြောင်းက ယေရှုဟာ သူ့ရဲ့တန်ဖိုးကို သူ့ကိုယ်တွင်းကမဟုတ်ဘဲ ခမည်းတော်ကိုမှီပြီး ယူတာလားလို့ ငါ စဉ်းစားနေတယ်” လို့ သက်ပြင်းချရင်း Maatan က ပြောတယ်။

Stella က Maatan ကိုကြည့်ပြီး အံ့သြသွားတယ်။ ဒါက ဇာတ်ကြောင်းအသစ်ပဲ။ သူတို့ (၂) ယောက်စလုံးက ဒီအကြောင်းဟာ သူတို့ကြုံခဲ့ပြီးသားတွေနဲ့ ခြားနားတယ်ဆိုတာကို သိကြတယ်။

“ဒီအကြောင်းက (၃) ပါး တစ်ဆူဘုရားအပေါ် သက်ရောက်တယ် Stella အဲဒါသေချာတယ်။ ဒါက သူတို့ဟာ အလွှာတူတယ်ဆိုတဲ့ တို့ရဲ့နားလည်မှုကို ပြောင်းပစ်တယ်။ ဒီအကြောင်းဖိပြောဖို့က ခက်တယ်။ အခုချိန်မှာ ငါ့ခေါင်းမှာ အကြောင်းတွေအများကြီး ရှိနေတယ်။

Stella ဟာ ပြတင်းပေါက်ဘက် အကြာကြီးငေးနေတယ်။ သူ့ရဲ့အမျိုးတွေ (၅) ဆက်တောင် အသင်းတော်မှာ ကြာခဲ့ပြီ။ သူတို့ ဘယ်လိုမျှားနေကြမလဲ။ ဒီအကြောင်းက မှန်ရဲ့လား။ ဂရုထားသင့်ရဲ့လား။

"Stella ရေ လုပ်ရမှာတွေက အများကြီးပဲ"

"ဒီအကြောင်းသာ ခမ္ဘစစ်ဖြစ်ရင် လိုက်ရမှာပေါ့ Maatan။ မဟုတ်ရင်တော့ ငါတို့ကလေး တွေကိုပါ ဖျက်ဆီးရာရောက်မယ်။ အနာဂတ်အတွက် ငါစိုးရိမ်တယ်။ လက်ရှိမှာလည်း ငါဟာ ဗဟုသုတ မစုံသေးတာကိုလည်း သိတယ်။ သိစရာတွေရှိသေးတာ သေချာတယ်။ ဒီမြို့၊ ဒီမြို့ရဲ့ဒဿနေတွေကို ထိုးဖောက်ဖို့ လမ်းရှာတဲ့နေရာမှာ သက်လည်း ကူပါ့မယ်။

သူ့မိန်းမက သူ့ရဲ့အားထုတ်မှုကို အထင်မသေးဘဲ ရှေ့ဆက်သွားဖို့ အားပေးတဲ့အတွက် Maatan အားတက်သွားတယ်။ လင်နဲ့မယား လက်တွဲညီတာ ဘယ်လောက်များကောင်း လိုက်သလဲ။

"ကျေးဇူးပဲ မိန်းမရေ၊ ဒါဟာ ငါ့အတွက်ခွန်အားပဲ။ ဒီမေးခွန်းတွေမှာ အဖြေလိုနေတယ်။ ကျမ်းစာက ငါ့ကို နှစ်သိမ့်အားပေးနေတယ်။ ဒီကျမ်းချက်ကို ကြည့်ပါဦး။ ။

"မြေးတို့သည် အသက်ကြီးသောသူ၏ သရဖူဖြစ်၏။ သားတို့၏ဘုန်းကား အဘ တည်း။" - သုတ္တံကျမ်း ၁၇:၆

"ဒီအကြောင်းမှာ ဘုရားရဲ့ သားတော်ကော ပါလား။ ဘုရားသားတော်ရဲ့ ဘုန်းတော်ဟာ သူ့ခမည်းတော်ဆီကနေ လာလား။ လင်နဲ့မယားဟာ ဘုရားနဲ့ သူ့ရဲ့သားတော်ရဲ့ ပုံရိပ် ထင်ဟပ်တယ်လို့ ပြောပြီးသားနော်။ ဒီမှာကြည့်ဦး။ ။

"ယောကျ်ားသည် ဘုရားသခင်၏ ပုံသဏ္ဍာန်၊ ဘုန်းအသရေတော်ဖြစ်သော ကြောင့် မိမိခေါင်းကို မဖုံးရ။ မိန်းမမူကား ယောကျ်ား၏ဘုန်းအသရေဖြစ်၏။" - ကောရိန္သုဩဝါဒစာပထမစောင် ၁၁:၇

"ကျမ်းစာက အမျိုးသမီးရဲ့ ဘုန်းအသရေဟာ ယောကျ်ားဖြစ်တယ်လို့ ပြတယ်။ ဒီလိုဖြစ်ရ တာက မိန်းမဟာ ယောကျ်ားကနေဖြစ်လာလို့၊ မိန်းမကိုဦးဆောင်ရတဲ့အတွက်ဖြစ်တယ်။ အစပိုင်းမှာ ဘာရေးထားလဲဆိုတာ ကြည့်ဦး။ ။

> “ယောက်ျား၏ခေါင်းကား ခရစ်တော်ဖြစ်သည်ကိုလည်းကောင်း၊ မိန်းမ၏ခေါင်းကား ယောက်ျားဖြစ်သည်ကိုလည်းကောင်း၊ ခရစ်တော်၏ခေါင်းကား ဘုရားသခင် ဖြစ်တော်မူသည်ကိုလည်းကောင်း၊ သင်တို့ သိမှတ်စေခြင်းငှာ ငါအလိုရှိ၏။” - ကောရိန္သုဩဝါဒစာပထမစောင် ၁၁:၃

“ယောက်ျားဟာ မိန်းမရဲ့ခေါင်းဖြစ်ရင် ယောက်ျားတို့ရဲ့ ဘုန်းသရေဟာ သူမအပေါ် သရဖူနဲ့ဖော်ပြရင် ဒါက အဓိပ္ပာယ်ရှိသွားပြီ မဟုတ်လား။ ခမည်းတော်ဟာ ခရစ်တော်ရဲ့ဦးခေါင်းဖြစ်သလို ခရစ်တော်ဟာ ခမည်းတော်ရဲ့ ဘုန်းအသရေကို ဖော်ပြသူပဲလေ။ ကျမ်းစာပြောတာက အဲဒီအကြောင်းပဲ။ ။

> “ထိုသားတော်ကို အလုံးစုံတို့၏ အမွေခံသခင်အရာ၌ ခန့်ထားတော်မူ၏။ သားတော်အားဖြင့်လည်း လောကဓာတ်တို့ကို တည်တော်မူ၏။- ထိုသားတော်သည် **ဘုရားသခင်၏ ဘုန်းတော်ရောင်ခြည်**နှင့် ဇာတိအဖြစ်တော်၏ ပုံသဏ္ဌာန်ဖြစ်၍၊ တန်ခိုးနှင့် ပြည့်စုံသော မိမိအမိန့်တော်အားဖြင့် ခပ်သိမ်းသောအရာတို့ကို မစတော်မူသောသူဖြစ်လျက်၊ ငါတို့အပြစ်များကို ကိုယ်တော်တိုင်အားဖြင့် သုတ်သင်ပယ်ရှင်းပြီးလျှင်၊ မြင့်သောအရပ်မှာ တန်ခိုးအာနုဘော်တော်၏ လက်ယာဘက်၌ ထိုင်တော်မူ၏။” - ဟေဗြဲဩဝါဒစာ ၁:၂၊ ၃

“သားတော်ဟာ ခမည်းတော်ရဲ့ ဘုန်းရောင်ခြည်တော်ထင်ဟပ်ပြီး သူ့ကို ဘုရားရဲ့ဂုဏ်တော်ဖြစ်စေတယ်။ ဒါ့ကြောင့် ဘုရားသခင်ဟာ သူ့ရဲ့သားတော်အပေါ် အမှတ်သညာတွေ ထည့်ပေးသလို၊ လင်ကလည်း မယားအပေါ် အမှတ်သညာတွေ ထည့်ပေးတယ်။ ငါတို့ကိုးကွယ်တဲ့ ဘုရားဟာ အိမ်ထောင်ရေးကို ငါတို့ ဘယ်လိုသဘောထားလဲဆိုတာကို ဂရုစိုက်တယ်”

ဒါဟာ အဆန်းပဲ Maatan။ ဒီအကြောင်းက ငါ့ကို မိန်းမဖြစ်ရတာကို ကျေနပ်စေတယ်။ တစ်ချို့ကျမ်းချက်တွေတော့ ငါ့ကိုစိတ်ထွေစေတယ် – သားဖွားခြင်းအမှု၌ ကယ်တင်ခြင်း

(၁ တိ ၂း၁၅)၊ ကိုယ့်ခင်ပွန်း၏ အုပ်စိုးခြင်းကို ဝန်ခံကြ (ဖေက် ၅း၂၂) – စတာတွေက ဘုရားနဲ့ သူ့ရဲ့သားကြား ဆက်ဆံပုံကနေ အရှင်းမြင်နိုင်ပါတယ်။ ဒါမျိုး တစ်ခါမှ မကြားဖူးဘူး။ အံ့စရာပဲ။

"Stella ရေ၊ ယေရှုကို စိတ်နှလုံးအကြွင်းမဲ့နဲ့ ငါချစ်တယ်။ သူ့ဆီမှာ ကိုယ့်ကိုယ်ကို ပုံအပ်ပြီးသားပဲ။ သူ့ကို အမြဲပဲ ဂုဏ်တက်စေချင်တယ်။ ငါ့ကို ပညာဉာဏ်ပေးဖို့ တောင်းထားတယ်။ ဘာကြောင့်လဲဆိုတော့ အသင်းတော်မှာ အမျိုးသမီးတွေကို လက်တင်မင်္ဂလာပေးဖို့ အရေးတွေရှိနေတယ်။ ငါတော့ ပြဿနာမရှိဘူး။ အမျိုးသမီးလည်း တန်းတူအမှုဆောင်ရမယ်လို့ ငါတော့မှတ်တာပဲ။ ကျမ်းစာက တန်းတူရေးကို ပြောတာမဟုတ်မှန်း ငါစမြင်လာပြီ။ တန်းတူညီခြင်းဟာ ပင်မအရင်းအမြစ်ကနေ လာတာဖြစ်ပြီး သက်သေပြလို့မရ၊ တောင်းလို့မရ၊ လမ်းကြောကနေ အတင်းတွန်းလို့လည်း မရပါဘူး။ ခမည်းတော်က ခရစ်တော်ကို လမ်းကြောသဖွယ် ဖြစ်ခွင့်ပေးတာကို ခရစ်တော်ကလက်ခံလို့ ခမည်းတော်နဲ့ တန်းတူဖြစ်ရတာပါ။ ခရစ်တော်ဟာ ခမည်းတော်လို ပင်မရင်းမြစ်ကြီး မဖြစ်လိုခဲ့ဖူးပါဘူး။ သူတို့ရဲ့ အံဝင်ပုံတွေ ရှုပ်မှာဆိုးတဲ့ အတွက်ပါ။

Stella ကလည်း "ဟုတ်တယ်နော်။ ဘုရားက မိသားစုကို ဘယ်လိုဖြစ်စေချင်လဲဆိုတာ ငါမြင်လာပြီ။ ခရစ်တော်ဟာ ဘုရားသခင်ရဲ့ လမ်းကြောဖြစ်တာကို မမြင်တတ်ရင် ဘယ်လိုကောင်းချီးပေးရမယ်၊ ဘယ်လိုအပ်နှင်းရမယ်၊ လက်ခံရမယ်ဆိုတာတွေ ရှုပ်ကုန်ရောပဲ။ ခရစ်တော်ဟာ ဘာမှမလိုအပ်မှန်း ငါတို့တွေ့ရတယ်။ ဒါကြောင့် ငါတို့လည်း ဘာမှမလိုဘူး"

"ဟုတ်တယ်။ ဒီလိုမျိုးမဖြစ်ရဘူး။ ပင်မက လမ်းကြောကို အမှတ်သညာ၊ တန်ဖိုးတွေပေးတာပါ။ သက်ပြောသလိုပဲ ခရစ်ယာန်ဓမ္မခရီးဟာ လိုအပ်ချက်ရှိနေတယ်။ အမျိုးသမီး အတော်များများဟာ ဝိညာဉ်ရေးမှာ အမျိုးသားတွေထက် အားကောင်းကြတာရှိတယ်။ အဲဒါကို ရိုးရာကို ပြောင်းပြန်လှန်သလိုလို ယူကြတယ်။ ဒါက မကျေနပ်မှုတွေပဲ ဖြစ်စေမှာပါ။ အာဒံအပြစ်မလုပ်ခင် ဘုရားသခင်နဲ့ သားတော်ဘုရားတို့နဲ့ အဆက်အဆံရှိတုန်းက အမျိုးသမီးကို ဘယ်လိုအမှတ်ထားလဲဆိုတာ ကြည့်ပါဦး"

“လူကလည်း၊ ယခု ဤသူသည် ငါ့အရိုးထဲကအရိုး၊ ငါ့အသားထဲကအသားဖြစ်၏။ လူထဲကထုတ်သောကြောင့် သူ့ကိုလူမိန်းမဟု ခေါ်ဝေါ်အပ်သည်ဟု ဆိုလေ၏။” - ကမ္ဘာဦးကျမ်း ၂:၂၃

“အာဒံက သူ့မိန်းမကို လူမိန်းမလို့ခေါ်တယ်။ သူဟာ အာဒံရဲ့ DNA၊ အိမ်၊ ဥယျာဉ်တွေ ရခဲ့တယ်။ သူ့ကို အရာအားလုံးပေးလိုက်တယ်။ သူ့ရဲ့တန်ဖိုးက သူ့ဆီမှာ မရှိဘူး။ ဘုရားဆီမှာသာရှိပြီး သူ့ခင်ပွန်းဆီကနေ တစ်ဆင့်ရခဲ့တာပါ။ အာဒံလည်း သူ့ကိုယ်၌မှာ ဘာအမှတ်သညာ၊ ဘာတန်ဖိုးမှ မရှိပါဘူး။ သားတော်ဘုရားဆီကနေ ရခဲ့တာပါ။ ဒါလည်း ခမည်းတော်ဆီက ရခဲ့လို့ပါ။

“အကျိုးကတော့ ခင်ဗျားဟာ သားတော်ကို ငြင်းပယ်ခြင်းအားဖြင့် ခမည်းတော်ကိုပါ ငြင်းပယ်မယ်ဆိုရင် ခင်ဗျားဟာ ဘာမှမဟုတ်တော့ဘူး ဆိုတာပဲ” ဒီအကြောင်းတရားက သူ့ကို ခေါင်းရှုပ်စေပါတယ်။

“လူစီဖာပေါ် ဒါပဲဖြစ်ပျက်ခဲ့တာ မဟုတ်လား။ သူက ခမည်းတော်နဲ့ သားတော်ကို ငြင်းခဲ့လို့ လမ်းပေါ်ရောက်သွားတယ် မဟုတ်လား”

“ကွက်တိပဲ Stella။ အဲဒါပဲ။ လူစီဖာက တန်ဖိုးအစစ်ကို ရှာနိုင်မယ့်ဟာကိုမှ ငြင်းခဲ့လို့ အနတ္တတရားရဲ့ မူပိုင်ရှင် ဖြစ်ခဲ့တယ်။ ဒီမှာကြည့်။ ။

“အချင်းလူသားတို့၊ အဘယ်မျှကာလပတ်လုံး ငါ၏ဘုန်းကို ရှုတ်ချကြမည်နည်း။ အဘယ်မျှကာလပတ်လုံး အနတ္တကို နှစ်သက်၍ မုသားကို လိုက်ရှာကြမည်နည်း။” - ဆာလံကျမ်း ၄:၂

ငါတို့ရဲ့မိဦးဖဦးတွေ အပြစ်လုပ်တဲ့အချိန်ကစပြီး စာတန့်ဆီကနေ ငါတို့အမွေ ရတာက အဲဒါပဲ။ သူ့ရဲ့မုသားကိုယုံလို့ ငါတို့ဟာ အနတ္တကြီးကို အမွေရတယ်။ ဒီမုသားက သားတော်အားဖြင့် ဘုရားနဲ့ ဆက်သွယ်နိုင်ခွင့်ကို တားဆီးတယ်။

"စာတန်ဟာ အထီးကျန်ခဲ့မယ်လို့ ငါတစ်ခါမှ မထင်ခဲ့မိဘူး Maatan။ သူဟာ ပါးနပ်ပြီး ဖွဲသန်မယ်လို့ မှတ်ခဲ့တာ။ ကိုယ့်ကိုယ်ကို ငါဘာမှမဟုတ်ပါလားလို့ ခံစားမိတိုင်းဟာ သူ့ရဲ့ မုသားကို ယုံတယ်ဆိုတဲ့ သက်သေပါပဲ"

"ဟုတ်တယ်။ ငါတို့ကလည်း သူအစိုးပိုင်တဲ့နယ်မှာ နေနေတုန်းပဲကိုး။ ဘုရားရဲ့နိုင်ငံနဲ့ စာတန့်နိုင်ငံရဲ့ ကွာခြားမှုက တန်ဖိုးကို ငါတို့ဘယ်မှာရှာတွေ့လဲ ဆိုတဲ့အချက်ပဲ။ ဘုရားသားတော်က ငါတို့ရဲ့အမှတ်သညာဟာ ခမည်းတော်က ပေးထားတာဖြစ်ကြောင်း၊ ငါတို့ရဲ့ တန်ဖိုးဟာ ယေရှုကဖော်ဆောင်ခဲ့တဲ့ ငါတို့ကို ဘုရားက ချစ်တယ်ဆိုတာကို ယုံရာကနေ ရတာပါ"

"စာတန့်နိုင်ငံမှာတော့ နဂါးမှန်းသိအောင် အမောက်ထောင်ထောင်ပြရတယ်။ ဒါကို ငါတို့ နေတဲ့ Constance မြို့ရဲ့ မူရင်းနာမည် ဗာဗုလုန်ဘုရင်ရဲ့ စကားမှာတွေ့ရတယ်"

> "ဤမြို့ကား၊ ငါ့နိုင်ငံတည်ရာ၊ ငါ့ရွှေဘုန်းတော်ကို ချီးမြှောက်ရာဖို့၊ ငါ့တန်ခိုး အာနုဘော်အားဖြင့် ငါတည်လုပ်သော ဗာဗုလုန်မြို့ကြီး မဟုတ်လောဟု မြွက်ဆို၏။" - ဒံယေလအနာဂတ္တိကျမ်း ၄:၃၀

"စာတန်ရဲ့ အထီးကျန်မှုက လူသားအားဖြင့် ဒီလိုပြတယ်ဆိုရင် အရင်အပတ်ထဲမှာ အိမ်ဘေးက ဖွင့်ခဲ့တဲ့ သီချင်းတောင် သွားအမှတ်ရတယ်။ ဒီသီချင်းကို ဖွင့်ပေါင်းများလွန်းလို့ စာသားတောင် ရတယ်။ ဘုရားကို သူ့ရဲ့ခမည်းတော်အဖြစ်ငြင်းလို့ စာတန်က ဒီလိုတွေးခဲ့တာလား။ ငါတို့ဟာ ဘုရားရဲ့သား ဘယ်လိုဖြစ်နိုင်ခွင့်ရှိလဲ ဆိုတာကိုပြတဲ့ သားတော်ဘုရားကိုပါ သူကငြင်းခဲ့တာလား။ စာသားကို နားထောင်ကြည့်ဦး Maatan"

အခွင့်အရေးပြန်ရဖို့<br>
အချိန်အားလုံးနှစ်ခဲ့တယ်<br>
အဆင်မပြေဘူးလို့<br>
ခံစားမှုအမြဲရှိ<br>
ခက်ခဲစွာ တစ်နေ့တာနိဂုံးချုပ်

လှပတဲ့အပြောင်းအလဲ
ငါလိုအပ်နေတာ
အတိတ်တွေ ပြန်အမှတ်ရ
လွတ်လပ်ခွင့်ပေးပါ
ဘယ်လိုဘဲနေနေ
ဒီညတော့ သုခရမှာပါ

နတ်သားရဲ့ရင်မှာနေ
အဝေးကိုပျံ
မှောင်တဲ့အေးတဲ့ ဟိုတယ်ခန်း
အဆုံးမဲ့ အကြောက်တရား
အရာမထင်မဲ့စိတ်ကူးကနေ
လွတ်အောင်ဆွဲထုတ်ပြီ
နတ်သားရင်မှာ နင်လေရောက်ပြီ
ပျော်ရွှင်ချမ်းမြေ့ပါစေ

လူမှန်ဖြစ်ဖို့က ခက်ခဲနေ
မျက်နှာမူရာအရပ်တိုင်း
ငစဉ်းလဲတွေဝိုင်းကာနေ
ကြမ္မာမုန်တိုင်းတိုက်နေ
ကိုယ့်အဖြစ်ကိုဖုံးဖို့
မာယာတွေသုံး
ဘာမှလည်းမထူး
နောက်ဆုံးအခွင့်အရေး
အလွယ်ယုံကြည်လိုက်မိ
ဒီဒုက္ခက

ဒူးထောက်စေပြီ

နတ်သားရဲ့ရင်မှာနေ
အဝေးကိုပျံ
မှောင်တဲ့အေးတဲ့ ဟိုတယ်ခန်း
အဆုံးမဲ့ အကြောက်တရား
အရာမထင်မဲ့စိတ်ကူးကနေ
လွတ်အောင်ဆွဲထုတ်ပြီ
နတ်သားရင်မှာ နင်လေရောက်ပြီ
ပျော်ရွှင်ချမ်းမြေ့ပါစေ [12]

"ဒါ အတော်လေးနက်တယ် Stella။ လူတွေက ကောင်းကင်ကအနှင်ခံရတဲ့ ကောင်းကင်တမန်ဆီကနေ နှစ်သိမ့်မှုကို ရှာနေကြတာ။ သူ့ကိုယ်သူတောင် ဘုရားရဲ့သားဖြစ်ခြင်းကို ငြင်းခဲ့လို့ မနိုင်မနင်းဖြစ်နေတာ ဘယ်တော့မှ နှစ်သိမ့်ပေးနိုင်မှာ မဟုတ်ဘူး။ တေးရေးဆရာက ဒီဉာဏ်တော်ရဲ့ မူလရင်းမြစ်ကို စဉ်းစားဖြစ်ခဲ့ဖူးမှာတော့ မဟုတ်ဘူး။ ဒီကမ္ဘာမှာ စာတန့်လမ်းစဉ်နဲ့သွားနေလို့ လူတွေရဲ့ခံစားချက်ကို ရိုးရိုးလေး ချပြတာနေမှာ"

"ငါ ဒီလေ့လာမှုကနေ အများကြီးသိလာတယ် Maatan။ အခြေအမြစ်ရှိတယ်လို့ ခံစားရတယ်။[13] ဘုရားနိုင်ငံနဲ့ စာတန့်နိုင်ငံကို နားလည်စေတဲ့ အုတ်မြစ်ပဲ။" Stella ဟာ မြို့ပြင်ကို တကယ်ထွက်နိုင်မယ်လို့ ယုံလာပါပြီ။

"မနက်ဖန်ကျရင် ငါသိလာတဲ့အကြောင်းတွေ ဘုရားကျောင်းမှာ ပိုချပြဦးမယ် Stella, ငါတို့ဆီ ဒီလိုအလင်းပြတာ တကယ့်ဆုလာဘ်ပဲ။ ဘုရားရဲ့ကရုဏာတော်ကို ကျေးဇူးတင်ရမယ်...။

[12] Sarah McLachlan, Angel from the album City of Angels, November, 1998

[13] ဒီအကြောင်းပိုသိချင်ရင် ဇာစ်မြစ်ရှင်းတမ်း ဆိုတဲ့စာအုပ် fatheroflove.info မှာရနိုင်ပါတယ်

"ကောင်းကင်ဘုံ၌ရှိတော်မူသော ကျွန်ုပ်တို့၏အဖ ကိုယ်တော်သည် ကျွန်ုပ်တို့အား ဤသူကား ငါနှစ်သက်တော်မူသော ငါ၏ချစ်သားပေတည်းဟု မိန့်ခဲ့သည့်အတွက် ကျေးဇူးတင်ပါ၏။ ကိုယ်တော်၏ သားဖြစ်ရခြင်း၊ ကိုယ်တော့်ကို ကိုးစားခြင်း၊ ကိုယ်တော်၏မေတ္တာ၌ နားခိုရခြင်းသည် အဘယ်သို့နည်းဟုသိရန် သားတော်ကိုလွှတ်၍ အံ့သြဖွယ်အာမခံချက်ကို ပေးသည့်အတွက် ကျေးဇူးတင်ပါတယ်။ နက်ဖန်နေ့၌ ဤအကြောင်းများ ချပြနိုင်ရန် မစတော်မူပါ။ အဖဘုရား၏သားတော် ယေရှု၏နာမတော်ကို အမှီပြု၍ တောင်းလျှောက်ပါ၏။ အာမင်"

# အခန်း ၂၃
# နိုင်ငံ (၂) နိုင်ငံ

နောက်တစ်နေ့ Maatan မနက်ထတဲ့အခါ ကျေးငှက်တွေရဲ့အသံက အား ဖြစ်စေပါတယ်။ Maatan ဟာ သားတော်ဘုရားအားဖြင့် ဘုရားရဲ့သား ဖြစ်ရတာကြောင့် လွတ်လပ်မှုကို ခံစားနေရတယ်။

"အဖဘုရား ယနေ့ ကိုယ်တော့်အကြောင်း ကောင်းစွာဟောနိုင်ရန် ဉာဏ်ဖွင့်ပေးတော်မူပါ။ ကိုယ်တော့်အား ဘုန်းကြီးစေလိုပါသည်။ သို့သော် ကျွန်ုပ်ကိုယ်တိုင်သည် ထိုသို့ပြုရန် မပြည့်စုံပါ။ ကိုယ်တော် မစမည်ကို သိပါ၏။ ယေရှုနာမဖြင့် ဆုတောင်းပါ၏။ အာမင်"

Maatan ဟာ Chi နဲ့ Leo လက် ဆွဲပြီး လမ်းလျှောက်ထွက်တယ်။ နေရောင်ခြည်ဟာ သစ်ရွက်ကြားတွေမှာ ပျောက်ပျောက်ထိုးကစားနေပြီး နေ့သစ်ရဲ့အနွေးဓာတ်တွေ ပါးပြင်မှာ ခံစားရပြီး ဘုရားရဲ့မေတ္တာအကြောင်း အာရုံစိုက်ဖြစ်တယ်။

Chi က ကျောက်ကြားကနေ ဖားအစိမ်းရောင်တစ်ကောင်ဖမ်းပြီး ဖေဖေဒီမှာကြည့်ပါဦး။ မလှဘူးလား" တဲ့။

"လှတယ် Chi, ဘုရားလက်ရာ လှတယ်မဟုတ်လား။ လှလဲလှတယ်။ အနုစိတ်တယ်။" Maatan ဟာ ဖခင်ဘဝကို ကျေနပ်နေပါတယ်။ အဲဒါက ကောင်းကင်မှာရှိတဲ့ အဖဘုရားလည်း သူ့ရဲ့သားသမီးတွေကို ဘယ်လောက်ချစ်မလဲဆိုတာကို သိစေပါတယ်။ "ကဲသားတို့ရေ ဘုရားကျောင်းသွားဖို့ အိမ်ပြန်ကြရအောင်။ ဖေဖေက တရားဟောရမှာ"

အဲဒီနေ့ဟာ ၂၉ ရက် စက်တင်ဘာလ ၂၀၀၁ ပါ။ ၉/၁၁ ဖြစ်စဉ်အပြီး ၂ ပတ်ခွဲလောက်မှာပေါ့။ ဒီနေ့ဟာ ထူးခြားမှု အစပြုတဲ့နေ့ဖြစ်မှာပါ။ သူကတော့ ဘုရားသားဖြစ်ခွင့်ရတာကို ကျေနပ်ပြီး အဆုံးထိလျှောက်ဖို့ ပိုင်းဖြတ်ထားတယ်။

"ဘုရား နင်နဲ့အတူရှိဖို့ ဆုတောင်းပေးတယ် Maatan" လို့ Stella က အားပေးတယ်။

“ကျေးဇူးပါ။ ဘုရားက  ငါ့ရဲ့နှုတ်ကို စောင်မ ပေးမှာပါ။  Stella လည်း  ကလေးတွေနဲ့ ဘုရားကျောင်းရဲ့ ရှေ့ဆုံးခုံတန်းမှာ ထိုင်တယ်။

“အဆင်သင့်ဖြစ်ပြီလား Maatan” “ဖြစ်ပါပြီ Pastor Samuel” Pastor လည်း  ပလ္လင်ပေါ် မတက်ခင် Maatan နဲ့အတူ ဆုတောင်းတယ်။

“ရှင်မဿဲ အခန်းကြီး (၄) ကို ဖွင့်ဖတ်မယ် ဆိုရင်” ဆိုပြီး Maatan က အစချီပါပြီ။ “စာတန်က ဘုရားသားဖြစ်တဲ့ ခရစ်တော်ကို ဒီကမ္ဘာကိုပေးမယ့်အကြောင်း ဖတ်ရပါတယ်။

> “တစ်ဖန်မာရ်နတ်သည် ယေရှုကို အလွန်မြင့်လှစွာသော တောင်ပေါ် သို့ ဆောင်သွား၍၊ ဤလောက၌ ရှိသမျှသော တိုင်းနိုင်ငံတို့ကိုလည်း ကောင်း၊ ထိုတိုင်းနိုင်ငံတို့၏ ဘုန်းစည်းစိမ်ကိုလည်းကောင်း ပြည့္ဆန်၍၊- ကိုယ်တော်သည် ငါ့ကို ညွတ်ပျပ်ကိုးကွယ်လျှင် ယခုပြလေသမျှတို့ကို ငါပေးမည်ဟုဆိုလေ၏။” - ရှင်မဿဲခရစ်ဝင် ၄:၈၊ ၉

“အဲဒီမှာ စာတန်က ခရစ်တော်ကို ဘယ်လိုနိုင်ငံမျိုးကို ပေးတာလဲ။ စာတန်က ရောမတွေရဲ့ နန်းဆောင်တွေကို ပြမယ်လို့ ကျွန်တော်မှတ်ပါတယ်။ ရောမ၊ အေသင်၊ အခြားမြို့မှာရှိတဲ့ ဗိမာန်တွေကို ပြမှာပါ။ ဒီနိုင်ငံတွေဟာ ဘယ်လိုထူထောင်ခဲ့တာလဲ။  စစ်ပွဲ၊ သွေး၊ အာဏာတွေနဲ့ ထူထောင်ခဲ့တာပါ။ စာတန်ဟာ လောကရဲ့အနိဋ္ဌာရုံတွေကို ခရစ်တော်ကို မပြခဲ့ပါဘူး။ အခုအခါမှာတော့ စာတန့်နိုင်ငံတော်ဟာ ပိုပြီးခိုင်မာလာပါပြီ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းက စိတ်ကျရောဂါက လူကို  မသန်မစွမ်းဖြစ်စေတဲ့  အကြောင်းကြီးဖြစ်တယ်လို့ ဆိုပါတယ်။ စက္ကန့် ၄၀ တိုင်းမှာ လူတစ်ယောက် ဥပေက္ခာဒကကာံနဲ့ သေတယ် (သို့) တစ်ရက်မှာ အယောက် (၃,၀၀၀) သေတယ်လို့ ပြောပါတယ်။

စာတန့်နိုင်ငံရဲ့  အခြေအနေကို ဒီဇယားတွေမှာ  တွေ့နိုင်ပါတယ်။   ဒီဇယားတွေကနေ ဒီလောကရဲ့ အဓိပတိ သေမင်းရဲ့  စရိုက်အမှန်ကို တွေ့ရပါတယ်။  ဒီလိုဖြစ်ရတာတွေရဲ့ သဲလွန်စကို စာတန်က ခရစ်တော်ဆီ ပြောခဲ့တဲ့စကားထဲမှာ တွေ့နိုင်ပါတယ်။

> "ထိုအခါ စုံစမ်းသွေးဆောင်သောသူသည် ချဉ်းကပ်၍၊ ကိုယ်တော်သည် ဘုရားသခင်၏သားတော်မှန်လျှင်၊ ဤကျောက်ခဲတို့ကို မုန့် ဖြစ်စေခြင်းငှာ အမိန့်ရှိတော်မူပါဟု လျှောက်လေ၏။" - ရှင်မဿဲခရစ်ဝင် ၄:၃

"စာတန်က ခရစ်တော်ကို ဘုရားရဲ့သား ဟုတ်မဟုတ် မေးခဲ့ပါတယ်။ ဘာနည်းနိသရည်းနဲ့ စာတန်က ဘုရားရဲ့သားကို သူ့ရဲ့ဇာစ်မြစ်ကိုပြဖို့ ချွန်းထိုးသလဲ။ ဣဒ္ဓိပါဒ်ကိုပြစေခြင်းနဲ့ပါ။ "ကျောက်တုံးကို မုန့်ဖြစ်စေလေ့" ဘုရားက သူ့ရဲ့သားကို မငြိမြငြင်ပေးပြီးသားကို စာတန်က မရမက အစွမ်းပြခိုင်းခဲ့ပါတယ်။ ဒီလိုမဖြစ်ခင် ရက် (၄၀) တုန်းက ဘုရားသခင်ဟာ သူ့ရဲ့သားတော်ကို ဘယ်လိုမိန့်ခဲ့သလဲ။ ။

> "ယေရှုသည် ဗတ္တိဇံကိုခံတော်မူပြီးလျှင် ရေမှပေါ်ထစဉ်တွင်၊ ကောင်းကင်ဖွင့်လှစ်သဖြင့်၊ ဘုရားသခင်၏ ဝိညာဉ်တော်သည် ချိုးငှက်ကဲ့သို့ ဆင်းသက်၍ ကိုယ်တော်အပေါ်၌ နားတော်မူသည်ကို မြင်ရ၍၊ ဤသူကား ငါနှစ်သက်မြတ်နိုးရာ၊ ငါ၏ချစ်သားပေတည်းဟု ကောင်းကင်က အသံတော်ဖြစ်လေ၏။" - ရှင်မဿဲခရစ်ဝင် ၃:၁၆၊ ၁၇

"ဒီလို အမိန့်ခံရအောင် ခရစ်တော်က ဘာလုပ်ဖို့လိုခဲ့သလဲ။ ဘာက အဖဘုရားကို သူ့သားကို ချစ်စေပါသလဲ။ သူ့ရဲ့သားဖြစ်နေခြင်းဆိုတဲ့ ရိုးရိုးလေးတစ်ခုပါပဲ။ "သင်သည် ငါ့သားဖြစ်၏" လို့ မိန့်တဲ့အခါ သူ့ရဲ့ဇာစ်မြစ်ကို အတည်ပြုတာပါ။ "သူ၌ ငါနှစ်သက်မြတ်နိုးတော်မူ၏" က ခရစ်တော်ရဲ့တန်ဖိုးကို အတည်ထပ်ပြုပါတယ်။ Tyndale ဘာသာပြန်ကျမ်းမှာတော့ "ငါ ပျော်ရွှင်ဝမ်းမြောက်ရာ" လို့ ပြန်ထားပါတယ်။

"အဲဒီအကြောင်းက ယေရှုကို ရှင်မဿဲ ၁၂း၈ မှာ ဆိုထားတဲ့အတိုင်း ဥပုသ်နေ့ရဲ့ အရှင်သခင် ဖြစ်စေပါတယ်။ ခင်ဗျားဟာ ဘယ်သူဖြစ်တယ်၊ အချစ်ခံရတယ် ဆိုတာတွေကို သက်သေပြစရာမလိုတဲ့ အဖြစ်ထက်ကောင်းတာ ဘာမှမရှိပါဘူး။ ဒါကြောင့်လည်း ယေရှုဟာ ရှင်ယောဟန် ၁း၁၈ မှာ လာတဲ့အတိုင်း ခမည်းတော်ရဲ့ရင်ခွင်မှာ နေနေတာပါ။ ယေရှုဟာ

ဘာဖြစ်ကြောင်းကို တန်ခိုးထုတ်ပြီး မပြပါဘူး။ ခမည်းတော်ရဲ့ဝါစာကိုဘဲ အမှီပြုပြီး နေခဲ့ပါတယ်။ အဲဒါက ပြည့်စုံတဲ့ ငြိမ်းချမ်းခြင်းကို ပေးပါတယ်။

"ခရစ်တော်ဟာ စာတန်နဲ့ တောထဲမှာ ဘာ့ကြောင့် အကြီးအကျယ် ထိပ်တိုက်တွေ့ရတာလဲ။ ဟေဗြဲ ၄း၁၅ မှာ လာတဲ့အတိုင်း ယေရှုဟာ ငါတို့ခံရသလို စုံစမ်းခြင်းအမျိုးမျိုးကို ခံရလို့ပါ။ ကျွန်တော်တို့ တိုးသလို ယေရှု တိုးခဲ့တာပါ။ ကျွန်တော်တို့ဟာ ဘုရားသားဖြစ်ကြောင်း စာတန်က သက်သေပြခိုင်းပါတယ်။ ကျောက်တုံးကို မုန့်ဖြစ်စေဖို့ ခိုင်းပါတယ်။ နဂါးမှန်းသိအောင် အမောက်ထောင်ပြခိုင်းပါတယ်။ နင်လုပ်နိုင်မှ ဘုရားကလက်ခံမှာပေါ့လို့ စာတန်က သွေးထိုးပါတယ်။

"မှန်ပြီးသားကို ထပ်ပြီးသက်သေပြနေဖို့ အားထုတ်တာက ရှိပြီးသားကို မယုံကြောင်း ပြတာပါပဲ။ အာဒံနဲ့ဧဝက ဧဒင်ဥယျာဉ်မှာ အသီးကိုစားတာဟာ ဘုရားရဲ့စကားကို သက်ဝင်မကင်းတာပါ။ စာတန်ကလည်း ဘုရားက သူတို့တက်လမ်းကို ထိန်ချန်ထားတယ်လို့ ပြောတာကိုး။ အဲဒါကြောင့် သူတို့ဟာ အသီးကိုစားကြတဲ့အခါ စာတန်ရဲ့ ဗလာနိုင်ငံတော်ထဲ ဝင်သွားပါတယ်။ သူတို့ဟာ ဘုရားသားအဖြစ်ကို ဆုံးရှုံးခဲ့ကြတယ်။ ဘုရားက သူ့ရဲ့သား မဟုတ်တော့ဘူးလို့ မှတ်လို့မဟုတ်၊ သူတို့ရဲ့ သက်ဝင်မကင်းဖြစ်မှုကြောင့် ရှုံးတာပါ။ သစ်ရွက်ကိုသီပြီး အရှက်ကိုဖုံးတာဟာ သူတို့ဟာ ရှက်ကြကြောင်း ပြတာပါပဲ။

"စာတန်က ဘုရားကို သူ့ရဲ့အဖအဖြစ်ကနေ ငြင်းတဲ့အခါ ရခဲ့တဲ့ အထီးကျန်ခြင်းဟာ ပုထုဇဉ်တို့ရသွားတဲ့ အမွေပါ။ စာတန်က ဘုရားဟာ သူ့ရဲ့အဖ မဟုတ်ဘူးလို့ ဘယ်လိုငြင်းခဲ့သလဲ။ အဲဒါကို ဟေရှာယ ၁၄း၁၂-၁၄ မှာ ဖတ်နိုင်ပါတယ်။ ။

> "အို နံနက်သား၊ မိုးသောက်ကြယ်၊ သင်သည် ကောင်းကင်က ကျလေပြီတကား။ အပြည်ပြည်တို့ကို နှိပ်စက်သောသင်သည်၊ မြေတိုင်အောင် ခုတ်လှဲခြင်းကို ခံရလေပြီတကား။ သင်ကလည်း၊ ကောင်းကင်ပေါ်သို့ ငါတက်မည်။ ဘုရားသခင်၏ ကြယ်တို့အပေါ်မှာ ငါ့ပလ္လင်ကို ငါချီးမြှောက်မည်။ မြောက်မျက်နှာဘက်၊ ဗျာဒိတ်တော်တောင်ပေါ်မှာ ငါထိုင်မည်။ မိုးတိမ်ထိပ်ပေါ်သို့ ငါတက်

မည်။ အမြင့်ဆုံးသောဘုရားကဲ့သို့ ငါနေမည်ဟု စိတ်အကြံရှိလေပြီ။" - ဟေရှာယအနာဂတ္တိကျမ်း ၁၄:၁၂-၁၄

"စာတန်က သူဟာ ဘုရားရဲ့သားဖြစ်မယ်လို့ မပြောခဲ့ဘူး။ သူကိုယ်တိုင် ဘုရားလုပ်မယ်လို့ ပြောခဲ့တာ။ ဘုရားတက်လုပ်ချင်ရင် ဘုရားရဲ့သားအဖြစ်ကို စွန့်ဖို့လိုပါတယ်။ အဲဒါကြောင့်လည်း အရာခပ်သိမ်းရဲ့ ရင်းမြစ်ဟာ ဘုရားသခင်ဖြစ်ပြီး သူ့ရဲ့အမှုကိုထမ်း၊ သူ့ရဲ့ မေတ္တာကို ကိုးစားတဲ့သူတွေကို ကိုယ်စားပြုတဲ့ ဘုရားရဲ့သားတော်ကို လက်စတုံးပစ်ဖို့ လိုလာတယ်။ ခရစ်တော်ကတော့ ဘုရားရဲ့သားဖြစ်ရတာကို မတရားဘူး၊ သေးသိမ်တယ်လို့ မမှတ်ပါဘူး။ အဲဒီလို ကျေနပ်နေတာကိုက စာတန်ရဲ့ ရာထူးမက်ခြင်းကို ရှုတ်ချရာရောက်ပြီး စာတန်ဟာ ဒေါသထွက်ခဲ့ပါတယ်။

"စာတန်ဟာ ဘုရားရဲ့သားဦးအဖြစ်ကို စွန့်တဲ့အခါ ဘယ်လောက်များ အထီးကျန်မလဲဆိုတာကို မတွေးဆဖူးပါဘူး။ သူ့ရဲ့ နတ္တိအခြေအနေတွေကို ပုထုဇဉ်တွေရဲ့ စိတ်ကျခြင်း၊ သောက၊ ဥပဒ္ဒေဒကကံ ကျူးလွန်ခြင်းတွေကနေ ချပြတယ်။ ကျွန်တော်တို့ရဲ့ လူ့ဘောင်ဟာ စာတန့်နိုင်ငံရဲ့ ကျရှုံးမှုကိုပြတဲ့ သက်သေပါ။

"နိုင်ငံတိုင်းမှာ အစိုးရ၊ နိုင်ငံသား၊ ငွေကြေးသုံးစွဲမှုတွေ ရှိပါတယ်။ ဘုရားနိုင်ငံနဲ့ စာတန့်နိုင်ငံ ခြားနားမှုက ရှင်းပါတယ်။

| | **ဘုရားသခင့်နိုင်ငံတော်** | **စာတန့်နိုင်ငံတော်** |
|---|---|---|
| အုပ်ချုပ်ပုံ | မိသားစုသဖွယ် | အားအကြီးဆုံးဖြစ်ခြင်း |
| ငွေကြေးစနစ် | မေတ္တာ၊ ကရုဏာ၊ လွတ်လပ်စွာရွေးချယ်ခြင်း၊ ဘုရားသခင်ကို ယုံကြည်ခြင်း | အာဏာ၊ စည်းစိမ်၊ တန်ခိုး မိမိကိုယ်သာ ကိုးကွယ်ခြင်း |

| | | |
|---|---|---|
| နိုင်ငံသားဖြစ်မှု | ဘုရား၏သားသမီးများ | စွမ်းဆောင်နိုင်မှု၊ ကျွမ်းကျင်မှု |

"လူ့သမိုင်းမှာ နာမည်ကြီးတဲ့ခေါင်းဆောင်တွေကို ပြန်ကြည့်တဲ့အခါ ကျားဖြစ်ဖြစ်၊ မဖြစ်ဖြစ် ဩဇာအရှိဆုံးက မင်းလုပ်ပါတယ်။ ဘုရားနိုင်ငံမှာတော့ ဖခင်ရဲ့မေတ္တာက နိုင်ငံတော်ကို အုပ်ချုပ်ပြီး နိုင်ငံသားတွေဟာ သူ့ရဲ့မေတ္တာမှာ နားခိုကြတဲ့ သူရဲ့သားသမီးတွေ ဖြစ်ပါတယ်။ ဘုရားရဲ့သားတော်ကတော့ ခမည်းတော်ဆီပို့မယ့် လမ်းပါ။

"အာဒံနဲ့ဧဝ စာတန့်လက်ထဲကျပြီးနောက်မှာ ကျွန်တော်တို့ဟာ ခမည်းတော်ဆီ ပြန်ရောက်မယ့်လမ်းစ မရှိပါဘူး။ ဘုရားရဲ့မေတ္တာရိပ်မှာ ခိုလှုံနိုင်ခွင့်၊ သားဖြစ်ခွင့်တွေ လက်လွတ်သွားပါပြီ။ ကျွန်တော်တို့ဟာ ဘုရားရဲ့ပြဋ္ဌာန်းချက်တွေကို ကျူးလွန်လို့ ပြစ်ဒဏ်အပေးခံရမှာပဲဆိုပြီး ဘုရားကိုကြောက်ခဲ့ကြပါတယ်။ ဘုရားသခင်ဟာ သူ့ရဲ့မေတ္တာ မပြယ်ကြောင်းပြဖို့ ယေရှုကိုလွှတ်ခဲ့ရတယ်။ ဘုရားက သူ့ရဲ့သားတော်ကို သူ့ရဲ့ချစ်သားလို့ မိန့်တဲ့အခါ ကျွန်တော်တို့အားလုံးကို ခေါ်နေတာပါ။ "ချစ်တော်မူသောသားတော်ကြောင့် သင်သည် ရွေးနုတ်ခြင်းခံရ၏" (ဖေက် ၁း၈)။

"တောထဲမှာ စုံစမ်းခံခြင်းအားဖြင့် သခင်ယေရှုက ကျွန်တော်တို့ရဲ့ ပင်ကိုမျက်စိနဲ့ မမြင်နိုင်မယ့် ကျွန်တော်တို့ရဲ့ ထောင်တံခါးကို ဖွင့်ပေးခဲ့ပါတယ်။ ဘယ်အချိန်မဆို ဖွင့်နိုင်မယ့် တံခါး ဖြစ်ပေမယ့် ယေရှုလာပြီး မချပြမချင်း ရှာတွေ့ဖို့ ခဲယဉ်းပါတယ်။

"ယေရှုက လူဟာ ဘုရားနှုတ်ကပတ်တော်အားဖြင့်သာ အသက်ရှင်သင့်တယ်လို့ စာတန်ကိုပြန်မိန့်တဲ့အခါ နှစ်ခြင်းခံခဲ့တုန်းက ဘုရားသခင်မိန့်ခဲ့တဲ့စကားကို ဆိုလိုတာပါ။ ယေရှုက သူ့ခမည်းတော်ရဲ့ ချစ်သားဖြစ်ကြောင်းကို ယုံတဲ့အတွက် အဲဒီယုံကြည်ခြင်းသော့နဲ့ ကျွန်တော်တို့ရဲ့ ထောင်ဗလာတံခါးကို ဖွင့်ခဲ့ပါတယ်။

Maatan ရဲ့ တရားနာပရိသတ်တစ်ချို့ မျက်ရည်ကျကြပြီး၊ တစ်ချို့လည်း မှင်သက်နေကြတယ်။

“ဘယ်သူတွေ ကောင်းကင်နိုင်ငံကို ဝင်နိုင်ဖို့ ယုံကြည်ခြင်းအားရှိပြီး ကိုယ့်ဇာစ်မြစ်အမှန်ကို ခရစ်တော်ဆီ တောင်းကြမလဲ။”

ပရိသတ်အများကြီးဟာ ရှေ့ထွက်လာကြပြီး “ကျွန်တော်/မ ဟာ ခရစ်တော်ကိုမှီပြီး ဘုရားသားသမီးဖြစ်ကြောင်း ယုံပါတယ်” လို့ ဝန်ခံကြပါတယ်။

Maatan လည်း “ကျမ်းစာဖတ်ပြချင်တယ်။ ဒီကျမ်းချက်က အသင်းတော်အတွက် အရေးပါတယ်။ ဒီအချက်ကို ၁၈၉၃ တုန်းက A.T. Jones က အားပါပါနဲ့ ဟောခဲ့တယ်။ ဒါဟာ ကျွန်တော်တို့ အသင်းတော်မှာ နောက်မိုး စတင်ရွာခြင်းပါပဲ။ ။

> “ဤကမ္ဘာမတည်မရှိမီ ငါတို့ကို ခရစ်တော်၌ ရွေးကောက်တော်မူသည်နှင့်အညီ။ ကောင်းကင်ဘုံနှင့် ဆိုင်သောအရာတို့၌ ခပ်သိမ်းသော ဓမ္မမင်္ဂလာတို့ကို ခရစ်တော်အားဖြင့် ငါတို့အား ပေးသနားတော်မူသော ငါတို့သခင်ယေရှုခရစ်၏ ခမည်းတော်ဘုရားသခင်သည် မင်္ဂလာရှိတော်မူစေသတည်း။- ထိုဘုရားသခင်သည် ချစ်တော်မူသော သားတော်ကြောင့်၊ ငါတို့အား ပေးတော်မူသော ကျေးဇူးတော်၏ ဘုန်းအသရေကို ချီးမွမ်းစေခြင်းငှာ၊ ငါတို့သည် ယေရှုခရစ်အားဖြင့် သားအရာကို ရမည်အကြောင်း၊ အလိုတော်ရှိသော စေတနာအတိုင်း ရှေးမဆွက ခွဲခန့်မှတ်သားတော်မူ၏။- ခပ်သိမ်းသော သတိပညာတော်နှင့်လျော်စွာ ငါတို့၌ အတိုင်းထက်အလွန် များလှစွာသော ကျေးဇူးတော်သည် ကြွယ်ဝပြည့်စုံသည်နှင့်အညီ၊ ထိုသားတော်၏ အသွေးအားဖြင့် အပြစ်လွှတ်တော်မူခြင်းတည်းဟူသော ရွေးနုတ်တော်မူခြင်းကျေးဇူးကို ငါတို့သည် ခံရကြ၏။” - ဖေက်သြဝါဒစာ ၁:၄-၈ (KJV)

“ကျွန်တော်တို့ဟာ ခရစ်တော်အားဖြင့် ချစ်သားအဖြစ် အသိအမှတ်ပြုခံရတဲ့အကြောင်း ထာဝရဘုရား၏ နှုတ်ကပတ်တော်ဟာ ဒုတိယအကြိမ် ရောက်လာပါပြီ (ယောန ၃း၁)။

ပရိသတ်တွေဆီကနေပြီး ဘုရားသားတော်ဖြစ်ခွင့်ကို ရချင်တဲ့အသံတွေ ကြားရတယ်။ တစ်ယောက်က "ကျွန်တော်တို့ ဒီလက်ဆောင်ကိုရဖို့ ယောဒန်မြစ်ကို လာပါပြီ" လို့ ပြောတယ်။

Maatan လည်း အားထည့်ပြီး ဒီလိုပြောတယ်။ "အို ရေငတ်သောသူ အပေါင်းတို့၊ ရေရှိရာသို့ လာကြလော့။ ငွေမရှိသောသူတို့၊ လာကြ။ ဝယ်၍ စားသောက်ကြလော့။ ငွေမပါဘဲ၊ အဖိုးကိုမပေးဘဲလာ၍ စပျစ်ရည်နှင့် နို့ကို ဝယ်ကြလော့။" – (ဟေရှာယအနာဂတ္တိကျမ်း ၅၅:၁)

ပရိသတ်တွေလည်း ပျော်သွားကြတယ်။ ဘုရားရဲ့သား ဖြစ်နိုင်ခွင့်ဟာ ကိုယ့်ရဲ့ကုသိုလ်အားတွေမလိုဘဲ ရနိုင်တာကို သိကြလို့ ဝမ်းသာမျက်ရည်ကျတဲ့သူလည်း အများကြီးရှိတယ်။ Maatan က သူ့ရဲ့တရားကို ပတ္ထနာနဲ့ ပိတ်တယ်။ ပရိသတ်တွေလည်း ဝိညာဉ်တော်နဲ့ ပြည့်နေတယ်။ Maatan ဟာ နောက်ခန်းထဲဝင်ပြီး Pastor Samuel နဲ့အတူ ဒူးထောက် ဆုတောင်းတယ်။ "အဖဘုရား ကျွန်ုပ်တို့အား သင်၏သားများဟု ခေါ်သည့်အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ သားဖြစ်ကြသည်ဟု သက်သေခံစေနိုင်သည့် ဝိညာဉ်တော်ကို ပေးသည့်အတွက် ကျေးဇူးတင်ပါ၏" (ဂလာတိ ၄း၆။ ရောမ ၈း၁၆)။

Pastor Sam နဲ့ Maatan လည်း လက်ဆွဲနှုတ်ဆက်ကြပြီး ဝိညာဉ်တော်သွန်းလောင်းမှုရှိတဲ့အပေါ် ဘုရားကို ချီးမွမ်းကြတယ်။ Pastor Sam က Maatan ကို "အသင်းတော်မှာ အမှုတော်ဆောင်စေချင်တယ်။ ဘုရားက သင့်ကိုဖိတ်ခေါ်ပါတယ်။ ဒေသနာတရားဟောဖို့ ငါတို့ နင့်အကူအညီလိုတယ်" တဲ့။

"ကျွန်တော် ဆုတောင်းပါဦးမယ် Pastor Sam အသင်းတော်မှာ အမှုဆောင်ခွင့်ရတာဟာ မွန်မြတ်ပါတယ်။ ဒီလိုဖိတ်ခေါ်တာကို ကျေးဇူးတင်ပါတယ်"

Maatan ဟာ အသင်းသားတွေကို လက်ဆွဲနှုတ်ဆက်ဖို့ ဘုရားကျောင်းရှေ့ကို ထွက်လာတယ်။ တစ်ချို့က နိုးကြားပြီး "ကျေးဇူးပဲ Maatan" လို့ ပြောကြတယ်။

ရုပ်တည်တည်နဲ့လူတစ်ယောက်က Maatan နားကပ်လာပြီး "တရားဟောနေတဲ့အချိန်မှာ အိတ်မနှိုက်သင့်ဘူး" တဲ့။ Maatan လည်း နောက်လှန်သွားတယ်။

"ဪ၊ အကြံပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော် သတိထားပါ့မယ်" စိတ်တော့မကောင်းဖြစ် သွားတယ်။ ဒီလူက ဘာမှမမြင်ဘူးလား။ ဝိညာဉ်တော်ပါရှိတာ ဒီလူမမြင်ဘူးလား။ ဒီအဖြစ်ကြောင့် စိတ်မယိုင်ဖို့ သူဆုတောင်းတယ်။

ဒါနဲ့ နောက်တစ်ယောက် သူ့ဆီထပ်လာပြီး "ဟယ်လို Maatan, ကျွန်တော့်နာမည် Tony ပါ။ ခင်ဗျားရဲ့တရားကို သိပ်ကြိုက်တယ်ဗျာ။ ကြားဖူးတဲ့အကြောင်းတွေ ပါတယ်။ ဒါကျွန်တော့် လိပ်စာကတ်ပါ။ ဒီနေ့ ခင်ဗျားဟောတဲ့တရားတွေ ဆွေးနွေးချင်တာလဲပါလို့ လာလည်ပါဦးခင်ဗျာ" တဲ့။

"ကျေးဇူးပါ Tony, လာဖြစ်အောင် ကြိုးစားပါ့မယ်" ဆိုပြီး လိပ်စာကတ်ကို ပိုက်ဆံအိတ်ထဲထည့်၊ လက်ဆွဲနှုတ်ဆက်ပြီး အခြားသူတွေကိုလည်း ဆက်ပြီးနှုတ်ဆက်တယ်။

Maatan နဲ့ Stella တို့ အိမ်ပြန်ရောက်တော့ ဘုရားရဲ့မေတ္တာတော်အကြောင်းကို စာတန်နိုင်ငံနဲ့ ခြားနားပြီး ရှင်းရှင်းဟောနိုင်ခဲ့တဲ့အတွက် ဘုရားသခင်ကို ချီးမွမ်းကြတယ်။

# အခန်း ၂၄
# အကူးအပြောင်း

နောက်နေ့ မနက်မှာ Maatan က  Stella ကို ဘုရားကျောင်းက  အလုပ်လုပ်ဖို့ ဖိတ်တဲ့အကြောင်း ပြောပြတယ်။ "Stella, အဲဒါကို နင်ဘယ်လိုသဘောရလဲ။ ငါ့အလုပ်ကိုစွန့်ပြီး အသင်းတော်မှာ လုပ်ရမလား"

"ရှင်လုပ်ချင်ခဲ့တာကြာပြီလို့ သက် ထင်တာပဲ။ ရှင်  ကွန်ပြူတာနဲ့ အလုပ်လုပ်ရတာ ပျော်မှန်း သိပါတယ်။ ဒါပေမယ့် တရားဟောတာက အမြဲတမ်း ဒုတိယဖြစ်နေတယ်"

"နေ့တိုင်း မြို့ထဲကိုသွားရတဲ့ (၂) နာရီကို  ရပ်လိုက်ရင်  ကောင်းမယ်။  ဒါမှ မင်းတို့ကို အချိန်ပိုပေးနိုင်မှာ။ အဓိက ကတော့ လူတွေကို  ခရစ်တော်ပြန်ကြွလာတဲ့အခါ  အဆင်သင့်ဖြစ်ကြဖို့  တရားဟောခွင့် ပိုရချင်လို့။  ဆုတောင်းရအောင်  Stella ကောင်းကင်ဘုံ၌ ရှိတော်မူသော  အဖဘုရား  အခွင့်အရေးပေးတော်မူလျှင်  ကိုယ်တော့်အတွက်  အမှုတော်ထမ်းလိုပါသည်။ ကျွန်ုပ်၏သူဌေး David ကိုလည်း  ဖွင့်ပြောရန် လိုပါတယ်။  ဒါကိုလည်း ကျွန်တော် အမှတ်ရနေပါမယ်။  ဒါပေမယ့် ကျွန်တော့်  ဆုံးဖြတ်ချက်ကို နားလည်ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။  ကျေးဇူးတင်ပါသည်။  ယေရှု၏နာမတော်၌  ဆုတောင်းပါ၏။ အာမင်။

Maatan နဲ့ Stella လည်း သူတို့သားတွေကို ပန်းခြံထဲခေါ်သွားကြတယ်။ Leo က ဒါန်းစီးရတာကိုကြိုက်ပြီး Chi ကတော့  တန်းပေါ်လျှောက်ရတာကို ကြိုက်တယ်။ Maatan ကတော့ ဘုရားက ဘယ်ဘက်ကို ဦးတည်ပေးသလဲလို့ စဉ်းစားနေတယ်။ "သာသနာထဲဝင်တဲ့အခါ ဗဟိုပန်းခြံထဲမှာ တွေ့ခဲ့တဲ့အရာတွေကို  ပိုပြီးအချိန်ပေးလေ့လာနိုင်ပြီး ငှတ်တွေ ရွှေရောင်ပြောင်းစေမယ့်လမ်း တွေ့နိုင်မယ် မှတ်ပါတယ်"

Stella က  "ဘုရားအမှုတော်ဆောင်လို့ရှိရင်  ဒီအကြောင်းနဲ့ပတ်သက်ပြီး  ဘုရားက အလင်းပိုပြမယ်လို့ ယုံပါတယ်" တဲ့။

“အေး၊ ငုတ်ကိုဖိတဲ့အခါ လျှာမှာ  အာရုံခံစားရတယ်လို့  ရှင်ပြောတာ  မှတ်မိသေးလား။ အဲဒါကို ဘာဖြစ်လို့  မစဉ်းစားဖြစ်ရတာလဲနော်။  တစ်ခြားနေရာလည်း ဖိကြည့်ဦးမှပဲ။ ဒီ ငုတ်ကို ငါဖိတဲ့အခါ ဘာဖြစ်ပျက်လဲ”

“သေချာတော့ မသိဘူး။ ဒါပေမဲ့ မျက်စိကို ထိသလိုပဲ” “ဒီတစ်ချောင်းကကော”

“နှာခေါင်းလှုပ်သွားတယ်။ အာရုံစိုက်နိုင်မှ သိရမယ့်အဖြစ်ပါ။ မသိသာဘူး”

“ဒီတစ်ချောင်းကော” “လက်ချောင်းမှာလာထိတယ်။ ဖောဌဗ္ဗာရုံနဲ့ ပတ်သက်မလားပဲ”

“အင်း၊ ဟုတ်လောက်တယ် Stella, ဒီနောက်ဆုံးငုတ်ကကော”

“နားထဲမှာ မြည်နေသလိုပဲ။ ဒါဆို ဒီငုတ်တိုင်းက ငါတို့အာရုံတွေနဲ့ ပတ်သက်နေပြီး ငါတို့ ရဲ့အာရုံဟာ ကြေးသတ္တုအဆင့်မှာတုန်းက  ကြေးရဲ့ကြိမ်နှုန်းနဲ့  ငါတို့က အာရုံခံရတယ်။ အဲဒီကြေးက မြို့ကိုပတ်ထားတဲ့ သံတိုင်တွေနဲ့ ဆက်စပ်မှုရှိတယ်”

“ကွက်တိပဲ Stella။  ငါတို့ရဲ့ ငုတ်ချောင်းတွေ   ယေရှုခရစ်နဲ့   မိတ်သဟာယပြုခြင်းဖြင့် အရောင်တွေပြောင်းခဲ့ပြီ။  ကြေးနဲ့  သံရဲ့ယန္တရားကြောင့်  ဒီကမ္ဘာရဲ့အဓိပတိက ပုထုဇဉ် တွေကို ငါတို့ရဲ့အဖ ဘုရားသခင်ရဲ့ အမှန်တရားကို အမြင်ကန်းစေတယ်။  ဘုရားမေတ္တာ တော်ရဲ့မီးနဲ့ သန့်စင်ထားတဲ့  ယုံကြည်ခြင်းကို ရရှိတဲ့အခါ  ငါတို့ရဲ့အာရုံအားလုံးဟာ ရွှေ ရောင် ဖြစ်လာမယ့်  အသန့်ရှင်းဆုံး ဥာနတော်ကို  အဖဘုရားက ငါတို့ကို တစ်ဆင့်ချင်း ဦးဆောင်သွားမယ်လို့ ငါမှတ်တယ်”

Maatan နဲ့ Stella လည်း နေဝင်တာကို ရှုစားရင်းနဲ့ ညနေစာ စားကြတယ်။ သူတို့ထိုင်တဲ့ ဘေးနားမှာ မြစ်စီးပြီး ရေစီးသံ တိုးတိုးလေးကြားရတယ်။  တစ်နေ့တာဟာ ဒီလိုသာယာ စွာနဲ့ ကုန်သွားတယ်။

နောက်နေ့မနက်မှာ Maatan ဟာ ပျော်လည်းပျော်၊  ပျာလည်းပျာနေတယ်။ ရထားပေါ် တက်တဲ့အခါ မျှားမကြားခင်မှာ ဒီလိုမစီးဖြစ်တော့ဘူးဆိုတာကို သိနေတယ်။

Maatan က "David၊ အချိန်ရလား" လို့ မေးတယ်။

"ရတာပေါ့ Maatan၊ ထိုင်လေ ဘာကူညီပေးရမလဲ။"

"ဒီလိုပါ David အသင်းတော်မှာအမှုဆောင်ဖို့ အခွင့်အရေးရလို့ပါ။ ဆုတောင်းပြီးနောက်မှာ လက်ခံလိုစိတ် ဖြစ်သွားတယ်။ ဒီ (၇) နှစ်အတွင်းဟာ တကယ့်မင်္ဂလာပါပဲ။ ဒါပေမယ့် ဘုရားက သူ့အတွက် အလုပ်လုပ်ပေးဖို့ ဖိတ်ခေါ်နေတယ်လို့ ကျွန်တော်ခံစားမိတယ်"

"ဒီလိုနေ့မျိုး ဘယ်တော့ရောက်လာမလဲလို့ ငါစောင့်ခဲ့ပါတယ် Maatan။ နင်က ကွန်ပြူတာနဲ့ စာရင်းကိုင်ပြီး အရိုးထုတ်သွားမယ့်လူ မဟုတ်မှန်း ငါသိတယ်။ နင်ထွက်သွားတာကိုတော့ ငါတို့ဝမ်းနည်းရပေမယ့် ဒါဟာ ကောင်းတဲ့အရွေ့လို့ ငါမှတ်ပါတယ်"

"ကျေးဇူးပါ David၊ ခင်ဗျားဟာ ကောင်းတဲ့သူဌေးပါ။ ကျွန်တော်လည်း ဒီမှာပျော်ခဲ့ပါတယ်။ ခင်ဗျားအနေနဲ့ အချိန်ဘယ်လောက်လိုမလဲ။ ကျွန်တော့်ဘက်က ပြဿနာမရှိပါဘူး"

"အလုပ်ကြော်ငြာထည့်ပြီး နင့်နေရာကိုယူမယ့်သူကို သင်တန်းပေးတာတွေကို (၂) ပတ်လောက် အချိန်ပေးနိုင်သေးရင် အဆင်ပြေပါပြီ"

"ကောင်းပါပြီ David အခက်အခဲ မရှိပါဘူး"

အချိန်တွေပြည့်လာတော့ Maatan လည်း Constance မြို့လယ်က သူ့ရုံးကနေ နောက်ဆုံးအနေနဲ့ ရထားနဲ့အိမ်ပြန်ခဲ့တယ်။ "အဖဘုရား ကိုယ်တော်ရဲ့ ဦးဆောင်မှုကိုလိုက်ဖို့ ကျွန်ုပ်အဆင်သင့်ဖြစ်ပါပြီ။ ဖြောင့်မတ်ခြင်းဆီကို လမ်းပြပေးမယ်လို့လည်း ယုံစားပါတယ်" လို့ Maatan ရထားစီးရင်းနဲ့ စိတ်ထဲမှာ ပတ္ထနာပြုခဲ့တယ်။

*        *        *        *        *

Maatan ဟာ သူ့ရဲအလုပ်သစ်ကို ဝင်ပါပြီ။ အသင်းသားအိမ်တွေဆီ သွားတယ်။ အသင်းသားသစ်တွေကို ကျမ်းစာသင်ပေးတယ်။ တရားတိုက်ကျွေးတယ်။ ခက်ခဲတဲ့အကြောင်း

တွေကို သင်ပေးရတာကလွဲလို့ ဒီအလုပ်ကို သူနှစ်သက်တယ်။ နှစ်လတွေကြာလာပြီး ဒီနှစ်တွေမှာ အသင်းတော်က ဘယ်လိုသွန်သင်ပြီး လူတွေကို နှစ်ခြင်းခံဖို့ ဘယ်လိုပြင်ဆင်ကြလဲဆိုတာကို သူ ဆန်းစစ်တယ်။ သူဟာ ပိုသိသာလေလေ မနေတတ်လေလေဖြစ်ခဲ့တယ်။ တစ်ခုခုလိုနေမှန်း သူခံစားမိတယ်။

တစ်ခါတစ်လေမှာ အသင်းတော်ထဲက ဝါကြီးသူတွေကို သူတို့ခေါင်းမှာ စိုက်ထားတဲ့ငုတ်ကို ဘယ်လိုသဘောထားကြလဲလို့ မေးချင်စိတ်ပေါက်တယ်။ သူတို့ရဲ့ငုတ်တွေ ဘာအရောင်ဖြစ်ပြီလဲလို့ သူမေးတယ်။ အားလုံးနီးပါးက ငွေရောင် (၁) ငုတ်၊ ကြေး (၄) ငုတ် လို့ ဖြေကြတယ်။ ငွေရောင်ပြောင်းသွားတဲ့ငုတ်က ရသာရုံနဲ့ ဆိုင်တဲ့ငုတ်ပဲ။ ဒီအကြောင်းကို လူတွေက အာရုံမထားကြတဲ့အတွက် သူလည်း ရှေ့မတိုးတော့ဘူး။ အများစုက အပတ်တိုင်း ဘုရားကျောင်း တက်တာလောက်နဲ့ကို ကျေနပ်နေကြတယ်။

Maatan အာရုံထားတဲ့ဘက်ကို စိတ်ဝင်စားတဲ့သူ နည်းနည်းတော့ရှိတယ်။ Greg Wilson ကတော့ ကျွန်တော်တို့ရဲ့ တန်ဖိုးဟာ ဘုရားရဲ့ သားဖြစ်ခြင်းအပေါ် မှီတယ်ဆိုတာကို သဘောကျပြီး သားတော်ရဲ့ အရိပ်အခြေကို မြင်စပြုလာတယ်။ Craig Ellison လည်း ရှိသေးတယ်။ သူက Waggoner နဲ့ Jones တို့ရဲ့ စာတွေမှာနှံ့စပ်ပြီး Maatan နဲ့ စိတ်ချင်းတူတယ်။ Edward Judson လည်း ဇာစ်မြစ်အကြောင်းကို သဘောကျပြီး Maatan ကျမ်းစာသင်ပေး၊ တရားဟောတဲ့နေရာတွေမှာ အတူလိုက်ကူခဲ့လို့ Maatan က ကျေးဇူးတင်နေတယ်။ ခရစ်တော်အားဖြင့် ဘုရားရဲ့သားဖြစ်ရတာရဲ့ အဓိပ္ပာယ်ဟာ ဘာလဲဆိုတာကို စိတ်ဝင်စားတဲ့လူငယ်တစ်ချို့ ရှိပါသေးတယ်။ အများစုကတော့ ယားတဲ့နားပဲရှိကြပြီး အပတ်တိုင်း အကုတ်ခံဖို့ ဘုရားကျောင်းကို လာကြတာပါ။

လူတွေဟာ ဘာမှပြောင်းလဲလာတာ မဟုတ်ကြောင်း၊ အသင်းသားအများစုဟာ လောကီစည်းစိမ်မှာ သာယာနေကြသေးတာကို Maatan သတိထားမိတယ်။ Maatan ကိုယ်တိုင်လည်း သူ့အတွက် မကောင်းမှန်း သိရဲ့သားနဲ့ ဖြတ်ရခက်တာတွေကို ကြုံခဲ့ပြီးပြီ။ သူဟာ စာအုပ်ကြီးသမားတော့ မဖြစ်ချင်ဘူး။ အဲဒါကြောင့် အသင်းသူ/သား တွေရဲ့ ပျော်ပွဲတွေ

မှာ ဝင်ပါပေးတယ်။ ဒါပေမဲ့ အဲဒါတွေက လူတွေကို လောကီဘက်ကို ပြန်ဆွဲမှန်း သူတွေ့တယ်။

"ဘာဖြစ်တာလဲ Maatan။ နင့်မျက်စိထဲမှာ တစ်ခုခုရှိတယ်။ နင်ဘာစဉ်းစားနေတာလဲ?" လို့ Stella က မေးတယ်။

"တစ်ခုခုတော့ မှားနေတယ်။ လက်နဲ့လည်း ထိုးပြလို့မရဘူး။ အသင်းသားအများစုက ငွေ (၁) ငုတ်၊ ကြေး (၄) ငုတ် ဖြစ်နေကြတယ်။ ကျမ်းစာနဲ့ ဓမ္မစစ်ကို စိတ်ဝင်စားတဲ့သူက နည်းနည်းပဲ။ ဘုရားက လမ်းပြပေးဖို့ ဆုတောင်းရအောင် Stella။ (၆) နှစ်တောင်ကုန်သွားတယ် ငါ့မှာ Constance မြို့မှာ နေရခြင်းရဲ့ပြဿနာ အတိမ်အနက်၊ ဒီယန္တရားထဲမှာ ငါတို့အားလုံး ဘယ်လောက်မြုံးမိကြလဲဆိုတာ လေ့လာဖို့ အများကြီးရှိသေးတယ်။

"အဖဘုရား၊ ကျွန်ုပ်တို့ဉာဏ်နဲ့သည်ကို ယုံကြည်ခြင်းဖြင့် အသနားခံလျှင် ပညာဉာဏ်ပေးမည်ဟု ကိုယ်တော်ကတိပေးခဲ့ပါသည်။ ကတိတည်မည်ဟု ယုံပါသည်။ ယေရှုနာမ၌ ဆုတောင်းပါသည်။ အာမင်" Maatan လည်း အကြံတစ်ခုရသွားတယ်။

"Tony Jones ဟုတ်ပြီ။ ဒီနာမည် ငါ့ခေါင်းထဲဝင်လာတယ် Stella။ သူ့ဆီအလည်သွားဖို့ ခေါ်ထားတာ လွန်ခဲ့တဲ့ (၆) နှစ် ငါအလုပ်စဝင်တဲ့အချိန်ကတည်းကပဲ။ ငါလုံးဝကို မေ့နေတာ။ ငါ ဘယ်လိုလုပ်ပြီး မေ့တာပါလိမ့်။ သူ့လိပ်စာကတ်ကော ရှိသေးလားမသိ။ အော်၊ ရှိသေးတယ်။ သူ့ကို ငါသွားတွေ့ရမယ်"

# အခန်း ၂၅
# ကြိမ်နှုန်းမြင့်ခြင်း

“ဟယ်လို တိုနီ။ တိုနီ ဟုတ်ပါတယ်နော်” “အေး ဟုတ်ပါတယ်။ ဘယ်သူလဲဟေ့”

“Maatan Jacobson ပါ။ ကျွန်တော်တို့နှစ်ယောက် နှစ်အတော်များများတုန်းက ဘုရားကျောင်းမှာ တွေ့ဖြစ်ခဲ့ကြတယ်လေ”

“Maatan နင် ငါ့ကိုခေါ်ဖို့ ဆုတောင်းခဲ့တာ။ မလာတာထက်စာရင် နောက်ကျတာက ကောင်းသေးပါတယ်။ ခင်ဗျားဘယ်တော့ လာဖြစ်မလဲ”

“ကျွန်တော်အခု လာနိုင်ပါပြီ တိုနီ။ အဲဒါ ဘယ်လိုထင်လဲ။ ခင်ဗျား ကျွန်တော့်ဆီမလာချင်ရင်ပေါ့။”

“လာခဲ့ပါ။ ရောက်မှ ရှင်းပြမယ်”

“ကောင်းပြီ တိုနီ။ ကျွန်တော်အခု လာနေပြီ။ မကြာခင် တွေ့ကြတော့မှာပါ” Maatan ဖုန်းကို ချလိုက်တယ်။ တိုနီက သူ့ကိုဖုန်းခေါ်ဖို့ တစ်ချိန်လုံးစောင့်ခဲ့ကြောင်း သိရလို့ အံ့သြနေတယ်။

“တိုနီက ငါ့ကို ပြစရာရှိတယ်ဆိုတာကတော့ အဆန်းပဲ။ ငါတို့ဆုတောင်းလိုက်တာ သူ့နာမည် ခေါင်းထဲဝင်လာတော့ ဒါဟာ ဘုရားက လမ်းပြတာနေမှာ” ဆိုပြီး Stella ကို နှုတ်ဆက်ပြီး တိုနီဆီ သွားပါတော့တယ်။

*   *   *   *   *

“လာပါ Maatan, ရုံးခန်းထဲဝင်ပါ။” တိုနီ ဟာ အနည်းငယ် ကပိုကရိုနဲ့ မျက်လုံးတောက်ပတဲ့ လူကြီးတစ်ယောက်ပါ။

"ကျေးဇူးပါ တိုနီ။ ဩော်၊ ခင်ဗျားမှာ စာကြည့်တိုက်ကြီးကြီးနဲ့ စာအုပ်အများကြီး ရှိတာပဲ" Maatan က အခန်းကို ပတ်ကြည့်တဲ့အခါ ကေဘဲလ်ကြိုးတပ်ထားတဲ့ စတုရန်းကွက် သတ္တုပြားကို တွေ့တယ်။ "ဒါကဘာလဲ တိုနီ"

"ဒါက ဒီရုံးခန်းကို ကာကွယ်ဖို့ပါ။ အခန်းကို အထူးနံရံသုတ်ဆေး သုတ်ထားတယ်။ အဲဒီလိုလုပ်တာက မြို့ကိုဝိုင်းထားတဲ့ သံတာဝါတိုင် (၅) တိုင်ကနေလာတဲ့ ကြိမ်နှုန်းကို တားပေးတယ်။ ဒါကြောင့် တံခါးပိတ်ရင် ဒီကြိမ်နှုန်း ဝင်မလာနိုင်လို့ လွတ်လွတ်လပ်လပ် ဆွေးနွေးလို့ရတာပေါ့။"

Maatan က ဒါမျိုး တစ်ခါမှ မမြင်ဖူးဘူး "ဒါဆို ခင်ဗျားက တာဝါတိုင်အကြောင်းကို သိတယ်ပေါ့"

"Maatan ရေ၊ ဆုတောင်းပြီးမှ ဆက်ကြတာပေါ့" "ဒါပေါ့ တိုနီ"

"ကောင်းကင်ဘုံ၌ ရှိတော်မူသောအဖ Maatan အား ပို့ပေးသည့်အတွက် ကျေးဇူးတင်ပါတယ်။ ဤဆွေးနွေးမှုကို လမ်းပြတော်မူပါ။ ကျွန်ုပ်တို့သည် ဇယား၏နောက် နှစ်(၁၀၀) နောက်ကျနေကြောင်း ကိုယ်တော်သည် ကျွန်ုပ်တို့ထက် သာ၍သိပါတယ်။ စိတ်ရှည်တော်မူသည့်အတွက်လည်း ကျေးဇူးတင်ပါသည်။ ယေရှုနာမတော်၌ ဆက်ကပ်အပ်နှံပါသည်။ အာမင်။"

"ခင်ဗျားဟာ နေဝင်ချိန်မှာ ဗဟိုပန်းခြံမှာ ရှိခဲ့တယ်ဆိုတာ မှန်သလား" လို့ တိုနီ က စကားဆက်တယ်။

"ဟုတ်ပါတယ်။ ခင်ဗျား ဘယ်လိုလုပ်သိတာလဲ"

"ကျမ်းချက်နဲ့ စာအက္ခရာတွေကိုလည်း မြင်ခဲ့တယ် မဟုတ်လား"

"ဟုတ်တယ် တိုနီ။ ခင်ဗျားလည်း မြင်ခဲ့တာလား"

"ဟုတ်တယ် Maatan။ ငါတွေ့ခဲ့တယ်" ဆိုပြီး သင်ပုန်းဖြူပေါ် ရေးပြပါတယ်။

S
1 Cor 8:6
C
⬇
R

“ဘုရားသခင် ဘုန်းကြီးပါစေ။ ခင်ဗျားလည်း ဒီတရားကို တွေ့ခဲ့တဲ့ အခြားတစ်ယောက်ပဲ။ လဆန်းနေ့မှာမှ ဒီလိုဖြစ်ပျက်တာဟာလဲ စိတ်ဝင်စားစရာပဲ” လို့ Maatan က ဆက်ပြောတယ်။

“ဘာပြောတာလဲ Maatan”

“လဆန်းပါ။ ဘုရားရဲ့လမ်းစဉ်ကို လဆန်းနေ့မှာ ပန်းခြံမှာ တွေ့ခဲ့တာပါ”

“အင်း၊ ဒါဟာ ငါ့အတွက် သတင်းသစ်ပဲ။ ငါက ဒီလိုမဆက်ခဲ့ဘူး။ ကျေးဇူးပါ။ အချိန်ဆိုတာ ဘုရားအတွက် အရေးပါမှန်း မြင်သာပါတယ်။ ဒီအချိန်အကြောင်း ငါတို့လေ့လာကြတာပေါ့။ Theseus က minotaur ကို သတ်တဲ့ ရုပ်တုရှိတဲ့ ရေပန်းရဲ့အနောက်ဘက်ကို ကော သွားဖြစ်သေးလား” လို့ တိုနီက မေးတယ်။

“သွားတယ်။ မူလရင်းမြစ်၊ သူ့အောက်မှာက လမ်းကြော၊ အဲဒါရဲ့အောက်မှာ အနားယူ ဆိုတဲ့စာတွေ တွေ့ခဲ့တယ်”

“သိပ်ကောင်းတယ် Maatan။ ရှေ့ဆက်ဆွေးနွေးဖို့ အဆင်သင့်ရှိရဲ့လား။ နင်လိုက်နိုင်မှာပါ။ ဒါပေမယ့် အသင်းတော်ရဲ့ အရှုပ်ထုပ်တွေ ခင်ဗျားကိုယ်တိုင် ရှာကြည့်သင့်တယ်လို့ မှတ်တယ်”

“ဟုတ်ကဲ့ တိုနီ။ ကျွန်တော်အသင့်ပါပဲ”

“မှန်ဘီလူးယူပြီး ငါ့ခေါင်းကငုတ်တွေကို ကြည့်ပေးပါဦး”

“အိုး၊ ရွှေ (၃) ငုတ်နဲ့ ငွေ (၂) ငုတ်တောင်ပါလား တိုနီ။ ဘုရားဂုဏ်တော်ပဲ။ ခင်ဗျားက ငုတ် (၃) ငုတ်ရဲ့ အဖြေကို တွေ့ပြီပေါ့ ဟုတ်လား”

“ခင်ဗျားငုတ်တွေကကော Maatan” “အားလုံး ငွေရောင်ပါ”

“Ok, ခင်ဗျားကိုပြောပြလို့ရပြီ။ ငါ့နာမည် အပြည့်အစုံက Anthony Trevor Jones ပါ။ Alonso Trevier Jones ရဲ့ မြစ်ပါ။ သူ့အကြောင်းတော့ ခင်ဗျားသိပါတယ်။ တရားဟောတုန်းက သူ့ရဲ့စကားတွေ ခင်ဗျားကိုးကားခဲ့တာပဲလေ”

ဒါနဲ့ Maatan ဟာ တောင့်သွားပြီး ငိုပါတော့တယ်။ သူက တိုနီ လက်ကိုဆွဲပြီး “ကျွန်တော်ဟာ ခင်ဗျားရဲ့ ဘေးတော်ရဲ့တရားတွေကြောင့် တရားရခဲ့တာ။ ၁၈၈၃ နဲ့ ၁၈၉၅ အတွင်းက သူ့ရဲ့တရားတွေက ကျွန်တော့်ကို တရား ရစေပါတယ်။ *ကျမ်းစာထဲမှ အင်ပါယာများ* ဆိုတဲ့ သူ့ရဲ့စာအုပ်မှာ နိမ်ရောဒ ပုံစံချခဲ့တဲ့ နိုင်ငံတော်အစိုးရနဲ့ ဘိုးဘေးတို့ရဲ့ အုပ်ချုပ်ပုံယန္တရားကို အာဖြဟံနဲ့ရှင်းပြပြီး ကျွန်တော့်ကို တရားရှာစေခဲ့ပါတယ်။ ၁၈၉၅ ခုနှစ်တွေမှာ ခရစ်တော်ပြန်ကြွလာမယ့်အချိန် နီးတဲ့အကြောင်းနဲ့ ကျွန်တော်တို့က သစ္စာ၊ ကရုဏာနဲ့ပြည့်စုံတဲ့ ယဇ်ပရောဟိတ်မင်း ရနိုင်ဖို့ ခရစ်တော်က လူ့ခန္ဓာကို ယူခဲ့တဲ့အကြောင်းတွေကို ရွှေလက်ချိတ်ခဲ့ပါတယ်။”

တိုနီလည်း မျက်ရည်ကျ၊ ဘုရားကိုချီးမွမ်းပြီး “ငါတို့လူတွေ ဒီတရားကိုလက်ခံပြီးခဲ့ရင် ဒီအာရုံ (၅) ပါး မာယာကျော့ကွင်းမှာ မိတော့မှာ မဟုတ်ဘူး။ ငါက တရားတွေရဖို့ နှစ်အများကြီး ဆုတောင်းထားပြီး အများကြီးလည်း သိထားပြီ။ ခင်ဗျားကိုလည်း ကူချင်ပါတယ်။ ဒီမြို့ကနေ ထွက်နိုင်မှလည်း Constance မြို့ကြီး ပြိုလဲပြီလို့ အသံပေးနိုင်မှာပေါ့။

“ဒီလိုဆွေးနွေးမှုကို မြေအောက်ခန်းမှာလုပ်ရတာက အသက်တမျှ အရေးကြီးတယ်။ ငါတို့ရဲ့ ဆွေးနွေးတဲ့အကြောင်းက ကြိမ်နှုန်းမြင့်လွန်းတော့ ဂရုမထားလို့ မရတဲ့အဖြစ်လေ။ နင့်ရဲ့ငုတ်တွေ ရွှေရောင်ပြောင်းတဲ့အခါ အခြားလူတွေက ဂရုပြုမိမှာ” ဒါကို သိုသိပ်ထားလို့လည်း မရဘူး။ သံ၊ ကြေး အဆင့်မှာ ကျန်နေသေးတဲ့လူတွေကိုလည်း နေမထိထိုင်မသာ ဖြစ်စေဦးမှာလေ”

တိုနီဟာ အခက်အခဲအများကြီး ကြုံခဲ့တယ်ဆိုတာ Maatan သဘောပေါက်တယ်။

“ကျွန်တော်တို့ ဘယ်ကနေစမလဲ တိုနီ”

“သိမ်မွေ့တဲ့ အလိမ်အညာရဲ့ အဓိကထောက်တိုင်ကနေ စကြတာပေါ့”

# အခန်း ၂၆
# အလိမ်အညာထောက်တိုင်

"ကဲ သေချာနားထောင် Maatan။ ငါတို့ဦးတည်နေတာက အာရုံ (၅) ပါးကနေလွတ်ဖို့ပဲ။ (၅) ဆိုတာက လူ့စိတ်ကိုမြူးထဲသွင်းတဲ့ အတွေးအခေါ်ပဲ။ အဲဒီမှာက ငါတို့ဟာ ထောင်သားဆိုလည်း ဟုတ်တယ်၊ ထောင်စောင့်ဆိုလည်း ဟုတ်တယ်။ ဒါဟာ မာယာသာဒ္ဒေယျယန္တရားပါ။ ရှေးဟောင်းမြွေကြီး စာတန်က လုပ်တာပါ။ လူလူချင်း ဘုရားပြုကိုးကွယ်နေချိန်မှာပဲ ငါတို့ရဲ့ဖန်ဆင်းရှင်နဲ့ သပ္ပာယဖြစ်တယ်လို့ သူကမှတ်စေတယ်။

"(၅) ဆိုတဲ့ဂဏာန်းက အရေးကြီးတယ်။ အကြောင်းကတော့ ငါတို့မှာ အာရုံ (၅) ပါးရှိလို့ပဲ။ ငါတို့နေထိုင်တဲ့ ပတ်ဝန်းကျင်ကလည်း (၅) ဆင့် ခွဲထားတယ် – မြေ၊ လေ၊ မီး၊ ရေ၊ ဝိညာဉ် တွေပါ။ တစ်ခြားလူမျိုးတွေကတော့ မြေ၊ ရေ၊ ထင်း၊ မီး၊ သတ္တုလို့လည်း သတ်မှတ်ကြတယ်။ ဒီဒြပ်တွေကို ဘာသာအတော်များများမှာ သုံးထားပါတယ်။

"အာရုံ(၅)ပါးမာယာကျော့ကွင်းရဲ့ ထောက်တိုင်ကတော့ ဇီဝအသက်နဲ့ဆိုင်တယ်။ ကျမ်းစာမှာ ဒီလိုလာတယ်။ ။

> "အကြောင်းမူကား၊ ယေရှုခရစ်တည်းဟူသော၊ ချလျက်ရှိသော တိုက်မြစ်မှတစ်ပါး အခြားသောတိုက်မြစ်ကို အဘယ်သူမျှ မချနိုင်။" - ကောရိန္သုဩဝါဒစာပထမစောင် ၃:၁၁

"ခရစ်တော်ဆိုတဲ့ ထောင့်ကျောက်က သူ့ကိုယ်သူ ဘယ်လိုပြောထားလဲ။"

> "ယေရှုက၊ ငါသည် လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက် လည်းဖြစ်၏။ ငါ့ကို အမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့မရောက်ရ။" - ရှင်ယောဟန်ခရစ်ဝင် ၁၄:၆

“ယေရှုကလည်း၊ ငါသည် ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်း အကြောင်း ဖြစ်၏။ ငါ့ကိုယုံကြည်သောသူသည် သေလွန်သော်လည်း ရှင်လိမ့်မည်။” - ရှင်ယောဟန်ခရစ်ဝင် ၁၁:၂၅

တမန်တော်ရှင်ယောဟန်က ဒီလိုပြောထားသေးတယ်။ ။

“သားတော်ကိုရသောသူသည် အသက်ကိုရ၏။ ဘုရားသခင်၏ သားတော်ကို မရသောသူမူကား အသက်ကိုမရ။” - ရှင်ယောဟန်ဩဝါဒစာ ပထမစောင် ၅:၁၂

“အဓိကကတော့ အသက်ဟာ သခင်ယေရှုခရစ်ဆီမှာပဲ ရှိတဲ့အကြောင်းပါ။ ဒီပရမတ်တရားအကြောင်း ပြောစရာအများကြီး ရှိသေးတယ်။ လောလောဆယ် စာတန်က ပုထုဇဉ်တွေကို စပြောတဲ့ မုသားကို ကြည့်ရအောင်။ ။

“မြွေကလည်း၊ သင်တို့သည် ဧကန်အမှန်သေရမည် မဟုတ်။ အကြောင်းမူကား၊ ထိုအသီးကိုစားသောနေ့၌ သင်တို့သည် မျက်စိပွင့်လင်းလျက် ကောင်းမကောင်းကိုသိ၍၊ ဘုရားသခင်ကဲ့သို့ ဖြစ်ကြလတ္တံ့သည်ကို၊ ဘုရားသခင်သိတော်မူသည်ဟု မိန်းမအားဆို၏။” - ကမ္ဘာဦးကျမ်း ၃:၄၊ ၅

“စာတန်က ငါတို့ကို အသက်ရှင်နိုင်ဖို့ သခင်ခရစ်တော်မလိုဘူးလို့ ညာခဲ့တယ်။ ဘုရားက အသီးကိုစားရင် သေမယ်လို့ပြောတာဟာ တကယ်တော့ မသေမယ့်ဘဝကိုရမယ့် အစဖြစ်တယ်လို့ ညာတယ်။ အဲဒါကြောင့် ပဉ္စမာယာကျော့ကွင်း ထောက်တိုင်ဟာ အသက်ဆိုတာ သခင်ယေရှုခရစ်ဆီမှာပဲ ရနိုင်တယ် ဆိုတဲ့တရားကို စိန်ခေါ်ပါတယ်။

“ဘုရားရဲ့နှုတ်ကပတ်တော် ဝါစာကိုတုပြိုင်ဖို့ စာတန်က သေခြင်းဟာ ထာဝရအသက်ရဖို့ မုခ်ဝဖြစ်တယ်ဆိုပြီး ပြောင်းပစ်တယ်။ မရဏဟာ မင်္ဂလာတစ်ပါး ဖြစ်လာတယ်။ ဘုရားရဲ့နိုင်ငံမှာ မရဏဟာ ရန်သူပါ။ စာတန့်နိုင်ငံမှာ မရဏဟာ နောက်တစ်ဆင့်ကိုတက်တဲ့ မုခ်ဝဖြစ်တယ်။

“ဒီသဘောတရားက သေပြီးသားလူဟာ အသက်ရှင်ကျန်တဲ့သူတွေဆီ ဆက်သွယ်နိုင်၊ ဆက်သွယ်ချင်တဲ့ ဆန္ဒရှိတယ်ဆိုတဲ့ နာမ်ဝိညာဉ်ဝါဒကို အစပျိုးပေးတယ်။ နောက်ဘဝပြောင်းသွားတဲ့ ပုဂ္ဂိုလ်တွေက အသိဉာဏ်ပိုမြင့်ပြီး ပုထုဇဉ်တွေကို သင်ပြပေးချင်တယ်ဆိုပြီး လက်ခံထားကြတယ်။ သမ္မာကျမ်းမြတ်မှာတော့ သေတဲ့သူတွေ ဘာမှမသိ။ လူတွေနဲ့ မဆက်သွယ်နိုင်လို့ ပြထားတယ်။ ဒါတောင်မှ ခရစ်ယာန်အားလုံးနီးပါးက ဝိညာဉ်ဟာ မသေဘူး၊ လူသေပြီးနောက်မှာ ဝိညာဉ်ဟာ ကောင်းကင် (သို့) ငရဲမှာ အသက်ရှင်နေတယ်လို့ မှတ်ကြတယ်။ ဒီသဘောတရားအားလုံးဟာ လူမှာအသက်ရှိတယ် တကယ်မသေနိုင်ဘူးဆိုတဲ့ ပထမဆုံးပြောခဲ့တဲ့ မုသားရဲ့ အစွယ်အပွားပဲ။ ဒါဟာ စာတန့် ပဉ္စမာယာယန္တရားရဲ့ ဩဇာပဲ”

“ကျွန်တော်လည်း ဒါတွေကို လေ့လာခဲ့ပါတယ် တိုနီ။ စာတန်က ဘုရားရဲ့ဝါစာကို ဒေင်ဥယျာဉ်မှာ လှည့်ခဲ့သလို လွန်ခဲ့တဲ့ နှစ် ၂,၀၀၀ မှာလည်း သခင်ခရစ်တော် ဒီကမ္ဘာမှာလာပွင့်ခဲ့တုန်းက ထပ်လှည့်ဖို့ ကြိုးစားခဲ့သေးတယ်။ သခင်ခရစ်တော် ကောင်းကင်ကို ပြန်ကြွပြီးနောက်မှာ ခရစ်ယာန်ကျောင်းကြီး (၂) ကျောင်း ပေါ်ခဲ့တယ်။ တစ်ကျောင်းက Antioch မြို့မှာ၊ နောက်တစ်ကျောင်းက Alexandria မြို့မှာပါ။ Antioch အသင်းတော်က ခေါင်းဆောင်တွေက ကျမ်းစာကို လုံးကောက်အနက်ပြန်ပြီး Alexandria အသင်းတော်က ခေါင်းဆောင်တွေက နာမ်ဘက်ဆွဲပြီးကျမ်းစာရဲ့ ရိုးရှင်းတဲ့အဆုံးအမတွေကို သွေဖီတယ်။ အဲဒီအကြောင်း ခင်ဗျားဘေးတော်ရဲ့ Ecclesiastical Empire စာအုပ်မှာ ကျွန်တော်ဖတ်ခဲ့တယ်။

“ဟုတ်တယ် Maatan, အဲဒီစာအုပ်ဟာ Benjamin Wilkinson ရဲ့ Truth Triumphant စာအုပ်နဲ့ တန်းတူအရေးပါတယ်။ ဝိညာဉ်မသေဘူးတို့၊ သေပြီးသားလူက တမလွန်ဘဝနဲ့ အသက်ရှင်တယ် ဆိုတာတွေကိုယုံရင် ပဉ္စမာယာကနေ လွတ်လမ်းမရှိဘူး။ ဒီယုံကြည်မှုက သခင်ခရစ်တော်မှာဘဲ အသက်ရှိတယ်။ သူ့ကိုပဲ အချိန်တိုင်းမှီခိုရတယ် ဆိုတဲ့ယုံကြည်ချက်ကို ရိုက်ချိုးတယ်။

တိုနီက ခဏနာပြီး “ပဌမာယာရဲ့ နောက်ထပ်ထောက်တိုင်အကြောင်း မရှင်းပြခင် နင်တစ်ခု လုပ်စရာရှိတယ်” တဲ့။

“ရပါတယ် တိုနီ”

“ခရစ်ယာန်တွေက ‘အသင်းတော်၌ အုတ်မြစ်တစ်ခုရှိသည်။ သခင်ယေရှုခရစ်ဖြစ်သည်’ ဆိုတဲ့သီချင်းကို ဆိုကြတယ်။ နင့်ကို ခရစ်ယာန်အသင်းတိုင်းရဲ့ ထောက်တိုင်က ဘာလဲဆိုတာ လိုက်ပြီး လေ့လာစေချင်တယ်။ ဒါမှ နင့်ရဲ့ဓမ္မဉာဏ် ကြီမ်နှုန်းမြင့်လာမယ်။ ဥပုသ်နေ့ကျရင် ထောက်တိုင်တိုင်းမှာ ရေးတဲ့စာတွေ ခွဲခြမ်းစိတ်ဖြာစေချင်တယ်”

“ငါတို့ကိုပြခဲ့တဲ့ ဘုရားသခင်ရဲ့သော့ချက်ကို မှတ်မိသေးတယ်ဆိုရင် အသင်းတော်ရဲ့ထောက်တိုင်က ဘုရားရဲ့သော့ချက်ကို ပြရမှာလေ။ ခရစ်တော်ဟာ ဒီသော့ကို ဖန်တီးသူပါ။ ဘုရားရဲ့သားတော် ဖြစ်တဲ့အတွက် ခမည်းတော်ဆီရောက်မယ့်လမ်းပါပဲ။ အမွေခံသားဖြစ်ရခြင်းက သူ့ကို ခမည်းတော်ဆီ ရောက်စေမယ့်လမ်းကြော ဖြစ်စေပါတယ်။ ငြိမ်သက်ခြင်းအရှင် ဖြစ်လို့လည်း လာပြီး ရင်ကြားစေ့တယ်။ ခမည်းတော်ကို နာမ်ဝိညာဉ်၊ သစ္စာနဲ့ကိုးကွယ်နိုင်အောင် စီမံသူပါ။ အသင်းတော်ရဲ့အုတ်မြစ် ထောင့်ကျောက်တွေမှာ ရင်းမြစ်၊ လမ်းကြော၊ အနားယူ စတဲ့စာသားတွေကို ကြည့်ကြည့်ပါ။ တွေ့တဲ့ဟာတွေ မှတ်လာခဲ့ပေါ့။ ပြီးမှ ဆွေးနွေးကြတာပေါ့။ ဒါတွေပြီးမှ မျှော်လင့်ခြင်းအသင်းတော်ရဲ့ အုတ်မြစ်မှာ ဘာရေးထားလဲလို့ ကြည့်ကြတာပေါ့”

“ရပါတယ် တိုနီ။ ဒါနဲ့ ငုတ်ကို ငွေကနေ ရွှေဖြစ်အောင် ဘယ်လိုလုပ်လဲဆိုတာတော့ သိသွားချင်တယ်”

“ဒါကတော့ စိတ်ရှည်ဖို့လိုမယ် Maatan။ ပြောနိုင်တာကတော့ ငုတ်တစ်ခုမှာရှိတဲ့တရားက နောက်ထပ်တရားနဲ့ ဆက်စပ်တယ်။ တန်ပြန်ဆက်စပ်မှုက ကြိမ်နှုန်းဆက်စေပြီး ရွှေရောင်ပြောင်းဖို့ အစွမ်းရှိစေတယ် ဆိုတာပါပဲ။ ဒါတွေကို ခမည်းတော်က ဝိညာဉ်တော်အားဖြင့် အထမြောက်စေတာပါ။ ဝိညာဉ်တော်ဟာ အမှန်တရားကနေ ဘယ်တော့မှ

မခွာဘူးတဲ့အတွက် အမှန်တရားများလေလေ ဝိညာဉ်တော်လည်း ကျွန်တော်တို့ရဲ့ စိတ်သန္တာန်မှာ အလုပ်လုပ်နိုင်လေလေ ပဲပေါ့”

“ဒါဟာ တော်တော့်ကို ဉာဏ်ဖွင့်ပေးပါတယ်။ ခင်ဗျားရဲ့ ဗဟုသုတတွေ မျှဝေပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ နောက်တစ်ပတ် ဥပုသ်ကျရင် ကျွန်တော်ရှာတွေ့တာတွေ လာပြောပါ့မယ်”

“ဘုရား ဖေးမပါစေ Maatan” “ခင်ဗျားရောပဲ တိုနီ”

# အခန်း ၂၇

# အစားထိုးထားတဲ့ ထောင့်ကျောက်

"ငါတို့လုပ်စာရာရှိတယ် Stella။ ငါတို့အသင်းတော် အများကြီးကိုသွားပြီး သူတို့ရဲ့ ဘုရားကျောင်းရဲ့ ထောင့်ကျောက်မှာ ဘာရေးထားလဲဆိုတာ သွားကြည့်ရမယ်"

"ဘာကြောင့်လဲ Maatan"

"Tony က ပဉ္စမာယာကျော့ကွင်းကိုနားလည်ဖို့ ဒါကအရေးကြီးတယ်တဲ့"

"သူဟာ A.T. Jones ရဲ့မြစ်လို့ ရှင်ပြောတယ်နော်"

"ဟုတ်တယ်။ ဆန်းတယ်မဟုတ်လား။ သူ့ငုတ်တွေ (၃) ငုတ်အထိ ဘယ်လိုလုပ် ရွှေဖြစ်သွားလဲ သိပ်သိချင်တာပဲ။ ငါတို့လည်း ဒီလိုဖြစ်လာမယ်လို့ ထင်တာပဲ။ သူ့ကို စောစောမခေါ်မိတာ နာတာပဲ။ ဒါပေမယ့် ဘုရားက လမ်းပြမှာပါလို့ ငါယုံတယ်"

"သားသားတို့ ကားအပျော်စီးကြမှာလား ဖေဖေ"

"ဟုတ်တယ် Chi။ ကင်မရာလည်းယူခဲ့။ ဓာတ်ပုံရိုက်လို့ရတာပေါ့"

"ဒါမှ ဒို့ဖေဖေဟ့။ ဓာတ်ပုံရိုက်မယ်။ အားလုံးကိုရိုက်မယ်" "ကျေးဇူးပါ Chi" ဘုရားကျောင်းဆင်းတဲ့အခါ Maatan တို့မိသားစု ပန်းခြံထဲမှာ နေ့လည်စာစားကြတယ်။ ပြီးမှ မြို့ထဲကအသင်းတော်တွေကို သွားကြတယ်။ ပထမဆုံးဝင်တဲ့ ဘုရားကျောင်းမှာ ဘုရားကျောင်းရဲ့ အဓိက အုတ်မြစ်ထောင့်ကျောက်ကို လိုက်ရှာကြတယ်။ Leo က အရင်ဆုံးတွေ့တယ် "ဖေဖေ၊ ဒီနေရာနဲ့တူတယ်။ စာလည်း ရေးထားတယ်" တဲ့။

Maatan နဲ့ Chi လည်း အပြေးအလွှား လာကြည့်ကြတယ်။ Chi ကတော့ ကင်မရာနဲ့ အဆင်သင့်ပေါ့။

Maatan က "ဘာရေးထားလဲ" လို့ မေးလိုက်တယ်။ Leo က "S, S, W" တဲ့။

Chi က "ခုတ်ပုံရိုက်ထားဦးမှ အဖေ" တဲ့။

"ကျေးဇူးပဲ သား။ 'S' ကတော့ ရင်းမြစ်ကို ပြောတာနေမှာပါ။ ရင်းမြစ်၊ ရင်းမြစ်၊ အင်း 'W' က ဘာများဖြစ်မလဲနော်။ ဘုရားရဲ့ ပုံစံသေဒ္ဓမှာတော့ 'R' ပါ၊ ဒီမှာက 'W' ဆိုတော့။ အနားယူဆိုတာရဲ့ ဆန့်ကျင့်ဖက်ဆိုရင်တော့ 'W' ဟာ အလုပ်ကိုပြောတာ ဖြစ်လောက်မယ်။ တိုနီနဲ့ ဆွေးနွေးရမှာပေါ့။ သူက ဒါကို အများကြီးစဉ်းစားပြီးသား နေမှာပါ"

Maatan, Stella နဲ့ သားနှစ်ယောက်ဟာ အသင်းတော်အများကြီးကို သွားခဲ့ပြီး S, S, W တွေပဲ တွေ့ကြတယ်။

"တိုနီ ဆီသွားလည်ကြရအောင်။ နင့်ကို သူနဲ့မိတ်ဆက်ပေးမယ်။ သူ့ဆီကနေ ပိုသိရမှာပါ။ Chi ရေ နင်အားလုံးကို ခုတ်ပုံရိုက်ထားလား" လို့ Maatan က မေးလိုက်တယ်။

"ဟုတ်တယ် အားလုံးကို ရိုက်ထားတယ် ဖေဖေ"

"သိပ်ကောင်းတယ်။ Leo နင် မျက်စိလျင်တယ်။ တစ်ချို့ဆို ရှာရသိပ်ခက်တာ" Chi နဲ့ Leo လည်း ပြုံးကြတယ်။

Maatan က တိုနီကို ဖုန်းဆက်တယ်။ သူကလည်း "ဟိုင်း၊ Maatan မင်္ဂလာရှိတဲ့ ဥပုသ်နေ့ဖြစ်ပါစေ။ ဘာကူညီရမလဲ" တဲ့။

"ကျွန်တော်တို့ အသင်းတော်အားလုံးကို သွားခဲ့ပြီးပြီ။ သူတို့ရဲ့ အုတ်မြစ်တိုင်းမှာ S, S, W ပဲ ရေးထားတယ်။ စာလုံးလည်း ကြေးနဲ့ရေးထားတယ်"

"ထောင့်ကျောက်တွေကိုရှာနိုင်တာ ဝမ်းသာတယ် Maatan။ အခု Leroy Froom Way က မြော်လင့်ခြင်း ဘုရားကျောင်းမှာ ငါ့ကိုလာတွေ့စေချင်တယ်။ အဲဒီနေရာကိုသိလား"

"သိတယ် တိုနီ။ ညနေ ၅း၃၀ မှာ လာပါ့မယ်။ တစ်ခုခုတော့ အလင်းရမယ် မှတ်တယ်"

"အိုကေ၊ Maatan။ ၅း၃၀ ကျရင် တွေ့ကြမယ်"

Chi က "Leroy Froom က ဘယ်သူလဲဖေဖေ" တဲ့။

"Dr. Leroy Froom ဟာ သတ္တမနေ့ မြော်လင့်ခြင်းအသင်းတော်ရဲ့ ခေါင်းဆောင်ပဲ။ ဖေဖေ လေ့လာရသလောက်တော့ သူဟာ ၁၉၄၀, ၁၉၅၀ ခုနှစ်တွေမှာ အတော့်ကို နာမည်ကြီးတဲ့သူပဲ။ ဖေဖေ ရှာတွေ့တာက သူဟာ Questions on Doctrine စာအုပ် ပုံနှိပ်ဖြစ်အောင် အတော့်ကိုပံ့ပိုးခဲ့သူပဲ။ အဲဒီစာအုပ်ဟာ တော်တော့်ကို စောဒကအတက်ခံရတာ"

"ဘယ်လိုမျိုးလဲ ဖေဖေ"

"၁၈၈၈ တုန်းက E.J. Waggonerနဲ့ A.T. Jones တို့က တရားထူးတစ်ခု ဟောခဲ့ကြတယ်။ အဲဒီတရားက ယေရှုဟာ လူသားစစ်စစ်အတိုင်း လာခဲ့တဲ့အကြောင်းကို ငြင်းတဲ့ တရားပဲ။ ကောင်းကင်မှာ ဒို့တစ်တွေအတွက် ယဇ်ပုရောဟိတ်မင်း ဖြစ်နိုင်ဖို့ ငါတို့ကို အတွင်းကျကျသိဖို့ ငါတို့နဲ့အဆင့်တူ နေဖို့လိုပါတယ်။ အင်း (၁၀) နှစ်သားလေးကို ဒီလိုတရားကြီးတွေ ပြောတာ သိပ်မဟန်သေးဘူး" ဆိုပြီး Maatan ရီတယ်။

"သား သိတာကတော့ ဒီလူဟာ အသင်းတော်မှာ လူကြီးဖြစ်ပြီး အသင်းတော်ကို တော်တော် ဦးဆောင်ခဲ့တယ်ဆိုပဲ။ မှန်လား"

"မှန်တယ် Chi။ သားကိုဂုဏ်ယူပါတယ်။ ငါတို့ Leroy Froom Way ကိုရောက်ပြီ။ ဟော်၊ ဟိုမှာ တိုနီ။ သူ့ကိုထပ်တွေ့ရတာ ကောင်းတာပေါ့"

Maatan ကားပေါ်ကဆင်းပြီး တိုနီဆီ သွားတယ်။ Maatan က သူ့ကို လက်ဆွဲနှုတ်ဆက်ပြီး Stella နဲ့ ကလေးတွေနဲ့ မိတ်ဆက်ပေးတယ်။

"တွေ့ရတာ ဝမ်းသာပါတယ် Stella နဲ့ Maatan နဲ့ သိခွင့်ရတာ မင်္ဂလာတစ်ပါးပဲ။ နင်ဟာ Maatan အတွက် အကူအညီဖြစ်တဲ့အတွက် ဘုရားကိုကျေးဇူးတင်ပါတယ်။ အိမ်ထောင်ရှင်မ အတော်များများက ဒီလိုမဟုတ်ကြဘူး။ ဘယ်လောက်ပဲခက်ခဲခက်ခဲ ဘုရားက

ကောင်းချီးပေးမှာပါ။ တိုနီ က Chi နဲ့ Leo ဘက်လှည့်ပြီး “သားတို့ရေ စွန့်စားဖို့အသင့်ဖြစ်ကြပြီလား” လို့ မေးတယ်။

နှစ်ယောက်စလုံးက “ဖြစ်ပါပြီ ဦးဦး” တဲ့။

တိုနီလည်း အုတ်မြစ်ထောင့်ကျောက်ရှိတဲ့ဘက်ကို ခေါ်သွားတယ်။ Stella လည်း ကားသော့ပိတ်ပြီး ကလေးတွေနဲ့ လိုက်လာကြတယ်။

“စာရေးထားတာတွေ့လား Maatan”

“ကျွန်တော်တွေ့ခဲ့တဲ့ စာလုံးတွေထက် ပိုသေးနေတယ်။ ‘S’ တဲ့၊ ဒုတိယစာလုံးက ဖတ်ရခက်တယ် သံချေးကိုက်နေတယ် ‘S’ ပဲ။ နောက်ဆုံးကတော့ ‘W’”

“ဒါတွေက ဘာလဲဆိုတာ ခင်ဗျားသိတယ်မဟုတ်လား”

“ဘုရားရဲ့လမ်းစဉ်အရ ဒါတွေဟာ ရင်းမြစ်၊ ရင်းမြစ်၊ အလုပ်လို့ ယူရမယ်မှတ်တယ်”

“ကွက်တိပဲ Maatan”

Maatan က စိတ်ပျက်ပျက်နဲ့ “ဒါဆိုရင် ဒီအသင်းတော်က ဘုရားလမ်းစဉ်အပေါ် မထောင်ခဲ့တဲ့သဘောပေါ့” တဲ့။

“ကျောက်ကို အနီးကပ်ကြည့်ကြည့်ဦး။ ဘာတွေ့လဲ”

“တစ်ခြားဟာတွေနဲ့တော့ မတူကွဲပြားတယ်။ အင်္ဂတေလည်း လတ်နေတယ်။ အတိုင်းအတာလည်း ကြည့်ပါဦး။ အုတ်မြစ်ထောင့်ကျောက်နေရာအတွက် အံမဝင်ဘူး”

“အဲဒါပဲ။ အခုဒီဘက်ကိုလာဦး။ ဒီမှာ အချိုင့် တွေ့တယ်မဟုတ်လား”

“အဆောက်အအုံကတော့ ကောင်းပါတယ်။ အချိုင့်တွေကတော့ အများကြီးပါ။ မြေမ်းထိုးဖို့ လုပ်ထားတဲ့ နေရာတွေကို ပြန်ဖို့ထားတာနေမှာပါ”

“ဒါကို ဘယ်လိုသဘောရလဲ Maatan”

Maatan က "ဒါကတော့ မူရင်းထောင့်ကျောက်ကို အသစ်တစ်ခုနဲ့ အစားထိုးတာ ဖြစ်မယ်" သူလည်း သူ့စကားနဲ့သူ ရှောခ့်ပြန်ဖြစ်ပြီး "ဒါ ဘယ်လိုလုပ် ဖြစ်သွားရတာလဲ" သူ့စိတ်ဟာ မေးခွန်းအများကြီးနဲ့ ပြည့်သွားတယ်။

"ငါ့ဆီပြန်လာခဲ့၊ နင့်ကိုသက်သေပြမယ်"

"Stella ရေ Chi နဲ့ Leo ကို အိမ်ပြန်ခေါ်သွားပါလား။ သူတို့ ဆာနေလောက်ပြီ။ ငါတော့ မဆာသေးဘူး။ ငါ အဖြေရဖို့လိုတယ်။ ခင်ဗျား ကျွန်တော့်ကို အိမ်ပြန်ပို့ဖို့ အဆင်ပြေမလား တိုနီ"

"ပြေပါတယ် Maatan"

"ကောင်းပြီ။ ညကျမှတွေ့တာပေါ့" Stella လည်း ဒီမှာဆက်နေစရာ အကြောင်းမတွေ့ဘူး။ နောက်မှဘဲ Maatan ကို သူတွေ့ခဲ့တာတွေကို ပြန်ပြောစေချင်တာ။

"သားတို့ရေ နောက်မှတွေ့မယ်" ဆိုပြီး Maatan က Chi နဲ့ Leo ကိုဖက်ပြီး တာ့တာပေးလိုက်တယ်။

တိုနီနဲ့ Maatan တို့ Tony ရုံးထဲရောက်တဲ့အခါ တိုနီက လွန်ခဲ့တဲ့နှစ် ရာချီလောက်က ထုတ်ခဲ့တဲ့ အသင်းတော်က ထုတ်တဲ့စာအုပ်တွေထုတ်ပြီး ရှေးဦးအသင်းလူကြီးတွေ ဘာပြောခဲ့လဲဆိုတာကို စဖတ်ပြတယ်။

> "မမှန်တဲ့ ဥပုသ်နေ့နဲ့အတူ ကက်သလစ်ဆီကနေ Protestants တွေ ယူလာခဲ့တဲ့ **ရေဖြန်းမင်္ဂလာ၊ သုံးပါးတစ်ဆူ၊ သေပြီးသားလူတွေ ထာဝရရှင်လျက်နဲ့ ငရဲကျတယ်**ဆိုတာတွေကို အခြေခံအယူအဆမှားတွေလို့ ကျွန်တော်တို့က သတ်မှတ်ပါတယ်။ ဒီအမှားတွေကို သတိမမူစွာနဲ့ ယူခဲ့ကြတာပါ။ အဲဒါကို ခရစ်တော်၏အသင်းက ကမ္ဘာကို တရားစီရင်မယ့်အချိန်ထိ ဆက်ပြီးသယ်သွားမှာလား။ မသယ်ပါဘူး။ James White, *Review & Herald,* September 12, 1854.

"James White က သုံးပါးတစ်ဆူအကြောင်း ရေးခဲ့တာလား။ ကျွန်တော် ဒါကို မကြားမိဖူးဘူး။ အံ့ဩစရာပဲ။ အရင့်အရင်တုန်းက ကျွန်တော် Stella ကို သုံးပါးတစ်ဆူမှာ စိတ်ကသိကအောက် ဖြစ်ရတဲ့အကြောင်း ပြောခဲ့ဖူးတယ်။ ဒီမှာတော့ ရှင်းနေတာပဲ"

တိုနီ က "ဘုရားက လမ်းပြမှာနဲ့ အတိတ်တုန်းက သွန်သင်ခဲ့တာတွေကို မမေ့ဘူးဆိုရင် အနာဂတ်အတွက် ငါတို့ စိတ်ပူစရာမရှိဘူး" လို့ ရဲရဲကြီးပြောတယ် "နောက်တစ်ယောက်ပြောထားတာကိုလည်း နားထောင်ကြည့်ဦး။"

> **သုံးပါးတစ်ဆူအယူကို AD 325 Nice အသင်းတော်ညီလာခံမှာ အသင်းတော်က စသွင်းခဲ့တာပါ။ ဒီအယူက အဖဘုရားနဲ့ သားတော်ယေရှုခရစ်တော်ရဲ့ အရည်အသွေးကို ချေဖျက်ပါတယ်။** အသင်းတော်ရဲ့သမိုင်းမှာ ဒီအယူရှိနေခြင်းက ယုံကြည်သူတွေကို ဒီအယူမှာ မျက်နှာမွဲစေမှာပါ" J.N. Andrews, *Review & Herald,* March 6, 1855.

"ဒီအကြောင်း ကျွန်တော်လေ့လာခဲ့ဖူးတယ်။ ခင်ဗျားရဲ့ဘေးတော်ရဲ့ Great Empires of The Bible စာအုပ် လည်းပါတယ်။ Maatan လည်း ခေါင်းတောက်နေပြီ။ လက်ရှိအသင်းတော်ဟာ ရှေးဦးစွန့်စားသူများ အချိန်ကနဲ့ မတူတော့သလိုဖြစ်နေပြီ။ အဲဒါကို လူနည်းနည်းကပဲ သိနေတယ်"

"နင်ပိုသိအောင် ထပ်ဖတ်ပြမယ်။ ။

> သုံးပါးတစ်ဆူဝါဒကို ကြည့်ညှိရင်းနဲ့ သခင်ယေရှုခရစ်၊ ခမည်းတော်ရဲ့သားဟာ ခမည်းတော်နဲ့ တူညီတယ်ဆိုတာတော့ ကျွန်တော့အတွက် ယုံဖို့ မဖြစ်နိုင်ပါဘူး။ ခင်ဗျားဟာ ကျွန်တော့်အဖေ၊ ကျွန်တော်ဟာ ခင်ဗျားရဲ့သား၊ နောက်ပြီးတော့ ကျွန်တော်ဟာ ခင်ဗျားရဲ့ အဖေ၊ ခင်ဗျားဟာ ကျွန်တော့်ရဲ့သားဖြစ်တယ်လို့ ကျွန်တော့ကို စည်းရုံးလို့ရ

ရင် ကျွန်တော်သုံးပါးတစ်ဆူအယူကို လက်ခံပါမယ်” *Autobiography of Joseph Bates,* page 204.2, 1868.

**Loughborough အတွက် မေးခွန်းများ**

Bro. White: အောက်ကမေးခွန်းတွေကို Bro. Loughborough က ရှင်းပေးဖို့ ပို့ပေးပါ W.W. Giles, Toledo, Ohio.

အမေး ၁။ ။ သုံးပါးတစ်ဆူအယူမှာ ဘာကို အဓိကငြင်းချင်ပါသလဲ။

အဖြေ။ ။ ငြင်းချင်တာတော့ အများကြီးပဲ။ စာမျက်နှာ အကန့်အသတ်အရ (၃) ချက်ဘဲ ပြောမယ်။ ဒီအယူက (၁) ပင်ကို အသိဉာဏ်နဲ့ ဆန့်ကျင်တယ်။ (၂) သမ္မာကျမ်းမြတ်နဲ့ ဆန့်ကျင်တယ်။ (၃) ရုပ်တုကိုးကွယ်တဲ့ ဘာသာ၊ ဉာဏ်ကွန့်တာတွေကနေ ဖြစ်လာတဲ့အယူဖြစ်တယ်။ ဒီအချက်တွေကို အကျဉ်းရှင်းမယ်။ သီးခြားပုဂ္ဂိုလ် (၃) ဦးကို (၁) လုပ်၊ (၁) ကို (၃) ခွဲတာက အဆင်မပြေဘူး။ တစ်ချို့ကတော့ သုံးပါးတစ်ဆူဘုရားလို့ ခေါ်တာပေါ့။ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်ဟာ သီးခြားဖြစ်ရင် (၃) ဖြစ်နေရမှာပေါ့။ သုံးတစ်လီဟာ သုံးပါ။ တစ်မဟုတ်ဘူး။ သုံးပါးတစ်ဆူ လက်ခံသူတွေ ပြောတဲ့အရ သူတို့ဟာ တစ်လုံးတစ်ဝဖြစ်တယ် ဆိုတာတော့ ရှိပါတယ်။ ပုဂ္ဂိုလ်အရ တစ်ဦး မဟုတ်ပါဘူး။ J.N. Loughborough, *Revies & Herald,* November 5, 1861.

“တိမ်ပေါ်မှာတွေ့ရတဲ့ သက်တံဟာ ပလ္လင်တော်ကို ထာဝရခြုံထားတဲ့အရာပါ။ အဲဒါကို ပညတ်ပုထုဇဉ်က ဉာဏ်မမီနိုင်ပါဘူး။ **ခမည်းတော်နဲ့သားတော်သာ စကြဝဠာမှာ ရှိခဲ့ကြတာပါ။ ခရစ်တော်ဟာ ဘုရားရဲ့သားတော်ပါ။ သူ့အပေါ် ဖန်ဆင်းခြင်းစီမံကိန်းကို ယေဟောဝါက ချပြတယ်။** စကြဝဠာကိုဖန်ဆင်းမဲ့ စီမံကိန်းကို ချပါပြီ။ တစ်ဆက်တည်းမှာ လူတွေကိုထားရှိမှာ ဖြစ်တယ်။ ကောင်းကင်တမန်တွေကတော့ ဘုရားသခင်ရဲ့တမန်တွေ ဖြစ်ကြမယ်။ ကျွန်တော်တို့နေထိုင်တဲ့ ဒီကမ္ဘာဂြိုဟ်ဟာ ဒီစီမံကိန်းထဲက တစ်ခုပါ။ လူစီဖာ ပြောင်းလဲမှာ၊ အပြစ်ဝင်လာပြီး ဘုရားလက်ရာကို ဖျက်မှာကိုလည်း ကြိုမြင်ပြီးသားပါ။ အဲဒီကတည်းကပဲ ခရစ်တော်ဟာ စိတ်မှာခံစားပြီး၊ တစ်ပါးတည်းသော

သားတော်ဟာ လူသားတွေကို ကယ်တင်ဖို့ သူကိုယ်တိုင် ဆုံးရှုံးပါစေ ကယ်တင်ဖို့ သူ့အသက်ကို လှူခဲ့ပါတယ်။ ထိုးဖောက်ကြည့်လို့မရတဲ့ ဘုန်းအလင်း ခြံရံတဲ့ ခမည်းတော်နဲ့ သားတော်ဟာ လက်ချိတ်ကြပြီး ထာဝရပဋိညာဉ် ပြုခဲ့ကြတယ်။ အဲဒီကစပြီး ခမည်းတော်နဲ့သားတော်ဟာ စိတ်တူကိုယ်တူနဲ့ ဖန်ဆင်းခြင်းအမှုကို ပြုကြပါတယ်။ တစ်ခြားသူအတွက် ကိုယ့်ကိုယ်ကို အလှူပေးတာဟာ အရာခပ်သိမ်းရဲ့ အုတ်မြစ်ပါပဲ။" S.N Haskell, *The Story of the Seer of Patmos,* page 93-94, 1905.

ဒီစာတွေဟာ အံ့ဩစရာပဲ တိုနီ အသင်းတော်ကို ထူထောင်ခဲ့သူတွေက ဒီအယူမှာ ဘယ်လိုလက်ခံတယ်ဆိုတဲ့ သက်သေပဲ။ Haskell က သတင်းကောင်းကို ပိုပြီးရှင်းပြတယ်လို့ Stella နဲ့လည်း ပြောဖြစ်ခဲ့ဖူးပါတယ်။ ဒီတော့ အရှင်းကြီးတော့ မဟုတ်ဘူးပေါ့။ စိတ်ဝင်စားစရာတော့ ကောင်းလာပြီ။

"နှစ်နေရာလောက် ဆက်ဖတ်ပြမယ်။ တစ်ခုကတော့ ငါ့ဘေးတော်ရဲ့စာ၊ နောက်တစ်ခုက Waggoner ရဲ့စာပါ"

"သူဟာ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် မွေးဖွားခဲ့တယ်။ တစ်နည်းပြောရရင် *ယေရှုခရစ်ဟာ ပြန်မွေးဖွားတယ်။* သူဟာ **ဘုရားရဲ့သားဦး**ဖြစ်ပြီး *ကောင်းကင်ကနေကမ္ဘာမှာလာပြီးမွေးတာ။* သူလုပ်ခဲ့သမျှဟာ ကျွန်တော်တို့ရဲ့ ဆန့်ကျင်ဘက်ပဲ။ ကျွန်တော်တို့ဟာ ခရစ်တော်ဆီမှာရှိတဲ့ ဖြောင့်မတ်ခြင်းသမာဓိကိုရဖို့ အပြစ်မရှိတဲ့ ခရစ်တော်သည် အပြစ်လာဖြစ်ခဲ့ပါတယ်။ အသက်ရဲ့သခင်ဟာ ကျွန်တော်တို့ ထာဝရအသက်ရဖို့ အသေခံခဲ့တယ်။ ကျွန်တော်တို့လည်း ပြန်မွေးဖွားနိုင်ဖို့ *ထာဝရရှိနေခဲ့တဲ့* **ဘုရားရဲ့သားဦး**ဟာ မွေးဖွားခဲ့ပါတယ်။" A.T. Jones, Review & Herald, July 18 – August 1, 1899.

… *ထိုနာမည်ကို သူ့ရဲ့ ဖော်ဆောင်နိုင်မှုကြောင့် ခရစ်တော်ကိုပေးတာမဟုတ်ဘဲ၊* ***သူ့ရဲ့အမွေဖြစ်နေလို့*** *ပေးရတာပါ။* ခရစ်တော်ရဲ့ အာနုဘော်နဲ့ ကြီးမြတ်မှုအကြောင်းကို ဟေဗြဲဩဝါဒစာကို ရေးခဲ့သူက ကောင်းကင်တမန်တွေထက် ကြီးမြတ်သူဖြစ်တယ်တဲ့ - ဟေဗြဲ ၁း၄။ သားဟာ ဖခင်ရဲ့ဘွဲ့နာမကို ဆက်ခံရိုးထုံးစံ ရှိပါတယ်။ **ခရစ်တော်ဟာ**

**"ဘုရားသခင်ရဲ့ တစ်ပါးတည်းသောသား" ဖြစ်လို့ အဲဒီဘွဲ့နာမကို ယူခွင့်ရှိပါတယ်။** *သား ဆိုတာသည် ယုတ်ယုတ်မြတ်မြတ် ဖခင်ရဲ့ မျိုးဆက်ပါ။ သားမှာ ဖခင်ရဲ့ဇီဇ အပြည့်အစုံ မပျက်တောင် ပါကိုပါတယ်။ ပုထုဇဉ်မှာ အကုန်လုံး မတူနိုင်ပါဘူး။ ဘုရားမှာတော့ မ ပြည့်စုံခြင်းဆိုတာ မရှိပါ။ သူ့ရဲ့လက်ရာတွေမှာလည်း ဒါမျိုးမရှိဘူး။ ဒါကြောင့် ခရစ်တော် သည် ခမည်းတော်ရဲ့ ဇာတိတော်ပါပဲ" ဟေဗြဲ ၁း၃။* **သားတော်ဟာ ကိုယ်ပိုင်အသက်ရှိတဲ့ ဘုရား ဖြစ်တဲ့အတွက် ဘုရားသိက္ခာပုဒ်အားလုံး သူ့မှာရှိပါတယ်။** E.J. Waggoner, *Christ and His Righteousness,* page 11-12, 1890.

Maatan ဟာ ဘာမှမပြော ငြိမ်နေပြီး တိုနီ ဖတ်ပြတဲ့အကြောင်းထဲမှာ နှစ်ဝင်နေပါတယ်။ တိုနီကတော့ ရှေ့ဆက်ဖို့ သူ့ကိုအချိန်ပေးတယ်။ Maatan ရဲ့ပခုံးကိုကိုင်ပြီး စိတ်ထဲမှာ ဆုတောင်းတယ်။

"လက်ခံနိုင်ဖို့က ခဲယဉ်းပါတယ်။ ခင်ဗျားပြောတာမှန်ရင်တော့ ကျွန်တော်တို့အသင်း တော်ဟာ မှန်တဲ့ဘုရားကိုပယ်ပြီး မှားတဲ့ဘုရားကို လက်ခံခဲ့ကြပြီပေါ့။ ချစ်ရတဲ့ ခရစ် ယာန်အများကြီးက ဘာလို့မှားနေကြတာလဲ။ ဘာကြောင့် မျက်စိလျှမ်းပြီး ကျော်သွားကြ တာလဲ"

"ဂျူးတွေက ဘုရားရဲ့သားကိုမရွေးဘဲ ဗာရဗ္ဗကို ဘာလို့ရွေးခဲ့တာလဲ" လို့ တိုနီက ပြန်မေး တယ်။

ကျွန်တော်တို့ဟာ သမိုင်းတစ်ပတ်လည်တာပါ။ ကျွန်တော်တို့က ဂျူးတွေအတိုင်း လုပ်ကြ တာပါပဲ။ ကျွန်တော်တို့ရဲ့ အခြေခံယုံကြည်ချက်ကနေပြီး ဘုရားရဲ့သားတော်ကို သတ်ခဲ့ ကြပြီ။ သူ့နေရာမှာ တစ်ခြားဟာကို အစားထိုးရွေးခဲ့ပြီ။ "ဒီနေ့တော့ တော်လောက်ပြီ Maatan။ နင်ရှေ့ဆက်ရမှာတွေ အများကြီးပဲ။ ငါပြောပြ တာတွေ လက်ခံနိုင်ဖို့ ဒါတွေယူ ပြီး ဖတ်ဦး။"[14]

---

[14] Understanding the Personality of God နဲ့ The Wisdom of God စာအုပ်တွေကို ဖတ်ကြည့်ပါ။ fatheroflove.info မှာ ရနိုင်ပါတယ်။

“ကျေးဇူးပဲ တိုနီ။ ဒီဟာတွေအားလုံး နှောကြေဖို့ ခက်သေးတယ်။ ဒီဟာတွေလည်း လောကုတ္တရာ ၉/၁၁ ဖြစ်စဉ်သဘောပဲ။ မြော်လင့်ခြင်းအသင်းတော်ရဲ့ ခံယူချက်မဏ္ဍိုင် ပြိုပါပြီ။ အတွင်းကြံစည်မှုလို့ ခံစားရပါတယ်”

“ခင်ဗျားပြောတာကောင်းတယ် Maatan။ အေးအေးနေပြီး ရှေ့ဆက်ပါ။ ဆုတောင်းရအောင်။ ကောင်းကင်ဘုံရှိ အဖဘုရား Maatan အတွက် ဆုတောင်းပေးပါတယ်။ အသင်းတော်က ဘုရားပြောင်းရုံမဟုတ်ပဲ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်၏ဆိုတဲ့ တရားကိုလည်း တိုက်ခိုက်ကြောင်းကို မြင်စေတော်မူပါ။ သခင်ယေရှု၏နာမတော်၌ ဆုတောင်းပါ၏။ အာမင်”

“အခုထိတော့ ကျွန်တော်မဆက်တတ်သေးဘူး တိုနီ။ ခင်ဗျားမှာရှိတာတွေကို ဆက်ပြီး လေ့လာဦးမယ်။ ဓမ္မစစ်ကို ကျွန်တော်လိုချင်ပါတယ်” “အဲဒါပဲ Maatan”

Maatan က အိမ်အပြန်ကားထဲမှာ နှုတ်ဆိတ်နေတယ်။ ဒီလို ဘယ်လိုလုပ်ဖြစ်ရတာလဲလို့ ဘုရားကို မေးနေတယ်။ တိုနီကလည်း Maatan ကို အခွင့်အရေး ပေးထားတယ်။ (၁၀) မိနစ်နေတော့ Maatan ရဲ့အိမ်ကို ရောက်ပါပြီ။

“ကျေးဇူးပဲ တိုနီ။ ဒီနေ့တော့ ဗုံးပေါက်တဲ့အတိုင်းပဲ။ ဒီလိုမျှဝေပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျန်တာတွေလည်း ဖတ်ပြီးရင် ပြန်ပေးပါ့မယ်။ (၁) ပတ် (၂) ပတ် စောင့်ပေးပါ”

“ရပါတယ် Maatan, ဒါဟာ ပဥ္စမာယာရဲ့ ဒုတိယတိုင်ပဲ။ ဒီအကြောင်း အမှန်မြင်ပြီဆိုရင် ဘုရားရဲ့လမ်းစဉ်ကို ပိုသိနိုင်ပြီး အဲဒီသော့ချက်နဲ့ အခြားတရားတွေကို ဆက်ပြီးရှာနိုင်ပါတယ်”

“ခင်ဗျားပြောတာကို ကြားချင်ပါတယ် တိုနီ။ အချိန်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်”

“Maatan လည်းလက်ပြပြီး Tony ရဲ့ကား မြင်ကွင်းကနေ ပျောက်တဲ့အထိ အမှောင်ထဲမှာ ရပ်နေတယ်။ နောက်တော့ ကောင်းကင်ဘက်မော့ပြီး *အဖဘုရား၊ ကိုယ်တော်ရဲ့ သန့်ရှင်း*

*သောဝိညာဉ်တော် အရင့်အရင်ကထက် ပိုပြီးလိုနေပါတယ်။ ကျွန်တော် လမ်းမမှားချင်ပါ။ ဒီတရားက ကျွန်တော့်မိသားစု၊ ကျွန်တော့်အလုပ်အပေါ် သက်ရောက်မှုရှိပါတယ်။ သို့သော်လည်း ကျမ်းစာလာအတိုင်း အဖဘုရားနဲ့ အဖရဲ့သားတော်နောက်ကို လိုက်ဖို့၊ ထောပနာပြုဖို့ ပိုင်းဖြတ်ပါတယ်။ ယေရှု၏နာမတော်ဖြင့် ဆုတောင်းဆက်ကပ်ပါတယ်။ အာမင်”*

# အခန်း ၂၈
# ကြီးမားတဲ့ ကွဲလွဲမှု

Maatan ဝင်လာတဲ့အခါ Stella က "နင့်မျက်စိမှာ တစ်ခုခုရှိတယ် Maatan" တဲ့။

"အရင်နှစ်တွေတုန်းက ဘုရားရဲ့ လမ်းစဉ်အကြောင်း ပြောဖြစ်တုန်းက သုံးပါးတစ်ဆူ အကြောင်းဟာ ပြဿနာဖြစ်နိုင်တယ်နော်လို့ ပြောခဲ့တာ မှတ်မိလား"

"အေး။ သားတော်က သူ့ရဲ့တန်ခိုးကို သူ့ဆီမှာမဟုတ်ဘဲ ခမည်းတော်ဆီကနေ ရခဲ့တယ်လို့ နင်ပြောဖူးတယ်" လို့ Stella က စဉ်းစားရင်း ဖြေတယ်။

"ဟုတ်တယ် Stella၊ တော်တယ်။ ငါတို့အသင်းတော်ကို ထူထောင်ခဲ့သူတွေက သုံးပါးတစ်ဆူ လက်ခံသူတွေ မဟုတ်ဘူး။ ယေရှုဟာ ထာဝရကာလကတည်းက ခမည်းတော်ရဲ့ သားတော်အဖြစ် လက်ခံကြတာ A.T. Jones နဲ့ E.J. Waggoner လည်းပါတယ်"

"အို Maatan ဒါက ကိစ္စကြီးကြီးပဲ။ Maatan က Stella ကို တိုနီ ပြခဲ့တာတွေကို ပြတယ်။ ငါတို့ ဒီအသင်းတော်မှာ ဒီလောက်ကြာခဲ့တာတောင် ဒီအကြောင်း မသိသေးပါလားလို့" လို့ Stella က စိတ်မကောင်းစွာနဲ့ ပြောတယ်။

"ဘယ်လိုနဲ့ ဒီလိုပြောင်းသွားလည်းဆိုတာ သမိုင်းနဲ့ကျမ်းစာကို ငါတို့သေချာလေ့လာဖို့ လိုတယ် Stella"

* * * * *

Maatan ဟာ (၁) နှစ်လောက် တစ်ပါးတည်းသော သားတော်အကြောင်းကို လေ့လာခဲ့တယ်။ ကျမ်းစာက ရှင်းရှင်းကြီးပြထားမှန်း သိတဲ့အခါ သူ အံ့အားသင့်သွားတယ်။ "ငါဘာကြောင့် ဒီလောက်တောင် ကန်းခဲ့ရတာလဲ မသိဘူး Stella"

"ဒါဟာ ကြေးငုတ်နဲ့ သံတာဝါတိုင်နဲ့ ပတ်သက်မယ်လို့ ထင်လား"

"အေး လောဒိကိမြို့ အသင်းတော်မှာရှိတဲ့ အသင်းသားတစ်ချို့က သူတို့ကိုယ်သူတို့ ခမ္မစစ်ကိုသိလှပြီလို့ မှတ်ကြပေမယ့် ပင်ပန်း၊ သနားစရာကောင်း၊ ဆင်းရဲ၊ မျက်စိကန်း၊ အဝတ်မဲ့ဖြစ်ကြတယ်။ ရှင်ပေါလုပြောတဲ့အတိုင်းပဲ 'အကြင်သူသည်၊ ငါကားပညာရှိဖြစ်သည်ဟူ၍ စိတ်ထင်၏။ ထိုသူသည် သိအပ်သည်အတိုင်း အလျှင်းမသိသေး။' - ကောရိန္သုဩဝါဒစာပထမစောင် ၈:၂။ ငါဟာ အဲဒီလူပဲ။"

Maatan ဟာ သူမှားခဲ့တဲ့အတွက် မနေတတ်ဖြစ်ခဲ့တယ်။ ဒါပေမယ့် သူဘယ်လောက်ပဲ အညာခံခဲ့ရ ခံခဲ့ရ ဘုရားက သူ့ကိုချစ်ပါတယ်ဆိုပြီး အားယူတယ်။ ဒီအကြောင်း "ကျမ်းစာမှာကြည့်ဦး" လို့ သူက ဆက်တယ်။ သူခံစားခဲ့တဲ့ အသစ်သော အာမခံချက်တွေ သူ့မိန်းမဆီကူးဖို့လည်း ဆုပန်နေတယ်။

> "ထာဝရအသက်ဟူမူကား၊ မှန်သောဘုရားသခင် တစ်ဆူတည်းဖြစ်တော်မူသော ကိုယ်တော်ကိုလည်းကောင်း၊ စေလွှတ်တော်မူသော ယေရှုခရစ်ကိုလည်းကောင်း၊ သိကျွမ်းခြင်းတည်း။" - ရှင်ယောဟန်ခရစ်ဝင် ၁၇:၃

"ခမည်းတော်ဘုရားကိုပဲ မှန်သောဘုရားလို့ ခေါ်တာတွေ့လား။ ဒါ ငါတို့ပြောခဲ့တဲ့ ခမည်းတော်ဟာ အရာခပ်သိမ်းရဲ့ အရင်းအမြစ်ဖြစ်ပြီး ခရစ်တော်ဟာ အရာခပ်သိမ်းရဲ့ လမ်းကြောပဲ ဆိုတာနဲ့ ပတ်သက်တယ်။ ခမည်းတော်ကပဲ မှန်တဲ့အရင်းအမြစ်ဖြစ်ပြီး ယေရှုဟာ ဒီရင်းမြစ်ဆီကို အရောက်ပို့တဲ့ ပုဂ္ဂိုလ်ပါ။ ခမည်းတော်ဆီကို ရောက်နိုင်မယ့် အခြားအားကိုးရာ ပုဂ္ဂိုလ်မရှိပါဘူး။ ငါ ငယ်ငယ်တုန်းကတော့ အလွတ်ရခဲ့တာပဲ။ ဒါပေမယ့် သဘောမပေါက်ခဲ့ဘူး။ အခုတော့ ကြည့်ပါဦး ဘုရားသခင်က သားတော်ဆီ အားလုံးအပ်ခဲ့တာ၊ သားတော်ကလည်း ဘုရားအလိုတော်အတိုင်း စီရင်တာပဲ။ ။

> "ခမည်းတော်သည် သားတော်ကို ချစ်တော်မူ၍၊ **ခပ်သိမ်းသောအရာတို့ကို သားတော်လက်သို့ အပ်ပေးတော်မူပြီ။**" - ရှင်ယောဟန်ခရစ်ဝင် ၃:၃၅

"ယေရှုသည် အနီးအပါးသို့ ချဉ်းတော်မူပြီးလျှင်၊ ကောင်းကင်ဘုံ၌လည်းကောင်း၊ မြေကြီးပေါ်၌လည်းကောင်း၊ **စီရင်ပိုင်သော အခွင့်တန်ခိုးရှိသမျှတို့ကို ငါခံရပြီ။**" - ရှင်မဿဲခရစ်ဝင် ၂၈:၁၈

"ယေရှုကလည်း၊ သင်တို့အား ငါအမှန်အကန်ဆိုသည်ကား၊ ခမည်းတော်ပြုတော်မူသောအမှုကို သားတော်သည် မြင်၍သာပြု၏။ **မိမိအလိုအလျောက် အဘယ်အမှုကိုမျှမပြုနိုင်၊** ခမည်းတော်ပြုတော်မူသမျှအတိုင်း သားတော်လည်းပြု၏။- **ခမည်းတော်သည် သားတော်ကိုချစ်တော်မူ၍ ပြုတော်မူသမျှတို့ကို သားတော်အားပြတော်မူ၏။** သင်တို့သည် အံ့ဩဖွယ်ရှိစေခြင်းငှာ ဤမျှမက သာ၍ကြီးစွာသော အမှုအရာတို့ကို သားတော်အားပြတော်မူလိမ့်မည်။" - ရှင်ယောဟန်ခရစ်ဝင် ၅:၁၉၊ ၂၀

"ဒီအကြောင်းတွေကို လေ့လာလိုက်တော့ သားတော်ရခဲ့တဲ့အမွေဟာ ခမည်းတော်ရဲ့အတ္တမဲ့မေတ္တာတော်ကို အဘိဓမ္မာဖွင့်မှန်း သိလာရတယ်"[15] အတ္တမဲ့မေတ္တာဆိုတာ အကြွင်းမဲ့ပေးခြင်း၊ စေတနာသန့်သန့်လို့ အနက်ဖွင့်ထားပါတယ်။

"ဤသူကား ငါနှစ်သက်မြတ်နိုးရာ၊ ငါ၏ချစ်[Agape]သားပေတည်းဟု ကောင်းကင်က အသံတော်ဖြစ်လေ၏။" - ရှင်မဿဲခရစ်ဝင် ၃:၁၇

"မှောင်မိုက်တန်ခိုးမှလည်း ငါတို့ကိုနုတ်၍၊ ချစ်တော်မူသော သားတော်၏နိုင်ငံထဲသို့ သွင်းတော်မူ၏။" - ကောလောသဲဩဝါဒစာ ၁:၁၃

"ရှင်ပြောတာ နားလည်သလိုရှိတယ်။ ဒါပေမယ့် လက်ခံရခက်နေတယ်။ ဘုရားက ထာဝရကာလမှာ သားတော်ကို ဖြစ်ဖွားစေခဲ့ပြီး အားလုံးကို ပေးခဲ့တာလား။ ဒီအကြောင်းက ယေရှုဆိုတာ ခမည်းတော်ရဲ့ အတ္တမဲ့မေတ္တာကိုပြတဲ့ သားတော်လား"

---

[15] fatheroflove.info မှာရနိုင်တဲ့ My Beloved ကိုဖတ်ပါ။

"အဲဒါပဲ Stella, ခမည်းတော်ရဲ့ မေတ္တာဟာ သားတော်ကို လက်ဝါးကပ်တိုင်မှာ အသေခံစေတဲ့ချိန်မှာ ပေါ်တာ။ ငါတို့ကိုကယ်ဖို့ ခမည်းတော်က သားတော်ကိုလှူခဲ့တာ"

> "ချစ်ခြင်းမရှိသောသူသည် ဘုရားသခင်ကိုမသိ။ အကြောင်းမူကား၊ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ဖြစ်တော်မူ၏။- **သားတော်အားဖြင့် ငါတို့သည် အသက်ရှင်စေခြင်းငှာ၊ ဘုရားသခင်သည် တစ်ပါးတည်းသော သားတော်ကို ဤလောကသို့ စေလွှတ်တော်မူသောအရာ၌၊ ငါတို့ကို ချစ်တော်မူသော မေတ္တာတော်သည် ထင်ရှားလျက်ရှိ၏။**- ငါတို့သည် ဘုရားသခင်ကိုချစ်ကြသည်ဟု မဆို။ ဘုရားသခင်သည် ငါတို့ကို ချစ်၍ ငါတို့၏အပြစ် ဖြေစရာအကြောင်း ဖြစ်စေခြင်းငှာ၊ သားတော်ကို စေလွှတ်တော်မူသောအရာ၌ ချစ်ခြင်းမေတ္တာရှိ၏။" - ရှင်ယောဟန်ဩဝါဒစာပထမစောင် ၄:၈-၁၀

"ယေရှုဆိုတဲ့ သားတော်ဘုရားသည် ပင်ကိုကိုက အစွမ်းရှိပြီး လက်ခံရရှိတာ ဘာမှမရှိခဲ့ရင် ခမည်းတော်ဟာ ချစ်ခြင်းမေတ္တာဖြစ်သည်ဆိုတာကို ငါတို့ သက်သေပြလို့ရတော့မှာ မဟုတ်ဘူး။ အကြောင်းကတော့ ခမည်းတော်ရဲ့ အတ္တမဲ့မေတ္တာဟာ သားတော်ကို အရာခပ်သိမ်း ပေးလိုက်တာရယ် လက်ဝါးကပ်တိုင်မှာ သူ့ရဲ့သားကို စတေးခံစေတာတွေက ပြလို့ပါ"

Stella လည်း ပြတင်းပေါက်ဘက်ငေးပြီး စဉ်းစားနေတယ်။ *ဘုရားက ငါ့ကို အဲ့လောက်ထိ တကယ်ချစ်တာလား။ အရာခပ်သိမ်းကို ပေးခဲ့တယ်။ သူ့ ရဲ့အချစ်ဆုံး မိတ်ဆွေ၊ သူ့အကြောင်း ကောင်းကောင်းသိတဲ့ တစ်ပါးတည်းသောပုဂ္ဂိုလ်၊ သူ့ရဲ့သားတော်ကို ထာဝရအဆုံးရှုံးခံရဲတဲ့အထိ ပေးရဲတာလား။* Stella လည်း စိတ်ထိခိုက်လာတယ်။ "ငါတို့ရဲ့အဖဘုရားဟာ သိပ်ဆန်းကြယ်တာပဲ Maatan။ သားတော်ကိုတောင် ပေးတာ ခမည်းတော်ဟာ ငါတို့ကို ဘယ်လောက်ချစ်တယ်ဆိုတာကို ငါတွေ့တယ်"

Maatan လည်း စကားပြောဖို့ လည်စို့နေတယ်။ "ငါတို့ဟာ အာရုံ(၅)ပါး မာယာကျော့ကွင်းကို သတိမမူမိခဲ့ကြဘူး။ ငါတို့ရဲ့အသင်းတော်လည်း အခြားခရစ်ယာန်အသင်းတော်အတိုင်း လိုက်မှားခဲ့တယ်။ သာသနာတော်ဟာ ငါတို့ဘဝမှာ ဘာမှမစွမ်းတာ မဆန်းပါဘူး။ ငါတို့က ငါတို့ဆန္ဒအတိုင်း ကိုးကွယ်နေတာကိုး။"

"အဖဘုရား၊ ကျွန်ုပ်တို့ရဲ့ အယူမှားခြင်းကို ခွင့်လွှတ်တော်မူပါ။ အခြားဘုရား မကိုးကွယ်နဲ့ဆိုသည့် ပထမပညတ်ကို ကျွန်ုပ်တို့ကျူးလွန်ခဲ့ပါသည်။ ဒီအပြစ်အတွက် အလွန်ခံစားရပါတယ်။ ကျူးလွန်ခဲ့သောအပြစ်ကို ခွင့်လွှတ်ပေးတော်မူပါ။ ကျွန်ုပ်တို့ ဘာမှမသိချိန်၌ ပြုခဲ့သည့်အပြစ်ကို ခွင့်လွှတ်ပေးမည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။ ဤအငွေ့အသက်ကို ကျွန်ုပ်တို့၏စိတ်ထဲမှ ထုတ်ပေးမည်ဟု ယုံကြည်ပါသည်။ သခင်ယေရှု၏နာမတော်၌ ဆုတောင်းပါ၏။ အာမင်"

"အခုတော့ အတော်များများ ပြောင်းလဲလာမှာပါ Stella။ ဘယ်သူဟာ ငါတို့ရဲ့မိတ်ဆွေလဲဆိုတာ တွေ့ရမှာပါ"

"နင်ဘာလုပ်ဖို့ စိတ်ကူးလဲ Maatan"

"ငါရှာတွေ့ခဲ့တာကို အသင်းလူကြီးတွေကို တင်ပြချင်တယ်။ သူတို့လည်း ခမည်းတော်ရဲ့သားတော်အကြောင်း မြင်တတ်ကြပါစေလို့ ဆုတောင်းတယ်"

Stella လည်း Maatan လက်ကိုကိုင်၊ မျက်နှာကိုကြည့်ပြီး ဒီလိုပြောလိုက်တယ်။ ။

> "ရှုသက၊ ကျွန်မသည် ကိုယ်တော်ကို မစွန့်ပါရစေနှင့်။ နောက်တော်သို့ မလိုက်ဘဲ ပြန်သွားစေခြင်းငှာ မပြုပါနှင့်။ ကိုယ်တော်သွားလေရာရာသို့ ကျွန်မလိုက်ပါမည်။ ကိုယ်တော်အိပ်လေရာရာ၌ ကျွန်မအိပ်ပါမည် ကိုယ်တော်အမျိုးသည် ကျွန်မအမျိုး၊ ကိုယ်တော်ဘုရားသည် ကျွန်မဘုရား ဖြစ်ပါစေ။" - ရှုသဝတ္ထု ၁:၁၆

ဒီစကားကြောင့် Maatan အားတက်သွားတယ်။ "ဘုရားသခင် ကောင်းချီးပေးပါစေ Stella။ နင်ဟာ ပါရမီဖြည့်ဖက် အစစ်ပဲ။ ဒီအမှန်တရား ရှင်သန်ဖို့ ငါတို့ရဲ့အားတွေ စိုက်ကြရအောင်။ ငါတို့ရထားတဲ့ အလင်းက ကမ္ဘာကို အလင်းပေးမှာပါလို့ ငါပြောရဲတယ်။"

"ရင်းမြစ်နဲ့ လမ်းကြောအကြောင်း မြင်တတ်လာပါပြီ။ ဒါဟာ ခမည်းတော်ရဲ့ အတ္တမဲ့ မေတ္တာအပေါ် အကြောင်းပြုတာပဲ။ လူ့ဘောင်မှာတော့ ပေးတဲ့သူထက် ရတဲ့သူက ပိုမြင့်တာပေါ့။ လူတွေကတော့ ဘုရားဆိုတာ တန်ခိုး၊ ပညာ၊ ထာဝရ ဖြစ်တည်ရမယ်လို့ ပညတ်ကြတယ်။ အပြစ်သားက Eros ဆိုတဲ့ ဝေါဟာရကနေ တိုင်းတာပေါ့။ Agape မဟုတ်ဘူး။ Eros ရဲ့ဘောင်မှာ ရတဲ့သူက ပေးတဲ့သူဆီ အကြွေးတင်တယ်ပေါ့။ သူ့လက်ခုပ်ထဲကရေပေါ့။ Eros ဘောင်မှာက အရာအားလုံး ဒီအတိုင်းရလိုက်ပြီး ပေးတဲ့သူနဲ့လည်း ဘာမှမမှီဘဲ တန်းညီတယ်ဆိုတာကို မယူတတ်ဘူး။ အဲဒီအကြောင်းက ပုထုဇဉ်တို့ကို ထွေပြားစေတယ်။ ကိုယ်တွင်းအရည်အချင်းရှိမှ ကြီးမြတ်တယ်လို့ မှတ်ကြတဲ့သဘောတရားကို ရိုက်ချိုးလို့ပါ။

"ဥပမာ၊ လောလောလတ်လတ် ပုပ်ရဟန်းမင်းရဲ့စာမှာ စိတ်ဝင်စားစရာကောင်းတာကို တွေ့မိတယ်။ ။

"ဘုရားသခင်ဟာ အနန္တဝိညာဉ်တော်ပါ။ အရာခပ်သိမ်း၏ အရင်းအမြစ်ဖြစ်သည်။ ဖန်ဆင်းခြင်းကို ဖြစ်စေတဲ့ နှုတ်ကပတ်တော်သည် မေတ္တာကိုချစ်မြတ်နိုးသူလည်း ဖြစ်ပါတယ်။ **ထို့ကြောင့် Eros သည် အလွန်မြတ်ပါသည်။ အလွန်ရှင်းသန့်၍လည်း Apage နှင့် တစ်သားတည်း ဖြစ်သွားသည်။** Pope Benedict IX, Encyclical Letter, 2005, Deus Caritas Est "God is Love."

"ကက်သလစ်က ဘုရားကို Agape နှင့် ရောစပ်တဲ့ Eros လို့ မြင်တယ်။ Eros ဟာ ခင်ဗျားအပေါ် ကောင်းတာတွေကိုသာ နှစ်သက်ခြင်းပါ။ သက်ရှိသက်မဲ့ အကုန်ဖြစ်နိုင်တယ်။ လူဖြစ်ဖြစ် အရာဝတ္ထုဖြစ်ဖြစ် လှတဲ့အခါ နင်က နှစ်သက်သွားတယ်။ ဒါကြောင့်

အမှန်ပြောရရင် Eros နဲ့ Agape ဟာ ရောလို့မရပါဘူး။ ဒီနှစ်ခုဟာ အခြေခံကိုက မတူတဲ့ အတွက် တစ်ခုနဲ့တစ်ခု ခြေခုတ်ကြတယ်။

“နင့်စကားတွေက နက်နေတယ် Maatan။ ဒါပေမယ့် အခြေခံသဘောတရားကိုတော့ လိုက်မီပါတယ်။ Eros ကတော့ ကိုယ်ဖက်ယက်တယ်၊ Agape က မယက်ဘူး။ ဒီနှစ်ခုကို အတူထားရင် တိုက်ကြတယ်”

“အဲဒါပဲ Stella။ နင်သိနေပြီ။ အများကြီး ရှိသေးတယ်လို့ ငါထင်တယ်။ ဆက်ရှာဦးမယ်။ နင့်ကို ခေါင်းမစားခိုင်းသေးဘူး။ ငါတို့ ဒီမုသားကို ဖောက်ထွက်မယ့်လမ်း ရှာနေခိုက် နင်က ခြေဖဝါးထပ်လိုက်ပေးတဲ့အတွက် ဝမ်းသာတယ်။ ငါလည်း နင့်အဖေဆီမှာ နင့်ကို ကောင်းကောင်းစောင့်ရှောက်ဖို့ ကတိပေးထားပါတယ်။ ဘုရားရဲ့အကူအညီနဲ့ ကတိတည် သွားပါ့မယ်။ အလုပ်ပြုတ်မှာကိုငဲ့ပြီး ဘာမှမပြောရင် ပိုသက်သာတာပေါ့။ ဒါပေမယ့် ငါအ ကြောက်ဆုံးက ငါ့ရဲ့ဘဝမှာ အမှန်တရားကို ငြင်းပယ်မိမှာကိုပဲ။ အမှန်တရားနဲ့ တန်းတူ တာ ကမ္ဘာမှာမရှိဘူး”

“အကြောင်းအများကြီးတွေအတွက် ရှင့်ကိုချစ်ပါတယ် Maatan။ အဓိကကတော့ ရှင်က အမှန်တရားအတွက် ရပ်တည်လိုက်လျှောက်ချင်စိတ် ရှိလို့ပါ။ ဘုရားရဲ့ ခေါ်တော်မူခြင်း ကို လက်ခံတဲ့အတွက် ဝမ်းသာပါတယ်”

“နင့်ရဲ့အားပေးမှုက ရှေ့မှာလာမယ့် နေ့တွေအများကြီးအတွက် အားရှိစေပါတယ်။ နင်က သာ ကြောက်ပြီးဆွဲထားရင် ငါလည်း ဒီအထိရောက်နိုင်မှာ မဟုတ်ဘူး။ ကိုယ့်မိန်းမကို တောင် တရားမပြနိုင်ရင် ဘယ်သူက ငါ့စကားကို နားထောင်မှာလဲ” လို့ Maatan က Stella ကိုပြောတော့ Stella လည်း ခေါင်းညိတ်တယ်။ သူတို့နှစ်ယောက်လည်း အတန် ကြာ ကြည့်ဖြစ်ကြတယ်။ နှစ်ယောက်စလုံးမှာ အတွေးကိုယ်စီနဲ့ပေါ့။ ဒီမြို့ကနေ ထွက် ပြေးချင်ရင် တစ်ယောက်နဲ့တစ်ယောက် ဖေးမကြရမယ်ဆိုတာ နှစ်ယောက်လုံးက သိကြ တယ်။

# အခန်း ၂၉
# ဘုရားရဲ့စည်းမျဥ်းများ

ဘုရားဟာ ဘယ်လိုပုဂ္ဂိုလ်မျိုးလည်းဆိုတာကို Maatan ဟာ အချိန်အများကြီးပေး လေ့လာနေပြီး တိုနီနဲ့လည်း အာရုံ(၅)ပါးမာယာကျော့ကွင်းကနေ ထွက်ပြေးဖို့အကြောင်းတွေ ပြောဖြစ်တယ်။ တိုနီကတော့ Maatan ဟာ နောက်တစ်လှမ်းအတွက် တရားပေါက်ပြီလို့ မှတ်လိုက်ပြီ။ Maatan ဟာ ရှေ့ဆက်ဖို့ လောတတ်လို့ တိုနီက စနစ်ကျအောင် ထိန်းပေးရတယ်။ Maatan က တိုနီကို ကြည်ညိုရမဲ့ အကြောင်းတွေရှိတယ်။ အဓိကကတော့ သူ့ခေါင်းက ငုတ် (၃) ငုတ်ဟာ ရွှေရောင်တောင် ဖြစ်သွားလို့ပါ။ သူလည်း အဲလိုဖြစ်ချင်နေပြီလေ။

"ဒီငုတ်တွေ ဘယ်တော့အရောင်ပြောင်းမှာလဲ တိုနီ"

"နင့်ဆန္ဒထက်ကြာပြီး၊ နင်တွေးတာထက်လည်း မြန်မှာပါ။ ဘုရားရဲ့ အချိန်ကိုစောင့်ပါ။ အချိန်တန်ရင် အားလုံးမြင်သာမှာပါ။ လောလောဆယ်တော့ ပဥ္စမာယာစနစ်ကို ငါတို့စီလို့ရပြီထင်တယ်။ သားတော်ဟာ ခမည်းတော်ဆီကနေ အမွေရတယ် ဆိုတဲ့တရားက ရင်းမြစ်နဲ့ လမ်းကြောဟာ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီတယ်ဆိုတာကို ခင်ဗျားနားရှင်းဖို့ အဓိကပါ။

"အဲဒီ ရင်းမြစ်နဲ့လမ်းကြော ဆိုတဲ့စနစ်က ပဥ္စမာယာစနစ်ကနေ ထွက်ပေးနိုင်မယ့်လမ်းပဲ။ ဘုရားရဲ့လမ်းစဥ်ကို ပိုသိဖို့ ခမည်းတော်နဲ့ သားတော်တို့ရဲ့ ဆက်ဆံရေးအကြောင်း ကျမ်းချက်တစ်ချို့ကို ကြည့်ရအောင်"

"ဟေဗြဲဩဝါဒစာကို ကျွန်တော်ဖတ်တဲ့အခါ စည်းမျဥ်းတစ်ခုကို တွေ့မိသလိုပဲ။ သခင်ခရစ်တော် အကြောင်းကို ရှင်ပေါလုက ဒီလိုဆိုထားတယ်။ ။

> "ထိုသားတော်သည် **ဘုရားသခင်၏ ဘုန်းတော်ရောင်ခြည်**နှင့် ဇာတိအဖြစ်တော်၏ ပုံသဏ္ဍာန်ဖြစ်၍၊ တန်ခိုးနှင့် ပြည့်စုံသော မိမိအမိန့်တော်အားဖြင့် ခပ်သိမ်းသောအရာတို့ကို မစတော်မူသောသူဖြစ်လျက်၊

ငါတို့ အပြစ်များကို ကိုယ်တော်တိုင်အားဖြင့် သုတ်သင်ပယ်ရှင်းပြီး လျှင်၊ မြင့်သောအရပ်မှာ တန်ခိုးအာနုဘော်တော်၏ လက်ယာဘက်၌ ထိုင်တော်မူ၏။" - ဟေဗြဲသြဝါဒစာ ၁:၃

"အဲဒါကို ကျွန်တော်က ယေရှုဟာ ခမည်းတော်ရဲ့မှန်ဘီလူးလို့ ယူလိုက်တယ်" လို့ Maatan က ပြောတယ်။

"ဟုတ်တယ်။ ဒါက ဘုရားရဲ့စည်းမျဉ်းကြီးတွေထဲက တစ်ခုပါ။ နင်တွေ့ပြီးပြီဆိုတော့ ဘုရားဂုဏ်တော်ကို ချီးမွမ်းပါတယ်။ ဒီအကြောင်း ခဏနေပြောကြမယ်။ အခုတော့ ကောလောသဲ ၁း၁၅ ကို အရင်ကြည့်တာပေါ့။ ။

"ထိုသားတော်သည် မျက်မြင်မရသော ဘုရားသခင်၏ ပုံသဏ္ဍာန် တော်ဖြစ်၏။ ဝေနေယျသတ္တဝါ အပေါင်းတို့တွင်လည်း သားဦးဖြစ် တော်မူ၏။" - ကောလောသဲသြဝါဒစာ ၁:၁၅

"ခရစ်တော်ဟာ မျက်မြင်မရတဲ့ ဘုရားကိုမြင်လို့ရစေတဲ့ ပုံသဏ္ဍာန်ဖြစ်တယ်။ ဆိုလိုတာ က ရင်းမြစ်က မမြင်ရဘူး၊ လမ်းကြောကမြင်ရတယ်။ အဲဒါကို ကျမ်းစာတော်တော်များ များမှာ အတည်ပြုထားတယ်" လို့ တိုနီက ရှင်းပြတယ်။

"ဘုရားသခင်ကို အဘယ်သူမျှ မမြင်စဖူးသော်လည်း၊ ခမည်းတော်၏ ရင်ခွင်၌ရှိသော တစ်ပါးတည်းသော သားတော်သည် ဘုရားသခင်ကို ထင်ရှားစေတော်မူပြီ။" - ရှင်ယောဟန်ခရစ်ဝင် ၁:၁၈

"မရဏာနှင့်ကင်းလွတ်သောသူ တစ်ပါးတည်းဖြစ်တော်မူထသော၊ အ ဘယ်သူမျှ မချဉ်းကပ်နိုင်သော အလင်းထဲ၌နေတော်မူထသော အ ဘယ်သူမျှ မမြင်ဖူးရာ၊ မမြင်နိုင်ရာ ဖြစ်တော်မူထသော ထိုဘုရားသ ခင် [ခမည်းတော်] သည် ထာဝရဂုဏ်အသရေ အစွမ်းသတ္တိ ရှိတော်မူ စေသတည်း။ အာမင်။" - တိမောသေသြဝါဒစာပထမစောင် ၆:၁၅-၁၆

> “ဘုရားသခင်ကို အဘယ်သူမျှမမြင်စဖူး။ သို့သော်လည်း၊ အချင်းချင်း ချစ်ကြလျှင်၊ ဘုရားသခင်သည် ငါတို့၌ တည်တော်မူ၍၊ ငါတို့သည် ချစ်ခြင်းမေတ္တာနှင့် ပြည့်စုံလျက်ရှိကြ၏။” - ရှင်ယောဟန်ဩဝါဒစာပထမစောင် ၄:၁၂

“စိတ်ဝင်စားစရာပဲ တိုနီ။ ကျွန်တော်တို့ဟာ ဘုရားရဲ့သဏ္ဍာန်နဲ့အညီ ဖန်ဆင်းထားတာဆိုရင် မီးဖွားခြင်းမှာ အမျိုးသားရဲ့ မျိုးစေ့ဟာ သာမန်မျက်စိနဲ့ မမြင်နိုင်ဘူး။ ဒါပေမယ့် အမျိုးသမီးရဲ့ ဝမ်းထဲသန္ဓေတည်ပြီးနောက်မှာ သူမကိုမှီပြီး မြင်စေတယ်”

“ကောင်းတဲ့အချက်ပဲ Maatan။ ဒီဘုရားရဲ့စည်းမျဉ်းက ဘယ်လောက်တောင်စွမ်းလည်းဆိုတာ မြင်လား။ ဒီသဘောတရားက ငါတို့ရဲ့ ပင်ကိုစဉ်းစားမှု ကြိမ်နှုန်းကို မှီပြီးတော့ အလုပ်လုပ်တာပါ။ ဒါပေမယ့် ငါ ရှေ့ရောက်လွန်းနေတယ်။ ဘုရားရဲ့ စည်းမျဉ်းပုံစံ (၇) ချက်ထဲက (၂) ချက် ဆွေးနွေးပြီးသွားပြီ။[16] ဒီညတော့ နောက်ထပ်တစ်ချက် ဆက်သွားဦးမယ်။ နောက်ပြီး ဒီစည်းမျဉ်းက ဘာကိုပြောတာလဲဆိုတာ ဆက်ကြည့်ကြမယ်”

“ကောင်းတယ် တိုနီ။ ဘုရားရဲ့စည်းပုံစံကို ခင်ဗျားရဲ့ဝေါဟာရမှာ မြင်နေရပြီ။”

“ဒီလိုပဲဖြစ်ပါစေ။ ၁ ကော ၁၁း၃ ကို ဆက်ပြီးကြည့်ရအောင်။ ။

> “ယောကျ်ား၏ခေါင်းကား ခရစ်တော်ဖြစ်သည်ကိုလည်းကောင်း၊ မိန်းမ၏ခေါင်းကား ယောကျ်ားဖြစ်သည်ကိုလည်းကောင်း၊ ခရစ်တော်၏ ခေါင်းကား ဘုရားသခင် ဖြစ်တော်မူသည်ကိုလည်းကောင်း၊ သင်တို့ သိမှတ်စေခြင်းငှာ ငါအလိုရှိ၏။” - ကောရိန္သုဩဝါဒစာပထမစောင် ၁၁:၃

[16] ဘုရားသခင်ရဲ့ စည်းမျဉ်းပုံစံ (၇) ချက်ကို ပိုသိချင်ရင် fatheroflove.info မှာ *The Divine Pattern of Life* စာအုပ်၊ စာမျက်နှာ ၂၀ မှာ ကြည့်ပါ။

"အရင်းအမြစ်က လမ်းကြောထက် ဦးဆောင်တဲ့ဘက်မှာရှိကြောင်း ဒီမှာတွေ့ရတယ်။ ခမည်းတော်နဲ့ သားတော်ကြားက ခေါင်းဆောင်မှုကို လင်မယားကြားမှာလည်း တွေ့ရတယ်။ ခရစ်တော်နဲ့ ပုထုဇဉ်ကြားမှာလည်း တွေ့ရတယ်။ ဒီအကြောင်း အမြင်ရှင်းသင့်တယ်။ တစ်ယောက်ယောက်က အခြားသူအတွက် လမ်းကြောအဖြစ် ရှိမယ်ဆိုရင် ရင်းမြစ်အောက်မှာ နေတတ်ရမယ်။ အဲဒါကြောင့်မို့လို့ သခင်ယေရှု ဒီလိုမိန့်တာပေါ့။ ။

> "ယေရှုကလည်း၊ သင်တို့အား ငါအမှန်အကန်ဆိုသည်ကား၊ ခမည်းတော်ပြုတော်မူသောအမှုကို သားတော်သည် မြင်၍သာပြု၏။ မိမိအလိုအလျောက် အဘယ်အမှုကိုမျှမပြုနိုင်၊ ခမည်းတော်ပြုတော်မူသမျှအတိုင်း သားတော်လည်းပြု၏။" - ရှင်ယောဟန်ခရစ်ဝင် ၅:၁၉

"ဒီမှာတော့ ခရစ်တော်ဟာ ခမည်းတော်ဆီ လမ်းကျောင်းပေးတာ ထင်ရှားပါတယ်။ ခရစ်တော်က သူ့အကြိုက် မမိန့်ဘူး။ အဲဒါကြောင့် သူ့ကို ဘုရား၏နှုတ်ကပတ်တော်လို့ ပြောတာပေါ့။ ဘုရားရဲ့သားတော်ဟာ ခမည်းတော်ရဲ့ အလိုတော်တွေကို မိန့်ကြားတာ။ ခရစ်တော်က ခမည်းတော်ရဲ့ အလိုတော်တွေကို မြင်အောင်၊ ကြားအောင် လုပ်တာ။

"အို တိုနီ။ ဒါဟာ တော်တော်ကြီးတာပဲ။ ငါ့စိတ်တွေ ထွေနေပြီ"

"ဆေးလိုက်ပေါ့" လို့ တိုနီက အရွှန်းဖောက်လိုက်တယ်။

"ခင်ဗျားပြောသလိုဆိုရင် ရှင်ယောဟန်က အစအဦး၌ နှုတ်ကပတ်တော်သည် ဘုရားသခင်(ခမည်းတော်)နှင့် အတူရှိ၏လို့ ပြောတာကိုး။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့် အတူ ရှိတော်မူ၏။ နှုတ်ကပတ်တော်သည် ဘုရားသခင်ဖြစ်တော်မူ၏ ။ သူဟာ ခမည်းတော် မမှီပဲ ဘုရားဖြစ်ခဲ့ရင် နှုတ်ကပတ်တော်သည် ဘုရားဖြစ်သည်လို့ တန်းပြောမှာပေါ့။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူ ရှိတော်မူသည်လို့ ပြောဖို့ဘယ်လိုမလဲ"

"အဲဒါပဲ Maatan။ နှုတ်ကပတ်တော်သည် ဘုရားသခင် ဖြစ်တော်မူ၏လို့ ပြောရတာက လမ်းကြောက ရင်းမြစ်ကနေ အားလုံးကို အမွေရလို့ပဲ။ ဒါကြောင့် ဧဝဟာ ၁၀၀% လူသားဖြစ်တယ်။ အကြောင်းကတော့ အာဒံနံရိုးကနေပြီး အားလုံး အမွေရခဲ့လို့ပဲ။ အဲဒါကြောင့်

ဝေဟာ ဒေင်ဥယျာဉ်မှာ အုပ်စိုးခွင့်ရှိတာပေါ့။ အဲဒါကို သူ့ဆီကနေ ရတာပါ။ ဘုရားသခင်က ဝေကိုမဖန်ဆင်းခင် အရာအားလုံးကို အာဒံကို ပေးခဲ့တာပါ။ အုပ်စိုးခွင့် အပါပေါ့။ ဝေလည်း အာဒံကိုမှီပြီး အမွေရ၊ အာဒံလည်း ဘုရားဆီကရခဲ့တဲ့ အဆုံးအမတွေကို ဝေကို ဆက်ပြီး ပြောပြဖို့ တာဝန်ရှိသွားတယ်။

"အို၊ အများကြီး သိရပါလား" လို့ Maatan က ခေါင်းကိုင်ပြီး ရီတယ်။ ဘုရားရဲ့စည်းမျဉ်းပုံစံအတိုင်း ခမည်းတော်နဲ့သားတော်ကို ကိုးကွယ်ခြင်းက ဇနီးမောင်နှံဘဝကို အဓိပ္ပာယ်ပြန်ဖွင့်ဆိုပြီး လူ့ဘောင်ကြီးလည်း ဒီအချက်မှာပဲ တည်တာပါ"

"ဒီဟာက ဒံယေလ အခန်းကြီး (၂) ထဲက ရုပ်တုကို ချေမွမဲ့ကျောက်တုံးပဲ Maatan"

တိုနီက ဒီလိုပြောတော့ Maatan ဟာ နား ဖုံးပေါက်သလိုဖြစ်ပြီး "ဘာ!" တဲ့။

"၁ ဓမ္မရာဇဝင် ၄း၁ ကို နင်ကြည့်ရင် ဧဗနေဇာ (Ebenezer) ဆိုတာကို တွေ့မယ်။ ဒါဟာ ဟေဗြဲဝေါဟာရ (၂) လုံးကို တွဲထားတာ။ Eben က ကျောက်၊ Ezer က ဖေးမသူ။ ဧဗန် (Eben) လည်း နှစ်လုံးတွဲထားတာ ပါပဲ။ ab နဲ့ ben ပါ။ အဲဒီကနေ aben (သို့) ဖတ်တော့ အသံ ဆိုသလို Eben ပါ။ Ab က ခမည်းတော်ကိုဆိုလိုပြီး ben က သားတော်ကို ဆိုလိုတာပါ"

အဲဒီအချိန်မှာ လျှပ်စီးလျှပ် မိုးကြိုးပစ်တယ်။ လျှပ်စီးဟာ လင်းလွန်းလို့ Maatan ဟာ ဝမ်းလျားထိုးကြီး လဲချရတယ်။ လျှပ်စီးကလည်း အပြာရောင်ဖက်တောင် ပါသေးတယ်။

"ငါပြောတာတွေ ကောင်းကင်ကတောင် အတည်ပြုတယ်နော် Maatan။ ဒံယေလ အခန်းကြီး (၂) ထဲက ရုပ်တုကိုချေမွတဲ့ ကျောက်တုံးဟာ ခမည်းတော်၊ သားတော်တို့ရဲ့ ဆက်ဆံပုံကို အမှန်နားလည်ခြင်းပဲ။ ဒီဘုရားစည်းမျဉ်းကို အိမ်မှာ၊ ရပ်ကွက်မှာ၊ နိုင်ငံမှာပြတဲ့အခါ ကမ္ဘာ့နိုင်ငံတွေဟာ Constance မြို့က တိုက်ညီနောင် ပြိုကျသလို ဖြစ်သွားမှာ" လူ့လက်နဲ့ မတည်ဆောက်တဲ့ အသင်းတော်ဟာ ဆက်ရှင်နိုင်ပြီး ခရစ်တော် ပြန်ကြွလာတဲ့အခါ အဆင်သင့်ဖြစ်နေမှာပါ။"

Maatan လည်း ငိုကြီးချက်မနဲ့ ဆုတောင်းတယ်။ "အို ဖြောင့်မတ်သောအဖ၊ ကျွန်ုပ်သည် ညစ်ညူးသော နှုတ်ခမ်းဖြင့် ညစ်ညူးသော နှုတ်ခမ်းရှိသူများကြားတွင် နေထိုင်ပါသည်။ ကျွန်ုပ်၏ ရှေးကအပြစ်များကို ဖြေလွှတ်ပေးတော်မူပါ။ ကျွန်ုပ်သည် တန်ဖိုးကြီးလှသော ကျောက်ပေါ်ကျပြီး နှလုံးကြေကွဲပါသည်။ ဤအမှောင်ကမ္ဘာမှလွှတ်ကာ ကိုယ်တော့်သား တော်၏ နိုင်ငံသို့ရောက်နိုင်ရန် ဆုတောင်းပါ၏။"

တိုနီ လည်း Maatan နား ဒူးထောက်ပြီး "အဖဘုရား ကျွန်တော့်ညီတော်၏ ဆုတောင်း ချက်ကို ထောက်ခံပါသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ကြွလာမည့်အချိန်ကို ကြန့်ကြာ စေခဲ့ပါသည်။ ကိုယ်တော်သည် ဤတရားကို ကျွန်ုပ်၏ဘေးတော်နှင့် Waggoner တို့အား ပေးခဲ့ပါသည်။ သို့သော် ကျွန်ုပ်တို့သည် ဤအုတ်မြစ်ကြီးကို ငြင်းပယ်ခဲ့ပြီး ကိုယ့်ကိုယ်ကို နေသာနိုင်ရန် ကြိုးစားခဲ့ကြပါသည်။ ။

> "အိုဘုရားရှင်၊ ကိုယ်တော်ကို ပြစ်မှားသောကြောင့်၊ အကျွန်ုပ်တို့၏ရှင်ဘုရင်၊ မင်းသား၊ အသက်ကြီးသူမှစ၍ အကျွန်ုပ်တို့သည် မျက်နှာပျက်ခြင်းနှင့် ဆိုင်ကြ ပါ၏။ အကျွန်ုပ်တို့သည် ကိုယ်တော်ကို ပုန်ကန်သော်လည်း၊ အကျွန်ုပ်တို့အရှင် ဘုရားသခင်သည် ကရုဏာကိုပြခြင်း၊ အပြစ်ကို ဖြေရှင်းခြင်းအခွင့်နှင့် ဆိုင် တော်မူ၏။ အကျွန်ုပ်တို့၏ ဘုရားသခင်ထာဝရဘုရားသည် ကျွန်တော်ရင်း၊ ပ ရောဖက်တို့ဖြင့် အကျွန်ုပ်တို့၌ ထားတော်မူသော ပညတ်တရားတော်လမ်းသို့ လိုက်ခြင်းငှာ၊ ဗျာဒိတ်တော်အသံကို အကျွန်ုပ်တို့သည် နားမထောင်ဘဲနေကြပါ ပြီ။ အကယ်စင်စစ် ဣသရေလအမျိုးသားအပေါင်းတို့သည် ဗျာဒိတ်တော်အသံ ကို နားမထောင်၊ လွှဲသွား၍ ပညတ်တရားတော်ကို လွန်ကျူးကြပါပြီ။ သို့ဖြစ်၍၊ ကိုယ်တော်ကို ပြစ်မှားသောအပြစ်ကြောင့်၊ ကျိန်ဆိုတော်မူခြင်းတည်းဟူသော ဘုရားသခင်၏ ကျွန်မောရှေ၏ ပညတ္တိကျမ်း၌ မှတ်သားသောအကျိန်ကို အ ကျွန်ုပ်တို့ အပေါ်သို့ သွန်းလောင်းတော်မူ၏။" - ဒံယေလအနာဂတ္တိကျမ်း ၉:၈-၁၁

မစ္ဆရိယစိတ်ကို ချေမှုမယ့်ကျောက်တုံးကို မြင်နိုင်ဖို့၊ မျက်စဉ်းဆေးကိုရဖို့ တိုနီနဲ့ Maatan ဟာ နောင်တမျက်ရည်တွေကျပြီး ဘုရားကို ကျေးဇူးတင်နေကြတယ်။ ဒါဟာ မိုလ်ခြေအားဖြင့်မဟုတ်၊ အာဏာတန်ခိုးအားဖြင့်မဟုတ်၊ လက်နက်အားဖြင့်လည်း မဟုတ်ဘဲ သေးငယ်တဲ့အသံတော်က ဘယ်သူဟာ ကောင်းချီးရရှိတဲ့သားတော်လဲ၊ ခမည်းတော်ဆီကို ရောက်မယ့်လမ်းဟာ ဘယ်လမ်းလဲဆိုတာကို ပြောပြမှာဖြစ်တယ်။ ဒါကတော့ ယေရှုခရစ်ဟာ ခမည်းတော်ဘုရားရဲ့ ဘုန်းတော်ဖြစ်ကြောင်း သိခြင်းပါ။ စာတန်က သားတော်ဖြစ်တဲ့ ခရစ်တော်သည် မှန်သောဘုရားဖြစ်တဲ့ ခမည်းတော်ဆီ အရောက်ပို့မယ့် လမ်းကြောင်းဖြစ်တဲ့ အမှန်တရားကို ဘယ်လောက်ဖျက်ဖျက် ခမ္မကပဲနိုင်မှာပါ။

# အခန်း ၃၀
# Constance မြို့၏ အုတ်မြစ်များ

နှစ်ယောက်လုံး ခဏနားအပြီး ပြန်ဆက်ကြတယ်။

တိုနီက “Maatan, ငါတို့ရဲ့အခြေခံ ယုံကြည်ခြင်းကို သေသေချာချာ လေ့လာရအောင်။ ယေရှုဟာ ခမည်းတော်ရဲ့သား ဆိုတာသည် မှန်တယ်။ နိုင်ငံတော်ကို တည်နိုင်ဖို့ စာတန်ဟာ ဘုရားရဲ့သားဆိုတဲ့ အမှတ်သညာကို ပျောက်အောင် လုပ်ရမှာဖြစ်တယ်။ ဘယ်လိုလုပ်ရမလဲဆိုတာ သူ့မှာ ကြံထားတာ အများကြီးပါ။ ဘုရားမဲ့ဝါဒီတွေရဲ့ မြင်သာတဲ့သွန်သင်ချက်ကတော့ ခရစ်တော်သာမကဘဲ ခမည်းတော်ကိုပါ ငြင်းပယ်တဲ့အချက်ပဲ။ ရှေးဦးအသင်းတော်မှာတော့ ခရစ်တော်ရဲ့ ပြာဋိဟာ၊ ကရုဏာ၊ သဟာယတွေကို ငြင်းလို့ မရပါဘူး။ စာတန်က တစ်ခြားနည်း ရှာရတယ်။ ဒါနဲ့ ဝါဒမှိုင်းတိုက်လိုက်တယ်။ သုံးပါးတစ်ဆူဆိုတာပဲ။ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော် ဆိုတဲ့ဝေါဟာရကိုသုံးပြီး ခမည်းတော်၊ သားတော်တို့ ဖြစ်တည်မှုကို ရှုပ်စေတယ်။ အဲဒါက လူ့စိတ်ထဲမှာ မှန်ကန်တဲ့ Agape ကြိမ်နှုန်းအမှန်ကို ဖျက်ဆီးတယ်။ အရာခပ်သိမ်းကို ခမည်းတော်က ပေးအပ်တဲ့သားတော်ကို ယုံကြည်မှသာ Constance မြို့ကနေ လွှတ်မြောက်နိုင်မယ့် Agape ကြိမ်နှုန်းဟာ ကျွန်တော်တို့ရဲ့စိတ်ထဲ ဝင်မှာဖြစ်တယ်။

ဒါဟာ စာတန့်ကြံစည်မှုရဲ့ ဂုက်ဖဲပဲ။ သုံးပါးတစ်ဆူက ဘုရားရဲ့သားတော်လို့သာ အမည်တပ်ပြီး တကယ်တမ်းကျ ရုပ်ကလာပ်အဆင့်ကို ရောက်စေတာပါ။ ဒီအယူက ဘုရားရဲ့သားတော်ကို သင်္ချိုင်းထဲမှာထားဖို့ကြိုးစားတဲ့ ရောမစစ်သားတွေရဲ့ အားထုတ်မှုပါ။”

“ကောင်းပြီ တိုနီ။ အရင်နှစ်တုန်းက ပဥ္စမာယာရဲ့ မဏ္ဍိုင်တစ်ခုအကြောင်း ခင်ဗျားပြောဖူးပါတယ်။ ယေရှုဟာ ဘုရားသားဖြစ်တာကို ဖုံးထားနိုင်ဖို့ စာတန်က ဘုရားရဲ့နှုတ်ကပတ်တော်ကို နာမ်ဝိညာဉ်အယူတွေ သုံးရတော့မှာ ဖြစ်တယ်။ ကျမ်းစာကတော့ ယေရှုဟာ ဘုရားရဲ့သားဖြစ်ကြောင်း အခိုင်အမာ ဆိုထားတယ်။ ဒါကြောင့် စာတန်က “ဘုရားရဲ့သား” ဆိုတာကို “သားတော်ဘုရား” လို့ ပြောင်းလိုက်ပါတယ်။ ဒါဟာ “သင်သည် ကောန်

အမှန်မသေရ” ဆိုတဲ့ သူ့ရဲ့မုသားနောက်ဆက်ပါပဲ။ သညာပြုပြီးသားကို သူ့အကြိုက်ဆွဲတာပါ”

“ဟုတ်တယ်။ ဘုရားရဲ့လမ်းစဉ်မှာက သုံးပါးတစ်ဆူအယူနဲ့ ဝိညာဉ်မသေတတ်ဘူး ဆိုတဲ့အယူဟာ အချိတ်အဆက်ရှိပြီး ဘုရားနဲ့ သူ့ရဲ့သားကို  အမြဲဆန့်ကျင်တဲ့ ဒီအယူနှစ်ခုဟာ Constance မြို့ရဲ့ အုတ်မြစ်အဖြစ် ပြုထားတယ်”

“ဒီအချိတ်အဆက်အကြောင်း ထပ်လင်းဦး။ မရှင်းသေးလို့”

“ငါတို့ရှုမှတ်တဲ့အတိုင်း ပြောင်းလဲတယ်ဆိုတဲ့နိယာမကို နားလည်ပါတယ်နော်” (၂ ကော ၃း၁၈)။

“ဟုတ်၊ သိတယ်”

“သုံးပါးတစ်ဆူထဲက ဒုတိယပုဂ္ဂိုလ် သားတော်ဘုရားကို  နင်ကြည့်တဲ့အခါ သူ့ရဲ့အသက်ကို ခမည်းတော်ဆီကနေ ရတာမဟုတ်ပဲ၊ သူ့ဟာသူ ဖြစ်တည်တယ်လို့ ဖြစ်သွားမှာ။ အဲဒီဘုရားကို ကိုးကွယ်ခြင်းဟာ Agape ကို ငြင်းတဲ့သဘောပဲ။  ဝိညာဉ်မသေဘူးဆိုတဲ့ အယူဟာ  ခမည်းတော်ဆီကနေ  ရတာဘာမှမရှိတဲ့ သားတော်ဘုရားအကြောင်းကနေ လာတာ။ သားတော်ဘုရားဆိုတာသည်  ခင်ဗျားကိုယ်တွင်းမှာကိုက  အသက်ရှိတယ်ဆိုတဲ့တရား မြစ်ဖျားခံရာပဲ။ ဒါကိုယုံခြင်းဟာ ကိုယ့်ကိုယ်ကိုညာတာပဲ။   ဒီဘုရားကို ကိုးကွယ်ရင် ခင်ဗျားသေမှာ။ အကြောင်းကတော့ ဝိညာဉ်ဟာ သေတတ်လို့ပါ”

“ခရစ်တော်မှာ ကိုယ်ပိုင်အသက်ရှိတယ် မဟုတ်လား”

“ဟုတ်တယ် Maatan။ ဒါပေမယ့်ပေါ့ ရှင်ယောဟန် ၅း၂၆ မှာ ဘုရားရဲ့သားဟာ ထာဝရအသက်ရဖို့ အပေးခံရတယ်ပြောတယ်။ ခမည်းတော်ဆီက ရတာပေါ့။ ဒါဟာ အနှစ်ပဲ။ ခရစ်တော်ဆိုတာလည်း ကက်သလစ်တွေ သွန်သင်သလို သုံးကိုယ်တစ်ကိုယ်မဟုတ်ဘဲ ခမည်းနဲ့ကွာပြီး သီးခြားကိုယ်ထည်ရှိတယ်။ သီးခြားကိုယ်ထည်ရှိခြင်းက ခမည်းတော်မှာ ြရှိတဲ့အသက်ကို သူ့ရဲ့သားကို ပေးတယ်ဆိုတာ ခိုင်မာစေတယ်။ ခမည်းတော်နဲ့ သား

တော်ဟာ တစ်ကိုယ်တည်းဖြစ်ရင် ပြောင်းပေးတယ်ဆိုတာ မဖြစ်နိုင်ပါဘူး။ ပြောင်းပေးခြင်းမရှိရင် Agape ဆိုတာ ရှိမလာနိုင်ဘူး။ အကြောင်းကတော့ Agape မှာ ပေးခြင်းဆိုတာ လိုတယ်။ လက်ဆောင်ပမာ ပေးဖို့လိုတယ်”

“ကောင်းပြီ တိုနီ။ စိတ် ခဏအနားပေးပါရစေ။ ဒါက တော်တော်များတယ်။ ခင်ဗျားရဲ့ ကောက်ချက်ကို လိုက်မီတယ်လို့တော့ မှတ်တယ်။ ကျွန်တော်မမှားဘူးဆိုရင်တော့ သုံးပါးတစ်ဆူအကြောင်းနဲ့ ဝိညာဉ်ဟာ မသေဘူးဆိုတဲ့ အယူက လူတွေကို မသေနိုင်သူတွေလို့ မှတ်စေတယ်လို့ နားလည်တယ်။ ဒီအယူက ဘုရားရဲ့သားတော်ရဲ့ အကြောင်း အမှန်ဖြစ်တဲ့ ခမည်းတော်ဟာ ဇီဝရင်းမြစ်ဖြစ်ကြောင်းကို ယေရှုက သူ့ရဲ့အသက်ကို ခမည်းတော်ဆီကနေ Agape လက်ဆောင်အဖြစ် ရတဲ့အကြောင်းကို ဖျက်တယ်။ ဒီမုသားဟာ စာတန်က အာဒံနဲ့ဧဝကို ‘နင်တို့မသေရဘူး’ လို့ နာမ်ဝိညာဉ်ဝါဒနဲ့ ပိတ်တယ်”

“သိပ်ကောင်းတယ်။ Constance မြို့ရဲ့အုတ်မြစ်ဟာ နာမ်ဝိညာဉ်ဝါဒနဲ့ ဝိညာဉ်မသေဘူးဆိုတဲ့အကြောင်းကို သွန်သင်တဲ့ သားတော်ဘုရားဆိုတဲ့ မျက်မြင်မရတဲ့ ထောင့်ကျောက်အပေါ် တည်ထားတယ်။ ‘သားတော်ဘုရား’ ဟာ ဝိညာဉ်မသေဘူးဆိုတာကို သင်ပေးတဲ့ မြုံးပဲ”

“မေးဖို့တစ်ခု သတိရတယ်။ စာတန့်အုတ်မြစ်ဟာ ဘာကြောင့် မျက်စိနဲ့ မြင်နိုင်၊ မမြင်နိုင်တဲ့ ဘုရားရဲ့စည်းမျဉ်းပုံစံအပေါ် တည်ထားတာလဲ”

“ကောင်းတယ်။ နင်စဉ်းစားတတ်တယ် Maatan, စာတန်ဟာ ဘုရားဖန်ဆင်းထားတဲ့ စကြဝဠာရဲ့ စည်းထဲမှာပဲ သူ့ရဲ့နိုင်ငံကို ထူထောင်တာ။ အစေ့ကနေ အသီးစားရမယ့် ဓမ္မတာဟာ စာတန့်နိုင်ငံမှာလည်း ရှိတယ်။ ဒီအကြောင်း အောက်ကကျမ်းချက်က ထောက်ပြပါတယ်။

> “ထိုသားရဲသည်လည်း ကြီးစွာသော စကားကိုလည်းကောင်း၊ ဘုရားသခင်ကို ပြစ်မှားသော စကားကိုလည်းကောင်း၊ ပြောတတ်သောနှုတ်နှင့်

ပြည့်စုံ၍၊ လလေးဆယ်နှစ်လပတ်လုံး စီရင်ရသောအခွင့်ကိုရ၏။” - ဗျာဒိတ်ကျမ်း ၁၃:၅

သားရဲကြီး ဒီလိုလုပ်နိုင်အောင် ဘယ်သူက အစွမ်းပေးတာလဲ။ ခရစ်တော်ပါပဲ။ ဒီအကြောင်းက အူတိုင်ကိုပြတယ်။ ဝိညာဉ်ဟာ မသေတတ်ဘူးဆိုတာ မဟုတ်ဘူးလို့ ပြောပြီးသား၊ နောက်ပြီး ကျွန်တော်တို့ဆီကို သားတော်အားဖြင့် ခမည်းတော်ဆီကနေ အသက်ကိုရတာဖြစ်တော့ စာတန်နဲ့အပေါင်းအပါတွေလည်း ဘုရားရဲ့သားတော်အားဖြင့် အသက်ရှင်ကြတာ ဖြစ်တယ်။ သူ့ရဲ့ အသက်မှုတ်သွင်းပေးမှုကြောင့် စာတန်နဲ့အပေါင်းပါရော၊ ကျွန်တော်တို့ရော အသက်ရှင်ကြတာပါ။ ကျွန်တော်တို့ရဲ့ အသက်ရှင်နိုင်ခြင်းဟာ ဘုရားရဲ့ သားတော်ကို မှီလို့ပါ။ အဲဒီအသက်ကြောင့် ကျွန်တော်တို့ဟာ ခမည်းတော်နဲ့ ချိတ်ဆက်နေတာပါ။

“စာတန်မှာရှိတဲ့အသက်ဟာ ခရစ်တော်ဆီကနေ လာတာဖြစ်လို့ စိုက်ခြင်း၊ ရိတ်ခြင်းတရား အသက်ဝင်သေးပါတယ်။ အဲဒါကြောင့် Constance မြို့၌ အုတ်မြစ်တွေဟာ ဘုရားရဲ့အံ့ခွက်အတိုင်း ဆောက်တာပါ။

| | |
|---|---|
| ရင်းမြစ် | = သားတော်ဘုရား |
| လမ်းကြော | = အမတဝိညာဉ် |
| နည်းလမ်း | = နာမ်ဝိညာဉ်ဝါဒ |
| ရလဒ် | = အလုပ်လုပ်၊ ကိုယ့်ကိုယ်ကိုကိုးကွယ်၊ အနားမရခြင်း |

“ဒါဟုတ်တယ် တိုနီ၊ ဒါဟာ အမှန်တရားလို့ ကျွန်တော်ယုံတယ်။”

“ကိစ္စကတော့ ဒါပဲ Maatan။ ငါနင့်ကို လက်ဆောင်ပေးမယ်။”

တိုနီက ပုလဲစီထားတဲ့ ၁၀” ၆” အရွယ် ရင်းတိုက်သား (ebony) သေတ္တာလေး ယူလာတယ်။ သေတ္တာနဲ့အတူ သော့ တွဲထားတယ်။ သော့ပေါ်မှာ Miller ၏ စည်းမျဉ်းများလို့ ထွင်းထားတယ်။

“ကျေးဇူးတင်ပါတယ်။ သိပ်လှတာပဲ။ ခင်ဗျားနဲ့ ခရစ်တော်ကိုမှီပြီး ခမည်းတော်ကို ကျေးဇူးတင်ပါတယ်။”

“နင်အတတ်မြန်တယ် Maatan။ ဘုရားရဲ့စည်းမျဉ်းအံပုံကို နင်ကောင်းကောင်းသုံးပြတာပဲ။”

“သေ့ာပေါ်က Miller ဆိုတာက William Miller, စည်းမျဉ်းများဆိုတာ ကျမ်းစာကို အနက်ပြန်ရမယ့် စည်းမျဉ်းတွေဖြစ်မယ်မှတ်တယ်။”

“နင်ပြောတာမှန်တယ် Maatan။ အခုသေတ္တာကို ဖွင့်ကြည့်ပါဦး။ မီးအရင်ပိတ်ဦးမယ်။” အခန်းမှောင်ပါပြီ။ Maatan က သော့ဖွင့်လိုက်တယ်။ သေတ္တာပွင့်လာပြီး အလင်းက အခန်းကိုပြည့်သွားတယ်။ အမှောင်ဆိုတာ မရှိတော့ဘူး။ သော့က အလင်းပေးနေတာ။ Maatan က ရွှေသော့ကို ကိုင်လိုက်တယ်။ သော့ဟာ နီလာနဲ့စီထားပြီး “ဘုရားရဲ့စည်းမျဉ်းအံပုံ” လို့ ထွင်းထားတယ်။

“အပြာရောင်ဆိုတာ အမိန့်နာခံခြင်းပြယုဂ်ပဲ” လို့ တိုနီ က ရှင်းပြတယ်။ “ခမည်းတော်ထံ အပ်နှံခြင်းက ဘုရားရဲ့သားက ကျွန်တော်တို့ကိုပေးတဲ့ အသက်ဆိုတဲ့ လက်ဆောင်ပဲ။ ကျွန်တော်တို့ဟာ သားတော်ကြောင့် အသက်ရှင်၊ လှုပ်ရှား၊ ဖြစ်တည်နေကြရတာ။ ခရစ်တော်ရဲ့နာမနဲ့ ခမည်းတော်ရဲ့အသံကို နားစိုက်ကြည့်ပါ။ နီလာဟာ အသက်ကြီးသောသူ (Ancient of Days) ဆီ နာခံစိတ်ရှိစေတဲ့ ကြိမ်နှုန်းကို သယ်ပိုးတယ်။ သဘောပေါက်လား Maatan”

“ဟုတ်ကဲ့ တိုနီ၊ အပြာရောင်ဆိုတာ ရှေးက္ကသရေလတို့ရဲ့ ဝတ်ရုံအနားကိုကွပ်တဲ့ အရောင်ပဲ”

> “သူတို့အမျိုးအစဉ်အဆက်တို့သည်၊ အဝတ်စွန်းတို့၌ ဆွဲစရာဖို့ ပန်းပွားတို့ကိုလုပ်၍၊ ပြာသောကြိုးနှင့် ချည်တွဲရကြမည်။” - တောလည်ရာကျမ်း ၁၅:၃၈

“သိပ်ကောင်းတယ်။ အခု ဒီ့ထက်ပိုပြီး ကြည့်ရအောင်။ ဒီကျောက်ဟာ ဒီမြို့ကနေထွက်ပြေးနိုင်ဖို့ လိုသလို အရောင်ပြောင်းနိုင်စွမ်း ရှိတယ်။ ။

| | | | |
|---|---|---|---|
| ၁။ နီလာ | အပြာ | နာခံမှု - ဘုရားပလ္လင်တော်ရဲ့ အုတ်မြစ် | ထွက် - ၂၄း၁၀ ယေဇကျေ ၁း၂၆ |
| ၂။ ပတ္တမြား၊ နဂါးသွဲ့ ကျောက်နီ | အနီ | ပညာ - စပျစ်ရည်ဖြင့်လျှော် | သုတ္တံ ၈း၁၁ ကမ္ဘာ ၄၉း၁၁ |
| ၃။ မြ | အစိမ်း | မျှော်လင့် - သက်တန့်စိမ်း | ဗျာဒိတ် ၄း၃ |
| ၄။ ရှဟံ ကျောက်ဖြူ | အဖြူ | သူတော်စင်တို့ရဲ့ ဖြောင့်မတ်ခြင်း | ထွက် ၂၈း၉ |
| ၅။ သလင်း | အကြည်ရောင် | မာယာမရှိ၊ တိုးရှိုးပေါက်မြင်ရ | ဗျာဒိတ် ၄း၆ |

“ကြိမ်နှုန်းကိုတန်ပြန်ဖို့ အရောင်ဟာ ပြောင်းရတယ်။ ဒီသော့မှာပါတဲ့ကျောက်မှာ ဘာသဒ္ဒိမှ မရှိပါဘူး။ ခင်ဗျားရဲ့ စိတ်အာဟာရအတွက် မှန်သဘောလောက်ပါပဲ။ ဘုရားသခင်ရဲ့ ပလ္လင်တော်ကနေ မြစ်ဖျားခံလာတဲ့ သက်စမ်းရေကနေ ကရုဏာတော် ဖြည့်ဆည်းပေးကြောင်းပြတာပါ။

“Maatan၊ ငါတို့ဟာ Constance မြို့ရဲ့ ပထမသံတိုင်ကြီးဆီသွားဖို့ အသင့်ဖြစ်နီးနီးပဲ။ ဒီသော့နဲ့ အဲဒီတိုင်ရဲ့ လွှမ်းမိုးမှုကို ဖြတ်လိုက်။ နင့်ကို တစ်ခုတော့ အရင်ပြောထားမယ်။

ဘုရားရဲ့ပုံစံ နည်းနိသယမှာ အမှန်တရားတိုင်းဟာ လမ်းကြောအတိုင်းလာပြီး တကယ် လည်းမြင်ရတယ် ဆိုတာပဲ။ နားလည်လား”

“နည်းနည်းထပ်ရှင်းပါဦး တိုနီ”

“ဥပမာ သတ္တမနေ့ဥပုသ်ကိုယူ။ ဥပုသ်နဲ့ဆိုင်တဲ့ ကောင်းချီးရဲ့ရင်းမြစ်က နာမ်နဲ့ဆိုင်တယ်။ ဒါပေမယ့် ဥပုသ်တိုင်းကိုစောင့်ခြင်းနဲ့ ဒီစည်းကို မြင်ရတယ်။ မမြင်ရတဲ့သဘော မဟုတ်ဘူး။ အဲဒါဟာ ဥပုသ်နေ့မှာ အလုပ်မလုပ်ဘဲ နားနေတာကို နင့်ဆီမှာတွေ့နိုင်တယ်။ နားလည်ပြီလား”

“ဩော်၊ ဟုတ်ကဲ့၊ အခုနားလည်ပြီ။ ဒီအတိုင်းပဲ ဘုရားလည်း ကိုယ်ထည်ရှိတယ်။ ဒါပေမယ့် မမြင်ရဘူး။ ဘုရားကို ဘုရားရဲ့သားကိုမှီပြီး ဆည်းကပ်ရတယ်။ ဒါက ဘုရားဟာ အရပ်တိုင်းမှာရှိတယ် ဆိုတဲ့ pantheism ဝါဒကို တားပေးတယ်။ မျက်မြင်မရတဲ့ဘုရားဟာ မျက်မြင်နိုင်တဲ့ သားတော်အားဖြင့် ထင်ပြတာကိုး”

“နင်နားလည်ပြီဆိုတော့ ကောင်းတယ်။ ယုံကြည်ခြင်းမှာ လုပ်ပြခြင်းက ကပ်ပြီးပါမလာရင် အသေပါပဲ။ အခိပ္ပာယ်က မြင်လို့မရတဲ့ ယုံကြည်ခြင်းဆိုတာသည် အလုပ်လုပ်ပြမှသာ ယုံတာပါလားဆိုပြီး မှတ်လို့ရတာပါ။ ဒါဟာ ယုံကြည်ခြင်းနဲ့ အလုပ်မဟုတ်ဘဲ၊ အလုပ်ကပ်ပြီး ပါလာတဲ့ယုံကြည်ခြင်း ဖြစ်တယ်။ (ဂလာတိ ၅း၆)”

“အို၊ သိပ်ကောင်းတဲ့ အချိတ်အဆက်ပဲ။ ဘုရားရဲ့ ပုံစံနည်းနာက အာနုဘော်သိပ်ရှိပါလား” လို့ Maatan က ပြောတယ်။

“ထပ်ရှင်းပြပေးမယ် Maatan၊ ဓမ္မဟောင်းကျမ်းမှာ သတင်းကောင်းရှိတယ်။ ဒါပေမယ့် ပုံဆောင်မှု၊ မျိုးစေ့ စတာတွေနဲ့ လွှာအုပ်ထားတာ။ ဒီသတင်းကောင်းဟာ ယေရှုခရစ်တော်ရဲ့ သက်တော်စဉ်မှာ ထင်ဟပ်ခဲ့တာ။ ခရစ်တော်က မျက်မြင်မရတဲ့ မျိုးစေ့ကိုယူပြီး ဓမ္မသစ်ခေတ်မှာ လာပြီးပြသွားတာ။ ဒီလိုနဲ့ ဓမ္မသစ်ဟာ ဓမ္မဟောင်းရဲ့ ဘုန်းရောင်ခြည် ဖြစ်တာပါ။ ဓမ္မဟောင်းကျမ်းကို ချေမိုးတာမဟုတ်ဘူး။ ခရစ်တော်ဟာ ပညတ်တော် (သို့) ပရောဖက်တွေရဲ့ အမိန့်တော် စတာတွေကို ချေဖျက်ဖို့လာခဲ့တာ မဟုတ်ဘူး။ ပိုပြီး နား

ရှင်း၊ အမြင်ရှင်းစေဖို့ ပွင့်ခဲ့တာ။ ဒီအကြောင်း နောက်ထပ် သံတိုင်ကြီးနဲ့ ဆိုင်လာတဲ့အခါ အကျယ်ထပ်ရှင်းကြမယ်"

တိုနီလည်း သူတို့ဟာ တစ်ခုခုလှုပ်ရှားလို့ ရခါနီးပြီဆိုပြီး စိတ်အားတက်နေတယ်။ "လာမယ့် ဥပုသ်နေ့ကျ အားမယ်ဆိုရင် နင့်မိသားစုနဲ့အတူ ပထမသံတိုင်ဆီသွားပြီး အမတဝိညာဉ်၊ နာမ်ဝိညာဉ်ဝါဒနဲ့ ဆိုင်တဲ့တိုင်ကို နင့်ရဲ့သော့နဲ့ ဖွင့်ကြတာပေါ့"

"ပြောရရင် မြို့ရဲ့တစ်ဘက်ကိုသွားပြီး တရားတိုက်ကျွေးစရာရှိတယ်။ နောက်ထပ်အပတ်မှာတော့ အားပါတယ်"

"ကောင်းပြီ၊ ဒီမှာ Stella အတွက် သော့ တစ်ချောင်း။ ဒီသော့တွေ သုံးလို့ရအောင် အမြဲသုံးပေးဖို့လိုတယ်။ နင်က မသုံးလိုက်တာနဲ့ သော့ဟာငယ်သွားပြီး ဒီမြို့ကြီးရဲ့ စိတ်ကျခြင်းဆိုတဲ့ သော့ခလောက်ကို ဖွင့်လို့ရမှာ မဟုတ်တော့ဘူး"

"ကျေးဇူးပဲ တိုနီ။ ဒီလိုလက်ဆောင်ထူးတွေအတွက် ကျေးဇူးအရမ်းတင်ပါတယ်"

တိုနီ ဆီကနေ သိလာခဲ့တဲ့အကြောင်းတွေကို Maatan လည်း အိမ်ရောက်တော့ Stella ကို မျှဝေလိုက်တယ်။ Stella လည်း Maatan ဆီက သော့ ရတဲ့အတွက် ဝမ်းသာနေတယ်။

Maatan က Stella ကို "ငါတို့ (၂) ယောက်လုံး သော့တွေကို ဘယ်အချိန်၊ ဘယ်နေရာမှာ သုံးရမလဲဆိုတာ သိဖို့ ခဏခဏသုံးရမှာ။ ဒီ Constance မြို့ရဲ့ လောင်းရိပ်ကြီးကနေ လွတ်နိုင်ဖို့ ဘဝမှာ စိန်ခေါ်မှုကြုံတိုင်း ဒီသော့ကိုသုံးပြီး ဘုရားရဲ့အလိုတော်ကို ငါတို့ ကြည့်ရမယ်"

# အခန်း ၃၁

# ခမည်းတော်ရဲ့ မေတ္တာသဝဏ်လွှာ

နောက်အပတ်မှာ Maatan ဟာ Edward နဲ့ ဘုရားသားသမီးဖြစ်ရခြင်းရဲ့ ကောင်းချီး မင်္ဂလာတော်အကြောင်း သွားပြီးတရားဟောတယ်။ သခင်ယေရှုက ကျွန်တော်တို့ဟာ သားဆိုတဲ့ရာထူးရကြောင်း တောထဲမှာပြပြီးခဲ့သလို ကောင်းကင်တမန် (၃) ပါးအားဖြင့် လည်း ဗျာဒိတ်ကျမ်း အခန်းကြီး (၁၄) ထဲမှာ အကျယ်ထပ်ချဲ့ခဲ့ပါတယ်။

"ကျွန်တော်တို့ဟာ သားဖြစ်တယ်ဆိုတာကို သခင်ခရစ်တော်က အခိုင်အမာဆိုခဲ့မှန်း ကျွန်တော်တို့ကယုံပြီး သူ့ရဲ့သန့်ရှင်းသော ဝိညာဉ်တော်ကို ပေးမယ့်ကတိကို လက်ကိုင် ထားမယ်ဆိုရင် ဘုရားသခင်က ဝိညာဉ်တော်ကို လွှတ်ပေးတော့ ကျွန်တော်တို့လည်း "အဗ္ဗ၊ အဘ" (ဂလာတိ ၄း၆) လို့ ခေါ်ကြမှာ ဖြစ်တယ်။ ခရစ်တော်ရဲ့အောက်မှာ ကျွန် တော်တို့ဟာ သားတော်များဖြစ်ကြသည်လို့ မှတ်ကြတဲ့အခါ ကျွန်တော်တို့ဟာ "ဗာဗုလုန် မြို့ကြီး ပြိုလဲပြီ" လို့ ပြောနိုင်ကြမှာဖြစ်တယ် (ဗျာဒိတ် ၁၄း၈)။ ကျွန်တော်တို့ဟာ ကျွန် လိုမျိုး ကယ်တင်ခြင်းရဖို့ ထိုက်တန်ကြောင်း အဖခမည်းတော်ကို ချပြစရာမလိုတော့ဘဲ ခမည်းတော်ရဲ့မေတ္တာတော်ကို ကိုးစား၊ ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်ဖြစ်ပြီးသားကို ရအောင် အားထုတ်နေစရာ မလိုတော့ပါဘူး" Maatan ဟာ ဒီအကြောင်းတွေကို မျှဝေရင်းနဲ့ သူ့ မျက်နှာဟာ ပွင့်နေပါတယ်။

"မွန်းလွဲပိုင်းမှာ Maatan က သုတ္တံကျမ်း ၁၇း၆ က သားတို့၏ဘုန်း ဆိုတဲ့အကြောင်းကို ဟောတယ်။ တရားတော်ကို အဆီထုတ်ရရင် ဘုရားရဲ့သားသမီးတွေဆိုတာ ကျွန်တော် တို့ရဲ့ ဂုဏ်ကို အားထုတ်ပြီး ယူစရာမလိုဘဲ ကျွန်တော်တို့ဟာ ခမည်းတော်ကို သိပါတယ် ဆိုတာကို ယုံလိုက်ရုံပါပဲ။ ။"

> "ထာဝရဘုရား မိန့်တော်မူသည်ကား၊ ပညာရှိသောသူသည် မိမိပ ညာ၌ မဝါကြွားစေနှင့်။ ခွန်အားကြီးသောသူသည် မိမိခွန်အား၌ မဝါ ကြွားစေနှင့်။ ဥစ္စာရတတ်သောသူသည် မိမိဥစ္စာ၌ မဝါကြွားစေနှင့်။ ဝါ

ကြွားသောသူ မည်သည်ကား၊ ငါသည် မြေကြီးပေါ်မှာ ချစ်သနားခြင်း၊ တရားသဖြင့် စီရင်ခြင်း၊ ဖြောင့်မတ်ခြင်းကို ပြုသော ထာဝရဘုရားဖြစ်ကြောင်းတည်းဟူသော၊ ငါ့သဘောကို သိနားလည်ခြင်း၌သာ ဝါကြွားစေ။ ငါသည် ထိုအရာတို့၌ မွေ့လျော်သည်ဟု ထာဝရဘုရား မိန့်တော်မူ၏။" - ယေရမိအနာဂတ္တိကျမ်း ၉:၂၃၊ ၂၄

တရားပိတ်သိမ်းတဲ့အခါ တရားနာပရိသတ်တွေမှာ အေးချမ်းခြင်း လွှမ်းခြုံသွားတယ်။ Maatan က ခမည်းတော်ရဲ့ မေတ္တာသဝဏ်လွှာဆိုတဲ့ ခမည်းတော်ရဲ့ မေတ္တာတော်အကြောင်း စုစည်းထားတဲ့ ကျမ်းချက်တွေကို ဗွီဒီယိုနဲ့ပြတယ်။

ငါ့သား

သင်သည် ငါ့ကိုသိမည်မဟုတ်၊ သင့်အကြောင်း အကုန်အစင်ငါသိ၏။ - ဆာလံ ၁၃၉:၁

သင်၏ထိုင်ခြင်း၊ ထခြင်းများကို ငါသိ၏။ - ဆာလံ ၁၃၉:၂

သင်၏ အကျင့်အလုံးစုံကို ငါသိ၏။ - ဆာလံ ၁၃၉:၃

သင့်ဦးခေါင်းရှိ ဆံပင်များ ရေတွက်ပြီးဖြစ်၏။ - ရှင်မဿဲ ၁၀:၂၉-၃၁

သင့်ကို ငါ့ပုံသဏ္ဌာန်နှင့်အညီ ဖန်ဆင်းထား၏။ - ကမ္ဘာ ၁:၂၇

သင်သည် ငါ့အားဖြင့် အသက်ရှင်၊ လှုပ်ရှား၊ ဖြစ်လျက်ရှိ၏။ - တမန်တော် ၁၇:၂၈

သင်သည် ငါ့အနွယ်တော်ဖြစ်၏။ - တမန်တော် ၁၇:၂၈

သင်သည် အမိဝမ်းထဲမရှိမီကပင် သင့်ကို ငါသိ၏။ - ယေရမိ ၁:၄၊ ၅

သင့်အား ရေးမဆွကပင် ရွေးခဲ့၏။ - ဖေက် ၁:၁၁၊ ၁၂

သင်သည် အမှုမဲ့ဖြစ်လာသည် မဟုတ်၊ သင့်နေ့ရက်များ ငါ့စာအုပ်၌ အကုန်အစင် မှတ်ထား၏။ - ဆာလံ ၁၃၉:၁၅၊ ၁၆

ငါသည် သင်မွေးမည့်အချိန်၊ မည်သည့်အရပ်တွင် နေမည်ကို ငါမှတ်သား၏။ - တမန်တော် ၁၇:၂၆

သင့်အား ဆန်းကြယ်သော အံ့ဩဖွယ်လက္ခဏာဖြင့် ဖန်ဆင်းထား၏။ - ဆာလံ ၁၃၉:၁၄

ငါသည် သင့်ကို အမိဝမ်းထဲတွင် ပုံသွင်းခဲ့၏။ - ဆာလံ ၁၃၉:၁၃

သင်မွေးသောနေ့တွင် ငါသည် သင့်ကို စောင့်ရှောက်၏။ - ဆာလံ ၇၁:၆

ငါသည် ငါ့ကိုမသိသူများ၏ ပုံမှားရိုက်ခြင်းခံရ၏။ - ရှင်ယောဟန် ၈:၄၁-၄၄

ငါသည် အဝေးနေ၊ အမျက်ထွက်သည်မဟုတ်။ ငါသည် ပြည့်စုံကုံလုံသည့် မေတ္တာရှင်ဖြစ်၏။ - ၁ ယော ၄း၁၆

ငါ့မေတ္တာကို သင့်အား ပေးလိုသည်မှာ ငါ့ဆန္ဒဖြစ်၏။ - ၁ ယော ၃:၁

သင်သည် ငါ့သား၊ ငါသည် သင့်ဖခင်ဖြစ်၏။ - ၁ ယော ၃:၁

ငါသည် လောကီဖခင်များထက် သာ၍ကောင်းသောအရာကို ပေး၏။ - ရှင်မဿဲ ၇:၁၁

ငါသည် စုံလင်သည့်ဖခင် ဖြစ်၏။ - ရှင်မဿဲ ၅:၄၈

သင်ရရှိသော ကျေးဇူးတော်တိုင်းသည် ငါ့ထံမှဖြစ်၏။ - ယာကုပ် ၁:၁၇

ငါသည် သင်၏လိုအပ်မှုအားလုံး ထောက်မပေးသူဖြစ်၏။ - ရှင်မဿဲ ၆:၃၁-၃၃

သင့်ရှေ့ရေးအတွက် ငါ့အကြံအစည်သည် မျှော်လင့်ခြင်းနှင့်ပြည့်၏။ - ယေရမိ ၂၉:၁၁

ငါသည် သင့်အား ထာဝရမေတ္တာဖြင့် ချစ်၏။ - ယေရမိ ၃၁:၃

ငါ့အကြံသည် သင့်အတွက် ပင်လယ်ကမ်းခြေရှိ သဲလုံးများကဲ့သို့ များပြား၏။ - ဆာလံ ၁၃၉:၁၇၊ ၁၈

ငါသည် သင်၏သီချင်းဆိုခြင်း၌ ဝမ်းမြောက်၏။ - ဇေဖနိ ၃း၁၇

ငါသည် သင့်ကို စဉ်ဆက်မပြတ် ကျေးဇူးပြုမည်။ - ယေရမိ ၃၂:၄၀

သင်သည် ငါပိုင်သည့် ဘဏ္ဍာတော်ဖြစ်၏။ - ထွက် ၁၉:၅

ငါသည် သင့်အား စိတ်နှလုံး၊ နာမ်ဝိညာဉ် အကြွင်းမဲ့ဖြင့် ဆက်ဆက်နေရာချလို၏။ - ယေရမိ ၃၂:၄၁

ငါသည် သင့်အား ကြီးသော၊ နက်နဲသောတရားကို ပြလို၏။ - ယေရမိ ၃၃း၃

ငါ့ကို စိတ်နှလုံးအကြွင်းမဲ့ဖြင့် ရှာလျှင် သင်တွေ့မည်။ - တရားဟော ၄း၂၉

ငါ၌မွေ့လျော်ခြင်းရှိလော့၊ သင့်အလိုကို ငါဖြည့်ဆည်းမည်။ - ဆာလံ ၃၇း၄

သင် ထိုသို့အလိုရှိနိုင်ရန် ငါပြုပြင်ပေး၏။ - ဖိလိပ္ပိ ၂း၁၃

ငါသည် သင်မှန်းဆတတ်သည်ထက် သာ၍ပြုနိုင်၏။ - ဧဖက် ၃:၂၀

ငါသည် သင့်အား နှစ်သိမ့်နိုင်ဆုံး ပုဂ္ဂိုလ်ဖြစ်၏။ - ၂ သက်သာလော ၂:၁၆၊ ၁၇

ငါသည် သင် ဆင်းရဲဒုက္ခအမျိုးမျိုးကြုံစဉ် နှစ်သိမ့်မှုပေးသည့် ဖခင်ဖြစ်၏။ - ၂ ကော ၁:၃၊ ၄

သိုးထိန်းသည် သိုးသငယ်ကို ချီသည့်နည်းတူ သင့်အား ငါ့နှလုံးသား၌ ထား၏။ - ဟေရှာယ ၄၀:၁၁

တစ်နေ့တွင် သင့်မျက်ရည်အားလုံးကို သုတ်ပေးမည်။ - ဗျာဒိတ် ၂၁:၃၊ ၄

ဤကမ္ဘာ၌ သင်ခံရသည့် ဒုက္ခခပ်သိမ်း ငါယူပစ်မည်။ - ဗျာဒိတ် ၂၁:၃၊ ၄

ငါသည် သင့်ဖခင်ဖြစ်၏။ ငါ့သားယေရှုအား ချစ်သကဲ့သို့ သင့်ကိုလည်း ချစ်၏။ - ယောဟန် ၁၇:၂၃

ယေရှုအားဖြင့် သင့်အတွက် ငါ့မေတ္တာကိုပြပြီ။ - ယောဟန် ၁၇:၂၆

၎င်းသည် ငါ၏ဇာတိအဖြစ်တော်ပင် ဖြစ်၏။ - ဟေဗြဲ ၁:၃

၎င်းက ငါသည် သင့်အတွက်ဖြစ်ကြောင်း လာ၍ပြ၏။ - ရောမ ၈:၃၁

ငါသည် သင့်အပြစ်ကို မမှတ်ထားကြောင်း လာ၍မိန့်၏။ - ၂ ကော ၅:၁၈၊ ၁၉

သင်နှင့် ငါသင့်မြတ်ရန် ယေရှုအသေခံခဲ့၏။ - ၁ ကော ၅:၁၈၊ ၁၉

၎င်း၏အသေခံခြင်းသည် သင့်အတွက် ငါ၏အကြီးမားဆုံး မေတ္တာဖြစ်၏။ - ၁ ယော ၄:၁၀

သင့်အချစ်ကိုရရန် ငါချစ်သည့်အရာခပ်သိမ်းကို စွန့်ခဲ့၏။ - ရောမ ၈:၃၁၊ ၃၂

သင်သည် သားတော်ကိုရလျှင် ငါ့ကိုလည်းရမည်။ - ၁ ယော ၂:၂၃

ငါ၏မေတ္တာနှင့် သင့်အကြား အဘယ်အရာကမှ ကွာစေတော့မည်မဟုတ်။ - ရောမ ၈:၃၈၊ ၃၉

အိမ်သို့ပြန်လှည့်ပါ။ ကောင်းကင်တွင် အခမ်းနားဆုံးပွဲ ငါပြုလုပ်မည်။ - လုကာ ၁၅:၇

ငါသည် ဖခင်ဖြစ်၏။ အစဉ်လည်း ဖြစ်မည်။ - ဖေက် ၃:၁၄၊ ၁၅

ငါမေးလိုသည်မှာ ... သင် ငါ၏သား ဖြစ်လိုသလော။ - ယောဟန် ၁:၁၂၊ ၁၃

ငါသည် သင့်ကိုစောင့်နေသည်။ - လုကာ ၁၅:၁၁-၃၂

ချစ်သော အဖ
ဤတန်ခိုးရှင် ဘုရားသခင်

တရားနာပရိသတ်အများလည်း ဘုရားသခင်ရဲ့ သားတော်ယေရှုကို ကယ်တင်ရှင်အဖြစ် လက်ခံကြပြီး ဘုရားရဲ့သားသမီးပါလို့ ဝန်ခံတဲ့အနေနဲ့ ရှေ့ထွက်လာကြတယ်။ ပရိသတ်အများကြီးဟာ သံဝေဂရကြတယ်။

နေဝင်လာတော့ သူတို့လည်း အိမ်ပြန်ကြတယ်။ လဆန်းကွေးကွေးကို မိုးကုတ်စက်ဝိုင်းမှာ မြင်ရတယ်။ Edward က "သိပ်ကောင်းတဲ့ ဥပုသ်ပဲ Maatan၊ ဒီနေ့ လိုက်ဖြစ်ခဲ့တာ တကယ်ပီတိဖြစ်တယ်။"

"ဝိညာဉ်တော်ဟာ တကယ်ပဲကျရောက်ပြီး ခမည်းတော်ရဲ့ မေတ္တာလည်း တိုးပွားပါတယ်။ လပြန်ဆန်းတော့ ပန်းခြံထဲမှာ ဘုရား၏လမ်းစဉ် ရခဲ့တာကို ပြန်အမှတ်ရဖြစ်တယ်။ အဲဒီအဖြစ်က ကျမ်းချက်တစ်ချက်ကို အမှတ်ရစေတယ်။ ။

"လူသတ္တဝါအပေါင်းတို့သည် ငါ့ရှေ့မှာ ကိုးကွယ်ခြင်းငှာ လဆန်းနေ့နှင့် ဥပုသ်နေ့ အစဉ်အတိုင်းလာကြလိမ့်မည်ဟု ထာဝရဘုရား မိန့်တော်မူ၏။" - ဟေရှာယအနာဂတ္တိကျမ်း ၆၆:၂၃

"လဆန်းနဲ့ ခမည်းတော်ကို ကိုးကွယ်လို့ ခံစားရတဲ့ပီတိတွေဟာ ဆက်စပ်မှုရှိမယ်လို့ မှတ်တယ်။ ဘုရားက ဒီခမ္ဗစစ်ကို ပြမယ်လို့ ငါသိတယ်"

Edward လည်း "အာမင်ပါ" တဲ့။

နောက်နေ့မနက်စောစောမှာ Maatan ဟာ သီချင်းသံကြောင့် နိုးခဲ့တယ်။ Charles Wesley ရဲ့ "အံ့ဖွယ်မေတ္တာ၊ ဆန်းလှတကား၊ ကျွန်ုပ်ဘုရား သေခံခဲ့ပြီ" သီချင်းပါ။ Maatan က သူဟာ ခရစ်တော်ကိုမှီပြီး ဘုရားရဲ့သား ဖြစ်ရခြင်းအကြောင်း၊ ခရစ်တော်က သူ့ရဲ့မောဟကို ပျောက်စေတာတွေကို စဉ်းစားနေတယ်။ သူဟာ ကျွန် မဟုတ်တော့ဘဲ သားဖြစ်ပါပြီ။ ဒီလိုနဲ့ သူဟာ တစ်ယောက်ထဲဆိုပေမယ့် အဖက်ခံရသလို ခံစားရတယ်။ ဘုရားရဲ့မေတ္တာကို ခံစားရတဲ့အတွက် ပီတိမျက်ရည် ကျတယ်။ နောက်ပြီး အောက်မှာ ရေးထားတဲ့စာကို ကြားတယ်။

ဒီသတင်းကို ကမ္ဘာနဲ့အောင်ဖြန့်ပါ။ နင့်ကို နာမည်တပ်ပြီး ငါခေါ်ခဲ့ပြီ။ နင့်ရဲ့ နာမည်ဂုက်ဟာ Maayan Israel။ အကြောင်းကတော့ သက်စမ်းရေ နင့်ကိုတစ်ဆင့်ခံပြီး ငါ့ဆီကစီးဆင်းမှာကြောင့်ပဲ။ နင့်မိန်းမရဲ့ နာမည်ဂုက်က Stela Israel။ ငါ့ရဲ့ပြာဋ္ဌိဟာ ပြလို့ရမယ့် မှတ်တိုင်ကြီး ဖြစ်မယ့်သူ ဖြစ်လို့ပါ။

"ငါသည် သင့်ကို အသွားရှိသော စပါးနယ်စရာ ယန္တရားစက်အသစ်ဖြစ်စေမည်။ သင်သည် တောင်ကြီးတို့ကိုနယ်၍ ညက်စေမည်။

တောင်ငယ်တို့ကို ဖွဲကဲ့သို့ ဖြစ်စေမည်။ သူတို့ကိုလှေ့၍၊ လေသည် သူ
တို့ကို တိုက်သွားလိမ့်မည်။ မုန်တိုင်းလွင့်လိမ့်မည်။ သင်မူကား ထာဝရ
ဘုရား၌ ဝမ်းမြောက်လိမ့်မည်။ ဣသရေလအမျိုး၏ သန့်ရှင်းသောဘု
ရား၌ ဝါကြွားလိမ့်မည်။ ဆင်းရဲသောသူနှင့် ငတ်မွတ်သောသူတို့သည်
ရေကိုရှာ၍ မတွေ့၊ ရေငတ်၍ လျှာသွေ့ခြောက်သောအခါ၊ ငါထာဝရ
ဘုရားသည် သူတို့စကားကို နားထောင်မည်။ ဣသရေလအမျိုး၏ ဘု
ရားသခင်ဖြစ်သော ငါသည် သူတို့ကိုမစွန့်။ မြင့်သောအရပ်တို့၌ မြစ်ကို
လည်းကောင်း၊ နိမ့်သောအရပ်တို့၌ စမ်းရေကိုလည်းကောင်း ငါပေါက်
စေမည်။ တောအရပ်၌ ရေကန်များကိုလည်းကောင်း၊ သွေ့ခြောက်
သောအရပ်၌ စမ်းရေတွင်းများကိုလည်းကောင်း ငါဖြစ်စေမည်။ တော
၌ အာရဇ်ပင်၊ အကာရှပင်၊ မုရတုပင်၊ သံလွင်ပင်များကိုလည်းကောင်း၊
လွင်ပြင်၌ ထင်းရှူးပင်၊ တဒေရပင်၊ တာရှုရပင်များကိုလည်းကောင်း
ရောနှောလျက် စိုက်မည်။" - ဟေရှာယအနာဂတ္တိကျမ်း ၄၁:၁၅-၁၉

Maatan ဟာ အာရုံနှစ်ခဲ့လွန်းလို့ သေမှာကြောက်တဲ့အထိပါပဲ။ မေတ္တာတော်ဟာ လေး
နက်လွန်းလို့ သူ့ရဲ့အချိုးဟောင်းက ကြောက်ဒူးတုန်သွားတယ်။ စိတ်သစ်၊ လူသစ်ဘဝမှာ
တော့ သူဟာ အသစ်သော အသက်တာ၊ ခေါ်တော်မူခြင်း ခံရတာတွေကို လက်ခံတယ်။

"အဖ၏ ခေါ်တော်မူခြင်းကို ကျွန်တော်လက်ခံပါတယ်။ ကျွန်တော်ကတော့ ဘာမှမလုပ်
နိုင်ပါ။ ကိုယ်တော်သည် ကျွန်ုပ်ကို လမ်းပြမည်ဟု ယုံပါသည်။ ခမည်းတော်ကို မြင်နိုင်ရန်
လမ်းပြပေးသည့်အတွက် ကျေးဇူးတင်ပါသည်။ ကိုယ်တော်၏ဝိညာဉ်ကြောင့် ကိုယ်တော်
၌ ပီတိခံစားရပါသည်။ ကိုယ်တော်၏မေတ္တာကို ခံစားရပြီး ကိုယ်တော်၏ထမ်းပိုးကို ထမ်း
ရပျော်ပါသည်။ ကိုယ်တော်၏နာမတော်ကို အမှီပြု၍ ဆုတောင်းပါ၏။ အာမင်"

# အခန်း ၃၂
# ကြေးဝါမှရွှေသို့

နောက်အပတ်ဥပုသ်မှာ Maatan ဟာ သားတော်ကိုမှီပြီး ရလာတဲ့ ခမည်းတော်ရဲ့ မေတ္တာ အကြောင်း ဟောဖို့နဲ့ စိတ်ပိခဲ့ပါတယ်။ သူက ကြေး၊ သံ စတဲ့အဆင့်ရှိနိုင်ငံတွေမှာ နေနေ သေးတဲ့ တရားနာပရိသတ်တွေကို လွတ်မြောက်စေချင်တာပါ။ အဲဒီနေ့ မွန်းလွဲပိုင်းမှာ သူ တို့မိသားစု တိုနီ ဆီဝင်ပြီး ပထမသံတိုင်ရှိတဲ့နေရာကို သွားကြတယ်။ Stella နဲ့ Maatan တို့မှာ ဘုရားရဲ့ လမ်းစဉ်သော့ ရှိကြပြီး တရားအသစ်တွေ့ဖို့ စိတ်လှုပ်ရှားနေကြတယ်။

"Maatan နဲ့ Stella တွေ့ရတာ ဝမ်းသာပါတယ်။ Chi နဲ့ Leo ကော နေကောင်းကြလား" လို့ တိုနီက နှုတ်ဆက်တယ်။

Chi က "သံတိုင်ကြီးကို ကြည့်ချင်နေတာ။ ဒီနေ့မှာ ဂေါလျတ်လို လူကြီးကြီး တစ် ယောက်ကို လက်စတုံးပစ်မယ်လို့ ဖေဖေကပြောတယ်" တဲ့။

"သြော် ဒီလိုလား Chi။ ငါတောင် ဒီလိုမစဉ်းစားခဲ့ဖူးဘူး။ နင့်သားကို ဘာတွေသင်ထား ပေးလဲ Maatan"

"ဓမ္မရာဇဝင် ဒုတိယစောင်မှာ ဂေါလျတ်က သား (၄) ယောက်ရှိတာ တွေ့ခဲ့တယ်။ ။

> "ထိုသူလေးယောက်တို့သည် ဂါသမြို့၌နေသော ရေဖိမ်လူကြီး၏သား ဖြစ်၍၊ ဒါဝိဒ်နှင့် သူ၏ကျွန်တို့လက်ဖြင့် သေကြ၏။" - ဓမ္မရာဇဝင်ဒုတိ ယစောင် ၂၁:၂၂

"ငါတို့ဟာ ရောမတိုင်ကြီး (၅) တိုင်နဲ့ အဝိုင်းခံရတယ်။ ဂေါလျတ်နဲ့ သား (၄) ယောက်တို့ နဲ့ သွားတူတယ် - အဲဒါတွေကို ခမည်းတော်ရဲ့ ရင်ခွင်ကိုပို့ပေးမယ့် ကျောက်ချော(၅) လုံး နဲ့ ပစ်ကြတာပေါ့ (၁ ရာ ၁၇း၄၀၊ ရှင်ယောဟန် ၁း၁၈၊ တမန်တော် ၂၇း၃၉) - ခင်ဗျားက ဘုရားရဲ့လမ်းစဉ်သော့က ဒီမြို့ကနေလွတ်နိုင်အောင် အရောင် (၅) ရောင်ပြောင်းတယ်

ပြောတယ်နော်။ အဲဒါဟာ ဘုရားရဲ့ပလ္လင်တော်ကနေ စီးလာတဲ့မြစ်ထဲက ဒါဝဒ်ကောက်ခဲ့တဲ့ ကျောက် (၅) လုံးနဲ့ ဆက်စပ်တယ်လို့ ကျွန်တော်မြင်တယ် (ဆာလံ ၄၆း၄)။"

"ကောင်းတယ် Maatan။ ဒီနေ့ ငါအသစ်တစ်ခု သိရတာပေါ့။ ဒီဆက်စပ်မှုအတွက် ခမည်းတော်ကို ချီးမွမ်းပါတယ်။ အခု ငါက ငါတို့ခေါင်းထဲမှာစိုက်ထားတဲ့ ငုတ် (၅) ချောင်း အကြောင်း ပြောချင်တယ်။"

"ပထမငုတ်က ရသာရုံနဲ့ဆိုင်တယ်။ အဲဒီငုတ်ကို ဖိလိုက်ရင် လျှာမှာ သက်ရောက်မှုရှိတာကို ခင်ဗျားသိမှာပါ။ ငုတ်ဟာ ကြေးဖြစ်နေရင် ရသာရုံဟာ တော်တော်ပျက်ပြားပြီး ဘုရားရဲ့နှုတ်ကပတ်တော် ဝါစာတွေကို အရသာမခံတတ်ဘူး။ သမ္မာကျမ်းစာမှာ ဒီလိုလာတယ်။

> "မိန့်တော်မူချက်တို့သည် အကျွန်ုပ်အာခေါင်၌ အလွန်ချိုကြပါ၏။ ခံတွင်းထဲမှာ ပျားရည်ထက်သာ၍ ချိုကြပါ၏။" - ဆာလံကျမ်း ၁၁၉း၁၀၃

"ခရစ်တော်ဟာ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော် ဖြစ်တယ်။ ကျွန်တော်တို့ရဲ့ စိတ်တံခါးကို အနန္တအမှန်တရားအတွက် ဖွင့်တဲ့အခါ ဘုရားရဲ့ဝါစာဟာ ပျားရည်ထက်ချိုပြီး၊ ရွှေစင်ထက် သာပါတယ် (ဆာလံ ၁၉း၁၀)။ နာမ်ဝိညာဉ်ဝါဒကနေ ဖြစ်လာတဲ့ဝိညာဉ်ဟာ မသေတတ်ဘူးဆိုတဲ့ ဘုရားရဲ့ဝါစာကိုဖျက်တဲ့ ရသာရုံကို ငါတို့ အခုဖြုတ်တော့မှာ။ ဝိညာဉ်ဟာ မသေတတ်ဘူး ဆိုတဲ့အကြောင်းမှာ မြုံးမိတဲ့အခါ ယေရှုသည် ဘုရားရဲ့သား ဧကန်ဖြစ်ကြောင်း လက်ခံဖို့ခက် (သို့) မြို့ကနေ ထွက်ပြေးနိုင်မယ့် အမှန်တရားတွေကို လက်ခံတတ်ဖို့ ခက်သွားမယ်။

"ဒီငုတ်ဟာ ရွှေအဖြစ်ပြောင်းသွားရင် မျက်စိနဲ့မြင်နိုင်တဲ့ စာတန်ရဲ့မှသားထောင့်ကျောက်ဟာ ပျက်ပြီ။ အဲဒါကြောင့် ဒီကနေပဲ ငါတို့စရမှာ။ ငါတို့ဟာ သမ္မာကျမ်းစာကို သမ္မာဒိဋ္ဌ ကျကျ သိရမှာဖြစ်တယ်။ ဒီရသာရုံဟာ ဒံယေလက ဗာဗုလုန်မြို့မှာ ပထမဆုံးအစမ်းခံရတဲ့ အာရုံပဲ။ သူဟာ ရသာရုံနောက်မလိုက်ဘဲ ဘုရားရဲ့ နှုတ်ကပတ်တော်အတိုင်း နေခဲ့တယ်။ ဒီနယ်ပယ်မှာ Higher Criticism ဆိုတဲ့ အဆင့်မြင့် သုံးသပ်ချက်၊

ငြင်းတတ်တဲ့အကျင့်၊ ကျမ်းစာကို မှားမှားယွင်းယွင်း အဓိပ္ပာယ်ဖွင့်ခြင်း စတာတွေပါဝင်တယ်။ မကြာခဏလည်း ငါတို့က သမ္မာကျမ်းစာထက်ပိုပြီး တတ်ကြတယ်။ အဲဒါနဲ့ နာမ်ဝိညာဉ်ဝါဒကို မရည်ရွယ်ပေမယ့် ပါပါလာတတ်ရော။ ရှေ့လိုစင်ကြယ်တဲ့ရသာရုံက လူ့ဉာဏ်စဉ်တွေ၊ ပညာဉာဏ်တွေကို ငြင်းပယ်ပြီး လူ့ဉာဏ်စဉ်ကင်းတဲ့ ကျမ်း ကျမ်းချင်း အနက်ဖွင့်တဲ့အပေါ်ပဲ ရပ်တည်တယ်”

တကယ်လို့ ခင်ဗျားဟာ ဘုရားနှုတ်ကပတ်တော်လာအတိုင်း ဘုရားရဲ့သားတော် အကြောင်း သိချင်ရင် William Miller ရဲ့ ကျမ်းစာအနက်ပြန် နည်းနိသျရည်းကို မဖြစ်မနေလိုက်ပါ။ ။

၁။ ဦးစွာ စကားလုံး စကားလုံးအတိုင်း တိတိကျကျ အနက်ဖွင့်ပါ။

၂။ အကြောင်းတစ်ခုကို ကျမ်းတစ်အုပ်လုံးက ဘယ်လိုပြောထားလဲဆိုတာကို စုစည်းပြီး ဝိရောဓိမရှိဘဲ နိဂုံးချုပ်နိုင်ရင် ခင်ဗျားမှာ ဓမ္မရှိပါပြီ။

၃။ သမ္မာကျမ်းစာကို ကျမ်းအချင်းချင်းကပဲ အနက်ဖွင့်ပြပါတယ်။

၄။ ကျမ်းစာမှာသုံးထားတဲ့ ပုံဆောင်ခဲတွေကို အခြားကျမ်းတွေမှာ အဓိပ္ပာယ်ဖွင့်ထားပါတယ်။

၅။ ကျမ်းစာပြောတဲ့အတိုင်းပဲ ကျွန်တော်တို့ရဲ့စိတ်ကို နှစ်ထားရပါမယ်။ ကိုယ့်ကိလေသာ ဆွဲခေါ်ရာနောက်ကိုလိုက်ပြီး အနက်မဖွင့်ရဘူး။

“ဒီနည်းအတိုင်းသာ လုပ်လို့ကတော့ ခင်ဗျား ပဋ္ဌမာယာကျော့ကွင်းကနေ လွတ်ဖို့သေချာပြီ”

“သိပ်ကောင်းတယ် တိုနီ ဒီအကြောင်းသိရတာ ဝမ်းသာတယ်။ ကျွန်တော်တို့ ဆွေးနွေးခဲ့တဲ့ သုံးပါးတစ်ဆူကတော့ ဒုတိယသံတိုင်ကြီးပေါ့။ အဲဒါက ဘာအာရုံနဲ့ ဆိုင်မလဲ။

“ဒါကတော့ ဒီလိုပါ Maatan”

“အိုက္ကသရေလအမျိုး၊ နားထောင်လော့။ ငါတို့၏ ဘုရားသခင်ထာဝရဘုရားသည် တစ်ဆူတည်းသော ထာဝရဘုရားဖြစ်တော်မူ၏။” - တရားဟောရာကျမ်း ၆:၄

“ကောင်းပြီ၊ ဒုတိယသံတိုင်က အသံဆိုတဲ့ သဒ္ဒါရုံနဲ့ ဆိုင်တယ်ပေါ့။ ဒီအကြောင်းက သိနာတောင်ပေါ်ကနေ ပညတ်တော်ကို ပေးခဲ့တဲ့ဖြစ်စဉ်ကို စဉ်းစားဖြစ်စေတယ်။ ဘုရားသခင်ကတော့ သူပေးချင်တဲ့ ကောင်းချီးတွေ နားထောင်စေချင်ခဲ့တာ။ သူတို့က ကြောက်လွန်းနေပြီး နားမထောင်ချင်ကြဘူး။ သေမှာကို ကြောက်တာနဲ့ပဲ မောရှေကို သူတို့ကိုယ်စားသွားနားထောင်ခိုင်းကြတယ်။ ။

“ထိုကြောင့် ယခုတွင် သင်တို့သည်ငါ့စကားကို အမှန်နားထောင်၍ ငါ့ပဋိညာဉ်ကို စောင့်ရှောက်လျှင် အခြားသောလူမျိုးတကာတို့ထက် သင်တို့သည် ငါပိုင်ထိုက်သော ဘဏ္ဍာတော်ဖြစ်ရကြလိမ့်မည်။ မြေကြီးရှိသမျှသည် ငါ၏ဥစ္စာဖြစ်၏။” - ထွက်မြောက်ရာကျမ်း ၁၉:၅ (YLT)

“မောရှေကိုလည်း၊ အကျွန်ုပ်တို့အား ကိုယ်တော်မိန့်တော်မူပါ၊ အကျွန်ုပ်တို့သည် နားထောင်ပါမည်။ အကျွန်ုပ်တို့အား ဘုရားသခင်မိန့်တော်မမူပါစေနှင့်။ အကျွန်ုပ်တို့သည်သေမည်ကို စိုးရိမ်ပါသည်ဟု လျှောက်ဆိုကြ၏။” - ထွက်မြောက်ရာကျမ်း ၂၀:၁၉

“ဒီအကြောင်းက ဆာလံထဲမှာ ယေရှုက ခမည်းတော်ဆီ လျှောက်ထားတာကို သတိရစေတယ်” လို့ Stella က ဖြည့်တယ်။

“ကိုယ်တော်သည် ယဇ်နှင့်ပူဇော်သကာကို အလိုတော်မရှိသည်ဖြစ်၍၊ အကျွန်ုပ်နားကို ဖွင့်တော်မူပြီ။ မီးရှို့ရာယဇ်နှင့် အပြစ်ဖြေရာယဇ်များကို တောင်းတော်မမူသောအခါ” - ဆာလံကျမ်း ၄၀:၆

တိုနီက "ဩော်၊ ငါ့အတွက် အမြင်သစ်ပဲ။ ယေရှုရဲ့ဝိညာဉ်တော် ငါတို့နဲ့ရှိရင် ငါတို့နားဟာ ပွင့်မှာပါ။ ကျမ်းစာလာအတိုင်း လိုက်လျှောက်တဲ့ ယေရှုရဲ့ယုံကြည်ခြင်းမျိုးဟာ အတော့်ကို တန်ဖိုးရှိတာပါလား။"

"သံတိုင်ကြီးခြေရင်း ရောက်တော့ Maatan က "ငါတို့သွားမယ့်နေရာ ရောက်ပြီ" တဲ့။ အယောက်တိုင်းက တိုင်ထိပ်ကိုကြည့်ကြတယ်။ အရင်တုန်းကတော့ ဂရုမထားတော့ ဘာမှမမြင်ကြဘူး။ အခုကျမှ စိတ်ဝင်စားကြတယ်။ တကယ်လည်း စိတ်ဝင်စားဖို့ကောင်းပါတယ်။ တိုင်က ပေ (၉၀) မြင့်တယ်။ ရှေးစကားနဲ့ဆို အတောင် (၆၀) ပေါ့။ သံထူထူတွေဟာ ဟောင်းမှန်းပြပေမယ့် အခြေအနေမဆိုးပါဘူး။ ဒါက ဒီတိုင်တွေကို ကောင်းကောင်းကြည့်ရှုထားမှန်း သိသာပါတယ်။

တိုင်အောက်ခြေပတ်ပတ်လည်ကို အနီရောင်ဆေး သုတ်ထားပြီး အောက်ခြေရဲ့ဗဟိုမှာ "G" လို့ ရေးထားတယ်။ ကြိုးက သံနဲ့ကြေးဝါ စပ်ထားတာဖြစ်ပြီး တစ်ယောက်ယောက်ဖြတ်ဖို့ကြိုးစားရင် သံတိုင်ကို နည်းနည်းတော့အချိန်ဆွဲပြီး ကာထားပေးနိုင်တာပေါ့။

Leo က "'G' က ဘာပြောချင်တာလဲ" တဲ့။

"အများကြီးရှိတာပေါ့။ 'G' ဟာ Greece ကိုပြောတာ။ ဒီလျှပ်စစ်သံလိုက်စနစ်က ကျွန်းသစ်ရဲ့ ခန္ဓာကိုယ်ကနေ စလာတာ (ဗျာဒိတ် ၁၃း၂)။ 'G' ဟာ မျိုးဆက်ဆိုလည်း ဟုတ်တယ်။ 'ဆိုးညစ်၍ မျောက်မထားသော အမျိုးသည် နိမိတ်လက္ခဏာကို တောင်းကြ၏' (ရှင်မဿဲ ၁၆း၄)။ 'G' ဟာ ဆွဲငင်အားဆိုလည်း ဟုတ်တယ်။ ဒီလိုကွန်ယက်က လူတိုင်းကို သားရဲရဲ့နောက်ကို လိုက်စေ၊ ကိုးကွယ်စေတယ်။ 'G' ဟာ ဒီမြို့သားတွေပဲ ဖြစ်ဖြစ်၊ ငါတို့ရဲ့ဘုရား အသေခံခဲ့တဲ့မြို့နဲ့ အဲ့မြို့ကလူတွေရဲ့ မျက်စိကိုကန်းစေတဲ့ ဒီကမ္ဘာရဲ့အဓိပတိပဲ"

Chi က "G အက္ခရာနားမှာ မှုန်ဝါးဝါး အမှတ်အသားတွေ ရှိတယ်" တဲ့။

"ဟုတ်တယ် Chi။ 'G' အောက်ကဟာက စတုရန်းပုံပဲ။ သူ့အပေါ်ကတော့ သံလိုက်အိမ်မြှောင်ပဲ။ ဒါက Freemason တို့ရဲ့ သင်္ကေတပဲ။ သူတို့က ဒီမြို့ကို တည်တဲ့နေရာမှာ ဦးစီး

ဦးဆောင်ပဲ။ သူတို့က မျိုးရိုးနဲ့ကို မြို့တွေဆောက်ခဲ့တာ။ သူတို့ဟာ မြို့စတည်ဆောက်တဲ့ ဧနောက်ရဲ့မျိုးဆက်တွေပဲ (ကမ္ဘာ ၄း၁၇)။ ဟုတ်တယ် 'G' ဟာ ဂေါလျတ်နဲ့ သူ့သားတွေပဲ။ သူတို့က ယေဟောဝါနဲ့ သားတော်ယာရှုကို ကျိန်ကြတယ်"

ဒါနဲ့ Maatan က "ဒါဆို၊ ဒီတိုင်ဟာ ဂေါလျတ်ရဲ့သားဦးဖြစ်မှာပဲ။ ငါတို့ တကယ်လွတ်လပ်ချင်ရင် ဒီလိုချုပ်ထားတဲ့စနစ်ရဲ့ ဒီထောင့်ကျောက်အုတ်မြစ်ကို ဖြိုရမှာပဲ" တဲ့။

> "ဖာရောဘုရင်ကိုလည်း ထာဝရဘုရားက ဣသရေလသည်ငါ့သား ဖြစ်၏။ ငါ့သားဦးဖြစ်၏။ ငါ့သားသည် ငါ့အားဝတ်ပြုသောအခွင့်ရှိစေခြင်းငှာ လွှတ်လော့။ မလွှတ်ဘူးဟု ငြင်းလျှင်၊ သင်၏သား၊ သင်၏သားဦးကိုပင်ငါကွပ်မျက်မည်ဟု မိန့်တော်မူကြောင်းကို ဆင့်ဆိုလော့ဟု မောရှေအားမှာထားတော်မူ၏။" - ထွက်မြောက်ရာကျမ်း ၄:၂၂၊ ၂၃

"ဂေါလျတ်ရဲ့သားတွေက ဘယ်လိုပြန်ဖြေမလဲဆိုတာ သိပါတယ်။ သူတို့ဟာ ဘယ်တော့မှ ခွင့်မလွှတ်၊ မမေ့၊ လက်မမြှောက်မဲ့ အစားတွေ" လို့ တိုနီ ကပြောတယ်။

"ဒါဆို ဒီသော့ကို ဘယ်လိုသုံးရမှာလဲ" လို့ Maatan ကမေးတယ်။

Maatan ရေ၊ ဂါသမြို့သား ဘီလူးကြီးကိုဖြိုလဲဖို့ သော့ကိုင်ပြီး ဘုရားစာရွတ်ပါ။ ဘီလူးကတော့ ခင်ဗျားကို အမှုန့်ကြိတ်ဖို့ လာလိမ့်မယ်။ ယေရှုရဲ့ယုံကြည်ခြင်းကိုသာ စွဲကိုင်ထားလိုက်။ ဒါဆို နင်နိုင်မှာပါ။"

Maatan ဟာ တိုင်နားနီးလာတဲ့အခါ အတိတ်က သူ့ရဲ့မကောင်းခဲ့တာတွေအကြောင်းဆီ စိတ်ရောက်သွားတယ်။ Maatan ရဲ့စိတ်ထဲမှာ အသံတစ်သံဝင်လာပြီး *"နင်နဲ့ နင့်ဘုရားကို ငါမမှုဘူး။ နင် ဒီမြို့ကနေ ဘယ်တော့မှ မလွှတ်စေရဘူး။ နင်က ငါ့လက်အောက်မှာ မွေးခဲ့တာ။ ဘယ်တော့မှ အရှုံးမခံဘူး။ နင်က ငါ့ကို ကတိပေးပြီးသားပဲ။ ကတိတည်မယ်လို့ ငါမှတ်ထားတယ်"* တဲ့။

Maatan ဟာ သူ့ရဲ့အတိတ်မဲတွေကြောင့် တုန်သွားတယ်။ သူ့ရဲ့ကယ်တင်ရှင်ကို အနာတရဖြစ်စေခဲ့လို့ စိတ်မကောင်းဖြစ်သွားတယ်။ ဒါပေမယ့် သခင်ခရစ်တော်ကိုမှီပြီး ပေးထားတဲ့ကတိကို သူက လက်ကိုင်ထားတယ်။ ။

"သင်သည် ငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေတည်း"

Maatan ကအော်ပြီး "ဒါကို ငါယုံတယ်။ ငါဟာ ဘုရားရဲ့သားပဲ အခုငါပြောမယ်။ ။

> "ဒါဝိဒ်က သင်သည် ဓား၊ လှံ၊ ကိဒုန်ပါလျက် ငါ့ထံသို့လာ၏။ ငါသည် သင်ကြိမ်းပသော ဣသရေလဗိုလ်ခြေတို့၏ ဘုရားသခင်၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား၏ နာမတော်ပါလျက် သင်ရှိရာသို့လာ၏။" - ဓမ္မရာဇဝင်ပထမစောင် ၁၇:၄၅

"ခင်ဗျားဟာ ရှုံးပြီးသားရန်သူပါ အဖျက်သမားကြီးရေ။ ငါဟာ ဘုရားရဲ့သား၊ ဘုရားသည် ငါ့ဘုရားဖြစ်တယ်။ ဘုရားမိန့်ထားတဲ့အတိုင်းလိုက်ဖို့ ပိုင်းဖြတ်ပြီးသားပဲ။ ငါဟာ ဘုရားသား ဟုတ်မဟုတ် လိုက်ပြီးရှင်းနေမှာ မဟုတ်ဘူး။ ကျောက်တုံးကို မုန့်ဖြစ်အောင် လုပ်ပြနေစရာမလိုဘူး။ ငါဟာ အချစ်ခံသားပဲ။ ကမ္ဘာမတည်ခင်ကတည်းက ဒီလိုဆုံးဖြတ်၍ပေးထားပြီးသားပဲ"

"ဘုရားရဲ့ဝိညာဉ်တော် ငါ့အပေါ်မှာရှိတယ်။ ဘုရားသခင်ဆုံးမပါစေ ဂေါလျတ်ရဲ့သားရေလို့ အဲဒီဝိညာဉ်အားကိုးနဲ့ ငါပြောမယ်"

အဲဒီအချိန်မှာ Maatan လက်ထဲက သော့ကနေ အပြာရောင် ရောင်ခြည်ထွက်လာပြီး တာဝါတိုင်ခြေကို ပစ်တယ်။ မြေကြီးလည်း အသံအကျယ်ကြီးမည်၊ လှုပ်၊ သံတွေကွေးပြီး ပြိုလဲသွားတယ်။ ဒါနဲ့ Maatan နဲ့ Stella တို့ဟာ လှျာမှာ နာကျင်မှုခံစားရပြီး ကောင်းကင်ကနေ အသံတော် ထွက်လာတယ်။

> "ထိုအခါ ကောင်းကင်တမန်သရပ်တစ်ပါးသည် ယဇ်ပလ္လင်ပေါ်က မီးညှပ်ဖြင့်ယူသော မီးခဲတစ်ခဲကို လက်နှင့်ကိုင်လျက်၊ ငါရှိရာသို့ပျံလာ၍၊

ငါ့နှုတ်ကိုတို့ပြီးလျှင်၊ ဤမီးခဲသည် သင်၏နှုတ်ခမ်းကိုတွေ့ပြီ။ သင်၏ ဒုစရိုက်ကိုသုတ်သင်ပြီ။ သင်၏အပြစ်လည်း ပြေရှင်းပြီဟု ဆို၏။” - ဟေရှာယအနာဂတ္တိကျမ်း ၆:၆၊ ၇

Maatan တို့မိသားစုလည်း လက်ချိတ်ကြပြီး ကခုန်ပျော်မြူးကြတယ်။ ဂေါလျတ်ရဲ့သား ဦးအောက်ကနေ လွတ်မြောက်ခြင်းပေါ့။ Maatan ကတော့ ပြိုလဲတဲ့သံတာဝါတိုင်ရဲ့အရိပ်ကို မြင်ရတဲ့အခါ လောင်းရိပ်များ မိသေးလားလို့ စိုးရိမ်ဖြစ်သေးတယ်။ သူက တိုနီကို မေးခွန်းနဲ့ကြည့်လိုက်တယ်။

“ဖမ်းချုပ်တာက နင့်ရဲ့စိတ်မှာပါ Maatan။ ကျမ်းစာကို သတိရပါ။ ။”

“ထိုလက်နက်အားဖြင့် လူတို့၏ အကြံအစည်တို့ကိုလည်းကောင်း၊ ဘုရားသခင်ကို သိသောပညာကို တားဆီးသော မာန်မာန ရှိသမျှတို့ကိုလည်းကောင်း၊ နှိမ့်ချမှောက်လှန်၍၊ ခပ်သိမ်းသောစိတ်တို့ကို ဖမ်းသွားချုပ်ထားလျက်၊ ခရစ်တော်၏စကားကို နားထောင်စေကြ၏။” - ကောရိန္သုဩဝါဒစာဒုတိယစောင် ၁၀:၅

“နင့်စိတ်ဟာ တာဝါတိုင်နဲ့ အဆက်ပြတ်ပါပြီ။ တာဝါတိုင်က နင့်ကို လွှမ်းမိုးနိုင်ဖို့ မစွမ်းတော့ဘူး။ ဘာကြောင့်လဲဆိုတာ အကြောင်းအရင်းက ဒီမှာ” ဆိုပြီး Tony က Stella ကို မှန်ဘီလူးပေးလိုက်ပြီး Maatan မှာရှိတဲ့ ငုတ်တွေကို စစ်ခိုင်းတယ်။

“ရွှေဖြစ်သွားပြီဟ Maatan”

“ကောင်းလိုက်တာ။ ဘုရားက ကြေးဝါကနေ ရွှေဖြစ်အောင်ပြောင်းပေးမယ်ဆိုတာ တကယ်ကြီးပဲ။ Maatan လည်း Stella ဆီက မှန်ဘီလူးကိုတောင်းပြီး Stella ရဲ့ ခေါင်းက ငုတ်ကို ကြည့်ပေးတယ်။ “နင့်ဟာလည်း ရွှေဖြစ်နေပြီ။ ဘုရားကို ချီးမွမ်းပါတယ်”

သူတို့နှစ်ယောက်လည်း ပျော်ပြီး သီချင်းဆိုကြတယ်။ နောက်ပြီး တိုနီ ဆီသွားပြီး ပဥ္စမာယာရဲ့ ပထမတိုင်ကနေ လွတ်အောင်လုပ်ပေးတာကို ကျေးဇူးတင်ကြောင်း သွားပြောတယ်။

Maatan လည်း သူ့သားတွေဆီက ငုတ်ကိုကြည့်တော့ ဘာမှမပြောင်းတာ တွေ့ရတယ်။ အဲဒါနဲ့ ကျမ်းချက်တစ်ချက်ကို သွားသတိရတယ်။ ။

"တစ်ဖန်တုံ၊ အမွေခံမည်သည်ကား၊ ဥစ္စာရှိသမျှကို ပိုင်ထိုက်သောသူ ဖြစ်သော်လည်း၊ အရွယ်မရောက်မီ ကာလပတ်လုံး အစေအပါကျွန်နှင့် တူ၏။- အဘစီရင်နှင့်သော အချိန်ကာလ မရောက်မီတိုင်အောင် အစောင့်အထိန်း အအုပ်အချုပ်တို့ လက်၌ ရှိ၏။" - ဂလာတိဩဝါဒစာ ၄:၁၊ ၂

Maatan က "ဘုရားသခင် ကျွန်တော့်ရဲ့သားတွေ တစ်နေ့ကျ သခင့်ဆီရောက်လာမှာပါ။ အသက်ရလာတဲ့အခါ သူတို့ရဲ့လွတ်လမ်းအတွက် ဆုံးဖြတ်သွားကြမှာပါ" လို့ ဆုတောင်းလိုက်တယ်။

Maatan လည်း အတွေးဝင်လာပြီး "တိုနီ နောက်တစ်တိုင် သွားရအောင်လေ" တဲ့။

တိုနီခေါင်းခါပြီး "အချိန်မကျသေးဘူး။ စိန်ခေါ်မှုနောက်တစ်ခုက အခြားပုံသဏ္ဌာန်နဲ့ လာမှာ။ ယေရှုမိန့်တာကို သတိရရမယ်။ ။"

"အကြင်သူသည် လူတို့ရှေ့မှာ ငါ့ကိုဝန်ခံအံ့။ ကောင်းကင်ဘုံ၌ရှိသော ငါ၏ခမည်းတော်ရှေ့မှာ ထိုသူကို ငါဝန်ခံမည်။- အကြင်သူသည် လူတို့ရှေ့မှာ ငါ့ကိုငြင်းပယ်အံ့။ ကောင်းကင်ဘုံ၌ရှိသော ငါ၏ခမည်းတော်ရှေ့မှာ ထိုသူကို ငါငြင်းပယ်မည်။" - ရှင်မဿဲခရစ်ဝင် ၁၀:၃၂၊ ၃၃

နောက်တစ်ဆင့် နင့်ကိုစစ်ရမှာက ဓမ္မမိတ်ဆွေတွေရှေ့မှာ ဘုရားရဲ့သားတော်အကြောင်းကို ဝန်ခံရမယ့် အကြောင်းပဲ။ အဲဒီအဆင့်ပြီးရင်တော့ ဂေါလျတ်ရဲ့ ဒုတိယသားရဲ့လောင်းရိပ်က လွတ်ပြီ။

“ကယ်တင်ရှင်နောက် လိုက်ပါမည်
အရပ်ရပ်သို့ ရောက်သော်လည်း
ကြွသောလမ်းရှိသမျှ လိုက်မည်
သခင့်နောက်တော် လိုက်ပါမည်
ကယ်တင်ရှင်နောက် လိုက်ပါမည်
ကျွန်ုပ်တွက် သွေးတော်သွန်းပြီ
လူအပေါင်း စွန့်ပစ်ငြားသော်လည်း
ကျေးဇူးတော်ဖြင့် လိုက်ပါမည်။”

# အခန်း ၃၃

# ဘုန်းတော်ပြည့်တောင်

“အသင်းတော်ကနေ လူရွယ်တောစခန်းထွက်ဖို့  စီစဉ်တယ်။  Stella နင့်ကို အဲဒီအတွက် ပြင်ထားဖို့  ကြိုပြောထားတာ။ မြို့စွန်တောင်ပေါ် အချိန်ဖြုန်းရတာ ကောင်းမှာပါ”

Chi က “အဲဒီမှာ ဘာတွေလုပ်လို့ရမှာလဲဖေဖေ” လို့ သိချင်ဇောနဲ့ မေးတယ်။ “တောသဘာဝ ချောင်း၊ အိုင်၊ ဖား၊ လိပ် တွေရှိမှာပေါ့”

“သိပ်ကောင်းတယ် ဖေဖေ။ ဒါနဲ့ သားတို့က တဲနဲ့နေရမှာလား၊ အိမ်လေးနဲ့လား” “အိမ်ထဲမှာပါ။ တဲလိုချင်ရင် အထဲမှာထိုးလို့ရပါတယ်”

Leo က “သားတော့ တဲမှာအိပ်ချင်တယ်။ တောကိုသွားချင်တယ်” တဲ့။

“အေးပါ။ သားတို့ (၂) ယောက်လုံးအတွက် တဲယူသွားမယ်။ အခုတော့ ကျောင်းစာတွေ လုပ်လိုက်ဦး။ ဟုတ်ပြီလား” “သားတော့ ကွန်ပြူတာဂိမ်း ပိုပြီးကစားချင်တယ် ဖေဖေ”

“Chi ငါတို့ ဒါပြောဖူးပြီးပြီ။ သားက ဒါကိုစွဲသွားရင် အလကားလူ ဖြစ်သွားမယ်။ ဘာမှ လည်း အကျိုးရှိတယ်လို့ ပြလို့ရမှာမဟုတ်ဘူး။ ဒါတင် မကဘူး။ အချိန်အကြာကြီး ကစား ရင် အာရုံကြော ပင်ပန်းမယ်”

“သား ကိုယ်ပိုင်ဂိမ်းဆွဲတယ် ဆိုရင်ကော” “အင်း၊ ကောင်းသလိုလိုပဲ Chi ကွန်ပြူတာဝေါ ဟာရတွေ နားလည်ရင် လက်တွေ့သုံးလို့ရတာပေါ့။ သားစိတ်လည်း မပြန့်တော့ဘူးပေါ့။ ဒါကို ဖေဖေလက်ခံတယ်” “ကျေးဇူးပဲ ဖေဖေ”

“ဒါက ကျောင်းစာမလုပ်ရတော့ဘူးလို့  ပြောတာမဟုတ်ဘူးနော်။  နင်က အချိန်ပိုလုပ်တဲ့ သဘောပဲ။   အလျှောက်ကောင်းလို့  လက်ခံတာ” လို့    Maatan က ပြုံးရင်းနဲ့ ပြန်ပြော တယ်။

Chi အခန်းထဲဝင်သွားတော့ Stella ရောက်လာပြီး Maatan ကို "ဘာကြံနေတာလဲ" "ငါတို့တွေ့ခဲ့တဲ့ အမှန်တရားကနေ ဘာဆက်လုပ်ဖို့ စိတ်ကူးလဲ။ ငါတို့အမြင်က ပြောင်းသွားပြီဆိုတော့ အသင်းတော်မှာ အမှုဆောင်ရတာ ဘယ်လိုနေလဲ" တဲ့။

"ငါတော့ မနေသာပါဘူး။ ကျမ်းစာထဲမှာ ငါတွေ့ခဲ့တာတွေကို ခေါင်းဆောင်တွေဆီ ချပြမယ်။ စစ်ဆေးခိုင်းစေချင်တယ်။ အမှန်တရားဟာ ပတ္တမြားမှန်ရင် နွံမနစ်ပါဘူး"

"ငါတို့တွေ့ခဲ့တဲ့ ငါတို့ဟာ ဘုရားရဲ့သားဖြစ်တယ် ဆိုတဲ့တရားက ဖြစ်ဖွားတော်မူသောသား ဆိုတဲ့အကြောင်းကို အလိုလိုရောက်သွားတယ်" Maatan ကတော့ အခြားလူတွေလည်း သူတွေ့သလို တွေ့ကြဖို့ မျှော်လင့်တာပေါ့။ "ငါ့အချစ်ဆုံး သူငယ်ချင်းကို ငါက ဒီအကြောင်း တရားဝင်မထုတ်ပြခင် သူ့ကိုသိစေချင်တယ်။ သူတို့က ငါမှားနေရင် ထောက်ပြနိုင်မှာ။ ငါ့အမြင်တွေကို သူတို့နဲ့စပြီး စမ်းစစ်ကြည့်ရမယ်"

* * * * *

ဘုရားကျောင်းကလုပ်တဲ့ တောစခန်းက အဆင်ပြေခဲ့ပါတယ်။ ဘုရားဝတ်တက်အပြီးမှာ လမ်းထွက်လျှောက်ဖို့ လုပ်ကြတယ်။ Maatan ကတော့ သူ့မိတ်ဆွေ Ruben Olson နဲ့တွဲလျှောက်ခဲ့ပြီး သူတို့နောက်မှာက Craig Ellison နဲ့ Gavin Davidson ပါ။ လမ်းလျှောက်နေရင်းနဲ့ Maatan က Ruben ကို "ယေရှုဟာ ဘုရားဖြစ်တယ်ဆိုရင် Lucifer က ဘာကြောင့် ဘုရားရဲ့သားတော်ကို မနာလိုရတာလဲ။ ဘာကြောင့် မနာလိုဖြစ်ရတာလဲ။ တစ်ခြားကောင်းကင်တမန်တွေကိုလည်း သူ့လိုဖြစ်အောင် ဘယ်လိုလုပ်နိုင်တာလဲ။ ယေရှုဟာ အစကတည်းက ခမည်းတော်ရဲ့ သားဖြစ်ပြီး အားလုံးကိုပေးခဲ့တာဆိုတော့ စာတန်လည်း သူလည်းရထိုက်တယ်လို့ မှတ်နိုင်ချေရှိတယ်လို့ နင်မထင်ဘူးလား" လို့မေးတယ်။

Ruben က "ငါ့စိတ်မှာရှိနေတာကို နင်မေးနေတာပဲ။ ခရစ်တော်ဟာ ဘုရားဖြစ်ရင် စောဒကတတက်စရာ အကြောင်းမရှိပါဘူး။ လူစီဖာက ဘာမှလုပ်လို့မရဘဲ ပုန်ကန်မှုလည်း ပျံ့မှာမဟုတ်ဘူး" လို့ဖြေတယ်။

Ruben ရဲ့အဖြေက Maatan ကို အားတက်စေတယ်။ Maatan က တစ်ခြားလူတွေကို လိုက်မေးခဲ့ဖူးပေမယ့် အကောင်းနဲ့ဖြေတာ မကြုံခဲ့ဖူးဘူး။ တစ်ယောက်ဆိုရင် ဝေါက် တောင်ဝေါက်သေးတာ။ Maatan က သူ့ရဲ့အမြင်ကို ဆက်ပြော၊ Ruben လည်း ယေရှု ဟာ ဖြစ်ဖွားလာတယ်လို့ ပိုပိုပြီးမြင်ပါရော။ Gavin ကတော့ အနောက်ကဆိုတော့ သဲ့သဲ့ လေးပဲကြားရပြီး စိတ်ဝင်စားနေတယ်။ ဘုန်းတော်ပြည့်တောင်လို့ အမည်တွင်တဲ့တောင် ကို တက်တဲ့သမယက သူတို့အတွက် မင်္ဂလာပါဘဲ။ သူတို့ကလည်း မင်္ဂလာတရားဖြစ်တဲ့ ဖြစ်ဖွားတဲ့ သားတော်အကြောင်းကို နှီးနှောကြတာ။

ဘုရားက "သင်သည် ငါ၏ချစ်သားဖြစ်၏" လို့ မိန့်တဲ့အခါ ယေရှုဟာ သူ့ရဲ့သားဖြစ်မှ အဓိပ္ပာယ်ရှိမှာလေ။ သားက သူ့ရဲ့အသက်၊ အာဏာတွေကို ခမည်းတော်ဆီကနေ မရခဲ့ ရင် ခမည်းတော်မှာ မူပိုင်ဆိုတဲ့ ဂုဏ်ရှိမှာမဟုတ်ဘူး" လို့ Maatan က သတိနဲ့ပြောတယ်။

"နင်ပြောချင်တာက ငါတို့က ယေရှုဟာ ဘုရားရဲ့သားတော်ဖြစ်ကြောင်း ယုံခြင်းက ကျွန် တော်တို့ဟာ ဘုရားရဲ့သားများဖြစ်ကြတယ် ဆိုတဲ့အကြောင်းနဲ့ တိုက်ရိုက်အချိုးကျတယ် လို့ ပြောချင်တာလား"

"ဟုတ်တယ် Ruben, ငါတို့ဟာ ကသိုင်းရှုခြင်းကြောင့် ပြောင်းလဲသွားတာ။ သားတော်က ခမည်းတော်ကို ဘယ်လိုဆက်ဆံ၊ နာခံ၊ ချစ်၊ ကိုးစား၊ ကျေးဇူးတင်သလဲ ဆိုတာတွေကို ငါတို့ရှုတဲ့အခါ ငါတို့လည်း အဲဒီစိတ်မျိုးကို ပိုင်မှာလေ။ တကယ်လို့ ယေရှုဟာ သားအစစ် မဟုတ်ခဲ့ရင် သူဟာ နာခံတတ်တဲ့စိတ် ရှိမှာမဟုတ်ဘဲ ငါတို့ကလည်း လိုက်တုမှာ။ သူက ခမည်းတော်ကို အားမကိုး၊ ကျေးဇူးမတင်တတ်ရင် ငါတို့လည်း သူ့လိုပဲဖြစ်မှာ"

"ဒီတရားကလှတယ် Maatan သခင်ယေရှုနှစ်ခြင်းမင်္ဂလာ ခံယူတုန်းက ဖြစ်ခဲ့တဲ့ဖြစ်စဉ် က အခု နင်ပြောတဲ့အကြောင်းနဲ့ အံကိုက်ပဲ။ ငါလေ့လာဦးမယ်။ နင်မှန်တယ်လို့ ငါယုံ တယ်"

"ငါ့အမြင်တွေ တစ်ချက်ချင်း စာရွက်ပေါ် ရေးပြီး ဆန်းစစ်ဦးမယ်။"

Ruben က "ငါလည်း ဖတ်ဖြစ်မယ့်နေ့ကို မျှော်ပါတယ်" တဲ့။

ဒီအချိန်မှာ Chi နဲ့ Leo က ချောင်းထဲမှာ လိပ်ကလေးတွေကို တွေ့ကြတယ်။ သူတို့ရဲ့ လှေကလေးကို ရေမှာမျှောပြီး ကြည့်နေကြတယ်။

“ကောင်းတယ်။ နင်တို့လုပ်တတ်တာပဲ။ ဂုဏ်ယူပါတယ်” လို့ Maatan က ပြောတယ်။

“တောစခန်းထွက်တာပြီးသွားတော့ Maatan ပစ္စည်းတွေပြန်သိမ်းတယ်။ သူဟာ စိတ်ကြည်ဖို့ (၁၀) ရက် ဖျော်ရည်ရှောင်ပြီး ဘာအကြောင်းရေးရမှာကို ဆုတောင်းပါတယ်။ သူက မာလခိအခန်းကြီး (၄) ကို အာရုံပေးနေတယ်”

> “ကြည့်ရှုလော့။ ထာဝရဘုရား၏ ကြောက်မက်ဖွယ်သောနေ့ရက်ကြီး မရောက်မီ၊ ပရောဖက်လေိယကို သင်တို့ရှိရာသို့ ငါစေလွှတ်မည်။ ငါသည်လာ၍ သင်တို့၏ပြည်ကို ကျိန်ခြင်းဘေးနှင့် ဒဏ်မခတ်မည်အကြောင်း၊ ထိုပရောဖက်သည် သားတို့နှင့် အဘတို့ကိုလည်းကောင်း၊ အဘတို့နှင့် သားတို့ကိုလည်းကောင်း အသင့်အတင့် ဖြစ်စေမည်ဟု မိန့်တော်မူ၏။ ဓမ္မဟောင်းကျမ်းတို့တွင် နောက်ဆုံးကျမ်းတည်းဟူသော၊ ပရောဖက်မာလခိ စီရင်ရေးထားသော အနာဂတ္တိကျမ်း ပြီး၏။” - မာလခိအနာဂတ္တိကျမ်း ၄:၅၊ ၆

သူကတော့ လေိယရဲ့အလုပ်က မိသားစုပြန်တည်ဆောက်တာလို့ သဘောပေါက်တယ်။ ယေရှုကတော့ သူ့ရဲ့တန်ဖိုးကို ခမည်းတော်နဲ့ သဟာယဖြစ်လို့ရခဲ့တာ။ လူဟာ ဘုရားသခင်ရဲ့ ပုံသဏ္ဍာန်နဲ့အညီ ဖန်ဆင်းထားတာ။ သားသမီးရဲ့ဘုန်းဟာ ဖခင်ဖြစ်တယ်ဆိုတာက ဘုရားသခင်က ယေရှုအပေါ် ပြုမူခဲ့သလို ဖခင်ဟာ သားသမီးတွေကို မေတ္တာနဲ့ဆက်ဆံပြီး ကောင်းချီးပေးရမှာဖြစ်တယ်။

ဇေဝံဂေလိတရားတော်ရဲ့ အနှစ်မှာ ဘာပါလဲဆိုတော့ မိဘတွေဟာ ကောင်းကင်ကခမည်းတော် ဘုရားကိုယ်စား သူတို့ရဲ့သားသမီးတွေကို ဘယ်လောက်ချစ်ကြောင်းကို ပြောကြရမှာဖြစ်တယ်။ တစ်ချို့ကိစ္စတွေမှာတော့ မြင်သာတယ်။ မိဘတွေက သားသမီးတွေအပေါ် မေတ္တာစကားဆိုရမှာက မှန်တယ်။ Maatan မြင်တာက ဘုရားရဲ့နည်းနာပေါ့။ မယားက

လင်ကိုဦးထိပ်ထား၊ လင်က သူပေးတဲ့ဆုတွေ သားသမီးအပေါ်ရောက်နိုင်ဖို့ လမ်းကျောင်း ပေးမယ့် မယားကို မြတ်နိုးရပါမယ်။

Maatan ဟာ နောက်အပတ်တွေမှာ *The Channel of Blessing* ဆိုတဲ့စာအုပ်နဲ့ အလုပ် ရှုပ်ခဲ့တယ်။ အဲဒီစာအုပ်ထဲမှာ ဧဝံဂေလိသတင်းကောင်းကို နားလည်ဖို့ ယေရှုဟာ သား တော်ဘာလို့ဖြစ်ရလဲဆိုတာ နားလည်ဖို့ အရေးကြီးကြောင်းနဲ့ သုံးပါးတစ်ဆူအကြောင်း က ငါတို့ဟာ ဘုရားရဲ့သားများဖြစ်ကြောင်း သိခြင်းကို ဟန့်တားကြောင်းတွေ ချပြထား တယ်။

Maatan ဟာ ဒီစာအုပ်ကိုရေးတဲ့အခါ ဘုန်းတော်ပြည့်တောင်ကို ပြန်ရောက်သလို ခံစားရ တယ်။ အမှန်တရားတွေကို စုစည်းလို့ရတာက ပီတိပါပဲ။ စာအုပ်ရေးပြီးသွားတဲ့အခါ ဝမ်း သာမျက်ရည် ကျခဲ့တယ်။ ဒီတရားဟာ ဓမ္မစစ်ဖြစ်ကြောင်း သူ သေချာသိပြီး ခရစ်ယာန် အသင်းတော်တွေဟာ မှန်သောဘုရားနဲ့ သူ့ရဲ့သားတော်အကြောင်း မချပြခဲ့ကြဘူး။ သူက တော့ ရာဇဝင်တွေ၊ ကျမ်းဂန်ချင်းချင်း တိုက်ဆိုင်စစ်ဆေးပြီးတဲ့အခါ ဒီအကြောင်းမှန်မှန်း သူခိုင်ခိုင်မာမာ ဆိုပါတယ်။

စာအုပ်ရေးပြီးတဲ့နောက် သူ့စာအုပ် ဘယ်လိုအခြေအနေရှိမှန်း သိရအောင် မိတ်ဆွေ (၇) ရောက်ကို သုံးသပ်ခိုင်းခဲ့တယ်။

Craig Ellison က သူ့မိန်းမနဲ့အတူ လေ့လာနေကြောင်း Maatan ကိုပြောတယ်။ Craig လည်း အတော် အနုလုံပဋိလုံစိပ်နေတာ။ သူ့မိန်းမလည်း အစပိုင်းမှာတော့ မဖြစ်နိုင်ဘူး လို့ မှတ်တာပေါ့။ ဆက်လေ့လာကြတော့မှ တရားတွေ့တယ်။ Ruben လည်း သူ့ကို အ များကြီးတရားပြတဲ့အတွက် ဒီစာအုပ်ထဲက အကြောင်းတွေကို ကြိုက်တယ်။

Maatan လည်း Craig James ကို သူ့စာအုပ်အကြောင်း ဝေဖန်ခိုင်းတယ်။ မိတ်ဆွေတွေ ထဲက တစ်ယောက်ယောက်က ငြင်းမှာကိုတော့ သူစိုးရိမ်တယ်။ Craig James ကိုတော့ သူမလန့်ဘူး၊ တစ်ချို့ကတော့ စိတ်မဝင်စားကြဘူး။

မိတ်ဆွေအားလုံးက သူ့ရဲ့အမြင်ကို ကောင်းတယ်လို့ မမြင်ကြဘူး။ Maatan က သူ့အမြင်ကို အသင်းခေါင်းဆောင်တွေနဲ့ ဆွေးနွေးဖို့ကြံတယ်။ သူက Pastor Neil Webb ဆီ စာအုပ်ယူသွားတယ်။ Pastor က သူ့ကို ကောင်းကောင်းလက်ခံစကားပြောတယ်။

"နင့်စာအုပ်ကို ဖတ်ပါ့မယ် Maatan။ နောက်ပြီး သုံးသပ်ပေးမယ်။ ခင်ဗျားဟာ အသင်းတော်ကို အများကြီး ကုသိုလ်ပြုတဲ့သူ၊ ကျမ်းစာလေ့လာတဲ့သူပါ။ အဲဒါကြောင့် ဒီစာအုပ်ကိုရေးတာလို့ ငါသိတယ်။ ဒါက ခင်ဗျားရဲ့ ကြိုးစားမှုပဲ၊ စာအုပ်ထားခဲ့၊ နင့်ကိုပြန်ပေးမယ်"

"ကျေးဇူးပါ Pastor။ ဝမ်းသာပါတယ်"

အခြားမိတ်ဆွေတစ်ယောက်က စာအုပ်ကို လက်ဆင့်မကမ်းပါဘူးလို့ ပြောပြီးသားကို လက်ဆင့်ကမ်းတော့ စကားပြန့်သွားရော။ အဲဒါနဲ့ လူအများကြီးက စာအုပ်ကိုမဖတ်သေးဘဲနဲ့ အတင်းတုပ်ပါရော။ Maatan လည်း အမြင့်ကနေ စိတ်နှိမ့်ချနေရရော။

# အခန်း ၃၄
# အနှင်ခံရခြင်း

လူတွေက Maatan ကို သူ့ရဲ့ခံယူချက်အကြောင်း ဖုန်းတစ်ဂွမ်ဂွမ်နဲ့ မေးကြတယ်။ သူရေးထားတဲ့အကြောင်းကို အသင်းတော်ခေါင်းဆောင်တွေက အချိန်ယူသုံးသပ်ရမယ်ဆိုတာ သူမျှော်လင့်ပြီးသားပါ။ ဒါပေမယ့် သတင်းက ချက်ချင်းပြန့်တာ။

“Stella ရေ ကြည့်ရတာ သွားရမယ့်လမ်းက ကျဉ်းမယ့်ပုံပဲ။ လူတစ်ချို့ကို မျှော်လင့်ထားပေမယ့် စိတ်မဝင်စားကြဘူး”

Stella က ဝမ်းနည်းနည်းနဲ့ “ဘယ်သူဟာ ငါတို့မိတ်ဆွေဖြစ်လာမယ်ဆိုတာ သိရတော့မှာလို့ နင်ပြောခဲ့တယ်လေ” တဲ့။

“မှန်တယ် Stella, လူအများကြီးက ကြေးဝါဇကာကြောင့် ငါပြောတာကို လက်မခံမှာကို ငါသိတယ်။ အခု ငါဒီလိုပြောလိုက်တော့ သူတို့မှာ သဒ္ဒါရုံငုတ်က ကြေးဖြစ်နေတုန်းဘဲဆိုတော့ အကျိုးသိပ်မရှိဘူး။ နားရှိပြီး မကြားကြဘူး”

အဲဒီအခိုက် ဖုန်းဝင်လာတယ်။ “ကျွန်တော် Maatan ပါ” လို့ ပြန်ဖြေလိုက်တယ်။

“နင်ရေးထားတာကြောင့် ငါလန့်သွားတယ် Maatan။ ဘာဖြစ်လို့ ဘုရားဖြစ်နေတဲ့ယေရှုကို အဖန်ဆင်းခံပုဂ္ဂိုလ် ဖြစ်စေရတာလဲ” လို့ ဖုန်းခေါ်တဲ့သူကပြောတယ်။

“ကျွန်တော် ဘယ်မှာပြောခဲ့လဲပြပါ (သို့) ဒါဟာ ခင်ဗျားရဲ့ အထင်လား” လို့ Maatan က ပြန်မေးတယ်။

“ခင်ဗျားက ယေရှုမှာ အစဆိုတဲ့သမယရှိတယ်ဆို၊ ဒါက သူ့ကို အဖန်ဆင်းခံဖြစ်စေတယ်လေ” လို့ တစ်ဘက်က ပြောတယ်။”

“မဟုတ်ဘူး ယေရှုဟာ မိက္ခာ ၅း၂ ကအတိုင်း ပေါ်ထွန်းခြင်းရှိခဲ့တယ်လို့ ပြောတာ။”

“အို ဗက်လင်ဖေရတ်မြို့၊ အစိုးရသော ယုဒမြို့တို့တွင် သင်သည် မြို့ငယ်မြို့ယုတ်ဖြစ်သော်လည်း၊ ဣသရေလအမျိုးကို အုပ်စိုးရသော သခင်သည် ငါ့အဖို့ သင်၏အထဲမှာ ပေါ်ထွန်းလတ္တံ့။ ထိုသခင်သည် ရှေးကပ်ကမ္ဘာမှစ၍ ပေါ်ထွန်းသောသခင် ဖြစ်၏။” - မိက္ခာအနာဂတ္တိကျမ်း ၅:၂

“ဒါက တင်စားဥပစာစကားလေ ယေရှုဟာ ခမည်းတော်ရှိရာကနေ ထွက်ကြွတာကိုပြောတာ။ အစရှိတာကို ပြောတာမဟုတ်ဘူး”

“ကျွန်တော်က ကျမ်းစာကို ပုံဆောင်မှုမဟုတ်တဲ့ စာတွေကို အရှိအရှိအတိုင်း အတည်ယူတာပါ” လို့ Maatan က ပြန်ဖြေတယ်။

“နင်နဲ့စကားပြောရတာ အဓိပ္ပာယ်မရှိဘူး Maatan။ ခင်ဗျားက စကားကပ်တဲ့လူပဲ”

“အဲဒါခင်ဗျားရဲ့ နောက်ဆုံးစကားလား။ ကိုယ်အပြစ်မြင်ထားတဲ့လူနဲ့ စကားပြောတယ်ဆိုတာ ခက်ပါတယ်” လို့ Maatan က လှောင်ချလိုက်တယ်။

“ငါတို့မင်းကို အပြတ်အမှုန့်ချေမယ် စိတ်ချ Maatan။ ဒီမိစ္ဆာအယူတွေ မပျံ့အောင် ငါတို့လုပ်မှာ”

“ဇေံဂေလိတရားက မင်းတို့ကို ဒီလိုလုပ်ခိုင်းတာလား” “ကလစ်” ဆိုပြီး တစ်ဖက်က ဖုန်းချသွားတယ်။

Maatan က ကြယ်တွေကြည့်ဖို့ အပြင်ထွက် နောက်ပြီးဆုတောင်းတယ်။ *သခင်ယေရှုဘုရား ကျွန်ုပ်အလွန် စိတ်ခတ်ကျနေပါသည်။ ကျွန်တော် မှန်မှမှန်သေးသလောဟု မေးဖြစ်ပါသည်။ သို့သော် ကျွန်ုပ်၌ သွားရန်အခြားလမ်း မရှိပါ။ သုံးပါးတစ်ဆူရှုထောင့်ဖြင့် ကျွန်ုပ်သည် ကျမ်းစာအား အာရုံထား၍မရပါ။ ထိုအယူက သင်သည်*

*ကျွန်ုပ်ကဲ့သို့သောသူကို ချစ်နိုင်သူဆိုသည်ကို ယုံရန်အားနည်းစေပါသည်။*[17] *ဘုရား၏သားတော် အသင်ကသာလျှင် ကျွန်ုပ်ကို မည်သည့်အကြောင်းအပေါ်မှာ မမှီသည့်မေတ္တာကို ပေးပါသည်။ ကျွန်ုပ်ဘယ်အရာကို ရင်ဆိုင်ရဆိုင်ရ ဆက်လျှောက်ရန် ပိုင်းဖြတ်ပါသည်။ ဘုရား၏သားတော်အကြောင်း သက်သေခံရန် သင်နှင့် ကျွန်ုပ်၏မိတ်ဆွေအားလုံးအပေါ် အကြွေးရှိပါသည်။*

အဲဒီနောက်ပိုင်း လအတော်များများဟာ ရင်နာရပါတယ်။ လူတွေက သူ့ကို ကြဉ်ကြတယ်။ Maatan က သူငယ်ချင်းတွေကို လိုက်ပြီးဆက်သွယ်တယ်။ တစ်ယောက်က သူနဲ့ စကားပြောရမှာထက် ရေထဲမှာ အသက်ရှူချင်တယ်လို့ email ပြန်တယ်။ အို၊ မလွယ်ကြောပဲ။ အခြားတစ်ယောက်ကတော့ မအားဘူးတဲ့။ ဒီကိစ္စမျိုးဆို မပြောချင်ဘူးတဲ့။

“Maatan နင်ကတော့ နင့်အယူနဲ့နင် ဝါးလုံးခေါင်းထဲ လသာနေတာ။ ဘုရားနင့်ကို ရိုက်လိမ့်မယ်”

“နင်တော့ဂေါက်ပြီ” “နင်တော့ ယိုင်နေပြီ။ ဘယ်မှကို ရောက်မှာမဟုတ်ဘူး”

“နင့်ဩဇာကို အကြောင်းမရှိ ဘာကြောင့်ဖျက်ရတာလဲ”

တစ်ချို့ကတော့ ဘွင်းဘွင်းကိုရှုံ့ကြတာ။ အချို့ကတော့ ပြုံးပြ၊ လက်ဆွဲနှုတ်ဆက်ကြပေမယ့် ကွယ်ရာမှာ တုပ်ကြရော။ ပတ်ဝန်းကျင်က သူ့ကိုပယ်ကြတော့ သူ့မိသားစုနဲ့ လောကခံကို လှိမ့်ပိန့်ခံကြရတယ်။

အဖဘုရား ဒီလိုအဖြစ်မျိုး မကြုံရခင်က အခြေအနေမျိုးနဲ့ မနက်ဖန်မှာ နိုးထချင်ပါတယ်။ အခြေအနေက ခဲယဉ်းပါတယ်။ ဒါပေမယ့် ကျော်ကြားပြီး ချောက်ထဲကျရမှာထက် ဒီခယောင်းတောလမ်းမှာ ကိုယ်တော်နဲ့အတူ ပိုပြီးလျှောက်လှမ်းချင်ပါတယ်။

---

[17] ပထမနဲ့ ဒုတိယပုဂ္ဂိုလ်နာမ်စားကို စာလုံးကြီးနဲ့ ရေးထားခြင်းဟာ Maatan နဲ့ Stella တို့က ကျမ်းစာထဲက ဘုရားကို အသိအမှတ်ပြုတဲ့အကြောင်း ဖော်ပြခြင်းပါပဲ။

မကြာခင်မှာပဲ Maatan ဟာ အသင်းတော်ရဲ့ ယုံကြည်မှုကို လက်မခံတော့တဲ့အတွက် ဓမ္မဆရာအဖြစ်ကနေ ရပ်ဆိုင်းတဲ့သတင်း ကြားခဲ့တယ်။

*"သူတို့ ဘာလို့ဒီလိုလုပ်ရတာလည်းဆိုတာ ကျွန်တော်သိပါတယ် ကိုယ်တော်။ ကျွန်တော်လည်း သူတို့နေရာမှာဆို ဒီလိုပဲလုပ်မှာပါ။ အသင်းတော်နဲ့အတူ ဧဝံဂေလိဒေသနာများ ဟောကြားရတာကို ကျွန်တော်ပျော်ပါတယ်။ အခုချိန်မှာ ကျွန်ုပ်ကိုယ်ကို ကိုယ်တော့်လက်မှာ အပ်နှံပါတယ်။ ကျွန်တော့်ကို ဖေးမတော်မူမယ်လို့ ကိုယ်တော့်ကိုယုံပါတယ်။*

"ငါ တိုနီ ဆီသွားပြီး ဆွေးနွေးရင် ကောင်းမယ်ထင်တယ် Stella။ ငါ့စိတ်တွေကို ရှင်းမှဖြစ်မယ်"

"ဒါမဆိုးဘူး။ ဆုတောင်းပေးပါတယ်။ လူတွေရဲ့ ဝေဖန်မှုတွေကို ကြားရတာ ခံရခက်ပါတယ်။ ရှင်က အမှန်တရားကို တွေ့ခဲ့တယ်လို့ ကျွန်မယုံတယ်" လို့ Stella က အားပေးတယ်။

* * * * *

"အခြေအနေ ဘယ်လိုလဲ Maatan" လို့ တိုနီက လမ်းအတူလျှောက်ရင်း စာနာစွာမေးတယ်။

"မကောင်းဘူး တိုနီ။ ဒါပေမယ့် ကျွန်တော်စိတ်ခိုင်ပါတယ်။ ကျွန်တော့်စိတ်ကို ဖြစ်ဖွားသောသားတော်ဆီ နှစ်ထားပါတယ်။ သူ့ကို ကျွန်တော်မထားခဲ့နိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်လမ်းပျောက်တဲ့ အချိန်မှာ သူက ကျွန်တော့်ကိုမှ မထားခဲ့တာ"

"ဂေါလျတ်ရဲ့ ဒုတိယသားက ခက်တယ်မဟုတ်လား။ သူ့မှာ စိတ်ကိုအကဲစမ်းတဲ့ ပရိယာယ်ရှိတယ်။ သူက ငါတို့ရဲ့ မိတ်ဆွေတွေနဲ့ ပြန်တိုက်တာ။ ဩဝါဒသမားတွေရဲ့ အကြောက်တရားတွေ ငါတို့ဘက်ကို ပုံချတာ။ ငါတို့ကို ရွံစရာဖြစ်အောင် လုပ်ကြတာ။ နင့်ကို လူ့အန္တလို့မြင်ပြီး နင့်ကို အန္တရာယ်ပြုကြတဲ့အခါ နင်ဟာ ဘာလို့မွေးလာရလဲလို့ နင်တွေးဖြစ်မှာ"

"မနက်ထဖို့ ခက်ခဲတဲ့နေ့တွေရှိတယ် Tony။ ဒါပေမယ့် ရပါတယ်။ ကျွန်တော်ချစ်တဲ့ ဘုရားရှိတယ်။ သူက ခမည်းတော်ရဲ့ မေတ္တာတော် ကျွန်တော့်ကိုပြခဲ့တယ်။ ကျွန်တော် သူနဲ့နီးကပ်တယ်လို့ ခံစားရတယ်။ သူနဲ့အတူ အပယ်ခံအဖြစ် မှတ်ယူပါတယ်။ ကိုယ်တော်က သူတို့ငြင်းပယ်နေတာဟာ ကျွန်တော်မဟုတ်ဘဲ သူ့ကိုပယ်နေတာဖြစ်ကြောင်း အသိပေးတယ်။ ကျွန်တော်သာ ကိုယ်တော့်အကြောင်း မပြောပြရင် သူတို့က ကျွန်တော့်ကို စက်ဆုပ်ကြမှာမဟုတ်ဘူး"

"ဒါနဲ့ နင်က ဘယ်လိုဝန်ခံမှာလဲ Maatan" "ကျွန်တော်ကတော့ ယေရှုဟာ ခမည်းတော်ရဲ့ တစ်ပါးတည်း ဖြစ်ဖွားသောသားလို့ ဝန်ခံတယ်။ ကျွန်တော်တို့ ကယ်တင်ခြင်းရနိုင်ဖို့ အခြားနာမတော် မရှိဘူး။ ဒါ ကျွန်တော့်ခံယူချက်ပဲ။ မလျှော့နိုင်ဘူး"

"ကောင်းတယ် Maatan။ ဘုရားကို ချီးမွမ်းပါတယ်။ ခရစ်တော် မင်းဆီမှာကိန်းတယ်။ ဒီလိုလန့်စရာအဖြစ်က မင်းအတွက် ဆုလာဘ်ပါ – အပြစ်ပွားများတဲ့အရာမှာ ကျေးဇူးတော် ပိုပြီးကြွဝတယ် (ရောမ ၅း၂၀)"

"သူ့ကိုချစ်ပါတယ်လို့ ပြောကြတဲ့လူတွေက ဘုရားရဲ့သားကို ဒီလောက်တောင် ဘာလို့ မုန်းတာလဲဆိုတာ ကျွန်တော်မသိခဲ့ဘူး"

"ကိုယ့်ကိုယ်ကို ပြန်ကြည့်ဦး Maatan။ ငါတို့လည်း သွေးသားအရ သူတို့နဲ့ထူးတာ ဘာမှမရှိဘူး"

"အင်း... ခင်ဗျားမှန်တယ် တိုနီ။ ဘုရားရဲ့ကရုဏာတော်ကပဲ ကျွန်တော်တို့ကို လွတ်လပ်စေတာ။ ကျွန်တော့်ရဲ့စာအုပ်ကို အသင်းတော်လူကြီးတွေကို ပေးဖတ်ထားတာ အခုဆို (၂) နှစ်တောင်ရှိပြီ။ သူတို့က ဘာအလင်းမှမမြင်ပဲ ကျွန်တော့်ကို ဒီလိုဆက်မခွဲခြမ်း မစိတ်ဖြာဖို့ ပြောကြတယ်"

"လူတစ်ယောက်ကို ဒီလိုတွေး ဒီလိုမတွေးနဲ့လို့ ပြောတာဟာ အန္တရာယ်ရှိတယ်။ လူတွေ ဒီအခြေအနေကို ဘယ်လိုရောက်ခဲ့ကြလဲဆိုတာ ငါတို့အသင်းတော်ရဲ့ ရှေ့ဆောင် J.N. Loughborough ရဲ့စကား နင်ဖတ်ခဲ့ဖူးလား"

“ဖျက်ဆီးတတ်သော ရွံရှာဖွယ်အမှု (ဒံယေလ ၁၂း၁၁) ကို  လုပ်နိုင်ဖို့ အဆင့် (၅) ဆင့်ရှိတယ်။    ။

၁။ အယူဝါဒကိုချမှတ်တဲ့အခါ ဘုရားပြောထက် လူလုပ်ယုံကြည်ချက်တွေကို ချထားတယ်။

၂။ လူကချထားတဲ့ အသင်းတော်မှုနဲ့ အဖွဲ့ဝင်ကို စစ်ဆေးပြီး မှုကိုလက်မခံနိုင်တဲ့လူတွေကို ဒိဋ္ဌိဆိုပြီး ကြဉ်ကြတယ်။

၃။ ဒိဋ္ဌိအားလုံးကို အသင်းတော်မှုနဲ့ တိုင်းကြတယ်။ ယုံကြည်မှုက မှုနဲ့ကွဲပြီး ကျမ်းစာနဲ့ပိုကိုက်တဲ့ လူတွေကို အပြစ်သားတွေလို့ မောင်းခတ်ကြတယ်။

၄။ သူတို့ကိုယ်သူတို့  ဒိဋ္ဌိတွေကိုစစ်ကြောတဲ့  ခုံသမာဓိအဖွဲ့အဖြစ် ဖွဲ့ကြပြီး သူတို့နဲ့ သဘောမတိုက်ဆိုင် သူတွေကို  ဖယ်ထုတ်ကြတယ်။ ဒီကမ္ဘာမှာ အသင်းတော်ရဲ့ အခွင့်အရေးတွေကို ဖြတ်ရုံနဲ့ မကျေနပ်သေးဘဲ ငရဲကျမဲ့ လူတွေလို့တောင် ကြေငြာကြတယ်။

၅။ သူတို့ရဲ့မှု မလိုက်တဲ့သူတွေကို မုန်းကြပြီးတဲ့နောက်မှာ ကမ္ဘာမှာ မနေသင့်တဲ့သူတွေလို့ ကြေငြာပြီး နှိပ်စက်ဖို့၊  ဓားနဲ့သတ်ဖို့၊  အငတ်ထားဖို့၊ မီးရှို့ဖို့၊ သားရဲအစာကျွေးဖို့ အာဏာစက်ရဲ့အကူကို ရယူကြတယ်။

ကိုယ့်ကိုယ်ကို ခရစ်ယာန်ဆိုတဲ့ခေါင်းစဉ်နဲ့ စင်ပေါ်တက်တဲ့ တစ်ချို့ဟာ အမှန်တော့ ဒီကမ္ဘာရဲ့ဘုရားအဖြစ် ကြေငြာတာဖြစ်ပြီး  “ဤလောကသည် ထိုသူတို့နှင့် မထိုက်တန်” (ဟေဗြဲ ၁၁း၃၈) လို့ မှတ်ကြတဲ့၊  ဘုရားကတော့ ထိုက်တန်သူများလို့ မြင်တဲ့၊ ဘုရားနဲ့ ဘုရားရဲ့အမိန့်အတိုင်း လိုက်လျှောက်တဲ့ ခရစ်ယာန်တစ်ဖွဲ့ကို ညှဉ်းဆဲနေကြတယ်။ John Loughborough, *The Church Its Order and Discipline,* page 76-77.

"နင် အမှတ် (၃) ကိုရောက်ပြီ။ နင့်ရဲ့ဝန်ခံမှုကြောင့် အမှတ် (၄) ကို ရောက်ဖို့ သေချာတယ်"

"ခင်ဗျား ဒီလိုပဲကြုံခဲ့တာလား တိုနီ"

"အေး၊ ကြုံခဲ့တယ်။ အသင်းတော်ကို ဘယ်လိုချပြရမလဲဆိုတာ ငါ့ဘေးတော်ရဲ့အမှားကို သင်ခန်းစာယူခဲ့တာ။ ဒါက ဂေါလျတ်ရဲ့ဒုတိယသားကို အနိုင်ယူတဲ့အဆင့်ပဲ။ သူက နင့်ကို တစ်ဘက်ဘက်ကို အစွန်းရောက်စေတာ။ နင့်ကိုကြောက်စေ၊ နင့်အမြင်တွေအားလုံး ပျောက်စေပြီး၊ ဘာမှစိတ်အားမထက်သန်တဲ့ အသင်းသားတစ်ယောက်သာ ဖြစ်စေတယ် (သို့) ခေါင်းဆောင်တွေရဲ့ အမုန်းခံရအောင် ပုန်ကန်တဲ့ အခြေအနေထိ ရောက်စေပြီး အသင်းတော်ကိုနှစ်နာစေတဲ့ ပဋိပက္ခအဆင့်၊ အသင်းတော်ကွဲတဲ့အထိ ဖြစ်စေတယ်"

"ပြဿနာရှိတယ်လို့ ဘာက ခင်ဗျားကိုသိစေလဲ"

"ရှေးဦးအသင်းတော် ရှေ့ဆောင်တွေဟာ အခုချိန်မှာ အသင်းသားဖြစ်နိုင်ကြမှာ မဟုတ်ဘူးလို့ စာတစ်စောင် ဖတ်ဖူးလို့ပါ။ အဲဒါက ကျွန်တော့်ကို အတော့်ကိုနိုးထစေတယ်။ ဒါကြောင့်မို့ စပြီးလေ့လာတာ"

"အခု ငါပြောမယ့်ဟာက တကယ်အရေးကြီးတယ် Maatan။ ဒါက ရှေ့ဆက်ရမယ့် ခရီးကို လမ်း ကျောင်းပေးမှာဖြစ်တယ်။ ဖြစ်ဖွားတော်မူသောသားတော်ကို ဝန်ခံပြီး အသင်းခေါင်းဆောင်တွေကို ဂါရဝတရားထားဖို့ဟာ ခက်တယ်။ ရှေ့မှာကြုံမယ့် အခက်အခဲအတွက် ဒီကျမ်းချက်တွေကို ဂရုပြုဦး။ ။

"အသက်ကြီးသောသူကို ကျပ်တည်းစွာ မဆုံးမနှင့်။ အဘကဲ့သို့ မှတ်၍ တောင်းပန်လော့။ လူပျိုတို့ကို ညီအစ်ကိုကဲ့သို့ မှတ်၍ကျင့်လော့။" - တိမောသေဩဝါဒစာပထမစောင် ၅:၁ (KJV)

"ပေါလုက၊ ညီအစ်ကိုတို့၊ သူသည် ယဇ်ပုရောဟိတ်မင်းဖြစ်သည်ကို အကျွန်ုပ်မသိ။ သင်၏အမျိုးကို အုပ်စိုးသောမင်းကို သင်သည် မကဲ့ရဲ့ရဟု ကျမ်းစာ၌ လာသည်ဟုဆို၏။" - တမန်တော်ဝတ္ထု ၂၃:၅ (KJV)

"ဒါဝိဒ်ကို သတိရဦး။ သူက ရှောလုကို သတ်လို့ရနေတဲ့ အခြေအနေမှာ ဘုရားဘိသိက်ပေးထားတဲ့လူကို သူမထိခဲ့ဘူး။ အဘိဂေလက ဒါဝိဒ်ကို သူ့သရဖူကို သွေးမစွန်းစေဖို့ သူ့လင်ရဲ့အသက်ကို ချမ်းသာပေးဖို့ တောင်းပန်ခဲ့တာကို သတိရဦး။ ယဇ်ပုရောဟိတ်မင်းကြီး ဧလိက သူ့ကိုအရက်မူးတယ်လို့ မှတ်တာကို စိတ်မဆိုးတဲ့ ဟာနကို သတိရဦး။ သူအဲ့လိုနေနိုင်ခဲ့လို့ ရှာမွေလကို ပဋိသန္ဓေရခဲ့ပြီး ရင်ကော့နိုင်ခဲ့တာ"

"အကြံဉာဏ်တွေပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် တိုနီ။ အသင်းတော်ဆိုတာ မိသားစုမှာ တည်ဆောက်တဲ့ ဘုရားရဲ့နည်း ဖြစ်ရမယ်ဆိုတဲ့ ခင်ဗျားရဲ့အမြင်က သမာသမတ်ကျတယ်"

> "ထိုကြောင့်၊ သင်းအုပ်သည် အပြစ်တင်ခွင့်နှင့် ကင်းလွတ်သောသူ၊ မယားတစ်ယောက်တည်းရှိသောသူ၊ သမ္မာသတိရှိသောသူ၊ ဣန္ဒြေစောင့်သောသူ၊ လျောက်ပတ်စွာ ကျင့်သောသူ၊ ဧည့်သည်ဝတ်ကို ပြုတတ်သောသူ၊ ဆုံးမဩဝါဒပေးတတ်သောသူ ဖြစ်ရမည်။ - စပျစ်ရည်နှင့်ပျော်မွေ့ခြင်း၊ သူတစ်ပါးကိုရိုက်ပုတ်ခြင်း၊ မစင်ကြယ်သောစီးပွားကိုတပ်မက်ခြင်းမရှိ၊ စိတ်ဖြည်းညင်းသောသူ၊ ရန်မတွေ့တတ်သောသူ၊ ငွေကို မတပ်မက်သောသူဖြစ်ရမည်။- မိမိအိမ်ကို ကောင်းမွန်စွာ အုပ်စိုး၍ သမ္မာသမာဓိရှိသည်နှင့်၊ မိမိသားသမီးကို ဆုံးမနိုင်သောသူ ဖြစ်ရမည်။- **မိမိအိမ်ကို မအုပ်စိုးတတ်လျှင်၊ ဘုရားသခင်၏ အသင်းတော်ကို အဘယ်သို့ပြုစုလိမ့်မည်နည်း။**" - တိမောသေဩဝါဒစာပထမစောင် ၃:၂-၅ (NLT)

Maatan က "ဖြစ်ဖွားတော်မူတဲ့ သားတော်ကို ကျွန်တော်ကိုးကွယ်တဲ့အခါ နာခံတတ်တဲ့စိတ်ကိုရပြီး ဘုရားက ကျွန်တော်ရရှိတဲ့ အခွင့်အာဏာတွေကို သုံးတတ်အောင် လမ်းပြမယ်လို့ ယုံတယ်။ ကျွန်တော်ဟာ သူတို့ကို ဂုဏ်တင့်စေဖို့၊ ကျွန်တော်တတ်နိုင်သလောက်သူတို့ကို နာခံဖို့ မတတ်နိုင်တာကို ယဉ်ယဉ်ကျေးကျေး၊ သိမ်သိမ်မွေ့မွေ့နဲ့ လျှောက်လှဲဖို့ ဘုရားက ကျွန်တော်ကို မိန့်ပါတယ်"

"ဘုရားကို ချီးမွမ်းပါတယ်။ ဒါ အခရာပဲ။ ယေရှုဟာ ဖြစ်ဖွားသောသားတော်လို့ နားလည်လာတဲ့သူ များပေမယ့် သူ့ရဲ့စိတ်အတိုင်း မသွားကြဘူး။ သူတို့က တစ်သီးပုဂ္ဂလ ဂျစ်ကန်ကန်နဲ့ သွားကြတယ်။ ဒီလိုနဲ့ အသင်းတော်ကို ပြဿနာ ရှာ၊ ရိုက်ချိုး၊ ဖျက်ဆီးကြတယ်။ သူတို့ဟာ အာဏာတော်ကို နာခံတဲ့စိတ် မရှိကြလို့ တည်ဆောက်ဖို့ အစွမ်းမရှိကြဘူး"

"ဒီအတွက် ဘုရားကို ကျေးဇူးတင်တယ် တိုနီ။ ကျွန်တော်ဒီလမ်းကို လျှောက်နိုင်ဖို့ ဘုရားက ဖေးမမယ်လို့ ကျွန်တော်ယုံတယ်"

*　　*　　*　　*　　*

နောက် (၃) ပတ်အကြာမှ သူ့နာမည်ကို အသင်းတော်ကနေ ပယ်မယ့်အကြောင်းကြားစာ Maatan ရတယ်။

Stella က "သက်ရဲ့နာမည် အခုထိ ဘာလို့မပါသေးတာလဲ" ဆိုပြီး အံ့သြတယ်။

Maatan က "နင့်လိုမျိုး နတ်သမီးနဲ့တူပြီး နူးညံ့သိမ်မွေ့တဲ့သူမျိုးကို ထုတ်ပယ်ရမှာ အကျည်းတန်လို့ နေမှာပေါ့" တဲ့။

"သက်တော့ ဒီလိုအခြေအနေမျိုးမှာ ရှင်နဲ့အတူ ရပ်ချင်တယ်"

"ငါတို့ဟာ တစ်သားထဲပါ Stella။ နင်ဟာ ငါ့ဘက်မှာအမြဲရှိတယ်။ ငါတို့နာမည် အသင်းတော် စာရင်းထဲမှာ ပါဖို့က အခရာမဟုတ်ပါဘူး။ ဒီကိစ္စ ဘုရားကို အပ်မယ်။ ဘုရား ငါတို့ကို ဦးဆောင်ခွင့်ပေးကြမယ်"

"အိုကေ Maatan။ သခင်ယေရှုက ရှင့်ကို ဒီကိစ္စမှာ လမ်းပြမှာပါလို့ သက် သိတယ်"

"Maatan ဟာ အစစ်မခံရခင် (၁) ရက်အလိုမှာ ဘုရားကျောင်းကို သွားတယ်။ ဘုရားကျောင်း ခုံတန်းမှာထိုင်ပြီး မျက်စိမှိတ်လိုက်တယ်။ အတိတ်က ကောင်းကောင်းဘုရားရှိခိုးခဲ့ရတာတွေ၊ ဓမ္မမိတ်ဆွေတွေကို စဉ်စားဖြစ်တယ်။ အဲဒါနဲ့ ဂါသမြို့သားရဲ့ အသံကြား

ရတယ်။ ။ *နင် ဘာလို့ လက်လျှော့လိုက်တော့မှာလဲ Maatan။ နင်က ဒီလိုဖြစ်ဖို့ မွေးလာတာ။ ဒါက နင့်ရဲ့နယ်။ နင်မှားနေပြီ"*

Maatan က အနှိုးအသံ သူ့ကိုမနိုင်အောင်ပထုတ်ပြီး *သင်၏ဘုရားသခင်ကိုသာ ဝတ်ပြုကိုးကွယ်လော့လို့ ကျမ်းစာမှာလာတယ်။ ဒါကြောင့် ကျက်သရေယုတ်တဲ့အသံကြီး ထွက်သွားလိုက်...။ ဘုရားရဲ့သား ငါ့ကို ဘယ်ကိုဦးဆောင်ဆောင် နောက်ကလိုက်ဖို့ ပိုင်းဖြတ်ပြီးပြီ။*

Maatan အိမ်ပြန်ပြီး ဘုရားရဲ့ နည်းနိသယသော့ကို သေတ္တာကနေ ယူလိုက်တယ်။ ရွှေသော့ထဲမှာ မြုပ်ထားတဲ့ကျောက်က အနီရောင်ကိုပြောင်းတယ်။ သူက ချစ်ရသော သူ့ရဲ့ကယ်တင်ရှင်အကြောင်း အနုလုံပဋိလုံစိပ်ရင်းနဲ့ အောက်ကကျမ်းချက်တွေကို သတိရဖြစ်တယ်။ ။

> "သို့သော်လည်း၊ ယုဒလူဖြစ်စေ၊ ဟေလသလူဖြစ်စေ၊ ခေါ်တော်မူသောသူတို့၌ ဘုရားသခင်၏ တန်ခိုးတော်နှင့် ဘုရားသခင်၏ပညာတော်တည်းဟူသော ခရစ်တော်၏ တရားဖြစ်၏။" - ကောရိန္သုဩဝါဒစာပထမစောင် ၁:၂၄

> "အကြောင်းမူကား၊ ပညာသည် ပတ္တမြားထက်သာ၍မြတ်၏။ နှစ်သက်ဖွယ်သမျှသော အရာတို့သည် ထိုရတနာကို မပြိုင်နိုင်ကြ။" - သုတ္တံကျမ်း ၈:၁၁ (KJV)

*အရှင့်ရဲ့တန်ဖိုးဟာ ပတ္တမြားထက် အနမတဂ္ဂတန်ပါတယ် သခင်ယေရှု။ အရှင်ဟာ ဘုရားသခင်ရဲ့ ပညာတော်မှန်ပါသည်။ ကျွန်ုပ်သည် ကိုယ်တော့်အကြောင်းကို ဓမ္မမိတ်ဆွေများရှေ့မှာ သက်သေခံခဲ့ပါတယ်။ ကိုယ်တော်လည်း အသက်ရေစီးတဲ့မြစ်ကနေပြီး ကျွန်တော့်ကို အားဖြည့်ပေးပါတယ်။ အနီရောင်သည် ကိုယ်တော်ရဲ့ ပညာဂုဏ်ကိုသာမကဘဲ စတေးခံခြင်းအရာအတွက် ကွက်တိကျတဲ့ အရောင်ပါပဲ။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ အနစ်နာခံမှုများကို သက်သေခံကြသူများ ဖြစ်ပါတယ်။*

"မိမိမြည်းကို စပျစ်နွယ်ပင်၌လည်းကောင်း၊ မြည်းကလေးကိုအမြတ်ဆုံးသော စပျစ်နွယ်ပင်၌လည်းကောင်း ချည်နှောင်၍၊ မိမိအဝတ်ပုဆိုးများကို စပျစ်သီးအသွေးတည်းဟူသောစပျစ်ရည်ဖြင့် လျှော်လိမ့်မည်။ သူ၏မျက်စိသည် စပျစ်ရည်နှင့်နီလိမ့်မည်။ သွားသည်လည်း နို့နှင့်ဖြူလိမ့်မည်။" - ကမ္ဘာဦးကျမ်း ၄၉:၁၁၊ ၁၂ (KJV)

*ကိုယ်တော်သည် ဒီအခက်အခဲမှာ လွမ်းခြုံပေးသူဖြစ်တယ်။ ။*

"အပေါ်တဲဖုံးအုပ်ဖို့ အနီဆိုးသောသိုးရေကိုလည်းကောင်း၊ ထိုသိုးရေအပေါ်၌ တဟာရှုသားရေကိုလည်းကောင်းလုပ်ရမည်။" - ထွက်မြောက်ရာကျမ်း ၂၆:၁၄ (KJV)

ဒီအကြောင်းတွေကို အာရုံပြုရင်းနဲ့ Maatan က နှင်းဆီနဲ့ထုပ်ထားတဲ့ လက်ဆောင်တစ်ခု အသင်းတော်ကိုပေးဖို့ ဆုံးဖြတ်လိုက်တယ်။ သူတို့ အရမ်းကြီးနောက်မကျခင် ဖြစ်ဖွားတော်မူတဲ့ သားတော်ကို လက်ခံကြဖို့ အချိန်ရှိသေးတယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ နာရီတစ်လုံး လက်ဆောင်ပေးဖို့ ဆုံးဖြတ်လိုက်တယ်။

Craig Ellison တို့ ဇနီးမောင်နှံက Maatan ကို စစ်ဆေးတဲ့အခါ လိုက်သွားဖို့ ဆုံးဖြတ်ကြတယ်။ Stella ကတော့ ကလေးတွေနဲ့ အိမ်မှာကျန်ခဲ့ပြီး "ရှင့်ကို ဘုရားလက်ထဲ အပ်ထားတယ်။ ဒီညမှာ ကျွန်မတို့ဟာ ဖြစ်ဖွားတော်မူတဲ့သားတော်အကြောင်း ချပြရတော့မှာဖြစ်တယ်။ ရှင်က ဝိညာဉ်တော်ရဲ့တန်ခိုးနဲ့ ကိုယ်တော်အတွက် ထွန်းလင်းရတော့မှာနော်"

"ကျေးဇူးပဲ။ ငါကိုယ်တိုင်ကတော့ ဘာမှမစွမ်းပါဘူး။ ငါ့ရဲ့သခင်၊ ဖြစ်ဖွားတော်မူတဲ့သားနဲ့ အလုပ်အတူတူ လုပ်သွားမှာ"

စစ်ဆေးခံရမယ့်ညဟာ လပြည့်ညပါ။ လပြည့်ညမှာ ဒီလိုအစစ်ခံရတာဟာ အံကိုက်ပါတယ်။ Maatan ကို စွဲချက်တင်တဲ့အကြောင်းတွေ ဖတ်ပါပြီ။ Maatan က ဘာမှမငြင်းခဲ့ဘူး။ အသင်းတော်အတွက် ကူညီနိုင်ခဲ့တာတွေအတွက် သူက လူတိုင်းကို ကျေးဇူးတင်စကား ပြောခဲ့တယ်။ သူက ဖြစ်ဖွားတော်မူတဲ့သားကို ဘယ်လောက်ကြည်ညိုကြောင်း၊

သားတော်နဲ့ ခမည်းတော်တို့အတွက် အမှုဆောင်ဖို့ ဆက်ကပ်ထားတဲ့အကြောင်းတွေ ပြောခဲ့တယ်။ သူစကားပြောချိန်မှာ အခန်းထဲကမျက်နှာတွေဟာ Craig တို့ လင်မယား၊ Andrew Lang ကလွဲပြီး မှုန်နေကြတယ်။ Andrew Lang ကတော့ လူသစ်။ ဒီအကြောင်း တွေကို မသိသေးဘူး။

Maatan ကတော့ အသင်းတော်ကို သမ္မာကျမ်းစာကို ပြန်ကြည့်ကြပြီး ကိုယ့်ရဲ့ယုံကြည် ချက်ကို ပြန်ဆန်းစစ်ကြဖို့ လျှောက်တင်တယ်။ သူတို့ဟာ သူ့ကိုမဟုတ်ဘဲ ဖြစ်ဖွားတဲ့ သားတော်ကို ထိပါးကြောင်း ပြောပြတယ်။ Maatan က "သူ့ဆီကိုသွားကြပါ။ အဲလိုဖြစ် ရင် ကောင်းချီးရလိမ့်မယ်" လို့ ပြောပါတယ်။

အသင်းတော်ကတော့ သူ့ကိုထုတ်ဖို့ မဲပေးကြတယ်။ မဲအဖြေက အသင်းသားမဖြစ်နိုင် တော့မှန်း သေချာတဲ့အခါ Maatan က သားတော်ဘုရားလက်ထဲ သူ့ကိုယ်သူ အပ်လိုက် ပြီး ငြိမ်းချမ်းခြင်း၊ ကောင်းကင်ရဲ့သုခကို ခံစားလိုက်ရတယ်။

ဘုရားရဲ့နိဿယသေ့ကနေ အလင်းတန်းထွက်လာပြီး အသံကို Maatan ကြားရတယ်။

> "သင်၏အကျင့်ကို ငါသိ၏။ အဘယ်သူမျှ မပိတ်နိုင်သောတံခါးကို သင့် ရှေ့၌ငါဖွင့်ထားပြီ၊ အကြောင်းမူကား၊ သင်သည် အနည်းငယ်သောခွန် အားရှိသည်နှင့်၊ ငါ၏နှုတ်ကပတ်ကို စောင့်ရှောက်ခဲ့ပြီ။" - ဗျာဒိတ် ကျမ်း ၃:၈

တစ်ချို့က မိုးချုန်းသံကြားတော့ အနောက်ကိုရှဲသွားတယ်။ သူတို့က အလင်းကိုရှောင်ဖို့ အကွယ်ရှိတဲ့နေရာမှာ စုကြတယ်။ တစ်ယောက်ကတော့ မပုန်းဘူး။ Andrew က Maatan ဆီလာပြီး "ငါတို့သူ့ကို ဒီလိုလုပ်ရအောင်။ သူက ဘာအပြစ်လုပ်ခဲ့လို့လဲ" လို့ အော်ပြောလိုက်တယ်။

"ဘုရားကောင်းချီးပေးပါစေ Andrew။ ခင်ဗျားဟာ ငါနဲ့အတူ ပရဒိသုဘုံမှာ ရှိမှာပါလို့ ဒီနေ့မှာ ငါပြောတယ်။"

Maatan က သူ့နားမှာ နာကြင်မှုတစ်ခု ခံစားရပြီး ဘာဖြစ်တာလဲဆိုတာ သူသိလိုက်တယ်။ သူဘာမှ ခါးခါးသီးသီး မဖြစ်ခဲ့ဘူး။ သားတော်ရဲ့ ပီတိပဲ ခံစားမိတာ။ အခုလည်း သံတိုင်ကြီးဟာ ကွေ့ကောက်ပြိုကျပါပြီ။ ဘုရားကျောင်း တုန်ခါသွားတဲ့အထိ လျှောင်လှုပ်ခဲ့ပြီး Maatan, Craig တို့ လင်မယားကလွဲပြီး အဲဒီတုန်ခါမှုရဲ့ အကြောင်းရင်းကို သိတဲ့သူ မရှိဘူး။ ဒါဟာ လွတ်လပ်ခြင်း အသံပါ။ အဲဒီအခိုက် သူခံစားရတဲ့ ငြိမ်းချမ်းမှုအရသာကို Maatan အံ့သြခဲ့တယ်။

*　　*　　*　　*　　*

"ဘယ်လိုနေလဲ Maatan" လို့ Stella က မေးတယ်။ "လွန်ခဲ့တဲ့ (၁) နာရီတုန်းကတော့ နား နာတယ်။ အဲဒါ အကောင်းလို့မှတ်တယ်" ဆိုပြီး Stella ကပြောတယ်။

"ငါတော့ မြစ်ရေလိုငြိမ်းချမ်းမှုကို ခံစားရတယ်။ ငါ့ခေါင်းကိုကြည့်ပေးဦး"

Stella လည်း မှန်ဘီဘူးသွားယူပြီး ကြည့်တော့ ဒုတိယငုတ်ကလေး ရွှေငုတ်ဖြစ်သွားတာကို တွေ့တယ်။ "ငါတို့ရဲ့ သဒ္ဒါရုံကို ဘုရားရဲ့ပညတ်တော်ကိုသာ နားစိုက်ဖို့ အားထုတ်ခဲ့တယ်လေ" လို့ Maatan က အောင်နိုင်စွာ ပြောလိုက်တယ်။ ဂေါလျတ်ရဲ့ ဒုတိယမြောက်သားလည်း ဇာတ်သိမ်းပြီ။ ငါတို့နှုတ်က ဘုရားကို အမြဲချီးမွမ်းပါစေတော့။

Maatan ဟာ အဲဒီညမှာ သူ့သခင်ရဲ့ရင်ခွင်မှာ အိပ်ရတယ်လို့ ခံစားရတယ်။ သူ့ရဲ့ပီတိက သူ့ကို သားတော်ခရစ်တော်ကြောင့် ခမည်းတော်ရဲ့သား ဖြစ်ရတယ်၊ ပြီးတော့ ရှေ့မှာကြုံရမယ့် အခက်အခဲကို ကျော်ဖြတ်နိုင်မယ်လို့ ခံစားစေပါတယ်။

# အခန်း ၃၅
# ငွေပုံကြားက ရွှေတစ်ပွင့်

အဖြစ်အပျက်က အိပ်မက်ဆန်ပါတယ်။  Maatan ရဲ့ဘဝက ဒီပတ်ဝန်းကျင်မှာသာ ကျင်လည်ခဲ့တာဖြစ်ပြီး အခုတော့ လားလားမှမဆိုင်တော့တဲ့ဘဝ ရောက်သွားပြီ။ ၉၅ % ကျော်က အပြီးအပြတ်ပဲ။  သူတို့ရဲ့ ဝမ်းရေးကိုသာကြည့်ပြီး ဖြစ်ခဲ့တာတွေကို မေ့ကြပြီ။ သူ့ကိုလည်း မေ့ကြပြီ။ မဟုတ်ရင်တောင် မေ့အောင် ကြိုးစားကြသေး...။

Maatan နဲ့ Stella လည်း အရာအားလုံးကို သုံးသပ်ဖို့ ဆုံးဖြတ်ကြတယ်။ ကလေးတွေကို ပန်းခြံခေါ်သွားပြီး အချိန်ပေးကြတယ်။ ကြုံရတဲ့အဖြစ်တွေဟာ Chi နဲ့ Leo အတွက် ခက်ခဲနေတယ်။ သူတို့ကျင်လည်ခဲ့တဲ့ အသင်းတော်က သူတို့ကိုပယ်ခဲ့ပြီ။ ဒါဟာ သူတို့ ခံစားတဲ့ပုံပါ။

သောကြာည ရောက်ပြီ။ သူတို့မိသားစုဟာ မီးပုံဘေးမှာ ထိုင်ကြပြီး Maatan က ဆုတောင်းတယ်။ "အဖဘုရား ကျွန်တော့်ဇနီး Stella ကို ကျေးဇူးတင်ပါတယ်။ ဒီလိုအခက်အခဲကာလမှာ အနားမှာ ရပ်တည်ပေးတဲ့အတွက် ကိုယ်တော့်ကို ကျေးဇူးတင်ပါတယ်။ အခြေအနေကို လက်ခံတတ်ပြီး တလွဲဆံပင် မကောင်းခဲ့တဲ့အတွက် ကျေးဇူးတင်တယ်။ ရှေ့လာမယ့်နေ့တွေမှာ သူမကို ကောင်းချီးပေးတော်မူပါ။ ကျွန်တော်ချစ်ရတဲ့သား Chi ကိုလည်း ကျေးဇူးတင်တယ်။  သူလည်း ဂေါလျတ်တို့ သားအဖတွေကို အံတုရာမှာ ပါဝင်နိုင်ပါစေ။ ကိုယ်တော်ရဲ့ တရားများ သူ့စိတ်မှာကိန်းပြီး အမွေကို ကျော်လွှားနိုင်ပါစေ။ အခြေအနေကို ခံစားထိခိုက်လွယ်တဲ့ ကျွန်တော့်ချစ်သား Leo ကို ကောင်းချီးပေးတော်မူပါ။ စိတ်ငြိမ်သက်ခြင်း ပေးပေးပါ။ သူတို့နှစ်ယောက်လုံးဟာ အချစ်ခံရကြောင်း သိကြပါစေ။ ယေရှုနာမ၌ ဆုတောင်းပါတယ်။ အာမင်"

နောက်တစ်နေ့ကျ ရေကန်ရှိတဲ့ဘက်သွားပြီး တောကောင်တွေသွားကြည့်ကြတယ်။ ငှက်တွေက သံစုံ ဆိုနေကြတယ်။ လမ်းလျှောက်ရင်းနဲ့ Maatan က သူတွေ့ခဲ့တာကို မျှဝေတယ်။

"ငါ သတ္တုအမျိုးမျိုးရဲ့ လျှပ်စီးအစွမ်းကို လေ့လာကြည့်တယ်"

"အဖေက ရွှေနဲ့ငွေကို ပြောတာလား"

"ဟုတ်တယ် Chi။ ငွေဟာ လျှပ်ကူးနိုင်စွမ်း အမြင့်ဆုံးပဲ။ ဒါပေမယ့် အစွမ်းက ကျကျလာတယ်။ နောက်ထပ် လျှပ်ကူးအား ကောင်းတာက ကြေးနီနဲ့ ရွှေပဲ။ ရွှေကတော့ အကြာခံဆုံးပဲ။ ရွှေပြီးရင် အလူမီနီယံ၊ အဲ့နောက်မှာ သွပ်၊ နီကယ်။ ကြေးဝါက အဆင့် (၇)၊ ကြေး + ခံမဖြူစပ်က အဆင့် (၈)၊ သံက (၉)။

ဒီမြို့ကို ကြေးဝါ၊ သံနဲ့ လျှပ်စီးလှိုင်း လွှတ်ထားတာဟာ ကောင်းကင်ကလွှတ်တဲ့ခေတ်မကူးနိုင်အောင် လုပ်တဲ့သဘောပဲ။ အဲဒါကြောင့် ပုထုဇဉ်တွေ ဝါးလုံးခေါင်းထဲ လသာနေကြတာ။ ဒီအခင်းအကျင်းက ဘုရားရဲ့ တို့ထိမှုကို မခံစားတတ်အောင် ထုံစေပြီး ကိုယ့်ကိလေသာအတိုင်း နေပေမယ့် စိတ်မလုံတာမျိုး သိပ်မဖြစ်စေဘူး။ ပြဿနာက ဝိညာဉ်တော်တို့ထိမှုမရှိရင် ကိုယ်လျှောက်နေတဲ့ ပျက်စီးရာလမ်းကနေ ပြန်လှည့်ဖို့ မစွမ်းနိုင်တာပဲ။ အဲဒါကြောင့် ဒီမြို့ဟာ သွားပြီးသားပဲ"

"ငါတို့စိတ်ကနေထွက်တဲ့ လျှပ်စီးက ငါတို့ကိုဝိုင်းထားတဲ့ သတ္တုတွေပေါ် သက်ရောက်မှုရှိတယ်။ ဒါကို ကျမ်းစာက ဘယ်လိုပြလဲဆိုတာ ကြည့်။ ။"

> "အရည်ကျို၍ စုံစမ်းခြင်းကို ခံနိုင်သော်လည်း၊ ပျက်စီးတတ်သော ရွှေကို စစ်ကြောစုံစမ်းခြင်းထက်၊ သင်တို့ယုံကြည်ခြင်းကို စစ်ကြောစုံစမ်းခြင်းအရာသည် သာ၍ မြတ်သည်နှင့်၊ ယေရှုခရစ် ပေါ်ထွန်းတော် မူသောအခါ အချီးအမွမ်း၊ ဂုဏ်အသရေ၊ ဘုန်းအာနုဘော် အလိုငှာဖြစ်မည်အကြောင်း၊ အထူးထူးအပြားပြားသော စုံစမ်းနှောင့်ယှက်ခြင်းကို ခံရသောအကြောင်းရှိလျှင်၊ သင်တို့သည် ယခုခဏခံရ၍ ဝမ်းနည်းသော်လည်း၊ အထက်ဆိုခဲ့ပြီးသော ကျေးဇူးတော်ကိုထောက်၍ ရွှင်လန်းသောစိတ် ရှိကြ၏။" - ရှင်ပေတရုဩဝါဒစာပထမစောင် ၁:၆-၇

"လူသည် ရွှေစင်ထက် အဖိုးထိုက်မည်အကြောင်း၊ ဆင်းရဲသားသည် သြဖိရရွှေကျောက်ထက် အဖိုးထိုက်မည်အကြောင်း ငါပြုမည်။" - ဟေရှာယအနာဂတ္တိကျမ်း ၁၃:၁၂

"ကောင်းသောအသရေကို များစွာသောဥစ္စာထက် သာ၍ ရွေးစရာကောင်း၏။ သူတစ်ပါးစုံမက်ခြင်းကျေးဇူးသည် ရွှေငွေထက် သာ၍ကောင်း၏။" - သုတ္တံကျမ်း ၂၂:၁

"လျောက်ပတ်သောစကားသည် ငွေအပြောက်မှာ စီချယ်သော ရွှေရောက်ချိုသီးနှင့် တူ၏။" - သုတ္တံကျမ်း ၂၅:၁၁

"ကျမ်းစာက လူ့စရိုက်ကို သတ္တုနဲ့နှိုင်းတယ်။ သုတ္တံ ၂၅:၁၁ အရ ကောင်းကင်နိုင်ငံက တော့ ရွှေနဲ့ငွေ အသုံးများပုံပဲ။ ယုဒလူမျိုးတို့ရဲ့ ဗိမာန်တော်ဟာ ရွှေနဲ့ငွေပဲ အသုံးများတာ။ ငွေနဲ့နှိုင်းယှဉ်ရင် ကြေးဝါကို အညစ်အကြေးလို့ ဘုရားသခင်က သဘောထားတာ ငါတို့တွေ့ရတယ်။ ။"

"အချင်းလူသား၊ ဣသရေလအမျိုးသည် ငါ့ရှေ့မှာချော်ဖြစ်လေပြီ။ ထိုသူအပေါင်းတို့သည် မိုက်ထဲ၌ ထည့်သော ကြေးနီ၊ ကြေးဖြူ၊ သံ၊ ခဲကဲ့သို့ငွေနှင့်ကွာသော ချော်ဖြစ်ကြ၏။" - ယေဇကျေလအနာဂတ္တိကျမ်း ၂၂:၁၈

"ငါတို့ဟာ ဘုရားတရားကို အာရုံစိုက်တဲ့အခါ ငါတို့ရဲ့စရိုက်မှာ ပေါ်လာသလိုပဲ။ ငါတို့ခေါင်းမှာ စိုက်ထားတဲ့ ငုတ်တွေလည်း ငါတို့ရဲ့ သိမြင်မှုအတိုင်း လိုက်ပြောင်းတယ်။ ငါတို့က နှုတ်ကပတ်တော်ကို လက်ခံတဲ့အခါ ရသာရုံဟာ ပြောင်းသွားတယ်။ ခရစ်တော်ဟာ ဘုရားသခင်ရဲ့ ဖြစ်ဖွားတဲ့သားပါလို့ နှိမ့်နှိမ့်ချချ သက်သေခံတဲ့အခါ အဲဒီငုတ်တွေက သက်ရောက်မှုကိုပြတယ်"

"ဘုရားပေးတဲ့သော့ပေါ်က ကျောက်လည်း အဲ့လိုပဲပြောင်းမှာလား ဖေဖေ"

"မှန်တယ် Leo။ ဒါပေမယ့် တို့ရဲ့စိတ်က ပျံ့တယ်။ အမှန်ပြောရရင် ကောင်းကင်ကနေ အလင်းပြရင် ရန်သူကလည်း လိုက်တုတယ်ဆိုတာပဲ။ ငါတို့စိတ်ဟာ လျှပ်စီးကို အမြဲ လက်ခံ၊ ပြန်ထုတ်နေတာပဲ။ အယောက်တိုင်းမှာ နယ်ဆိုတာရှိပြီး လျှပ်စီးအမျိုးမျိုး ထုံကူး ကြပြီး ကိုယ့်ပတ်ဝန်းကျင်ကို ဩဇာသြောင်းကြတယ်"

Chi က "သားရဲ့ငုတ်တွေ ဘယ်တော့ပြောင်းမှာလဲ" တဲ့။

"သားရဲ့ဗီဇဆိုးကို ဖီဆန်ပြီး ဘုရားရဲ့မေတ္တာကို သဘောပေါက်တဲ့အခါ၊ ယေရှုခရစ်ဟာ သားအတွက် အသေခံပေးမှုကြောင့် သားရဲ့အပြစ်တွေကို ခွင့်လွှတ်ပေးတယ်လို့ သားယုံ တဲ့အခါကျရင် ဒီငုတ်တွေ စပြောင်းလာမှာပါ"

"ဒီအချက်ကို သားယုံတယ် ဖေဖေ"

"သား အဖေ့ကို ဒါမျိုးပြောဖူးပါတယ်။ ဘုရားကိုလည်း ကျေးဇူးတင်ပါတယ်။ စိတ်ရှည် ပေါ့ သားရယ်။ ဖြစ်လာမှာပေါ့။ ငါတို့ရဲဗီဇနဲ့ နောင်တရတဲ့ အတိုင်းအတာကြား ချိန်ခွင် ဘယ်လိုရှိလဲဆိုတာ မြင်တတ်ဖို့ အချိန်ပေးရတာပေါ့။ ဘုရားနဲ့ ဆက်ပြီးလက်တွဲပါ။ သား ရဲ့ငုတ်တွေ ပြောင်းလာမှာပါ"

Chi က "သားယုံပါတယ်။ ယုံကြည်မှု အားနည်းသေးတာကို မစပေးပါ" တဲ့။

"ကောင်းတယ် Chi။ ဘုရား မစမှာပါ"

"ငွေက ဂုဏ်သတ္တိလျော့တယ်ဆိုတာ ဘာပြောချင်တာလဲ Maatan" လို့ Stella စပ်စု ကြည့်တယ်။

"သြော် အေး၊ စကားလမ်းကြောင်း ပြန်တည့်ပေးလို့ ကျေးဇူးပဲ။ ငါတို့ဟာ ဘုရားရဲ့နည်း အတိုင်း သားတော်ကြောင့် ဘုရားသခင်ရဲ့ သားသမီးတွေ ဖြစ်ကြတယ်လို့ ငါတို့လက်ခံတဲ့ အခါ အဖဘုရားက ငါတို့ရဲ့ငုတ်တွေကို ငွေဖြစ်အောင် ပြောင်းပေးနိုင်တယ်။ ငွေက လျှပ် ကူးမြန်တယ် ဆိုတဲ့အတိုင်းပဲ သူ့ရဲ့ဝိညာဉ်တော်က ငါတို့ကို မြန်မြန်အလင်းပြနိုင်ရောပဲ။ အဲဒါကို ဘယ်အချိန်ဖြစ်ဖြစ် အမှန်တရားကို ငြင်းပယ်ရင် ငါတို့ငုတ်ဟာ

သတ္တိလျော့လာပြီး ကောင်းကင်နဲ့ဆက်သွယ်ရာမှာ ချိတ်ဆက်မိဖို့ ခက်သွားပြီ။ အဲဒါကြောင့် လမ်းခုလပ်မှာမရပ်ပဲ အမှန်တရားကို ဆက်ပြီးလေ့လာဖို့ အရေးကြီးတယ်။ ကောင်းကင်မှာ သဘာဝဖြစ်ပေမယ့် ငါတို့အတွက် ဆန်းနေတဲ့တရားတွေကို ငါတို့စငြင်းပယ်တဲ့အခါ ဘုရားရဲ့အသံကို ငါတို့ကြားနိုင်စွမ်း လျော့ပါတယ်”

“ဒီတရားတွေ ဒီလိုချိတ်ဆက်နေတာ အံ့ဩစရာပဲ ယောက်ျားရေ။ ဘုရားရဲ့အလိုတော်အတိုင်း အမြဲနာခံနိုင်ဖို့ သက် ဆုတောင်းတယ်။ ငါတို့ရဲ့ ငုတ်တွေ ရွှေအကုန်ဖြစ်သွားပြီး ခမည်းတော်ရဲ့ အလိုတော်ကို သားတော်အားဖြင့် ငါတို့ ကောင်းကောင်းကြားနိုင်စွမ်းရင် ဘယ်လောက်များ ကောင်းလိုက်မလဲနော်”

Maatan က Stella ကိုသိုင်းပြီး “နင်ဟာ ငါ့အတွက် လက်တွဲဖော်ကောင်းပဲ။ ငါ့စကားကို နားထောင်၊ ခမည်းတော်ဘုရား မိန့်တာတွေကို နှလုံးသွင်းထားတဲ့အတွက် ကျေးဇူးတင်တယ်။ ကောင်းကင်နိုင်ငံရောက်ဖို့ ငါ့ကယ်တင်ရှင်နောက်ကို လိုက်နိုင်အောင် ဆုတောင်းပေးတဲ့အတွက် ကျေးဇူးပါ”

“စာရာလည်း အာဗြဟံကို သခင်လို့ခေါ်တာပဲ။ ဘုရားက ယောက်ျားကို ဒီမိသားစုကိုလမ်းပြဖို့ ရွေးထားတာ သက်ကသိလို့ သက်က ယောက်ျားကို အဲလိုခေါ်မယ်ရှင့်။ စာရာက အာဗြဟံကို သခင်လို့ခေါ်ရတဲ့အကြောင်း အခု သက် သိပါပြီ။ စာရာက ခရစ်တော်ကို သူ့ယောက်ျားရဲ့သခင်အဖြစ် အသိအမှတ်ပြုလို့ပဲကိုး။ သက်လည်း ကောင်းကင်နိုင်ငံကို သွားရာလမ်းတစ်လျှောက် ရှင်နဲ့ ခြေဖဝါးထပ် အတူလျှောက်ချင်ပါတယ်။”

ကလေးတွေကလည်း “သားရောပဲ၊ သားရောပဲ” လို့ လုပြောကြတယ်။

Maatan က “ငါက ကောင်းချီးရတဲ့လူပဲ” ဆိုပြီး မျက်ရည် ဥလာတယ်။ “ငါ့မိသားစုက ဆန္ဒရှိနေမှတော့ နက်ဖန်ကျရင် တိုနီ ဆီထပ်သွားကြမယ်။ သူက ဒီပဥ္စမာယာစနစ်ကနေ လွတ်မယ့်လမ်း ငါတို့ကို ပြောပြနိုင်မှာ။”

# အခန်း ၃၆
## ပဋ္ဌမာယာသင်္ချာဗေဒ

"နင့်ကိုစစ်ဆေးပြီးနောက်ပိုင်း ဘယ်လိုနေလဲ Maatan" လို့ တိုနီက  အခန်းထဲဝင်လာတဲ့ Maatan ကို ဆီးမေးလိုက်တယ်။

Maatan က "ဒီလောကခံကြားမှာ  တည်တည်ငြိမ်ငြိမ် နေနိုင်ပါတယ်။ စိတ်ခွတ်ကျ အောင် စုံစမ်းခံရတယ်။ ကျွန်တော်က ကိုယ့်အသင်းတော်ကို ချစ်တာ။ အထုတ်ခံရတော့ အတော့်ကိုနာတာပေါ့။ ဘုရားကိုပဲ အားကိုးပြီး ကိုယ့်ကိုဒီလိုလုပ်သွားတဲ့ လူတွေကို ကျွန် တော်ဆက်ပြီး မေတ္တာပွားနိုင်ပါတယ်"

Tony က "ငါ့ရုံးထဲမှာ စကားဆက်ကြတာပေါ့။  ယေရှုက ဒီလိုတွေဖြစ်မယ်ဆိုတာ မိန့်ပြီး သားပဲ Maatan။ ဒီမှာကြည့်။   ။

> "လောကီသားတို့သည်  သင်တို့ကို တရားဇရပ်မှ  နှင်ထုတ်လိမ့်မည်။ သင်တို့ကို  သတ်သောသူမည်သည်ကား၊ ဘုရားဝတ်ကို ငါပြုပြီဟု မိမိ ထင်မှတ်သောအချိန်ကာလ ရောက်လိမ့်မည်။- ခမည်းတော်ကိုမသိ၊ ငါ့ ကိုလည်း မသိသောကြောင့် ထိုသို့ပြုကြလိမ့်မည်။" - ရှင်ယောဟန်ခ ရစ်ဝင် ၁၆:၂၊ ၃

"ဟုတ်တယ်။  ဒါ သဘာဝကျတယ်။  ဒီအပြစ်တွေကို  သူတို့အပေါ်မတင်ဖို့ အရေးကြီး တယ်။  'သူတို့က  ဘာလုပ်ကြတယ်ဆိုတာ မသိကြဘူးလေ။' ဒီလိုဖြစ်လာတဲ့အခါ ကျွန် တော်ဟာ ငြိမ်းချမ်းပါတယ်။  ခါတိုင်းဆို  ကျွန်တော်ပြိုလဲနိုင်ပေမယ့် ကျွန်တော့်ရဲ့ကယ် တင်ရှင်က ကျွန်တော့်ကိုဖေးမပါတယ်"

"ငါတို့ရဲ့ ခမည်းတော်ဘုရားရဲ့ မေတ္တာတော်ကို  ချီးမွမ်းပါတယ် Maatan။ ကြိမ်နှုန်းမြင့်တဲ့ ဟာကို နင့်ရဲ့နားက ကြားနိုင်လား"

"ဟုတ်ကဲ့။ တစ်ခုခုပြောင်းလဲမှန်း ကျွန်တော် တန်းသိတယ်။ Stella လည်း ကလေးတွေနဲ့ အိမ်မှာရှိနေပေမယ့် သူ့မှာလည်း ပြောင်းလဲမှုရှိတာကတော့ ထူးဆန်းတယ်ဗျ"

"ဒါက နှစ်ကိုယ်တစ်စိတ်ဆိုတာကို ပြတာလေ။ Stella က နင့်ရဲ့အတွင်းလူဆိုတော့ နင့်ဆီကစီးဆင်းတာတွေ သူ့ဆီရောက်တာပေါ့။ မယားက လင့်ဩဇာကိုနာခံရင် ခံစားချက်တူကြမှာလေ။ အဲလိုမဟုတ်ရင်တော့ ဘာမှခံစားရမှာ မဟုတ်ဘူး"

"မယုံကြည်သူနဲ့ညားတဲ့ အမျိုးသမီးဆိုရင်ကော"

"အဲဒီအမျိုးသမီးက ကယ်တင်ရှင်ရဲ့ကရုဏာ အထူးလိုတာပေါ့။ ဒီနေရာမှာ ယေရှုလိုကိုယ့်ကိုယ်ကို အလှူပေးတတ်ရမှာပေါ့။ ခရစ်တော်ဆီကနေ ကရုဏာကို သူရရင်တော့ သူ့ယောကျ်ားကို အလင်းပြနိုင်မယ့် အခြေအနေကို ရောက်မှာပေါ့။ ဒါပေမယ့် ဘုရားနဲ့ အဆက်မရှိရင် သူ့ယောကျ်ားက သူ့ကိုနိုင်ပြီး ဩဇာကြီးသွားမှာပေါ့"

"ဘုရားက အိမ်ထောင်ရက်သားပြုခြင်းကို ပုံဖော်ပုံက အတော့်ကိုဆန်းတာပဲ" လို့ Maatan အံ့ဩသွားတယ်။

ပဥ္စမာယာယန္တရားအကြောင်း ပိုပြီးလေ့လာရအောင်။ အရင်ဦးဆုံး ဒီကျမ်းချက်တွေကို ကြည့်ကြတာပေါ့။ ။

> "ယေရှုက၊ **ဒုတိယမွေးခြင်း**ကို မခံသောသူမည်သည်ကား၊ ဘုရားသခင်၏နိုင်ငံတော်ကို မမြင်ရဟု ငါအမှန်အကန်ဆိုသည်ဟု ပြန်၍မိန့်တော်မူ၏။" - ရှင်ယောဟန်ခရစ်ဝင် ၃:၃ (YLT)
>
> "မြေကြီးပေါ်မှာရှိသော အရာတို့ကို စွဲလမ်းသောစိတ် မရှိကြနှင့်။ **အထက်အရာတို့ကိုသာ စိတ်စွဲလမ်းခြင်း ရှိကြလော့။**" - ကောလောသဲဩဝါဒစာ ၃:၂
>
> "ယေရှုခရစ်အားဖြင့် ငါတို့ကို **ထမြောက်စေ၍ ကောင်းကင်အရပ်၌ နေရာပေးတော်မူပြီ။**" - ဖေက်ဩဝါဒစာ ၂:၆

"ကျွန်တော်တို့ရဲ့စိတ်က အထက်ကိုသာ အာရုံစိုက်နေရင် ကျွန်တော့်ရဲ့စိတ်မှာ ပါရဒိသုဘုံ တည်နေမှာပါ။ ဒါဟာ သန့်ရှင်းသောဝိညာဉ်တော်ဘုရားဆိုတဲ့ နှစ်သိမ့်ရှင်အားဖြင့် ကျွန်တော်တို့ဆီကို လာပါတယ်။ အနီးသန့်ရှင်းသော ဝိညာဉ်တော်ရဲ့ ဖေးမမှုနဲ့သာ ကျွန်တော်တို့က စာတန်နဲ့ အပေါင်းအပါတွေကို နိုင်နိုင်မှာ ဖြစ်တယ်။ ကျွန်တော်တို့ဟာ ခမည်းတော်နဲ့သားတော်ကို အာရုံပြုနေရမှာ ဖြစ်တယ်။ လူတွေက TV ကြည့်ကြတဲ့အခါ ဇာတ်ကားနဲ့ မဆိုးနိုင်တဲ့သတင်းတွေမှာဘဲ သူတို့ရဲ့စိတ်တွေ ရောက်ကြတယ်။ သူတို့ အာရုံပြုနေတဲ့ဟာတွေက သူတို့ရဲ့စိတ်ကို ကြိမ်နှုန်းနိမ့်စေတယ်။ သူတို့စိတ်က လောကီမှာ နှစ်နေပြီး ငှတ်ချောင်းလေးတွေလည်း ကြေးဝါပြန်ဖြစ်ဖြစ်သွားတယ်။ Hollywood ဇာတ်ကားတွေကြည့်ရင် တစ်ခဏအတွင်းမှာပဲ ခင်ဗျားကို ညို့ယူ၊ ခင်ဗျားရဲ့စိတ်ကို အောက်ဆွဲချ ခင်ဗျားလည်း လောကုတ္တရာကို စိတ်ဝင်စားတော့မှာမဟုတ်ဘူး"

Maatan လည်း "ဟုတ်တယ်။ ကျွန်တော် ဒါမျိုးကို ဖြတ်သန်းခဲ့ဖူးတယ်။ ဇာတ်ကားမကြည့်ပါဘူး။ သတင်းတွေ ရွေးပြီးကြည့်တာ။ ဒါပေမယ့် စိတ်ကဘာမှမမြင့်လာလို့ ဆုတောင်းလိုက်ရတယ်။ မကောင်းတဲ့ အစာတွေစားရင်လည်း အဲလိုပဲခံစားရတယ်။ လောကုတ္တရာကို အာရုံပြုရခက်သွားရော။ ပညာရှိ သုခမိန်ကြီးပြောခဲ့သလိုပါပဲ။ ။

"သင်သည် စားကြူးတတ်သောသူဖြစ်လျှင်၊ သင်၏လည်ချောင်းကို ဓားနှင့်ရွယ်လော့။" - သုတ္တံကျမ်း ၂၃:၂

တိုနီက "ဒါအမှန်ပဲ" တဲ့။ သတင်းနဲ့ပတ်သက်လို့ ရှင်ပေါလုက ပြောထားတယ်။ ။

"ကြွင်းသေးသော စကားဟူမူကား၊ ညီအစ်ကိုတို့၊ သမ္မာတရားနှင့် ဆိုင်သောအကျင့်၊ လျောက်ပတ်သော အကျင့်၊ ဖြောင့်မတ်သော အကျင့်၊ စင်ကြယ်သော အကျင့်၊ သူတပါးနှစ်သက်ဖွယ်သော အကျင့်၊ ချီးမွမ်းဖွယ်သောအကျင့်ရှိသမျှတို့ကိုလည်းကောင်း၊ ပါရမီတစ်ပါးပါး၊ ကောင်းသော သတင်းတစ်ပါးပါးနှင့် ဆိုင်သောအကျင့်တို့ကိုလည်းကောင်း၊ နှလုံးသွင်းကြလော့။" - ဖိလိပ္ပိဩဝါဒစာ ၄:၈

"ပဉ္စမာယာကိစ္စမှာတော့ သူနဲ့သက်ဆိုင်တဲ့ ကိန်းဂဏန်းတွေကို သိထားဖို့တော့လိုမယ်" လို့ Tony က စကားဆက်တယ်။ "ကောင်းကင်နိုင်ငံက အပေါင်း၊ အမြောက်တွေဘက်နဲ့ အစိုးရပြုတယ်။ အကြောင်းကတော့ ဘုရားရဲ့ ကောင်းချီးတွေက အမြဲတဲ အတိုးဘက် ဖြစ်လို့"

"ကောင်းချီးပေးရမည်အကြောင်း၊ အမိန့်တော်ကိုငါခံရပြီ။ ဘုရားသခင် ကောင်းချီးပေးတော်မူပြီ။ ထိုကောင်းချီးကို ငါမဖျက်နိုင်။" - တော လည်ရာကျမ်း ၂၃:၂၀

"အချင်းတို့၊ များပြားစွာမွေးဖွားကြလော့။ မြေကြီးကို ပြည့်စေ၍ နိုင် ကြလော့။ ပင်လယ်ငါးတို့ကိုလည်းကောင်း၊ မိုးကောင်းကင်ငှက်တို့ကို လည်းကောင်း၊ အသက်ရှင်၍ မြေပေါ်မှာ လှုပ်ရှားတတ်သော တိရ စ္ဆာန်အပေါင်းတို့ကိုလည်းကောင်း အုပ်စိုးကြလော့ဟုမိန့်တော်မူ၍၊ သူ တို့ကိုကောင်းချီးပေးတော်မူ၏။" - ကမ္ဘာဦးကျမ်း ၁:၂၈

"ဘုရားသခင်ကိုလည်း ချီးမွမ်း၍ လူအပေါင်းတို့ရှေ့မှာ မျက်နှာပွင့် လန်းခြင်း အခွင့်ကိုရကြ၏။ ကယ်တင်ခြင်းသို့ ရောက်သောသူတို့ကို လည်း နေ့စဉ်မပြတ် သခင်ဘုရားသည် သင်းဝင်စေတော်မူ၏။" - တ မန်တော်ဝတ္ထု ၂:၄၇

"ဘုရားက ပြန်နုတ်ယူတယ်ဆိုတာ မှန်တယ်။ ဒါကလည်း သူ့ရဲ့သားသမီးတွေ သူ့ကို ကန့်ကွက်တော့ တိုက်ကြတဲ့အခါ ဘုရားက စာတန်ကို သူ့ရဲ့ဗီဇအတိုင်း နုတ်ယူခွင့်ပေးလို့ပါ။ ဘုရားက သူခွင့်ပြုထားတာတွေအတွက် တာဝန်ယူတယ်"

Maatan က "ဒီအကြောင်းက ယေရှု လူတစ်ယောက်ကို ရောဂါပျောက်စေခဲ့တဲ့အ ကြောင်း သတိရစေတယ်။ ယေရှုက အဲဒီလူကို ရှေ့တိုးခိုင်းပြီး တစ်ခုမေးတယ်။ ။

"ဥပုသ်နေ့၌ ကျေးဇူးပြုအပ်သလော၊ သူ့အကျိုးကို ဖျက်ဆီးအပ်သ လော၊ အသက်ကို ကယ်အပ်သလော၊ သတ်အပ်သလောဟု ပရိသတ်

တို့အား မေးတော်မူလျှင်၊ ထိုသူတို့သည် တိတ်ဆိတ်စွာနေကြ၏။" - ရှင်မာကုခရစ်ဝင် ၃:၄

"ယေရှုက သူ ကုနိုင်ရဲ့သားနဲ့ မကုခဲ့ရင် သူ့ကိုသတ်သလိုပါပဲတဲ့။ ယေရှုက (၂) ခုဘဲ ရွေးခိုင်းတယ်။ ကယ်မှာလား (သို့) သတ်မှာလားပေါ့။ ဒါကြောင့် ခင်ဗျားပြောတာကို ကျွန်တော် ပေါက်တယ်။ ဘုရားက သူမလုပ်ခဲ့တာကို တာဝန်ယူတာပဲ"

"ဒီအချက်ကောင်းတယ် Maatan။ ရှင်းသွားတာပဲ။ အခုနင့်ကို စကြဝဠာသဘောတရားကြီးကို အာရုံပြုစေချင်တယ်။ အဲဒါကို Schumann ပဲ့တင်ခြင်းဆိုပြီးလည်းညွှန်းကြတယ်။ ဒါက ပထဝီမြေကြီးရဲ့ ပဲ့တင်ခြင်းနဲ့ ပတ်သက်တယ်။ အဲဒါရဲ့တုန်ခါကြိမ်နှုန်းက 7.83 Hz ဖြစ်ပြီး ကောင်းကင်ရဲ့ကြိမ်နှုန်းဟာ 7.77 Hm ပါ။ Hm ဟာ ညီထွေမှု (harmony) ကို ဆိုလိုတာပါ။ ဒီအသံလှိုင်းလွှဲခွင်က 7.77 Hm ကနေ 7.0 ကို တိုးလာပြီး 700 Hm နားအထိ ကပ်ပါတယ်။ အဲဒီနောက်မှာ ကျွန်တော်တို့ဟာ အခြားဘက်ကို ပြောင်းရတယ်"

"Schumann က လူတွေကို ဒီအသံလှိုင်း မရောက်နိုင်တဲ့နေရာမှာ ထားထားတော့ အဲဒီလူတွေ အိပ်ရာဝင် မမှန်တော့တဲ့အကြောင်းတွေ ကျွန်တော်ကြားဖူးတယ်။" "အိုကေ ခင်ဗျာ ဒီအကြောင်းနဲ့ ရင်းနှီးသားပဲကိုး။ အဲဒါကို ပဥ္စမာယာမှာတပ်လိုက်ရင် ပထမတိုင်ကို ငါတို့ဖြတ်နိုင်တဲ့အခါ 7.77 Hm ကြိမ်နှုန်းကို ရစေတယ်။ ဒုတိယနဲ့ပြတ်တဲ့အခါ ငါတို့ 7 Hm ထပ်ပေါင်းတော့ 14.77 ရတယ်။ နောက်တစ်တိုင်ကို ထပ်ဖြတ်ရင် ထပ်မြှောက်ရပြီး 103.4 Hm ရတယ်။ စတုတ္ထတိုင် အပြီးမှာတော့ 723.7 Hm ရပြီး အဲဒါက နောက်တစ်ကန့်ရဲ့ မုခ်ပဲ။

"အပြန်အလှန်အရ အဲဒီတိုင်တိုင်းနဲ့ ချိတ်နေသ၍ကတော့ 6.66 Hz ပဲကြုံရမယ်။ နောက်ပြီး နာလည်းနာတယ်။ တိုင် (၂) တိုင်ဟာ ကြေးနဲ့ဆက်ရင်တော့ ခင်ဗျားက အနုတ်ပဲကြုံရမယ်။ (၃) တိုင် ဆက်နေရင်တော့ သုညကို 6.66 နဲ့စားရင် အများကြီးရောက်သွားမယ်။ ခင်ဗျားလည်း လုံးလုံးမှောက်ရောပဲ။ အခြားတိုင်တွေကလည်း ခင်ဗျားရဲ့ဒုက္ခကို ဆတိုးဖြစ်စေမှာ။

“ဖြည့်ပြောရရင် ငွေအဖြစ်ပြောင်းသွားတဲ့ငုတ်က ကြားနေပဲ။ ဘာမှ မတိုး၊ မလျော့ဘူး”

“တကယ်ပြောရရင် Tony ရေ ကျွန်တော်က ငွေ (၃) ငုတ် ကြားနေလည်းဖြစ်၊ ရွှေ (၂) ငုတ်ဆိုတော့ 14.77 ပေါ့”

“ဒါမှန်တယ်။ ငါ့ဟာက ရွှေ (၃) ငုတ်၊ ကြားနေတဲ့ငွေက (၂) ငုတ်ဆိုတော့ 103.4 ပဲ။ နင် အရင်ဦးဆုံး ဖြတ်လိုက်တဲ့ငုတ်က ကောင်းကင်ရဲ့စနစ်ကို စဝင်စေတဲ့ တစ်ဆစ်ချိုးဖြစ်ပြီး 7.77 ကနဦးတန်ဖိုး ရှိတယ်။ အကယ်လို့ ခင်ဗျားက ကျမ်းစာကို မှန်မှန်မဖတ်ပဲ သေပြီး သားဝိညာဉ်အကြောင်း မှိုင်းမိရင် ကြိမ်နှုန်းမြင့်တဲ့ ဟာတွေကို အဆင့်တက်ပြီး ခံစား တတ်မှာ မဟုတ်ဘူး။ အဲဒီအကြောင်းတွေက ခင်ဗျားကို ဆွဲထားမှာမို့လို့ပဲ။”

“ဒါက တကယ်စိတ်ဝင်စားစရာ။ ခင်ဗျား ဒီလိုလေ့လာထားတာ ကျေးဇူးပဲ”

“ကြိုဆိုပါတယ် Maatan။ ခရီးတစ်ခုကို အတူတူသွားရတာ တကယ့်ပီတိပဲ”

“ကျွန်တော်လည်း နောက်ထပ်တရားကို လေ့လာဖို့ စိတ်သန်နေတယ်။ တတိယဘီဘူးကို ချေမှုန်းဖို့ ခင်ဗျား နည်း သိတယ် မဟုတ်လား”

“အေး သိတယ်။ အဲဒါက ဝိညာဉ်ဟာ မသေဘူး၊ သုံးပါးတစ်ဆူဆိုတဲ့ တရားတွေ အရင်ဆုံး ဖြေရှင်းတာက ကောင်းတယ်။ ဒါက ငါတို့ဟာ ငါတို့အသက်ရခဲ့တဲ့ အရင်းအမြစ်ကို သိစေ တယ်။ ဒါကိုသိတဲ့အခါ ကိုယ့်ရဲ့အမှတ်သညာကို ပြဋ္ဌာန်းတယ်။ ငါတို့ဟာ ငါတို့ထက်မြင့် တဲ့ ပုဂ္ဂိုလ်ကိုမှီပြီး အသက်ရှင်နိုင်တဲ့ လူလား။ ဒါမှမဟုတ် ကိုယ်တွင်းအစွမ်းကိုမှီပြီး အ သက်ရှင်နေတာလား”

“တိုင် (၂) တိုင်ကို ဖြေရှင်းပြီးပြီဆိုတော့ အခြေခံတော်တော် ရသွားပြီး အခြားတိုင်ကို ဘယ်လိုဖြေရှင်းရမလဲဆိုတာ ပိုသိပြီပေါ့။ နောက် (၁) တိုင်ကတော့ ငါ့ရဲ့ ဘေးတော်ရှာ ဖွေမှုပဲ။ ခင်ဗျား သိပြီးလောက်ပါတယ်။ ဒါကတော့ ပင္စိညာဉ် (၂) ခု၊ ဒီ (၂) ခုက ကယ် တင်ခြင်းစီမံကိန်းမှာ ဘယ်လိုချိတ်ဆက်လဲ ဆိုတဲ့အကြောင်းပါ”

Maatan လည်း "ဟုတ်တယ်။ ခင်ဗျားရဲ့ ဘေးတော်က "ဂလာတိကျမ်းငြီကာ" ဆိုပြီး အခန်းဆက်ရေးခဲ့ပြီး ပဋိညာဉ်အကြောင်း ရှင်းပြခဲ့တယ်" တဲ့။

"ငါတို့ နောက်တစ်လှမ်းဆက်ဖို့ Eric Waggoner ဆိုတဲ့လူနဲ့ မိတ်ဆက်ပေးမယ်။ သူက ငါ့ကို အများကြီးကူခဲ့တာ"

Maatan က "E.J. Eaggoner နဲ့ပတ်သက်တဲ့သူ ပဲလား" တဲ့။

"ဟုတ်တယ်။ E.J. Waggoner ရဲ့မြစ် ပါ။ အခု ငါတို့သိနေတဲ့အကြောင်းတွေမှာ သူလည်း အမြင်ထူးရှိခဲ့တယ်။ သူပျောက်သွားတာ အတော်ကြာသွားပြီ ဆက်ပြီးစောင့်ရဦးမှာ"

Maatan က "မစောင့်နိုင်တော့ဘူး။ သိချင်လှပြီ။ ဆရာ့ဆရာကြီးရဲ့ ဆွေတော်မျိုးတော်ဆီ ကနေ ကြားချင်နေပြီ" တဲ့။

"ဆုတောင်းရအောင်လား Maatan"

"ဟုတ်ကဲ့၊ ဆရာ"

"အထက်ကောင်းကင်ဘုံ၌ ရှိတော်မူသော အဖဘုရား၊ ဒီပဋ္ဌမာယာမှာ မပိတ်မိအောင် ဖေးမတော်မူတဲ့အတွက် ကျေးဇူးတင်ပါတယ်။ တရားမဲ့တဲ့ ဒီမြို့ကြီးအတွက် ဆုတောင်းပါတယ်။ ဒီမြို့သားတွေကို တရားပြနိုင်ဖို့အတွက် အလင်းပြတော်မူပါ။ ကိုယ်တော်ရဲ့သားတော်ကို ကျွန်တော့်အတွက် ပေးခဲ့ပြီး သားဖြစ်ခွင့်ကို ကျွန်တော်တို့ကို အာမခံပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒီမြို့ကို ဝိုင်းရံတဲ့တိုင်ကြီးများကို ဖြိုတဲ့နေရာမှာ Maatan ကို ဆက်ပြီးကောင်းချီးပေးတော်မူပါ။ အာဗြဟံဆီမှာ ပဋိညာဉ်ပြုခဲ့တဲ့ ပထမကောင်းကင်တမန် (ဗျာဒိတ် ၁၄) တံပိုးမှုတ်ခဲ့တဲ့ ထာဝရပဋိညာဉ်အတိုင်း ကျွန်တော်တို့ကို ကယ်မယ့်အတွက် ကိုယ်တော့်ကို ကျေးဇူးတင်ပါတယ်။ သခင်ယေရှုရဲ့ နာမတော်ကို အားကိုးပြီး ဆုတောင်းပါတယ်။ အာမင်။"

# အခန်း ၃၇
# လွတ်ကြောင်းကြံခဲ့ခြင်း

"ဒါကိုကြည့်ဦး Stella။ ဖြစ်ဖွားတော်မူသော သားတော်အကြောင်း ပြောတဲ့သူတွေရှိတယ်" Maatan ဟာ အင်တာနက်ထိုင်ပြီး သုံးပါးတစ်ဆူဘုရားအကြောင်း သူနဲ့အမြင်တူတဲ့ လူတွေရဲ့ website တွေ ကြည့်ဖြစ်ခဲ့တယ်။

"ဒါက တာ သွားမယ့်ပုံပဲ။ လူအများကြီးက နိုးထလာကြပြီ"

"အေး၊ ငါသူတို့နဲ့ နှီးနှောချင်တယ်။ သူတို့လည်း ဗဟိုပန်းခြံထဲက ရေပန်းမှာ ပဉ္စမာယာက နေ လွတ်နိုင်မယ့်သော့ တွေ့ခဲ့ကြလားဆိုတာ သိချင်တယ်။ ဒီအုပ်စုက အခုလာမယ့် ဥပုသ်မှာ တွေ့ကြမှာတဲ့။ မြို့ထဲကပါပဲ။ နင်ကော သွားချင်လား"

"ငါတို့ ဘာထပ်ရှုံးစရာရှိလို့လဲ။ မိတ်ဆွေအားလုံး ဆုံးရှုံးပြီးပြီ။ မိတ်ဆွေသစ်ရှာဖို့ တစ်နည်းပဲရှိတော့တာ"

"ဒါမှ ငါ့မိန်းမကွ။ ဘုရားမှာ ဘာအစီအစဉ်ရှိလဲ ကြည့်ရအောင်"

ဥပုသ်နေ့ရောက်တော့ သူတို့လည်း မြို့တစ်ဘက်ခြမ်းကို သွားကြတယ်။ Maatan နဲ့ Stella တို့ ခမည်းတော်နဲ့ သားတော်အကြောင်း အမှန်မြင်ကြကြောင်း သူတို့သိတဲ့အခါ ကောင်းကောင်းကြိုဆိုကြတယ်။ သူတို့ဝင်လာတဲ့အခါ သုံးပါးတစ်ဆူအကြောင်း၊ ဖြစ်ဖွားသော သားတော်အကြောင်း ရေးထားတဲ့စာအုပ်တွေ တင်ထားတဲ့စားပွဲကို တွေ့ကြတယ်။

တရားဟောဆရာက မြော်လင့်ခြင်းအသင်းတော်က သုံးပါးတစ်ဆူအကြောင်းကို လက်ခံလို့ လမ်းမှားတယ်ဆိုပြီး ဟောတယ်။ ခမည်းတော်နဲ့ သားတော်အကြောင်း ချပြတဲ့ ကျမ်းချက်တစ်သီကြီးနဲ့ ထောက်ပြတယ်။ Maatan ဟာ အသင်းတော်အကြောင်း တရားဟောတဲ့ ဟောပြောပုံကြောင့် အနေကြပ်ခဲ့တယ်။ အသင်းတော်က သူ့အမြင်ကို မလေးစားခဲ့တဲ့အပေါ် သူစိတ်နာခဲ့ပေမယ့် ကိုယ်တိုင်လေ့လာမှု၊ တိုနီ နဲ့ ဖလှယ်ခဲ့မှုတွေကြောင့် အသင်းတော်ခေါင်းဆောင်တွေအပေါ် ဂါရဝတရားရှိဖို့ အရေးကြီးကြောင်းကို သူသိခဲ့တယ်။

Maatan ရဲ့စိတ်ဟာ တရားကနေလွင့်ပြီး ကျမ်းစာလာဘုရားကို ငြင်းကြတဲ့လူတွေကြားမှာ ဓမ္မမိတ်ဆွေ ဘယ်လိုစုစည်းရမလဲဆိုတာ စစဉ်းစားတယ်။ အကြောင်းသစ်တစ်ခုတွေ့ရုံနဲ့ အသင်းတော်ထဲ ချပြတာဟာ ရှုပ်ထွေးတာပဲရှိတယ်။ အသင်းတော်ဆိုတာ စည်းနဲ့စနစ်နဲ့ရှိရတယ်။ နောက်ပြီး ဒီအကြောင်းကိုပြတဲ့ ကျမ်းချက်ကို သူသတိရတယ်။

> "ခပ်သိမ်းသောအမှုကို တင့်တယ်လျောက်ပတ်စွာ အစဉ်အတိုင်း စီရင်ကြလော့။" - ကောရိန္သုဩဝါဒစာပထမစောင် ၁၄:၄၀

သူက ဒါဝဒ်ဟာ ရှောလုကို ဘယ်လိုဆက်ဆံခဲ့လဲဆိုတာကို တွေးဖြစ်တယ်။ ဒါဝိဒ်က ရှောလုကို မပုန်ကန်၊ မစွပ်စွဲ၊ အပုပ်မချခဲ့ဘူး။ သူ့ကို ကောင်းကောင်းဆက်ဆံခဲ့တယ်။

*ကျွန်တော်က ပုန်ကန်လိုတဲ့ ဝိညာဉ်နဲ့ လှုပ်ရှားရင် ကျွန်တော်ဩဇာညောင်းတဲ့လူတွေကိုလည်း အဲဒီဝိညာဉ်က လွှမ်းမိုးသွားမှာပါ။ စိတ်ဝမ်းကွဲတဲ့ အဖွဲ့ပဲ ဖွဲ့ဖြစ်မှာ။ စုဖွဲ့မှုကောင်းတဲ့ အသိုင်းအဝိုင်းဖွဲ့ဖို့ ကျွန်တော်ဟာ ဂါရဝတရားရှိရမယ်။ မြင်သာစွာ မတိုက်လှန်ရဘူး။ ဒါဟာ ယေရှုရဲ့ စရိုက်မဟုတ်ပါဘူး။ စကားနဲ့တင် သူတို့ကို ပညာပြနိုင်ကြောင်း ပြောရမယ်။*

Maatan ရဲ့အာရုံ တရားဟောတဲ့ဘက် ပြန်လည်လာတယ်။ တရားဟောဆရာက "အခုကျွန်တော့်မှာ ဖြစ်ဖွားတော်မူတဲ့ သားတော်ဆိုတဲ့ အမှန်တရားရှိပါပြီ။ ကျွန်တော်တို့ဟာ ခရစ်တော်ဆီမှာ လွတ်လပ်ခွင့် ရှိပါပြီ။ ဒီမြို့ကနေ ထွက်ပြေးနိုင်ပြီး ဘုရားရဲ့အောက်မှာ လွတ်လပ်သူများအဖြစ် နေနိုင်ပါပြီ" လို့ အားရပါးရဟောတယ်။

Maatan ကတော့ ဒီတရားဟောဆရာဟာ ပဋ္ဌဂံနဲ့ မြို့ကနေ ဘယ်လိုလွတ်အောင် ပြေးရမယ်ဆိုတာ သိလား မသိလားလို့ စဉ်းစားဖြစ်တယ်။

တရားပြီးတော့ Maatan က တရားဟောဆရာဆီသွားပြီး "ဆရာ့ရဲ့ တရားအတွက် ကျေးဇူးတင်ပါတယ်။ ဖြစ်ဖွားတော်မူတဲ့ သားအကြောင်း အလွန်ရှင်းပါတယ်"

"ကြိုဆိုပါတယ် ညီကို။ ခင်ဗျားနာမည် ဘယ်လိုခေါ်လဲ"

"Maatan Jacobson ပါ။ ဒါက ကျွန်တော့်ဇနီး Stella၊ သားတွေက Chi နဲ့ Leo ပါ"

"ခင်ဗျားနဲ့တွေ့ရတာ ကျေးဇူးတင်ပါတယ် Maatan။ ကျွန်တော့်နာမည်က Asher Canright ပါ။ ခမည်းတော်နဲ့ သားတော်ကို ယုံခဲ့တာ (၁၀) ပြည့်ပြီ။ ငါတို့ရဲ့အသင်းတော်က အမှန်တရားကို အမှားလုပ်တာ ယုံနိုင်လား"

"ဝမ်းနည်းစရာပါပဲ Asher။ ဒီအတွက် ကျွန်တော်ဝမ်းနည်းခဲ့ရပါတယ်"

"အင်း Maatan။ အသင်းတော်ခေါင်းဆောင်တွေက သူတို့ဘာလုပ်ခဲ့လဲဆိုတာ သိကြမှာပါ။ ဒီလိုအမှားမျိုးက ကြံစည်မှုမရှိဘဲ မဖြစ်နိုင်ပါဘူး" ဆိုပြီး Asher မျက်မှောင်ကုတ်သွားတယ်။

"ခေါင်းဆောင်အများစုတော့ အလိမ်ခံရတယ်လို့ ငါမှတ်တယ်။ မဟုတ်ရင်လည်း အရေးကြီးမှန်း မမြင်နိုင်တာဖြစ်မယ်။ အခုနောက်ပိုင်း ဘယ်လောက်ပြောင်းလဲပြောင်းလဲ ငါ ငယ်ငယ်တုန်းက တရားဟောဆရာတွေရဲ့ တရားတွေ မှတ်မိတယ်"

"နင့်မှာ အတွေ့အကြုံရှိလို့ ဝမ်းသာတယ် Maatan။ ယောက်တိုင်းက ဒီလိုမဟုတ်ဘူး။ ငါတို့က လူတွေကို ဒီအမှားတွေ အလင်းပြဖို့ လိုတယ်။"

"ကျွန်တော်တို့ ငယ်ငယ်တုန်းက ဒီမြို့ရဲ့ရောဂါကာကွယ်ရေး စီမံကိန်း ကြေးငုတ်တွေ ထိုးထည့်ပေးတဲ့အကြောင်း ပြောပါဦး Asher"

"ရတာပေါ့"

"နင်ဟာ ခရစ်တော်ဘုရားရဲ့ ချစ်သားဖြစ်ကြောင်း သိတဲ့အခါ ငွေငုတ်ဖြစ်သွားလို့ ပီတိစားခဲ့တာမျိုး ရှိခဲ့လား"

"ငွေလား။ ကျွန်တော်တို့ခေါင်းထဲက ငုတ်တွေက မြို့ကနေလွတ်အောင်ပြေးဖို့က ဘယ်လိုဆိုင်လို့လဲ။ ခင်ဗျားပြောတာကို ကျွန်တော်မပေါက်ဘူး။ ကျွန်တော်သိတာက ဒီမြို့သား

တွေ Apollo ကို ကိုးကွယ်ပြီး ခရစ်ယာန်တွေက သုံးပါးတစ်ဆူကို ဆွဲသွင်းတာကိုပဲသိတယ်” လို့ Asher ကဖြေတယ်။

ဒါနဲ့ Maatan က “ကောင်းပြီ... ခင်ဗျားက ဒီမြို့ကနေ ဘယ်လိုပြေးမှာလဲ။ ကြေးငုတ်နဲ့ သံတိုင်ကြားက ကြိမ်နှုန်းကို ခင်ဗျားဘယ်လိုဖြတ်မှာလဲ”

“အဲဒီတိုင်တွေ ဖျက်ဆီးရမှာလား။ ပြဿနာမရှိပါဘူး။ ကျမ်းစာမှာ “သမ္မာတရားကို သိသဖြင့် ထိုတရားသည် သင့်ကိုလွတ်လိမ့်မည်” လို့လာတယ်။

“မှန်တယ်။ ဒါပေမယ့် လမ်းကကျဉ်း၊ တံခါးက သေးနဲ့ လူနည်းနည်းကပဲ ရှာတွေ့ကြမှာလေ”

“အဲဒါပဲလေ လွတ်နိုင်ဖို့က ဘုရားရဲ့ဖေးမမှုနဲ့ပဲ ငါတို့ကလွတ်မှာလေ။ ကျမ်းစာက ဘာပြောလဲ နားထောင်ကြည့်။ ။

> “အာရှာအမျိုးကိုကား၊ အာရှာအမျိုးသည် သားသမီးကိုရ၍ မင်္ဂလာရှိပါစေသော။ ညီအစ်ကိုချင်း၏ စိတ်နှင့်တွေ့ခြင်း၊ မိမိခြေကိုဆီ၌နှစ်ခြင်းရှိပါစေသော။ သင်၏တံခါးကန့်လန့်ကျင်တို့သည် သံနှင့်ကြေးဝါဖြင့်ပြီးကြလိမ့်မည်။ သင်၏နေ့ရက်ကာလဖြစ်သည်အတိုင်း သင့်အစွမ်းသတ္တိ ဖြစ်လိမ့်မည်။” - တရားဟောရာကျမ်း ၃၃:၂၄၊ ၂၅ (KJV)

Asher က “တွေ့လား၊ ငါက မျက်နှာရတဲ့အမျိုးက လာတာနော်။ ငါတို့က ကြေးဝါနဲ့သံနဲ့ ရင်းနှီးတယ်။ ငါတို့က အဲဒါတွေနဲ့ ဘာမှမဖြစ်ဘူး။ ငါတို့ရဲ့ဖိနပ်ကို အဲဒါတွေနဲ့လုပ်တာ။ အဲဒါတွေကနေ အားအင်တွေရတာ။ ဒါကြောင့် အခု ငါတို့ကျမ်းစာထဲက မှန်သောဘုရားကို သိရတာ။ ငါတို့က မြို့ကိုစွန့်ဖို့ တာစူနေတာ။ နင်ကော ငါတို့နဲ့လိုက်မှာလား” တဲ့။

“ဒီကျမ်းချက်က တစ်မျိုးကြီးပါ။ ခင်ဗျား ချပြသလိုမျိုး ကျွန်တော် တစ်ခါမှမတွေ့ခဲ့ဖူးဘူး။ ခင်ဗျားမှာ ကြေး၊ သံဖိနပ်ရှိလို့ မြို့ကနေထွက်ပြေးရ င် လျှပ်စစ်သံလိုက်က မတားဘူးလို့ ပြောချင်တာလား” လို့ Maatan ကမေးတယ်။

"ဒါပေါ့ Maatan" "ခင်ဗျား ဒီလိုလုပ်နိုင်ပြီဆိုရင် ဘာလို့မပြေးသေးတာလဲ"

"အချိန်ပေးရသေးလို့ပါ။ အခု အဆင်သင့်ပါပြီ။ နင်ကော လိုက်မှာလား"

"ဆုတောင်းပါရစေဦး Asher။ ခင်ဗျားပြောတာ စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ဖြတ်လမ်းရှိတော့ ကောင်းတာပေါ့။ ဒါပေမယ့် ခင်ဗျားပြောတာနဲ့ပတ်သက်လို့ စဉ်းစားချင်သေးတယ်။ လဆန်းညမှာ ဘုရားရဲ့နိုဿယသေ့ကို ဗဟိုပန်းခြံကရေပန်းမှာ ခင်ဗျားရှာတွေ့ခဲ့လား"

"ခင်ဗျားပြောပုံက ဘုရားရဲ့လူတွေက အမှန်တရားကို ရုပ်တုကိုးကွယ်သူတွေ ဘူမိနက်သန်တဲ့ နေရာကနေ ရှာရမယ်လို့ ပြောနေတာလား။ ဒါတော့ မဖြစ်နိုင်ဘူး" လို့ Asher က အတင်းငြင်းတယ်။

"ဘုရားက ကျွန်တော့ကို ဒီလိုပဲပြခဲ့တာ။ ရေထဲကနေ ရောင်ပြန်ပေါ်ခဲ့တာ.. အေးပါ ထားလိုက်ပါ" ဆိုပြီး Maatan အဆုံးသတ်လိုက်တယ်။ အတွေးနယ်ချဲ့လိုက်တယ်။

Asher က "ငါတို့က နှစ်အတော်ကြာ သုံးပါးတစ်ဆူအကြောင်း သတိပေးခဲ့တယ်။ Facebook၊ Youtube တွေကနေလည်း အမှန်တရားကိုဖြန့်တယ်" အသင်းတော်ထဲက သုံးပါးတစ်ဆူလက်ခံတဲ့ အခြားအသင်းတွေနဲ့ နှီးနှောခဲ့တယ်။ သူတို့က ငါတို့ကို ယှဉ်လို့မရပါဘူး။ ငါတို့မှာ ဓမ္မစစ်ရှိတယ်လေ။ နှီးနှောတိုင်း ငါတို့မရှုံးဖူးဘူး" တဲ့။

အဲလိုနဲ့ Maatan ရဲ့စိတ်ထဲ ကျမ်းတစ်ချက်ပေါ်လာတယ်။

> "ကြွယ်ဝသော ချိုင့်ဦးတွင်၊ သူတို့၌ ညှိုးနွမ်းတတ်သော ဘုန်းအသရေ၏ပန်းပွင့်သည်၊ နွေကာလမစေ့မီ အလျင်သီးသော အသီးကဲ့သို့ ဖြစ်လိမ့်မည်။ ထိုအသီးကို မြင်သောသူသည် မြင်လျက်၊ လက်နှင့် ကိုင်လျက်ပင် စားတတ်၏။" - ဟေရှာယအနာဂတ္တိကျမ်း ၂၈:၄

Asher ကို အခုချိန်ဘာပြောပြော ထူးမှာမဟုတ်တော့ Maatan လည်း ဘာမှမပြောတော့ဘူး။

"ကျွန်တော်မလိုက်ဘူး Asher။ တစ်ခုက ကျွန်တော့်မှာ သံကြေးဝါဖိနပ် မရှိလို့ပါ။ ခင်ဗျား ခင်းတဲ့လမ်းမျိုးနဲ့ ကျွန်တော်က ထွက်လို့ရမှာ မဟုတ်ဘူး။ နောက်ပြီးတော့ ငြင်းခုံရတာ မျိုး၊ သုံးပါးတစ်ဆူ၊ အသင်းတော်လမ်းမှားနေတာတွေကို ကျွန်တော်မနေတတ်ဘူး။ လူ တွေကိုချေဖို့ သံဖိနပ်က လိုရသေးတယ်။ 'အမှန်တရား' ကို ကျွန်တော် ဒီလိုမချေမွချင် ဘူး"

"ကောင်းပါပြီ Maatan။ ခင်ဗျားက ဖျက်ဆီးခြင်းခံရမယ့် လူ့ငနွားတွေနဲ့ မြို့ထဲမှာ ကျန် နေမှာပါလား"

Maatan ကတော့ ပြန်တုံ့ပြန်ချင်ပေမယ့် ဘုရားကယ်ပါလို့ တိုးတိုးရွတ်လိုက်ပြီး "ပြန် တွေ့ကြမယ် Asher, လာ Stella သွားရအောင်" တဲ့။

"အေး Maatan, ကလေးတွေ ဆာနေပြီ။ သွားမယ်" Maatan နဲ့ Asher တို့ရဲ့ပြောဆိုမှုက Stella ကို အနေကြပ်စေပါတယ်။

"မြို့ကနေလွတ်အောင် ပြေးနိုင်ပါစေ Asher။ ခင်ဗျားအောင်မြင်မယ်လို့ ကျွန်တော်မမြင် ဘူး" လို့ Maatan ဝမ်းနည်းနည်းနဲ့ပြောတယ်။

Asher ကတော့ "ယုံကြည်ချက်ရှိသူအတွက် အားလုံးဖြစ်နိုင်တယ်" လို့ ရဲရဲကြီး ပြန်ပြော တယ်။

Maatan တို့မိသားစု အိမ်ပြန်လှည့်တော့ သူတို့ကြုံခဲ့တာတွေကို ပြန်ပြောကြတယ်။ Chi က "ဖေဖေ၊ ဒီလူကြီး တော်တော်ရိုင်းတယ်"တဲ့။ "မှန်တယ် Chi" Leo က"သူက ဘုရားရဲ့ သော့မပါဘဲ ဘယ်လိုလုပ် လွတ်မှာလဲ" တဲ့။

"မလွတ်နိုင်ဘူး၊ သား။ သူ အညာထိတာပဲ။ သူကတော့ လွတ်မယ်လို့ သူ့ကိုယ်သူ ထင်နေ တာ။ ဖြစ်ဖွားတော်မူတဲ့ သားအားဖြင့် ဘုရားရဲ့သားမဖြစ်၊ ငုတ်တွေလည်း ငွေရောင်မဖြစ် ဘဲနဲ့တော့ သခင်ယေရှုမှာ ရှိတဲ့အတိုင်း အမှန်ကို နားလည်နိုင်တဲ့ကြိမ်နှုန်း သူရမှာမဟုတ် ဘူး"

Chi က"ကြေးငုတ်ကြီး ငုတ်တုပ်နဲ့တော့ ဖြစ်ဖွားတော်မူတဲ့ ဘုရားရဲ့သားတော်အကြောင်း အမှန်တရားကို ဘယ်လိုလုပ်ယုံနိုင်မှာလဲ အဖေ" တဲ့။

ရှင်ပေါလုက ဒီလိုပြောထားတယ်။ ။

> "ငါသည် လူဘာသာစကားကိုလည်းကောင်း၊ ကောင်းကင်တမန် ဘာသာစကားကိုလည်းကောင်း ပြောနိုင်သော်လည်း မေတ္တာမရှိလျှင် အသံမြည်သော တံပိုးခရာကဲ့သို့လည်းကောင်း၊ တီးသံကိုသာ ပေးတတ်သော လင်းကွင်းကဲ့သို့လည်းကောင်း ဖြစ်၏။" - ကောရိန္သုဩဝါဒစာပထမစောင် ၁၃:၁

"ကိုယ့်ရဲ့အခြေအနေ၊ သူများထက်သာချင်ရင် ဆိုတဲ့ ငါတို့ရဲ့မောဟကို ရှင်းချင်ရင် သခင်ယေရှုသည် ခမည်းတော်ရဲ့ သားဖြစ်တာဟာ ငါ့ရဲ့ အမှတ်သညာအပေါ် သက်ရောက်မှုရှိကြောင်း နားလည်လက်ခံရမယ်။ တစ်ချို့က သုံးပါးတစ်ဆူကို လက်ခံမှာမဟုတ်ပေမယ့် ခရစ်တော်ကိုတော့ တန်ခိုးရှင်၊ သားတော်ဆိုပြီး နာခံတတ်တဲ့ ကျေးဇူးသိတဲ့ သားဘက်ကို မယူဘဲ ကိုးကွယ်ကြလိမ့်မယ်။ အဲဒါကို နမူနာယူရင် စိတ်ပြင်းပြမှုနဲ့ အောင်နိုင်မယ်။ ယုံကြည်အားထားခြင်းတွေဟာ အခက်အခဲကြုံတဲ့အခါ ပျောက် (သို့) ခါးသီးပြီး တစ်သီးပုဂ္ဂလ နေမိနိုင်တယ်။ ငါတို့ဟာ ကိုယ့်ရဲ့ဇာစ်မြစ်ကို အရင်ဆုံး ကိုင်နိုင်မှဖြစ်မှာ"

Chi က "သားနားမလည်ဘူး ဖေဖေ" တဲ့။

"အဖေပြောတာက အသက်ကိုရဖို့လမ်းက ကျဉ်းတယ်။ တစ်ခုက လူများနဲ့မတူ ကွဲနေမှာကို စိုးရိမ်တာ။ နင်က လူ့ဘောင်မှာ အံဝင်ချင်တာ။ အခြားတစ်ခုက ကန္တကောစတိုက်ချင်တာ။ နင်က နဂါးဖြစ်ကြောင်း အမောက်ထောင်ပြတာ။ အခြားလူတွေကို မှားတယ်လို့ပြချင်တာ။ တစ်ခြားလူတွေ ဘယ်လောက်ညံ့ကြလဲ ဆိုတာကို နင်က စကားပြိုင်ချင်တာ။ ဒါတွေက ဒီလောက် မထိရောက်နိုင်ပါဘူး။ ဒါပေမယ့် ဘာက အခြေခံဖြစ်မလဲဆိုတော့ နင့်ရဲ့ ပတ်ဝန်းကျင်ဟောင်းကို အကောင်းမမြင်တာ၊ ခံယူချက်တွေက ကျဉ်းကြပ်တယ်ဆိုတဲ့စိတ်မျိုး ရှိသွားတတ်တယ်။ ဘယ်တစ်ခုပဲဖြစ်ဖြစ် နင့်ကို

မြို့ကနေထွက်နိုင်ဖို့ပိတ်တာပဲ။ ဘာကြောင့်လဲဆိုတော့ ကြောက်တာ၊ စိတ်ဆိုးတာတွေက ဒင်္ဂါးတစ်ပြားတည်းရဲ့ မျက်နှာနှစ်ဖက်ပါပဲ။ အဲဒီဥပမာ ကျမ်းစာမှာရှိတယ်။

> "အသင်းတော်ထံသို့ မှာစာကို ငါရေး၍ ပေးလိုက်လေပြီ။ သို့သော်လည်း၊ အကဲအမှူးလုပ်ချင်သော ဒယောတရပ်သည် ငါတို့အား အခွင့်မပေး။" - ရှင်ယောဟန်ဩဝါဒစာတတိယစောင် ၁:၉

"အသင်းတော်မှာ ရာထူးကျမှာ ကြောက်တဲ့သူတွေနဲ့ ပြည့်နေတယ်။ သူတို့က တစ်မူထူးပြီး အမြင်ခံရမှာကို ကြောက်ကြတာ။ ဒါကြောင့် ရုန်းမထွက်နိုင်ကြတာ။ တစ်စင်ထောင်တဲ့ လူတွေက ထူးတာကိုကြိုက်၊ ယုံကြည်ခံယူချက်တွေ ငြင်းခုံရတာကို ကြိုက်ကြတယ်။ ဒါမျိုးတွေက ကြာကြာမခံပါဘူး။ တစ်စင်ထောင်တဲ့စိတ်က သန္ဓေစွဲတော့ လူတိုင်းမှာ အဲဒီသန္ဓေကိုယ်စီနဲ့ဆိုတော့ လက်တွဲလို့မရ ဖြစ်ကြရော။ သံမဏိလို စိတ်ခိုင်မာတဲ့သူကပဲ ခံယူချက်တွေကို ကာကွယ်နိုင်တာ။ အများစုက အုပ်စုကွဲပြီး သေသွားကြတယ်"

"သားတော့ အဖေပြောတာကို သဘောပေါက်တယ် ထင်တာပဲ။ သားတို့ရဲ့ အမှတ်သညာကိုရဖို့ လမ်းကျဉ်းကို လျှောက်ကြတာပေါ့"

"အမေတို့ ဒါကိုပဲတာစူနေတာပါ Chi"

Stella က "Asher ဘာများဖြစ်မလဲ" တဲ့။

"သူများနဲ့ထူးရမှာ ကြောက်တဲ့သူကို အဲဒီစိတ်ကပဲ နိုင်သွားရော။ သူတို့က G အစွမ်းအရမ်းမကြီးခင်မှာပဲ မြို့ထဲကို ပြန်ဝင်ရတယ်။ ဒီလိုမဟုတ်ရင် စိတ်ဓာတ်တွေကျပြီး သေကြမှာ။ Asher ကတော့ သူများထက် ပိုပြီးလွတ်လပ်တော့ သူများထက် ထွက်လမ်းတွေ့မှာပါ။ သူ့ရဲ့ သံကြေးဝါဖိနပ်က သူ့ကို အတော်ဝေးတဲ့နေရာထိ ရောက်စေမှာပါ။ ဒါပေမယ့် သံတာဝါ (၅) တိုင်ရဲ့ 5G အစွမ်းက သူ့ကိုချေမှာပါ။ ဒေါသ၊ ခါးသီးမှု၊ စကားကပ်လို့ အထီးကျန်၊ မိတ်ဆွေမဲ့တာတွေက နောက်ဆုံးတော့ သူ့ကိုထိမှာပါ။"

"ထူးဆန်းလိုက်တာ" လို့ Stella က စိတ်ပူပူနဲ့ပြောတယ်။ "ဟုတ်တယ်။ သူ့အတွက် ဆုတောင်းရအောင်"

"အထက်ကောင်းကင်ဘုံ၌ ရှိတော်မူသော အဖဘုရား၊ သူ့ရဲ့သံဖိနပ်ကိုချွတ်ပြီး ရှင်ပေါလု ပြောတဲ့ ဝမ်းမြောက်ဖွယ်တရားကနေ လာတဲ့ သန့်ရှင်းတဲ့ဖိနပ်ကို စီးနိုင်ဖို့ Asher အတွက် ကျွန်တော်တို့ ဆုတောင်းပေးပါတယ်။ သံနဲ့ကြေးတွေ ကပ်ငြိချိန်မှာပဲ ဒီမြို့ကနေလွတ်နိုင် မယ့်လမ်း တွေ့ပါစေ။ သခင်ယေရှုရဲ့နာမ၌ ဆုတောင်းပါတယ်။ အာမင်"

# အခန်း ၃၈
# ခမည်းတော်၏ရင်ခွင်၌

“ဝက်(ဘ်)ဆိုက်တစ်ခု ထောင်မလားလို့ ငါစဉ်းစားတယ် Stella”

Chi က “သား ဖေဖေ့ကို ကူနိုင်တယ်။ အင်တာနက်မှာ program အမျိုးမျိုးအတွက် ဝေါဟာရတွေ သားလေ့လာခဲ့ပြီးသားပါ” တဲ့။

“သိပ်ကောင်းတာပေါ့ သား။ ဒါက ဆုလာဘ်ပဲ။ အဖေတို့ ဝက်(ဘ်)ဆိုက်ထောင်နိုင်ရင် ဝင်ငွေပါ ရမှာ”

ဒီလိုနဲ့ Maatan က ဖြစ်ဖွားတဲ့သားတော်နဲ့ ဘုရားရဲ့နိဿယပုံစံခွက်အကြောင်းတွေကို Chi ရဲ့ အကူအညီနဲ့ ဝက်(ဘ်)ဆိုက်မှာ တင်တယ်။ မကြာပါဘူး လူတွေက သူ့ရဲ့ဆောင်းပါးနဲ့ပတ်သက်လို့ စာပို့လာကြတယ်။

Maatan က Stella ဆီ “ဘုရားရဲ့နိဿယနဲ့ ပတ်သက်လို့ ငါအများကြီးစဉ်းစားခဲ့တယ်။ ခမည်းတော်က တိုနီ ပြောခဲ့တာကို လျှပ်စီးလျှပ်ပြပြီး ထောက်ခံခဲ့တာကို နင်မှတ်မိ လား”

Stella လည်း မျက်လုံးပြူးပြပြီး “ဘယ်မေ့မှာလဲ” တဲ့။

“မိုးနဲ့တူရတာကို ဘာအရေးလဲဆိုတာ အခုထိ ငါမသိသေးဘူး။ လူတွေကို လမ်းလျှောက်နေတဲ့ မနုဿသစ်ပင်လို့ ငါမြင်နေခဲ့တာ”

“ဒါ့ထက်ကော ရှိသေးလား။ ခရစ်တော်သည် ‘ဘုရားသခင်၏ ပညတ်တော်’ (၁ ကော ၁း၂၄) လို့ မှတ်ရတာက အဓိပ္ပာယ်ရှိတယ်”

“ဟုတ်တယ် Stella, Tony ဆီကနေရလာတဲ့ မူ (၄) ချက်ကို နင်မှတ်မိလား”

“ပြန်ပြောပါဦး။ ဒါကကြာသွားပြီ”

Maatan က သူ့ရုံးခန်းထဲက သင်ပုန်းဖြူပေါ် ဧယားဆွဲလိုက်တယ်။ ။

| ခမည်းတော် | သားတော် | ကျမ်းချက် |
|---|---|---|
| ရှင်းမြစ် | လမ်းကြော | ၁ ကော ၈း၆ |
| ဘုန်းတော် | ထွန်းတောက်/ အကျယ်ချဲ့ | ဟေဗြဲ ၁း၃ |
| မမြင်ရ | မြင်ရ | ကောလောသဲ ၁း၁၅ |
| ဦးသျှောင် | နာခံ | ၁ ကော ၁၁း၃ |

Stella လည်း "အင်း၊ မှတ်မိပြီ" တဲ့။

"ဟိုအပတ်တွေတုန်းက Frank King နဲ့ Claude Hudson ဆီကနေ email ဝင်တယ်။ သူတို့က ငါတို့ဝေမျှလိုက်တဲ့ ဘုရားရဲ့နိဿယရဲ့ မူတွေကို သဘောတွေ့ကြောင်း၊ ဒီနည်းနာတွေကို ဥပုသ်နဲ့ ပွဲတော်တွေနဲ့တွဲဖို့ အကြံပေးသေးတယ်။

"ပွဲတွေဟုတ်လား" လို့ Stella မေးတယ်။

"ဟုတ်တယ်။ ငါလည်းဆုတောင်းပြီး လေ့လာမှုမလုပ်ခင်အထိ စိတ်မပါခဲ့ဘူး။ သောကြာညနေနဲ့ ဥပုသ်နေ့တွေမှာ မိသားစု စုရုံးပြီး ဆုတောင်းရတာကို ငါတို့ကြိုက်တာ နင်သိပါတယ်"

"ဟုတ်တယ် Maatan။ အဲဒီလိုအချိန်ကို ငါတို့ကြိုက်ကြတာ"

"ယေရှုဟာ ခမည်းတော်ရဲ့ ဘုန်းရောင်တော်ဆိုရင် ပွဲတော်ကြီးတွေဟာ ဥပုသ်နေ့ရဲ့ ဘုန်းရောင်တော်များ ဖြစ်မလားလို့ ငါတွေးမိတယ်"

Stella က ဘုရားရဲ့မူကို ဥပုသ်နဲ့ ပွဲတော်ကြီးတွေကို ဆက်စပ်လိုက်တဲ့အခါ ပါးစပ်အဟောင်းသား ဖြစ်သွားတယ်။

"ဒီကျမ်းချက်ကိုကြည့် Stella"

> "ထိုနေ့သည် အဖိတ်နေ့ဖြစ်၍၊ နက်ဖြန်နေ့လည်း ကြီးမြတ်သောဥပုသ်နေ့ဖြစ်သည်ကို ယုဒလူတို့သည် ထောက်၍၊ အလောင်းကောင်တို့ကို ဥပုသ်နေ့၌ လက်ဝါးကပ်တိုင်ပေါ်မှာ မရှိစေခြင်းငှာ ပိလတ်မင်းထံသို့ဝင်ပြီးလျှင်၊ ခြေကိုချိုး၍ ထိုအလောင်းကောင်တို့ကို ယူသွားရမည်အကြောင်း အခွင့်တောင်းကြ၏။" - ရှင်ယောဟန်ခရစ်ဝင် ၁၉:၃၁

"ကျမ်းစာက ပသခါပွဲကျတဲ့ ဥပုသ်နေ့ကို ဘာလို့ အခါတော်နေ့ခေါ်လဲလို့ ငါစဉ်းစားတယ်။ ဒါက ဓမ္မညာဏ် ဒီရေလို တိုးတာကို ပြောချင်တာလားလို့ စဉ်းစားမိတယ်။ လဆန်းနဲ့ လပြည့်နေ့တွေမှာ ဒီရေတက်တယ် သိလား။ အဲဒါက ဝိညာဉ်ရေးနဲ့ ဆက်စပ်သလားလို့ စဉ်းစားမိတယ်။

"ငါတို့အသင်းတော်ကို ထူထောင်ခဲ့တဲ့သူတွေက ဒါကိုမလေ့လာပဲ ဒီပွဲတော်တွေ ကပ်တိုင်မှာ ရိုက်လိုက်ပြီလို့ နိဂုံးချုပ်ကြတာလား"

"ဟုတ်တယ် Stella။ ငါဒါတွေကို လေ့လာခဲ့တာ။ မေးစရာတွေက အများကြီးပဲ။ ကောလောသဲ ၂း၁၆၊ ၁၇၊ တမန်တော်ဝတ္ထု (၁၅) ထဲက ယေရုရှလင် ညီလာခံအကြောင်းတွေ အပါပေါ့။ သည်းတော့ခံဦး"

Maatan က "ဥပုသ် ဘယ်အချိန်မှာစပြီး၊ ဘယ်အချိန်မှာဆုံးလဲ" တဲ့။

Stella က "နေဝင်ကနေ နေဝင်" လို့ဖြေတယ်။ "မှန်တယ်။ ဒါကို ငါတို့ဘယ်လိုသိလဲ"

"'ညဉ့်ဦးမှစ၍ နက်ဖြန်နေ့ ညဉ့်ဦးတိုင်အောင် ဥပုသ်စောင့်ရမည်' လို့ ရေးထားတာကိုး။"

"ကွက်တိပဲ Stella။ ဒီကျမ်းချက်က ဘာကိုပြောတာလဲဆိုတာ ငါတို့အခုကြည့်မယ်။"

> "သတ္တမလ၊ ဒသမနေ့သည်လည်း အပြစ်ဖြေရာနေ့၊ ဓမ္မစည်းဝေးခြင်းကို ပြုသောနေ့ဖြစ်၏။ ခြိုးခြံစွာကျင့်ရမည်။ ထာဝရဘုရားအားမီးဖြင့်ပြုသော ပူဇော်သကာကိုဆက်ကပ်ရမည်။ ထိုနေ့၌ အဘယ်အလုပ်ကိုမျှ မလုပ်ရ။ သင်တို့ဘုရားသခင် ထာဝရဘုရားရှေ့တော်၌ ကိုယ်အပြစ်

> ဖြေခြင်းကို ပြုရသောနေ့ဖြစ်၏။ ထိုနေ့၌ ငြိုးငြံစွာမကျင့်သောသူမည်သည်ကား မိမိအမျိုးမှပယ်ရှင်းခြင်းကို ခံရမည်။ ထိုနေ့၌ အလုပ်တစ်စုံတစ်ခုကိုလုပ်သောသူ မည်သည်ကို၊ သူ၏အမျိုးမှ ငါပယ်ရှားဖျက်ဆီးမည်။ အဘယ်အလုပ်ကိုမျှ မလုပ်ရ။ သင်တို့နေရာအရပ်ရပ်၌ သင်တို့အမျိုးအစဉ်အဆက်စောင့်ရသော ပညတ်တော်ဖြစ်သတည်း။ ထိုနေ့သည် ငြိမ်ဝပ်စွာနေရသောနေ့၊ ငြိုးငြံစွာကျင့်ရသောနေ့ဖြစ်၏။ န၀မနေ့ ညဦးမှစ၍ နက်ဖြန်ညဦးတိုင်အောင် ဥပုသ်စောင့်ရမည်ဟုမိန့်တော်မူ၏။" - ဝတ်ပြုရာကျမ်း ၂၃:၂၇-၃၂

"ဒီကျမ်းချက်က အပြစ်ဖြေရာနေ့အကြောင်း ပြောတာကိုတွေ့လား။ ကျမ်းစာက အခြားနေရာတွေမှာ သတ္တမနေ့မှာ နေဝင်က နေဝင်စောင့်လို့ မရေးထားဘူး။ တိုက်တွန်းတာတော့ ဟိုနားဒီနားမှာ ရှိတာပေါ့။ အတိအလင်းကြီး မဟုတ်ဘူး။ ဥပုသ်နေ့ကို စောင့်ထိန်းရမယ့် အတိုင်းအတာအမှန်က အပြစ်ဖြေရာနေ့နဲ့ ပတ်သက်တယ်။ ပွဲတော်က ရင်းမြစ်ကို ရောက်စေမယ့် လမ်းကြောဖြစ်တယ်။

"ဒီလိုနဲ့ ငါက A.T. Jones ရဲ့ ဥပုသ်နေ့ ဆောင်းပါးအကြောင်း ဖတ်မိပြီး စာတွေကို လေ့လာစေရော။ ဒီမှာကြည့် A.T. Jones က ဥပုသ်အကြောင်း ကမ္ဘာဦးကျမ်း ၂း၃ ကို ကိုးကားပြီး ဒီလိုပြောတယ်။ ။"

> ကောင်းပြီ။ ကောင်းချီးခံစားရသူက ကောင်းချီးအပေးခံရတဲ့နေ့မှာ လာခဲ့လို့ရှိရင် *အရင့်အရင်နေ့တွေတုန်းက သူ့မှာရှိပြီးသားထက် တိုးပြီးကောင်းချီးရလား* [ပရိသတ် - "ရတယ်"] A.T. Jones, *General Conference Bulletin, Sermon 20,* March 2, 1893.

Jones က ဥပုသ်နေ့မှာ ဘာကောင်းချီးတွေ ရနိုင်လည်းဆိုတာ ဆက်ပြောတယ်။ သူပြောတာ နားထောင်ကြည့်။ ။

ဘုရားက အဲဒီနေ့ကို သန့်ရှင်းစေတယ်။ ဘာက နေ့တစ်နေ့ကို သန့်ရှင်းစေလဲ။ [ပရိသတ် - ဘုရားလာကိန်းခြင်းပါ] ဘုရားလာ ကိန်းခြင်းက ဝတ္ထုပစ္စည်းကို သန့်ရှင်းစေတယ်။ အရပ်ဒေသကို သန့်ရှင်းစေတယ်။ လူကိုသန့်ရှင်းစေတယ်။ ဘုရားလာရောက်ခြင်းက နေ့ရက်ကို သန့်ရှင်းစေတယ်။

ဒါ့ကြောင့် ဘုရားရဲ့သန့်ရှင်းခြင်းက နေ့ရက်မှာ ပူးတွဲတယ်။ သန့်ရှင်းတဲ့ ဘုရားရဲ့လာကိန်းခြင်းက သတ္တမနေ့ (သို့) ဥပုသ်နေ့နဲ့ ပူးတွဲတယ်။ ဒါနဲ့ လူက အဲဒီနေ့မှာ လာတဲ့အခါ ဘုရားနဲ့စိတ်တူဖြစ်ပြီး အဲဒီနေ့နဲ့တွဲတဲ့ စိတ္တသုခ၊ ဝိညာဉ်နိုးကြားခြင်း၊ ဝိညာဉ်တော်ကောင်းချီးတွေ ရတယ်။ အဲဒီလူက ဘုရားရဲ့ အတူပါရှိခြင်း၊ အတူနေရခြင်း၊ အဲဒီဖြစ်စဉ်မှာ သူ့ကို အချိုးပြောင်းစေမယ့် ဘုရားရဲ့ သန့်ရှင်းခြင်းတွေကိုလည်း မရဘူးလား။ ရတာပေါ့။ ဒါဟာ ဥပုသ်စောင့်ခြင်းပဲ။

နောက်ပြီး၊ အဲဒီနေ့ကို မွန်မြတ်စေတယ်။ ကျမ်းချက်တွေ ထောက်မနေတော့ဘူး။ ဘာကမွန်မြတ်စေတာလဲ [ပရိသတ် - ဘုရားသခင် လာကိန်းခြင်းပါ] ဘုရားသခင် လာရောက်ခြင်း ၎င်းရဲ့မွန်မြတ်စေတဲ့ အဲဒီနေ့မှာကိန်းတယ်။ ဟုတ်သလား [ပရိသတ် - ဟုတ်ပါတယ်]။ ဒီလိုနဲ့ လူက ဘုရားရဲ့ဥပုသ်နေ့မှာ ဥပုသ်နေ့အရှင်ရဲ့ အလိုတော်အတိုင်း လာတဲ့အခါ လောကုတ္တရာငြိမ်းချမ်းမှုကို ရတယ်။ သူက အဲဒါကိုရှာတွေ့သွားတယ်။ သူက ဝိညာဉ်ရေးမှာ လန်းဆန်းပြီး ပီတိဖြစ်၊ ဝိညာဉ်တော်ကောင်းချီးကို ရတယ်။ သူ့ကိုပြောင်းလဲစေတဲ့ ဘုရားသခင်လာကိန်းခြင်းနဲ့ စင်ကြယ်ခြင်းကို ရှာတွေ့တယ်။ သူ့ကို မွန်မြတ်စေတဲ့ ဥပုသ်နေ့ကို မွန်မြတ်စေခဲ့တဲ့ အာနုဘော်ဟာ အဲဒီမှာရှိကြောင်း သူရှာတွေ့တယ်။ A.T. Jones, *General Conference Bulletin, Sermon 20,* March 2, 1893.

“ဥပုသ်နေ့က အခြားနေ့တွေထက် ဘုရားရဲ့ဝိညာဉ်တော်ကို ဆောင်လာတာကို နင်တွေ့လား။ ဒါက ဘုရားသခင်သည် ဥပုသ်နေ့ကို ကောင်းချီးပေးပြီး သန့်ရှင်းစေတယ် ဆိုတဲ့အဓိပ္ပာယ်ပဲ” လို့ Maatan က ပြောတယ်။

“ဘုရားက သူ့ရဲ့ဝိညာဉ်တော်ကို အခြားနေ့တွေထက် ဥပုသ်နေ့မှာ ပိုသွန်းဖြိုးတယ်လို့ ပြောချင်တာလား။ ဥပုသ်နေ့ကို ကောင်းချီးပေးထားမှန်းတော့ သိပါတယ်။ ဒါပေမယ့် အဲဒီနေ့ဟာ အခြားနေ့တွေထက် သန့်ရှင်းသော ဝိညာဉ်တော်နဲ့ ပိုပြည့်တယ်လို့တော့ မစဉ်းစားခဲ့ဖူးဘူး”

“ငါလည်း ဒါကိုစဉ်းစားဖူးတယ်။ နောက်ပြီး ယေရှုဟာ ဖြစ်ဖွားတော်မူတယ် ဆိုတဲ့အဖြစ်နဲ့ သူ့ရဲ့တန်ဖိုးဟာသူ့ဆီမှာ မဟုတ်ဘဲ ခမည်းတော်ဆီမှာ မှီကြောင်း စဉ်းစားဖြစ်ခဲ့တယ်။ အဲဒီနောက်မှာ ဥပုသ်နေ့ရဲ့ ငြိမ်းချမ်းခြင်းက ဘယ်ကလာတာလဲလို့ စဉ်းစားဖြစ်တယ်။ သူက ကြိုပြီး စီးဖြန်းထားတာလား။ မဟုတ်ပါဘူး။ ယေရှုဘယ်မှာနေခဲ့လဲဆိုတာ ကြည့်ကြည့်ပါ။

> “ဘုရားသခင်ကို အဘယ်သူမျှ မမြင်စဖူးသော်လည်း၊ ခမည်းတော်၏ ရင်ခွင်၌ရှိသော တစ်ပါးတည်းသောသားတော်သည် ဘုရားသခင်ကို ထင်ရှားစေတော်မူပြီ။” - ရှင်ယောဟန်ခရစ်ဝင် ၁:၁၈

“ယေရှုဟာ ခမည်းတော်ရဲ့ရင်ခွင်မှာ အမြဲရှိခဲ့တာ။ ဒါပေမယ့် ဘုရားရဲ့ နိဿယအရ ဒီတရားကို ဥပုသ်နေ့မှာ မြင်အောင်ပြတာ။ ယေရှုဟာ ခမည်းတော်ရဲ့ရင်ခွင်မှာ နားခိုပြီး သူနဲ့ခမည်းတော်ကြား ဆက်နွယ်မှုကို အတည်ပြုပြီး ယေရှုဆီကနေ စီးဆင်းလာတဲ့ ငြိမ်းချမ်းခြင်းဟာ ငါတို့ဆီ စီးလာပြီး ငါတို့ဟာ ခရစ်တော်ရဲ့ ငြိမ်းချမ်းတဲ့နယ်ထဲကို ဝင်တာ။ အဲဒါကြောင့် ယေရှုက သူ့ကိုယ်သူ ဥပုသ်ရဲ့သခင်ဆိုပြီး ပြောတာပေါ့” လို့ Maatan အသက်ပါပါနဲ့ပြောတယ်။

> “လူသားသည် ဥပုသ်နေ့ကို အစိုးရသည်ဟု မိန့်တော်မူ၏။” - ရှင်မဿဲခရစ်ဝင် ၁၂:၈

Stella က "ဥပုသ်ဟာ ယေရှုအနားယူခဲ့တဲ့ဖြစ်စဉ်ကို သူ့ရဲ့ဝိညာဉ်တော်အားဖြင့် ငါတို့ဆီ အရောက်ယူလာတာလို့ ပြောနေတာလား" လို့ မေးတယ်။

"ဟုတ်တယ် Stella, မလှဘူးလား။ ဥပုသ်ရဲ့ငြိမ်းချမ်းခြင်းဟာ ငါတို့ဘာလုပ်လဲဆိုတာနဲ့ ဘာမှမဆိုင်ဘူး။ ဘုရားရဲ့သားတော်က ခမည်းတော်ရဲ့ရင်ခွင်မှာ အနားယူတာဖြစ်ပြီး အဲဒီအကျိုးကို လက်ဆောင်ထူးအဖြစ် ငါတို့ကရရှိတာ။ ခရစ်တော်ရဲ့ ငြိမ်းချမ်းသုခကို ဥပုသ်နေ့မှာ ငါတို့ကို ရက်ရက်ရောရောပေးတာ"

"Maatan။ ငါ့တစ်သက် ဥပုသ်စောင့်ခဲ့တာ။ ဒါကို မပေါက်ခဲ့ဖူးဘူး။ ငါတို့က ဘုရားအတွက် နားတာမဟုတ်ပဲ သားတော်က ခမည်းတော်ရဲ့ ရင်ခွင်မှာနားပြီး ငါတို့ကို အခမဲ့ပေးတာကိုး။ ဒါက အရမ်းကောင်းတဲ့ တရားပဲ" လို့ Stella က ပျော်ပျော်နဲ့ပြောတယ်။

"ဟုတ်တယ်။ အဲဒါပဲ။ ဒါနဲ့ ငါတို့ ဘုရားရဲ့ ပုံစံခွက်အကြောင်းကို မရောက်သေးဘူး။ နင် အဆင်သင့်ပြီလား"

"အဆင့်တွေအများကြီးပဲ Maatan, ငါလည်း အာရုံစိုက်လို့မရဘူး။ ငါ ဥပုသ်စောင့်ခဲ့ပုံတွေ ရှုပ်နေပြီ။ ငါက ဥပုသ်စောင့်ခဲ့တာ။ အခုတော့ ဥပုသ်ကိုလက်ခံသူဖြစ်သွားပြီ။ ယေရှုရဲ့ အနားယူမှုကို လက်ဆောင်အဖြစ် ငါရရှိပြီ။"

"ကောင်းပြီ Stella။ ဒီအကြောင်း နောက်မှပြောမယ်။ ရှင်းပြစရာတွေက အများကြီးပဲ။ ဒီဥပုသ်အနားယူခြင်းက အသက်မြစ်ရေအဖြစ် စီးဆင်းလာတယ်။

# အခန်း ၃၉
# စာရာနဲ့ ဟာဂရတို့ရဲ့
# ကောင်း/ဆိုး ဆီမီးအလှူ

"Stella၊ ငါ ဒီညနေ Tony ဆီသွားမယ်။ သူက ပဋိညာဉ်အကြောင်းနဲ့ ပတ်သက်လို့ သူ့သူငယ်ချင်း Eric Waggoner နဲ့အတူ မျှဝေချင်တာ။ ငါ နင့်ကို ဒီအကြောင်း ပြောပြီးပြီ မှတ်တယ်"

"အင်း၊ ပြောတယ်။ Eric အဝေးရောက်နေတယ်ဆိုတာ သက် မှတ်မိတယ်" "ဟုတ်တယ်။ သူပြန်ရောက်ပြီတဲ့။ အဲဒါ အခုတွေ့ကြတော့မှာ"

"သူ ဘာမျှဝေချင်လဲဆိုတာ သက် သိချင်နေပြီ။" "ငါလည်း အဲလိုပါပဲ။ ဒီညတော့ အိမ်ပြန်နောက်ကျနိုင်တယ်။"

Maatan ဟာ တိုနီဆီ ကားမောင်းသွားရင်း *ဘုရားသခင် Eric နဲ့ စကားပြောရမှာ တကယ့်အခွင့်ထူးပဲ။ ကျွန်တော်တို့ကို လမ်းပြပေးပါ* လို့ ဆုတောင်းတယ်။

"ကြိုဆိုပါတယ် Maatan၊ ပြန်တွေ့ရတာ ဝမ်းသာပါတယ်" လို့ တိုနီက ပြုံးရင်းပြောတယ်။

"ဒီကိုလာနိုင်လို့ ဝမ်းသာပါတယ် တိုနီ" "နင့်ကို Eric နဲ့ မိတ်ဆက်ပေးမယ်" Eric ကတော့ တိုနီထက်ပုပြီး မျက်လုံးစူးတယ်။

"တွေ့ရတာဂုဏ်ယူပါတယ် Eric၊ ခင်ဗျားရဲ့ ဘေးတော်ရဲ့ စာတွေကို တကယ်သဘောကျတယ်။"

"တွေ့ရတာ ဝမ်းသာပါတယ် Maatan။ ကျွန်တော့်ဘေးတော်ရဲ့ စာတွေကို လေ့လာတဲ့အတွက် ဝမ်းသာပါတယ်။ ခင်ဗျား ဘယ်စာအုပ်ကိုဖတ်လဲ။"

“‘ခရစ်တော်နှင့် ၎င်း၏သီလတော်’ နဲ့ ‘ဖန်ဆင်းခြင်းအတွင်းမှ ဝမ်းမြောက်ဖွယ်တရားတော်’ ဆိုတဲ့စာအုပ်တွေက အဓိကပေါ့။ ‘ထာဝရပဋိညာဉ်’ စာအုပ်ကိုတော့ နည်းနည်းပဲဖတ်တယ်။”

“၁၈၈၈ ခုနှစ်မှာ ဘာဖြစ်ခဲ့လဲဆိုတာ ခင်ဗျားသိလား။ ပဓာနအကြောင်းက ဘာလဲ။”

“ကျွန်တော်လေ့လာရသလောက်ကတော့ ယုံကြည်ခြင်းကိုမှီပြီး ဖြောင့်မတ်ရာသို့ရောက်ခြင်း အကြောင်းပဲ” လို့ Maatan ဖြေတယ်။ တိုနီ က “ရုံးထဲဝင်ရအောင်လေ” တဲ့။

“ကျေးဇူးပဲ တိုနီ။ အဲဒါမှန်တယ် Maatan။ ဖြောင့်မတ်ခြင်းကို ယုံကြည်ခြင်းအားဖြင့် ဘယ်လိုရလဲဆိုတာ ပဋိညာဉ်ရဲ့ ဘာသာရပ်ပဲ” လို့ Eric က ပြောတယ်။

“Waggoner က ပဋိညာဉ်အကြောင်းကို ရေးခဲ့တာကိုတော့ ကျွန်တော်သိထားတယ်။ ဒါပေမယ့် ဒါက ၁၈၈၈ မှာ အဓိကကိစ္စဖြစ်မှန်း မသိခဲ့ဘူး။ ကျွန်တော် A.T. Jones ရဲ့ “ဂလာတိသြဝါဒစာဋီကာ” ဆိုတဲ့စာအုပ်ကို ဖတ်ခဲ့တယ်။ အဲဒါက ၁၈၉၉၊ ၁၉၀၀ နှစ်တွေမှာ အခန်းဆက်နဲ့ ရေးခဲ့တာ” လို့ Maatan ဖြေတယ်။

“ဒါပေမယ့် ၁၈၈၈ တုန်းက ဂလာတိ အခန်းကြီး (၃) ထဲက ပညတ်အကြောင်းကို ဗဟိုပြုပြီး ဆွေးနွေးကြမှန်းတော့ ခင်ဗျားတီးခေါက်မိမှာပါ”

“ဟုတ်တယ်။ ကျွန်တော်ပေါက်ပါတယ်။ ဂလာတိထဲက ပြဿနာတစ်ခုက ပညတ်အကြောင်းပဲ။ ပညတ်တော်ဟာ ကျင့်ဝတ်လား၊ ဝိနည်းလားဆိုတာတွေပေါ့။”

Eric က “ဒါမှန်တယ်။ ခရစ်ယာန်သက် ကြာလာတဲ့လူတွေက ပဋိညာဉ်ဟောင်းက ခရစ်တော်ကပ်တိုင်ပေါ် အချိတ်မခံရခင်အထိ၊ ပဋိညာဉ်သစ်က ကပ်တိုင်နောက်ပိုင်းကာလဆိုပြီးခွဲကြလို့ ရှုပ်ထွေးရတာ။ ၁၈၈၈ မှာ ကျွန်တော့်ရဲ့ဘေးတော်က အဲဒီတုန်းက အသင်းတော်ဥက္ကဋ္ဌ George Butler ဆီစာရေးပြီး ပြဿနာရဲ့သော့ချက်ကို ရှင်းပြသေးတယ်။ အဲဒီပြဿနာရဲ့အရင်းကို ပြမယ်။ ဂလာတိ (၃) လာ ခရစ်ယာန်စံနဲ့ ရှင်းပြပြီးတဲ့အခါ သူ့ကို ဒီလိုပြောတာ။ ။

တမန်တော်ကြီးက ဂလာတိ (၃) မှာ **တစ်ဦးချင်းစီရဲ့ အတွေ့အကြုံကို ရေးတာဖြစ်ပြီး ချမ်းသာခွင့်ပေးတဲ့ အရွေ့မဟုတ်ဘူး။ တစ်ဦးချင်းစီရဲ့ အတွေ့အကြုံမဟုတ်ခဲ့ရင် ခရစ်ယာန် အတွေ့အကြုံ၊ ယုံကြည်ခြင်း၊ ခွင့်လွှတ်ခြင်း၊ ဖြောင့်မတ်ခြင်း စတာတွေ ရှိနိုင်မှာမဟုတ်ဘူး။** ပုထုဇဉ်ဟာ တစ်ဦးချင်းပဲ ကယ်တင်ခြင်းရမှာ၊ အဖွဲ့လိုက်နဲ့ မရဘူး။ E.J. Waggoner The Gospel in Galatian, page 32-33, 1888.

"ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်တာဟာ တစ်ဦးချင်းစီရဲ့ အတွေ့အကြုံပါ။ တစ်ဦးချင်းရဲ့ ဆုံးဖြတ်ချက်ပါ။ မွေးနက္ခတ်နဲ့ မဆိုင်ဘူး။ ယေရှုမတိုင်ခင်က ဂျူးလူမျိုးတွေကို ပဋိညာဉ်ဟောင်းသမား၊ ခရစ်တော်သေပြီးနောက်က မွေးလာတဲ့လူတွေကို ပဋိညာဉ်သစ်သမားလို့ ခွဲလိုက်ရင် ဘုရားက လူတစ်ဦးချင်းစီရဲ့ သန္တာန်မှာ အလုပ်လုပ်တယ်ဆိုတာကို ထုတ်ပစ်တာပါပဲ"

ခင်ဗျားရဲ့ဘေးတော်က ၁၈၈၈ မှာ ဥက္ကဋ္ဌကြီးကို ဒီအကြောင်းရေးခဲ့တယ် ဟုတ်လား။ အဲဒါကို ကျွန်တော်မသိခဲ့ဘူး။ A.T. Jones က ဂလာတိအခန်းကြီး (၄) လာ ပဋိညာဉ် (၂) ခုအကြောင်း စာရာနဲ့ဟာဂရနဲ့ ပမာပြတဲ့ဆောင်းပါး ဖတ်တော့မှသိတာ။ နေဦး ပြန်ပြီး အမှတ်ရအောင် ကိုးကားမယ်လို့ Maatan ကပြောတယ်။

"ပညတ်တရားအောက်၌ နေချင်သောသူတို့၊ သင်တို့သည် ပညတ်တရားကို နားမလည်ကြသလော။- ပညတ္တိကျမ်းစာ၌ လာသည်ကား၊ အာဗြဟံ၌ သားနှစ်ယောက်ရှိ၏။ သားတစ်ယောက်ကား၊ ကျွန်မ၏သားဖြစ်၏။ တစ်ယောက်ကား ကျွန်မမဟုတ်သော မိန်းမ၏သားဖြစ်၏ဟု လာသတည်း။- ကျွန်မ၏သားသည် ဇာတိပကတိအားဖြင့် ဖွားသောသားဖြစ်၏။ ကျွန်မဟုတ်သော မိန်းမ၏သားသည် ကတိတော်အားဖြင့် ဖွားသောသားဖြစ်၏။- ထိုအကြောင်းအရာကို ပုံပမာအားဖြင့်ဆိုသော်၊ ထိုမိန်းမနှစ်ယောက်ကား၊ ပဋိညာဉ်တရားနှစ်ပါးကို ဆိုလိုသတည်း။ ဟာဂရအမည်ရှိသော မိန်းမတည်းဟူသော ပဋိညာဉ်တရားတစ်ပါး

သည် သိနာတောင်ပေါ်မှာ စီရင်၍၊ ကျွန်များကို ဖွားတတ်သောတရား ဖြစ်၏။- အကြောင်းမူကား၊ ဟာဂရသည် အာရပ်ပြည်၌ရှိသော သိနာ တောင်ဖြစ်၏။ ယခုရှိသော ယေရုရှလင်မြို့နှင့် တူ၏၊ မိမိသားများနှင့် တကွ ကျွန်ခံရ၏။- အပေါ်မှာရှိသော ယေရုရှလင်မြို့မူကား၊ ခပ်သိမ်း သော ငါတို့၏ အမိတည်းဟူသော ကျွန်မ မဟုတ်သော မိန်းမဖြစ်သ တည်း။" - ဂလာတိဩဝါဒစာ ၄:၂၁-၂၆

"မိန်းမ (၂) ယောက်လုံးက ယောကျ်ား (၁) ယောက်ထဲနဲ့ လက်ထပ်ခဲ့ကြတာကို တွေ့ လား။ ဒီ (၂) ယောက်က ယောကျ်ား (၁) ယောက် ဘုရားကတိတော်အပေါ် ခံစားချက် (၂) ခုကို ပြတာပါ။ ဟာဂရနဲ့ရတဲ့ သားဆိုတာ အာဗြဟံနဲ့စာရာတို့က ဘုရားပေးကတိ ပြည့်စုံအောင် ကိုယ့်ဟာကိုယ် ကြိုးစားတာ။ စာရာကနေမွေးတဲ့ သားက သူကိုယ်တိုင် မွေးနိုင်ခြေမရှိတဲ့အခါမှ ဘုရားရဲ့ကတိကို ယုံကြည်ခြင်းနဲ့ အားပြုမှ ရတာ။ စာရာကိုယ် တိုင်က သဒ္ဓါအား ကျခဲ့ပေမယ့် ပေါလုက ကလေး (၂) ယောက်ရဲ့ မွေးဖွားလာပုံကို ထောက်ပြတာ" လို့ Eric ကပြောတယ်။

"ခင်ဗျားပြောတာကို ပေါက်တယ် Eric။ အဲဒါ ကျမ်းချက်ထဲမှာကိုပါတာ" လို့ Maatan က ထောက်တယ်။

"အာဗြဟံဟာ စာရာနဲ့ အရင်ညားတာ။ စာရာအားဖြင့်ရမယ့် သား ဆိုတာ ဘုရားက အာဗြဟံကို သား ရမယ်ဆိုတဲ့ ကတိပါ။ ကလေးချက်ချင်းမရလို့ အာဗြဟံနဲ့စာရာတို့ ယုံ ကြည်မှုအားကျတဲ့အခါ (၂) ယောက်စလုံး ပဋိညာဉ်ဟောင်းထဲ ကျသွားတယ်" လို့ တိုနီ က ရှင်းပြတယ်။

"ဟုတ်တယ်။ အဲဒါက ပဋိညာဉ်သစ်ကမူရင်းဖြစ်ပြီး ကျမ်းစာက အဲဒါကို ထာဝရပဋိညာဉ် လို့ ခေါ်ထားတယ်။ နောကေ့ကို သက်တံနဲ့ပြတဲ့အတိုင်းပေါ့။"

"မိုးတိမ်၌ သက်တံရှိသည်ကို ငါကြည့်ရှုသဖြင့်၊ ဘုရားသခင်နှင့် မြေ ကြီးပေါ်မှာ အသက်ရှင်သောသတ္တဝါတိရစ္ဆာန်အပေါင်းတို့ စပ်ကြားမှာ

ရှိသော ထာဝရပဋိညာဉ်ကို ငါအောက်မေ့မည်။" - ကမ္ဘာဦးကျမ်း ၉:၁၆

"အဲဒါကို အာဗြဟံဆီမှာ ထပ်မိန့်တယ်။ "

"ငါသည်သင်၏ဘုရား၊ သင့်နောက်၌ သင့်အမျိုးအနွယ်၏ဘုရားဖြစ်မည်ဟု၊ သင်နှင့် သင်၏အမျိုးအနွယ်အစဉ်အဆက်တို့၌၊ ငါ့ပဋိညာဉ်ကို ထာဝရပဋိညာဉ်ဖြစ်စေမည်။" - ကမ္ဘာဦးကျမ်း ၁၇:၇

"ဘုရားကတော့ အစကတည်းကနေ ယုံကြည်သူတွေကို သူ့ရဲ့သားယေရှုနဲ့တူအောင် ပုံသွင်းမယ်လို့ ကတိပေးခဲ့တာ။ သား ရဖို့ ကြန့်ကြာနေရတာက လူသားတွေဟာ ဘုရားသည် ဘယ်လိုမျိုးလဲဆိုတာကို မသိလို့ပါ။ 'ဘုရားရဲ့လမ်းစဉ်က ကျွန်တော်တို့ရဲ့ လမ်းစဉ်မဟုတ်ဘူး။' အဲဒါကြောင့် လူ့ဉာဏ်နဲ့ ကတိပေးထားတဲ့ သားကို မွေးထုတ်လို့မရဘူး။ လူက ဘုရားကိုကြောက်တဲ့ ဗီဇရှိတယ်။ အဲဒါကြောင့် ဘုရားအကြိုက်ဆောင်ဖို့ အားထုတ်တတ်ကြတယ်။ ဒီအဖြစ်မျိုး သိနာတောင်ခြေမှာ ဖြစ်ခဲ့တယ်။ ဘုရားက သူတို့ကို ဖေးမမယ်လို့ ကတိပေးခဲ့တာကို သူတို့ယုံပြီး အသာမနေဘဲ သူတို့ကိုယ်တိုင်ဘဲ လှုပ်ရှားမယ်ဆိုပြီး ဘုရားကို ကတိပေးခဲ့ကြတယ်။ အသက် (၉၀) ရှိနေတဲ့ စာရာက ကတိတော်ကို အသာယုံရမယ်လို့ မစဉ်းစားတတ်ခဲ့ဘူး။ သူတို့ရဲ့ နာခံပုံက – ဟာဂရနဲ့ဖြေရှင်းခြင်း – ပဋိညာဉ်ဟောင်းခေတ် လူတွေရဲ့တုံ့ပြန်ပုံဖြစ်ပြီး ဖြောင့်မတ်ခြင်းသီလ ဘာမှမဖြစ်လာဘူး" လို့ Eric က ပြောတယ်။

"ဒီအကြောင်း အတော်ရှင်းလာပြီ။ ကျွန်တော်တို့သည် ဘုရားနဲ့အတူ စပြီးသဟာယပြုတုန်းက ကျွန်တော်တို့သည် ခရစ်တော်ကို ပြနိုင်စွမ်းမရှိမှန်း မသိခဲ့ကြဘူးလို့ ပြောလို့ရမလားပဲ။ ပဋိညာဉ်ဟောင်းခေတ် လူတွေရဲ့ကတိနဲ့ အားထုတ်မှုတွေကို ပုံဆောင်တဲ့ ဟာဂရနဲ့ ခရီးဆက်ခြင်းဟာ ကျွန်တော်တို့သည် ဘုရားရဲ့ ကတိတော်ဘက်ကို လှည့်နိုင်ဖို့ ဘုရားရဲ့အကူလိုကြောင်း ပိုပြီးပြပါတယ် မဟုတ်လား"

"အဲဒါပဲ Maatan, ဂလာတိမှာ လာတဲ့အတိုင်းပဲ။ ။"

> “ထိုကြောင့် ငါတို့သည် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ ရောက်စေခြင်းငှာ ပညတ်တရားသည် ခရစ်တော်ထံသို့ ငါတို့ကိုပို့ ဆောင်၍ ငါတို့၏ အထိန်းဖြစ်သတည်း။” - ဂလာတိဩဝါဒစာ ၃:၂၄

“ကျွန်တော့်ဘေးတော်က ပညတ်သည် ကျွန်တော်တို့ကို ခရစ်တော်ဆီ ညွှန်ရုံမဟုတ်ပဲ အရောက်ပို့တာလို့ ပြောတယ်”

တိုနီက ထပ်ဖြည့်တယ် “ပညတ်တော်က ကျွန်တော်တို့ကို ခရစ်တော်ဆီ ဘယ်လိုအရောက်ပို့လဲဆိုတာက မေးခွန်းကောင်းပဲ။ ဒါကတော့ လူက ပညတ်တော်ကို စောင့်ပါ့မယ်လို့ ကတိပေးတဲ့အခါ ပညတ်ဟာ ငါတို့ရဲ့အထိန်း ဖြစ်သွားရော။ ပညတ်တော်ဟာ ဟာဂရဖြစ်လာပြီ။ ငါတို့လည်း မြူးသွင်းခံရရော။ ပညတ်သည် ပင်ကိုအားဖြင့် ကောင်းပြီး သန့်ရှင်းပါတယ်။ ဒါပေမယ့် ငါတို့ရဲ့ အပြစ်ရှိဗီဇက ငါတို့ကိုလိမ်ပြီး ငါတို့ရဲ့အားအင်နဲ့ ပညတ်ကိုစောင့်ဖို့ ကတိပေးစေတယ်။ ဒီလိုနဲ့ ပညတ်သည် အထိန်းတော်ဖြစ်လာပြီး ငါတို့ရဲ့စဉ်ဆက်မပြတ် မစောင့်ထိန်းနိုင်မှုက ငါတို့ကို ခရစ်တော်ဆီပို့၊ မဟုတ်ရင် ငါးပါးမှောက် ဒါပဲ။ ရောမဩဝါဒစာမှာ ရှင်ပေါလုပြောသလိုပဲ။

> “အပြစ်တရားသည် ပညတ်တရားအားဖြင့် အခွင့်ရလျှင်၊ ငါ့ကိုလှည့်ဖြား၍ ထိုတရားအားဖြင့် ငါ့ကိုသတ်လေ၏။- ထိုကြောင့်၊ တရားတော်သည် သန့်ရှင်းခြင်းရှိ၏။ ပညတ်တရားလည်း သန့်ရှင်းခြင်း၊ ဖြောင့်မတ်ခြင်း၊ ကောင်းမြတ်ခြင်းရှိ၏။- သို့ဖြစ်လျှင် ကောင်းမြတ်သောအရာသည် ငါ၌သေခြင်းအကြောင်း ဖြစ်သလော။ မဖြစ်နိုင်ရာ။ အပြစ်တရားသည် မိမိသဘောကို ထင်ရှားစေခြင်းငှာ ကောင်းမြတ်သောအရာအားဖြင့် ငါ၌သေခြင်းကိုပြု၍ သေခြင်းအကြောင်းဖြစ်၏။ ထိုသို့ဖြစ်သောကြောင့် အပြစ်တရားသည် ပညတ်တော်အားဖြင့် အလွန်အပြစ်နှင့် ပြည့်စုံခြင်းရှိသတည်း။” - ရောမဩဝါဒစာ ၇:၁၁-၁၃

Maatan က "ဒါ တော်တော်အဓိပ္ပာယ်ရှိတယ်။ ဒါပေမယ့် ဟေဗြဲ ၈း၆ မှာ ခရစ်တော်က သေပြီး၊ ထမြောက်ပြီးမှ ပိုကောင်းတဲ့ကတိကို အခြေခံပြီး ပိုကောင်းတဲ့ဝတ်ပြုခြင်းကို ရတယ်ဆိုတာကို ဘယ်လိုယူရမှာလဲ" တဲ့။

Eric က "ကျမ်းချက်ကို ဖတ်ရအောင်"

> "ထိုမှတစ်ပါး၊ ယေရှုသည် သာ၍မြတ်သော ကတိတော်တို့၌တည်သော၊ သာ၍မြတ်သော ပဋိညာဉ်တရား၏ အာမခံဖြစ်သည်နှင့်အညီ၊ သာ၍မြတ်သော ဝတ်ပြုခြင်းအခွင့်အရာကို ရတော်မူ၏။" - ဟေဗြဲသြဝါဒစာ ၈:၆

"အခု သူ့ရဲ့အဆက်အစပ်ကို ဖတ်ရအောင်။ အဲဒီမှာ ဘာပြောလဲ။ ။

> "ယခုဆိုခဲ့ပြီးသော အကြောင်းအရာတို့၏ အချုပ်အခြာဟူမူကား၊ **ထိုသို့သော ယဇ်ပုရောဟိတ်မင်းသည် ငါတို့၌ရှိ၏။ ကောင်းကင်ဘုံ၌ တန်ခိုးအာနုဘော်တော်၏ ပလ္လင်လက်ယာဘက်မှာ ထိုင်နေတော်မူ၏။- လူမဆောက်ဘဲ ထာဝရဘုရား ဆောက်တော်မူသော တဲတော်စစ်တည်းဟူသော၊ သန့်ရှင်းရာဌာန၌ ဘုရားဝတ်ကိုပြုသောသူ ဖြစ်တော်မူ၏။** - ယဇ်ပုရောဟိတ်မင်းမည်သည်ကား၊ ပူဇော်သကာနှင့် ယဇ်ကိုပူဇော်စေခြင်းငှာ ခန့်ထားလျက်ရှိသည်ဖြစ်၍၊ ငါတို့ ယဇ်ပုရောဟိတ်မင်းသည်လည်း ပူဇော်စရာယဇ်တစ်စုံတစ်ခု ရှိရ၏။- ပညတ်တရားအတိုင်း ပူဇော်သကာကို ဆက်ကပ်သော ယဇ်ပုရောဟိတ်များ ရှိကြသည်ဖြစ်၍၊ ထိုသခင်သည် မြေကြီးပေါ်မှာရှိနေလျှင် ယဇ်ပုရောဟိတ်မလုပ်ရ။- မောရှေသည် တဲတော်ကို ဆောက်လုပ်အံ့သောအခါ၊ တောင်ပေါ်မှာ သင့်အားပြခဲ့ပြီးသောပုံနှင့် ညီလျော်စွာ အလုံးစုံတို့ကို လုပ်ခြင်းငှာ သတိပြုရမည်ဟု ဗျာဒိတ်တော်ကို ခံရသည်ဖြစ်၍၊ ထို

ယဇ်ပုရောဟိတ်တို့သည် ကောင်းကင်အရာတို့၏ ပုံပမာအရိပ်နှင့်သာ ဆိုင်လျက် ဝတ်ကိုပြုနေကြ၏။” - ဟေဗြဲဩဝါဒစာ ၈:၁-၅

“အမေးက ခရစ်တော်သည် ကောင်းကင်မှာရှိတဲ့ ဗိမာန်တော်အစစ်မှာ ဘယ်အချိန်ကနေစပြီး အမှုဆောင်ဖြစ်တာလဲပါ။ ငါ့ရဲ့ဘေးတော်က ဒီအကြောင်း ၁၈၉၅ မှာ ဟောခဲ့တယ်။ ခရစ်တော်ရဲ့ ထာဝရယဇ်ပုရောဟိတ်ရာထူးက မေလခိဇေဒက်နည်းတူဆိုပြီး ဆာလံ (၁၁၀) ကို ကိုးကားခဲ့တယ်။ သူပြောခဲ့တာကို နားထောင်ကြည့်။ ။

ယေရုရှလင်မြို့က ယဇ်ပုရောဟိတ်၊ တောထဲကဗိမာန်တော်တွေက မေလခိဇေဒက်ရဲ့ နမူနာ ရှိနှင့်ပြီးသားဖြစ်တယ်။ သင်သည် မေလခိဇေဒက်နည်းတူ ထာဝရယဇ်ပုရောဟိတ် ဖြစ်လာမယ်လို့ ပြောလား။ မပြောပါဘူး။ သင်သည် မေလခိဇေဒက်နည်းတူ ထာဝရယဇ်ပုရောဟိတ် ဖြစ်တယ်လို့ပဲပြောတယ်။ မေလခိဇေဒက်ဟာ အာဗြဟံအချိန်တုန်းက ယဇ်ပုရောဟိတ် မဟုတ်လား။ ခရစ်တော်ရဲ့ ရာထူးလည်း မေလခိဇေဒက်နည်းတူ ထာဝရယဇ်ပုရောဟိတ် ဖြစ်တာမဟုတ်လား။ ဟုတ်မှဟုတ်ပဲ။ A.T. Jones, *General Conference Bulletin 1895, Sermon 25,* page 477. 6,7.

“ယေရှုဟာ ကနဦးကတဲက ကောင်းကင်ဗိမာန်တော်မှာ အမှုဆောင်ပြီးသားပါ။ ဒါပေမယ့် ဘုရားက ကတိခံထားတဲ့သူတွေ အတွက်ပဲ အမှုဆောင်နိုင်ပြီး ဘုရားကိုကတိပေးပြီး ကိုယ့်အားကိုယ်ကိုး သူတွေအတွက် အမှုမဆောင်ပေးနိုင်ဘူး။ ကပ်တိုင်ပေါ် အသေခံပြီးမှ ယေရှုက အမှုတော်ကို ပိုပြီးထိထိရောက်ရောက် ဆောင်နိုင်တာဟာ သူ့တပည့်တော်တွေကို ဘုရားဆီရောက်နိုင်မယ့်နည်းက ခရစ်တော်အားဖြင့်ပဲဆိုတာကို သင်ပေးခဲ့လို့ပါ။ ယတြာလို ပသခြင်း မဟုတ်ဘူး။ ကောင်းကင်ရောက်မယ့်လမ်းဟာ သူတို့အတွက် ရှင်းရောပဲ။ ။

"ပထမတဲတော် မပျက်မီတိုင်အောင်၊ သန့်ရှင်းရာဌာနသို့ သွားသော လမ်း မဖွင့်သေးသော အကြောင်းကို ထိုအမှုအရာအားဖြင့် သန့်ရှင်း သော ဝိညာဉ်တော်သည် အရိပ်ပေးတော်မူ၏။" - ဟေဗြဲဩဝါဒစာ ၉:၈

"ကောင်းကင်ရောက်မယ့်မဂ္ဂင်လမ်း မရှိဘူးဆိုတာ မပါဘဲ လမ်းမဖွင့်သေးကြောင်းပဲပြော တာကို သတိချပ်ပါ။ ဒီလမ်းဟာ ကမ္ဘာပေါ်က ဗိမာန်တော်ရဲ့ ပရိဝုဏ်အပြင်ဖက် ပင်တေ ကုတ္တေပွဲနေ့မှာ သန့်ရှင်းသော ဝိညာဉ်တော် သွန်းဖြိုးပေးခြင်းနဲ့ ဖွင့်ပေးခဲ့တာ။ ဒီဖြစ်စဉ် က ကောင်းကင်ဗိမာန်တော်ကို ချဉ်းကပ်မယ့်လမ်းသစ်ကို ချပြတယ်။ ဒီလမ်းဟာ အမြဲရှိ ခဲ့ပါတယ်။ ဒါပေမယ့် လူတွေက ဘုရားအပေါ် ပေးခဲ့ကြတဲ့ သူတို့ရဲ့ကတိတွေနဲ့ ဒီလမ်းကို ပိတ်ခဲ့ကြတာ" လို့ Eric က ရှင်းပြတယ်။

ဒီအကြောင်းမှာ အကန့်တော်တော်များတယ်။ ခင်ဗျားပြောချင်တာက ခရစ်တော်က ပို ကောင်းတဲ့ အမှုကို ဆောင်ခွင့်ရတာဟာ ကပ်တိုင်ပေါ်မှာ အသေခံခဲ့လို့မဟုတ်ဘဲ တပည့် တော်တို့ရဲ့ တရားပေါက်ပုံက သန့်ရှင်းသောဝိညာဉ်တော် သွန်းဖြိုးခြင်းကြောင့် ပြောင်း သွားတာလို့ ပြောချင်တာလား။ ဒါက ကျွန်တော့်အတွက် အဓိပ္ပာယ်မရှိဘူး" လို့ Maatan က ပြောတယ်။

"ခရစ်တော်က ကပ်တိုင်တော်အားဖြင့် ယဇ်ကောင်ပူဇော်မှုကို ရပ်ခဲ့တယ်။ အဓိပ္ပာယ်က နွားတွေ၊ ဆိတ်တွေရဲ့ သွေးတွေက အပြစ်ကို မဆေးကြောနိုင်ဘူးဆိုတာကို ပြတာ"

"အဲဒါကိုတော့ ပေါက်ပါတယ်။ ဒါပေမယ့် ခင်ဗျားပြောတာကို ခေါင်းရှုပ်သေးတယ်"

"ငါ့ရဲ့ဘေးတော်က ရှင်းပြတတ်မယ်ထင်တယ်။ ။

လူတွေက ကျွန်တော့်ကို ခင်ဗျားက ရင်ကြားစေ့တဲ့အလုပ်ဟာ လူ့ဘက်ကချည်းလို့ ပြောကြတယ်။ ကျွန်တော်က ခရစ်တော်ရဲ့ အသေခံခြင်းက ဘုရားကလူဆီ သွားရင်ကြားစေ့တယ်လို့ အမြဲ ပြောခဲ့တာပါ။ ခရစ်တော်က ဘုရားရဲ့ တရားမျှတမှုကိုပြဖို့ အသေ

ခံခဲ့တာပါ။ သူ့ကို ကျေနပ်စေဖို့ပါ။ ကောင်းပြီ။ ကျွန်တော်တို့ဟာ ရင်ကြားစေ့ရေးဋ္ဌီကာကို ကျမ်းစာချပြတဲ့ နေရာမှာတင်က ကျန်ခဲ့တယ်။ လူက ဘုရားနဲ့ ရင်ကြားစေ့ဖို့လိုကြောင်း များများပြောပေမယ့် ဘုရားက လူနဲ့ ရင်ကြားစေ့ဖို့လိုကြောင်း တစ်ချက်တောင် မတွေ့ရပါဘူး။ ဒီလိုလုပ်နိုင်ဖို့ကလည်း ဘုရားရဲ့သိက္ခာပုဒ်ကို ထိပါးမှ လုပ်လို့ရမှာ ဖြစ်တယ်။ ဒီအတွေးကို ပါပရဟန်းက ခရစ်ယာန်သာသနာထဲ ခေါ်သွင်းတာဖြစ်ပြီး အဲဒါကလည်း ဗာဟီရဘာသာက ယူတာပါ။ အခြေခံ ခံယူချက်ကတော့ ဘုရားရဲ့အမျက်ကို ပသရမယ်ဆိုတဲ့ သဘောတရားပါ။ E.J. 1893, *Present Truth UK,* September 21, 1893, page 386.7.

Maatan က “ဒါတွေက အတော်နက်လွန်းလို့ အချိန်ပေးရဦးမယ်” တဲ့။

“ခရစ်တော်ကတော့ ကမ္ဘာမှာ အပြစ်စဝင်ကတည်းက အမှုထမ်းဆောင်နေပါပြီ။ ဒီအမှန်တရားကို အာဗြဟံကို ခရစ်တော်က ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်စေတဲ့ဖြစ်စဉ်မှာ ကျွန်တော်တို့ တွေ့ရပေမယ့် ခရစ်တော်လာခဲ့တဲ့ အချိန်မတိုင်ခင်အထိ နှစ် (၄,၀၀၀) အဝှက်ခံရတာပါ။ ကျွန်တော်တို့က ခရစ်တော်ဟာ ကျွန်တော်တို့အတွက် လုပ်ပေးတာပါလား ဆိုတာကို နောက်ဆုံးမှာ နားလည်ပြီး ယုံတဲ့အခါ ကျွန်တော်တို့အတွက် ခရစ်တော်အကျိုးဆောင်ပေးတာတွေဟာ ပိုထိရောက်မှာ ဖြစ်တယ်။ ကျွန်တော်တို့က ဘုရားရဲ့ကတိတော်ကိုယုံပြီး ဘုရားကို ကတိပေးဖို့ မကြံတော့ဘူး။

“ခရစ်တော်ရဲ့ ပဋိညာဉ်သစ် ယဇ်ပုရောဟိတ်အဖြစ်ရဲ့ ပြောင်းပြန်ဖြစ်တဲ့ ကပ်တိုင်ရဲ့အခြားတစ်ဘက် နှစ် (၄,၀၀၀) ကဟာတွေ အာနိသင်ရှိနိုင်ခြင်းဟာ ကပ်တိုင်အပြီးမှာလဲ ပဋိညာဉ်ဟောင်းရဲ့ ကုသိုလ်အားကိုးခြင်းမျိုး ရှိနိုင်တယ်ဆိုတာကို ပြတာပါပဲ။ ငါတို့က ယေရှုလာပွင့်ခဲ့ပြီးနောက်မှာ လူဖြစ်လာကြပေမယ့် ငါတို့က ဘုရားကို ကုသိုလ်နဲ့ ဖားချင်စိတ်မကင်းကြဘူး။ အခုလည်း ငါတို့က ဘုရားကို ကတိပေးတာတွေဟာ ဘာမှမဟုတ်မှန်းကို သိရပါမယ်။ ဒို့အစား ယုံကြည်ခြင်းမှာ အသစ်မွေးဖွားပြီး ဘုရားရဲ့ကတိတွေကို

ယုံလိုက်ပါ။ အဲဒါက မှန်လည်းမှန်၊ မြဲလည်းမြဲတယ်” လို့ Eric က Maatan ရဲ့ အာရုံယူနိုင်အား အကန့်အသတ်ကိုကြည့်ပြီး ပြောပြတယ်။

Maatan လည်း “ဒါကို ကျွန်တော်မြင်နိုင်တယ်။ လူက သူတို့ကိုယ်ကိုကယ်ဖို့ မဖြစ်နိုင်ပါဘူးလို့ မှတ်တဲ့အခါမှ ဘုရားရဲ့ဝိညာဉ်တော်က ထိထိရောက်ရောက် အလုပ်လုပ်နိုင်မှာပါ။ ဘာကြောင့်မှန်းတော့ မသိဘူး။ ကျွန်တော့်စိတ်တော့ ဘောင်ဘင်ခတ်နေတယ်။ ထွေနေတယ်။ ကျမ်းချက်တွေလည်း တက်တက်နေတယ်” တဲ့။

“ဒါကတော့ ဂေါလျတ်ရဲ့ တတိယမြောက်သားက ယုံကြည်ခြင်းဖြင့် ဖြောင့်မတ်ရာသို့ရောက်တယ် ဆိုတဲ့တရားကို ထိုးနှက်လို့ပါ။ သူက အချိန်ကိုသုံးတယ်။ Chronos ပေါ့။ ကယ်တင်ခြင်းမှာရှိတဲ့ အကန့် (၂) ကန့်ကို ခွာဖြဲဖို့ပါ။ ဒါက ဒီဇိုင်းဆွဲကတည်းက ကြံဖန်အားကောင်းပြီးသားကြီး။ ကြေးဇကာကို သုံးထားတော့ ခင်ဗျားက ကျမ်းစာဖတ်တဲ့အခါ ဃနခံတော့ အမှန်မမြင်ရဘူး။ သူက ဓမ္မဟောင်းကျမ်းက ဘုရားကို ကြမ်းတဲ့ဘုရား၊ ကယ်တင်ခြင်းရဖို့ လူတွေကို ပညတ်အတင်းစောင့်ခိုင်းပြီး မျက်စိကျတဲ့လူတွေကိုတော့ ကရုဏာနဲ့ကယ်တယ်ဆိုပြီး မြင်စေတယ်။ အပြစ်ဖြေရာနေ့ကြီးမှာ ဆိတ် (၂) ကောင်ကို မဲချတဲ့ အခမ်းအနားက ဒါကို မီးမောင်းထိုးပြတယ်။ တစ်ကောင်ကောင်က မဲကိုမှီပြီး စံနိုင်ခံနိုင်တယ်။ ဒါက အခြားအကန့်ပါ” လို့ Eric ကပြောတယ်။

“ကျွန်တော့်သန္တာန်က ဃနခံနေတယ်လို့ ခံစားရတယ်။ ဒါကိုထွက်အောင် ကျွန်တော်ကြိုးစားနေတာ။ ယေရှုဟာ ကရုဏာတရား၊ သစ္စာတရားနဲ့ပြည့်စုံတဲ့ ယဇ်ပုရောဟိတ်မင်းဖြစ်ဖို့ ဒီကမ္ဘာမှာကတည်းက ဘာကြောင့် သူ့ကိုစုံလင်စေတယ်လို့ ပြတဲ့ကျမ်းချက်ကကော ဘာသဘောလဲ။ ကျွန်တော်တို့အတွက် အမှုဆောင်ပေးဖို့ သူ့မှာလည်း စုံလင်ဖို့လုပ်စရာလိုတာလား”

တိုနီက “ဘယ်သူ့မျက်စိကနေ စုံလင်ဖို့လဲ။ ဘုရားမျက်စိလား၊ ငါတို့မျက်စိလား” တဲ့။

Eric က “ယေရှုဟာ နှစ် (၄,၀၀၀) တောင် ယဇ်ပုရောဟိတ်မင်းဖြစ်ဖို့ မထိုက်ခဲ့ရင် အဲဒီခေတ်ကလူတွေ ဘာသုခ ရမှာလဲ။ ဘယ်လိုလုပ်ပြီး ကယ်တင်ခြင်းရကြမှာလဲ။

ယေရှုက သူတို့ကို ဘယ်လိုကယ်ရမှန်း မသိသေးလို့၊ လာလည်းမပွင့်သေးလို့ သူတို့က အပြစ်ကြောင့် ငရဲလားကြရမှာလား။ သတင်းကောင်းဟာလည်း ဘယ်လိုလုပ် ဗျာဒိတ် ၁၄း၆ ကလို ထာဝရဖြစ်နိုင်မှာလဲ။ ယေရှုဟာ ကရုဏာ၊ သစ္စာတရားရှိတဲ့ ယဇ်ပုရော ဟိတ်မင်း ဖြစ်လာတယ်လို့ လူတွေကယူကြတာက ယေရှု လူ့ဇာတိမယူခင်မှာ ဒီလိုမမြင် တတ်ကြလို့ပါ။ ယေရှုဟာ ထာဝရယဇ်ပုရောဟိတ်ပါ။ ယေရှုဟာ အစဉ်ပဲ ကရုဏာ၊ မေတ္တာရှိပါတယ်။ ငါတို့ကိုယ်ငါတို့သိတာထက်တောင် ပိုသိပါတယ်။ သမ္မာကျမ်းမြတ်မှာ ဘာမိန့်ထားလဲ ကြည့်ကြည့်ပါ။ ။”

> “အိုထာဝရဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်ကိုစစ်ကြော၍ သိတော်မူ၏။ အကျွန်ုပ်ထိုင်ခြင်း၊ ထခြင်းအရာတို့ကို သိတော်မူ၏။ အကျွန်ုပ် အကြံအစည်တို့ကို အဝေးကပင် နားလည်တော်မူ၏။ အကျွန်ုပ်သွား သော လမ်းကိုလည်းကောင်း၊ အိပ်ရာကိုလည်းကောင်း စစ်ဆေး၍၊ အ ကျွန်ုပ်ကျင့်သော အကျင့်အလုံးစုံတို့ကို ကျွမ်းတော်မူ၏။ အကျွန်ုပ် သည် စကားတစ်ခွန်းကိုမျှ မမြွက်သော်လည်း၊ အိုထာဝရဘုရား၊ ကိုယ် တော်သည် အကြွင်းမဲ့ သိတော်မူ၏။” - ဆာလံကျမ်း ၁၃၉:၁-၄

“ဒီကျမ်းချက်က ဘုရားသခင်နဲ့ သူ့ရဲ့သားတော်ဟာ ငါတို့အကြောင်း အကုန်သိတယ်လို့ မပြောဘူးလား။ သူတို့က ငါတို့ကို ဖန်ဆင်းခဲ့တာ။ ဟုတ်တယ်နော်။ ဒါကြောင့် ယေရှုဟာ ငါတို့ရဲ့ဇီဇကိုသိဖို့ ဒီကမ္ဘာကို ကြွခဲ့ဖို့မလိုပါဘူး။ သူ ငါတို့ဆီပွင့်ခဲ့ရတာက သူဟာ ငါတို့ အကြောင်း သိပါတယ်လို့ ငါတို့ခံယူတတ်ဖို့အတွက်ပဲ ဖြစ်တယ်” လို့ Eric ကပြောတယ်။

“ကျွန်တော် သဘောပေါက်တယ်။ ကျွန်တော့ဃနက အတော်ဆိုးတာပဲ။ ပဋိညာဉ် ဟောင်းအကြောင်းက အနံ့ဆိုးလို ဝဲနေတာ”

“အဲဒါပဲ Maatan။ ဒီအကြောင်းက ဂန္ဓာရုံနဲ့ဆိုင်နေတာ။ ငုတ်က ကြေးဝါဖြစ်နေရင် ခင်ဗျားဟာ သတင်းကောင်းကို အမှန်အတိုင်း အနံ့ခံလို့ မရဘူး။ ကျမ်းစာက ဒီလိုပြော တယ်။ ။

> “အဘယ်သို့နည်း ဟူမူကား၊ ငါတို့သည် ကယ်တင်သော သူတို့၌လည်း ကောင်း၊ ဆုံးရှုံးသော သူတို့၌လည်းကောင်း၊ ဘုရားသခင်အား ခရစ်တော်၏ အမွှေးအကြိုင်ဖြစ်ကြ၏။- ဆုံးရှုံးသောသူတို့၌ကား၊ သေခြင်းတိုင်အောင် သေခြင်း၏အမွှေးအကြိုင် ဖြစ်ကြ၏။ ကယ်တင်သော သူတို့၌ကား၊ အသက်ရှင်ခြင်းတိုင်အောင် အသက်ရှင်ခြင်း၏အမွှေးအကြိုင် ဖြစ်ကြ၏။ သို့ဖြစ်၍ ဤအမှုအရာတို့နှင့် အဘယ်သူ ထိုက်တန်သနည်း။” - ကောရိန္သုဩဝါဒစာဒုတိယစောင် ၂:၁၅-၁၆

“အနံ့ဆိုးတာက ပဓာနပဲ။ ဒါက ငါတို့မှာ ပြောင်းလဲဖို့လိုတာကို ပြတဲ့အဆင့်တစ်ခုပဲ။ ဒါဟာ သေမင်းဆီကလာတဲ့ သေစော်နံတဲ့ အနံ့ပဲ။ ဒါဟာ ပင့်ကူညာဉ်ဟောင်းရဲ့ သက်ရောက်မှုပဲ။ ။

> “သူတို့ကိုအဘယ်သို့ ဒဏ်ပေးရဦးမည်နည်း။ အဘယ်သို့ ထပ်၍ ဆုံးမရဦးမည်နည်း။ ဦးခေါင်းသည် အနာသက်သက်ရှိ၏။ နှလုံးသည်လည်း ခွန်အားအလျှင်းမရှိ။ ခြေဖဝါးမှသည် ဦးခေါင်းတိုင်အောင် ကျန်းမာခြင်းမရှိ။ စုတ်ရှသောအနာ၊ ထိခိုက်၍ရောင်သောအနာ၊ ရိရွဲသောအနာသက်သက်ရှိ၏။ ထိုအနာများကို မနှိပ်မနယ်ရ၊ အဝတ်နှင့်မစည်းရ၊ ဖယောင်းဆီနှင့် မပျော့စေရသေး။” - ဟေရှာယအနာဂတ္တိကျမ်း ၁:၅-၆

“ပင့်ကူညာဉ်ကို တလွဲယူခြင်းက ငါတို့မှာ ပြောင်းလဲဖို့လိုနေတာကို ရေမွှေးဆွတ်ပေးတာနဲ့ တူပါတယ်။”

> “တစ်ဖန်တုံ၊ အချင်းလူသား၊ ထိုအမှုကို မြင်ပြီလော။ ယုဒအမျိုးသည် ဤအရပ်၌ စက်ဆုပ်ရွံရှာဖွယ် အမှုတို့ကို ပြုသောအပြစ် ပေါ့သလော။ သူတို့သည် အဓမ္မမှုဖြင့် တစ်ပြည်လုံးကို ပြည့်စေ၍ ငါ၏အမျက်ကို အထပ်ထပ် နှိုးဆော်ကြပြီ။ သစ်ခက်ကိုလည်း မိမိတို့နှာခေါင်းဝ၌ ကပ်၍ ကိုင်ကြ၏။” - ယေဇကျေလအနာဂတ္တိကျမ်း ၈:၁၇

"သစ်ခက်ကို နှာဝမှာထားတာက ပဋိညာဉ်ဟောင်းရဲ့ အပုပ်နံ့ကိုကာတာ။ အသင်းတော်ကို ပုံဆောင်တဲ့ အမျိုးသမီးကို ရေမွှေးအများကြီး ဆွတ်ထားတယ်လို့ ပြောတာဟာ မဆန်းပါဘူး။ ဒါက ကျွန်တော်တို့ရဲ့ အပြစ်တွေကိုကာပြီး အပြင်ပန်းကြည့်ကောင်းအောင် ကြိုးစားခဲ့တာကို ပုံဆောင်တာ။ ကျွန်တော်တို့ရဲ့ အပြစ်ကြောင့်၊ ကန့်ခတ်လိုအနံ့ကြောင့် ပျို့တတ်ပြီး ခရစ်တော်ဆီပြေးသင့်ပါတယ်။ ပညတ်တော်ဟာ ကျွန်တော်တို့အထဲကို ဝင်ပြီး ဘုရားဆီကိုလှည့်ကြဖို့ ကျွန်တော်တို့ရဲ့အနံ့ကို ပိုပြီးဆိုးစေပါတယ်။ အဲဒါမှ ဘုရားလည်း ကျွန်တော်တို့ကို စင်ကြယ်စေနိုင်တာပါ (ရောမ ၅း၂၀)"

"ကျေးဇူးပါ Eric၊ ဒါက အကြောင်းအရာတွေကို ဆီလျော်စေတယ်။ ကျွန်တော့်မှာ လေ့လာစရာ အများကြီးပဲ။ ဒီတရားရဲ့အနှစ်က ကြောက်စရာပဲ။ လူအများကြီးက သူတို့ဟာ ပဋိညာဉ်သစ်မှာနေပြီး စင်ကြယ်ပြီလို့ မှတ်ကြတာ။ အမှန်ကတော့ သူတို့ဟာ ပညတ်တော်ကို သူတို့ရဲ့ဘဝမှာ အလုပ်လုပ်ဖို့ ခွင့်မပြုဘဲ တလွဲစိတ်ချနေကြတာပဲ"

"ငါတို့က ဘုရားရဲ့နည်းနာနဲ့ ပဋိညာဉ် (၂) ခုတို့ ဘယ်လိုအံ့ဝင်ခွင်ကျ ဖြစ်လဲဆိုတာကို ရှင်းလို့ရခါနီးအဆင့်ကို ရောက်နေပြီ။ ဒီအကြောင်း ဘယ်တော့ ဆက်လေ့လာဖြစ်မလဲဆိုတာ ငါ့ကိုပြောပေါ့" လို့ Tony က ပြောတယ်။

"ဒါတွေကို လေ့လာဖို့ (၁) ပတ်တော့ အချိန်ပေးဦး။ ကျွန်တော့်မှာ ဃနခံနေသေးတယ်။ ကျမ်းစာကို ပြန်ဖတ်ဖို့လိုသေးတယ်။ အထူးသဖြင့် ဟေဗြဲဩဝါဒစာပဲ"

"စိတ်မပူပါနဲ့။ ဆုတောင်းကြမယ်။ အဖဘုရား ၁၈၈၈ တုန်းက ကျွန်တော်တို့ကို တန်ဖိုးရှိတဲ့တရားကို ပြခဲ့ပြီး ပဋိညာဉ် (၂) ခုမှာပါတဲ့ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်းသို့ ရောက်တယ်ဆိုတဲ့ ပရမတ်တရားကို အလင်းပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ရဲ့ ကိုယ်တွင်းက ဟာဂရရဲ့အပုပ်နံ့နဲ့ ကျွန်တော်တို့ရဲ့ ပင်ကိုဖြောင့်မတ်ခြင်းများသည် ဘာမှမဟုတ်ကြောင်း လက်ခံပါတယ်။ ကျွန်တော်တို့ထံ ကိုယ်တော်ကြွလာပြီး ဆေးကြောတော်မူပြီး စာရာ၏ဖြစ်စဉ်အတိုင်း ကျွန်တော်တို့ကို မွေးဖွားတော်မူပါ။ သခင်ယေရှု၏နာမဖြင့် ဆုတောင်းပါတယ်။ အာမင်"

# အခန်း ၄၀
# ကောင်းချီးခံ လွတ်လပ်မျိုးစေ့

Maatan က Stella ဆီမှာ "ငါတို့သားတွေ ဆယ်ကျော်သက်ထဲ သက်ဝင်လာပြီ။ ဘဝနဲ့ ပတ်သက်လို့ သူတို့အဖျတ်တာအတိုင်း နေနိုင်တဲ့အကြောင်း သိသင့်ကြတယ်လို့ မှတ်တယ်။ ငါ သူတို့ကို မြှုံးမသွင်းချင်ဘူး။ ဘုရားရဲ့ လမ်းစဉ်လည်း မဟုတ်ပါဘူး" တဲ့။ Maatan က သူ့အဖြစ်ကို ပြန်စဉ်းစားတယ်။ သူ့အသင်းတော်၊ သူ့အပေါ် ဩဇာသက်ရောက်တာတွေ က သူ့အတွက် ခက်ခဲ့တယ်။ ဒါကြောင့် သူ့သားတွေအပေါ် ဒီလိုလုပ်ချင်စိတ် မရှိဘူး။

Stella က "ကလေးတွေ သူတို့ကိုယ်သူတို့ တာဝန်ယူနိုင်ပြီလို့ နင်ထင်ပြီလား" တဲ့။

"ငါတို့သားတွေကို လွတ်လပ်သူလိုမျိုး နေစေမယ်ဆိုရင် ရွေးချယ်ပိုင်ခွင့် ပေးရမယ်။ ငါ တို့ရဲ့ဘုရား ယုံကြည်ခြင်းအကြောင်းတွေ သူတို့ကို သင်ပေးပြီးပြီ။ ငါတို့လည်း ခရစ်ယာန် လို အတတ်နိုင်ဆုံး နေပြခဲ့ပြီးပြီ။ ငါတို့ ဘာကိုပျိုးပျိုး အပင်ပေါက်မှာ၊ ဘာမှပြောင်းမှာ မဟုတ်ဘူး။"

"သမ္မာကျမ်းစာက ကလေးတွေလျှောက်ရမယ့်လမ်းကို ငယ်ငယ်ကတည်းက ကျောင်း ပေးပါ။ သူတို့ကြီးလာတဲ့အခါ လမ်းလွှဲတော့မှာ မဟုတ်ဘူး။ ငါတို့က ကောင်းကောင်းသွန် သင်ထားရင် သူတို့လည်း ငါတို့နောက် အခိုက်အတန့်တစ်ခုထိ မလိုက်ဖြစ်တောင်မှ ပြန် လှည့်လာမှာပါ။ ငါတို့ကလေးတွေလည်း မကြာခင်မှာ မိသားစုရှိလာကြမှာဆိုတော့ သူ တို့ကိုယ်ကို ကျောင်းတတ်ဖို့လိုတာပေါ့။"

Stella က "ငါ့သားတွေ အိမ်ကထွက်သွားတာ မကြိုက်ဘူး။ ငါက သူတို့ကို ဝမ်းနဲ့ လွယ် မွေးခဲ့၊ သွန်သင်ခဲ့၊ ဘုရားအကြောင်း သင်ပေးခဲ့တာ" တဲ့။

"အင်း၊ နင် မှန်ပါတယ်။ ဒါကိုရင်ဆိုင်ရဖို့က ခက်တာပေါ့။ သားတွေကို ထွက်ခွင့်ပေးရ တာ မလွယ်ပါဘူး။ ဒါပေမယ့် ဘုရားရဲ့နိဿယကိုလည်း သတိချပ်ပေါ့။

ငါတို့သားတွေဟာ တို့စိတ်ထဲမှာ ရှိပါတယ်။ ငါတို့က သူတို့ကို မေတ္တာတွေနဲ့ ရစ်ပတ်ထားတာပါ။ ဒါဟာ အနာဂတ်မှာလည်း ပြောင်းမှာမဟုတ်ပါဘူး။”

“အင်းပါ။ ရှင်ပြောတာ မှန်ပါတယ်။ သူတို့ရဲ့အမေဖြစ်ရတာ ကျေနပ်ပါတယ်။ တစ်ခါတလေ ခက်တာတော့ ရှိတာပေါ့။” သူတို့က လွန်ခဲ့တဲ့ နှစ် (၃၀) ထက် ပိုရှုပ်ထွေးတဲ့လောကကို ရင်ဆိုင်ရမှာဆိုတော့ Stella လည်း သူ့ကလေးတွေအတွက် စိတ်ပူရှာတယ်။

Maatan က “ငါတော့ လွတ်လွတ်လပ်လပ်ရွေးခွင့်ရတာကို တန်ဖိုးထားတယ်။ သူများအောက် နေရတာ မကြိုက်ဘူး။ ခရစ်ယာန် မဟုတ်သူတွေကို တရားပြတဲ့အခါလည်း ငါက သူတို့ကို လွတ်လွတ်လပ်လပ် နေခွင့်ရကြောင်း သိစေချင်တယ်။ ငါက ဒါမျိုးကို ကြိုက်တယ်။”

“ငါက ဘုရားကို စိတ်အကြွင်းမဲ့နဲ့ ခစားတယ်။ ဒါဟာ ငါက သူ့ကိုချစ်လို့ပဲ။ နောက်ပြီး သူ့ကို ကိုးစားမှုမရှိရင် ဘာသုခမှ မရနိုင်မှန်း ဘုရားက ငါ့ကိုပြခဲ့တယ်။ ငါလည်း သားတော်ရဲ့စိတ်ဓာတ်လိုပဲ လွတ်လွတ်လပ်လပ် လုပ်ခဲ့တယ်။ ငါလည်း ဒါကို ငါ့သားတွေကို ဆက်ပေးချင်တယ်။ သူတို့လည်း ဆရာ့အောက်မှာနေရချိန်ကို ကျော်လာပြီ။ သူတို့ဆန္ဒအတိုင်း ကိုယ်တိုင်ဆုံးဖြတ်ကြရတော့မယ်။ မသိတာရှိလို့ လာမေးရင် ငါတို့က အမြဲအသင့်ပဲ။ သူတို့ရဲ့သဘောအတိုင်း ဘုရားနောက်လိုက်ခွင့် ပေးတာက သံနဲ့ကြေးဝါ ဂိတ်ပေါက်ကို ချိုးခွင့်ပေးတာပါပဲ။ ။

> “လူသားတို့၌ ပြုတော်မူသော ကရုဏာနှင့် အံ့ဖွယ်သောအမှုတော်တို့ကို ထောက်၍၊ ထာဝရဘုရား၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းကြစေ။ အကြောင်းမူကား၊ ကြေးဝါတံခါးတို့ကိုချိုး၍၊ သံကန့်လန့်တို့ကို အပိုင်းပိုင်းဖြတ်တော်မူ၏။” - ဆာလံကျမ်း ၁၀၇:၁၅၊ ၁၆

“နင်ဟာ လွတ်လပ်မှ ဘုရားရဲ့ကောင်းမြတ်ခြင်းကို ချီးမွမ်းနိုင်မှာ။ အချုပ်ချယ်ခံရတဲ့ ကလေးတွေဟာ သားရဲနဲ့ သူ့ရုပ်တုကို ကိုးကွယ်ဖို့ လမ်းကျောင်းပေးသလိုပါပဲ။ သူတို့ရဲ့လမ်းစဉ်က အခမ္ဘစေခိုင်းတဲ့စနစ်ပဲ။”

“အခြားသော သားရဲတစ်ကောင်သည်၊ သိုးသငယ်၏ ချိုနှင့်တူသော ချိုနှစ်ချောင်းရှိ၍၊ နဂါးကဲ့သို့ စကားပြောလျက်၊ မြေကြီးထဲက ထွက်သည်ကို ငါမြင်၏။- ထိုသားရဲသည် သူ့အရင်ဖြစ်သော ပထမသားရဲ၏ အာဏာစက်ရှိသမျှကို သုံးစွဲ၏။ သေစေသော ဒဏ်ချက် ပျောက်ခဲ့ပြီးသော ပထမသားရဲကို မြေကြီးမှစ၍ မြေကြီးသားတို့သည် ကိုးကွယ်စေခြင်းငှာ ပြု၏။” - ဗျာဒိတ်ကျမ်း ၁၃:၁၁၊ ၁၂

“သူတို့က ဒီမြေကို လွတ်မြောက်နယ်မြေ၊ သူရဲကောင်းတို့ရဲ့ ဂေဟာလို့ ခေါ်ကြတယ်။ ဒါပေမယ့် ဥပဒေက ဘယ်အချိန်မှာ ဘယ်လိုကိုးကွယ်ပါဆိုပြီး ပြဋ္ဌာန်းတဲ့အခါတော့ လွတ်လပ်မှုဆိုတာ မရှိတော့ဘူး။ ဒီနိုင်ငံဟာ လွတ်လပ်ခဲ့ဖူးပါတယ်။ ဒါပေမယ့် အဲဒီ လွတ်လပ်မှု ပျောက်တာကြာ့ကြာလှပေါ့။ နိုင်ငံ့အကြွေး၊ အခွန်တွေ ငါတို့အပေါ် ပိနေတာတွေဟာ ငါတို့ရင်းနှီးပြီးသား အခမ္မကျင့်သုံးတဲ့ နိုင်ငံရဲ့လက္ခဏာတွေပဲ။”

Stella က “Maatan ဥပုသ်ဝင်တော့မယ်” လို့ ကြားဖြတ်တယ်။ သူတို့မိသားစုက သတိမမူခင် လဆန်းဥပုသ်က ဝင်လာပြီ။

“ကျေးဇူးပဲ အသည်းရေ။ ကလေးတွေကို ခေါ်ရအောင်။” သူတို့မိသားစုလည်း ဥပုသ်အဝင်မှာ ဝတ်တက်ကြတယ်။ Maatan က ခမည်းတော်နဲ့သားတော် သူတို့နဲ့အတူပါရှိဖို့ ပင့်ဖိတ်လိုက်တယ်။ နောက်ပြီး ဒီလိုပြောတယ်။

“Stella နင်ဟာ ငါ့ မဟေသီပါ။ ခမည်းတော်နဲ့ သားတော်တို့ရဲ့ ကောင်းချီးတွေ ဒီလောကမှာ အသက်ရှင်နေချိန် နင့်ဆီကျရောက်ပါစေ။ ခမည်းတော်က နင့်ရဲ့နှလုံးစိတ်ဝမ်း အေးချမ်း၊ ကျန်းမာသန်စွမ်း၊ ဒီမိသားစုရဲ့ သခင်မဖြစ်ဖို့ ကောင်းချီးသွန်းဖြိုးပေးပါစေ” ဆိုပြီး သူဖွက်ထားတဲ့ နှင်းဆီပန်းတွေထုတ်ပြီး “ဒီပန်းတွေဟာ ငါ့ရဲ့ချစ်ခြင်းသင်္ကေတပဲ။ ငါလည်း နင့်ကို အကောင်းမြင်တတ်ဖို့ ဘုရားသခင် ငါ့ကိုလမ်းပြပါစေ။ နင့်ရဲ့ သိမ်မွေ့မှု၊ ကြံ့ရည်ဖန်ရည်တွေ ဒီမိသားစုကို ခြယ်သပါစေ။ သခင်ယေရှုခရစ်ရဲ့ နာမတော်နဲ့ နင့်ကို ကောင်းချီးပေးပါတယ်” တဲ့။

“ငါ့ရဲ့သားဦး Chi, ငါ ဂုဏ်ယူ၊ ပီတိဖြစ်ရတဲ့သား၊ အမိအဖနှစ်ဦးလုံး နှစ်သက်ရတဲ့သား၊ ကြံတိုင်းပေါက် ဆောင်တိုင်းမြောက်ပြီး ကယ်တင်ရှင်ရဲ့ရင်ခွင်မှာ နှစ်သိမ့်မှုခံစားရပါစေ။ လူ့ရှယ်သဘာဝ အာရုံ (၅) ပါးနောက် မလိုက်ဘဲ အောင်နိုင်ပါစေ။ နင့်ကို ဖြစ်စေချင်ခဲ့တဲ့ အတိုင်း ဘုရားရဲ့လူဖြစ်ပါစေ”

“Leo၊ ချစ်စရာသားလေး အမေနဲ့အဖေချစ်ရတဲ့ သားလေး မိမိရဲ့ပတ်ဝန်းကျင်ကို ကုသိုလ် ပြုတတ်ပါစေ။ မိတ္တဗလ အားကောင်းပါစေ။ လောကဓံကို ရင်ဆိုင်နိုင်ပါစေ။ သားဟာ မေမေဖေဖေတို့အတွက် တန်ဖိုးရှိတဲ့သား ဖြစ်ပါတယ်”

“သားတို့ရေ သားတို့ကိုပျိုးထောင်ပေးခဲ့တဲ့ အမေကို အမြဲဦးထိပ်ထားနော်။ လက်တွဲဖော် ရှာတဲ့အခါလည်း အမေ့လိုမျိုး အခက်အခဲကြုံတဲ့အခါ အနားကနေ အားပေးတတ်မယ့်သူ မျိုးကိုရှာနော်။ အခု နင်တို့ (၂) ယောက် ကိုယ်ရွေးတဲ့လမ်းအတိုင်း လျှောက်နိုင်ကြောင်း နင်တို့အမေကို ပြောစေချင်ပြီ။ ဖေဖေကတော့ အသက်ရနိုင်မယ့် လမ်းကြောင်းကို ဘုရား ချပြထားတဲ့အတိုင်း ချပြပြီးပြီ။ ဖေဖေကတော့ ကောင်းကင်မှာရှိတဲ့ ခမည်းတော်ဘုရား ဆီ လျှောက်တင်ပြီးပြီ။ နင်တို့လည်း ခမည်းတော်နဲ့သားတော်ကို အမှတ်ရကြပြီး ကိုယ် တော့်အလိုအတိုင်းနေပြီး ကောင်းချီးရကြပါစေလို့ ဆုတောင်းပေးပါတယ်”

ဒါနဲ့ သား (၂) ယောက်လုံး မျက်လုံးပြူးလာပြီး Chi က “အဖေက ဘာကိုဆိုလိုတာလဲ” လို့မေးတယ်။

“အဖေဆိုလိုတာက သားတို့က သားတို့ကောင်းမယ်ထင်တဲ့လမ်းကို လိုက်ပါ။ သားတို့ ဖေဖေမေမေတို့ဆီ အကြံလာတောင်းလို့ရတယ်။ ဒါလုပ်၊ ဒါမလုပ်နဲ့လို့ မပြောလိုဘူး။ သားတို့အစ္ဆန္ဒအတိုင်း နေခွင့်ပေးတယ်။ သူများသြဇာအောက် အချုပ်မခံရဖို့ ဆုတောင်း ပေးတယ်”

သား (၂) ယောက်လုံးက “ကျေးဇူးပါဖေဖေ” လို့ ပြောကြတယ်။

Stella ကတော့ မျက်ရည်ဥနေတယ်။ သူက သား (၂) ယောက်လုံးကိုဖက်ပြီး "နင်တို့ဟာ ငါ့အတွက် ပီတိပဲ။ နင်တို့လည်း မေမေ့လိုမျိုး ဖေဖေ့ဘေးမှာရပ်ပေးမယ့် အဖဘုရားနဲ့ သခင်ယေရှုခရစ်တို့ရဲ့ အလိုတော်အတိုင်း လိုက်မယ့်မိန်းမမျိုး ရှာတွေ့ပါစေ။"

ဒီလိုနဲ့ Stella က သူတို့ငယ်ငယ်တုန်းက ဆိုခဲ့တဲ့ သားချော့တေးကို ဆိုတော့ Maatan လည်း လိုက်ဆိုတယ်။

သားကိုချီပွေ့ချိန် (၂) ချက်တီးချိန်
ညအလင်းက ကလေးရဲ့ပါးပြင်မှာ
ထိုးနေတယ်
တစ်ပတ်လုံးလုံး ကိစ္စမြားမြော်
မောပြီးရင်း မောနေ
သားလေးမျက်နှာ ရှုဖြစ်တိုင်း
ဒီအချိန်တွေကို ပိုတန်ဖိုးထား တန်ဖိုးထားမိ

မကြာခင်မှာ လမ်းလျှောက်၊ ပြေးလွှားတော့မှာ
မအိပ်ဖြစ်တဲ့ညဆိုတာ အတိတ်မှာကျန်တော့မှာ
သားကိုသတိရဖြစ်နေမှာ
ဒီလိုအချိန်မျိုး အမြဲတည်မယ်လို့မှတ်ခဲ့ ခုတော့ပျောက်
အချိန်ဟာ ကုန်မြန် ရင်မှာဆက်ပြီး
ပိုက်နိုင်ဖို့ ဘာလုပ်ရမှာလဲ။

မာတာဘဝက ကိုယ်စဉ်းစားခဲ့သလို မဟုတ်ခဲ့
မှတ်ခဲ့တာထက်သာပြီး ခက်လည်းခက်ပေါ့
တစ်ခါတစ်လေ နာရီကမြဲပြီး
နှစ်တွေက တိုက်စား
သားကိုကြည့်ရင်း ဒီမှာထိုင်ဖြစ်နေ

ဒီအချိန်ကို ပိုပြီးတန်ဖိုးထား တန်ဖိုးထားဖြစ်နေ

မကြာခင်မှာ လမ်းလျှောက်၊ ပြေးလွှားတော့မှာ
မအိပ်ဖြစ်တဲ့ညဆိုတာ အတိတ်မှာကျန်တော့မှာ
သားကိုသတိရဖြစ်နေမှာ
ဒီလိုအချိန်မျိုး အမြဲတည်မယ်လို့မှတ်ခဲ့ ခုတော့ပျောက်
အချိန်ဟာ ကုန်မြန် ရင်မှာဆက်ပြီး
ပိုက်နိုင်ဖို့ ဘာလုပ်ရမှာလဲ။

သားမျက်နှာကိုကြည့်ရင်း နေ့ရက် မကုန်စေချင်
တစ်ရက်ပင် မကုန်စေချင်
ဒီအချိန်ဟာ မွန်မြတ်
တန်ဖိုးရှိတဲ့အချိန်
အိုတန်ဖိုးရှိတဲ့ အချိန်တွေ

မကြာခင်မှာ လမ်းလျှောက်၊ ပြေးလွှားတော့မှာ
မအိပ်ဖြစ်တဲ့ညဆိုတာ အတိတ်မှာကျန်တော့မှာ
သားကိုသတိရဖြစ်နေမှာ
ဒီလိုအချိန်မျိုး အမြဲတည်မယ်လို့မှတ်ခဲ့ ခုတော့ပျောက်
အချိန်ဟာ ကုန်မြန် ရင်မှာဆက်ပြီး
ပိုက်နိုင်ဖို့ ဘာလုပ်ရမှာလဲ။[18]

Maatan နဲ့ Stella က သားတွေရဲ့ အနာဂတ်အတွက် စိတ်ချချနဲ့ ပီတိမျက်ရည်စို့ခဲ့ကြတယ်။ အဂါပ္ပာယ်မေတ္တာဆိုတာ သားတွေကို လွတ်လပ်စွာ

[18] Matt and Josie Minikus

ရွေးခွင့်ပေးခြင်းမှာ ပေါ်တယ်။ ဒါဟာ ရွှေနဲ့ငွေငုတ်ရဲ့ အခြေခံမှုပဲ။ ကြေးနဲ့သံရဲ့မှု မဟုတ်ဘူး။

သားတို့အတွက် မာတာပိတုတို့ရဲ့ အတ္တကို ဘယ်စကားလုံးကမှ ဖော်ပြလို့ မမီပါဘူး။ ကလေးတွေကို လွတ်လပ်ခွင့်ပေးတာက ခရစ်တော်ရဲ့ ကရုဏာကြောင့်ပဲ ဖြစ်နိုင်တာပါ။ ဒါက သူတို့အမှားလုပ်တဲ့ခါ တောင်းဆိုးပလုံးဆိုးပစ်တာမျိုး မဟုတ်ဘဲ ဘဝအတက်အကျတွေမှာ သူတို့ကို ဆုတောင်း၊ ဖေးမပြီး ယေရှုနဲ့အတူ ခမည်းတော်ရဲ့ ရင်ခွင်မှာ နားခိုစေချင်တဲ့ ဆန္ဒမျိုးရှိတဲ့ မေတ္တာပါ။

# အခန်း ၄၁

# အသန့်ရှင်းဆုံးအခန်းသို့

ဒီလိုနဲ့ (၁) လအကြာမှာ Maatan နဲ့ Stella တို့ ကမ္ဘာ့သတင်း ဖတ်ဖြစ်ကြတယ်။

"ယူကရိန်းမှာရှိတဲ့ ရုရှားမျိုးချစ်တွေ ရုရှားကို ပြန်ချင်ပုံပဲ။ ဗလာဒီမာရ်ပူတင်က ဒါကို သူနဲ့မဆိုင်ဘူးတဲ့။ ခရိုင်းမီးယားဒေသ ရုရှားလက်အောက် ပြန်ရောက်ဖို့တော့ စိတ်ဝင်စား နေတယ်။ ကြည့်ရတာ ပူတင်က New World Order အတွက် အကွက်ရွှေ့ပုံရတယ်" လို့ Maatan က ပြောတယ်။

Stella က "အနောက်အာဖရိကက အီဘိုလာကိစ္စမြင်လား။ ဒီလိုအခက်ကြုံချိန် ငါတို့ ဘုရားကို လျှောက်တင်ခွင့် ရနိုင်တာကို ဘုရားအပေါ် ကျေးဇူးတင်တယ်။ သူ့ရဲ့စည်းထဲ မှာ အေးအေးလူလူ နေရတယ်။ စိတ်ချမ်းသာတယ်" လို့ ပြောတယ်။

"အေး၊ ဒီအကြောင်းတွေကို ငါလေ့လာနေတာ။ ဥပုသ်နဲ့ ခရစ်တော်ဟာ ခမည်းတော် ရဲ့ရင်ခွင်မှာ နားနေခွင့်ရတဲ့ သန္တိသုခကို ငါတို့ သူ့ဆီကနေ ဆက်ပြီးရတဲ့အကြောင်း ပြော ခဲ့ဖူးတာတွေ မှတ်မိတယ်မဟုတ်လား"

"မှတ်မိတယ်။ ဥပုသ်နဲ့ ဘုရားရဲ့နိဿယအကြောင်း ရှင်ဝေမျှချင်တယ်လို့ ပြောခဲ့တယ် လေ"

Stella က "ဒီကျမ်းချက်ကို ကြည့်ပါဦး" တဲ့။ ။

> "သင်တို့သည် သင်တို့၏ ဘုရားသခင်ထာဝရဘုရား၏စကားကို စေ့စေ့ နားထောင်၍ နှစ်သက်တော်မူသောအကျင့်ကို ကျင့်လျှင်လည်း ကောင်း၊ ပညတ်တရားတော်အလိုသို့လိုက်၍ စီရင်တော်မူချက်တို့ကို စောင့်ရှောက်လျှင်လည်းကောင်း၊ ငါသည် အဲဂုတ္တုလူတို့၌စွဲစေသော ရောဂါတစ်စုံတစ်ခုကိုမျှ သင်တို့၌မစွဲစေ။ ငါသည် သင်တို့၏ရောဂါကို

ငြိမ်းစေသော ထာဝရဘုရားဖြစ်သည်ဟု မိန့်တော်မူ၏။" - ထွက်မြောက်ရာကျမ်း ၁၅:၂၆

"ငါ့ဥပုသ်နေ့တို့ကိုစောင့်၍၊ ငါ့သန့်ရှင်းရာဌာနတော်ကို ရိုသေရမည်။ ငါသည် ထာဝရဘုရားဖြစ်၏။ သင်တို့သည်၊ ငါ့ထုံးဖွဲ့ရာလမ်းသို့ လိုက်၍၊ ငါ့ပညတ်တို့ကိုကျင့်စောင့်လျှင်၊ အချိန်တန်မှ ငါသည်သင်တို့အဖို့ မိုးရွာစေသဖြင့်၊ မြေသည် မိမိဘဏ္ဍာကိုပေး၍၊ ဥယျာဉ်အပင်တို့သည် အသီးသီးကြလိမ့်မည်။ စပါးနင်းနယ်သောအမှုသည်၊ စပျစ်သီးညှစ်ရာကာလတိုင်အောင်လည်းကောင်း၊ စပျစ်သီးညှစ်သောအမှုသည်၊ မျိုးစေ့ကြဲရာ ကာလတိုင်အောင်လည်းကောင်း မီသဖြင့်၊ သင်တို့သည်ဝစွာစား၍၊ ကိုယ်ပြည်၌ဘေးလွတ်လျက် နေရကြလိမ့်မည်။ သင်တို့ပြည်၌ စစ်မှုကိုငါငြိမ်းစေ၍၊ ခြိမ်းခြောက်သောသူမရှိဘဲ သင်တို့သည် အိပ်ရကြလိမ့်မည်။ ဆိုးသောသားရဲတို့ကိုလည်း ငါပယ်ရှားမည်။ တစ်ပြည်လုံးသည် ဓားဘေးနှင့် ကင်းလွတ်လိမ့်မည်။" - ဝတ်ပြုရာကျမ်း ၂၆:၂-၆

ပညတ်တော် (၁၀) ပါးဟာ ဘုရားရဲ့လူတွေကို ကွယ်ကာဖို့ဆိုတာ ငါတို့သိတယ်။ ငါစတွေးဖြစ်တာက မောရှေရေးခဲ့တဲ့ ဥပဒေနဲ့ ပညတ်တော် (၁၀) ပါး ဘယ်လိုဆက်စပ်လဲ ဆိုတဲ့အကြောင်းပဲ။ မောရှေဥပဒေက ပညတ်တော် (၁၀) ပါးကို အကျယ်ချဲ့မှန်း ငါသဘောပေါက်တယ်။ ဒီမှာကြည့်" ဆိုပြီး Maatan က ဣသရေလတို့ရဲ့ ဗိမာန်တော်ပုံစံကို ဆွဲပြတယ်။




“ဗိမာန်တော်ဟာ ဘုရားရဲ့နည်းနာပါပဲ။  အသန့်ရှင်းဆုံးဌာနကိုသွားဖို့ သန့်ရှင်းရာဌာနကို ဖြတ်ကိုဖြတ်ရတယ်။ ဗိမာန်တော်တစ်ခုလုံးက ဘုရားရဲ့နည်းနာပဲ။”

“အိုး၊ ငါ ဒါမျိုး တစ်ခါမှ မတွေ့ဖူးခဲ့ဘူး။ နင့်ရှေ့မှာထားမှ မြင်သာလာတယ်”

“ဘုရားရဲ့နည်းနာဟာ သေ့ချက်ပဲဆိုတာ ငါတို့တွေ့တယ်။ ဆိုတော့က ငါတို့ အသန့်ရှင်းဆုံးဌာနကို ရောက်တဲ့အခါ အဲဒီမှာ ငါတို့ဘာတွေ့ရလဲ”

Stella က “ပဋိညာဉ်သေတ္တာ” လို့ ဖြေတယ်။ “ကောင်းပြီ၊ သေတ္တာထဲမှာ ဘာရှိလဲ” “ပညတ်တော် (၁၀) ပါး” “မှန်တယ်။ သေတ္တာဘေးမှာကော။” “မောရှေရဲ့ ဥပဒေအားလုံးပေါ့ (Torah)။ ဒါက ပညတ် (၁၀) ပါး အပြင်တွေ မဟုတ်လား။”

“ဟုတ်တယ်။   မှန်တယ်။   ဘုရားရဲ့နည်းနာကို အခြေပြုရရင် ပညတ်တော် (၁၀) ပါးနဲ့ မောရှေဥပဒေတွေ ဘယ်လိုဆက်စပ်လဲ”

Stella ခဏစဥ်းစားပြီး “ဩော်၊ မောရှေဥပဒေက အရင်းအမြစ်ဖြစ်တဲ့ ပညတ်တော် (၁၀) ပါးကို လမ်း ကျောင်းပေးတာကိုး” တဲ့။

“နင်သိသားပဲ Stella၊   ခရစ်ယာန်ဘာသာက   မောရှေပညတ်တွေဟာ ခရစ်တော် ကပ်တိုင်မှာအချိတ်ခံချိန်   ကစပြီး ပြီးပြတ်ပြီတဲ့။   ဒါပေမယ့် ဘုရားနည်းနာက တစ်မျိုးပြနေတယ်။ ငါသည် ပညတ်တော် (သို့) ပရောဖက်   စကားများကိုဖျက်ရန်  လာသည်မဟုတ်၊

ကောင်းကင်နှင့်မြေကြီး ကုန်သော်လည်း စာတစ်လုံးပင် ထုတ်ပယ်မည်မဟုတ်လို့ မိန့်တဲ့ ယေရှုစကား မှန်တယ်လို့ ပြနေတယ်”

“ဒါက ဘာကိုပြလဲဆိုတော့ မောရှေပညတ်ဟာ ငါတို့ရဲ့တစ်ဘက်မှာ ရန်ဆောင်နေတယ်လို့ သင်ပေးခဲ့သလို မဟုတ်ဘဲ ပညတ်တော် (၁၀) ပါးဟာ ဘာလဲဆိုတာ ပြတာပဲ။ ငါတို့က ကျမ်းချက်တော်တော်များများမှာ ဝိနည်းအထုံးအဖွဲ့တွေက ပြီးသွားပြီလို့ပြောတာ။ အဲဒါ မောရှေဥပဒေတွေ မဟုတ်လား။ ငါခေါင်းရှုပ်ပြီ။ ဒီလိုကျမ်းချက်တွေကို ဘယ်လိုလုပ်ရမှာလဲ” လို့ Stella က ပြောတယ်။

“ကောင်းတဲ့မေးခွန်းပဲ။ ဒီအကြောင်းမသွားခင် ဆယ်ဖို့တစ်ဖို့၊ ကျန်းမာရေး၊ အိမ်နီးချင်းကိုမေတ္တာထားရေး၊ ဉ္ဇေ့ဝတ်ပျူငှာရေး၊ ကလေးကို ဘုရားတရားသင်ပေးရေး တွေပါတဲ့ မောရှေပညတ်ကို ခရစ်ယာန်တွေ အလေးထားတာ ငါတို့သိရမယ်။ အဲဒါတွေက ပညတ်တော် (၁၀) ပါး ဘယ်လိုစောင့်ရမယ်ဆိုတာ လမ်းပြပေးလို့ ရှေးကဣသရေလ လူမျိုးတွေက ပညတ်တော် (၁၀) ပါးကို ရှင်းပြရတာ မရှုပ်လောက်ဘူး။ ဒါတောင်မှ Torah ကျတော့ နားရှုပ်ကြတုန်း။ ဒါကြောင့် ယေရှုက ဥပဒေဆိုတာ ဘယ်လိုနေပြရမယ်ဆိုပြီး လာပြဖို့လိုတာပေါ့”

“မလိုတော့တဲ့ ဝိနည်းအထုံးအဖွဲ့တွေအကြောင်း ငါလေ့လာထားတာရှိတယ်။ စိတ်ဝင်စားဖို့ကောင်းတယ်။ ဒီကျမ်း (၂) ချက်ကို အပြများတယ်။ ။

> “ဝိနည်းအထုံးအဖွဲ့နှင့်စပ်ဆိုင်သော ပညတ်တရားတည်းဟူသော ရန်ငြိုးဖွဲ့ခြင်း၏အကြောင်းကို ကိုယ်ခန္ဓာတော်တွင် ပယ်ရှင်းတော်မူသဖြင့်၊ ပိုင်းခြားလျက်ရှိသော စပ်ကြား အုတ်တံတိုင်းနံရံကို ဖြိုဖျက်၍ လူမျိုးနှစ်စုတို့ကို တစ်စုတည်းဖြစ်စေတော်မူ၏။ အကြောင်းမူကား၊ ရန်ကို ငြိမ်းစေပြီ။” - ဖေက်ဩဝါဒစာ ၂:၁၅
>
> “ငါတို့နှင့်ဆန့်ကျင်ဘက်ဖြစ်သော ဝိနည်းအထုံးအဖွဲ့နှင့် စပ်ဆိုင်သော လက်မှတ်ကို ချေ၍၊ လက်ဝါးကပ်တိုင်မှာ ရိုက်ထားလျက်၊ ငါတို့စပ်

ကြားထဲက ပယ်ရှင်းတော်မူပြီ။" - ကောလောသဲသြဝါဒစာ ၂:၁၄ (KJV)

ဒီကျမ်း (၂) ချက်မှာသုံးတဲ့ ဂရိဝေါဟာရ "ဝိနည်း" ဟာ "dogma" ပါ။ ရှင်ပေါလုက ဘာလို့ ဒီဝေါဟာရသုံးရလဲလို့ ခမ္မဟောင်းကျမ်းနဲ့ ငါစစ်ခဲ့တယ်။ ဒီဝေါဟာရကို မောရှေရဲ့ ပညတ်တော်တွေအတွက် မသုံးဖူးဘူး။ ဒီကျမ်းချက်တွေကို ကြည့်ကြည့်လိုက်။ ။

၁။ ဧဧရမှတ်စာ ၆း၈ မှာ ကုရုမင်းက ဗိမာန်တော်ပြန်ဆောက်ဖို့ ဂျူးလူမျိုးခေါင်းဆောင်ဆီပေးတဲ့ ကုရုမင်းရဲ့ အမိန့်ပြန်တမ်း

၂။ ဒံ ၂း၁၃ မှာ ပညာရှိသုခမိန်တွေကို သတ်မယ့် အမိန့်ပြန်တမ်း

၃။ ဒံ ၃း၁၀ မှာ တူရိယာတီးမှုတ်တဲ့အခါ ရုပ်တုကို ဦးချရှိခိုးရမယ့် အမိန့်

၄။ ဒံ ၆း၁၅ မှာ ပြောင်းလဲခြင်းမရှိတဲ့ မိဒိရဲ့အမိန့်

"ဒီဝေါဟာရဟာ မောရှေပညတ်အတွက် တစ်ခါမှ မသုံးဖူးဘူး။ ဒီဝေါဟာရဟာ လူလုပ်အမိန့်၊ အထူးအားဖြင့် သေမိန့်ပေးတာတွေမှာ သုံးတာ။ ခရစ်ယာန်ဘာသာကတော့ မောရှေရဲ့ပညတ်ဟာ ကပ်တိုင်မှာ ချိတ်ပြီးသွားပြီလို့ တောက်လျှောက် သွန်သင်လာတာ။ အမှန်တော့ ဘုရားက ငါတို့ခံရမယ့် အပြစ်ဒဏ်ကနေ၊ ငါတို့တစ်ဘက်က အမိန့်ပြန်တမ်းကနေ လွှတ်ပေးတာပါ။ သခင်ယေရှုဆီမှာ နေတဲ့အခါ ငါတို့စိတ်ထဲမှာ ရေးထားတဲ့ ဒီအထုံးအဖွဲ့တွေကို ကပ်တိုင်မှာ ရိုက်လိုက်တာပါ"

"ဒီအချက်ကောင်းတယ် Maatan။ ဒါပေမယ့် ယဇ်ပူဇော်တာတွေကျတော့ကော။ ကပ်တိုင်မှာ မရိုက်ခဲ့ဘူးလား။ ဒါတွေက မောရှေပညတ်တွေ မဟုတ်ဘူးလား။ အရေဖျားဖြတ်တာကကော၊ မောရှေပညတ် မဟုတ်ဘူးလား။ ဒါတွေ ငါတို့လုပ်ရမယ်လို့ ပြောနေတာလား" လို့ Stella က မေးတယ်။

"အင်း၊ ဒါတွေတော့ ငါလေ့လာရဦးမယ်။ နင်ထောက်ပြတာ ကောင်းတဲ့အချက်တွေပဲ။ Tony နဲ့ Eric က ရှင်းပေးနိုင်မယ်ထင်တယ်။ ဘုရားနည်းနာအရ ယေရှုက သူဘာမှမ

ထုတ်ပစ်ပါဘူးလို့ မိန့်ခဲ့တာတွေကြောင့် အဖြေရှိမှာပါ။ တိုနီက ပဋိညာဉ် (၂) ခုက ပညတ်တော်နဲ့ ဆက်စပ်တယ်ဆိုတာ လေ့လာတဲ့အခါ သူ့ရဲ့ငုတ် ရွှေငုတ်ဖြစ်သွားတယ် ဆိုတော့ ဟိုသံတိုင်တွေထဲက တစ်ခုတော့ဖြစ်မှာပဲ။ ပညတ်နဲ့ပတ်သက်ပြီး ငါတို့ခံယူပုံ မှားတယ်လို့ ပထမအကြိမ်အဖြစ် ငါတွေးဖြစ်တယ်။ ကျန်သေးတဲ့ တာဝါတိုင် (၃) တိုင်ကို ဖြတ်ဖို့ တော်တော်လေ့လာရဦးမှာပဲ”

Maatan ဟာ အတွေးမှာစီးမျောနေပြီး၊ *အဖဘုရား ညွှန်းနေတာတွေက စိတ်ထွေစရာပါ။* ဒါပေမယ့် သူက အဖြေဆက်ရှာလိုစိတ် ဖြစ်နေတယ်။

“ဥပုသ်နဲ့ပတ်သက်လို့ ဘုရားနည်းနာအကြောင်း ငါနင့်ကိုပြောခဲ့တာ သိတယ်နော်။ မောရှေရဲ့ ပညတ္တိကျမ်းတွေက ပညတ်တော် (၁၀) ပါးကို အကျယ်ပြတာဆိုရင် ပွဲတွေ ဟာ ဥပုသ်ကို အကျယ်ပြတာပဲ။ ငါတော့ ကျန်တဲ့တာဝါတိုင်က ဥပုသ်နဲ့များဆိုင်မလားလို့ တွေးဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ ခမည်းတော်ရဲ့ ရင်ခွင်မှာနားခိုတဲ့ ယေရှုရဲ့နား နေခြင်းဟာ မြင်နိုင်စရာဖြစ်ရမှာလေ။ ငါတို့မမြင်ရတဲ့ ယေရှုရဲ့ အတွေ့အကြုံဟာ ဥပုသ် အပတ်စဉ်တိုင်း ဝတ်ပြုဖို့လာတဲ့အခါ ခံစားရတယ်။ ဝိညာဉ်သေတတ်တယ် ဆိုတာကို လက်ခံခြင်းက သားတော်ဟာ ခမည်းတော်ဆီကနေ အသက်ရတယ်ဆိုတာကို ငါတို့က လက်ခံကြောင်း ပြတာပဲ။ အဲဒါကြောင့် ဥပုသ်က သားတော်ဟာ သူ့ရဲ့ခမည်းတော်ဆီမှာ အနားရတယ်ဆိုတာ မြင်အောင်ပြတာပါ”

ဒါနဲ့ ကောင်းကင်မှာ လျှပ်စီးလက်ပြီး မိုးကြိုးသံနဲ့။ ။

**ဤသူသည် ငါ၏ချစ်သားဖြစ်၏။ သူ၏စကားကို နားထောင်လော့**

ဆိုတဲ့အသံကို ကြားကြတယ်။

Maatan နဲ့ Stella လည်း အချင်းချင်းကြည့်ကြပြီး တစ်ချိန်တည်းပဲ “နင်ကြားလား” လို့ ပြောဖြစ်ကြတယ်။

Maatan က "ကြားတယ်။ ဒီလိုမိန့်တဲ့အတွက် ကိုယ်တော့်ကို ကျေးဇူးတင်ပါတယ်။ ပဥ္စမာယာကနေလွတ်ဖို့ လမ်းပြပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကိုယ်တော့်ဆီပို့ပေးတဲ့ လမ်းခရီး၊ သမာတရား၊ အသက် ဖြစ်တော်မူတဲ့ သားတော်ကိုပို့ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ သခင်ယေရှု၏နာမဥ္ဆ ဆုတောင်းပါတယ်။ အာမင်"

"ဘုရားရဲ့သားတော်ဟာ ပဥ္စမာယာကျော့ကွင်းကိုဖြိုမယ့် အမှန်တရားဖြစ်ကြောင်း ငါတို့မှာ အာမခံရှိတယ်။ ယေရှုဟာ လမ်းကြောကြီး (သို့) ခမည်းတော်ဆီ ရောက်တဲ့လမ်းခရီး၊ ခမည်းတော်သည် အားလုံးရဲ့ ရင်းမြစ်ဖြစ်တဲ့အတွက် ဒီအကြောင်းတွေ ဘုရားရဲ့သော့မှာ ငါတို့ကိုပြခဲ့ပြီးပြီ။ လမ်းကြောဖြစ်တဲ့ သခင်ယေရှု မပါဘဲနဲ့တော့ ခမည်းတော်ဆီ ငါတို့ရောက်မှာ မဟုတ်ဘူး" လို့ Maatan က ရဲရဲကြီး ပြောလိုက်တယ်။

"ပဥ္စမာယာကျော့ကွင်းကနေလွတ်ဖို့ ဥပုသ်ကိစ္စဟာ ပဓာနဖြစ်ကြောင်း အကောင်းအဆိုး တိုက်လှန်ပွဲ စာအုပ်ထဲမှာ အတည်ပြုထားတယ်။ ။

> "ဝိညာဉ်သည်မသေနှင့် တနင်္ဂနွေနေ့အား ဥပုသ်ပြုခြင်းဟူသည့် မုသား(၂)ပါးအားဖြင့် ပုထုဇဉ်တို့သည် စာတန်နှံ့မြူးမိကြမည်။ ပထမ မုသားသည် ဝိညာဉ်မသေဝါဒ အမြစ်ဖြစ်ပြီး ဒုတိယမုသားသည် ရိုမင်နှင့်ပေါင်းစည်းခြင်း ဖြစ်သည်။ Ellen White, *The Great Controversy,* page 588.

"တနင်္ဂနွေနေ့ဟာ ဥပုသ်နဲ့ ဆန့်ကျင်ဘက်ပဲ။ စာတန်က လူတွေကို သူ့လက်အောက် ရောက်ဖို့ ဒီအကြောင်း လိမ်ဆင် ရမှာပဲ။ ဒါကတော့ ခမည်းတော်ရဲ့အခွင့်နဲ့ လာခဲ့တဲ့၊ သူ့ဟာသူမလာခဲ့တဲ့ ဘုရားသားတော်ကို မြင်မြင်သာသာ ငြင်းပယ်ခြင်းအမှုပဲ။ စာတန်ကတော့ သန့်ရှင်းတဲ့ သတ္တမနေ့ကို ငါတို့မလက်ခံဖို့၊ လူ့ဩဇာနဲ့ အစားထိုးဖို့၊ ဘုရားသားတော်မှာ ဘာမှမရှိခဲ့သလိုမျိုး ငါတို့ကို လိမ်တယ်"

Stella က "ဒါက တကယ်ရှင်းတယ်။ ဒီတာဝါတိုင်တွေက ဘာလဲ၊ ဘာကိုချုပ်ထားလဲဆိုတာ သိတာက မင်္ဂလာပဲ။ ငါ့စိတ်မှာ မေးခွန်းအများကြီးပဲ။"

"ပဋိညာဉ် (၂) ခုနဲ့ ပညတ်တော်ဟာ ဂန္ဓါရုံနဲ့ ဆက်တယ်ဆိုရင် ခမည်းတော်နဲ့ သားတော်က ငါတို့ရဲ့ သဒ္ဒါရုံ၊ ဝိညာဉ်သေတဲ့အယူက ငါတို့ရဲ့ရသာရုံနဲ့ဆိုင်ရင် ဥပုသ်ကကော ဘာနဲ့ဆိုင်မလဲ။ နောက်ဆုံးမဏ္ဍိုင်ကကော ဘာနဲ့ဆိုင်မလဲ"

"ကောင်းတဲ့မေးခွန်းပဲ Stella, ကျန်သေးတဲ့အာရုံတွေက အထိနဲ့အမြင်ပဲ။ ဥပုသ်ကတော့ ယေရှုဟာ ခမည်းတော်ရဲ့ရင်ခွင်မှာ နားတယ်ဆိုတော့ ဖော္ဒဗ္ဗာလို့ ငါမှတ်တယ်။ ခမည်းတော်ရဲ့ ရင်ခွင်မှာ နားဖို့က ခမည်းတော်က ထိရမှာလေ။ ယေရှုရဲ့ဝိညာဉ် ဥပုသ်တိုင်းမှာ ငါတို့ဆီရောက်တဲ့အခါ ငါတို့ဟာ သူ့ရဲ့ဝိညာဉ်တော်ရဲ့ အတို့ခံရတယ်"

"နောက်ဆုံးသံတိုင်ကကော"

Maatan က "ဆုတောင်းရအောင်။ ငါလည်း နားရှင်းဖို့လိုတယ်။ နီးနေပြီလို့တော့ ခံစားတယ်။ ဒါပေမယ့် မစုစည်းနိုင်သေးဘူး။ ကိုယ်တော်။ ကျွန်တော်တို့သည် အလင်းမရှိတဲ့အခါ တောင်းဆိုနိုင်တယ်။ မထိန်ချန်ပဲ ပေးမယ်လို့ ကိုယ်တော်မိန့်ခဲ့ပါတယ်။ နောက်မဏ္ဍိုင်နဲ့ပတ်သက်လို့ လမ်းပြဖို့ ဝိညာဉ်တော်ကို ကျွန်တော်တို့ဆီ ပို့ပေးတဲ့အတွက် ကိုယ်တော့်ကို ကျေးဇူးတင်ပါတယ်။ သခင်ယေရှုရဲ့နာမ၌ ဆုတောင်းပါတယ်။ အာမင်"

# အခန်း ၄၂

# ယဇ်ကောင်နှင့်အလှူငွေတို့ကို ဘုရားအလိုမရှိ

Maatan က "ငါ စဉ်းစားမိတာရှိတယ်။ ဒါကတော့ အရင်လက Eric ပြောခဲ့တာနဲ့ ပတ်သက်တယ်။ အဲဒါကို ငါ အကုန်လိုက်လို့မမီဘူး။ သူပြောခဲ့တာကို ငါသိမ်းထားတယ်။ နားထောင်ကြည့်။ ။

> လူတွေက ကျွန်တော့်ကို ခင်ဗျားက ရင်ကြားစေ့တဲ့အလုပ်ဟာ လူ့ဘက်ကချည်းလို့ ပြောကြတယ်။ ကျွန်တော်က ခရစ်တော်ရဲ့ အသေခံခြင်းက ဘုရားကလူဆီ သွားရင်ကြားစေ့တယ်လို့ အမြဲပြောခဲ့တာပါ။ ခရစ်တော်က ဘုရားရဲ့ တရားမျှတမှုကိုပြဖို့ အသေခံခဲ့တာပါ။ သူ့ကို ကျေနပ်စေဖို့ပါ။ ကောင်းပြီ။ ကျွန်တော်တို့ဟာ ရင်ကြားစေ့ရေးဋီကာကို ကျမ်းစာချပြတဲ့ နေရာမှာတင် ကျန်ခဲ့တယ်။ လူက ဘုရားနဲ့ ရင်ကြားစေ့ဖို့လိုကြောင်း များများပြောပေမယ့် ဘုရားက လူနဲ့ ရင်ကြားစေ့ဖို့လိုကြောင်း တစ်ချက်တောင် မတွေ့ရပါဘူး။ **ဒီလိုလုပ်နိုင်ဖို့ကလည်း ဘုရားရဲ့သိက္ခာပုဒ်ကို ထိပါးမှ** လုပ်လို့ရမှာ ဖြစ်တယ်။ ဒီအတွေးကို ပါပရဟန်းက ခရစ်ယာန်သာသနာထဲ ခေါ်သွင်းတာဖြစ်ပြီး အဲဒါကလည်း ဗာဟီရဘာသာက ယူတာပါ။ အခြေခံ ခံယူချက်ကတော့ ဘုရားရဲ့အမျက်ကို ပသရမယ်ဆိုတဲ့ သဘောတရားပါ။ E.J. Waggoner, *Present Truth UK,* September 21, 1893, page 386.7.

အနီ ကိုးကားစကားက ဘုရားသိက္ခာပုဒ်နဲ့ ဆိုင်တယ်။ ခရစ်တော်က ဘုရားရဲ့ပညတ်ဟာ အပြစ်သားကို သေဒဏ်ပေးလို့ သေရတယ်ပဲ ငါ မှတ်ခဲ့လို့ ဒီစကားတွေကို နားမလည်ဘူး။ ဒီစကားက တစ်မူကွဲသလို ဖြစ်နေတယ်။ ဒီအကြောင်းနဲ့ဆိုင်တာတွေကို ငါလိုက်

စုထားတယ်။ ဒါပေမယ့် စီရတာတော့ခက်တယ်။ ကဲ ကြည့်ကြရအောင်။ ဒါတွေက EJ Waggoner ရဲ့စာတွေပဲ။ ။

> **ပသ (သို့) ပူဇော်ဆိုတာက ချော့စရာအမျက်ရှိလို့ပဲ။ မှတ်ရမှာက ပူဇော်ဖို့လိုတာက ငါတို့ပဲ။ ဘုရားမဟုတ်ဘူး။** ဘုရားက ပူဇော်ဖို့ ပံ့ပိုးပေးတာ။ **ငါတို့အပြစ်လွှတ်ခွင့်ရဖို့ ဘုရားရဲ့အမျက်ကို ချော့ရမယ်လို့ ကျမ်းစာမှာ မပြောဘူး။** ဘုရားက လူတွေကို အမျက်ထွက်လို့ တစ်ခုခုနဲ့ မပသရင် ဘုရားကခွင့်လွှတ်မှာ မဟုတ်ဘူးတို့၊ အဲဒါကြောင့် သူကျေနပ်နိုင်မယ့်ဟာကို သူ့ဟာသူစီစဉ်တယ်ဆိုတာမျိုးတွေဟာ တကယ်ဖြီးဖြန်းမှုပဲ…
>
> ခရစ်ယာန်တွေရဲ့ ပသခြင်းအယူက အပေါ်ကဟာမျိုး။ ခရစ်ယာန်တွေကိုင်စွဲတတ်လေ့ရှိတဲ့ ဗာဟီရဘာသာတွေရဲ့ သဘောတရားက ဘုရားရဲ့အမျက်ကို လူက ပူဇော်မှုပြုရမယ် ဆိုတာပဲ။ ဗာဟီရဘာသာရဲ့ ကိုးကွယ်ပုံက သူတို့မျက်နှာသာရဖို့ သူတို့ဘုရားကို ပသလိုက်တာပါပဲ။ သူတို့ဘုရားက သူတို့အပေါ် အမျက်အရမ်းထွက်တယ်လို့ မှတ်ကြတာ။ တစ်ခါတစ်လေဆိုရင် လူကိုတောင် ပူဇော်တဲ့အထိပဲ။ အခုချိန်မှာ အိန္ဒိယက ရှိဝါးဘုရားကို ကိုးကွယ်သူတွေအတိုင်း သူတို့က သူတို့ရဲ့ဘုရားက သွေးဆာတယ်လို့ မှတ်ကြတယ်။ ခရစ်ယာန်တိုင်းပြည်လို့ နာမည်ထွက်တဲ့ တိုင်းပြည်တွေမှာ ညှင်းပန်းနှိပ်စက်မှု လုပ်ခဲ့တာတွေက ဗာဟီရတို့ရဲ့ ပသတဲ့သဘောတရားပဲ။ **အသင်းတော်ခေါင်းဆောင်တွေက ကုသိုလ်လုပ်မှ ကယ်တင်ခြင်းရမယ်၊ လူက ကုသိုလ်လုပ်မှ အပြစ်လွှတ်မယ်၊ အဲဒါကြောင့် သူတို့က လူဆိုးလို့မှတ်တဲ့သူကို သူတို့ရဲ့ဘုရားဆီ ပူဇော်လိုက်ရော။** ဒါက မှန်တဲ့ဘုရားဆီတော့ မဟုတ်ဘူးပေါ့။ မှန်တဲ့ဘုရားက ဒီလိုပူဇော်တာမျိုးတွေအပေါ် မသာယာဘူးလေ။
> *Present Truth UK,* August 30, 1894, page 550.

"မောရှေပညတ်ထဲက ပူဇော်မှုအကြောင်း ငါတို့မှာ လေ့လာစရာကျန်လားလို့ နင် ငါ့ကို မေးတယ်နော်။ ငါတို့က ဘုရားသိက္ခာပုဒ်ကို အယူမှားရင်တော့ ငါတို့ပူဇော်ဖို့ လိုသေးတယ်လို့ မှတ်ကြဦးမှာပဲ"

"ယေရှုသည် ပြီးပြည့်စုံသောယဇ်။ ဒါကြောင့် ခမည်းတော်လည်း ကျေနပ်တယ်လို့ ငါတို့ကို ဒီလိုပဲသင်ခဲ့ကြတာ။ ဒီပူဇော်မှုကို လက်ခံနိုင်ဖို့ ယေရှုဟာ ခမည်းတော်လိုပဲ ဘုရားဖြစ်ရမယ်။ ဘုရားရဲ့အမျက်ကို ဖြေသိမ့်နိုင်မယ့် ပြီးပြည့်စုံသောယဇ်ဟာ သူနဲ့ တန်းမတူရင် လက်ခံမှာမဟုတ်လို့ တန်းတူဖြစ်ရမယ်ဆိုပြီး ငါတို့ကို သင်ပေးခဲ့တာ"

Stella "သက်လည်း ဆာလံထဲကဟာကို စဉ်းစားနေတာ"

> "ကိုယ်တော်သည် ယဇ်နှင့်ပူဇော်သကာကို အလိုတော်မရှိသည်ဖြစ်၍၊ အကျွန်ုပ်နားကို ဖွင့်တော်မူပြီ။ မီးရှို့ရာယဇ်နှင့် အပြစ်ဖြေရာယဇ်များကို တောင်းတော်မမူ။" - ဆာလံကျမ်း ၄၀:၆

"ဘုရားက ပူဇော်တာမျိုး မလိုအပ်ပါဘူး။ E.J. Waggoner ပြောသလိုပဲ ပူဇော်ခြင်းလိုအပ်တာက ငါတို့ပါ" လို့ Stella သုံးသပ်တယ်။

"သိပ်ကောင်းတယ်။ ဒီမှာ ငါဘာတွေ့လဲဆိုတာ ကြည့်ဦး။ ပူဇော်ခြင်း၊ အလှူငွေတွေအကြောင်း ဖုန်းမှာ ငါရှာကြည့်တာ။ ။

> "အကြောင်းမူကား၊ သင်တို့ ဘိုးဘေးများကို အဲဂုတ္တုပြည်မှ ငါနုတ်ဆောင်သောအခါ၊ မီးရှို့ရာယဇ်အစရှိသော ယဇ်များအတွက် သူတို့ကို ငါမှာထားသည်မဟုတ်။ ငါမှာထားသောအရာဟူမူကား၊ ငါ့စကားကို နားထောင်ကြလော့။ သို့ပြုလျှင်၊ ငါသည်သင်တို့၏ ဘုရားသခင်ဖြစ်မည်။ သင်တို့သည်လည်း၊ ငါ၏လူမျိုးဖြစ်ကြလိမ့်မည်။ သင်တို့သည် ကိုယ်အကျိုးကိုစောင့်လိုသောငှာ၊ ငါစီရင်သမျှသောတရားလမ်းသို့ လိုက်ရကြမည်ဟု မှာထား၏။" - ယေရမိအနာဂတ္တိကျမ်း ၇:၂၂၊ ၂၃ (YLT)

“အငယ် (၂) ခုလုံးက နားနဲ့ပတ်သက်နေတာ တွေ့လား။ ငါတို့က ခမည်းတော်ဟာ သူ့ရဲ့ သားတော်ကို မေတ္တာရှိတာကို ငါတို့တွေ့လို့ သဒ္ဒါရုံနဲ့ဆိုင်တဲ့ငုတ် ပွင့်လာတယ်။ ငါတို့က ဘုရားဟာ ပူဇော်ခြင်းကို လိုနေတာမဟုတ်ကြောင်း၊ သူ့ရဲ့မျှတမှုက လူ (သို့) အကောင် ကိုသတ်လို့ ပြယ်တာမဟုတ်ဘူး” Maatan ဟာ ဒီလိုပြောရင်းနဲ့ သန္တိသုခရခဲ့တယ်။

“အို၊ သက်တော့ ခေါင်းချာလပတ်ရမ်းနေပြီ။ ထွက်မြောက်ရာကျမ်းနဲ့ ဝတ်ပြုရာကျမ်း တွေမှာ ဘုရားက ပူဇော်မှုပြဖို့ ပြဋ္ဌာန်းခဲ့တာ မဟုတ်ဘူးလား။ ရှင်ပြောတာကို သက် ပေါက်ပေမဲ့ အဲဒီကျမ်းချက်တွေနဲ့တော့ ညှိလို့မရ ဖြစ်နေတယ်” ဆိုပြီး Stella က ထွေ နေတယ်။

Maatan ကပြုံး Stella ကို ပွေ့လိုက်ပြီး “နင်ပြောတာကို ငါသဘောကျတယ်။ ဒီလို ထောက်ပေးလို့လည်း ငါလည်း အားလုံးစီဖြစ်သွားတာ။ ငါဆက်ရှာဦးမယ်။ ရှင်းတာတစ် ခုကနောက်ဆုံးတာဝါတိုင်ကတော့ ဘုရားသိက္ခာပုဒ်နဲ့ပတ်သက်တယ်ဆိုတာပဲ။ ပဋိညာဉ် နဲ့ ပတ်ကိုပတ်သက်ရမယ်။ ဘာလို့လဲဆိုတော့ ယဇ်ကောင်ပူဇော်တဲ့ဝတ်က လူ့သမိုင်းကို (၂) ခြမ်းခွဲလို့ပဲ။ ဒီလိုကွဲခြင်းက ဒေသနာတော်ကို ဗျာဒိတ် ၁၄း၆ မှာလို တစ်ခုထဲအဖြစ် မပြဘဲ မတူတဲ့ တရား (၂) ခုလို့ ပြတယ်။ ဥပုသ်တရားတော်လည်း ဒါနဲ့ပတ်သက်တယ်။ ဘာလို့လဲဆိုတော့ ဘုရားရဲ့နာမဟာ သူ့ရဲ့လူတွေကို ဥပုသ်တံဆိပ်တော်နဲ့ ခတ်လို့၊ သခင် ယေရှုဟာ ဥပုသ်ရဲ့သခင်ဖြစ်လို့၊ သူဟာ ခမည်းတော်ရဲ့ရင်ခွင်မှာ နားခိုလို့ပဲ”

Stella လည်း မျက်လုံးလည်ပြီး Maatan က “ဆောရီးပါမိန်းမ။ ဒါတွေအားလုံး ငါ့ခေါင်း မှာပေါ်လာလို့ပါ။ ပဉ္စမာယာတစ်ခုစီတိုင်းက ချိတ်ဆက်မှုရှိနေတယ်။ တစ်နေရာမှာ အမှတ်မှားလို့ကတော့ အခြားဟာတွေပါ ရှုပ်သွားမှာ။ ဒါတွေအားလုံး ချိတ်ဆက်နေတာ ကိုတော့ ငါသဘောတွေ့တယ်။ အဲဒါမှ အဓိပ္ပာယ်ရှိလာမှာ။” ဗျာဒိတ် ၁၄း၁ မှာ ဘာပြ ထားလဲ ကြည့်ဦး။ ။

> “ထိုနောက်မှ ငါကြည့်လျှင်၊ သိုးသငယ်သည် ဇိအုန်တောင်ပေါ်မှာ ရပ် နေ၏။ သူ၏နာမနှင့် ခမည်းတော်၏နာမကို နဖူး၌ အက္ခရာတင်သော

သူ တစ်သိန်းလေးသောင်းလေးထောင်လည်း သူနှင့်အတူ ရှိကြ၏။" - ဗျာဒိတ်ကျမ်း ၁၄:၁

"ဘုရားသိက္ခာပုဒ်ကတော့ နောက်ဆုံးမဏ္ဍိုင်ပဲ။ ဘာကြောင့်လဲဆိုတော့ ဘုရားရဲ့နာမ (သို့) သိက္ခာပုဒ်ဟာ တံဆိပ်ဖြစ်လို့ပဲ။ ဘုရားဟာ ယေရှုရဲ့ ခမည်းတော်ဖြစ်တယ်လို့ ယုံမှ ခင်ဗျားက တံဆိပ်အခတ်ခံရမှာ။ အဲဒါတောင် 'သူ့ခမည်းတော်ရဲ့ နာမတော်' လို့ ရေးထားတာ" ဆိုပြီး Maatan တက်ကြွလာတယ်။ အချက်အလက်တွေ ချိတ်လို့ရလေလေ ပိုသိလာလေ ဖြစ်နေတယ်။ "Eric နဲ့ Tony များ ဒါတွေကို ကြည့်ဖြစ်ကြမလားလို့ ငါတွေးမိတယ်။ သူတို့နဲ့ စကားပြောချင်လိုက်တာ။ ဒါကိုလေ့လာရတာ စိတ်ဝင်စားစရာပဲ"

"ဒီအကြောင်း သူတို့နဲ့ပြောကြည့်တာ ကောင်းမယ်။ သူတို့ဘာဖြစ်လို့ နောက်ဆုံးမဏ္ဍိုင် (၂) ခုကို ဖွင့်မရကြတာလဲလို့ သက် အံ့ဩမိတယ်။ ဒါက သိပ်မဆိုင်လို့ဖြစ်မယ်" လို့ Stella မရဲတရဲပြောတယ်။

"အေး၊ သူတို့တော့ ယဇ်ပူဇော်ခြင်းအကြောင်းတော့ သိကြမယ်လို့ မှတ်တယ်။ သူတို့ကို ဘာကဆွဲထားလဲ ငါသိချင်တယ်"

"နောက်ဥပုသ်နေ့ကျရင် အတူဝိုင်းစားဖို့ ဖိတ်ရအောင်လေ" လို့ Stella က ပြောတယ်။

"ရတာပေါ့။ ဒါပေမယ့် တိုနီက ဒီအကြောင်းတွေကို သူ့သီးသန့်ခန်းမှာမှ ပြောချင်တာနော်" လို့ Maatan က ရီပြီးပြောတယ်။ "အေးလေ။ တိုနီ စကားပြောနိုင်ဖို့ အခန်းစီစဉ်ပေးရင်ကော။ ဖြစ်မယ်ထင်လား"

"ညစာဖိုး ပိုကုန်သွားတာပေါ့။ ဒါပေမယ့် နင်လုပ်တာမှန်မှာပါ။ အကျိုးတစ်ခုခုတော့ ရမှာပါ" Maatan က Stella မောနေတာကို တွေ့တယ်။ သူလည်း မောတာပါပဲ။ "အေး၊ ငါတို့ အိပ်ရင် ကောင်းမယ်ထင်တယ်။ ငါတို့ အတွေးသစ်၊ အမှန်တရားတွေ ပြောဖြစ်ခဲ့တာပဲ။ ငါတို့ကိုချုပ်နေတဲ့ စနစ်ကြီးကို အမြင်ရှင်းဖို့ လိုအပ်တဲ့အကြောင်းတွေပါပဲ"

"သူတို့လာတဲ့အခါ ငါကြိုက်တဲ့ ယိုးဒယားအစားအစာ ချက်မယ်"

Maatan လည်း ရီရင်းနဲ့ "ငါလည်း ယိုးဒယားအစာ မြန်မြန်စားဖြစ်အောင် သူတို့ဆီ အလေလာသွားမှာပဲ" တဲ့။

# အခန်း ၄၃
# ကျောက်ဖြူ

နောက်အပတ်တွေမှာ Maatan က သူ့ရုံးကို လျှပ်စစ်သံလိုက်လှိုင်း တားနိုင်တဲ့ ခဲရောင် (graphite) ချယ်လိုက်တယ်။ အဲဒီလှိုင်းကို တားနိုင်မယ့်ခန်းဆီးလည်း ဝယ်တယ်။

"ဒါက စိတ်ဝင်စားဖို့ကောင်းသား။ ဈေးမနဲဘူး။ ဒါပေမယ့် EMF လှိုင်းကိုတားနိုင်မယ်ဆို တာကိုတော့ ငါကြိုက်တယ်" လို့ Maatan က Stella ကိုပြောတယ်။

နောက်နေ့မှာ နေ့လည်စာအတူစားဖို့ Maatan က Tony နဲ့ Eric ကို ချိန်းလိုက်တယ်။

"Hi, Maatan နင့်အကြောင်းကြားရတာ အားရတယ်။ ငါလည်း နင့်ကိုဖုန်းတောက်မလို့ ပဲ။ ခမည်းတော်နဲ့ သားတော်ကိုယုံပြီး သာသနာဆက်ဖြန့်နိုင်မလားလို့ စိတ်ဝင်စားတဲ့လူ တစ်ချို့ရှိတယ်။ ငါနဲ့ Eric သူတို့ကို သွားတွေ့မလို့။ အဲဒါ နင်လိုက်ချင်မလားလို့ပါ"

"ဘုရားနည်းနာအတိုင်း မဟုတ်ဘဲနဲ့တော့ ဘယ်လိုစည်းလုံးမှု ရှိနိုင်မှာလဲ" လို့ Maatan က မေးတယ်။

"လုပ်လို့တော့ မရဘူးပေါ့။ ဒါပေမယ့် ဒီတရားကို နှီးနှောခွင့်တော့ ရတာပေါ့။ ပဋိညာဉ်နဲ့ ပတ်သက်ပြီး ချပြလို့ရမလားဆိုတာလည်း အခြေအနေ ကြည့်ရတာပေါ့။ ခြေလှမ်းက တော့ စလှမ်းရမှာပေါ့" လို့ တိုနီက ပြောတယ်။

"အိုကေ၊ ကျွန်တော်လိုက်မယ်။ ကျွန်တော် ခင်ဗျားတို့ရဲ့သမ္မာကို ကြည်ညိုပါတယ်။ ကျွန် တော်လည်း သိစရာတွေ သိရတာပေါ့"

"အဲဒါပြီးမှ နေ့လည်စာလာစားပြီး နင်ဘာတွေတွေ့ထားလဲဆိုတာ ပြောကြတာပေါ့။ ငါလည်း နောက်ဆုံးမဏ္ဍိုင် (၂) ခုအကြောင်း သိချင်နေတာ။ ငါတို့မှာရှိတဲ့ငုတ်တွေ ရွှေ ပြောင်းသွားပြီး မြို့ကနေ လွတ်မြောက်နိုင်တော့မယ်လို့ မျှော်လင့်တယ်"

“ကောင်းပြီ တိုနီ၊ ကျွန်တော်တို့ ဒီဆက်စပ်မှုတွေ သိရတော့မယ် မှတ်တာပဲ။ ဘုရားရဲ့ မျှတမှုနဲ့ ပေးဆပ်မှုအကြောင်း E.J. Waggoner ရဲ့ ဆောင်းပါးတွေကို ကျွန်တော်လေ့လာနေတဲ့ ကာလပဲ။ ကျွန်တော် တရားထူးတွေ တွေ့တယ်”

“ကြားချင်လှပြီ Maatan ရေ။ ခဏနေတွေ့ကြမယ်” “ကောင်းတယ် တွေ့ကြမယ်” လို့ တိုနီ ပြောပြီး ဖုန်းချသွားတယ်။

*Maatan က ခမည်းတော်နဲ့သားကို လက်ခံကြတဲ့သူတွေ တွေ့ဆုံကြမယ်ပေါ့။ ဒါက အတော်ကိစ္စကြီးမှာပဲ။ ဓာတ်မြစ်တိုက်ပွဲ (သို့) ဘုရားနည်းနှာ မပါလို့ကတော့ အတော်ခက်မှာ။ ငါနောက်ဆုံးတွေ့ခဲ့တဲ့ အုပ်စုဆိုရင် ငွေဘက်၊ ရွှေဘက် ပြောင်းလောက်တဲ့လူ မတွေ့ခဲ့ဘူး။ ဒါပေမယ့် ဒါက ဘုရားနဲ့ဆိုင်ပါတယ်။ ငါတို့က ကိုယ့်အတာကိုယ် လုပ်ရမှာပေါ့။*

ဥပုသ်နေ့မနက်မှာ Stella က သားတွေကို ဘုရားကောင်းချီးပိုရဖို့ သဘာဝရှုခင်း ကြည့်လို့ရမယ့်နေရာကို ခေါ်သွားတယ်။ Maatan က Tony နဲ့ Eric ကိုခေါ်ပြီး ယုံကြည်သူတွေ ဆီသွားတယ်။

Maatan က Frank နဲ့ Claude တို့နဲ့ ပြောဖြစ်ခဲ့တာတွေကို လမ်းမှာဖောက်သည်ချတယ်။

Maatan က “ကျွန်တော်တို့အားလုံး ဘုရားနည်းနာကို ယုံကြမှန်း ကျွန်တော်သိတယ်။ ဘုရားနည်းနာဟာ ဥပုသ်နဲ့ အခါကြီးပွဲတွေနဲ့ ဆိုင်နိုင်တယ်လို့ မှတ်တဲ့သူ (၂) ယောက်နဲ့ တွေ့ခဲ့တယ်”

“ငါ့ဘေးတော်က အဲဒီဘက်ကို မဆွဲဖူးဘူး Maatan၊ ပွဲအကြောင်း သူရေးတာကို ခင်ဗျား ဖတ်တယ် ထင်တယ်။”

“ဟုတ်တယ် Eric။ ဒါပေမယ့် ဘုရားနည်းနာဟာ တစ်ကမ္ဘာလုံးနဲ့ဆိုင်ပြီး ယေရှုဟာ ခမည်းတော်ရဲ့ ဘုန်းရောင်ခြည်တော်၊ ဥပုသ်ရဲ့သခင်ဖြစ်ရင် အခါကြီးပွဲတွေက ဥပုသ်ရဲ့ ဘုန်းရောင်ခြည်တော် ဖြစ်မယ်ဆိုရင်ကော။ ငါတော့က Stella ကို အရင်နေ့တွေတုန်းက

*The Great Controversy* စာအုပ်ထဲက အမှားကြီး (၂) ခုကို ပြခဲ့တယ်။ တစ်ခုက တနင်္ဂနွေနေ့ကိစ္စ၊ နောက်တစ်ခုက ဝိညာဉ်မသေတဲ့ ကိစ္စပဲ။ Satan က ဒီမုသားကြီး (၂) ခုကို သုံးခဲ့ရင် ဥပုသ်ဟာ ပဋ္ဌမာယာမှာပါရော မဟုတ်လား”

“ပြန်ပြောပါဦး Maatan, နင် မှားနေပြီထင်တယ်” လို့ Eric ကပြောတယ်။

Maatan က “တနင်္ဂနွေနဲ့ ဝိညာဉ်မသေတဲ့ အမှားကြီး (၂) ခု…” ဆိုပြီး တစ်လုံးချင်း ပြန်ပြောတယ်။
“ဒီအပိုင်းတော့ ကြေပါတယ် Maatan။ ဥပုသ်ရဲ့ ဘုန်းရောင်ခြည်တော်ကို နင်ဘယ်လိုပြောလိုက်တာလဲ”

“ဩော်၊ ယေရှုဟာ ခမည်းတော်ရဲ့ ဘုန်းရောင်ခြည်တော်၊ ဥပုသ်ရဲ့ အရှင်သခင်ဖြစ်ခဲ့ရင် ပေါ့ အခါကြီးပွဲတွေလည်း ဥပုသ်ရဲ့ ဘုန်းရောင်ခြည်တော် ဖြစ်မှာပေါ့လို့ ပြောတာပါ။ ပွဲတွေလည်း ဥပုသ်လိုပဲ နားခြင်း၊ ဆေးကြောပေးခြင်းတွေ လုပ်တာဆိုတော့လေ”

Maatan ရဲ့အိတ်ကမြည်လာတော့ သူလည်း ဘုရားနည်းနာသော့ကိုထုတ်ပြီး “ကြည့်ဦး၊ သော့မှာပါတဲ့ကျောက်က အဖြူရောင်ဖြစ်သွားပြီ။ ဒါကတော့ ဒီပဋ္ဌမာယာကျော့ကွင်းကနေ လွတ်မယ့်အကြောင်းဖန်တာ ဖြစ်ကိုဖြစ်ရမယ်။ ငါတို့ ဆွေးနွေးတဲ့တရားက နောက်မဏ္ဍိုင်တစ်ခုကို တုန်ခါကြိမ်နှုန်းလွတ်တာဖြစ်မှာ”

“နင်က ပွဲနဲ့ပတ်သက်ပြီး ငြင်းထားတဲ့အကြောင်းတွေနဲ့ ရင်းနှီးပြီးသား ဖြစ်မှာပါ Maatan။ ကောလောသဲ ၂း၁၄-၁၇ က အဓိကကျမ်းချက်ပါ။ ငါတို့အရင်က နားလည်ခဲ့တာက အခါကြီးပွဲ၊ ဥပုသ်နဲ့လဆန်းနေ့တွေကြောင့် ဘယ်သူကမှ ငါတို့ကို မစစ်ကြော၊ မစီရင်စေနဲ့ ဆိုတာပဲ”

“ဒါပေမယ့် ဘုရားနည်းနာသော့ကို ဗဟိုပန်းခြံမှာ တွေ့ခဲ့တဲ့နေ့က လဆန်းနေ့ဆိုတာ နင်မသိဘူးလား”

“မသိခဲ့ဘူး”

“အေး၊ ငါ့တုန်းကတော့ လဆန်းပဲ။ သော့ကို ရေထဲမှာတွေ့နိုင်ဖို့က ကြိမ်နှုန်းမြန်နေရမှာ ဖြစ်တယ်။ ‘လူသတ္တဝါအပေါင်းတို့သည် ငါ့ရှေ့မှာ ကိုးကွယ်ခြင်းငှာ လဆန်းနေ့နှင့် ဥပုသ်နေ့အစဉ်အတိုင်း လာကြလိမ့်မည်ဟု ထာဝရဘုရားမိန့်တော်မူ၏’ ဆိုတဲ့ကျမ်းကိုတော့ နင် ရင်းနှီးမှာပါ”

“အေး၊ ရင်းနှီးတယ်” လို့ Eric က ဘွင်းဘွင်းပြောတယ်။

“ကျွန်တော် ကောလေဿဲ အခန်းကြီး (၂) ကို လေ့လာထားပြီး ဝိနည်းအထုံးအဖွဲ့ဟာ မောရှေပညတ် မဖြစ်နိုင်ဘူးလို့ တွေ့ခဲ့တယ်။ ဒါက လူကထုတ်တဲ့ အမိန့်ပဲ။ ခင်ဗျားရဲ့ ဘေးတော်က ဗာဟီရဘာသာရဲ့ အားနည်းချက်ကို ထောက်ထားတာ။ ယုဒဘာသာ မဟုတ်ဘူး”

“ခင်ဗျားမှန်တယ် Maatan။ ခင်ဗျားက တကယ့်လူပဲ” လို့ Eric က အားပေးတယ်။ “ငါ့ဘေးတော်ရဲ့ *‘The Glad Tidings’* စာအုပ်ကနေ ငါကိုးကားထားတာက”

> ဂလာတိကျမ်းကို ဖတ်တဲ့သူတစ်ဦးဦးသည် ဂလာတိအသင်းသားတွေဟာ ဂျူးမဟုတ်မှန်း မှတ်ရပါမယ်။ သူတို့ဟာ ဗာဟီရဘာသာကနေ ကူးလာသူတွေပါ။ ဒါကြောင့် သူတို့ဟာ ဂျူးတွေရဲ့ ဝိနည်း၊ ထုံးစံတွေ ဘာမှမသိခဲ့ကြဘူး။ ဂျူးတွေနဲ့ တူတာတွေလည်း မရှိခဲ့ဘူး။ ဒီလိုနဲ့ သူတို့ဟာ “ဘာမဟုတ်တာတွေဘက်ကို” ပြန်လှည့်ကြတာက မြိုးပြန်မိချင်လို့ပါ။ ဂျူးတွေရဲ့ဓလေ့ကို လိုက်တာမဟုတ်မှန်းတော့ သေချာတယ်။ သူတို့က သူတို့ရဲ့ဗာဟီရထုံးစံဘက်ကို ပြန်လှည့်ကြတာပါ။ ဒါပေသိ သူတို့ဟာ ဂျူးဘာသာထဲ သွပ်သွင်းခံရတာ မဟုတ်လား။ ဟုတ်ပါတယ်။ ဒါပေမယ့် မှတ်ရမှာက လူတစ်ဦးက ခရစ်တော်နေရာမှာ အခြားတစ်ခု အစားထိုးတဲ့အခါ သူဘယ်ကို လားမလဲဆိုတာ ပြောလို့မရတော့ဘူး။ နင်ရပ်စေချင်တဲ့ နေရာမှာ ရပ်မှာလဲမဟုတ်ဘူး။ အရက်သမားဖြစ်ဖူးတဲ့သူက ခရစ်တော်ကို မယုံတော့တဲ့အခါ သူအ

> သက်ရှင်နေသမျှ အရက်စွဲသောက်နေမှာပဲ။ ဘုရားက အရက်ကြိုက်တတ်တဲ့စိတ် ထုတ်ပစ်ခဲ့ရင်တောင်မှပေါ့။ ဒါကြောင့် ဒီဘင်္ဂလားတွေက – ခရစ်တော်အချိန်တုန်းက "အမှန်တရားကို" ဆန့်ကျင်ခဲ့တဲ့ ဂျူးတွေလိုပေါ့ – ဂလာတိအသင်းသားတွေကို ခရစ်တော်ဆီကနေ ပြန်ဆွဲထုတ်နိုင်ကြတယ်။ ဂျူးဝိနည်းတွေနဲ့ ချုပ်လို့လည်းမရပြန်ဘူး။ သူတို့ဟာ သူတို့ရဲ့ဓလေ့ဟောင်းဘက်ပဲ ပြန်လှည့်ကြတယ်။ E.J. Waggoner, *The Glad Tidings* (1900) page 175.2.

"ဝမ်းမြောက်ဖွယ်သတင်းဟာ ထာဝရဖြစ်ပြီး ခရစ်တော်လည်း ကမ္ဘာတည်စကနေပြီး ထာဝရယဇ်ပုရောဟိတ် ဖြစ်ခဲ့တယ်ဆိုရင် ဥပုသ်နေ့မှာ ခရစ်တော်အားဖြင့် အပိုကောင်းချီးတွေ ပေးမှာပါ။ ဘုရားနည်းနာကလည်း အခါကြီးပွဲတွေမှာ အကျယ်ချဲ့ပြရမယ်လို့ပြတယ်။ အဲဒီပွဲတွေလည်း ဥပုသ်ဆိုတဲ့ နာမည်သုံးတယ်" လို့ Maatan ကပြောတယ်။

Tony က "ဒါက အလင်းပဲ၊ ဖြစ်နိုင်ပါတယ်" တဲ့။

သူတို့နှစ်ယောက်လုံးက စိတ်ဝင်စားတော့ Maatan လည်း စကားဆက်တယ်။ "ပဋိညာဉ်သေတ္တာဘေးက ပညတ်တော်စာအုပ် အသန့်ရှင်းဆုံးဌာနမှာ ရှိရတဲ့အကြောင်းကကော။ ဒါကိုလည်း ကပ်တိုင်ပေါ်ရိုက်နှက်ပြီးသားဆိုရင် အသန့်ရှင်းဆုံးဌာနမှာ မဟုတ်ဘဲ ယဇ်ကောင်မီးရှို့တဲ့ပလ္လင်ဘေးမှာ ရှိရမှာပေါ့"

"ကောင်းတယ် Maatan၊ ရှာမတွေ့သေးတဲ့အချက်ကို ငါတို့အတွက် မင်းတွေ့ခဲ့ပြီလို့ မှတ်တယ်။ ဒီအကြောင်းက မျက်စိရှေ့မှာတင် ပျောက်နေတာပဲ။ ဥပုသ်ဟာ ဘုရားရဲ့တံဆိပ်နဲ့ဆက်စပ်တယ်ဆိုတာ ငါတို့အားလုံး သိပြီးသားပဲ။ ဒါပေမယ့် ဘုရားရဲ့နည်းနာမှီပြီး အခါကြီးပွဲတွေမှာ ဆက်ပြီးမတွေ့ဖြစ်ကြဘူး" လို့ Eric က အံ့သြခဲ့တယ်။

"ကျွန်တော့်ကို သတိကပ်စေတာက ပညတ်တော် (၁၀) ပါးနဲ့ ဥပဒေစာအုပ်က အသန့်ရှင်းဆုံးဌာနမှာ ရှိနေတဲ့အဖြစ်ပဲ။ တစ်ခုက သေတ္တာထဲမှာဆိုတော့ မမြင်ရဘူးပေါ့။ အခြားတစ်ခုက သေတ္တာအပြင်မှာဆိုတော့ မြင်ရတာပေါ့။ ဒီလိုနဲ့ (၂) ခုစလုံးက ဘုရားနည်း

နာအဖြစ် ချိတ်ဆက်နေတယ်။ သဘောက မောရှေပညတ်တွေက ပညတ်တော် (၁၀) ပါး ကို အချက်ကျကျနဲ့ အဘိဓမ္မာဖွင့်တဲ့ အဓိပ္ပာယ်ပဲ"

"အရှင်းပဲ Maatan, ဒါဟာ အလင်းပဲ။ ငါ ဒါကို သတိချပ်မယ်" လို့ Tony က ပြောတယ်။

အဲဒီအချိန်မှာ Tony ရဲ့ လက်ဆွဲသေတ္တာကနေ အသံမြည်တယ်။ သူ ဖွင့်ကြည့်တဲ့အခါ သူ့ရဲ့ ဘုရားပေးနည်းနာသေ့ဟာ အဖြူရောင် ဖြစ်သွားတာကို တွေ့ရတယ်။ Eric လည်း အံ့သြပြီး "ဘုရားသခင်၊ အကျွန်ုပ်ယုံပါပြီ။ အကျွန်ုပ်၏မောဟကို ကူညီပေးပါ" လို့ ပြော လိုက်တယ်။

"မဖြေရှင်းရသေးတာတွေရှိမှန်း ငါသိတယ်။ ဒါပေမယ့် ဘုရားနည်းနာနဲ့အခြားအထောက် အထားတွေက အဲဒီကို ဦးတည်နေတယ်"

"ဟုတ်တယ် Maatan။ ငါနင်နဲ့ လက်တွဲမယ်" လို့ Eric ပြောလိုက်တယ်။ အဲဒီလိုလဲပြော ရော Eric ရဲ့ ဘုရားပေးနည်းနာသေ့လည်း အဖြူရောင်ဖြစ်သွားတယ်။

Eric က "Maatan ကားရပ်ဦး" တဲ့။ Eric က Maatan နဲ့ တိုနီကိုကိုင်ပြီး မြစ်ဘေးကအ ရိပ်ရတဲ့ သစ်ပင်ဆီ ခေါ်သွားတယ်။ "ဒီတရားအတွက် ငါတို့ရဲ့ခမည်းတော်ဆီ ဆုတောင်း ချင်တယ်" တဲ့။

> "ကောင်းကင်ဘုံမှာ ရှိတော်မူတဲ့ အဖဘုရား၊ ဒီအလင်းကို သိခွင့်ရတဲ့ အတွက် မေလကုန်ရက်မှာ ဒီနေရာမှာ ကိုယ်တော့်ရှေ့ ဒူးထောက် ပြီး ဆုတောင်းပါတယ်။ ဘုရားရဲ့နည်းနာက Constance မြို့ရဲ့ ကြေးဂိတ် ပေါက်ကိုဖွင့်ပြီး ဥပုသ်ကို လမ်းပြပေးပါတယ်။ ဥပုသ်နဲ့ အခါကြီးပွဲတွေ က ကိုယ်တော်ရဲ့ အလိုတော်ကို အဘိဓမ္မာဖွင့်ပြပြီး အဲဒီကာလအတွင်း မှာပဲ ကိုယ်တော်က ကိုယ်တော့်သားသမီးတွေကို တံဆိပ်ခတ်မှာ ဖြစ် တယ်။ ကျွန်တော့်မှာရှိတဲ့ အခြားငုတ်တွေ ဒီမြို့ကနေ မလွတ်မြောက် ခင်မှာ အရောင်မှိန်သွားမှာကို ကျွန်တော်စိုးရိမ်ပါတယ် ကိုယ်တော်။ ကိုယ်တော်သည် ကိုယ်တော်ရဲ့သားသမီးတွေကို ကူဖို့ အကူအညီပေး

ပြီး မြဲသောကျောက်ပေါ်မှာ ကျွန်တော်တို့ကို ရပ်စေပါတယ်။ ဒီအလင်းကိုရဖို့ ကျွန်တော် နှစ် (၂၀) စောင့်ခဲ့ပါတယ်။ အခုတော့ ရပါပြီ။ ကျွန်တော့်ရဲ့ မောဟစိတ်အတွက် ဒီတရားကို အရင်တုန်းက ငြင်းခဲ့ဖူးလို့ ဝန်ချတောင်းပန်ပါတယ်။ ကိုယ်တော်ရဲ့မေတ္တာတော်ကို အမှီပြုပြီး အပြစ်ခွင့်လွှတ်ပေးဖို့ ဆုတောင်းပါတယ်။ မောရှေပညတ်များနဲ့ တရားစီရင်ခြင်း အကြောင်းတွေကို သတိဆောင်ဖို့ ကျွန်တော် ပိုင်းဖြတ်ပါတယ်။ သခင်ယေရှု၏နာမဖြင့် ဆုတောင်းပါတယ်။ အာမင်”

သူ့နောက်မှာ တိုနီလည်း ဆုတောင်းတယ်။ “အဖဘုရား၊ ဒီသမယဟာ ကျွန်တော့် အတွက် တန်ဖိုးရှိလှပါတယ်။ အဆက်ပြတ်နေတဲ့တရားကို ကျွန်တော်နဲ့ Eric ရှာခဲ့ကြတာ ကြာခဲ့ပါပြီ။ Maatan က ဒီလိုတန်ဖိုးရှိတဲ့အလင်း ပြပေးဖို့ ကိုယ်တော်စီစဉ်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်ုပ်တို့သည် နိုင်ငံတော်နဲ့ မဝေးတော့မှန်း ကျွန်တော်သိပါတယ်။ ကျွန်တော့်ဘေးတော် လမ်းချော်ခဲ့မှန်း ကျွန်တော်သိပါတယ်။ ဒါပေမယ့် သူ့ရဲ့တရားပြမှုကြောင့် ဒီအလင်းကိုရခဲ့လို့ ကျေးဇူးတင်ပါတယ်။ ကျွန်တော်လည်း Eric, Maatan တို့နဲ့ အတူ ကိုယ်တော်ရဲ့ အခါကြီးပွဲတွေကို လက်ခံပါတယ်။ ကိုယ်တော်ရဲ့ မေတ္တာ၊ ကရုဏာတွေအတွက် ကျေးဇူးတင်ပါတယ်။ အာမင်”

အဲ့နောက်မှာ Maatan က ဆုတောင်းတယ်။ “ကောင်းကင်ဘုံ၌ ရှိတော်မူတဲ့အဖ၊ ကျွန်တော် အင်မတန်မှ ပီတိဖြစ်ပါတယ်။ တိုနီ နဲ့ Eric ကို ဒီလမ်းပေါ် ကျွန်တော်နဲ့အတူ လျှောက်ဖို့ ကိုယ်တော်လွှတ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ သူတို့ရဲ့မျိုးဂုဏ်အတွက်နဲ့ သူတို့ဘေးတော်က ခရစ်တော်ရဲ့ ဖြောင့်မတ်စင်ကြယ်ခြင်းအကြောင်း၊ ကယ်တင်ရှင်ကို ဂုဏ်တင်တဲ့ တရားတော်များအတွက် ကျေးဇူးတင်ပါတယ်။ ဝတ်ပြုရာကျမ်း အခန်းကြီး (၂၃) လာ အခါကြီးပွဲတွေဟာ လူ့ပွဲမဟုတ်ဘဲ ကိုယ်တော့်ရဲ့ပွဲပါလို့ မိန့်ခဲ့တဲ့အတွက် ကိုယ်တော့်ရဲ့ပွဲကို ကျွန်တော်လက်ခံဖို့ ရွေးပါတယ်။ ကိုယ်တော့်အလိုတော်ကို ဒီပွဲတွေအားဖြင့် ကျွန်တော်တို့ကိုပြပြီး သန့်ရှင်းသောဝိညာဉ်တော်နဲ့ တံဆိပ်ခတ်မယ်လို့ မှတ်ပါတယ်။ Stella နဲ့ကလေးတွေကို ကောင်းချီးချပေးတော်မူပါ။ သူတို့ဟာ တရားမှာ

ခံမင်မွေ့လျော်ပြီး ကိုယ်တော့်ကို ယနေ့သူတို့သွားတဲ့ တောတောင်ရေကန်တွေကနေ ချီးမွမ်းနိုင်ပါစေ။ သခင်ယေရှု၏နာမ၌ ဆုတောင်းပါတယ်။ အာမင်”

# အခန်း ၄၄
# သဲပြင်ပေါ်ရှိ စည်း

Maatan, Eric, Tony တို့ ကားထဲပြန်ဝင်ကြပြီး ဆုံရမယ့်နေရာကို ဆက်မောင်းတယ်။ သွားရမယ့်အိမ်ရှေ့ရောက်တော့ တစ်ယောက်က Maatan ကို "ခင်ဗျားဟာ Maatan လား" တဲ့။ Maatan လည်း အဲဒီလူဘက်ကို လှည့်လိုက်တယ်။

"ကျွန်တော့်နာမည် Claude Hudson ပါ။ ခါကြီးပွဲနဲ့ ဘုရားနိသဃဆက်စပ်ပုံအကြောင်း ကျွန်တော်ခင်ဗျားကို email ပို့ခဲ့ဖူးတယ်"

"သြော်၊ ဟုတ်ကဲ့ Claude။ ခင်ဗျားနဲ့တွေ့ရတာ ဝမ်းသာပါတယ်။ ကျွန်တော့်သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးမယ်ဗျား။" Claude က "သူတို့ကို ကျွန်တော်သိပြီးသားပါ။ မင်္ဂလာပါ Eric နဲ့ Tony" တဲ့။

Tony က "ပြန်တွေ့ရတာ ဝမ်းသာပါတယ် Claude, Maatan က ဥပုသ်နဲ့ အခါကြီးပွဲတွေ ဘုရားနိသဃအရ ချိတ်ဆက်ကြောင်း သူတွေ့ထားတာတွေ ငါတို့ကို ချပြနေတာ" လို့ ပြောပြတယ်။

"အဆန်းပဲ Maatan, ကျွန်တော်လည်း ခင်ဗျားတွေ့ထားတာတွေကို သိချင်လှပြီ"

အဲဒီလိုနဲ့ အခြားတစ်ယောက် ရောက်လာလို့ Claude က သူ့ကိုချက်ချင်းနှုတ်ဆက်တယ်။ "Frank, ပြန်တွေ့ရတာ တယ်ကောင်းတာပဲ။ ခင်ဗျားလာနိုင်လို့ ဝမ်းသာတယ်ဗျာ"

"အိုး၊ ဒါက Frank King ထင်တယ်" ဆိုပြီး Maatan က လက်ဆွဲနှုတ်ဆက်လိုက် တယ်။

"တွေ့ရတာ ဝမ်းသာပါတယ် Maatan, တကယ်ပါ။ ဒီကိုရောက်လာနိုင်လို့ ဝမ်းသာတယ်။ မှတ်စရာကျန်မယ်လို့ မှတ်ပါတယ်"

Eric က "ဘယ်လိုနဲ့ ဒီတွေ့ဆုံပွဲကို လာဖြစ်တာလဲ Frank" လို့ မေးလိုက်တယ်။

"ခမည်းတော်၊ သားတော်ကို ယုံကြည်သက်ဝင်သူတစ်ချို့ အခါကြီးပွဲကျင်းပတဲ့ ယုံကြည်သူတွေနဲ့ တွေ့ကြပြီး ခမည်းတော်၊ သားတော်ကို လက်ခံခဲ့ကြတယ်။ ခမည်းတော်၊ သားတော်ကို ယုံကြည်တဲ့တစ်ချို့က ပွဲကျင်းပတတ်တဲ့ လူတွေနဲ့ အဆင်မပြေကြဘူး။ သူတို့က ပွဲကျင်းပရ၊ မကျင်းပရ ဆိုတာကို ဆွေးနွေးချင်ကြတယ်"

"ဒီအကြောင်းကိုပဲ Maatan က လမ်းမှာ တစ်ခုချင်းချိတ်ပြခဲ့တာ။ Claude ကလည်း ဘုရားနည်းနာအကြောင်း ထပ်ဖြည့်တယ်။ ဒါက တကယ့်သတင်းကောင်းပဲ။ Maatan ဒါကိုချပြနိုင်မယ် ထင်တယ်" လို့ Tony က စိတ်ပါပါနဲ့ပြောတယ်။

"ကျန်တာတွေကို ပွဲစီစဉ်သူတွေနဲ့ ပြောကြတာပေါ့။ သူတို့ ဘာပြောကြမလဲ ကြည့်တာပေါ့။ လူတစ်ချို့နဲ့ မိတ်ဆက်ပေးမယ်ဗျာ။ Maatan ရေ သူတို့ကတော့ Colin McNab၊ James Counsellor, Don Cooms ပဲ။"

Maatan က "လူကြီးမင်းတို့နဲ့တွေ့ရတာ ဝမ်းသာပါတယ်။ ကျွန်တော် ဒီကိုလာနိုင်ခဲ့လို့လည်း ဝမ်းသာပါတယ်" တဲ့။

"ဒီကိုရောက်လာကြတဲ့သူတွေကို မှတ်စရာကျန်စေမယ့်တရား Maatan မှာရှိတယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒီနေ့သူ့ကို အချိန်ပေးလို့ရမလား"

James က "ခင်ဗျားကို ဒုတိယအချိန်မှာ ထည့်နိုင်လောက်တယ်။ ဒီနေ့နဲ့မနက်ဖြန် တွေ့ဆုံပွဲရှိပါတယ်။ ဒီနေ့ ပထမဆုံး ဟောမှာက Vincent Clarke ပဲ။ သူ့နောက်မှာ ခင်ဗျား ဟောပေါ့။ Nigel Wilson က မွန်းလွဲမှာဟောမယ်၊ Donald Bradford က ညနေကျ ဟောမယ်"

Maatan က "ဒါကောင်းပါတယ်။ နေ့လည်စာ မစားဖြစ်တော့မယ့်အကြောင်း Stella ကို ဖုန်းပြောလိုက်ဦးမယ်။ ဒါနဲ့၊ ခင်ဗျားတို့ ညနေစာ လိုက်စားဖြစ်ကြမလား" လို့ မေးတယ်။

"အဆင်ပြေပါတယ် Maatan" လို့ Tony ကပြောတယ်။

တွေ့ဆုံပွဲမှာ Vincent က ဓမ္မဟောင်းကျမ်းကပညတ်နဲ့ ဓမ္မသစ်ကျမ်းက ဝမ်းမြောက်ဖွယ် ဒေသနာတရား မတူတဲ့အကြောင်းနဲ့ စဖွင့်တယ်။ သူက "ခရစ်ယာန်ဘာသာဟာ သခင် ယေရှု ဒီကမ္ဘာမှာလာမပွင့်ခင်အထိ မစခဲ့သေးဘူး။ နှစ်ခြင်းဆရာ ယောဟန်အချိန်အထိ ပညတ်နဲ့ ပရောဖက်တို့ပဲ ရှိခဲ့တယ်။ အဲဒီအချိန်ကစလို့ ဘုရားနိုင်ငံတော်အကြောင်းဟော ခဲ့ကြပြီး အယောက်တိုင်းကလည်း ရှင်လုကာ၁၆း၁၆ထဲ ကအတိုင်း စိတ်ဝင်စားကြတယ်။ တစ်ချို့က ငါတို့ကိုအခါကြီးပွဲတွေ ကျင်းပစေချင်ကြတယ်။ ဒါတွေကပဋိညာဉ်အဟောင်း နဲ့ပဲဆိုင်ပြီး ခရစ်တော်ကြွခဲ့တဲ့အခါ ပြီးသွားပြီ။ ဒီပွဲတွေဟာ ဝမ်းမြောက်ဖွယ်ဒေသနာနဲ့ မဆိုင်ဘူး။ အဲဒါကြောင့်ပဲ ခမည်းတော်၊ သားတော်ကို လက်ခံကြတဲ့သူတွေကြားမှာ ပွဲကျင်းပဖို့ မလိုကြောင်း ငါတို့စည်းသားပါတယ်" ပရိသတ်တွေလည်း "အာမင်" သံတွေ ထပ်နေရောပဲ။

Maatan က ဒီစကားကိုကြားတော့ စိတ်ပျက်ပါရော။ တရားပွဲအပြီးမှာ သူရယ် Eric၊ Tony အပြင် အခြားလူတွေလည်း Vincent နဲ့ စကားပြောခဲ့ကြတယ်။ Eric က "ပဋိညာဉ် တွေအကြောင်း ခင်ဗျားဘယ်လိုလက်ခံလဲ" တဲ့။ ပဋိညာဉ်အကြောင်း ၁၈၈၈ ခုနှစ်က နားလည်ပုံက ဝမ်းမြောက်ဖွယ်တရားက ကမ္ဘာစတည်ကတည်းကပဲလို့ ပြောထားတယ် မဟုတ်လား။ ယေရှုခရစ်ဟာ မနေ့၊ ယနေ့၊ ထာဝစဉ်အတူတူပါ" လို့ Eric က မေးတယ်။

Vincent က "ယေရှုဟာ ယေရှုပါပဲ။ ဒါပေမယ့် ယန္တရားကပြောင်းပြီ။ ဟေဗြဲ ၇း၁၂ ကို ကြည့်ပါ "ယဇ်ပုရောဟိတ်အမျိုးသည် ပြောင်းလဲလျှင်၊ ပညတ်တရားသည် မပြောင်းလဲ ဘဲ မနေနိုင်ရာ" လို့ဖြေတယ်။

Maatan က "ခမည်းတော်၊ သားတော်တို့အကြောင်း ခင်ဗျားကိုပြောပြချင်တယ်။ ဒီအ ကြောင်းမှာတင် မျဉ်းသားလိုက်တာထက် ကောင်းတာရှိတယ်လို့ မှတ်ပါတယ်" လို့ ပြော လိုက်တယ်။

James က "ခင်ဗျားဟောမယ့်တရားကို နာပါ့မယ်ဗျာ" တဲ့။

Maatan က ဗိမာန်တော်မှာကိန်းတဲ့ ဘုရားနည်းနိသရည်းနဲ့ မောရှေပညတ်တို့ အသန့်ရှင်းဆုံးဌာနမှာ ဘယ်လိုရှိကြောင်း၊ ပညတ်တော် (၁၀) ပါးနဲ့ မောရှေပညတ် ချိတ်ဆက်ပုံကို ဟောလိုက်တယ်။ နောက်ပြီးတော့ ကိုယ့်ရဲ့မှတ်ပုံအမှားနဲ့ အမှားကောက်တတ်ကြတဲ့ ကျမ်းချက်အချို့ကို ပြောပြတယ်။ ဥပမာ ရှင်ယောဟန် ခရစ်ဝင်ကျမ်းကြည့်ရင်။ ။

> "အကြောင်းမူကား၊ ပညတ်တရားတော်ကို မောရှေလက်တွင် ပေးတော်မူ၏။ ကျေးဇူးတရားနှင့် သစ္စာတရားမူကား ယေရှုခရစ်အားဖြင့် ဖြစ်သတည်း။" - ရှင်ယောဟန်ခရစ်ဝင် ၁:၁၇ (KJV)

"နောက်တစ်ခုထပ်ကြည့်မယ်။ ။"

> "အကြောင်းမူကား၊ ပညတ်တရားတော်ကို မောရှေလက်တွင် ပေးတော်မူ၏။ ကျေးဇူးတရားနှင့် သစ္စာတရားမူကား ယေရှုခရစ်အားဖြင့် ဖြစ်သတည်း။" - ရှင်ယောဟန်ခရစ်ဝင် ၁:၁၇ (NLT)

"King James ပြန်ကျမ်းမှာ မောရှေပညတ်တွေကို ခရစ်တော်ပေးတဲ့ ကရုဏာရဲ့တစ်ဘက်မှာ လို့ပြထားတယ်။ ဒါက ပညတ်ကို ကရုဏာရဲ့ဆန့်ကျင်ဘက်မှာ ထားတာဖြစ်တယ်။ NLT ပြန်ကျမ်းက ဘုရားမေတ္တာကို မောရှေပညတ်ရဲ့ တစ်ဘက်မှာထားတယ်။ ရောမသြဝါဒစာ ၁၃း၈ မှာတော့ 'မေတ္တာသည် အကျင့်တရားကို ပြည့်စုံစေသည်' တဲ့။ ပညတ်ဟာ ကျွန်တော်တို့ တလွဲမယူသ၍ မေတ္တာရဲ့ဆန့်ကျင်ဘက်မှာ မနေပါဘူး။ King James ပြန်ကျမ်းက 'သို့သော်' လို့ ရေးထားတော့ ကျေးဇူးတင်ရတာပေါ့။ ဆိုလိုတာက ဒီစာလုံးဟာ မူရင်းမှာမရှိဘဲ ထပ်ဖြည့်ထားတာလို့ ဆိုလိုတာပါ။ မူရင်းမှာတော့ ဘာမှမခြားနားထားဘူး။ ဒီနေရာမှာ NIV ဟာ ကောင်းတယ်ဆိုရမှာပဲ။"

> "ပညတ်တရားတော်ကို မောရှေအားဖြင့် ပေးတော်မူ၏။ ကျေးဇူးတရားနှင့် သစ္စာတရားမူကား ယေရှုခရစ်အားဖြင့် ပေးတော်မူ၏။" ယောဟန် ၁း၁၇ (NIV)

"ပညတ်တရားတော်ဟာ မောရှေအားဖြင့်ပေးပြီး ကျေးဇူးတရားနှင့် သစ္စာတရားကျတော့ ယေရှုခရစ်တော်အားဖြင့် ပေးတာ။ ပညတ်ဟာ ရင်းမြစ်ဖြစ်ပြီး၊ ကရုဏာက လမ်းကြော (သို့) အကျိုးပေါ့။ အခုဒီအကြောင်း အခြားကျမ်းချက်ကိုကြည့်ရင် ဝမ်းမြောက်ဖွယ်တရားဟာ လွန်ခဲ့တဲ့နှစ် (၂၀၀၀) လောက်မှာမှ ပေါ်သလိုဖြစ်နေတယ်။ ။"

"ရှေးပညတ်တရားဟောင်းသည်၊ အားမရှိ၊ အကျိုးကို မပေးနိုင်သော ကြောင့်၊ ပယ်ရှင်းခြင်းသို့ ရောက်ရ၏။ သို့သော်လည်း၊ သာ၍မြတ်သော မျှော်လင့်ခြင်းအခွင့်သည် နေရာကျ၏။ ထိုမျှော်လင့်ခြင်းအားဖြင့် ငါတို့သည် ဘုရားသခင့်အထံတော်သို့ တိုးဝင်ချဉ်းကပ်ရကြ၏။" - ဟေဗြဲဩဝါဒစာ ၇:၁၉ (KJV)

"'did' ဆိုတဲ့စာလုံးကို မြင်လား။ ဒါက ပညတ်တရားကို သာ၍မြတ်သော မျှော်လင့်ခြင်းရဲ့တစ်ဘက်မှာ ထားတာပဲ။ အဲဒီစာလုံးကို ထုတ်လိုက်ရင် ပညတ်က သာ၍မြတ်သော မျှော်လင့်ခြင်းကို သယ်လာတဲ့ အဓိပ္ပာယ်ဆောင်ရော။ ပညတ်ဟာ လမ်းကြော၊ သာ၍မြတ်သော မျှော်လင့်ခြင်းက ရင်းမြစ်ဖြစ်ပြီး ပညတ်နဲ့ပတ်သက်ပြီး ကျွန်တော်တို့ရဲ့ အမြင်၊ စိတ်ခတ်တွေကို ပြောင်းပစ်ပါတယ်။ ဒီတရားမှန်ကြောင်း ဂလာတိမှာ တွေ့ရတယ်။ ။"

"ထိုကြောင့် ငါတို့သည် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ ရောက်စေခြင်းငှာ ပညတ်တရားသည် ခရစ်တော်ထံသို့ ငါတို့ကိုပို့ဆောင်၍ ငါတို့၏ အထိန်းဖြစ်သတည်း။" - ဂလာတိဩဝါဒစာ ၃:၂၄

"ဒီကျမ်းချက်က ဆာလံပြတာ မှန်ကြောင်း ပြတယ်။ ။

"ထာဝရဘုရား၏တရားတော်သည် စုံလင်သည်ဖြစ်၍ စိတ်ဝိညာဉ်ကို ပြုပြင်တတ်၏။ ထာဝရဘုရား၏ သက်သေခံတော်မူချက်သည် ဟုတ်မှန်သည်ဖြစ်၍ မလိမ္မာသောသူတို့ကို လိမ္မာစေတတ်၏။" - ဆာလံကျမ်း ၁၉:၇

ဒီလိုနဲ့ ဝမ်းမြောက်ဖွယ်တရားဟာ ပေါင်းကူးတံတားဖြစ်လာပြီး ယေရှုမြင်ပုံအတိုင်း ပညတ်တော်ရဲ့ ရင်းမြစ်ဆီ ပို့ပါတယ်။ အဲဒီနောက်မှာတော့ ငါတို့လည်း ဒါဝိဒ်မင်းလို သီချင်းဆိုနိုင်ပြီပေါ့။ ။

"ကိုယ်တော်၏တရားကို အကျွန်ုပ်သည် အလွန် နှစ်သက်ပါ၏။ တစ်နေ့လုံး ဆင်ခြင်အောက်မေ့လျက် နေပါ၏။" - ဆာလံကျမ်း ၁၁၉:၉၇

"အဲဒါကြောင့် ပညတ်ဟာ ဝမ်းမြောက်ဖွယ်တရားကို မဆန့်ကျင်ပါဘူး။ မဆန့်ကျင်တဲ့အပြင် ဝမ်းမြောက်ဖွယ်တရားက ကျွန်တော်တို့ကို ပညတ်တော်နဲ့ ရင်ကြားစေ့ပေးပြီး ပညတ်ကို ကျွန်တော်တို့ရဲ့ နှလုံးသားမှာ ကမ္ပည်းထိုးပေးပါတယ်။ သဘောကတော့ ယေရှုဟာ ခမည်းတော်ရဲ့ ဘုန်းရောင်တော်ဖြစ်သလို၊ အခါကြီးပွဲတွေဟာ ဥပုသ်ရဲ့ဘုန်းရောင်တော် ဖြစ်တယ်ဆိုတဲ့ သဘောပဲ"

"အာမင်" လို့ Eric, Tony, Claude, Frank နဲ့ အချို့တွေက ထောက်ခံကြတယ်။

"ငါတို့ချပြတဲ့ ပညတ်နဲ့ကရုဏာ၊ ပဋိညာဉ်အဟောင်းနဲ့အသစ် တရားမှာ သတိတော့ကပ်ရမယ်။ ဒီတရားကိုပဲ တနင်္ဂနွေနေ့စောင့်တဲ့သူတွေက ပညတ်အားလုံး အတိတ်မှာကျန်ခဲ့ပြီလို့ ပြောကြလိမ့်မယ်။ တစ်ချို့က ပွဲတွေဆက်လုပ်တာကို ဆန့်ကျင်ကြတာဆိုတော့ ငါတို့ချောင်ပိတ်ခံရနိုင်တယ်။ တနင်္ဂနွေနေ့စောင့်တဲ့လူတွေက နှာတစ်ဖျားသာသလိုပေါ့" Maatan ကတော့ ၁၈၈၈ ခုနှစ်တုန်းက ပဋိညာဉ်တရားအကြောင်း ယူကြပုံကို ဆန့်ကျင်ရင် အန္တရာယ်ရှိမှာကို လူတွေသိလာမယ်လို့ မျှော်လင့်တယ်။ ဒါက ပညတ်တရားသည် သက်ရောက်မှုရှိသေးကြောင်းကို ဆန့်ကျင်ချင်တဲ့စိတ်ကို ဖြစ်စေနိုင်လို့ပါ။

ပွဲပြီးတော့ Maatan ဆီ တစ်ချို့လာကြပြီး သူ့တရားကို သဘောမကျတဲ့အကြောင်း လာပြောကြတယ်။ တစ်ယောက်က "ခင်ဗျားက ရင်းမြစ်နဲ့လမ်းကြောကို ဇောင်းပေးလွန်းတယ်" တဲ့။ "ခင်ဗျားဒီလိုခံစားတာကို စိတ်မကောင်းဖြစ်မိပါတယ်။ ကျွန်တော်ကတော့ ၁ ကော ၈း၁၆ မှာ ခမည်းတော်ဟာ အရာခပ်သိမ်းရဲ့ ရင်းမြစ်ဖြစ်ပြီး၊ သားတော်ဟာ အရာ

ခပ်သိမ်းရဲ့ လမ်းကြောလို့ ပြထားသလိုပဲ ယူတာပါ။ အားလုံးဆိုတာ ခပ်သိမ်းပဲ မဟုတ်လား" လို့ Maatan က ပြောလိုက်တယ်။

Tony လည်း ဝင်ပြီးထပ်ထောက်ပေးတယ်။ "ကျွန်တော်ကတော့ A.T. Jones ရေးထားတာတွေက ရင်းမြစ်နဲ့ လမ်းကြောအကြောင်းပဲလို့ မှတ်တာပဲ။ အဲဒါကို Maatan က ဘုရားနည်းနာလို့ ခေါ်ထားတာ။ အဲဒါက ပြောခဲ့ပြီးသားဖြစ်တဲ့ ပဋိညာဉ်နှစ်ခုနဲ့ ပတ်သက်တယ်။"

> သိနာတောင်မှာ လုပ်ခဲ့တဲ့ ပဋိညာဉ်က အာဗြဟံနဲ့လုပ်ခဲ့တဲ့ ပဋိညာဉ်ကို ခေါ်သွားတာ။ **ပထမက ဒုတိယဘက်ကို ခေါ်သွားတာ။ ပဋိညာဉ်ဟောင်းက သူတို့ကို ပဋိညာဉ်အသစ်ဘက် ခေါ်သွားတာ။** ဒီလိုနဲ့ ပဋိညာဉ်လုပ်ဖို့ အခြေခံဖြစ်တဲ့ ပညတ်ဟာ — ကျိုးသွားတဲ့ပညတ် — လူတွေ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာကို ရောက်ကြဖို့ ခရစ်တော်ဆီ ပို့ပေးတဲ့ အထိန်းတော်ပါ။ A.T. Jones, *Revies & Herald,* July 17, 1900.

"ပဋိညာဉ်ဟောင်းဟာ ပဋိညာဉ်သစ်ဆီ ပို့ပေးတဲ့လမ်းကြောဖြစ်တာကို တွေ့လား။ ဘုရားနည်းနာက ပဋိညာဉ် (၂) ခုကို ဘယ်လိုဆက်စပ်ရမယ် ဆိုတာကိုပြတယ်။ ခရစ်တော်လာမပွင့်ခင်နဲ့ ပွင့်ပြီးနောက်က လူအယောက်တိုင်းဟာ သူ့ကုသိုလ်ကောင်းမှုက သူ့ကို ဖြောင်မတ်ရာကို မရောက်စေဘူး ဆိုတာသိဖို့ ပဋိညာဉ်ဟောင်းကို ဖြတ်သန်းပြီးမှ ခရစ်တော်ဆီ အပို့ခံရမှာ ဖြစ်တယ်။ အာဗြဟံက ဒါကိုကြုံခဲ့တာပါ။ မယား (၂) ယောက်နဲ့ညားပြီးမှ သူလည်း နောက်ဆုံးမှာ ခရစ်တော်ကြောင့် ပဋိညာဉ်သစ်မှာ ဖြောင့်မတ်ရာကို ရောက်တာပါ။ မယား (၂) ယောက်က ပဋိညာဉ် (၂) ခုကို ပုံဆောင်တယ်။ ဒီအဖြစ်မျိုးက လူတစ်ယောက်ရဲ့ဘဝမှာ တစ်ပြိုင်ထဲ ဖြစ်တတ်တာမျိုးဗျ"

Nigel ကတော့ "Jones နဲ့ Waggoner တို့ နေရာတိုင်းမှာ မမှန်ပါဘူး" တဲ့။

Vincent လည်း "အတိအကျပဲ။ Waggoner အတွေးချော်တာတွေ ရှိပါတယ်" လို့ ထပ်ဖြည့်တယ်။

Claude "ဒါပေမယ့် ပဋိညာဉ်တရားတော်မှာတော့ မှန်ကြပါတယ်" လို့ ထောက်တယ်။

Vincent က "ခရစ်တော် ငါတို့ထဲမှာရှိပြီပဲ။ သူဟာ ပညတ်တော်ကို ပြည့်စုံစေသူပဲ။ ငါတို့မှာ စာနဲ့ရေးတဲ့ပညတ် မလိုပါဘူး" တဲ့။

"ဒါဆိုရင် ကောင်းကင်မှာရေးထားတဲ့ ပညတ်တော်ကကော၊ ကောင်းကင်ဗိမာန်တော်ထဲမှာ ရှိတာမဟုတ်လား" လို့ မေးတယ်။ "ဒါက ခရစ်တော် ငါတို့နှလုံးသားမှာ ပြုပြင်စီရင်ပုံကို ပြတာပါ။"

"ကောင်းကင်မှာ ပညတ်တော်ရေးထားတယ်ဆိုတာက ပုံဆောင်မှုပါ။ ဘုရားနည်းနာက မမြင်ရတဲ့စာတွေကို မြင်အောင်ပြရမယ်လို့ ပြထားတယ်။ ဘုရားရဲ့အလိုတော်တွေကို ကျမ်းစာထဲမှာ မျက်မြင်မရတဲ့ အမျိုးအစားနဲ့ ပြထားတယ်။ အဲဒီလိုပဲ ပညတ်တော် (၁၀) ပါးမှာ ရေးထားတဲ့ ဘုရားရဲ့ပညတ်ကို ကောင်းကင်မှာရေးထာတးယ်။ ဒါဟာ တကယ်ပါ" လို့ Maatan က သာသာထိုးထိုးပြောတယ်။

Colin က "နင်က ဘုရားနည်းနာကို သိပ်ယူတာပဲ" တဲ့။

Maatan လည်း စိတ်မကောင်းဖြစ်သွားတယ်။ ကောင်းကင်မှာရေးထားတဲ့ ပညတ်ကို ငြင်းခြင်းဟာ သေသူဝိညာဉ် ယုံကြည်ခြင်းနယ်ကို တံခါးဖွင့်တယ်။ အဲဒီယုံကြည်ခြင်းက ဘုရားရဲ့ နှုတ်ကပတ်တော်ကို ချေဖျက်တယ်။ မမြင်ရတာကို မြင်ရအောင် ပြကိုပြရပါမယ်။ Maatan က အခန်းထဲကလူတွေ သူပြောတာကို လက်မခံမှန်း သိတယ်။ Jones နဲ့ Waggoner ရဲ့စာတွေကို လက်မခံကြတာကလည်း သူ့ကို စိတ်မကောင်းဖြစ်စေပါတယ်။ ဒီအချိုးမျိုးက မြို့ကနေလွှတ်နိုင်မယ့်အချိုး မဟုတ်ဘူး။ ပဋ္ဌမာယာကျော့ကွင်းမှာ မြုံးမိနေသေးခြင်းပါပဲ။

Maatan ကတော့ “ပဋ္ဋိညာဉ်နဲ့ပတ်သက်ပြီး Jones နဲ့ Waggoner ရဲ့စာတွေကို ငြင်းပယ်ခြင်းဟာ ဥပဒေ္ဓဒကကံ ကျူးလွန်တာလို့ ကျွန်တော်မှတ်တယ်။ သူတို့ကို ကျွန်တော်တို့ ငြင်းပယ်လို့ကတော့ ဒီမြို့ကနေ ဘယ်တော့မှလွတ်မှာ မဟုတ်ဘူး” လို့ အခိုင်အမာကို ပြောလိုက်တယ်။

အဲဒီအချိန်မှာ Maatan က သူ့အိတ်ကပ်မှာ တုန်ခါမှုဖြစ်တာကို ခံစားရတယ်။ သူလည်း ဘုရားပေးသေ့ကို ထုတ်လိုက်တော့ အစိမ်းရောင်ပြောင်းသွားတာကို တွေ့ရတယ်။ သူ့စိတ်မှာ ကျမ်းချက်တစ်ချက် ချက်ချင်းဝင်လာတယ်။

> “ထိုသူ၏ အဆင်းအရောင်သည် နဂါးသွဲ့ကျောက်၊ ပတ္တမြားကျောက် နှင့် တူ၏။ ပလ္လင်၏ပတ်ဝန်းကျင်၌ကား၊ မြကျောက် အဆင်းအရောင် နှင့်တူသော သက်တံရှိ၏။” - ဗျာဒိတ်ကျမ်း ၄:၃ (NIV)

“သက်တံဟာ ထာဝရပဋ္ဋိညာဉ်ကိုပုံဆောင်ပြီး ဘုရားနည်းနာအရ ပညတ်တော်က သာ၍ မြတ်သော မျှော်လင့်ခြင်းကို သယ်လာပါတယ်။ မျှော်လင့်ခြင်းကို အစိမ်းရောင်နဲ့ ပုံပြထားတယ်။ ဒီလိုနဲ့ Maatan ရဲ့ နှာထိပ် ချက်ချင်းနာလာတယ်။ သံ ကျိုးကျတဲ့အသံ ပြန်ကြားရတယ်။ ဂေါလျတ်ရဲ့ တတိယမြောက်သား Maatan ဘဝကနေ အသေထွက်ပါပြီ။ သူ့ရဲ့ တတိယငုတ်ကလေးလည်း ရွှေငုတ်ဖြစ်သွားပါပြီ။ Eric နဲ့ Tony တို့က Maatan ပခုံးကိုကိုင်ပြီး “ပညတ်တော်နဲ့ ပဋ္ဋိညာဉ်တွေအကြောင်းကို သမာသမတ်ကျကျ နားလည်လာတဲ့အတွက် ကြိုဆိုပါတယ်။ နင့်ပတ်ဝန်းကျင် ပြောင်းလဲမှန်း ငါတို့ခံစားရတယ်” လို့ ကပ်ပြီးပြောကြတယ်။

Maatan ကပြုံးပြီး သူ့ဆီလာစုကြတဲ့သူတွေကို “နင်တို့က စည်းသားကြကတည်းက ငါ့ကိုပွဲမစောင့်ဖို့ နင်တို့ တားလို့မရတော့ဘူး။ ငါတို့အတူ ဆက်လျှောက်လို့မရတော့တာ ရှင်းနေပြီ” လို့ ဆု ကြိတ်တောင်းရင်းနဲ့ ပြောလိုက်တယ်။

James ကတော့ “တရားလာဟောပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော်တော့ ဒီအကြောင်းတွေ ထပ်သိချင်ပါတယ်” လို့ ပြောတယ်။

“အမြဲကြိုဆိုပါတယ် James, ကျွန်တော့်ကိုခေါ်ဖို့ အားမနာပါနဲ့”

ဒီလိုနဲ့ လူတွေရှဲသွားတယ်။ သူတို့လည်း ကားဆီသွားနေတုန်း Claude နဲ့ Frank လိုက်လာပြီး “ဘုရားနည်းနာ တရားတော်အတွက် ကျေးဇူးတင်ပါတယ်။ ဒီတရားက တရားတွေကို ချိတ်ဆက်ပေးတယ်” လို့ လာပြောကြတယ်။

Frank က “ပွဲနဲ့ပတ်သက်တဲ့စာတွေ ကျွန်တော့်မှာရှိတယ်။ ခင်ဗျားစိတ်ဝင်စားမယ်လို့ ထင်တယ်။ ပွဲကျမယ့်ရက် အချိန်အခါတွေနဲ့ ပတ်သက်တဲ့စာတွေပါ” တဲ့။

“ဥပုသ်ဟာ ရင်းမြစ်လည်းဖြစ်၊ အတိအကျနဲ့လာတော့ ပွဲတွေလည်း ဒီလိုပဲဖြစ်သင့်တယ်။ ကျေးဇူးပါ Frank, နင်ပေးမယ့်စာစောင်တွေကို မျှော်နေပါတယ်” လို့ Maatan ဖြေတယ်။

အိမ်အပြန်မှာ Maatan, Eric, Tony တို့ ဘုရားရဲ့ပွဲတော်တွေ အရေးပါပုံကိုသိအောင် ပဋိညာဉ်တွေက လမ်းဖွင့်ပေးတဲ့အကြောင်း သိရလို့ ဘုရားဂုဏ်တော်ချီးမွမ်းရင်း ပြန်လာခဲ့ကြတယ်။

“ငါ့ရဲ့တတိယငုတ်ကို ကြည့်ပေးနိုင်မလား Tony, ငါ့နှာခေါင်းနာပြီး သော့လည်း မြစိမ်းရောင်ဖြစ်သွားတာကို မြင်လို့ပါ”

“ငါကြည့်ဖို့တောင် မလိုပါဘူး။ သက်သေခိုင်ပြီပဲ။ ငါတို့ရဲ့တတိယငုတ် ရွှေရောင်ဖြစ်ကတည်းက ငါတို့ရဲ့သော့တွေ အစိမ်းရောင်ပြောင်းပြီး နှာခေါင်းတွေနာခဲ့ပြီးပြီ” “ကျေးဇူးပြုပြီး ကြည့်ပေးပါ။ သေချာချင်လို့ပါ”

“အေးဟုတ်တယ် Maatan၊ ရွှေရောင်ပြောင်းပြီ။”

“သေနံ့က သေခြင်းကိုပို့ပြီး၊ ရှင်နံ့က ရှင်ခြင်းကိုပို့တဲ့ ဘုရားနည်းနာက အံ့သြစရာကောင်းမနေဘူးလား” လို့ Eric က ပြောတယ် (၂ ကော ၂း၁၆)။

“ကျွန်တော်တော့ ဝမ်းမြောက်စရာဒေသနာရဲ့ ရနံ့ကို ပိုပြီးခံစားတတ်လာပြီ။ ကျွန်တော့်ရဲ့စိတ်ကို မှိုင်းဝေစေတဲ့ဃနလည်း ပျယ်သွားပြီ” လို့ Maatan က ပြောတယ်။

“ဒီအမှောင်တိုက်ကနေ တစ်ထစ်ချင်းဆီ လမ်းပြပေးခဲ့တဲ့အတွက် ဘုရားကိုချီးမွမ်းပါတယ်”

နေဝင်လာတဲ့အခါ ဘုရားရဲ့အလိုတော်ကို လိုက်ခြင်းကြောင့် ကောင်းချီးရတာတွေ အဆက်မပြတ်ဖို့ သူတို့ပတ္တနာပြုကြတယ်။

“ညီအစ်ကိုတို့ ညနေစာစားရအောင်။ ကျွန်တော်တကယ်ဆာနေပြီ။ ခင်ဗျားတို့အတွက်လည်း စပရိုက် (surprise) စီစဉ်ထားတယ်” လို့ Maatan က ပြုံးပြုံးနဲ့ပြောတယ်။

# အခန်း ၄၅
# ခိုင်မာစေခြင်း

Maatan, Tony, Eric တို့ အိမ်ထဲဝင်လာတဲ့အခါ Stella က "တွေ့ဆုံပွဲမှာ အမှတ်တရဖြစ်ခဲ့မယ် မှတ်တယ်" လို့ ပြောလိုက်တယ်။

"အင်း၊ စကားမစခင် ရုံးထဲအရင်ဝင်ရင် ကောင်းမယ်ထင်တယ်" လို့ Maatan က Stella ကို မျက်စိမှိတ်ပြရင်း ပြောတယ်။

Stella လည်း ရီရင်း "အဲ ဟုတ်သားပဲ" တဲ့။

"လူကြီးမင်းများ ရုံးထဲကြွပါဦးခင်ဗျာ"

"ဒီအခန်းမှာ ဘာရှိလဲ  Maatan။ နင်အခန်းကို ပြင်ထားတာပဲ။ ကောင်းတယ်။ Stella ကို သတင်းကောင်း ပြောပြလိုက် Maatan" လို့ Tony က ပြောတယ်။

"တွေ့ဆုံပွဲက စိတ်ပျက်စရာပေမယ့် ငါတို့ရဲ့ တတိယငုတ်ကတော့ ရွှေဖြစ်သွားပြီ"

"သက်ရဲ့နှာခေါင်း  ချက်ချင်းနာတော့   ဘာများဖြစ်တာလဲဆိုပြီး သက်လည်း အံ့သြသွားတယ်"

"Tony က ပဋ္ဌိညာဉ် (၂) ခုနဲ့  ဘုရားအလိုတော်ဆက်စပ်ပုံ ငါ့ကိုရှင်းပြတယ်။ နားထောင်ကြည့်။   ။

> သိနာတောင်မှာ လုပ်ခဲ့တဲ့  ပဋ္ဌိညာဉ်က အာဗြဟံနဲ့လုပ်ခဲ့တဲ့ ပဋ္ဌိညာဉ်ကို ခေါ်သွားတာ။ **ပထမက ဒုတိယဘက်ကို ခေါ်သွားတာ။ ပဋ္ဌိညာဉ်ဟောင်းက သူတို့ကို ပဋ္ဌိညာဉ်အသစ်ဘက် ခေါ်သွားတာ။** ဒီလိုနဲ့ ပဋ္ဌိညာဉ်လုပ်ဖို့ အခြေခံဖြစ်တဲ့ ပညတ်ဟာ — ကျိုးသွားတဲ့ပညတ် — လူတွေ  ယုံကြည်ခြင်းအားဖြင့်  ဖြောင့်မတ်ရာကို  ရောက်ကြဖို့ ခရစ်

တော်ဆီ ပို့ပေးတဲ့ အထိန်းတော်ပါ။ A.T. Jones, *Revies & Herald,* July 17, 1900.

“ဒီအကြောင်းကနေ ငါတို့က ယုံကြည်ခြင်းကြောင့် နောင်တရပြီး သူ့ဆီပြန်လှည့်ဖို့ ငါတို့ အပြစ်မြင်သာဖို့ ပဋိညာဉ်ဟောင်းကို ဘုရားက အသုံးပြုကြောင်း ငါတို့တွေ့ရတယ်။ ဒီ ဓမ္မစစ်ကို ငါလက်ခံတဲ့အခါ ဘုရားပေး သေဝ့မှာ ပါတဲ့ကျောက်က အစိမ်းရောင်ပြောင်း သွားပြီး ငါ့ခေါင်းကငုတ်လည်း ရွှေကိုပြောင်းသွားတယ်။ တိုနီ ကိုတောင် စစ်ခိုင်းခဲ့သေး တယ်”

“ဒါမှန်မယ်လို့ သက် ယုံတယ်။ ဒါက ဘုရားနည်းနာနဲ့လည်း အံကျတယ်။ ဝိညာဉ်တရား က အသက်ပေးပြီး ပဋိညာဉ်ဟောင်းက အသက်သတ်တယ်လို့ ကျွန်မမှတ်ခဲ့တော့ ပဋိညာဉ်ဟောင်းကို ဆိုးတယ်လို့မှတ်ခဲ့တာ (၂ ကော ၃း၆)”

“တယ်ဟုတ်ပါလား Stella။ နင်ယုံတတ်လို့ ငါဝမ်းသာတယ်။ ဘုရားက နင် ဒါကိုလက်ခံ မယ်ဆိုတာ သိနေမှာပဲ။ ငါတို့က တစ်ကိုယ်ထဲဖြစ်တော့ ငါ့ရဲ့ငုတ်တိုင် အရောင်ပြောင်း ချိန် နင့်ဟာလည်း ပြောင်းခဲ့တာ”

“ယောက်ျားနောက် ဖဝါးထပ်လိုက်ခဲ့တဲ့ အကျိုးပေါ့ Maatan”

“အင်း နင်တို့ (၂) ယောက် အရှိန်ကောင်းနေတော့ ထမင်းစားခန်းမှာ Eric နဲ့ ငါစောင့်နေ မယ်” ဆိုပြီး Tony တို့ ထွက်သွားတယ်။ “ဝမ်းသာပါတယ် မိန်းမရယ်။ ငါက ယေရှုအ တွက် အမှုဆောင်ချင်၊ ခင်ပွန်းကောင်း၊ ဖခင်ကောင်းလည်း ဖြစ်ချင်ဖြစ်နေတာ။ “သတ်” ဆိုတာနဲ့ပတ်သက်လို့ ငါလည်း ပဋိညာဉ်ဟောင်းက ဆိုးတယ်၊ ဣသရေလတွေလည်း ဘုရားနဲ့ ပဋိညာဉ်ဟောင်းမှာ ကတိကဝတ်ပြုကြတာ အတော်ဆိုးတယ်လို့ မှတ်ခဲ့ဖူး တယ်။ ဒီမှာဘာပြောလည်း ကြည့်ဦး။ ။

> “အပြစ်စီရင်တတ်သော တရားသည် ဘုန်းအာနုဘော်ရှိလျှင်၊ ထိုမျှမ က ဖြောင့်မတ်စေတတ်သော တရားသည် ဘုန်းအာနုဘော်နှင့် သာ၍ ကြွယ်ဝပြည့်စုံလိမ့်မည်။” - ကောရိန္သုဩဝါဒစာဒုတိယစောင် ၃:၉

"ဒီမှာ 'အပြစ်စီရင်တတ်သော တရားသည်' ဟာ ပဋိညာဉ်ဟောင်းဖြစ်ပြီး ဘုန်းအာနုဘော်ရှိတယ်တဲ့။ ဆိုလိုတာက လူ့မာနကို သဲထဲမြှုပ်တာက ပိုကောင်းမယ်လို့ ပြောချင်တာ။ ဒီလိုဖြစ်ဖို့က ဆန်းကြယ်မှ ရလိမ့်မယ်။ ငါတို့က အငုံစိတ်နဲ့ နေနေကြတော့ မရဏကို အသက်ရဲ့ဆန့်ကျင်ဘက်လို့ မြင်တာပါ။ ဒီလိုနဲ့ အသက်ပဋိညာဉ်ကိုရွေးပြီး မရဏပဋိညာဉ်ကို ငြင်းခဲ့ကြတယ်။ ယေရှုကတော့ ဒီလိုမိန့်တယ်။ ။

> "ငါအမှန်အကန်ဆိုသည်ကား၊ မြေ၌ကျသောစပါးစေ့သည် မပျက်လျှင် တစ်ခုတည်းနေ၏။ ပျက်လျှင်မူကား များစွာသောအသီးကို သီးတတ်၏။" - ရှင်ယောဟန်ခရစ်ဝင် ၁၂:၂၄

"ဒါက ပိုအသက်ဝင်တယ် Maatan, ဒါက သက် ကြိုက်တဲ့ ကျမ်းတစ်ချက်ကို သတိရစေတယ်။ ဂလာတိမှာရှိတယ်။ ။"

> "ငါသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေခံပြီ။ သို့သော်လည်း အသက်ရှင်သေး၏။ ထိုသို့ဆိုသော် ငါသည် ကိုယ်တိုင်မရှင်၊ ခရစ်တော်သည် ငါ၌ ရှင်တော်မူ၏။ ကိုယ်ခန္ဓာ၌ ယခုငါရှင်သောအသက်သည် ဘုရားသခင်၏သားတော်ကို ယုံကြည်ခြင်းအားဖြင့်တည်၏။ သားတော်သည် ငါ့ကိုချစ်၍ ငါ့အဖို့ ကိုယ်ကိုကိုယ် စွန့်တော်မူ၏။" - ဂလာတိဩဝါဒစာ ၂:၂၀

"အဲဒါပဲ Stella, ငါတို့ ဓာတ်သွေးသေမှ အသက်ကိုဝင်စားလို့ရမှာ။ ဒီအသေအရှင်သဘောက ဘုရားနည်းနာပဲ။ ကိုယ့်ဇာတိကိုလှူပြီး ပဋိညာဉ်သစ်မှာဘဝသစ်နဲ့နေရမှာ ဖြစ်တယ်။ ပဋိညာဉ် (၂) ခုကို ကာလသဏ္ဍာန်အဖြ စ် ပိုင်းခြားလိုက်တာဟာ မတော်တဆမှု မဟုတ်ဘူး။ လူတွေက ပဋိညာဉ်ဟောင်းကို ငြင်းကြ၊ ကိုယ့်ဇာတိကိုမလှူပဲ ဓာတ်သွေးဟောင်းအနံ့တွေနဲ့ပဲ ပဋိညာဉ်သစ်မှာ နေနေပြီလို့ ပြောနေကြတာ။"

"ရှင်ဒါတွေကို ရေးချသင့်တယ် Maatan။ ဒါတွေက အရေးပါတယ်။ ဘုရားနည်းနာက အစွမ်းကြီးတယ်"

"ငါတို့သိထားသလောက် ပြောကြည့်မယ်"

| **သွန်သင်ချက်** | **ဘုရားနည်းနာ** | **ရတနာ** |
|---|---|---|
| ၁။ **ဝိညာဉ်<br>မသေ** | ဒီယုံကြည်ချက်မျိုးက<br>ကျမ်းစာက ရိုးရိုးရှင်းရှင်း<br>ပြထားတာကို နာမ်ဆွဲ<br>ဆွဲစေတယ်။<br>မျက်မြင်ဘုရားရဲ့<br>နှုတ်ကပတ်တော်ကို မမြင်တဲ့<br>ဝိညာဉ်တော်ရဲ့ ပွဲပြင်မှုနဲ့<br>ကိုက်ညီအောင်<br>ဘုရားရဲ့နည်းနာက<br>နာမ်ဆွဲဆွဲခြင်း မခံရအောင်<br>တားပေးတယ်။ | **နီလာ ပြာ**<br>ဘုရားရဲ့ပလ္လင်ခံ<br>အုတ်မြစ်၊<br>ဘုရားရဲ့<br>ကောင်းမြတ်<br>ခြင်းမျိုး<br>သူ့ရဲ့သားသမီး<br>တွေမှာ<br>ရှိစေမယ့်၊<br>နာခံစေမယ့်<br>သေ့ချက်ပါ။ |
| ၂။ **သုံးပါး<br>တစ်ဆူ<br>ဘုရား** | ခမည်းတော်နဲ့သားတော်ဟာ<br>၁ ကော ၈း၆ မှာ<br>လာတဲ့အတိုင်း ရင်းမြစ်နဲ့<br>လမ်းကြောပါ။ | **ပတ္တမြား နီ**<br>ဘုရားနည်းနာ<br>ကို ဖြစ်စေတဲ့<br>ဘုရား<br>ဉာဏ်တော်။ |
| ၃။ **ပဋိညာဉ်<br>(၂) ခု** | ပဋိညာဉ် (၂) ခုဟာ<br>ဘုရားနည်းနာပါ။<br>ပဋိညာဉ်ဟောင်းဟာ<br>ပဋိညာဉ်သစ်ကို ပို့ပေးတဲ့<br>လမ်းကြောပါ။ အမတဘာဝ | **မြ စိမ်း**<br>သက်တံနဲ့ပြတဲ့<br>ကတိကို မှီပြီး<br>ကယ်တင်ခြင်း<br>ကို မျှော်ခြင်း။ |

| | | |
|---|---|---|
| | ဖန်ဆင်းဖို့ မရဏကို ရင်ဆိုင်ရပါတယ်။ | |
| ၄။ **တနင်္ဂနွေနေ့၊ အီစတာနဲ့ ခရစ်စမတ်ပွဲတွေ** | ဘုရားသားတော် အမွေရတာဟာ အနားရခြင်းပါ။ တနင်္ဂနွေနေ့ဟာ အမှီကင်းတဲ့အတွက် မှန်သော အနားရခြင်း မဟုတ်ဘူး။ စစ်မှန်တဲ့ပွဲတွေဟာ ဥပုသ်ကို အကျယ်ချဲ့တာပါ။ ဥပုသ်ကို ထပ်တာပါ။ ဒီပွဲတွေက ဝိညာဉ်တော့်ကောင်းချီး ပိုရစေတယ်။ | **ကျောက်ဖြူ ဖြူ** ခရစ်တော်ရဲ့ စိတ်မျိုး သူတို့ထဲမှာရှိလို့ သူတော်စင်များရဲ့ ဖြောင့်မတ်ခြင်း ဖြစ်ပါတယ်။ |
| ၅။ **ဘုရားသိက္ခာပုဒ်** | လက်ရှိမှာ အတပ်ပြောလို့ မရသေးဘူး | |

"အင်း၊ ဘုရားနည်းနာက ဘုရားသိက္ခာပုဒ်ကို ဘယ်လိုသွားပတ်သက်လဲ ဆိုတာတော့ အတပ်မပြောတတ်ဘူး။ ဆုတောင်းဖို့လိုတာပေါ့..."

"အခု ငါအံ့သြနေတာက ဘုရားပေးသော့ဟာ အခါကြီးပွဲတွေအကြောင်း ဆွေးနွေးတဲ့အခါ အဖြူရောင်ဖြစ်သွားရတဲ့ အကြောင်းပဲ။ ဒါနဲ့ ၄တ်တစ်ခုတော့ ရွှေမဖြစ်သေးဘူး။ ကွင်းဆက်ပြတ်တာ ဖြစ်ရမယ်။ ဒီအတွက် ဆုတောင်းရမယ်။ လောလောဆယ် တဲတော်ပွဲ ဒီနှစ်မှာလုပ်လိမ့်မယ်။ ယုံကြည်ခြင်းနဲ့ ရှေ့ဆက်ရင် ဘုရားကောင်းချီးပေးမယ်လို့ ငါသိတယ်" လို့ Maatan က စဉ်းစဉ်းစားစားပြောတယ်။

"ဘယ်လိုပဲ တစ်မျိုးကြီးဖြစ်နေပါစေ ရှင်နဲ့အတူ ရပ်ပေးပါ့မယ်။ ကျွန်မတို့ ဒီလိုပဲ ရင်ဆိုင်ခဲ့ကြတာပဲ။ ဘယ်ပြက္ခဒိန်ကို  သုံးရမယ်ဆိုတာ ဘယ်လိုသိရမှာလဲ" လို့ Stella က ပြောတယ်။

"ဘုရားကလမ်းဖွင့်ပေးမှာပါ Stella။  ပြက္ခဒိန်အကြောင်း  ငါထပ်လေ့လာဦးမယ်။ အမျိုးမျိုးရှိမှန်း သိပါတယ်။ အခြေခံကြီးကတော့ (၂) နည်းပေါ့။ နှစ်သစ်က ဘယ်အချိန်မှာစလဲ ဆိုတာနဲ့ စတာပါ။ ကျန်တဲ့ရက်တွေတော့ သူ့အလိုလို လိုက်လာတာပေါ့လေ။  အဓိကက (၂) နည်းပါ။ တစ်ခုက vernal equinox အပြီး   ပထမဆုံးလဆန်းရက်ပဲ။   နောက်တစ်နည်းက ဘာလီသီးနှံတွေ သူတို့အခေါ်အရ abib ဖြစ်လာတဲ့နေပါ။ အဓိပ္ပာယ်က ကောက်သီးမှည့်ချိန်ရောက်ပြီး ကျမ်းစာလာအရ wave offering လုပ်တဲ့
ပထမဆုံးလဆန်းရက်ပဲ။"

Stella လည်း မျက်လုံးနည်းနည်းပြူးလာပြီး "ယုတ္တိရှိသလိုလိုပဲ" တဲ့။

"ငါတို့က ဒီအကြောင်းနဲ့  စိမ်းနေသေးလို့ပါ။ ဘုရားက အလင်းပေးမှာပါ။ ငါတို့လည်း သိလာမှာပါ။   ငါတော့ ခမည်းတော်ရဲ့   ပညတ်အတိုင်း   စောင့်ချင်တယ်" "ဝမ်းသာတယ် ယောက်ျားရေ။"

"ငါတို့လည်း နောက်မကျခင် ညနေစာစားရအောင်။  ဧည့်သည်တွေက ကြာလှချည်လား လို့ ပြောနေဦးမယ်"

"ကောင်းပါပြီ Maatan ဒီညနေ ငါတို့ကြိုက်တဲ့ ယိုးဒယားအစားအစာ ပြင်ထားတယ်" လို့ Stella ကပြောတယ်။

"ကောင်းလိုက်တာ၊ ဆာပြီကွာ စားရအောင်"

ညနေကို ကောင်းကောင်းသုံးပြီးနောက်မှာ Tony, Eric တို့လည်း ပျော်ပျော်နဲ့ ပြန်ကြတယ်။ Maatan နဲ့ Stella လည်း မြို့ကနေ လွတ် ခါနီးပြီဆိုတဲ့အသိနဲ့  အိပ်ရာဝင်ကြတယ်။

# အခန်း ၄၆

# တိုင်းတာမရသည့် မေတ္တာတော်

နောက်နေ့မနက်စောစော Maatan ထပြီး ကပ်တိုင်တော်တရားအကြောင်း ဘုရားရဲ့နိုသ ရည်းဘက်ကနေ အနုလုံပဋိလုံ စိပ်နေတယ်။ ခရစ်ဝင်ကျမ်းလာ သခင်ယေရှုရဲ့ စတေးခံမှု ပိုပြီးလေးနက်တဲ့တရားကို မြင်အောင်ပြတာလား။ Maatan ဟာ ဓမ္မဉာဏ်ပေါက်ဖို့ ပတ္ထ နာပြုလိုက်တယ်။ ဒါနဲ့ ဟေရှာယအခန်း ၅၃ က အကြောင်း ဝင်လာတယ်။

> "မထီမဲ့မြင်ပြုခြင်းကိုခံ၍၊ လူတို့တွင် အယုတ်ဆုံးသောသူဖြစ်၏။ ငြိုငြင်သောသူ၊ နာကြည်းခြင်းဝေဒနာနှင့် ကျွမ်းဝင်သောသူဖြစ်၏။ သူတစ်ပါးမျက်နှာလွှဲခြင်းကို ခံရသောသူကဲ့သို့ ဖြစ်၏။ မထီမဲ့မြင် ပြုခြင်းကိုခံလျက်ရှိ၍၊ ငါတို့သည် မရိုသေကြ။ သို့သော်လည်း၊ ထိုသူ သည် ငါတို့အနာရောဂါ ဝေဒနာများကို ယူတင်ဆောင်ရွက်လေ၏။ ဒဏ်ခတ်တော်မူခြင်းကိုလည်းကောင်း၊ ဘုရားသခင်ဆုံးမ၍ နှိမ့်ချ တော်မူခြင်းကို လည်းကောင်း၊ ဘုရားသခင်ဆုံးမ၍ နှိမ့်ချတော်မူခြင်း ကိုလည်းကောင်း ခံရသောသူဖြစ်သည်ဟု ငါတို့သည် ထင်မှတ်ကြပြီ။ ထိုသူသည် ငါတို့လွန်ကျူးခြင်း အပြစ်များကြောင့်၊ နာကျင်စွာ ထိုး ခြင်း၊ နှိပ်စက်ခြင်းကို ခံရလေ၏။ ငါတို့၏ ငြိမ်သက်ခြင်းချမ်းသာကို ဖြစ်စေသော ဆုံးမခြင်းသည် သူ့အပေါ်သို့ရောက်၍၊ သူခံရသော ဒဏ် ချက်အားဖြင့် ငါတို့သည် အနာပျောက်လျက်ရှိကြ၏။" -
> ဟေရှာယအနာဂတ္တိကျမ်း ၅၃း၃-၅

သခင်ခရစ်တော်ဟာ ဟေရှာယ ဒီအကြောင်းရေးနေချိန်မှာကို မထီမဲ့မြင်ပြုခံရတယ်တဲ့။ ဒီအဖြစ်ဟာ ပစ္စုပ္ပန်မှာ ဖြစ်ပျက်နေသလိုမျိုးနဲ့ ရေးထားပြီး အဲဒီနောက် ဟေရှာယရဲ့ အချိန် အတိတ်မှာဖြစ်ပျက်နေသလိုမျိုး ရေးထားတယ်။ 'သူသည် မထီမဲ့မြင်ပြု ခံရလိမ့် မည်' လို့ မရေးထားဘူး။ အောက်မှာပါသလို ရေးထားတယ်။

မထီမဲ့မြင်ပြုခြင်းခံရ၍၊ လူတို့တွင် အယုတ်ဆုံးသောသူ ဖြစ်၏။ မထီမဲ့မြင်ပြုခြင်းကို ခံလျက်ရှိ၍ ငါတို့သည် မရိုသေကြ။

Maatan လည်း ဆက်လေ့လာရင်းနဲ့ ဒီအကြောင်းနဲ့ဆိုင်တဲ့ ကျမ်းချက်ကိုတွေ့တယ်။ ။

"**ကွပ်မျက်သောသိုးသငယ်၏ အသက်စာစောင်၌ ကမ္ဘာဦးကပင် စာရင်းမဝင်သော** မြေကြီးသား အပေါင်းတို့သည် သားရဲကို ကိုးကွယ်ကြ၏။" - ဗျာဒိတ်ကျမ်း ၁၃:၈

ခရစ်တော်က ဘယ်လိုနဲ့ ကမ္ဘာစတည်ကတည်းက ကွပ်မျက်ခံရတာလဲ။ ဒီအတွေး သူ့ဆီ ရောက်လာတယ်။ "ကပ်တိုင်" အကြောင်း ကျမ်းစာကပဲ အနက်ဖွင့်ပါစေ။ Maatan လည်း ရှင်မဿဲခရစ်ဝင်ကျမ်းကို ဖတ်ဖြစ်တယ်။ ။

"ထိုအခါ ယေရှုက၊ ငါ၌ ဆည်းကပ်လိုသောသူဖြစ်လျှင် **ကိုယ်ကိုကိုယ် ငြင်းပယ်ရမည်။ ကိုယ်လက်ဝါးကပ်တိုင်ကို ထမ်း၍** ငါ့နောက်သို့ လိုက်ရမည်။" - ရှင်မဿဲခရစ်ဝင် ၁၆:၂၄

"ကပ်တိုင်အဓိပ္ပာယ်က ကိုယ့်ဆန္ဒကို အလှူပေးခြင်းပဲ" *ဒါဆိုရင် ကမ္ဘာတည်စကတည်းက ဘယ်လိုနည်းနဲ့ လှူခဲ့တာလဲ။* Maatan ဆက်လေ့လာပြီး ကျမ်းတစ်ချက်ကိုတွေ့တယ်။

"အမှုရောက်လေရာရာ၌ သူတို့ကို ညှဉ်းဆဲတော်မမူ။ ရှေ့တော်မှ စေလွှတ်သော ကောင်းကင်တမန်သည် ကယ်တင်လျက်၊ မေတ္တာကရုဏာတော် ရှိသည်အတိုင်း ရွေးနုတ်တော်မူ၏။ ရှေးကာလပတ်လုံး သူတို့ကို ချီဆောင်တော်မူ၏။" - ဟေရှာယအနာဂတ္တိကျမ်း ၆၃:၉

Stella က Maatan ရဲ့ ရုံးခန်းထဲလာပြီး "ရှင် ဘာလေ့လာနေတာလဲ" လို့မေးတယ်။

"ကပ်တိုင်တော်အကြောင်း ဘုရားနိဿယ ဘက်ကနေ လေ့လာနေတာ။ ယေရှု ကပ်တိုင်ပေါ်မှာ ခံစားတာတွေဟာ ဒါထက်ပိုကြီးမားပြီး မမြင်ရတဲ့ ခံစားမှုတွေကို ဖွဲ့သိကြတယ်။

ဒါပေမယ့် ကျမ်းစာက ဒီဒုက္ခဟာ လွန်ခဲ့တဲ့ နှစ် (၂,ဝဝဝ) တုန်းက (၁) ရက်အတွင်း ခံစား ပြီးမြောက်တာ မဟုတ်ဘူးတဲ့။ လူသားက အပြစ်စလုပ်ကတည်းက ခံစားခဲ့တာတဲ့”

Maatan က Stella ကို ဟေရှာယ ၅၃၊ ဗျာဒိတ် ၁၃း၈၊ ဟေရှာယ ၆၃း၉ တွေကိုပြတယ်။

“ဒါက Chi (သို့) Leo တို့ နာကျင်ခဲ့ကြတဲ့အချိန်ကို တွေးဖြစ်စေတယ်။ ငါတို့သားတွေ ခံစား ကြတဲ့အခါ ငါတို့ကို ဝမ်းနည်းစေတယ်” လို့ Stella ကပြောတယ်။

“ဒါအမှန်ပဲ။ ငါတို့ရဲ့စရိုက်ဆိုးကြောင့် ဘုရားသခင် နေ့တိုင်းသည်းခံနေရမယ့် အဖြစ်ကို စဉ်းစားကြည့်ပေါ့။ တစ်ယောက်ယောက်နာတိုင်း၊ သေတိုင်း ကျန်တဲ့လူတွေ ခံစားရ တယ်။ ငါတို့ခံရတိုင်း ခမည်းတော်နဲ့ သားတော်တို့လည်း ခံရတယ်”

“အခြားနေ့တွေတုန်းက အကြမ်းဖက်မှုကြောင့် အမျိုးသမီးတွေ တစ်ကမ္ဘာလုံး အတိုင်းအ တာအရ (၁) ရက်ကို (၁ဝဝ) လောက် သေကြတယ်လို့ ဖတ်မိတယ်” လို့ Stellaက ပြော တယ်။

“ငါတော့ ဒီဇယားတွေကို နားမလည်နိုင်ဘူး။ ငါတို့ရဲ့ကယ်တင်ရှင်က ဘယ်လိုလုပ်ပြီး သည်းခံနိုင်တာလဲနော်။ ဒါက ကပ်တိုင်တော်ရဲ့ ပိုလေးနက်တဲ့အခြမ်းပဲ။ ဘုရားဟာ နေ့ တိုင်း အငြင်းခံရ၊ အပယ်ခံရတယ်။ ဝိညာဉ်တော်အားဖြင့်နဲ့ ဘုရားဟာ ပုထုဇဉ်တွေဆီ နေ့တိုင်းရောက်လာပြီး နေ့တိုင်းအငြင်းခံရ၊ အတွန်းခံရတယ်။ ဒါအတော့်ကို နာကျင်မှာ ပဲ”

“ခမည်းတော်ကကော ဘယ်လိုလဲ။ ဒီကိစ္စတွေမှာ သူဘာတွေ အနစ်နာခံခဲ့လဲ”

“ငါလည်း အဲဒါပဲစဉ်းစားနေတာ။ ငါတို့ရဲ့ ခမည်းတော်ဘုရားက ငါတို့အတွက် သူ့ရဲ့သား တော်ကိုတောင် လှူခဲ့တယ်။ သူ့ရဲ့သားတော်ကို လူသားတွေ ဘယ်လိုဆက်ဆံကြလည်း ဆိုတာ နေ့တိုင်းကြည့်နေမှာပဲ။ ဒါက သူ့အတွက် အတော်နာမှာ”

Stella က “ငါတို့က ခမည်းတော်ရဲ့အဖြစ်ကို မတွေးပေးဖူးကြဘူး” တဲ့။

“ဘုရားနည်းနာက အပြစ်စဝင်ကတည်းက ဘုရားဘယ်လောက်ခံစားရလဲဆိုတာ ပြထားတယ်။ ဒီအကြောင်း အမှန်ပဲလားဘုရား။  ခင်ဗျားဟာ နေ့တိုင်း အသတ်ခံရသလိုပါပဲ။ ဒီလိုဒုက္ခကို  ဘယ်လိုရင်ဆိုင်နိုင်ရတာလဲ။  ကျွန်တော်လည်း ဥယျာဉ်တော်ထဲက တပည့်တော်တွေလိုပဲ ကိုယ်တော်ဟာ အပြစ်ဝန်ကိုထမ်းပြီး ညည်းတွားသံကို ရှူရသလို တွေ့ရပါတယ်။ ခင်ဗျား ဒါတွေခံစားနေချိန်မှာ ကျွန်တော်ဟာ အိပ်နေတယ်လို့ ခံစားရပါတယ်” လို့ Maatan ဝမ်းနည်းနည်းနဲ့ပြောတယ်။

“ဒါဟာ တကယ်ကောင်းတယ် Maatan, ကပ်တိုင်အကြောင်းနဲ့ပတ်သက်လို့ အမြင်ထူးပဲ။ ဒီလို အနန္တမေတ္တာကို ခမည်းတော်နဲ့ သားတော်ကနေ ပြနေတာကိုး။ သူတို့ရဲ့ စိတ်ရှည်မှု၊ အတ္တမဲ့မှုတွေကို ဉာဏ်မမီပါဘူး”

“ဒီအကြောင်းက ငါ့ကိုမျက်ရည်ကျစေတယ် Stella။  ကပ်တိုင်တော်ဟာ ငါတွေးနိုင်တာထက်ကို ကျယ်ပြန့်တယ်။ ဒီလိုတရားထူးမျိုး ငါတို့မကြားခဲ့ဖူးဘူး။ အလွန်မြတ်တဲ့ တရားတော်ပါပဲ။ ဒီတရားက  လောကကို မစွဲမက်စေတော့ဘူး။  ခမည်းတော်နဲ့ သားတော်တို့ရဲ့ ဒုက္ခကို အဆုံးသတ်ဖို့ ငါတို့က ကမ္ဘာတစ်ဝှမ်း သာသနာပြန့်ရမှာဖြစ်တယ်။  ဒီတရားရှိနေတာကို ငါတို့ကဘာလို့ ကိုယ့်ကိုလေသာနောက်ကို လိုက်နေကြတာလဲ”

“ဘုရားသခင်၊ ကပ်တိုင်တော်နဲ့ ကိုယ်တော့်ပေးဆပ်မှုအကြောင်း သတိကပ်နိုင်ဖို့ မစပါ။ ကျွန်တော်တို့ဟာ အပြစ်ထပ်လုပ်ခြင်းဖြင့် ကိုယ်တော့်ကို ဒုက္ခထပ်မပေးဖို့ ကျမ်းစာလာအတိုင်း မစတော်မူပါ။   ။

> “ရွေ့လျော့ဖောက်ပြန်သောသူတို့သည်၊   မိမိတို့တွင်  ဘုရားသခင်၏ သားတော်ကို လက်ဝါးကပ်တိုင်မှာ ကွပ်မျက်၍ အသရေတော်ကို ရှုတ်ချသောသူဖြစ်သောကြောင့်၊ နောက်တစ်ဖန် နောင်တရအံ့သောငှာ အသစ်ပြုပြင်ခြင်းသို့ မရောက်နိုင်ကြ။” - ဟေဗြဲဩဝါဒစာ ၆:၆

“ကိုယ်တော့်ကို အရှင်လတ်လတ် ကံကြီးကျူးလွန်ပြီး အရှက်မပေးလိုပါဘူး။  ဒီကပ်တိုင်တော်အကြောင်းနဲ့ နိုင်ငံတော်အကြောင်း တစ်ကမ္ဘာလုံး ပြန့်ပါစေ။ ဒီအကြောင်းဟာ

ကျွန်တော်တို့ သိထားတာထက် ပိုလေးနက်မှာပါ။ အဖဘုရား ကျွန်တော့်သားတွေ (၁) နာရီလောက်ခံရရင်တောင် ကျွန်တော်ဘယ်လိုနေမလဲလို့ တွေးဖြစ်ပါတယ်။ ကိုယ်တော့် သားတော်ဟာ နေ့တိုင်း ဒုက္ခခံနေပါတယ်။ ဒါဟာ ကိုယ်တော့်အတွက် အတော်နာမှာပါ။ ကျွန်တော် ဘယ်လိုတုံ့ပြန်ရမယ်ဆိုတာတောင် မသိတော့ပါဘူး။ သခင်ယေရှုဘုရား ကျွန်တော်တို့ ဘယ်လိုတုံ့ပြန်ရမှာပါလဲ”

ဒီလိုနဲ့ တစ်နာရီလောက် ငါနဲ့အတူရှုကြည့်ပါလား။ ငါ့ရဲ့မေတ္တာတော်မှာ ခိုလှုံတဲ့အတိုင်း ငါနဲ့အတူလျှောက်ဖို့ ကရုဏာတော်ကို တောင်းပါလား။ ဒီလိုဆို ငါနဲ့တူလာမှာပေါ့လို့ အတွေးဝင်လာတယ်။

“ဘုရားသခင်၊ ကပ်တိုင်တော်ရဲ့လေးနက်မှု၊ ကပ်တိုင်တော်မှာ ခင်ဗျားနဲ့အတူ လိုက်ခံစားတဲ့ ခမည်းတော်ရဲ့ ခံစားမှုတွေကို အမှန်အမှန်အတိုင်း မြင်တတ်ဖို့ မစပါ။ ကိုယ်တော့်ရဲ့ ခံစားမှုအများစုကို ကျွန်တော်တို့ မမြင်နိုင်ပါ။ ကျွန်တော်တို့က ဝှက်ထားပြီး ဘာမှမဖြစ်၊ မရှိသလို နေကြပါတယ်။ ကိုယ်တော့်အပေါ် ကျွန်တော်တို့ရဲ့ ပြုမူပုံအတွက် ကျွန်တော်တို့ကို ခွင့်လွှတ်တော်မူပါ။ ကျွန်တော်တို့လည်း ကိုယ့်ကပ်တိုင်ကိုထမ်းပြီး ကိုယ်တော်နဲ့ အတူ လျှောက်ပါ့မယ်။ ယေရှုနာမ၌ ဆုတောင်းပါတယ်။ အာမင်”

# အခန်း ၄၇
# နက်နဲတဲ့မေးခွန်းတွေ

"အဖေရေ သား 'ထာဝရလိုအင် သက်တော်စဉ်' *(The Desire of Ages)*[19] အသံစာအုပ်ကို နားထောင်နေခဲ့တာ၊ သားကြိုက်တယ်"

"ကောင်းတယ် Chi, ခမည်းတော်ဟာ ဘယ်လိုမျိုးလည်းဆိုတာကို လာချပြချင်တဲ့ ယေရှုရဲ့မေတ္တာအကြောင်း သိရတာက မြတ်တယ်မဟုတ်လား။ သူက မေတ္တာ၊ ခန္တီ၊ အကြင်နာတရားတွေကိုပြတာ"

"သားလည်း အဲလိုတကယ်ဖြစ်ချင်တယ်" လို့ Chi က ပြောတယ်။

"ဘုရားကောင်းချီးပေးပါစေ သားရေ။ ယေရှုဆိုတာ ဖေဖေကသားကိုပေးနိုင်တဲ့ အကောင်းဆုံးလက်ဆောင်ပဲ။ ယေရှုဟာ ခမည်းတော်ဆီရောက်နိုင်မယ့် တစ်ခုတည်းသောလမ်းပဲ"

"သားမှာ မေးစရာရှိတယ် ဖေဖေ" "ကျမ်းစာထဲကမေးတာကို ဖေဖေကြိုက်တယ်"

"မိဘတွေကိုကျိန်တဲ့ သားသမီးကို မောရှေကဘာလို့ သေစေလို့ အမိန့်ပေးတာလဲ"

Maatan လည်း ကျောစိမ့်သွားပြီး "ဘယ်ကျမ်းမှာရှိလဲ Chi" တဲ့။

> "မိဘကိုကျိန်ဆဲသောသူသည် အသေသတ်ခြင်းကို အမှန်ခံရမည်။" - ထွက်မြောက်ရာကျမ်း ၂၁:၁၇

Maatan တစ်ချက်စဉ်းစားလိုက်တယ်။ *ငါဘယ်လိုဖြေရမလဲ။ အဖဘုရား ကျွန်တော့်ကို လမ်းပြပါ။ ဆုတောင်းပါတယ်။*

---

[19] Fatheroflove.info/book/view/desire-of-Ages

"အဖေထင်တာတော့ သူတို့မိဘတွေကို မရှိသေတဲ့လူတွေ ဒုက္ခတွေ့မယ်လို့ ပြောတာ နေမှာ"

"ဒီမှာ သေစေလို့ပြောတယ်လေ။ ဒါက ပိုပြင်းတယ်မဟုတ်လား"

"မှန်တယ် Chi။ ဒါက မပြင်းပါဘူး။ ဒီအကြောင်း ဖေဖေလေ့လာဦးမယ်။ ဖေဖေတို့ရဲ့ ခမည်းတော်က ဖေဖေတို့ကို ချစ်ပါတယ်။ ဖေဖေတို့ကို ဘာမှမနာစေချင်ပါဘူး။ အခုတလော အကြောင်းသစ်တွေ အများကြီး ထပ်သိရပြီးတာတွေကို နှီးနှောဖြစ်တဲ့အခါ သားကို ရှင်းပြနိုင်မှာပါ။ ဒီအကြောင်းတွေကို ဖေဖေသိတယ်လို့ မှတ်ခဲ့ဖူးပါတယ်။ ဒါပေမယ့် ပိုသေချာသွားအောင် လေ့လာဦးမယ်"

"ကျေးဇူးပါ ဖေဖေ။ ကျမ်းစာထဲမှာ သားကိုဒုက္ခပေးတဲ့အကြောင်း တစ်ခုရှိသေးတယ်"

"တစ်ခုပဲလား Chi, ဖေဖေ့မှာတော့ မသိတာအများကြီးပဲ။ ပြောပါဦး ဘာအကြောင်းများလဲ"

"ရှောလုကို အာမလက်တစ်မျိုးလုံးကို သတ်ခိုင်းတဲ့အကြောင်းပါ။ ကျမ်းစာမှာ ဒီလိုလာတယ်။ ။"

> "ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူသည်ကား၊ အဲဂုတ္တုပြည်မှ ထွက်လာသော ဣသရေလအမျိုး၌၊ အာမလက်အမျိုးပြုသော ဆီးတားခြင်းအမှုကို ငါမှတ်လျက်ရှိ၏။ ယခုသွား၍ ထိုအမျိုးကိုလုပ်ကြံလော့။ နှမြောခြင်းမရှိဘဲ၊ ရှင်းရှင်းဖျက်ဆီး၍၊ ယောကျ်ား၊ မိန်းမ၊ သူငယ်၊ နို့စို့မှစ၍၊ သိုး၊ နွား၊ ကုလားအုတ်၊ မြည်းတို့ကိုသတ်လော့ဟု ရှောလုအား ဆင့်ဆို၏။" - ဓမ္မရာဇဝင်ပထမစောင် ၁၅:၂၊ ၃

"ဒီအကြောင်း နားလည်ရခက်တယ်။ အထူးသဖြင့် (၁) နှစ်သားအရွယ်တွေနဲ့ ပတ်သက်လို့ပေါ့။ ဘုရားက ဘာကြောင့် သူတို့ကို သေစေရတာလဲ။ ဒီအကြောင်း ကျမ်းအနက်ပြန်စာအုပ်အချို့ ဖတ်ဖြစ်တယ်။ လူတွေကဆိုးတယ်။ ဘုရားကို စောဒကတက်ရအောင် လူ

သားတွေဟာ ဘာမို့လိုလဲလို့ပဲ ရှင်းထားတယ်။ သားလည်းမေးကြည့်တယ်။ သားအတွက် ဘာမှအဓိပ္ပာယ်မရှိဘူး”

“သားဒီလို အမှန်အတိုင်းဖြေတာကို ကြိုက်တယ်။ အခု ဆုတောင်းမယ်လေ။ ဘုရားက ငါတို့ကိုချစ်တော့ ငါတို့က စိတ်အကြွင်းမဲ့နဲ့ တရားရှာရင် အဖြေတွေ့မှာပါ”

“ကောင်းပြီ ဖေဖေ။ သားသဘောကျတယ်”

“ကောင်းကင်ဘုံမှာရှိတဲ့ ဘုရား၊ ကျွန်တော်တို့ဉာဏ်နုံ့တဲ့အခါ ကိုယ်တော်က ဉာဏ်ပေးမယ်လို့ ကတိပေးထားပါတယ်။ ကျွန်တော်တို့မှာ ဒီအကြောင်းတွေ နားလည်ဖို့လိုနေပါတယ်။ အရင်တုန်းကတော့ ဒီအကြောင်းတွေ ကျွန်တော်သိတယ်လို့ မှတ်ခဲ့တယ်။ အခုတော့ ကိုယ့်ကိုယ်ကို မသေချာတော့ဘူး။ အလင်းပေးဖို့ ဆုတောင်းပါတယ်။ ယေရှုနာမဉ္စ ဆုတောင်းပါတယ်။ အာမင်”

အတွေးတစ်ခု Maatan ဆီဝင်လာတယ်။ “Judith Shaft ဆီကရတဲ့ စာအုပ်ထဲကအကြောင်း ဖေဖေသတိရပြီ။ အကြောင်းကတော့ ရှင်ယောဟန် ခရစ်ဝင်ထဲမှာ ယေရှုက ဖိလိပ္ပုကို မိန့်တဲ့စကားပဲ။ ။

> “ယေရှုက၊ ဖိလိပ္ပု၊ ဤမျှကာလပတ်လုံး ငါသည်သင်တို့နှင့်အတူရှိပြီးမှ သင်သည် ငါ့ကို မသိသေးသလော။ ငါ့ကိုမြင်သောသူသည် ခမည်းတော်ကိုမြင်၏။ သို့ဖြစ်လျှင်၊ ခမည်းတော်ကို အကျွန်ုပ်တို့အား ပြတော်မူပါဟု သင်သည်အဘယ်သို့ ဆိုရသနည်း။” - ရှင်ယောဟန်ခရစ်ဝင် ၁၄:၉

“ယေရှုဘုရား ဒီကမ္ဘာမှာ လာပွင့်ခဲ့တုန်းက သူက ခမည်းတော်ဘုရားကို လာပြတာလို့ မိန့်ခဲ့တယ်။ အဲဒါကြောင့် ခမည်းတော်ဘုရားဟာ ခရစ်ဝင်ကျမ်းထဲက ယေရှုအတိုင်းပဲဖြစ်ရမယ် ဆိုတဲ့သဘောပဲ။ ယေရှုက တစ်ယောက်ယောက်ကို သတ်ခဲ့လား”

“မသတ်ခဲ့ပါဘူး ဖေဖေ”

“ဒါက အဓိက သဲလွန်စလိုပါပဲ။ ဒီစာအုပ်ကနေ နောက်တစ်ခု ထပ်တွေ့တာကတော့ ပညတ်တော် (၁၀) ပါး အကြောင်းပဲ။ ငါတို့ဟာ မသတ်ရဘူးဆိုတာနဲ့ ယေရှုက ငါသည် ခမည်းတော်ရဲ့ပညတ်ကိုစောင့်တယ် ဆိုတဲ့အကြောင်း ပြောထားတယ်။ ဒီနှစ်ခုကို ဖေဖေ စလေ့လာရင် ကောင်းမယ်ထင်တယ်။ အချိန်တော့ ပေးရမှာပဲ။ ဘုရားကူညီမယ်ဆိုတာ ဖေဖေသိတယ်။ ဒီအကြောင်းက မဏ္ဍိုင်ငါးတိုင်ရဲ့ နောက်ဆုံးမဏ္ဍိုင်ပဲ။ ဒါကြောင့် သားရဲ့ မေးခွန်းက သိပ်ကိုက်တာပဲ။ သားလည်း ဘာတွေ့နိုင်မလဲဆိုတာ ကျမ်းစာ ကူလေ့လာ ပေးမယ်လို့ မျှော်လင့်ပါတယ်”

“သားကြိုးစားပါ့မယ် ဖေဖေ။ ဖေဖေ့ရဲ့ဝက်(ဘ်)ဆိုက်မှာ ဝင်ကူချင်ပါတယ်။ သားလည်း အကြောင်းထူးတွေ ရှာနေတာပါ”

“ကျေးဇူးပဲ Chi, ဖေဖေ ဒါမျိုးသဘောကျတယ်”

# အခန်း ၄၈
# သန်းခေါင်ယံကြွေးကြော်သံ

“Stella ရေ Donald Trump က  သမ္မတဝင်ပြိုင်မယ်တဲ့။  ဒီကိစ္စ စိတ်ဝင်စားဖို့ ကောင်းလာပြီ။  ဇာတ်ဆရာတွေ  သူ့ကိုဘယ်လိုလုပ်မလဲ မသိဘူး။  သူကတော့ စိတ်ရှိအတိုင်း ပြောရဲတဲ့လူပဲ။”

“သက်က သူ့အကြောင်း သိပ်မသိဘူး Maatan”

“အေးပါ။ ဘာရှိသေးလဲ... US  အထက်လွှတ်တော်က  လိင်တူလက်ထပ်ခွင့်  ပြုလိုက်ပြီတဲ့။ ငါတို့တော့ နယ်ပယ်စိမ်းထဲ ဝင်နေပြီ”

“ဒီအကြောင်း ငါတို့ဘယ်လိုရင်ဆိုင်ခဲ့ရလဲ ငါတို့သိတယ်။  အခုရော နင်ဘယ်လိုမြင်လဲ”

“ငါတော့ ဘုရားနည်းနာပဲ  တွေးဖြစ်တယ်။   ကျား (၂) ယောက်၊  မ (၂) ယောက်က ရင်းမြစ်နဲ့လမ်းကြောဖြစ်ဖို့  ဘယ်လောက်လွယ်လို့လဲ။  ရင်းမြစ်-ရင်းမြစ် ဖြစ်ဖို့ပဲများတယ်။ ဒါက ရင်းမြစ်၊ ရင်းမြစ်၊  ကုသိုလ်အလုပ်ကို ဦးတည်တယ်။  ဒီလိုမျိုးမှာက လူတွေ အေးချမ်းခြင်းအစစ်အမှန်  ရကြတာမျိုး  ငါမတွေ့ဖူးဘူး.. ။ လူတွေက ရင်းမြစ်-ရင်းမြစ် ဘုရားကို ကိုးကွယ်ကြတာ။ ဒါက ဘာမှထွေထွေထူးထူး မရှိပါဘူး။ အလိုလိုဖြစ်လာတဲ့ သဘောပဲ”

“ကျွန်မတော့ ဒီလိုမျိုးဘက်ကနေ မတွေးဖြစ်ဖူးဘူး” လို့ Stella ကပြောတယ်။

“ငါတော့ ပြက္ခဒိန်အကြောင်းမှာ   နစ်နေတာ” Frank King ငါ့ဆီပို့တဲ့စာတွေ တော်တော်ကောင်းတယ်။ ရှေးဦးမျော်လင့်ခြင်း   အသင်းသားတွေ William Miller ဟောတဲ့ အောက်တိုဘာလ ၂၂, ၁၈၄၄ မှာ   ကမ္ဘာကုန်ဆုံးမယ့်တရားကို   သူတို့က အချိန်တွက်တာမှန်ပေမယ့် အယူမှားသွားကြတာကို နင်သိတယ်မဟုတ်လား”

“အင်း သတိရတယ်။ William Miller က နေ့ကို အတည်ယူတဲ့သူ တစ်ယောက်ပဲ။ သူတို့ရဲ့တရား တော်တော်ပြန့်ခဲ့ပြီး အများကြီးကလည်း တရားရကြတယ်”

“တွက်ချက်မှုကတော့ Joshua Himes ကိုမှီပြီး Samuel Snow က တွက်ခဲ့တာ။ Snow က အပြစ်ဖြေရာနေ့ဟာ ၁၈၄၄ မှာ ဂျူးဆရာကြီးတွေပြောတဲ့ စက်တင်ဘာလမဟုတ်ဘဲ အောက်တိုဘာလမှာ ကျမယ်လို့ တွက်ခဲ့တယ်။ ဒီလိုတွက်တာက တွက်နည်းကွဲလို့ပဲ။ ဂျူးဆရာကြီးတွေက တွက်နည်းပြောင်းခဲ့ရတာက ဧကရာဇ် Constantine ကတွက်နည်းဟောင်း ဆက်သုံးမှာလား၊ အသစ်ရွေးမှာလားလို့ မိန့်ခဲ့လို့ပဲ။ ဒီလိုနဲ့ vernal equinox နည်းကို သုံးကြတာဖြစ်တယ်။”

“အဲဒါက ဘာကိုဆိုလိုတာလဲ။ Constantine က မူရင်းနည်းကို ဘာလို့မကြိုက်ရတာလဲ” လို့ Stella ကမေးတယ်။

“အခုသုံးတဲ့ vernal equinox ဆိုတာက နေ့တာညတာ ရှည်တာချင်းတူတဲ့ အချိန်ကိုယူတာ။ ဒါက မတ်လ ၂၁ ရက်နေ့မှာ ဖြစ်တယ်။ ဂျူးဆရာကြီးတွေက vernal equinox ဖြစ်ပြီး ပထမဆုံးလဆန်းရက်ကို နှစ်သစ်ကူးနေ့လို့ သတ်မှတ်ကြတယ်။ Samuel Snow က ဒါဟာ ကျမ်းစာနည်းမဟုတ်ဘူး။ Abib ဘာလီနည်း သုံးရမှာလို့ ပြောတယ်။ အဓိပ္ပာယ်က ဂျူးတွေက မတ်လမဆန်းခင် ဘာလီတွေရင့်ပြီလား သွားကြည့်ရတဲ့ သဘောပဲ။ အဲဒါကို Abib လို့ခေါ်ကြတယ်။ တကယ်လို့ မတ်လမှာ မမှည့်သေးရင် ဧပြီလမှာတော့မှည့်ပြီ။ ဒီနည်းကို မောရှေပညတ် (Torah) ကို တစ်သဝေမသိမ်းစောင့်တဲ့ Karaite ဂျူးတွေကသုံးတာ။ Talmud ကို မလိုက်ဘူး။ သူတို့က Talmud ဟာ Torah ကိုထပ်ဖြည့်တဲ့ လူ့ဉာဏ်ကွန့်ကျမ်းလို့ မှတ်ကြတာ”

“ကနဦး ခရစ်ယာန်အားလုံး ပသခါပွဲကို စောင့်ခဲ့ကြတယ်။ ဒါကိုစောင့်နိုင်ဖို့ Abib နိယာမကို သုံးရတယ်။ ဒီတွက်နည်းက ယုဒဘာသာနဲ့ တိုရကျမ်းကို ချိတ်ထားလို့ Constantine က ဒီနည်းကိုမုန်းခဲ့တာ။ သူက ခရစ်ယာန်ဘာသာကို ကမ္ဘာသုံးဖြစ်စေချင်လို့ သာသနာ

ကို အာဏာစက်နဲ့ထိန်းခဲ့တာ။ အဲဒါကို စနေဥပုသ်နဲ့ ပသခါပွဲကို တနင်္ဂနွေနေ့နဲ့ အီစတာပွဲလို့ ပြောင်းလိုက်တဲ့အဖြစ်မှာ တွေ့နိုင်တယ်”

“Samuel Snow က အပြစ်ဖြေရာနေ့ကြီးကို ကျမ်းစာအတိုင်း စောင့်ချင်ရင် Abib တွက်နည်း သုံးရမယ်လို့ပြောပြီး ဒီလိုနဲ့ အောက်တိုဘာလ ၂၂ ရက်၊ ၁၈၄၄ နေ့လို့ အဖြေရတာ။ အဲဒါကို သန်းခေါင်ယံကြွေးကြော်သံလို့ ခေါ်ရတာက သူ အဲဒီအကြောင်း ထပြောတဲ့အချိန်ကို အစွဲပြုတာပါ”

“ငါတော့ Frank က Snow ရဲ့နည်းကိုလိုက်တာ မှန်တယ်လို့မှတ်တယ်။ ကနဦး မျှော်လင့်ခြင်း အသင်းသားတွေ အချိန်အမှန်ကိုသိဖို့ ဘုရားကလမ်းပြတယ်လို့ မှတ်တယ်။ ဒါကို ငါတို့လည်း သုံးရမယ်လို့ မှတ်တယ်” လို့ Maatan ကပြောတယ်။

“အင်း၊ ရှင့်စကားကို ယုံလိုက်မယ်။ ရှင် အကောင်းဆုံးလမ်းကို လျှောက်နိုင်ဖို့ ဘုရားဆီ ဆုပန်ပေးပါတယ်” လို့ Stella က ပြန်ပြောတယ်။

“Karaite ဂျူးတွေ မှန်ရမယ်လို့ ငါတွေးဖြစ်တာက ဓမ္မဟောင်းကျမ်းကို သူတို့အနက်ပြန်ပုံ ကြောင့်ပါ။ သူတို့က ဘုရားနည်းနာအတိုင်း စာလုံး စာလုံးအတိုင်း အရင်ရှုမှတ်ပြီး အဓိပ္ပာယ်မပေါ်တော့မှ အတွေးအခေါ်ကို သုံးတာ။ Miller အဖွဲ့တွေလည်း ဒီလိုပဲ... ဒါကနည်းနည်းတော့ ငြီးငွေ့ဖို့ကောင်းမှန်း သိပါတယ်။ ဒါပေမယ့်လည်း သမ္မာတရားနောက်ကို အတတ်နိုင်ဆုံးတော့ လိုက်ချင်တယ်”

“ရှင့်လိုအင် မှန်သမျှ ဘုရားဖြည့်ဆည်းပေးပါစေ” လို့ Stella က ဆုပေးတယ်။

# အခန်း ၄၉
# ကောင်းကင်မှ အသက်မုန့်

Maatan ဝေမျှတဲ့ ဘုရားနည်းနိသရည်းနဲ့ အခါကြီးပွဲအကြောင်း လေ့လာကြဖို့ လူအတော်များများ ဗုဒ္ဓဟူးညတိုင်း လာစုကြတယ်။ Craig Ellison, Edward Judson, Gavin Davidson, Colin Nixon တို့ Eric, Tony တို့ရောပဲ။ Paul Ireland ဆိုတဲ့လူလည်း Maatan ရဲ့ တရားကို စိတ်ဝင်စားပြီး သူ့အိမ်ကို သုံးခွင့်ပြုခဲ့တယ်။ Paul ရဲ့မိန်းမက Maatan ကို “ငါတို့အိမ်မှာ ညတိုင်းနီးနှောနိုင်တယ်။ သကေနေပွဲလည်း လုပ်လို့ရတယ်” လို့ပြောတယ်။

“ဒါတကယ်ကောင်းတဲ့ အစီအစဉ်ပဲ Diane။ ကျွန်တော် တရားပြချင်တာ အများကြီးရှိတယ်။ အာရုံ(၅)ပါး မာယာကျော့ကွင်းကနေ လွတ်ဖို့က တော်တော်သွားရမှာ။ ဒီမုသားစနစ်က ခမည်းတော်နဲ့သားတော်ကို အတော်မထီနေတာ။ ကျွန်တော်တို့က ဒီမြုံးထဲ ဘယ်လောက်တောင် ပိတ်မိနေလဲလို့ စဉ်းစားဖြစ်တဲ့အခါ တုန်လှုပ်မိတယ်။ အဲလိုမျိုးကနေ ရုန်းထွက်ဖို့ အလင်းပြခံရတာက တကယ်ကိုထူးဆန်းတယ်” လို့ Maatan က အဝေးကိုငေးရင်း ပြောတယ်။

သကေနေပွဲမရောက်ခင် အခါကြီးပွဲတွေက ဥပုသ်ကို ဘယ်လိုအကျယ်ပြလဲဆိုတာကို Maatan က လေ့လာခဲ့တယ်။ အခါကြီးပွဲတွေက ဘယ်လိုနဲ့ ဥပုသ်ရဲ့ဘုန်းရောင်တော် ဖြစ်ရတာလဲ။

* * * * *

“မှန်းစမ်း Stella!”Claude Hudson, Frank King, James Counsellor တို့ အားလုံး သကေနေပွဲတော် နွှဲမယ်တဲ့။ James လည်းလာမယ်ဆိုတော့ ငါ အရမ်းဝမ်းသာတယ်။ သူက ဒီပွဲအကြောင်း ဒွိဟဖြစ်နေတာ”

Stella လည်း “ကောင်းတာပေါ့ Maatan, လူများတော့ ကောင်းတာပေါ့” တဲ့။

ဒီလိုနဲ့ ပွဲနေ့ရောက်ပါပြီ။  ဒီ သကေနေပွဲမှာ Maatan က  သူ့အမြင်ကို  ပွဲလာသူတွေဆီ ချပြတယ်။

"ကျွန်တော် Tony, Eric တို့ဆီ  သွားခဲ့တုန်းက  ကျွန်တော့်စိတ်ထဲပေါ်တာကို  ခင်ဗျားတို့ဆီ ချပြချင်တယ်။ ယေရှုဟာ  ခမည်းတော်ရဲ့ ဘုန်းရောင်တော်၊ အခါကြီးပွဲတွေက ဥပုသ်ရဲ့ ဘုန်းရောင်တော်ဖြစ်တယ်လို့  ကျွန်တော်  ဝိတက်ဖြစ်ခဲ့တယ်။ ခမည်းတော်နဲ့ သားတော်ဖြစ်တည်ပုံဟာ ကျွန်တော်တို့လို လိင်ကွဲရမယ်လို့ မဆိုလိုဘဲ ကျမ်းစာနဲ့ ကျမ်းစာမှာ လာတဲ့အတိုင်းပဲ ပတ်သက်ကြတာ ဆိုတဲ့အတွေးလဲ ဝင်ခဲ့တယ်။"

"ကျမ်းစာဆိုတာ တစ်အုပ်တွဲမဟုတ်ဘူး။  ၆၆ အုပ် ပေါင်းစုထားပြီး ဓမ္မဟောင်း၊ ဓမ္မသစ်ဆိုပြီး အမိကခွဲထားတယ်။ ဒီနှစ်အုပ်ကို ကျွန်တော်တို့ ဘာစံသုံးပြီး ဘယ်လိုတွဲကြမှာလဲ။ ကောင်းပြီ။ ကျွန်တော်က ရင်းမြစ်-ရင်းမြစ် အံပုံစံကိုယူရင် ဓမ္မဟောင်း၊ ဓမ္မသစ် (၂)ကျမ်းစလုံးဟာ ရင်းမြစ်တွေ  ဖြစ်တော့မှာပေါ့။  ရင်းမြစ် (၂) ခုလုံးက  ဘယ်လိုလုပ် (၁) ခု ဖြစ်သွားနိုင်မှာလဲ။ ခမည်းတော်၊ သားတော်  အကြောင်းမှာလည်း ဒီလိုမေးရမှာပဲ။ သူတို့ (၂) ပါး ဘယ်လိုလုပ်ပြီး (၁) ပါး လာဖြစ်မှာလဲ။ ယေရှုက သူနဲ့ခမည်းတော်ဟာ တစ်လုံးတစ်ဝဖြစ်တယ်လို့ မိန့်တယ်လေ။"

"သူတို့ကို (၁) ဖြစ်အောင်  ယူနိုင်တဲ့နည်းတွေ  ရှိပါတယ်။  နှစ်ကိုယ်ကို  တစ်ကိုယ်ဖြစ်အောင် ကျွန်တော်တို့ လုပ်နိုင်တာရှိပါတယ်။   အဲဒါကို သုံးပါးတစ်ဆူမှာ တွေ့ရပါတယ်။ အဲဒီမှာ (၂) ပါးအကြား ကွာခြားမှုကို  ရှာရခက်ရောပဲ။  တစ်ဆုံးပြောရရင် ဘုရားဟာ တူကြတယ်ဆိုတော့ ပြဿနာမရှိပါဘူး"

"အခြားနည်းကတော့ တစ်ပါးကို ပထုတ်ရမယ့်နည်းပဲ။ ဒါက သုံးပါးတစ်ဆူအကြောင်းမှာ လုပ်လို့မရဘူး။ ဒါပေမယ့် ဓမ္မဟောင်း၊ ဓမ္မသစ် (၂) ကျမ်းကိုလည်း ဒီလိုပဲ လုပ်ကြတယ်။ ဓမ္မဟောင်းကို ဓမ္မသစ်နဲ့  လဲလိုက်ကြတယ်။  ဒါက ဓမ္မဟောင်းနဲ့ ဓမ္မသစ်ခြားနားမှုကို ရှာတွေ့ရင် အဟောင်းစွန့်ပြီး အသစ်ကိုသုံးမယ်လို့ ပြောနိုင်ချေရှိတယ်"

"ကျွန်တော့်ယူပုံက မှန်တယ်လို့ ၁ ကော ၈း၆ က ရင်းမြစ်-လမ်းကြောအရ ကျွန်တော် ယုံတယ်။ ခမည်းတော်ဟာ အရာခပ်သိမ်းရဲ့ ရင်းမြစ်ဖြစ်ပြီး သူ့ရဲ့သားတော်ဟာ အရာခပ် သိမ်းရဲ့ လမ်းကြောဖြစ်တယ်။ ရင်းမြစ်နဲ့ လမ်းကြော အတွဲညီလို့ တစ်ဖြစ်နိုင်ပါတယ်။ အဲဒါကြောင့် သူတို့ဟာ တစ်တောထဲမှာ ခြင်္သေ့ (၂) ကောင်နေလို့ ပြဿနာဖြစ်သလိုမျိုး မဖြစ်တော့ဘူး။ ဘုရားရဲ့နိဿယကပဲ အနားယူခြင်းကို ဖြစ်စေတယ်။ ရင်းမြစ်၊ လမ်း ကြော အနားရခြင်း။ ကျွန်တော်တို့က ရင်းမြစ် (၂) ခုရှိတဲ့အခါ ဘယ်ဟာကိုလွှတ်ရမလဲ ဆိုပြီး စိတ်ရှုပ်ရော။ ခရစ်ယာန်ဘုရားကျောင်းတိုင်းမှာ ကျွန်တော်တွေ့တဲ့ အုတ်မြစ် ထောင့်ကျောက်က ရင်းမြစ်၊ ရင်းမြစ်၊ ကုသိုလ်စိုက်ခြင်းပဲ"

"အနားရတာက ရင်းမြစ်၊ လမ်းကြော၊ အနားရဆိုတဲ့ နည်းနိဿယမှာပဲ ရှိတဲ့အတွက် ဥပုသ်ဟာ ဒီပုံစံကနေပဲ ရှိနေရမှာပါ။ အနားရခြင်းက ဘယ်ကမြစ်ဖျားခံတာလဲ"

(ပရိသတ်) : "ယေရှုခရစ်ဆီကပါ"

"ယေရှုခရစ်က ကျွန်တော်တို့ဆီ ဘယ်လိုလာကိန်းလဲ"

(ပရိသတ်) : "သူ့ရဲ့ဝိညာဉ်တော်အားဖြင့်ပါ"

"ဟုတ်တယ်။ သူ့ရဲ့ဝိညာဉ်တော်အားဖြင့်ပဲ။ ခရစ်တော် လာကိန်းကြောင်းပြတဲ့ ကျမ်းစာလာ သင်္ကေတတစ်ခုက ဘာလဲ"

(ပရိသတ်) : "စားပွဲပေါ်က ရှေ့တော်မုန့်အားဖြင့်ပါ"

"မှန်တယ်။ ယေရှုက လူ (၅,၀၀၀) ကို အစာကျွေးပြီးနောက်မှာ သူ့အကြောင်း လာမေးတဲ့လူတွေဆီ သူ့ကိုယ်သူ ဘယ်လိုပြောလဲ။"

(ပရိသတ်) : "အသက်မုန့်ပါ"

"အာမင်။ သူဟာ အသက်မုန့်ပါ။ အခု ကျွန်တော်တို့ ဓမ္မဟောင်းကိုဖတ်ရင် ဗိမာန်တော်မှာ မုန့်ရဲ့ကဏ္ဍက ဘာလဲ"

(ပရိသတ်) : “အစားအစာ၊ ဒါမှမဟုတ် အသားဆွမ်းပါ”

“အခု မေးရအောင်။ ဓမ္မဟောင်းကမုန့်ဟာ ဓမ္မသစ်မှာ အသစ်လဲပြီလား။ ဒါမှမဟုတ် ဓမ္မဟောင်းက မုန့်ဟာ ဓမ္မသစ်မှာ ဆက်ပြီးတော့ ချဲ့လာတာလား”

(ပရိသတ်) : “ချဲ့လာတာပါ”

“ဟုတ်တယ်။ မုန့်ဟာ ဘုရားအံပုံအတွင်း ချဲ့လာတယ်။ အဲဒါကြောင့် တောလည်ရာကျမ်းကိုဖွင့်ပြီး အာဟာရပူဇော်သကာက  မုန့်အကြောင်းကို ကြည့်ရအောင်။ မုန့်ကို နေ့တိုင်း ဘယ်လိုလုပ်ရမယ်လို့မိန့်လဲ ဖတ်ရအောင်”

> “တစ်ဖန် ဆင့်ဆိုရမည်မှာ၊  နေ့တိုင်းအစဉ်အမြဲ  မီးရှို့ရာယဇ်ဖို့၊ အခါလည် အပြစ်မပါသော သိုးသငယ်နှစ်ကောင်ကို ထာဝရဘုရားအား မီးဖြင့်ပူဇော်ရမည်။ နံနက်ယံ၌ သိုးသငယ်တစ်ကောင်၊ ညဦးယံ၌တစ်ကောင်ကို ပူဇော်ရမည်။  သံလွင်သီးကို  ထောင်း၍ရသော သံလွင်ဆီ သုံးလောဃနှင့်ရောသော  မုန့်ညက်တစ်ဩမဲကိုလည်း  ပူဇော်ရမည်။ ဤရွေ့ကား၊ သိနာတောင်ပေါ်မှာ စီရင်တော်မူသည်အတိုင်း၊ ထာဝရဘုရားအဖို့ မွှေးကြိုင်သောအနံ့နှင့် မီးဖြင့်ပြုသောပူဇော်သကာ၊ အစဉ်အမြဲပြုရသော မီးရှို့ရာယဇ်ဖြစ်သတည်း။” - တောလည်ရာကျမ်း ၂၈:၃-၆

“အခု လူငယ်တစ်ယောက်အနေနဲ့ ဒီကျမ်းချက်ကို ဖတ်တဲ့အခါ စိတ်ထွေနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့  ယေရှုက  ကပ်တိုင်မှာ  ရိုက်ခဲ့ပြီးပြီဆိုတော့  ဒီပြဋ္ဌာန်းတာတွေက အဓိပ္ပာယ်မရှိဘူးလို့  ကျွန်တော်စဉ်းစားမယ်။  အဲဒါကြောင့်  ကျွန်တော့်ကို  ကျွန်တော် “Maatan ဒါတွေအားလုံးက ယေရှုနဲ့ သူ့ရဲ့စတေးမှုကို ညွှန်းတာပါ၊ ဆက်သာသွားပါ” လို့ ပြောဖြစ်တယ်။ ဒါပေမယ့် ကျွန်တော်က ဒါ ဘာလဲဆိုတာ ခရေစေ့တွင်းကျ မမေးဖူးဘူး။ အချိန်တိုင်းမှာ အချင်အတွယ် မတူတာကရော အဓိပ္ပာယ်ရှိကြလား”

“တစ်ရက်စီအတွက် အချင်အတွယ်ကို ကြည့်လိုက်ရင် ဒီလိုရတယ်ဆိုပြီး Maatan က ပိတ်ကားနဲ့ရှင်းပြတယ်။ ။”

| **ပူဇော်** | **ယဇ်ကောင်** | **မုန့်ညက် အချိန်ပေါင်း** | **ဆီ အချိန်ပေါင်း** |
|---|---|---|---|
| **နေ့ တိုင်း** | သိုးငယ် (၂) ကောင် - မနက် တစ်ကောင် ညနေ တစ်ကောင် **စုစုပေါင်း = ၂ ကောင်** | မုန့်ညက် ၁.၄ ကီလို x ၂ မနက်နဲ့ညနေ အတွက် **စုစုပေါင်း = ၂.၈ ကီလို** | ဝ.၉ လီတာ x ၂ မနက်နဲ့ညနေ **စုစုပေါင်း = ၁.၈ လီတာ** |

“မုန့်ညက်နဲ့ဆီကို တဆေးမပါတဲ့မုန့် လုပ်ဖို့သုံးတယ်။ ဒီမုန့်ဟာ သခင်ခရစ်တော်ကို ပုံဆောင်တယ်။ ဥပုသ်နေ့မှာ ဘာဖြစ်ပျက်သလဲဆိုတာက စိတ်ဝင်စားဖို့ကောင်းတယ်။ အဲဒါနဲ့ပတ်သက်တဲ့ ကျမ်းချက် လေ့လာရအောင်။ ။

“နေ့တိုင်းအစဉ်ပူဇော်သော မီးရှို့ရာယဇ်၊ သွန်းလောင်းရာ ပူဇော်သကာမှတစ်ပါး၊ ဥပုသ်နေ့ရက်၌ အခါလည်အပြစ်မပါသော သိုးသငယ်နှစ်ကောင်ကိုလည်းကောင်း၊ သွန်းလောင်းရာပူဇော်သကာပါလျက်၊ ဘောဇဉ်ပူဇော်သကာဖို့ ဆီရောသောမုန့်ညက် နှစ်သြမဲကိုလည်းကောင်းပူဇော်ရမည်။” - တောလည်ရာကျမ်း ၂၈:၉၊ ၁၀

“ဥပုသ်နေ့ကျရင် နေ့တိုင်းပူဇော်တာထက် အပိုဆောင်း ပူဇော်ရတယ်။ <u>နေ့စဉ်ပူဇော်တာထက် ဥပုသ်နေ့ကျ (၂) ဆ ပူဇော်တယ်</u>။ ဒီလိုရတယ်။ ။

| **ပူဇော်** | **ယဇ်ကောင်** | **မုန့်ညက် အချိန်ပေါင်း** | **ဆီ အချိန်ပေါင်း** |
|---|---|---|---|
| **နေ့တိုင်း** - သိုးငယ် မနက် (၁) ကောင် ညနေ (၁) ကောင် | သိုးငယ် (၂) ကောင် - **စုစုပေါင်း = ၂ ကောင်** | မုန့်ညက် ၁.၄ ကီလို x ၂ **စုစုပေါင်း = ၂.၈ ကီလို** | ဝ.၉ လီတာ x ၂ **စုစုပေါင်း = ၁.၈ လီတာ** |
| **ဥပုသ်နေ့** | သိုး (၂) ကောင် + နေ့တိုင်း ပူဇော်တဲ့ (၂) ကောင် **စုစုပေါင်း = ၄ ကောင်** | ၂.၈ ကီလို + နေ့တိုင်းပူဇော်တဲ့ ၂.၈ ကီလို **စုစုပေါင်း = ၅.၆ ကီလို** | ၁.၈ လီတာ + နေ့တိုင်း ပူဇော်တဲ့ ၁.၈ လီတာ **စုစုပေါင်း = ၃.၆ လီတာ** |

"ဥပုသ်နေ့မှာ မုန့်ညက်ကို (၂) ဆတိုးတာတွေ့လား။ မုန့်ဟာ ကျွန်တော်တို့အတွက် ချိုးဖဲ့ခံရတဲ့ ယေရှုကို ပုံဆောင်တယ်။ ဒီအဖြစ်က ယေရှုရဲ့ဝိညာဉ်တော်က ဥပုသ်နေ့မှာ ကျွန်တော်တို့ဆီ ကြွလာတယ်ဆိုတာ ပြတာပါ။ ဝိညာဉ်တော် (၂) ဆကို ပုံဆောင်တယ်"

"ဘာလို့ ဝိညာဉ်တော် (၂) ဆ လောင်းတာလဲ။" ယေရှုဟာ အချစ်ခံ၊ အမြတ်နိုးခံရမှန်းသိပြီး ခမည်းတော်ဆီ နားနေရလို့ပဲ။ ကျွန်တော်တို့ဟာ ခရစ်တော်ဆီမှာနားနေရင် ခရစ်တော်ခံစားရတဲ့အတိုင်း ကျွန်တော်တို့လည်း ခံစားရတယ်။ ဘုရားရဲ့နိယာမဟာ ကျွန်တော့် ဆီမှာလည်း ရှပ်လုံးချဲ့နိုင်တယ်ဆိုတာလဲ စဉ်းစားဦး"

(ပရိသတ်) : “ဘုရားကိုချီးမွမ်းပါတယ်”

“ဘုရားကိုချီးမွမ်းပါတယ်။ ဓမ္မဟောင်းကျမ်းက ခရစ်တော်ဟာ ဥပုသ်နေ့မှာ ကျွန်တော်တို့ဆီ ဘယ်လောက်ထိနီးအောင် ကြွလာကြောင်းကို ပြပါတယ်။ အဲဒါကြောင့် ဥပုသ်ဟာ ဘုရားရဲ့တံဆိပ်တော်ပါ။ ကျွန်တော်တို့ဟာ ဥပုသ်နေ့မှာ တံဆိပ်အခတ်ခံရတာဖြစ်တယ်။ ဒီလိုနည်းနဲ့ ကျွန်တော်တို့ဟာ သူ့ရဲ့သားဖြစ်ကြောင်းကို အခိုင်အမာဆိုပြီး အနားရနိုင်ရတာပါ။ ကျွန်တော်တို့ဟာ ဘုရားရဲ့ချစ်သား၊ ယေရှုအားဖြင့် သူ့ရဲ့သားဖြစ်ကြတာပါ”

(ပရိသတ်) : “ဘုရားကို ချီးမွမ်းပါတယ်”

“ကျွန်တော်တို့ရဲ့ အနားယူမှုကို ကျွန်တော်တို့ ဘာလုပ်ရမှာလဲ။ ကျွန်တော်တို့ဟာ ဆိုးတဲ့လူတွေလေ။ လူဆိုးတွေ အနားမရဘူးလို့ ပြောထားတယ်လေ။ ဒါပေမယ့် သခင်ခရစ်တော်ဆီကနေတော့ သခင်ယေရှုမှာ ရှိတဲ့ဟာတွေကို ကျွန်တော်တို့ ပိုင်နိုင်ပါတယ်။ ဝိညာဉ်တော်ကောင်းချီးတွေအားလုံး သခင်ယေရှုအားဖြင့် ကျွန်တော်တို့ရဲ့အပိုင် ဖြစ်နိုင်ပါတယ်။ ဒီကောင်းချီးတွေဟာ ကျွန်တော်တို့ရဲ့ ကယ်တင်ရှင်ဆီကနေ လာတာဖြစ်လို့ ကမ္ဘာတည်စကတည်းကနေပြီး ရရှိနိုင်ပြီးသားပါ”

(ပရိသတ်) : “ဘုရားကို ချီးမွမ်းပါတယ်”

“ဒါကိုပဲ ဘာမှမဖြစ်လာနိုင်ပါဘူးလို့ ခင်ဗျားထင်ရင် နောက်ထပ်ပူဇော်မှု တစ်ခုကိုကြည့်ပြီး ခမည်းတော်က ကျွန်တော်တို့ကို ကောင်းချီးအားလုံး သွန်းဖြိုးပေးချင်မှန်း နားလည်ကြပါ”

“Tony က ကောင်းကင်ကပြဋ္ဌာန်းချက်တွေ ဘယ်လိုအလုပ်လုပ်၊ ဘယ်လိုပွားလည်းဆိုတာတွေကို ကျွန်တော့်ကို ပြောပြတယ်။ ဖန်ဆင်းရှင်အတွက် ပွားစီးမှု အမြဲရှိပါတယ်။ အဲဒါရဲ့ ဆန့်ကျင်ဘက်ကတော့ စာတန့်နိုင်ငံက ဘုရားနဲ့ပတ်သက်ရင် ဘယ်လိုနုတ်၊ ဘယ်လိုစားနေလဲ ဆိုတဲ့ယန္တရားပဲ။ စာတန်က အကုသိုလ်တွေ ပွားစေပါတယ်။ ဒါပေမယ့် သူ့နယ်အတွင်းမှာပဲ စွာလို့ရတာပါ။”

"လဆန်းတွေ၊ အခါကြီးပွဲတွေကိုကြည့်ရင် ဆတိုးတာတွေပဲ မြင်ရမှာပါ။ လဆန်းမှာ မုန့်တွေ ဘယ်လိုပူဇော်လဲ ကြည့်ရအောင်။"

| **ပူဇော်** | **ယဇ်ကောင်** | **မုန့်ညက် အချိန်ပေါင်း** | **ဆီ အချိန်ပေါင်း** |
|---|---|---|---|
| **နေ့တိုင်း**<br>တော ၂၈း၃-၆<br>သိုး မနက် (၁) ကောင်<br>ညနေ (၁) ကောင် | သိုး (၂) ကောင်<br>**စုစုပေါင်း = ၂ ကောင်** | ၁.၄ ကီလို x ၂<br>**စုစုပေါင်း = ၂.၈ ကီလို** | ၁.၈ လီတာ x ၂<br>**စုစုပေါင်း = ၁.၈ လီတာ** |
| **ဥပုသ်**<br>တော ၂၈း၉၊ ၁၀<br>(ထပ်ပေါင်းနိယာမ) | သိုး (၂) ကောင် +<br>သိုး (၂) ကောင်<br>**စုစုပေါင်း = ၄ ကောင်** | ၂.၈ ကီလို +<br>၂.၈ ကီလို (နေ့တိုင်း)<br>**စုစုပေါင်း = ၅.၆ ကီလို** | ၁.၈ လီတာ +<br>၁.၈ လီတာ<br>**စုစုပေါင်း = ၃.၆ လီတာ** |
| **လဆန်း**<br>တော ၂၈း၁၁-၁၅<br>(ဆပွား နိယာမ) | နွားပျို (၂) ကောင်<br>သိုးထီး (၁) ကောင်<br>သိုးငယ် (၇) ကောင် + | ၄.၂ x ၂ = ၈.၄ ကီလို<br>၂.၈ x ၁ = ၂.၈ ကီလို<br>(၁.၄ x ၇) +<br>(၁.၄ x ၂) = | ၂.၇ x ၂ နွား<br>၁.၈ x ၁ သိုးထီး<br>ဝ.၉ x ၇ သိုးငယ် | |

| | | | |
|---|---|---|---|
| | နေ့တိုင်းပူဇော်တဲ့ အကောင် ဆိတ်ငယ် (၁) ကောင် | ၁၂.၆ ကီလို **စုစုပေါင်း = ၂၃.၈ ကီလို** | ၀.၉ x ၂ နေ့တိုင်း ပူဇော်တဲ့ သိုးငယ် **စုစုပေါင်း = ၁၅.၃လီတာ** |

"ဥပုသ်နေ့မှာ ဝိညာဉ်တော်လက်ဆောင် (၂) ဆ ချပေးပါတယ်။ ဘုရားက အဲဒီလို စီမံပေးတယ်။ လဆန်းမှာတော့ ဘုရားက ဝိညာဉ်တော်လက်ဆောင် (၈) ဆ စီမံပေးတယ်။ ဒါမှမဟုတ် ဥပုသ်နေ့ထက် (၄) ဆ ပေါ့။ အဲဒါကြောင့် ကျွန်တော်တို့ လဆန်းတိုင်း တွေ့ကြရအောင်။ အကြောင်းကတော့ ဘုရားပြဋ္ဌာန်းတဲ့ပွဲ ဖြစ်လို့ပါ။ ကျွန်တော်တို့ရဲ့စိတ်လည်း အနားရတာပေါ့။ အဲဒါကြောင့် ဗျာဒိတ်အခန်းကြီး (၁၂) က အမျိုးသမီးက လမင်းကို ဖဝါးအောက်ထားနိုင်တာပေါ့"

(ပရိသတ်) : "ဘုရားဂုဏ်တော် ချီးမွမ်းပါတယ်"

"တရားနာပရိသတ်တွေ လဆန်းနေ့မှာ ယေရှုရဲ့ဝိညာဉ်တော် ရချင်ကြလား။ ခင်ဗျားတို့ရနိုင်ဖို့ ဘာလုပ်စရာရှိလဲ။ ယုံသာယုံလိုက်ပါ။ ရဲရဲသာလျှောက်လှမ်းပါ။ လဆန်းနေ့မှာရမယ့်ဝိညာဉ်တော်လက်ဆောင်အတွက် ဘုရားကိုချီးမွမ်းပြီး ကျေးဇူးတင်လိုက်ရင် ခင်ဗျားအတွက် ဖြစ်သွားပါပြီ. ။ ဒါပေမယ့် ယေရှုရဲ့ ယုံကြည်ခြင်းကို ရတဲ့လူတွေကပဲ ရမှာနော်"

"အခုဆို ပိုကောင်းလာသေး။ ပသခါပွဲမှာ ခင်ဗျားတို့ရကြမယ့် မုန့်ချိန်ကို ဇယားတွက်ပြမယ်။ လဆန်းရက်ထက် (၇) ဆတောင် ပိုများသေးတယ်။"

| **ပူဇော်** | **ယဇ်ကောင်** | **မုန့်ညက် အချိန်ပေါင်း** | **ဆီ အချိန်ပေါင်း** |
|---|---|---|---|
| **(၇) ရက် အတွက် တဆေးမဲ့ မုန့်** တော ၂၈း၁၇-၂၅ ၇ x လဆန်း | နွားထီး (၁၄) ကောင် သိုးထီး (၇) ကောင် သိုးငယ် (၄၉) ကောင် + နေ့တိုင်း (၁၄) ကောင် + ဥပုသ် (၂) ရက် ဆိတ်ငယ် (၇) ကောင် | ၂၃.၈ ကီလို x (၇) ရက် + ၂.၈ ကီလို (ဥပုသ် အတွက်) **စုစုပေါင်း = ၁၆၉.၄ ကီလို** (နေ့စဉ်ဆွမ်း ထက် ၆၀.၅ ဆ ပိုများ) | ၁၅.၃ လီတာ x ၇ + ဥပုသ်တိုင်းမှာ ၁.၈ လီတာ **စုစုပေါင်း = ၁၀၈.၉ လီတာ** |

"ပသခါပွဲမှာ မုန့်အချိန်က ၁၆၉.၄ ကီလိုဖြစ်တယ်။ ဒါဟာ နေ့တိုင်းလှူတဲ့ ဆွမ်းထက် အဆ (၆၀) ဒါမှမဟုတ် ဥပုသ်ဆွမ်းထက် အဆ (၃၀) ပိုတယ်"

(ပရိသတ်) : "ဘုရားဂုဏ်တော် ချီးမွမ်းပါတယ်။ ဒါကိုယုံပါတယ်၊ လက်ခံတယ်၊ တောင်း ခံတယ်"

"သကေနေတဲတော်ပွဲကို တန်းသွားကြရအောင်။ ဒီပွဲက အခုချိန်မှာ ကယ်တင်ရှင်ဆီက နေ ရနေတဲ့အချိန်ပဲ။ ဒီပွဲမှာ မုန့်ညက်ဘယ်နှစ်ချိန် ရနိုင်လဲ"

| | | | |
|---|---|---|---|
| **သကေနေပွဲ** | နွားထီး (၇၀) | ၂၉၄ | ၂.၇ x ၇၀ |
| တောလည် ၂၉း၁၂-၄၀ | ကောင် | ကီလို | = ၁၈၉ |
| ပထမနေ့ = နွားထီး | သိုးထီး (၁၄) | ၃၉.၂ | လီတာ |
| (၁၃) ကောင် | ကောင် | ကီလို | ၁.၈ x ၁၄ |
| ဒုတိယနေ့ = နွားထီး | သိုးငယ် (၉၈) + | ၁၅၉.၆ | = ၂၅.၂ |
| (၁၂) ကောင် | နေ့တိုင်းအတွ | ကီလို | လီတာ |
| (၇) ရက်နေ့ထိလျော့ = | က် (၁၄) + | **စုစု** | ၀.၉ x |
| (၇) ကောင် | ဥပုသ်အတွက် | **ပေါင်း =** | ၁၁၄ = |
| နေ့တိုင်း = သိုးထီး (၂) | (၂)ကောင် | **၄၉၂.၈** | ၁၀၂.၆ |
| ကောင် x | အပြစ်ဖြေရာ | **ကီလို** | လီတာ |
| သိုးငယ် | ယဇ်အတွက် | | **စုစုပေါင်း** |
| (၁၄) | ဆိတ်ငယ် (၇) | | **= ၃၁၆.၈** |
| ကောင် | ကောင် | | **လီတာ** |

"သကေနေပွဲမှာ မုန့်ချိန်ပေါင်း ၄၉၂.၈ ကီလိုသုံးတယ်။ တံပိုးမှုတ်ပွဲ၊ အပြစ်ဖြေရာနေ့ပွဲတွေပါ ပေါင်းလိုက်ရင် ၅၆၀ ကီလို ရောက်သွားမယ်။ ဒါက ဥပုသ်ဆွမ်းထက် အဆ (၁၀၀)၊ နေ့စဉ်ဆွမ်းထက် အဆ (၂၀၀) ပိုများတယ်"

"အဲဒီမုန့်ကို ခင်ဗျားတို့လိုချင်ကြလား။ အခု ရချင်ကြလား"

(ပရိသတ်) : "အာမင်၊ ရချင်ပါတယ်။ လိုလည်း လိုအပ်ပါတယ်"

ပရိသတ်တစ်ချို့ ရှေ့ထွက်လာတယ်။ Maatan လည်း သူတို့ကိုယ်သူတို့ ဘုရားသားသမီးဖြစ်ကြောင်း သိကြပြီး ဝိညာဉ်တော်သွန်းဖြိုးပေးတဲ့အတွက် ကျေးဇူးတင်ကြောင်း ဆုတောင်းပေးလိုက်တယ်။ အတော်များများလည်း ငိုရှိုက်ကြပြီး သီချင်းတစ်ပုဒ်ကို ဆိုဖြစ်ကြတယ်။

ကျွန်ုပ်သည် ဘုရင့်သား၊ ဘုရင့်သား
ကယ်တင်ရှင်ယေရှုနှင့်အတူ ကျွန်ုပ်သည်ဘုရင့်သား

ဒါနဲ့ တရားနာ လာကြတဲ့ လူတွေရဲ့ ဘုရားပေးသေ့တွေ တုန်ခါမှန်းသိကြတယ်။ Maatan, Tony, Eric တို့နဲ့ တရားစလေ့လာချိန်ကနေ ဒီလိုစဖြစ်ခဲ့တာပါ။ တစ်ချို့က သူတို့သေ့တွေ အဖြူရောင် ဖြစ်သွားတာကို တွေ့ကြတယ်။ တစ်ချို့က လက်ချောင်းမှာ တစ်ခုခုဖြစ်ပြီး လေပြင်းလည်းဖွေ့ပါတယ်။ နောက်ပြီး ကောင်းကင်ကနေ အသံကြားကြတယ်။

"သင်တို့သည် ငါနှစ်သက်မြတ်နိုးရာ ချစ်သားသမီးများ
ဖြစ်ကြသည်။ သင်တို့အား ငါ၏ချစ်သားတော်
ကိုမှီပြီး လက်ခံသည်"

ရုတ်တရက် မဟီလိုက်ဆူပြီး သံတိုင်တွေကွေးပြိုတာကို မြင်ကြတဲ့ အခန်းထဲကလူတွေက "ဟာလေလုယ" လို့ အော်ကြတယ်။ သူတို့ရဲ့ပီတိက ထိန်းလို့ကိုမရဘူး။ တစ်ချို့ဆို ခုန်ပေါက်ကြတာ။ တစ်ချို့ဆို ဖက်ကြလို့။ ဝိညာဉ်တော် အတော့်ကိုသွန်းဖြိုးပြီး ဂေါလတ်ရဲ့နောက်ဆုံးသားလည်း ဒီလူတွေနဲ့ ပြီးပြတ်သေဆုံးသွားပါတယ်။

Maatan လည်း Stella ကိုဖက်ရင်း "ရှင်မရေ ငါတို့ဒီမြို့ကနေလွှတ်ဖို့ မဝေးတော့ဘူး။ ဘုရားသခင်က ငါတို့အတွက် အနိုင်ယူပေးပြီး Constance မြို့ရဲ့ အာဏာတွေကို ဖြိုပေးခဲ့ပြီ။ ငါတို့တွေ လွှတ်တော့မှာ" လို့ ပြောတယ်။

"ဥပုသ်ဟာ ခမည်းတော်နဲ့သားတော်လို ဘုရားရဲ့နိယာမအတိုင်း ဖြစ်တာ၊ ပွဲတော်တွေဟာ ဥပုသ်ရဲ့ ဘုန်းရောင်တော်ဖြစ်ကြောင်း ဘယ်သူက တွေးဖြစ်မှာလဲ။ ဒါက အတော်လှတဲ့စနစ်ပဲ။ ဒီအမှန်တရားအတွက် ဘုရားကို ကျေးဇူးတင်ပါတယ်" လို့ Stella ကပြောတယ်။

Eric နဲ့ Tony လည်း Maatan ကို လာဖက်ကြပြီး Eric က "ဒီလိုအဖြစ်မျိုးကြုံရတာ ထူးဆန်းတယ်။ ငါတို့ရဲ့ ဘိုးဘေးတွေ ဒီလိုအဖြစ်မျိုးကို မြင်ချင်ကြမှာပဲ။ အခုတော့ ငါတို့ ဒီ

အထိရောက်ပြီ။ စတုတ္ထငုတ်လည်း ရွှေဖြစ်ပြီ၊ ငါတို့ ဖောဒ္ဒဗ္ဗာရုံ (အထိ) လည်း သန့်စင်ပြီး ယေရှုရဲ့ငြိမ်းချမ်းမှု ငါတို့ခံစားရပြီ။ အခု ငါတို့လည်း ပီတိဖြစ်ပြီ။ နောက်တစ်ငုတ်ပဲ ကျန်တော့တယ်။ ဒါလည်း ဘုရားရဲ့ သိက္ခာပုဒ်နဲ့ဆိုင်မှန်း ငါတို့သိတယ်။ ဘုရားမ စမှာပါ" လို့ ပြောတယ်။

Eric လည်း စိတ်ပါပါနဲ့ "ဒီအမှန်တရားကို Tony နဲ့ ငါ့ရဲ့ဘေးတော်တို့ဆီ ၁၈၈၈ တုန်းက ရခဲ့သလို ငါတို့လည်း ဒီသကေနေပွဲမှာ ရတာဟာ အဆန်းပဲ Maatan, ဝိညာဉ်တော်က သူတို့ဆီ အဆ (၁၀၀) ချဲ့ပြီးတော့ကို ပြခဲ့မှန်း သိသာတယ်" လို့ ဆက်ပြောတယ်။

"ခင်ဗျားမှန်တယ် Eric။ သူတို့က ဒီတရားကို ၁၈၈၈ မှာ ဟောခဲ့ကြတာ။ အဲဒီတုန်းက လည်း သကေနေပွဲချိန်ပဲ။ ဒါကတော့ တိုက်ဆိုင်မှုမဖြစ်နိုင်ဘူး။ ဒီအချိန်မှာ တောလည်ရာကျမ်းအရ ကောင်းကင်ကနေ အာဟာရကျတဲ့ အချိန်ပဲ။"

Tony လည်း "ဒါဟာ တရားထူးပဲMaatan။ ငါတို့စာအုပ်ထုတ်ပြီး လူတိုင်းကိုပို့မယ်။ အခါကြီးပွဲတွေဟာ ဥပုသ်ရဲ့ ဘုန်းရောင်တော်ပဲ" လို့ ဝင်ပြောတယ်။

# အခန်း ၅၀
# ဘယ်သူ ငါတို့အယူကို ယုံမှာလဲ

သင်္ကေနေပွဲအပြီးမှာ Maatan က နှုတ်ဆက်စကားပြောတယ်။

“ဘယ်သူ ငါတို့အယူကို ယုံမှာလဲ။ ငါတို့ကို ဘုရားက အလင်းပြခဲ့ပြီ။ ဒီအတောအတွင်း ကျွန်တော်ဟာ ကောင်းချီး အတော်ခံစားရတယ်။ အခါကြီးပွဲတွေဟာ ဥပုသ်ရဲ့ ဘုန်းရောင်တော်လားဆိုတာ ကျွန်တော်လေ့လာခဲ့တာ တကယ်ဟုတ်မှန်း သိရတယ်။ ဒါကြောင့် ဒီကျမ်းချက်ကို သတိဆောင်ဖို့ ဖတ်ပြချင်တယ်။ ။

> “ဣသရေလအမျိုးသားအပေါင်းတို့အဖို့ ဟောရပ်အရပ်၌ ငါမှာထားသော၊ ငါ့ကျွန်မောရှေ၏တရားတည်းဟူသော စီရင်ထုံးဖွဲ့တော်မူချက်တို့ကို အောက်မေ့ကြလော့။” - မာလခိအနာဂတ္တိကျမ်း ၄:၄

လူအများက ဒီအမှန်တရားကြောင့် Maatan ကပဲ သူတို့ကို နှစ်ခြင်းပေးဖို့ တောင်းဆိုကြတယ်။ ပထမတော့ သူက မဖြစ်နိုင်ဘူးလို့ ခံစားပြီး ဆုတောင်းဖို့ ပိုင်းဖြတ်တယ်။ အတော်များများက လိုက်ပြီးဒူးထောက်ကြတယ်။ Maatan ဟာ ရှေ့ဆက်တိုးဖို့ အာရုံလာတယ်။ ဒီလိုနဲ့ တောင်းဆိုထားတဲ့ လူတွေကို ယေရှုခရစ်နာမနဲ့ နှစ်ခြင်းပေးလိုက်တယ်။

အဲဒီပီတိဟာ ရက်သပ္ပတ် အတော်ကြာ ခံခဲ့တယ်။ သင်္ကေနေပွဲအတွင်းက ဖြစ်စဉ်တွေအကြောင်း တစ်ခဏနဲ့ ပျံ့သွားခဲ့တယ်။ သူတို့အားလုံးက ဘုရားရဲ့ ပွဲတော်တွေဟာ မှန်ကြောင်း၊ ကောင်းချီးခံစားခဲ့ရကြောင်းတွေ ပြောကြတယ်။

ရက်သပ္ပတ် အတော်ကြာအပြီးမှာ Tony ဆီကနေ ဖုန်းဝင်ပြီး “Maatan, ခမည်းတော်နဲ့ သားတော်ကို ယုံသူထဲမှာ ပွဲအကြောင်း လက်မခံတဲ့သူတွေရဲ့ လှုပ်ရှားမှုရှိကြောင်း နင့်ကို အသိပေးချင်တယ်” လို့ပြောတယ်။

Maatan က အံ့ဩပြီး "ဪ၊ တကယ်ပဲလား။ ဘာကြောင့်လဲ။ သကေနေပွဲမှာ ဖြစ်ခဲ့တာကို လျစ်လျူရှုပြီး ဘာကြောင့် မျက်စိမှိတ် ပြောကြတာလဲ။ ဘယ်မှာ မှားလို့လဲ" လို့မေးတယ်။

"ငါတို့ဟာ ကောင်းချီးရတယ်လို့ ပြောတာကို သူတို့က သူတို့ထက်ပိုသန့်တယ်လို့ ယူကြတယ်။ ဒီလိုမျိုးတွေ ရပ်တန်းက ရပ်ရမယ်ဆိုတဲ့ email တွေ ပလူပျံနေတယ်။ ပွဲကျင်းပခြင်းက ယေဟောဝါဘုရားကို အမျက်ထွက်စေတယ်လို့ သူတို့ပြောကြတယ်"

Maatan က ဒီအကြောင်းကြားရတော့ စိတ်မသာ ဖြစ်သွားတယ်။ "အသိပေးလို့ ဝမ်းသာပါတယ် Tony။ ဒီတရားဟာ လက်ခံဖို့ခက်မှန်း ကျွန်တော်သိပါတယ်။ မျှော်လင့်ခြင်း အသင်းသားအဖြစ်နဲ့ ဒီတရားတွေကို မပြဖူးခဲ့ဘူး။ ဘုရားရဲ့နိဿယက ရှင်းပါတယ်။ ယေရှုလည်း ပွဲစောင့်ခဲ့တာကို ဘယ်လိုလျစ်လျူရှုထားလို့ ရမှာလဲ။ ယေရှု ပွဲစောင့်တုန်းက မှန်ခဲ့ပြီး သူသေပြီးနောက်ကျတော့ ချက်ချင်းကြီး ယေဟောဝါကို အမျက်ထွက်စေတယ်ဆိုတာက ဘယ်လိုကြီးလဲ။ ရှင်ပေါလု၊ ခရစ်တော်ရဲ့ တပည့်တော်အားလုံးလည်း ပွဲတွေစောင့်ခဲ့ကြတာပဲ။"

"ဆုတောင်းကြတာပေါ့ Maatan။ ကနဦးမျှော်လင့်ခြင်း အသင်းသားတွေ ပွဲမစောင့်ကြမှန်း ကျွန်တော်သိပါတယ်။ Eric ရဲ့ဘေးတော်က သူတို့ကို ဆန့်ကျင်စာရေးခဲ့တယ်။ ဆိုတော့က တစ်ချို့က ဒီတရားကို လက်မခံချင်ရတာလဲဆိုတာ ခင်ဗျားနားလည်မှာပါ"

"ဒါနဲ့ ငါတို့ကြေးငုတ်ကလေးက ဘယ်လိုလဲ။ ငါတို့ရဲ့ငုတ်တွေ ရွှေဖြစ်သွားတာကိုကျ သူတို့ဘာပြောမလဲ"

"ငုတ်တွေကသေးလွန်းတော့ စစ်ခိုင်းရမှာလည်း အဆင်မပြေလှဘူး။ မကာဘူး နင့်ငုတ်တွေကရွှေဖြစ်ပြီး သူတို့ရဲ့ငုတ်တွေ ကြေးဖြစ်နေတာကိုလည်း နားလည်မှုလွဲနိုင်တယ်။ ပွဲအကြောင်းကလိုပဲ ငါတို့က သူတို့ထက်ပိုသန့်တယ်လို့ ထင်နေတဲ့လူတွေလို့ မှတ်ကြဦးမှာ"

"အဲဒါဟုတ်တယ် Tony, ငုတ်တွေဟာ အတွင်းစိတ်ကိုပြတဲ့ အခံပစ္စည်းပါ။ ခရစ်တော်ဆီကနေပဲရတဲ့ သီလစင်ကြယ်တဲ့ လက္ခဏာပါ။ ဒီလိုပြောင်းတဲ့ ငုတ်တွေရဖို့ ငါတို့မှာ ဘာကုသိုလ်မှ ကြွားစရာမရှိဘူး။ အမှန်တရားကသာ ကျွန်တော်တို့ကို လွတ်လပ်စေတာပါ။ အဲဒါကိုကြွားနေရင်တော့ ကြေးငုတ်တွေပြန်ဖြစ်သွားမှာပါ။" Maatan ကသူတို့ဟာတရားကို အယူမမှားပဲ ဘယ်လိုဟောနိုင်ခဲ့ရတာလဲဆိုပြီး အံ့သြနေတယ်။

"အင်း ဘုရားသိက္ခာပုဒ်ကို ဘယ်လိုလေ့လာမယ်၊ ဘုရားရဲ့နိဿယက ဘယ်ကို ကျောင်းပေးသွားမှာလဲ ဆိုတာကို ငါစောင့်ကြည့်နေတယ်" လို့ Tony ကပြောတယ်။

"ကျွန်တော်လဲ ဒီလိုပါပဲ။ ညနေစာ စားချိန်ရောက်ပြီပဲ။ ကျွန်တော်လည်း ပြန်တော့မယ်။"

အဲဒီညနေမှာပဲ Maataan ဆီ ဖုန်း ထပ်ဝင်လာတယ်။

"Hi။ အမေပါ Maatan။ ပွဲမှာ ဘာဖြစ်ခဲ့လဲ၊ သကေနေပွဲ နင်တို့စောင့်တဲ့အကြောင်းတွေကြားတယ်။ ခမည်းတော်နဲ့ သားတော်ကို လက်ခံကြတဲ့သူတွေနဲ့ အခုပဲ ဖုန်းပြောခဲ့တယ်။ သူတို့က သားလုပ်ခဲ့တာတွေကို စိတ်ပျက်ကြတယ်"

"သားမှာ လူတွေကို စိတ်ပျက်အောင် လုပ်တတ်တဲ့အကျင့် ပါခဲ့တယ်ထင်ပါတယ်" လို့ Maatan က သက်ပြင်းချပြီး ပြောတယ်။

"မိတ်ဆွေနည်းသွားအောင် လုပ်ရမှာလား သား။ သုံးပါးတစ်ဆူအကြောင်းတုန်းကလည်း ကြုံခဲ့ပြီးပြီလေ။ ငါတို့က သုံးပါးတစ်ဆူကို လက်မခံတဲ့အခါ ငါတို့ကို လူနူလို မြင်ကြတယ်လေ။ ငါတို့နဲ့လည်း မေးထူးခေါ်ပြောတောင် မလုပ်ကြတော့ဘူးလေ"

"သားသိတယ် အမေ။ ဒါဟာခက်မှန်း သားသိတယ်။ ခမည်းတော်နဲ့ သားတော်အရေးမှာ အတူရှိပေးခဲ့လို့ ကျေးဇူးတင်ပါတယ်။ အမေ့မှာ မေးစရာတွေရှိမှန်း သိပါတယ်။ ဒီအကြောင်းကို အမေလေ့လာနေတာပဲ"

"အပယ်ခံရတာဟာ ခံရခက်တယ် Maatan"

"မှန်တယ် အမေ။ ဒါဟာ ဇာစ်မြစ်တိုက်ပွဲနဲ့ ပဋ္ဌမာယာကျော့ကွင်းမှာပါတဲ့ အစိတ်အပိုင်းပါ။ အပယ်ခံရမှာကို ကြောက်လို့ အများကြီးက ကျွန်ခံနေရတာ။ သူတို့က မဖောက်ထွက်ရဲကြဘူး။ ပွဲတွေဟာ လက်ခံရခက်မှန်း သိပါတယ်။ အကြောင်းပြချက်တွေထဲက တစ်ခုကတော့ ဘုရားဝတ်ပြုပုံ ပြောင်းသွားရခြင်းပဲ။ ကျွန်တော်တို့က အချိန်နဲ့စရတော့တာ။ အဲဒါက ဝတ်ပြုပုံကို ပြောင်းစေရောပဲ"

"ဘုရားသခင် သားကိုဆက်ပြီးလမ်းပြဖို့ ဆုတောင်းပေးပါတယ်"

"ကျေးဇူးပါ အမေ။ ဒီအကြောင်းတွေကို စီရေးဖို့ စဉ်းစားထားပါတယ်။ အသင်းတော်ထဲက မိတ်ဆွေတွေ ဆုံးရှုံးပြီးနောက်မှာတော့ ရှေ့ဆက်တိုးဖို့ မကြောက်တတ်တော့ဘူး။ ယေရှုခရစ်နဲ့ သူ့ခမည်းတော်ကို သိကျွမ်းဖို့ပဲ အသက်ရှင်တော့တယ်။ အမှန်တရားကလွဲပြီး အခြားအကြောင်းတွေဟာ ဘာမှမဟုတ်ပါဘူး။ သားဟာ စတုတ္ထတာဝါတိုင်က လွတ်ကျွတ်ပြီး အဲဒါနဲ့ဆိုင်တဲ့ ငုတ်လည်း ရွှေဖြစ်သွားပြီ။ အဲဒါကြောင့် သားတို့ဟာ ဒီမြို့ကနေ လွတ်ခါနီးပါပြီ။ စိတ်ရှည်သည်းခံ သည်းညည်းခံရင် လွတ်မှာပါ။"

"ကောင်းပါပြီသားရေ။ ချစ်တယ်"

"အမေ့ကိုလည်း ချစ်ပါတယ်" လို့ Maatan ပြောပြီး ဖုန်းချလိုက်တယ်။

"နင် စိတ်ရှည်ပေးတာကို ကျေးဇူးတင်တယ် Stella။ နင့်စိုးရိမ်မှု ငါ့ဆီမကူးအောင် နေတတ်တာကို ကျေးဇူးတင်တယ်။ နင့်ရဲ့စိုးရိမ်မှုကို ဘုရားလက် အပ်ပြီး နေခဲ့တာကို ကျေးဇူးတင်တယ်။ ငါ့ကို သံသယမဝင်ဘဲ ဆုတောင်းပေးတဲ့အတွက် ကျေးဇူးတင်တယ်။ နင့်မှာ ပြောချင်တာရှိပေမယ့် ဘာမှဝင်မစွက်တာကို ကျေးဇူးတင်တယ်" လို့ Maatan ပြောတယ်။

"သက်လည်း ပြောချင်ခဲ့ပါတယ် Maatan။ ဒီခရီးက စိန်ခေါ်မှုကြီးတယ်။ ဒါပေမယ့် ဘုရားက ရှင့်ကို ဒီလိုလျှောက်ဖို့ ခေါ်တယ်လို့ သက် သိတယ်။ ဘုရားက ဓမ္မဉာဏ်ပေးဖို့ သက် ဆုတောင်းပေးပါတယ်"

"ကျေးဇူးပါ။ နင့်ရဲ့ဖေးမမှုက ငါ့ကို အလုပ်တွင်စေပါတယ်။ ငါ့ရဲ့အောင်မြင်မှုက နင့်အပေါ် မူတည်တယ်။ လူတွေက နင့်ကိုကြည့်ပြီး ငါ့တရားကို ယုံဖို့၊ မယုံဖို့ ဆုံးဖြတ်ကြမှာ။ မဟုတ်ရင် အလုပ်က ဒီလောက်တွင်မှာ မဟုတ်ဘူး" လို့ Maatan ကပြောတယ်။

Stella လည်း Maatan အားယုတ်နေတာကို ကြည့်ပြီး "သက်လည်း ရှင့်အနားမှာ နေပေးခွင့်ရတာကို အားရပါတယ်။ ပွဲတွေအကြောင်းမှာ တရားကိန်းတာကို အခု သက် တွေ့တတ်ပါပြီ" တဲ့။

Maatan လည်း "ငါလည်း နင် ငါ့နားမှာ ရပ်ပေးတဲ့အတွက် ဘုရားကို ကျေးဇူးတင်တယ်။ ငါက ကောင်းချီးခံစားရတဲ့လူပါ" လို့ ပြောတယ်။

Stella လည်း "သက်လည်း ကောင်းချီးခံစားရတဲ့သူပါပဲ" လို့ ပြန်ပြောတယ်။

# အခန်း ၅၁
# ဂေါလျတ်နှင့် ထိပ်တိုက်တွေ့ခြင်း

Maatan နဲ့ သူ့မိတ်ဆွေတွေ Constance မြို့ပြင်ကို ထွက်ခဲ့ကြတယ်။ ဂေါလျတ်ရဲ့ သား လေးယောက် သူတို့ဘဝမှာ မရှိတော့ဘူး။ ဒီ(၄)ဦးရဲ့ဩဇာက အမှန်တရားကို လက်ခံတဲ့ အခါ ပျောက်ရော။ အခုတော့ ဂေါလျတ်တစ်ဦးပဲ ကျန်တော့တယ်။ ဒါကတော့ တစ်ကမ္ဘာ လုံးကို အလွှမ်းမိုးနိုင်ဆုံးပဲ။ သေခြင်းဆိုတဲ့ အကြောက်တရားနဲ့ ဂေါလျတ်က Constance မြို့ကို အုပ်စိုးနေတာ။

သူ့ရဲ့ကျွမ်းကျင်မှုကတော့ သေခြင်းအကြောက်တရားကို ဘုရားက ခရစ်ယာန်ဘာသာကို သုံးပြီး သူ့ကိုဆန့်ကျင်တဲ့သူတွေက မပသလို့ရှိရင် သေရမယ်လို့ သွပ်သွင်းတဲ့အတတ်ပဲ။

ဒီရန်ကိုနိုင်ဖို့က ဘုရားကို အမှန်အကန်သိနိုင်မှ ဖြစ်မှာ။ ဘုရားကို အမှန်မသိတဲ့အခါ ဂေါ လျတ်က သေခြင်းတရားနဲ့ လူသားတွေကို အုပ်စိုးပြီး ဘုရားကိုဆန့်ကျင်သူတွေ ဖျက်ဆီး ခံရမယ်၊ မီးရှို့ခံရမယ်လို့ ခြောက်တယ်။

Maatan လည်း ဘုရားအလိုတော် ပါလို့လားမသိဘူး ဗဟိုပန်းခြံဘက်ကို သွားခဲ့တယ်။ သူ့ရဲ့ ဓမ္မနဲ့အဓမ္မကြား သိရှိမှုတွေလည်း ပိုပိုပြီး ပြတ်သားလာတယ်။

“Stella ရေ အကြောင်းကြောင်းကြောင့် ဗဟိုပန်းခြံဆီသွားချင်တယ်။ လလည်း ဆန်း တော့မယ်။ ဒီလဆန်းချိန်မှာ ငါက မြို့ကနေထွက်နိုင်မယ့် သော့ချက်ကို ရခဲ့တာ။ ငါ့မှာ သိစရာရှိသေးတယ်လို့ ခံစားရတယ်”

“သက် ဆုတောင်းပေးမယ်။ ဒါဟာ တစ်ဦးတည်းသွားရမယ့် အကြောင်းပဲ။ တကယ်မလို အပ်ပဲနဲ့တော့ သက် မလိုက်တော့ဘူး။”

“အေးပါ။ ငါတွေ့ခဲ့တာတွေကို ပြန်ပြောလို့ရပါတယ်။ ဘုရား ငါ့ကိုပေးတာတွေ နင်လည်း ရမှာပေါ့။ နင်က ငါ့ကိုဦးတင်ထားတာပဲလေ”

Stella လည်း "အာမင်" လို့ပြန်ပြောတယ်။

Maatan လည်း မြို့ထဲကို ရထားနဲ့ဝင်လာရင်း လွန်ခဲ့တဲ့နှစ်တွေတုန်းက ဖြစ်ခဲ့တာတွေ ဘာတွေပြောင်းလဲခဲ့လဲလို့ ပြန်စဉ်းစားဖြစ်တယ်။ *ကျွန်တော့်ကို တစ်လှမ်းချင်း ဦးဆောင်သွားတဲ့အတွက် ကိုယ်တော့်ကို ကျေးဇူးတင်ပါတယ်။ ဒီမြို့ကနေထွက်နိုင်မယ့် သော့ချက်ကို ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဘုရားသခင်။*

Maatan က လူတွေကို ကြည့်ပြီးတော့ ဘုရားရဲ့သားတော်၊ ဘုရားရဲ့ အလိုတော်တွေကို မျှဝေချင်တဲ့စိတ်တွေ ဖြစ်လာတယ်။ ရထားပေါ်ကဆင်းလာရင်း ၉/၁၁ က ဖြစ်ခဲ့တဲ့ အနိဌာရုံတွေ သူ ပြန်စဉ်းစားဖြစ်တယ်။ သူ ပန်းခြံထဲဝင်လာတော့ နေအတော်စောင်းလို့ လူရိပ်တောင် အတော်ရှည်နေပြီ။ ငွေကြယ်တွေလည်း မိုးကုတ်စက်ဝိုင်းမှာ ပေါ်နေတယ်။ ရေပန်းရှိတဲ့နေရာကိုသွားရင်း အာပိုလိုနတ်ရဲ့ စရိုက်ကို စဉ်းစားဖြစ်တယ်။ သူက ရွှေငုတ်တွေနဲ့ဆိုတော့ အာပိုလိုဟာ အရင့်အရင်ကထက် မှိန်သလိုဖြစ်နေတယ်။ ရေပန်းတစ်ဝိုက် အမှောင်ဖုံးသလို ဖြစ်နေတယ်။

ရေပန်းကိုကြည့်လိုက်တော့ လရောင်က အာပိုလိုရဲ့မျက်နှာပေါ် ကျတယ်။ Maatan လည်း ဒီအရုပ်ရဲ့နောက်က Diana, Pan, Theseus နတ်တို့ကို သတိထားမိတယ်။ Diana နဲ့ Pan က အာပိုလိုရဲ့ဘေးမှာရှိပြီး ရေပြင်မှာ ထင်နေတယ်။ ဒီလိုနဲ့ ရေပြင်မှာ ကပ်တိုင်ရုပ်ထင်လာတာကို မြင်လိုက်တယ်။ အာပိုလိုက ကပ်တိုင်ပေါ်က လူသေကို တံတွေးထွေးဖို့ ပြင်တဲ့ပုံမျိုး တွေ့လိုက်တယ်။ သူက မိုးချုန်းသံနဲ့ "ငါတို့မှာ ပညတ်ရှိတယ်။ ငါတို့ရဲ့ ပညတ်နဲ့ ခင်ဗျားသေရမယ်" တဲ့။

Maatan လည်း အသံတွေကြားတော့ နောက်ဆုတ်ပြီး ရေမျက်နှာပြင်မှာပေါ်တဲ့ ဇာတ်လမ်းကိုကြည့်နေတယ်။ အာပိုလိုရုပ်တုကတော့ ငြိမ်မြဲငြိမ်နေတယ်။

အဲဒီအချိန်မှာ ရေပန်းရဲ့အဝန်းမှာ ဒီမြို့သားတွေ ကပ်တိုင်ပေါ်ကလူကို ကြည့်နေကြတာကို Maatan မြင်တယ်။ တစ်ချို့က ဆဲဆိုအကျိန်တိုက်၊ တစ်ချို့က လှောင်ပြောင်သရော်နေကြတယ်။ အနည်းအကျင်းကပဲ ကပ်တိုင်ပေါ်ကလူကို သနားကြတယ်။

ကပ်တိုင်ကနေပြီး အဲဒီလူတွေအပေါ် ရောင်ခြည်တော်ထိုးလာတယ်။

Pan က ကပ်တိုင်ဆီပြေးပြီး ကပ်တိုင်ပေါ်ကလူကို ပုဝါပါးနဲ့ ပတ်လိုက်ပုံပဲ။ အဖြစ်မှန် မသိအောင် လူ့အာရုံကို လွှဲချင်တဲ့သဘောပါ။ သူ့ရဲ့တေးဂီတပညာနဲ့ ကပ်တိုင်ပေါ်ကဖြစ်စဉ်ရဲ့ အဓိပ္ပာယ်အမှန်ကို မှားကောက်ဖို့ လူတွေကို မှိုင်းတိုက်လိုက်တယ်။ Diana လည်း ပုရောဟိတ်ဝတ်ရုံကိုရုံပြီး ကပ်တိုင်ရှေ့မှာ နံ့သာအိုးကိုလွှဲ၊ လာတင်ဘာသာနဲ့ စာရွတ်ပြီး ကနားပွဲလုပ်တယ်။ လူတွေလည်း Diana ရဲ့ လုပ်ရပ်မှာ အာရုံစုနေကြတယ်။ သူ့အဝတ်လည်း ပေါင်ရင်းထိပွင့်တယ်။ သူ့အလှကို လရောင်အောက်မှာ ဖုံးလို့မရဘူး။ ဒါကိုလည်း ကောင်းကင်သုခဘုံကို အာရုံထားတဲ့သူတွေကပဲ ထူးပြီးမြင်တာပါ။ တစ်လောကလုံးက Pan ရဲ့ဒဿန အကူအညီရတဲ့ အမျိုးသမီးကို အာရုံရောက်ကြပြီး သူကလည်း အဲဒီလူတွေကို အာပိုလိုရဲ့ဩဇာအောက်ကို စေတယ်။ အာပိုလိုကိုယ်တိုင်ကတော့ ကိန်းကြီးခန်းကြီးနဲ့ ဘုရင်လိုနေနေတယ်။

အဲဒီနောက်မှာ ရေကျသံတွေကြားကနေ "သူ့ကိုသတ်၊ သူ့ကိုသတ်" ဆိုတဲ့အသံ Maatan သဲ့သဲ့လေးကြားလိုက်တယ်။

"ကပ်တိုင်ပေါ်ကဆင်းရင် ငါတို့ယုံမယ်
သူများကိုကျကယ်ပြီး သူ့ကိုယ်သူကျ မကယ်နိုင်ဘူး"

ဆိုတဲ့အသံကိုလည်း ကြားတယ်။

Maatan ရဲ့စိတ်က ဝမ်းနည်းတာရော၊ ကြောက်တာရော အပြိုင်ဖြစ်နေတယ်။ မိုးချုန်းသံက အစမှာဝေးပြီး နီးလာတယ်။ ဒီလိုနဲ့ ကောင်းကင်ကွဲပြီး လျှပ်စီးက ကပ်တိုင်ကို ပစ်သလိုမျိုးပဲ။ Apollo ရဲ့ခမည်းတော် Zeus က တရားမျှတမှု လုပ်ပြီးသွားပြီလား ဆိုတာကို လာစစ်သလိုမျိုးပဲ။ Maatan လဲ မြေပေါ်မှောက်ကျသွားတယ်။ လျှပ်စီးလျှပ်တဲ့အတွင်း သူက ဒုက္ခသည်ကြီးယေရှုရဲ့ မျက်နှာကို တွေ့လိုက်တယ်။ Maatan လည်း ဝမ်းနည်း၊ မျက်ရည်ကျပြီး လဆန်းညမှာ လာတဲ့လူတွေဆီ "သူ့ကို ဒီတိုင်းထားကြပါ။ သူဟာ သေထိုက်အောင် ဘာမှမလုပ်ခဲ့ဘူး" လို့ ပြောတယ်။ လျှပ်စီးလည်း ဒီနေရာပဲထပ်လျှပ်ပြီး

မြေကြီးပါတုန်သွားတယ်။ ဒုက္ခခံနေတဲ့ ကယ်တင်ရှင်ကတော့ ကပ်တိုင်ပေါ်မှာ ငြိမ်ငြိမ်ပဲ နေနေတယ်။

Theseus ဘုရား ခေါင်းကိုင်ပြီး ရေပန်းရဲ့နောက်ကို လာချိန်မှာ လူတွေက Maatan ရဲ့အော် သံကို ကြားကြပုံ မပေါ်ပါဘူး။ Theseus က အာပိုလို၊ ပန်၊ ဒိုင်ယာနာ တို့ရှေ့မှာရှိတဲ့ ကပ် တိုင်ပေါ်ကပုဂ္ဂိုလ်ကို သတ်ချင်ပုံရတယ်။

ပန်နဲ့ဒိုင်ယာနာတို့ အာပိုလိုရဲ့ ရုပ်မျိုးဖမ်းလာ သဗ္ဗဗလရှင်လို ဖြစ်လာပြီး ကပ်တိုင်ပေါ်က သားကောင်ကို ဒေါသတကြီး ကြည့်ကြတယ်။ Theseus က အဲဒီသုံးပါးဘုရားရှေ့ ဒူး ထောက်ပြီး ပြန်အထမှာ လူတွေအတွက် ကောင်းကျိုးဖြစ်စေမယ့် ပူဇော်သကာကို သတ် မိန့်ရတယ်။

အဲဒီအချိန်မှာ ကပ်တိုင်ပေါ်ကနေ "အမှုပြီးပြီ" ဆိုတဲ့အသံ ထွက်လာတယ်။ ယေရှုရဲ့မျက် နှာလည်း ပွင့်လာတယ်။ ရေပန်းတစ်ဝိုက်ကလူတွေ မြေပေါ်မှောက်ကုန်ကြတယ်။ Theseus လည်း မှောက်နေတာကနေ ပြန်အထမှာ ဒေါသထွက်နေတယ်။ ဟိုသုံးပါးတစ် ဆူ ကျေနပ်ဖို့ ကပ်တိုင်ဘက်ကို သွားပြီး ဓားနဲ့ ကယ်တင်ရှင်ကို သွားထိုးတယ်။ သား ကောင်သေတဲ့အခါ စိတ်ကျေနပ်သွားကြတယ်။

Maatan က အာပိုလိုရုပ်ကို ကြည့်တဲ့အခါ သူ့ရဲ့ ခမ်းနားတဲ့ရုပ်ကို လရောင်က ထိုးပြ တယ်။ ထိတ်လန့်ဖို့ ကောင်းလောက်အောင်ကို Maatan က သူ့မျက်နှာကို အာပိုလိုရုပ်မှာ မြင်ရတယ်။

အဲဒီအချိန်မှာ မြေကြီးကွဲပုံပေါက်ပြီး နတ်ဆိုးတွေ တက်လာ၊ Maatan ကိုဝိုင်း၊ ကပ်တိုင် ကို ယုံကြည်သဒ္ဓါစိတ်နဲ့ မရှုပွားအောင် လုပ်ကြတယ်။

Maatan လည်း စိတ်ခေတ်ကျကျနဲ့ *ယေရှုဘုရား ကျွန်တော်ရဲ့အပြစ်ကို လွှတ်ပေးပါ။ ဘာလို့ ဒီလိုဖြစ်ရတာလဲဆိုတာ ကျွန်တော်မရှင်းပြတတ်ဘူး။* သူလည်း မြေပေါ်ဝပ်ချ၊ မိုးက ရွာနဲ့ စိုရွှဲသွားတယ်။ မိုးသီးလည်း ပါသေးတယ်။ ဒိုင်ယာနာဟာ အာပိုလိုရုပ်ကနေ ထွက်လာပြီး Maatan ကို အပြစ်ဝန်ခံမှု မလုပ်နိုင်အောင် လည်ပင်းညစ်ဖို့ ကြိုးစားတယ်။

Maatan က “ငါ ဒီဟာမရဲ့လက်မှာသေဖို့ လာခဲ့တာမဟုတ်ဘူး” လို့ အော်ပြောတယ်။ ဒီအမျိုးသမီးကို ပြန်တိုက်ဖို့ သူစတယ်။ အဲဒါတွေ သူ့အသွေးအသားမှာ ခံစားနေတယ်။ Theseus က Maatan ကို ဓားကမ်းပေးပြီး “ဒီဟာမကို ကိစ္စတွေပြီးရင် မီးရှို့သတ်ဖို့ ငါတို့ စဉ်းစားထားပြီးသားပဲ။ နင့်မှာဆန္ဒရှိရင် ငါတို့နဲ့ပေါင်းပေါ့” လို့ ပြောတယ်။

Maatan ဟာ သူ့စိတ်မှာ ဖြစ်နေတာတွေကို ပြန်ချောက်ချားနေတယ်။ သတ်ချင်စိတ်၊ တရားမျှတလိုစိတ်တွေ သူ့စိတ်မှာ ပြည့်နေတယ်။

*ကယ်တင်ရှင်အတွက် တရားမျှတမှုကို ဘာလို့လိုချင်ရတာလဲ။ ဒီဟာမကို ငါဘာလို့ သတ်ချင်ရတာလဲ။*

Maatan လည်း စိတ်ညစ်ညစ်နဲ့ “ကိုယ်တော်၊ ကိုယ်တော်ကြွလာတဲ့အခါ ကျွန်တော့်ကို သတိရပါ” လို့ အော်ပြောလိုက်တယ်။ ချက်ချင်းပဲ အဲဒီမြင်ကွင်းတွေပျောက်၊ လူတွေ လည်းပျောက်၊ Maatan တစ်ယောက်ဘဲကျန်ပြီး အထီးကျန်နေတယ်။ လူတွေ ဘယ် ရောက်ကုန်ပြီလဲ။ ရေပန်းကြားက လေတိုက်တာကလွဲလို့ ရေပန်းတဝိုက် ငြိမ်ကျနေ တယ်။

Maatan လည်း လက်ပန်းကျပြီး အသံတစ်ခုကြားတဲ့အထိ အခြေအနေကို နားလည် တတ်ဖို့ ဒူးထောက် ဆုတောင်းတယ်။ ။

“သင်ဟာ ငါနဲ့ ပရဒိသုဘုံမှာ အတူရှိမယ်လို့ ဒီနေ့ငါမိန့်တယ်”

အဲဒီအချိန်မှာ Maatan က သူ့ပခုံးပေါ် လက်ကျလာတာကို ခံစားရတယ်။ Maatan လည်း ကြောက်ကြောက်နဲ့ ပြန်ကြည့်တယ်။

“ခင်ဗျား Maatan လား”

“Tony, ဒီမှာဘာလာလုပ်တာလဲ” နှစ်ယောက်သား စကားမဆက်နိုင်ဘဲ မျက်ရည်ကျကြ တယ်။ သူတို့နှစ်ယောက်လုံး ဒီညဖြစ်ပျက်တာကို မြင်ကြမှန်း ကိုယ်စီသိကြတယ်။

သူတို့ဟာ နာရီဝက်လောက် ဘာမှမပြောဘဲ ဖြစ်ပျက်ခဲ့တာတွေကို နားလည်ဖို့ ကြားစား ကြတယ်။

Tony က “ဒီကို ဘာလို့လာတာလဲ Maatan” တဲ့။

“ဒီကိုလာချင်စိတ်ဖြစ်လို့ လာလိုက်တာ။ ဘာကြောင့်မှန်းတော့ မသိဘူး”

“ငါလည်း ဒီလိုပါပဲ။ ဘာလို့ ဒီကိုလာချင်မှန်း မသိဘူး… ။ ကယ်တင်ရှင်ရဲ့ရုပ် ရေမျက်နှာ ပြင်မှာ နင်တွေ့ခဲ့သေးလား။”

“အင်း၊ ရှင်းရှင်းကြီးကို တွေ့ခဲ့တယ်။ ဖြစ်ပျက်ခဲ့တာတွေ အများကြီးပဲ။ အာရုံကို အရမ်းစွဲ တာ။ ယေရှုသေတဲ့အချိန် အာပိုလိုရဲ့မျက်နှာမှာ ခင်ဗျားဘာတွေ့ခဲ့လဲ” လို့ Maatan က မရဲတရဲမေးတယ်။

Tony လည်း လေးလေးနဲ့ “ငါ့မျက်နှာကို ပြန်တွေ့တယ်” တဲ့။ “အဲဒါ ဘာအဓိပ္ပာယ်လဲ Tony”

“ငါတို့ဗိဇ ဒီရေပန်းမှာလာပေါ်တာ။ အပြစ်ကျူးလွန်တဲ့အတွက် တရားမျှတမှုက ရှိရမယ် ထင်တယ်”

“ကျမ်းစာမှာတော့ ‘အသွေးမသွန်းလောင်းဘဲ အပြစ်လွှတ်ခြင်းမရှိ’ တဲ့ (ဟေဗြဲ ၉း၂၂)။ Maatan က သူ့အတိတ်၊ တရားနားလည်ခဲ့ပုံတွေ ပြန်စဉ်းစားဖြစ်တယ်။

“ဘုရားက ဒီစတေးခြင်းကို ပြဋ္ဌာန်းတာလို့ ကျွန်တော်ထင်ခဲ့တာ”

Tony လည်း “ငါလည်း ဒီလိုပါပဲ။ ဒီစတေးခံမှုမှာ ငါတို့သိဖို့လိုတာတွေ ရှိသေးတယ်။ ဒိုင် ယာနာနဲ့ပန်တို့ အာပိုလိုရုပ်နဲ့ တစ်ကိုယ်တည်းဖြစ်သွားတာကို နင်တွေ့ခဲ့လား” တဲ့။

“တွေ့တာပေါ့။ ကျွန်တော် ယေရှုကို အကူအညီတောင်းတော့ ဒိုင်ယာနာက ကျွန်တော့် လည်မျိုကို ညစ်ဖို့ကြိုးစားခဲ့သေးတာ”

Tony လည်း "ငါ့တုန်းကလည်း ဒီလိုပါပဲ။ ဒီနေ့တော့ ဂေါလျော်ရဲ့အစွမ်း ဒီရေပန်းမှာ ပြသွားတာပဲ။ သူက သေဒဏ်ကိုပြဋ္ဌာန်းတာ။ သူ့ရဲ့နယ်ဟာ တစ်ကမ္ဘာလုံးပဲ။ ဒါပေမဲ့ ခရစ်တော်ရဲ့ စတေးခံခြင်းမှာ ဂေါလျော်ရှုံးသွားတယ်။ စတေးခံခြင်းနဲ့ ခရစ်တော်က သေခြင်းတရားကို အစိုးရတဲ့ မာရ်နတ်ကို အလုံထိုးခဲ့တယ် (ဟေဗြဲ ၂း၁၄)"

"ငါတို့လည်း ဘုရားရဲ့တရာမျှတမှုကို လေ့လာရမယ်။ ဒီနေ့မှာ အတုကို ငါတို့မြင်ခဲ့ရပြီ" လို့ Maatan ကပြောတယ်။

"အတိုပြောရရင် စိတ်ခတ်ကျတတ်တာကြီးကို ရင်ဆိုင်နိုင်ဖို့ လေ့လာစရာ အများကြီးရှိတယ်လို့ မြင်တယ်" လို့ Tony ကပြောတယ်။ "ငါတို့ ဒီရေပန်းကနေပြီး ကပ်တိုင်ကို တွေ့ခဲ့ပြီးပြီ။ ပသမှုတွေကြောင့် ဘုရားရဲ့ တရားမျှတမှုကို ငါတို့မမြင်နိုင်ခဲ့ကြဘူး"

"ဘုရားက ငါတို့ရဲ့အာရုံ ဘယ်လိုထပ်ရနိုင်ဦးမလဲ။ အပြစ်ကျူးလွန်ရင် သေရမယ်ဆိုတာနဲ့ ငါတို့ကြီးပြင်းလာခဲ့တာ။ ဘုရားက ခွင့်လွှတ်၊ ကယ်တင်တာတွေ လုပ်ပေးရတာကလွဲပြီး ဘာထပ်ရှိမှာလဲ"

"ဒါက တကယ့်ဒဿနပဲ။ ကပ်တိုင်ဆိုတာ တကယ်လိုတာ။ ဘုရားမေတ္တာကို လေးလေးနက်နက် သိနိုင်ဖို့က ကပ်တိုင်ဆိုတဲ့ တစ်လမ်းပဲရှိတာ"

Maatan လည်း ကျမ်းတစ်ပိုဒ်ကို သတိရသွားတယ်။

> "တစ်ဖန် လှံတံနှင့်တူသော ကျူပင်တစ်လုံးကို ငါ့အားပေး၍ ငါ့ကို ပြောဆိုသည်ကား၊ ထလော့။ ဘုရားသခင်၏ ဗိမာန်တော်နှင့်ယဇ်ပလ္လင်ကို တိုင်းလော့။ ဗိမာန်တော်၌ ကိုးကွယ်သော သူတို့ကိုလည်း ရေတွက်လော့။- **ဗိမာန်တော်တံတိုင်းကို မတိုင်းနှင့်၊ ပယ်ထားလော့။ တစ်ပါးအမျိုးသားတို့၌ အပ်ပေးပြီ။** သူတို့သည် သန့်ရှင်းသော မြို့တော်ကို၊ လ လေးဆယ်နှစ်လပတ်လုံး နင်းကြလိမ့်မည်။" - ဗျာဒိတ်ကျမ်း ၁၁:၁၊ ၂

“မယုံနိုင်စရာပဲ Maatan, ဗိမာန်တော် ပရိဝုဏ်ထဲက မီးရှို့ရာပလ္လင်ဟာ ကြေးဝါပလ္လင်ဖြစ်မယ်လို့ မှတ်တယ်”

“အဓိပ္ပာယ်ကတော့ ကိုယ်တော့်အလိုတော်ကို မပုံဆောင်နိုင်ဘူး ဆိုတဲ့သဘောပေါ့။ ကြေးဝါဆိုတာ Constance မြို့က လာတာလေ” လို့ Maatan က Tony အတွေးကို ဖြည့်ပေးလိုက်တယ်။

“ငါတွေးနေတာကို နင်လည်း တွေးနေတာပဲ။ ငါတို့က အပြစ်လုပ်ရင် သေရမယ်ပဲမှတ်တော့ ဘုရားလည်း သူ့သားတော်ကို သေဖို့အပ်ရရော။ အဲဒီသေခြင်းဟာ ကျူးလွန်သူ အပေါ် ရောက်ဖို့ ဘုရားက စီရင်ရောပဲ။”

“ဒီအကြောင်းတွေးကြည့်တော့ ကြက်သီးတောင်ထတယ်” လို့ Maatan ကပြောတယ်။

Tony က “ငါနင့်ကို ကားမောင်းပို့မယ်။ ငါ့မှာ ကား ပါလာတယ်။ ဒီနေ့တော့ ငါ့အတွက် မမေ့နိုင်စရာနေ့ပဲ” လို့ပြောတယ်။

“ကျေးဇူးပဲ Tony။ ဒီညတော့ တရားထူးကို ရခဲ့တာပါပဲ။ ဒါတွေအားလုံး ချိတ်ဆက်နိုင်ဖို့ ဆုတောင်းပြီး လေ့လာရမယ်... ။ အဖဘုရား ကျွန်တော်တို့ ဤနေရာကနေ မထွက်ခွာခင်မှာ အမှန်တရားကို ကြေးဝါနဲ့လုပ်ထားတဲ့သေခြင်းရေပန်းကနေ အလင်းပြတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ယေရှုနာမတော်၌ ဆုတောင်းပါတယ်။ အာမင်”

# အခန်း ၅၂
# အပြစ်ဖို့ခြင်း

Maatan လည်း အဲဒီနောက်ပိုင်း ဒီနက်နဲ့တဲ့တရားကို နားလည်ဖို့လေ့လာရင်း ရက်သပ္ပတ်အတော်ကြာ ငြိမ်နေခဲ့တယ်။ ဘုရားရဲ့သားတော်ကို သတ်တဲ့ကိစ္စက သူ့ကို ခြောက်နေတယ်။ သူလည်း (၁) ယောက်တည်းနေဖို့ တောထွက်တယ်။

*ကျွန်တော့်အပြစ်ကို လွှတ်တော်မူပါ။ ကျွန်တော်က ပါရဒိမှာနေရဖို့ ကတိရပြီးပါပြီ။ အဲဒါကို သိပါတယ်။ ဒါပေမယ့် အခွင့်အရေးတွေက ခုန်ထွက်ချင်နေတယ်။ အကြောက်တရားက ကျွန်တော့်ကို နိုင်နေတယ်။ သေရမှာကို ကျွန်တော်ကြောက်တယ်။ ကျွန်တော်ဟာ ဂေါလျှတ်ရဲ့မြုံးထဲ ပြန်မိနေပါတယ်။*

“Maatan၊ ရှင်၊ စိတ်ဒုက္ခရောက်နေပုံပဲ” လို့ Stella ပြောတယ်။ “ပန်းခြံထဲကအဖြစ်ကို တွေးနေတုန်းပဲလား၊ ရှင့်မျက်နှာ အာပိုလိုရုပ်မှာ သွားထင်တဲ့အကြောင်း ရှင်ပြောတာသက်ကို ထိတ်စေတယ်။”

“ငါ့ရဲ့ လျှပ်စီးမိုးကြိုးဆန်တဲ့ နာနာရုပ်ကို ပြန်တွေ့ရတာပဲ။ ငါက ရေခံမြေခံ မကောင်းတဲ့နေရာက ပေါက်ဖွားခဲ့သူဆိုတော့ အမြင်တွေလည်း စောင်းနေတာပေါ့။ အဲဒီလိုထင်ပြခြင်းက ငါ့ကို အတော်ထိတယ်။ ငါမသိသေးတာတွေ ရှိသေးတယ်။ ငါက ယေဟောဝါရဲ့ သားတော် ယေရှုကို သတ်ခဲ့တယ်ဆိုတဲ့စိတ်က အတော်လေးလံတယ်။ ငါ့ကိုယ်ငါရော ဘုရားကိုရော သိသင့်သလောက်တောင် မသိသေးဘူး။ အပြစ်လွှတ်ပေးခြင်း ခံရမှန်းသိပေမယ့် စိတ်က မသိုးမသန့်ဖြစ်နေတုန်းပဲ။ အထူးသဖြင့် ဘုရားက အပြစ်သားတွေကို သတိပေးတဲ့ကျမ်းပိုဒ်တွေ ဖတ်မိတဲ့အခါ ပိုပြီးစိတ်မသန့်ဘူး”

“ဘယ်အပိုဒ်တွေလဲ Maatan” “ဒီလိုအပိုဒ်တွေပဲ။ ။

> “ထာဝရဘုရားကလည်း၊ ငါဖန်ဆင်းသောလူကိုလည်းကောင်း၊ လူမှစ၍ သားများ၊ တွားတတ်သော တိရစ္ဆာန်များ၊ မိုးကောင်းကင်ငှက်များ

တို့ကိုလည်ကောင်း မြေကြီးမျက်နှာမှ ငါသုတ်သင်ပယ်ရှင်းမည်။ သူတို့ကို ဖန်ဆင်းသောကြောင့် ငါနောင်တရသည်ဟု မိန့်တော်မူ၏။” - ကမ္ဘာဦးကျမ်း ၆:၇

“ထိုအခါ ထာဝရဘုရားသည်ကောင်းကင်ထက်၊ အထံတော်မှ သောဒုံမြို့နှင့် ဂေါမောရမြို့အပေါ်သို့ ကန့်နှင့် မီးမိုးကို ရွာစေတော်မူ၏။” - ကမ္ဘာဦးကျမ်း ၁၉:၂၄

“မောရှေကလည်း၊ လူတိုင်းဓားလွယ်လျက် တပ်တစ်မျက်နှာတံခါးမှ တစ်မျက်နှာ တံခါးတိုင်အောင် ထုတ်ချင်းခပ်သွား၍၊ အသီးအသီး မိမိညီအစ်ကို၊ မိမိအပေါင်းအဖော်၊ မိမိအိမ်နီးချင်းကိုသတ်စေဟု ဣသရေလအမျိုး၏ ဘုရားသခင်ထာဝရဘုရား အမိန့်ရှိတော်မူသည်ဟု၊ မောရှေစီရင်သည်အတိုင်း၊ လေဝိအမျိုးသားတို့သည်ပြု၍၊ ထိုနေ့၌ လူသုံးထောင်လောက်သေကြ၏။” - ထွက်မြောက်ရာကျမ်း ၃၂:၂၇-၂၈

“ဒီကျမ်းပိုဒ်တွေဖတ်တဲ့အခါ ဘုရားရဲ့သားတော်ကို သတ်ခဲ့တဲ့အတွက် ငါခံသင့်တယ်ဆိုပြီး ကြောက်နေတာ။ အဲဒီစိတ်က အတော်ဒုက္ခပေးတယ်။ ဒီလိုမဖြစ်သင့်မှန်း သိပေမယ့် ဘုရားနဲ့သားတော်အပေါ် ကျူးလွန်ခဲ့တာက အရမ်းအရုပ်ဆိုးတယ်။ ခွင့်လွှတ်ခြင်းတောင် မရထိုက်ဘူးလို့တောင် တွေးဖြစ်တာမျိုးတောင် ရှိတယ်။ ဒါဟာ မှားမှန်း ငါသိတယ်။ ဒါပေမယ့် ငါ့ကိုချုပ်နေတာ။ အထူးသဖြင့် အပြစ်လုပ်မိခါနီးချိန်တွေမှာ ဖြစ်တတ်တယ်။ ငါ့အပြစ်ကြောင့် ဘုရားမေတ္တာ မရထိုက်ပဲ သေပဲသေသင့်တယ်လို့ ခံစားရတယ်။ ဒီစကားတွေ ငါ့စိတ်မှာ ပေါ်ပေါ်နေတယ်။ ဘုရားရဲ့ ဖြောင့်မတ်ခြင်းကို ငါတောင်းဆိုပေမယ့် ဒီစကားတွေက ငါ့ကိုပြောတာလို့ ထင်နေသေးတယ်။ ။

“အချင်းလူသား၊ ယေရုရှလင်မြို့ကိုမျက်နှာပြုလျက်၊ သန့်ရှင်းသော အရပ်ဌာနတို့တစ်ဖက်၌ မြွက်ဆို၍ ဣသရေလပြည်တစ်ဖက်၌ ဟောပြောလော့။ အရှင်ထာဝရဘုရား၏ အမိန့်တော်ကို ဣသရေလပြည်

အားဆင့်ဆိုရမည်မှာ၊ ငါသည် သင့်ကိုရန်ဘက်ပြုလျက်၊ ငါ့ဓားကိုဓား အိမ်မှထုတ်၍၊ သင်၌တရားသောသူ၊ မတရားသောသူတို့ကို ပယ်ဖြတ်မည်။ ထိုသို့သင်၌ တရားသောသူ၊ မတရားသော သူတို့ကို ပယ်ဖြတ်စရာအကြောင်းရှိသောကြောင့် ငါ့ဓားသည် တောင်ဘက်မှသည် မြောက်ဘက်သို့တိုင်အောင်၊ ခပ်သိမ်းသောသတ္တဝါတို့ကို ရန်ဘက်ပြု၍ မိမိအိမ်မှ ထွက်ရလိမ့်မည်။ ငါထာဝရဘုရားသည် ငါ့ဓားကို သူ့အိမ်မှ ထုတ်ကြောင်းကို၊ သတ္တဝါအပေါင်းတို့ သိရကြလိမ့်မည်။ ထိုဓားသည် နောက်တစ်ဖန် အိမ်သို့ မပြန်ရ။ သို့ဖြစ်၍၊ အချင်းလူသား၊ ညည်းတွားသံကို ပြုလော့။ ခါးကျိုးလျက်၊ နှလုံးကြေကွဲလျက်၊ သူတို့ရှေ့မှာ ညည်းတွားသံကို ပြုလော့။" - ယေဇကျေလအနာဂတ္တိကျမ်း ၂၁:၂-၆

"ငါဆုတောင်းခဲ့တုန်းက ကယ်တင်ရှင်ရဲ့ နှစ်သိမ့်မှုကို ငါခံစားခဲ့ရတယ်။ သူ့ခမည်းတော်ရဲ့ ခွင့်လွှတ်ပေးမှုကို ရဲရဲယုံဖို့ ငါ့ကိုအားပေးခဲ့တယ်။ အပြစ်ပွားရာမှာ ဘုရားရဲ့ကရုဏာ ပိုပြီးပွားတယ်လို့ ငါယုံလိုက်တယ်။ ဒါပေမယ့် လောလောဆည်မှာ အမှောင်ကျနေသလိုပဲ။ သူ့ရဲ့မျက်နှာတော်လည်း ကွယ်ဝှက်ထားသလိုပဲ။ ခရစ်တော်က ငါ့အပြစ်ကို ဆေးကြောပေးဖို့ အသေခံခဲ့တယ်ဆိုတာကို ယုံပါတယ်။ ဒါပေမယ့် ငါက သူ့ကို သတ်နေသူပါလားလို့ သိမိတာက ငါ့ကိုတုန်လှုပ်စေတယ်။ ဒီမြို့ကလည်း ထင်ထားတာထက် ပြေးရပိုခက်နေတယ်။ ဂေါလျတ်ကလည်း သူ့သားတွေထက် ပိုစွမ်းတယ်"

"ရှင် Tony, Eric တို့နဲ့ စကားပြောပြီးပြီလား။ Tony က ရှင်နဲ့အတူ ရှိခဲ့တာပဲ။ သူ့မှာ ပြောစရာရှိမှာပါ"

"အဲဒါဟုတ်တယ် Stella။ ငါတစ်ယောက်ထဲ အာရုံပြုဖို့လိုတယ်။ လေ့လာစရာက အများကြီးပဲ။ ငါဟာ အပြစ်သားမှန်း သိပါတယ်။ ဒါပေမယ့် အဲဒီညကလောက် ငါ့အခြေအနေဆိုးမှန်း မသိခဲ့ဘူး"

"ဘုရားက ရှင့်ကို ဦးဆောင်နေပါတယ်။ သူလမ်းပြမယ်ဆိုတာ သက် သိပါတယ်" လို့ Stella က Maatan ကို အားပေးတယ်။

"ငါ့ရဲ့ကယ်တင်ရှင်ကို ယုံပါတယ်။ သူငါ့ကို စိတ်မပျက်စေပါဘူး။ ငါဘယ်လိုဆိုးဆိုး သူ ငါ့ကိုချစ်မှန်း ယုံပါတယ်။ ဒါပေမယ့် သူ့ခမည်းတော်နဲ့ အကန့်ရှိတုန်းပဲ။ ကိုယ့်ကိုယ်ကို စိတ်မချနိုင်သေးဘူး။ ဒါဟာ အဓိပ္ပာယ်မရှိမှန်း သိပါတယ်။ ဒီအဖြစ်က ခမည်းတော်ကို သိသင့်သလောက် မသိသေးမှန်း ထိုးပြနေတယ်။ ဘာလို့လဲဆိုတော့ ယေရှုက 'ငါ့ကိုမြင်သောသူသည် ခမည်းတော်ကို မြင်တော်မူပြီ' လို့ မိန့်လို့ပဲ။ ငါ ယေရှုကိုချစ်တယ်။ သူ ငါ့ကိုချစ်မှန်း ငါသိတယ်။ ငါ ခမည်းတော်ကို ချစ်တယ်။ ဒါပေမယ့် ထိတ်နေတုန်းပဲ။ ငါ့သားကို တစ်ဦးဦးကသတ်ရင် ငါဘယ်လိုခံစားမလဲလို့ တွေးတာလဲ ဖြစ်မှာပါ။ ငါ့သားကို အန္တရာယ်ပေးမယ့်သူအပေါ် ငါတော့ သွေးဆူပြီး ဒေါသပုန်ထမှာပဲ"

"သက် ရှင့် ခံစားချက်ကို နားလည်တယ် Maatan။ သက်လည်း သက်ရဲ့ သားတွေကို အစွမ်းကုန် ကာကွယ်မှာပါပဲ။ ဒါပေမယ့် ရှင့်လိုတော့ ဒေါသပုန်မထဖြစ်လောက်ဘူး။ ဒါလည်းပဲ အမျိုးသမီးတို့ရဲ့ သဘာဝကိုက အမျိုးသားတွေနဲ့ မတူတာကြောင့်လည်း ဖြစ်မှာပါ။"

"ဘုရားကောင်းချီးပေးပါစေ Stella။ ငါ့စိတ်ထဲကမိုးကြိုး၊ မိုးကြိုးရဲ့သား အာပိုလို စတာတွေအားလုံး ငါက Jehovah နဲ့ Zeus ကို နားရှုပ်သွားတာလား။ ငါတို့က သုံးပါးတစ်ဆူကိစ္စမှာ ရှင်းပြီးပြီ။ ယေဟောဝါဟာ အနန္တမေတ္တာရှင်မှန်းလည်း ယုံပြီးပြီ။ သူက ပေးကမ်းတယ်။ ချစ်တယ်၊ ညှာတာတယ်... ။ ဒါပေမယ့် သိနာတောင်မှာတော့ လျှပ်စီးမိုးထစ်ချုန်းတာတွေနဲ့ သူ့ကို သမ္မာကျမ်းစာမှာ ပြထားတယ်။ သူ့ပလ္လင်ကနေ မိုးကြိုးတွေ၊ လျှပ်စီးတွေလျှပ်တယ်။ ဒါတွေကို ငါဘယ်လိုယူရမှာလဲ။ ငါက ဒါတွေနဲ့ ဝဲလည်နေတယ် ထင်တယ်။ ငါဟာ ယေဟောဝါမဟုတ်ဘဲ ဇူး(စ်)ရဲ့ အပြစ်ဖို့ခြင်း ခံရတယ်လို့ ခံစားနေရတာလား။ ဇူး(စ်)နဲ့ ယေဟောဝါကို ရှုပ်နေတာလား။ အဖေခေါ်ဖို့ ငါဇာစ်မြစ်အတွက် ပဋိပက္ခဖြစ်နေတာလား"

“Tony နဲ့ပြောကြည့်လေ Maatan။ သူလည်း ဒီခရီးကိုသွားနေမှန်း ငါတို့သိတာပဲ။ (၁) ခေါင်းထက် (၂) ခေါင်းက ပိုကောင်းတာပေါ့။”

“အမှန်ပဲ Stella, ဒီအကြောင်း သူနဲ့ပိုပြောချိန်တန်ပြီ”

# အခန်း ၅၃
# တောထဲမှာတွေ့ခဲ့တဲ့ ဖန်သော့

နောက်အပတ်မှာ Maatan ဟာ Tony ရဲ့ အခြေအနေသိချင်လို့ သူ့ဆီသွားလည်တယ်။

"လာ Maatan။ နင်နဲ့ပန်းခြံမှာတွေ့ပြီးနောက် အတော်ကိုခက်ခဲတဲ့ အပတ်ပဲ"

"ဟုတ်တယ်နော်။ ခဏလောက် ဆုတောင်းမယ်လေ။ ဒီခရီးအတွက် ယေရှုနဲ့ အချိတ်အဆက် ရှိချင်တယ်"

"ဒါပေါ့။ Eric လည်း ဒီခရီးမှာပါဝင်ဖို့ ဒီမှာရှိနေတယ်" "Eric ခင်ဗျားပါဝင်တာ ဝမ်းသာပါတယ်" လို့ Maatan ကပြောတယ်။ သူတို့လည်း အတူဆုတောင်းကြတယ်။

Tony က "ငါတို့ အတူလမ်းထွက်လျှောက် စကားပြောကြတာပေါ့။ လေညှင်းခံရင် လန်းသွားမယ်" လို့ပြောတယ်။

သူတို့လည်း တောဘက် ဦးတည်ကြတယ်။ Tony က စပြီး "ငါ့ရဲ့ဘေးတော် ရေးခဲ့တဲ့စာ ငါ့မှာရှိတယ်။ အဲဒီစာက ငါ့သူငယ်ချင်း Marc Fuller ကို သတိရဖြစ်စေတယ်။ သူက အကူ အညီပေးနိုင်မယ်လို့ ထင်တယ်" ဆိုပြီး စာကိုဖတ်တယ်။

> "ဘုရားရဲ့ဖြောင့်မတ်ခြင်းတရား ပညတ်တော်၌ ကိန်းတယ်ဆိုတာ မှန်တယ်။ ဘာလို့လဲဆိုတော့ ပညတ်က ဘုရားရဲ့ အလိုတော်ကို ပြလို့ပါ။ ဒါဟာ ဘုရားသိက္ခာပုဒ်ကိုပြတဲ့ တစ်ခုတည်းသော အထောက်အထားပါ။ အဲဒါကြောင့် အလိုလိုနဲ့ကို ဘယ်သူကမှ ပညတ်တော်ကနေ ဘုရားရဲ့ ဖြောင့်မတ်ခြင်းကို မရှာနိုင်၊ မတွေ့ကြဘဲ ဘုရားကိုပဲ တွေ့ကြတယ်။ အဲဒါကြောင့် ဘုရားဖြစ်ဖြစ်၊ လူဖြစ်ဖြစ် ပညတ်တော်မှာ သူ့ရဲ့ ဖြောင့်မတ်ခြင်းကိုပဲ တွေ့မယ်ဆိုတာက အမှန်တရားပါ။ လူ့ဘက်ကနေတော့ ပညတ်ဟာ အပြစ်ကိုပြတာပေါ့။ ဘာလို့လဲဆိုတော့ လူတွေက ဘုရားလို မဖြောင့်မတ်ကြလို့ပါ။

> ဘုရားဘက်ကတော့ ပညတ်ဟာ ဖြောင့်မတ်ကြောင်း ပြတာပေါ့။ ဘာလို့လဲဆိုတော့ ပညတ်တော်ကိုက ဘုရားရဲ့ ဖြောင့်မတ်ခြင်းတွေ ပြနေလို့ပဲ။ *Review and Herald,* December 12, 1899.

“ဒါဟာ တော်တော်လေးနက်တာပဲ။ အယောက်တိုင်းက ပညတ်တော်ကိုကြည့်ပြီး သူတို့ရဲ့ ဖြောင့်မတ်ခြင်းကို တွေ့တယ်။ အတော်ကောင်းတဲ့ ကြည့်မှန်ဖြစ်အောင် လုပ်ကြတယ်”

Eric ကလည်း “ငါ့ရဲ့ဘေးတော် ရေးခဲ့တဲ့စာက ခုနက ခင်ဗျားဖတ်တဲ့စာကို ထပ်ဖြည့်မယ်လို့ မှတ်တယ် Tony” တဲ့။

> “ယေရှုရဲ့ ယုံကြည်ခြင်း ကျွန်တော်တို့မှာရှိတယ်လို့ ဘယ်လိုလုပ်သိလို့ရမှာလဲ။ ဘုရားက ‘သင်တို့သည် ယုံကြည်ခြင်း၌ တည်သလော၊ မတည်သလောဟု ကိုယ့်ကိုယ်ကို စစ်ကြောကြလော့။’ လို့ မိန့်ပါတယ် ၁ ကော ၁၃း၅။ ကျွန်တော်တို့ကကော ဘယ်လိုစစ်ကြမှာလဲ။ အများစုကလည်း လူလူချင်းပဲ ယှဉ်ကြတာ။ ဒါကို ရှင်ပေါလုက လမ်းမဟုတ်ဘူးတဲ့။ **ဘုရားက ကျွန်တော်တို့ကို ကြည့်မှန်ပေးခဲ့ပြီးပြီ။ အဲဒါကို ကြည့်ပြီး ကိုယ့်ကိုယ်ကို သိရမှာ။ အဲဒီကြည့်မှန်ဆိုတာကလည်း သူ့ရဲ့ နှုတ်ကပတ်တော်ပါပဲ။** တရားကိုမကျင့်ဘဲ နာရုံမျှသာ ပြုသောသူမည်သည်ကား၊ မှန်၌ မိမိပကတိမျက်နှာကို ကြည့်သောသူနှင့်တူ၏။- အကြောင်းမူကား၊ ကိုယ်ကိုကိုယ်ကြည့်ပြီးမှ၊ အခြားသို့သွား၍ မိမိအဆင်းသဏ္ဌာန်ကို ချက်ချင်း မေ့လျော့တတ်၏။- လွတ်ခြင်းနှင့် စပ်ဆိုင်၍ စုံလင်သောတရား၌ စေ့စေ့ကြည့်ရှု၍ တည်ကြည်သောသူမူကား၊ တရားနာ၍ မေ့လျော့သောသူ မဟုတ်၊ အကျင့်ကျင့်သောသူဖြစ်သဖြင့် မိမိကျင့်သောအကျင့်၌ မင်္ဂလာရှိသောသူ ဖြစ်၏ - ရှင်ယာကုပ်ဩဝါဒစာ ၁:၂၃-၂၅။ ရှင်ယာကုပ်က ‘သူ့မယားကို မပြစ်မှားနှင့်’ ‘လူ့အသက်ကို မသတ်နှင့်’ လို့ ပြဋ္ဌာန်းတဲ့ ပညတ်တော်ဟာ ‘လွတ်လပ်ခြင်းတရား’

တဲ့။ အဲဒီပညတ်ဟာ စိတ်ရဲ့သရုပ်ပြ မှန်ပါပဲ။ အဲဒါကိုကြည့်ရင် ခင်ဗျားဟာ ယုံကြည်ခြင်းမှာ တည်မတည်ကို သိလို့ရတယ်။ ယုံကြည်ခြင်းမှာ တည်တဲ့လူက ပညတ်တော်စောင့်တဲ့ သူတွေပဲ - ဗျာဒိတ် ၁၅း၁၂။ **ကိုယ့်ကိုယ်ကိုသိဖို့ ဒီမှန်ထဲမှာ ကြည့်ပြီးပြီလား။** ယုံကြည်ခြင်းမှာ တည်သေးလား။ ကြည့်လိုက်ပြီး ခင်ဗျား ဘယ်မှာလိုနေလဲ ဆိုတာကို ကြည့်ကြည့်ပါ။ E.J. Waggoner, *Present Truth UK,* March 7, 1895.

"ကျွန်တော်တို့က ဘုရားဟာ ကျမ်းစာထဲမှာ တွေ့ရတဲ့အတိုင်းပဲလို့ တန်းမှတ်တတ်ကြတာ။ တကယ်လို့ ကျမ်းစာဟာ ကြည့်မှန်ဖြစ်ပြီး အဲဒီမှာ ကိုယ့်ရုပ်ကိုယ်တွေ့မယ်ဆိုရင် ကျွန်တော်တို့ ဘုရားကိုမှတ်ပုံက ကျမ်းစာက ငါတို့ကိုပြနေတာ မဟုတ်ဘူးလား" လို့ Eric က စဉ်းစဉ်းစားစားပြောတယ်။

"အိုး၊ တယ်ထူးတာပဲ။ ကျွန်တော် ဘာလို့ ဒီလိုမျိုး မဆင်ခြင်ခဲ့ဖူးပါလိမ့်။ ကျမ်းစာက ကျွန် တော်တို့ဟာ ဘုရားကို ဘယ်လိုမှတ်လဲဆိုတာကို ချပြတာပဲရှိတာကိုး။ ဒါဟာ ကျွန်တော်တို့စိတ်ကို ပြတဲ့မှန်ပဲ" လို့ Maatan လည်း ပြောတယ်။

"ဟုတ်တယ်။ မေးရမှာက ကျမ်းစာဆိုတာ ဘုရားသိက္ခာကို ပြတာလား။ ကျွန်တော်တို့က ဘုရားကိုမြင်ပုံ ပြတာလားဆိုတာကို ဘယ်လိုခွဲပြနိုင်မလဲ ဆိုတာပဲ" လို့ Eric ကမေးတယ်။

Maatan က ခဏစဉ်းစားပြီး "ယေရှုက ငါ့ကိုတွေ့ သောသူသည် ခမည်းတော်ကိုလည်း တွေ့ရပြီတဲ့။ အဲဒါကြောင့် ခမည်းတော်အကြောင်း သိချင်ရင် သားတော်ယေရှုကို ကြည့်ရမှာပေါ့" တဲ့။

Tony က "ငါဒီကျမ်းပိုဒ်ကို စဉ်းစားဖြစ်နေတယ်" တဲ့။

"ငါတို့ရှိသမျှသည် မျက်နှာဖုံးကိုဖွင့်လျက် မှန်ကို ကြည့်သကဲ့သို့၊ သခင်ဘုရား၏ ဘုန်းအသရေတော်ကို ကြည့်မြင်၍၊ ဝိညာဉ်တော်တရား၏

အရှင်သည် ရောင်ခြည်တော်ကို လွှတ်တော်မူသည်အတိုင်း၊ ငါတို့သည် ဘုန်းအသရေ တိုးပွား၍ ပုံသဏ္ဌာန်တော်နှင့်အညီ ပြောင်းလဲခြင်း ရှိရကြ၏။” - ကောရိန္သုသြဝါဒစာဒုတိယစောင် ၃:၁၈

Maatan က “ဟုတ်တယ်။ ယေရှုဟာ ခမည်းတော်ရဲ့ ပုံသဏ္ဌာန်ဖြစ်လို့ ခရစ်တော်ဟာ ကြည့်မှန်ဖြစ်တယ် (ဟေဗြဲ ၁း၃)။ အဲဒီရှုထောင့်ကနေပြီး ကျန်တဲ့ကျမ်းစာတစ်အုပ်လုံးကို နှိုင်းယှဉ်တဲ့အခါ ကျမ်းစာဟာ ဘုရားရဲ့သိက္ခာပုဒ်ကို ပြတာလား။ ကျွန်တော်တို့ရဲ့ အမှတ်မှားပုံကို ပြတာလားဆိုတာ သိနိုင်လာပါတယ်”

ယေရှု ဒီကမ္ဘာမှာ လာပွင့်ခဲ့တုန်းက ဘယ်သူ့ကိုမှ မသတ်ခဲ့ပါဘူး။ သူက ဘုရားရဲ့ ဘုန်း၊ သိက္ခာတို့ကို ပြဖို့လာခဲ့တာလို့ မိန့်ခဲ့တာပါ” လို့ Eric က နောက်ကျမ်းတစ်ပိုဒ်နဲ့ ထောက်ပြတယ်။

“အကျွန်ုပ်သည် မြေကြီးပေါ်မှာ ကိုယ်တော်ကို ဘုန်းထင်ရှားစေပါပြီ။ အကျွန်ုပ်ဆောင်ရွက်စရာဖို့ အကျွန်ုပ်၌ အပ်ပေးတော်မူသောအမှုကို အကျွန်ုပ်ဆောင်ရွက်၍ ပြီးပါပြီ။” - ရှင်ယောဟန်ခရစ်ဝင် ၁၇:၄

“ဘုရားဟာ ဖျက်ဆီးသူလို့ ပြထားတဲ့ကျမ်းတွေ အားလုံးက ဘုရားအပေါ် လူ့အမြင် လူ့အထင်တွေပါ။ လူရဲ့စိတ်ကို ထုတ်ပြတာပါ။ ယေရှုခရစ်ဆီ မသွား၊ ဒီကမ္ဘာမှာ ပွင့်ခဲ့တုန်းက သူချပြတဲ့ အထောက်မပါဘဲ ဘယ်သူမှ ခမည်းတော်ကို အမှန်မမြင်နိုင်မှန်း ဒီအချက်က ထောက်ပြတယ်” လို့ Maatan ကပြောတယ်။

အဲဒီအချိန် မိုးရွာရော။ သက်တံလဲ ဒီအကြောင်းမှန်တယ်လို့ ပြတာလားမသိ ကောင်းကင်မှာပေါ်နေတယ်။ Maatan လည်း အားတက်တာပေါ့။ အပူအပင်ကင်းကင်းနဲ့ တောထဲဝင်သွားတယ်။ သူ့မှာအခု ဗူး(စ်)နတ်ဘုရားနဲ့ ယေဟောဝါဘုရားကိုခွဲဖို့ သော့ ရှိသွားပြီ။

သူ့ သော့ တုန်သွားမှန်း Maatan သိလိုက်တယ်။ ဆွဲထုတ်ကြည့်လိုက်တော့ ဘုရားပေးသော့ပေါ်က ကျောက်ဟာ သလင်းကျောက်လို ကြည်တောက်ပြီး သော့ကိုဖောက်မြင်ရတယ်။

“ဟာလေလုယ၊ ငါတို့ နောက်ဆုံးတိုင်ဘက် နီးလာပြီ” လို့ Maatan ကပြောတယ်။ သူတို့ အားလုံး ဘုရားကို ကျေးဇူးတင် ဒူးထောက်ဆုတောင်းကြတယ်။ ပြီးတော့ Tony အိမ်ဆီ ပြန်ကြတယ်။ သူတို့ ကိစ္စတွေပြီးတဲ့အခါ Maatan မှာ အတွေးဝင်လာတယ်။ “ဓမ္မဟောင်း ကျမ်းကို ဓမ္မသစ်ကျမ်းဘက်ကနေ ကြည့်ဖတ်မှ အဓိပ္ပာယ်ရှိမယ့်ပုံပဲ။ ယေရှုဟာ ခမည်း တော်ဆီကို ရောက်စေမယ့်လမ်း ဖြစ်သလို၊ ဓမ္မသစ်လည်း ဓမ္မဟောင်းကျမ်းကို မြင်တတ် စေမယ့်လမ်းပဲ”

“ဒါဟာ သိမ်မွေ့တဲ့အတွေးပဲ Maatan, ထပ်ပြောရရင် ဘုရားရဲ့နည်းက ပဋ္ဌမာယာကျော့ ကွင်းကို ဖြေဖို့ ပေးခဲ့တာပဲ။ ကျမ်းစာကို အသစ်ပြန်လေ့လာကြရအောင်” လို့ Eric က ပျော်ပျော်ရွှင်ရွှင်ပြောတယ်။

# အခန်း ၅၄
# မြေရဲ့ကျိန်စာ

နောက်အပတ်၊ နောက်လတွေမှာ Maatan, Tony, Eric တို့ ကျမ်းစာထဲမှာ ဘုရားသခင် ဟာ ယေရှုရဲ့ခမည်းတော်ထက် အာပိုလိုရဲ့ ခမည်းတော်နဲ့တူတဲ့ သာဓကမျိုးတွေရှိလား လို့ လေ့လာကြတယ်။

"ကျွန်တော်တော့ ကာဣနနဲ့ အာဗေြလရဲ့အဖြစ်နဲ့ ရေလွှမ်းမိုးခြင်းအကြောင်းကို တွဲစဉ်း စားနေတာ။ ကာဣနက သူ့ညီအာဗေြလကို သတ်ပြီးနောက် သူ့အပေါ် ဘာတွေဖြစ်မယ် လို့ ပြောတာတွေကို ကြည့်ကြည့်ပါ" လို့ Maatan ကပြောတယ်။ ။

> "ထာဝရဘုရားကလည်း သင့်ညီအာဗေလသည် အဘယ်မှာရှိသနည်း ဟု ကာဣနကိုမေးတော်မူလျှင်၊ အကျွန်ုပ်မသိပါ။ အကျွန်ုပ်သည် ညီ ကိုစောင့်ရသောသူဖြစ်ပါသလောဟု လျှောက်ဆို၏။ ဘုရားသခင်က လည်း၊ သင်သည် အဘယ်သို့ပြုပြီးသနည်း။ သင်ညီအသွေး၏အသံ သည် မြေထဲက ငါ့ကို အော်ဟစ်လျက်ရှိသည်တကား။ သို့ဖြစ်၍ သင့် ညီ၏အသွေးကိုခံယူခြင်းငှာ၊ **မိမိပါးစပ်ကိုဖွင့်သော မြေကြီး၏ကျိန် ခြင်းကို သင်သည်ခံရပြီ။**" - ကမ္ဘာဦးကျမ်း ၄:၉-၁၁

"ကျိန်စာက ဘယ်ကလာတာလဲ ကြည့်လိုက်ပါ။ ဘုရားဆီက မလာဘူး။ မြေကြီးကနေ လာတာ။ အာဗေြလ အသတ်ခံရတာ မြေကြီးလည်း တစ်နည်းနည်းနဲ့ခံရပြီး ကာဣနဆီ ပြန်ရောက်ပြီး အကျိန်ခံရတယ်" လို့ Maatan ကထောက်ပြတယ်။

Tony က "ရေလွှမ်းမိုးခြင်းအကြောင်း ကောင်းကောင်းကြည့်ရင်လည်း ဒီလိုပဲ" လို့ပြော တယ်။

> "ထိုအခါ မြေကြီးသည်၊ ဘုရားသခင့်ရှေ့မှာ ပုပ်စပ်လျက်ရှိ၏။ မြေကြီး သည် အဓမ္မအမှုနှင့်ပြည့်စုံလေ၏။ ဘုရားသခင်သည် မြေကြီးကိုကြည့်

ရှုသောခါ၊ ပုပ်စပ်လျက်ရှိသည်ကို မြင်တော်မူ၏။ အကြောင်းမူကား၊ မြေကြီးပေါ်မှာ လူအပေါင်းတို့သည် ဖောက်ပြန်ခြင်းသို့ ရောက်ကြပြီ။ ထိုအခါ ဘုရားသခင်သည်၊ နောအား မိန့်တော်မူသည်ကား၊ သတ္တဝါ အပေါင်းတို့၏ အဆုံးသည် ငါ့မျက်မှောက်တွင် ပေါ်လာပြီ။ သူတို့ကြောင့် မြေကြီးသည် အဓမ္မအမှုနှင့်ပြည့်စုံလေ၏။ အကယ်စင်စစ် မြေကြီးနှင့်တကွ သူတို့ကိုငါဖျက်ဆီးမည်။" - ကမ္ဘာဦးကျမ်း ၆:၁၁-၁၃

"မြေကြီးသည် ပုပ်စပ်တယ်တဲ့။ လူ့အပြစ်တွေကို ပြန်အန်ထုတ်မယ့်အဖြစ်ကို ဘုရားက မြင်တာလေ။ အဲဒီနောက်မှာ ဘုရားက 'မြေကြီးနှင့်တကွ သူတို့ကို ငါဖျက်ဆီးမည်' တဲ့။"

"ယေရှုက ခမည်းတော်ဟာ ငါနဲ့တူတယ်ဆိုတဲ့ ဘက်ကကြည့်ရင် ဘုရားက သူတို့ကို တိုက်ရိုက်သတ်တယ်ဆိုတာ မဖြစ်နိုင်တဲ့အရာပဲ။ အဲဒီအစား ယေရှုက ယေရှုရှုလင်ဗိမာန်တော်ကနေ ထွက်လာတဲ့အခါ သူတို့အိမ်တွေ လူဆိတ်ညံလျက် ကျန်ရစ်မယ်လို့ မိန့်ခဲ့တော့ ဘုရားက မြေကြီးကို တစ်ကမ္ဘာလုံးပေါ် ကျိန်စာသင့်ခွင့် ပေးခဲ့တာပဲ" လို့ Eric က ထပ်ဖြည့်တယ်။

Maatan က "ကျွန်တော် ဟေရှာယကျမ်းထဲကနေ အခုလေးတင် တွေ့တာကို ကြည့်ကြဦး။ ကျွန်တော်က 'မြေကြီး' နဲ့ 'ကျိန်' ဆိုတာတွေကို ရှာကြည့်တာ။

"ပြည်တော်သည် ငြိုငြင်ညှိုးငယ်ခြင်း ရှိ၏။ လောကသည် အားလျော့၍ ညှိုးငယ်ခြင်းရှိ၏။ ဘုန်းကြီးသော ပြည်သားတို့သည် အားလျော့ကြ၏။ ပြည်သားတို့သည် တရားတော်ကို လွန်ကျူးခြင်း၊ အမိန့်တော်ကိုပြောင်းလဲခြင်း၊ ထာဝရသစ္စာတော်ကို ဖျက်ခြင်းအကြောင်းကြောင့်၊ ပြည်တော်သည် ညစ်ညူးခြင်းရှိ၏။ ထိုကြောင့်၊ ကျိန်တော်မူသော အကျိန်သည် ပြည်တော်ကို လွှမ်းမိုးပြီ။ ပြည်သားတို့အပေါ်မှာ အပြစ်ရောက်လေပြီ။ ထိုကြောင့် ပြည်သားတို့သည် ပူလောင်ကြသ

ဖြင့်၊ ကျန်ကြွင်းသောသူတို့သည် နည်းကြ၏။” - ဟေရှာယအနာဂတ္တိ ကျမ်း ၂၄:၄-၆

“ကျမ်းစာကတော့ ကျွန်တော်တို့ရဲ့ ကမ္ဘာဂြိုဟ်ဟာ လူ့အပြစ်တွေကြောင့် ဆိုးကျိုးအတော် ခံရပုံ ပြတဲ့ပုံပဲ။ ‘ပြည်တော်သည် ညစ်ညူးခြင်းရှိ၏’ ကို ကျွန်တော်တို့ ဘယ်လို ထပ်ပြီးနားလည်လို့ ရမလဲ။”

“ဒီအကြောင်းကိုရှာရင်းနဲ့ ဒါကိုတွေ့တယ်” လို့ Tony က ပြောတယ်။ ။

“ငါသည်လာ၍ သင်တို့၏ပြည်ကို ကျိန်ခြင်းဘေးနှင့် ဒဏ်မခတ်မည်အကြောင်း၊ ထိုပရောဖက်သည် သားတို့နှင့် အဘတို့ကိုလည်းကောင်း၊ အဘတို့နှင့် သားတို့ကိုလည်းကောင်း အသင့်အတင့် ဖြစ်စေမည်ဟု မိန့်တော်မူ၏။” - မာလခိအနာဂတ္တိကျမ်း ၄:၆

“အိမ်ထောင်တစ်ခု အစည်းပြိုတဲ့အခါ အပြစ်တွေပိုပွားပြီး အဲဒီအပြစ်ကြောင့် မြေကြီးလည်း အကျိန်ခံရတယ်လို့ ဒီကျမ်းပိုဒ်က ပြောထားတယ်မဟုတ်လား”

Eric က ဒီကျမ်းပိုဒ်ကို ဝတ်ပြုရာကျမ်း (၁၈) က အတည်ပြုပေးသလိုပဲ” လို့ပြောတယ်။

“ထိုသို့သောအမှုအားဖြင့် ကိုယ်ကိုကိုယ် မညစ်ညူးစေရ။ သင်တို့ရှေ့မှာ ငါနှင်ထုတ်သော လူအမျိုးမျိုးတို့သည်၊ ထိုသို့သောအမှုကိုပြု၍ ညစ်ညူးကြ၏။ သူတို့ပြည်သည်လည်း ညစ်ညူး၏။ ညစ်ညူးသောအပြစ်ကြောင့် ငါဆုံးမ၍၊ ထိုပြည်သည် မိမိသားတို့ကို အော့အန်လိမ့်မည်။” - ဝတ်ပြုရာကျမ်း ၁၈:၂၄၊ ၂၅ (KJV)

“မိသားစု ကမောက်ကမဖြစ်ခြင်းက မြေကြီးကို အော့အန်စေ၊ လူသားတွေကို ဖျက်ဆီးတယ်လို့ ဒီကျမ်းပိုဒ်မှာ ပြတယ်။ ဒါက ကာလ္ကနတုန်းက သူခံရမယ့်အဖြစ်က ဘုရားမိန့်ခဲ့တာ ပြည့်စုံသွားခြင်းပဲ” လို့ Eric ပြောတယ်။

လူကမြေကြီးကို အဲလိုဖြစ်စေနိုင်တာလား။ လူကို မြေမှုန့်ကနေဖန်ဆင်းမှန်း ကျွန်တော်တို့သိပါတယ်။ သိပ္ပံပညာရှင် Manfred Clynes က 'လှု (frequency) ခံစားမှုကြိမ်နှုန်းကို သုတေသနလုပ်ခဲ့တယ်တဲ့။ ဒေါသ၊ နာကြည်းမှု၊ ဝမ်းနည်းမှု၊ လူသတ်မှု၊ လိင်မှုလွန်ကဲမှုက သဘာဝချိန်ခွင်လျှာကို သက်ရောက်မှုရှိတယ်' တဲ့" လို့ Maatan ကပြောတယ်။

"အများစုကတော့ ဒါဟာ အလကားပါလို့ ပြောကြမှာပဲ။ ဒါပေမယ့် ကျမ်းစာကတော့ လူ့ဒုစရိုက်နဲ့ ကမ္ဘာမြေကြီး ပျက်စီးရတာကို ဆက်ပြထားတယ်။ ကျွန်တော်တို့က အဲဒီလိုမယူရင် ဘုရားကဘဲ ဖျက်ဆီးသူလို့ မြင်ကြမှာ။ ယေရှုက ဒါဟာမမှန်ဘူး။ ဘုရားက ဘယ်သူ့ကိုမှ မဖျက်ဆီးဖူးဘူးလို့ ပြခဲ့တယ်" လို့ Tony ကပြောတယ်။

"အဲဒါသာ မှန်ရင်တော့ မိုးကြိုး၊ ကောင်ကင်နတ်ဘုရားဖြစ်တဲ့ ဇူး(စ်)က လူ့ဒုစရိုက်ကိုပြတာလို့ ယူလို့ရသွားတယ်။ လူ့စိတ်မှာ မုန်တိုင်းထန်ရင် မြေကြီးလည်း မုန်တိုင်းထန်ပြရော။ အဲဒါက ဘုရားရဲ့ နည်းနာဖြစ်တဲ့ ရင်းမြစ်နဲ့လမ်းကြောလို ဖြစ်မနေဘူးလား"

"ငါလိုက်လို့ မမီသေးဘူး Maatan။ ထပ်ပြောဦး"

"ကျွန်တော်ပြောတာက ကမ္ဘာမှာဖြစ်တဲ့မုန်တိုင်းတွေဟာ လူ့စိတ်မှာဖြစ်တာ။ အတွင်းသန္ဓေ အပြင်မှာပေါ်တာ။ အဲဒါကလူကို ကမ္ဘာကို အုပ်စိုးခွင့်ပေးထားလို့ပဲ။ ကျမ်းစာမှာ အပြစ်မရှိခင် မုန်တိုင်းဖြစ်ခဲ့တယ်လို့ မပြဘူး။ မြေကြီးက နှင်းတွေနဲ့ပဲ စိုထိုင်းခဲ့ပြီး မိုးဆိုတာ မရွာခဲ့ဖူးဘူး" လို့ Maatan ကပြောတယ်။

"ခင်ဗျားပြောတာ မှန်တယ်လို့မှတ်တယ်။ ဒါ့ထက်လဲ လေးနက်နိုင်သေးတယ်" ဆိုပြီး Eric က သဘောတူတယ်။

"ရှိလွန်းမက ရှိတာပေါ့။[20] ဒီနေရာမှာ ဘုရားနည်းနာ ပါလာပုံပဲ။ သခင်ယေရှု လူ (၅,၀၀၀) ကို ကျွေးအပြီးမှာ တပည့်တော်တွေ သူ့ကို ဘုရင်မြှောက်တဲ့အဖြစ်ကို

[20] ဒီထက်အကျယ်သိချင်ရင် fatheroflove.info မှာ Agape (အတ္တမဲ့မေတ္တာ) စာအုပ်ကိုရှုပါ။

ကျွန်တော်တွေးကြည့်တယ်။ ယေရှုက လေ့ပေါ်တက်ပြီး ထွက်ဖို့ပဲ မိန့်ခဲ့တယ်။ သူ့ရဲ့ငြင်းဆန်မှုက တပည့်တော်တွေကို စိတ်ပျက်စေပြီး မုန်တိုင်းဖြစ်စေသလားလို့ပါ”

“ဒါလည်း အဆန်းပဲ Maatan။ ဒါကို အတည်ပြုဖို့ လေ့လာရလိမ့်မယ်။ ခင်ဗျားကတော့ တရားရှာတွေ့သလိုပဲ” လို့ Tony က ထောက်ခံတယ်။

“စကြဝဠာကိုသိချင်ရင် စွမ်းအင်၊ ကြိမ်နှုန်း၊ တုန်ခါမှု စတာတွေကို အတွေးထဲထည့်ကြလို့ Nikola Tesla ပြောခဲ့တယ် မဟုတ်လား။ ကျွန်တော်တို့အားလုံးက စွမ်းအင်၊ တုန်ခါမှုတွေနဲ့ ချိတ်ဆက်နေကြတာပါ။ အခြားလူရဲ့ စိတ်ခံစားမှုကို ကျွန်တော်တို့ လိုက်ခံစားကြတယ်။ သူတို့ ဒေါသထွက်၊ ဝမ်းနည်း၊ ဝမ်းသာကြချိန်မှာ ကျွန်တော်တို့ လိုက်ခံစားကြတယ်။ ကျွန်တော်တို့က တွေ့ရုံတင်မကဘူး။ လိုက်ခံစားကြတယ်။ အလင်းနဲ့အသံကိုလည်း စဉ်းစားကြည့်ဦး။ အဲဒါတွေက တုန်ခါမှုနဲ့ ကြိမ်နှုန်းကို အခြေခံကြတာပဲ။ အဲလိုသာဆိုရင် ကျွန်တော်တို့က မုဒိတာထားပြီး ပြောဆိုကြရင် မြေကြီးလည်း ကောင်းကျိုးရ၊ ကျွန်တော်တို့က မစ္ဆရိယစိတ်ထားပြီး ပြောဆိုပြုမူကြရင် မြေကြီးလည်း ဆိုးကျိုးရတယ်” ဒီလိုနဲ့ Maatan ဟာ သူရှာနေတဲ့ အဖြေကိုရလို့ အားတက်သွားတယ်။

“ဒါဟာ ခေတ်သစ် (New Age) ဒဿနများ ဖြစ်မလားနော်” ဆိုပြီး Eric က ဝင်ဟန့်တယ်။

“ခေတ်သစ်ဒဿနက ကျမ်းစာကမှားတယ်လို့ ပြထားတဲ့ လူသည်တကယ်မသေ၊ ဘုရားဖြစ်တယ်ဆိုတဲ့ အကြောင်းအပေါ် အခြေခံတာပါ။ တုန်ခါမှု၊ ကြိမ်နှုန်းတွေကတော့ သိပ္ပံဘက်ပါ။ ဘာဖြစ်ဖြစ်ပေါ့ ဘုရားက ကာဣနဟာ မြေရဲ့ကျိန်ခြင်းကို ခံရမယ်လို့ မိန့်ခဲ့တာပါ။ ဘုရားဆီက မဟုတ်ပါဘူး။ ဒါပေမယ့် ကာဣနက အဆိုးတွေ ဖြစ်လာတာကို ဘုရားအပေါ် အပြစ်ပုံတယ်။

> “အကျွန်ုပ်ကို မြေကြီးပြင်မှ ယနေ့နှင်ထုတ်တော်မူပြီ၊ မျက်နှာတော်ကိုလည်း မမြင်ရ။ မြေကြီးပေါ်မှာ ပြေးရသောသူ၊ အရပ်ရပ်လည်ရသော

> သူဖြစ်ပါရမည်။ တွေ့သမျှသောသူတို့သည် အကျွန်ုပ်ကိုသတ်ပါလိမ့်မည်ဟု၊ ထာဝရဘုရားကို လျှောက်ဆို၏။" - ကမ္ဘာဦးကျမ်း ၄:၁၄

"ကာဣနကတော့ သူဒီလိုဖြစ်ရတာကို ဘုရားအမှားလို့ ပြောတယ်။ ဒါပေမယ့် ကာဣနက သူ့သဘောသူ ဆောင်သွားတာပါပဲ" လို့ Maatan က သုံးသပ်တယ်။

"စဉ်းစားဖြစ်လာတာတစ်ခုက တိရစ္ဆာန်တွေရဲ့ ကြမ္မာပဲ။ တစ်ချို့က သင်္ဘောထဲပါသွားပြီး အများစုကကော ဘယ်လိုလဲ" လို့ Tony ကဆက်တယ်။ "ဒီကျမ်းပိုဒ်ကိုကြည့်"

> "ထာဝရဘုရားကလည်း၊ ငါဖန်ဆင်းသောလူကိုလည်းကောင်း၊ လူမှစ၍ **သားများ၊ တွားတတ်သော တိရစ္ဆာန်များ၊ မိုးကောင်းကင်ငှက်များ** တို့ကိုလည်ကောင်း မြေကြီးမျက်နှာမှ ငါသုတ်သင်ပယ်ရှင်းမည်။ သူတို့ကို ဖန်ဆင်းသောကြောင့် ငါနောင်တရသည်ဟု မိန့်တော်မူ၏။" - ကမ္ဘာဦးကျမ်း ၆:၇

"ဘုရားကိုယ်တိုင်က ကမ္ဘာကိုဖျက်ဆီးတာဆိုရင်တော့ ဘုရားက ကုန်း၊ ရေ၊ လေ တိရစ္ဆာန်သန်းချီကို သတ်တဲ့အဓိပ္ပာယ် သက်ရောက်တယ်။ ဘုရားရိုက်တာခံရဖို့ သူတို့က ဘာအပြစ်လုပ်ကြလို့လဲ။ ဒီအဖြစ်အပျက်က ဘုရားဟာ ဒီတိရစ္ဆာန်တွေကို အကြောင်းမရှိဘဲ သတ်သလိုဖြစ်စေတယ်"

"ဘုရားက ကမ္ဘာမှာ မကောင်းတဲ့ ကြိမ်နှုန်းတုန်ခါမှု အကြီးကြီးဖြစ်စေသလိုလည်း ဖြစ်စေတယ်" လို့ Maatan က ထပ်ဖြည့်တယ်။

"စိတ်ဝင်စားစရာပဲ Maatan, ကာဣနက အာဗေလကို သတ်တဲ့အခါ အာဗေလရဲ့ သွေးရဲ့တုန်ခါမှုက မြေကြီးကို ဆန့်ကျင်အကျိုးကို ပေးတဲ့သဘောဖြစ်မယ်" လို့ Eric ကပြောတယ်။

"ရေလွှမ်းမိုးမှုကြောင့် လူသန်းချီပြီး သေကြမှာပါ။ ဘုရားက ဒီလိုလုပ်ခဲ့တာဆိုရင် သူ့ကိုယ်သူ အလှဲထိုးတာပါပဲ။ ဘာကြောင့်လဲဆိုတော့ လူသန်းချီသေခဲ့တဲ့အကျိုး မြေကြီး

ကိုသက်ရောက်တာတွေ လူ့အပေါ်မဟုတ်ဘဲ သူ့ကိုပဲ အပြစ်ဖို့ကြမှာပေါ့။ ဒီအဖြစ်က ဘုရားကို တိရစ္ဆာန်၊ ပတ်ဝန်းကျင်တွေကို ဖျက်ဆီးသူလို့ ပြရာရောက်တယ်" လို့ Maatan ကပြောတယ်။

"လူတွေက မုဒိမ်းကျင့်ဖို့၊ ကမ္ဘာကိုဖျက်ဆီးဖို့ အသင့်ဖြစ်ကြတာ မဆန်းပါဘူး။ သူတို့ရှိခိုးတဲ့ဘုရားက ဒေါသဖြစ်တိုင်း ဒီလိုလုပ်တတ်တဲ့ ဘုရားကို ရှိခိုးကြတာကိုး" လို့ Tony က စဉ်းစားဖြစ်တယ်။

"ကျွန်တော်ကတော့ ဘုရားက ကာလ္လနဆီ မိန့်ခဲ့တဲ့စကားကို ယုံတယ်။ ကျိန်ခြင်းက ဘုရားဆီက မဟုတ်ဘူး။ မြေကြီးက လာတာ။ လူတွေရဲ့အပြစ်ကြောင့် ညစ်ထွေးလာတဲ့ မြေကြီးကနေ လာတာ။ ကျွန်တော်တို့ကို ကရုဏာကာလ ပေးနိုင်ဖို့ ခရစ်တော် ဆူးရစ်သရဖူးဆောင်းပြီး လာခံသွားတာက ဒီကျိန်ခြင်းပါပဲ"

"ဟုတ်တယ်။ တုန်ခါမှုဆိုတာ အဓိပ္ပာယ်ရှိတယ်။ ဒီမြို့မှာ တုန်ခါမှုကြိမ်နှုန်းက ငါတို့ရဲ့ ကြေးငုတ်သေးသေးနဲ့ သံတာဝါတိုင်ကို ချိတ်ထားတာ။ တာဝေးဆက်သွယ်ရေးဆီက ဖြာထွက်တဲ့ လျှပ်စစ်သံလိုက်က ပျား၊ ငှက်၊ ဝေလငါးတွေရဲ့ သဘာဝကို ထိပါးတယ်" လို့ Eric က ထောက်တယ်။

"ဒီအကြောင်းတွေကို ပြောနေရင်တော့ လူတွေ ဝမ်းနည်းကုန်လိမ့်မယ်" လို့ Maatan က အရွှန်းဖောက်တယ်။

"ငါတို့ပြောချင်တာက ကျမ်းစာကို ယေရှုရဲ့သက်တော်စဉ်အပြင်ကနေ ဖတ်ရင် လူ့ဗီဇပဲ ထွက်လာပြီး လမ်းမလိုက်တဲ့ သူတွေက ပြဿနာကို ဘယ်လိုဖြေရှင်းကြလဲဆိုတာတွေ ထွက်လာမယ်။ အဖြေကတော့ သူတို့ကို နောင်တရဖို့ အချိန်ပေးပြီးရင်တော့ အပြတ်ရှင်းမယ်ပေါ့။ အများစုက နှစ် (၁၂၀) အချိန်ပေးထားတယ်လို့ မှတ်ကြတာ။ အဲဒါမှ နောင်တမရရင် ဘုရားကသတ်ပြီပဲ။ သတ်တာတင် မကဘူး၊ ကောင်းကင်ပြို၊ မြေ ထက်ခြမ်းကွဲလို့ သူတို့က ကြောက်စရာအကောင်းဆုံးနဲ့ကို သေကြတယ်လို့ မှတ်ကြမှာ" လို့ တိုနီ ကပြောတယ်။

ဒါပေမယ့် ယေရှုဘက်ကနေကြည့်တဲ့အခါ ရေလွှမ်းမိုးတဲ့အဖြစ်က တစ်မျိုးကွဲသွားတယ်။ သခင်ယေရှု၏ ဂုဏ်တော်ကြောင့် ကျမ်းစာက ဘုရားသိက္ခာပုဒ်ကို ပိုပြီးရှင်းအောင် ပြထားတယ်။ ဘုရားဟာ မမြင်ရခင်တုန်းကလိုမျိုး မဟုတ်ဘဲ ယေရှုလိုပါပဲလားဆိုပြီးအာရုံမှာထင်လာတယ်” လို့ Eric ကထပ်ဖြည့်တယ်။

“ဒါဟာ အကျိုးရှိတဲ့ လေ့လာမှုပဲ။ ဘုရားနည်းနာက အမှန်တရားကို ထပ်ပြီးပြပြန်ပြီ။ ဒီရှာတွေ့မှုတွေကို ကျစ်လျစ်စေဖို့ စဉ်းစားရမှာတွေ ရှိသေးတယ်။ ကျမ်းစာကလည်း ဖေးမမှာပါ။ ဒီအကြောင်းကို ခင်ဗျားက လက်မခံချင်ရင်တော့ လူ့စရိုက်အတိုင်း လူကိုသတ်တဲ့ဘုရားကို ခင်ဗျားကိုးကွယ်ချင်လို့ နေမှာပဲ” လို့ Maatan က သုံးသပ်တယ်။

“ကျမ်းစာဟာ ကျွန်တော်တို့စိတ်ရဲ့ ကြည့်မှန်ဆိုတာ အမှန်ပါပဲ။”

## အခန်း ၅၅
## အင်ဂျင်ခန်း

Maatan က “ကျွန်တော်က ပသခါပွဲအတွက် တရားရှာထားတယ်” လို့ ကြေငြာလိုက်တယ်။

Stella က “ရှင် ဘာစဉ်းစားထားလဲ” တဲ့။

“ပဋ္ဌမာယာကျော့ကွင်းကနေ လွတ်နိုင်မယ့် အချက်ကြီးတွေကို စီထားချင်တယ်။ ငါတို့ အောင်မြင်တော့မယ်ဆိုတာ ငါသိတယ်။ ငါ ဒီဟာတွေအားလုံးကို ချပြချင်တယ်”

“ပသခါပွဲက ဒီနှစ်မှာ ဘယ်တော့လောက် ကျမှာလဲ”

“ဧပြီလလယ်လောက် ကျမယ်။ သေချာဖို့က အစ္စရေးနိုင်ငံက သီးနှံအခြေအနေသတင်းကို စောင့်ရလိမ့်မယ်။”

“ဒါဟာ ရှေးဦးမြော်လင့်ခြင်း အသင်းသားတွေရဲ့ သန်းခေါင်ယံကြွေးကြော်သံပဲ။ သူတို့က Karaite ပြက္ခဒိန်ကို သုံးကြတာ။ ငါလည်း ဒီနည်းကို အကောင်းဆုံးလို့မှတ်တယ်။ တခြားလူတွေတော့ တခြားနည်းသုံးရင် သုံးကြမှာပေါ့။ ဘာမှမဖြစ်ပါဘူး”

“ရှင် ကောင်းကောင်းပြင်ဆင်နိုင်မှာပါ” “ကျေးဇူးပါမိန်းမ။ ဒီဓမ္မခရီးက အတော်ကောင်းတယ်”

Maatan က တရားပြင်ဆင်တဲ့အခါ (၁၇) ရာစုက စာရေးဆရာ Pastor John Flavel ရဲ့စကားကို သတိရဖြစ်တယ်။

“ခရစ်ယာန်အောက်သက်မကြေသေးတဲ့ လူရွယ်ဟာ အခြေခံယုံကြည်ချက် အားလုံးကို တွေးပြီး ကောင်းတယ်လို့ မှတ်တဲ့အချိန်မှာ သူဟာ အမှန်တရားအားလုံးကို မနှောကြေလောက်သေးပါဘူး။ လူရွယ်ပညာရှင်တစ်ယောက် အမှန်တရားကို စနစ်ကျကျသိဖို့ ဆိုတာက ဖြစ်ခဲပါတယ်။ ချွတ်ယွင်းချက်လည်း ကြီးတတ်ပါတယ်။ အမှန်တရား အသုံးဝင်

နိုင်ဖို့ဆိုတာက တစ်ဘက်နဲ့တစ်ဘက် အပြန်အလှန် လေးစားတတ်ရမယ်။ ခင်ဗျားရဲ့ ဓမ္မ ခရီးမှာ ခရစ်ယာန်ယုံကြည်ချက်ကို ကွက်မကြည့်ပဲ ခြုံကြည့်ရမှာတွေ ရှိတယ်။ ဒီအချက် က ဟိုအချက်ကို ဘယ်လိုဆိုထားလဲဆိုတာ သိဖို့က သူတို့ရဲ့အကန့်တွေကို သိဖို့လိုတယ်”

နာရီတစ်လုံးမှာ အစိတ်အပိုင်း အများကြီးရှိတယ်။ ဖြုတ်ထားရင် ဖွာကြဲပြီး၊ ဆက်လိုက် ရင် သုံးလို့ရတယ်။ သူ့အစိတ်အပိုင်းတွေကို မဆက်တတ်ရင် ကျေနပ်စရာ ဖြစ်မလာဘူး။ တရားဆိုတာလည်း သူ့အကန့်၊ သူ့ဘောင်နဲ့လာတာ။ အားလုံးကို ဝိဘဇ္ဇပြု ခွဲခြမ်းတတ်ရ မယ်။ ဒီလိုလုပ်မှ တရားက သမာသမတ်ကျကျ ဖြစ်လာပြီး နားရှင်းကြမှာဖြစ်တယ်” John Flavel, *The Fountain of Life Opened Up,* Introduction.

ဒီကိုးကားချက်က Maatan စိတ်မှာ အတော်စွဲသွားတယ်။ သူ့ရဲ့ အတွေးဉာဏ်စဉ်တွေကို ကွန်ပြူတာတတ်တာတွေနဲ့ ပေါင်းလိုက်တော့ တရားကို စီတတ်သွားစေတယ်။ အတွေး အခေါ်က တရားအဆီတွေကို ထုတ်တတ်ရုံတင်မဟုတ်ဘဲ တစ်ခုနဲ့တစ်ခု ဘယ်လိုအ ချိတ်အဆက်ရှိလဲ ဆိုတာကို သိစေတယ်။

“တဆေးမဲ့မှုန့်ပွဲတော်နဲ့ နီးလာလေလေ Maatan က သူ့ရဲ့တရားဖွေစစ်မှုမှာ ဘုရားက ဖေးမလို့ ဘုရားကို ကျေးဇူးတင်နေတယ်။ သူက ဒီလိုတရားပြတယ်။ ။

“ချစ်တဲ့ ဓမ္မမိတ်ဆွေများ ခင်ဗျာ၊ ကျွန်တော်တို့ဟာ ကောင်းကင်မြို့တော်ကို ပဲ့ရှုပြီး Constance မြို့ကနေထွက်ဖို့ ကြိုးစားနေခဲ့ကြတယ်။ ကျွန်တော်တော့ ကျွန်တော်တို့ လေ့လာထားတဲ့ တရားအဆီအနှစ် တစ်ချို့ကို ချပြခြင်းဟာ အရေးကြီးတယ်လို့ မှတ် တယ်။ အချက် (၅) ချက်ကို ကြည့်ရမယ်ဆိုတာ ပြောစရာမလိုပါဘူး။ ဘာလို့လဲဆိုတော့ ဒီမြို့မှာပဲ ပိတ်မိနေအောင် ကျွန်တော်တို့ဟာ ငုတ်တိုင် (၅) တိုင်နဲ့ အထိန်းခံရလို့ပါပဲ။ ဒီ မြို့ဟာ ကာဣနရဲ့သားတွေက တည်ခဲ့တယ်ဆိုတာကို အမှတ်ရကြပါ။ သူတို့က အာဒံရဲ့ သားဦးဆိုပြီး သူတို့ကိုယ်သူတို့ မင်းတက်လုပ်ကြတယ်။”

“ကျမ်းစာနဲ့ ၁၈၈၈ တုန်းကရတဲ့ သတင်းတရားအရ ငါတို့ဟာ စတုတ္ထငုတ်ကိုလှန်ဖို့ အ ခွင့်ရခဲ့ကြတယ်။ ဒါတင်မကဘဲ ပဥ္စမငုတ်ဟာ ဘုရားသိက္ခာပုဒ်နဲ့ဆိုင်မှန်း ကျွန်တော်တို့

သိကြတယ်။ ကျွန်တော်တို့ကို အသိပေးပြီးတဲ့အတွက် ကျွန်တော်တို့ကကော ဘယ်ကို သွားချင်တာလဲ။ ဒီမြို့ကလွတ်ပြီး ကောင်းကင်ဘုံကို ရောက်ဖို့ မဟုတ်လား။ ဒီလိုဆိုရင် ကျွန်တော်တို့ မေးခွန်း (၅) ခွန်း ဖြေစရာရှိတယ်။ ။"

(၁) ကျွန်တော်တို့ ဘယ်သူ့ကို ကိုးကွယ်တာလဲ။

(၂) ကျွန်တော်တို့ ဘာကြောင့် ကိုးကွယ်တာလဲ။


(၃) ကျွန်တော်တို့ ဘယ်အချိန်မှာ ကိုးကွယ်မှာလဲ။

(၄) ကျွန်တော်တို့ ဘယ်လို ကိုးကွယ်သလဲ။

(၅) ကျွန်တော်တို့ ဘာကို ကိုးကွယ်တာလဲ။

"ကိုးကွယ်တယ်ဆိုတာက ဖန်ဆင်းရှင်အနန္တပုဂ္ဂိုလ်ဖြစ်တဲ့ ဘုရားသခင်ကို ဦးထိပ်ထား အရိုအသေပေးတာပါ"

"ဒီမေးခွန်း (၅) ခွန်းကို ကျွန်တော်တို့မြို့ကို ပတ်လည်ဝိုင်းထားတဲ့ သံတိုင်နဲ့ ပမာနှိုင်းရရင် ဒီလိုဆွဲပြလို့ရတယ်။"




"သခင်ယေရှုက သူဟာ ခမည်းတော်ဆီ အရောက်ပို့မယ့် လမ်းခရီး၊ သမ္မာတရား၊ အသက်ဖြစ်တယ်လို့ မိန့်တဲ့အတွက် အဲဒါဟာ သူ့ရဲ့ဇာစ်မြစ်ဖြစ်ပြီး ကျန်တာတွေကို ကျွန်တော်တို့က ဖြည့်တွေးရမှာဖြစ်တယ်။ အဲဒီအကြောင်းကို သခင်ယေရှုခရစ်ကလွဲပြီး အခြားအုတ်မြစ် မရှိဘူးလို့ ရှင်ပေါလုက ထပ်ပြောတယ် (၁ ကော ၃း၁၁)။

"ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ မေးရမှာက ယေရှုက ပေတရုကို မေးခဲ့တဲ့မေးခွန်းပဲ။ 'သင်တို့သည်လည်း ငါ့ကို ဘယ်သူဖြစ်သည် ဆိုကြသနည်း' အဲဒါကို ပေတရုက 'ကိုယ်တော်သည် ခရစ်တော်တည်းဟူသော အသက်ရှင်တော်မူသော ဘုရားသခင်၏ သားတော်ဖြစ်သည်'" လို့ဖြေတယ်။

"စာတန်ဟာ ခရစ်တော်နဲ့ ရင်ဆိုင်တဲ့အခါ ဒါကိုငြင်းပြီး သက်သေ (၃) ခါ ပြခိုင်းတယ်။ 'ခင်ဗျားဟာ ဘုရားရဲ့သားမှန်ရင် တစ်ခုခုလုပ်ပြ' စာတန်က ခရစ်တော်ကို ပြာဋိဟာနဲ့ သက်သေထုတ်ခိုင်းခဲ့တယ်။ ခရစ်တော်ကတော့ 'လူသည် မုန့်အားဖြင့် အသက်ရှင်သည် မဟုတ်။ ဘုရားသခင် မိန့်တော်မူသမျှအားဖြင့် အသက်ကိုမွေးရမည်' လို့ ဖြေခဲ့တယ်"

"ဒီအချက်က ပဋ္ဌမာယာကနေလွှတ်ဖို့ သဲလွန်စပဲ။ ကျွန်တော်တို့လည်း ဘုရားမိန့်တဲ့အတိုင်း နေလား၊ မနေလားပဲ။ ဒုတိယအချက်ကတော့ ခရစ်တော်က ခမည်းတော်ဆီက ကြား တဲ့စကားပဲ။"

"သင်သည် ငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေတည်း"

"ခရစ်တော်က သူ့ဇာစ်မြစ်ကိုပြဖို့ တစ်ခုခုလုပ်ပြတာမျိုးကို ငြင်းခဲ့တယ်။ ခရစ်တော်ဟာ ခမည်းတော်ရဲ့စကားကို မှီခိုတယ်။ ဒါဟာ တကယ့်အဆီအနှစ်ပဲ။ ယေရှုက ဘယ်လိုလုပ်ခဲ့လဲ။ တန်ခိုးပြာဋိဟာ ပြခဲ့လား။ ဒါမှမဟုတ် ခမည်းတော်ရဲ့ စကားကိုယုံပြီး အသာနေလိုက်သလား"

"အကြောင်းနှစ်ခုက ဒီလိုကွဲသွားပါလိမ့်မယ်။ ။


၁။ ဘုရားရဲ့သား = ခမည်းတော်ရဲ့စကားအရ
၂။ သားတော်ဘုရား = သူ့ကိုယ်သူလုပ်ပြတာ

ဒီနိူင်းယှဉ်မှုမှာ ကျွန်တော်တို့ ပြောလို့ရတာရှိတယ်။ ။

၁။ ဘုရားရဲ့သားဆိုတာ အမွေကို ခမည်းတော်ဆီကရပြီး ဘုရားနဲ့တန်းတူတယ်လို့ ခွင့်ပြုတာ။

၂။ သားတော်ဘုရားဆိုတာက တန်ခိုး၊ အစွမ်းကိုယ်ပိုင်ရှိပြီး သူ့ရဲ့ပင်ကိုနဲ့ ခမည်းတော်နဲ့ တန်းတူဖြစ်တယ်။

ဘယ်တစ်ပါးက ခင်ဗျားကို ထာဝရအသက် ပေးမှာလဲ။ ဘယ်တစ်ပါးက ယေရှုခရစ်ဖြစ်ပြီး၊ ဘယ်တစ်ပါးက ဗာရဗ္ဗလဲ။ ဒီမေးခွန်းကို ကျွန်တော်တို့ရဲ့ဇယားမှာ ထပ်ဖြည့်လိုက်ရင်။ ။




"ဘုရားရဲ့သားဆိုတဲ့ အကြောင်းက အသက်ရင်းမြစ်ကိစ္စပဲ။ အသက်ဆိုတာ အမွေရခြင်းလား၊ မရခြင်းလား။ ကျွန်တော်တို့က ဘုရားရဲ့သားကို ကိုးကွယ်ရင် ကျွန်တော်တို့က အမွေရခြင်း ပုံစံဘက်ကို သွားမှာပါ။ ကျွန်တော်က သားတော်ဘုရားကို ကိုးကွယ်ရင် ပင်ကိုအသက်ရှိထားတဲ့ဘက်ကို သွားမှာပါ။ ဒါမှမဟုတ် အသင်းတော်အများစု လက်ခံကြတဲ့အတိုင်း ဝိညာဉ်မသေတဲ့တရားပဲ။"


“အဲဒီအကြောင်းက ဘာကြောင့် ကိုးကွယ်ရတာလဲလို့ မေးစေတယ်။ ဘုရားရဲ့ သားတော်ကို ကိုးကွယ်ခြင်းက အသက်ပေးခြင်း ခံရတဲ့အဖြစ်ကြောင့် ကျေးဇူးတရားနဲ့ ကိုးကွယ်တယ်။ ကျေးဇူးတင်တာ၊ မေတ္တာရှိတာတွေ အရောင်မပြောင်းတဲ့ ကိုးကွယ်မှုပဲ။ သားတော်ဘုရားကို ကိုးကွယ်ခြင်းက သူဟာ အစွမ်းကြီးပြီး ခင်ဗျားက အစွမ်းမရှိဘူးပေါ့။ ကိုယ့်ထက်စွမ်းလို့ ကိုးကွယ်တဲ့သဘောပေါ့။ ဒီအကန့်မှာက ခင်ဗျားက သူ့ကို ကိုးကွယ်၊ မကိုးကွယ်မယ့် စိတ် ရှိလာခြင်းဟာ ခင်ဗျားမှာ မသေနိုင်တဲ့ ဝိညာဉ်ရှိလို့။ အဲဒါကြောင့် ကိုယ့်ခြေပေါ်ကို ရပ်ချင်စိတ်ရှိမှာ။ ခင်ဗျားက ဘယ်သူ့ကိုမှီခိုပြီး အသက်ရှင်နေတာ မဟုတ်ဘူးလေ။ အကြောင်းကတော့ ဘယ်သူ့ကိုမှ မမှီခိုတဲ့ သားတော်ကို ခင်ဗျားကိုးကွယ်လို့ပဲ”

“သားတော်ဘုရားကို ကိုးကွယ်ရခြင်းက သူ့အစွမ်းကြောင့်နဲ့ သူ့အပေါ်သစ္စာမရှိရင် ဒဏ်ပေးခံရမှာ ကြောက်လို့ပဲ”

“ဘာကိုကိုးကွယ်တာလဲ ဆိုတဲ့ဘက်ကို သွားရအောင်။ တကယ်တမ်းမှာ ခင်ဗျားက ဘာကိုကိုးကွယ်တာလဲ။ ဘုရားရဲ့ သိမ်မွေ့တဲ့မေတ္တာတော်လား၊ သူ့တန်ခိုးကိုလား၊ ဘုရားက ဒီနှစ်ခုလုံးကို ပိုင်တယ်။ အဲဒီမှာ ကျွန်တော်တို့က ဘာကို သွားကိုးကွယ်တာလဲ။ တန်ခိုးကို ကိုးကွယ်တာဆိုရင် သူ့ရဲ့သိမ်မွေ့တဲ့သိက္ခာက ဒုတိယမှာ ရှိရောပေါ့။ အဲဒါက ကိုယ်ပိုင်အသက်ရှိခြင်းကို ယုံတာကို အခြေခံတဲ့ ဘာကြောင့်ကိုးကွယ်ရလဲ ဆိုတဲ့မေးခွန်းအဆက်ဖြစ်ပြီး ကျွန်တော်တို့ရဲ့ မပြောပလောက်တဲ့ အစွမ်းကြောင့် အစွမ်းကြီးတဲ့တစ်ခုကို ကိုးကွယ်ဖို့ ဆွဲခေါ်တယ်”

“နောက်တစ်မျိုး ပြောင်းပြောမယ်။ ပင်ကိုအသက်ရှိတဲ့ သားတော်ဘုရားကို ကိုးကွယ်လို့ ကျွန်တော်တို့လည်း မသေတတ်ရင် ကျွန်တော်တို့ဟာ အစွမ်းကိုကိုးကွယ်တာဖြစ်ရော။ အကြောင်းကတော့ ကျွန်တော်တို့ အသက်က အမှီအခိုကင်းလို့။ နောက်ပြီးတော့ သားတော်ဘုရားဟာ ကျွန်တော်တို့ထက်စွမ်းပြီး စကြဝဠာကို ဆက်ထိန်းတဲ့နေရာမှာ သုံးတယ်ဆိုတာကိုမှီပြီး ကိုးကွယ်တာပဲရှိမှာ။”

“ဘယ်တော့ကိုးကွယ်လဲ ဆိုတဲ့အချက်က ဘာကြောင့်ကိုးကွယ်လဲ ဆိုတာနဲ့ တိုက်ရိုက် ပတ်သက်တယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့က အသက်ရှင်ဖို့ ဘုရားနှုတ်က ပတ်တော်အတိုင်း ဦးလည်မသုံ နေလို့ပဲ။ အဓိပ္ပာယ်က ဥပုသ်ဆိုတာ ဘယ်တော့ကိုးကွယ် မလဲ ဆိုတဲ့အကြောင်း ဖြစ်နေရပါမယ်။ ဥပုသ်ဆိုတာ တန်ခိုးပြဖို့မလိုဘဲ ခမည်းတော်ရဲ့ အရိပ်မှာ နားခိုနိုင်တဲ့အရပ်ပဲ။ သားတော်ဘုရားကို ကိုးကွယ်သူတွေ အတွက်တော့ ဒီပုံစံ က ကျေနပ်စရာမဖြစ်ဘူးပေါ့။ လူတစ်ယောက်မှာ အမတာဘဝက အနားမယူစေပဲ အစွမ်း ပြဖို လိုအပ်စေတယ်။ တန်ခိုးအစွမ်းတွေ ပြလို့ရမယ့်နေ့ လိုအပ်စေတယ်။”




“ဘယ်လိုကိုးကွယ်ရမယ် ဆိုတဲ့အကြောင်းက ဘုရားရဲ့သားတော်ကို လက်ခံသူတွေအ တွက်က ဘုရားနဲ့ သူ့ရဲ့နှုတ်ကပတ်ကို ယုံသလားဆိုတဲ့ အမေးရှိတယ်။ ဘယ်လိုကိုးကွယ် ရမယ် ဆိုတဲ့အကြောင်းက သားတော်ဘုရားကို လက်ခံသူတွေအတွက်က ယုံကြည်ခြင်း ဆိုတာသည် မျက်နှာရဖို့ အစွမ်းထုတ်ပြစေတယ်။


"ဒီအကြောင်းတွေအားလုံး သူတို့အံကိုယ်စီထဲ ထားပြီးနောက်မှာ ကျွန်တော်တို့က John Flavel ရဲ့ ရှေ့သွားနမူနာ ပြခဲ့တဲ့အတိုင်း   သားတော်ဘုရားနဲ့ ပတ်သက်တာကို ကြည့်တဲ့ အခါ။    ။

"သားတော်ဘုရားကို ကိုးကွယ်ခြင်းက ဝိညာဉ်မသေ၊ ကိုယ်သတ်မှတ်တဲ့နေ့မှာ ကိုးကွယ်တာ၊ ကုသိုလ်အားကိုး တဲ့ဘက် ရောက်သွားတယ်။  အကြောင်းရင်းကတော့ ဘာအစွမ်းကို ကိုးကွယ်မယ်ဆိုတဲ့  ဆန္ဒရှိလို့ပဲ။  ဒီအယူတွေအားလုံးဟာ  သားတော်ဘုရားကို ကိုးကွယ်တာကနေ ထွက်လာတဲ့ အယူတွေပဲ။ အခုဆိုရင် ပရိုတက်(စ်)တဲန့် ယုံကြည်သူတွေက သူတို့ရဲ့နာမည်အတိုင်း ကုသိုလ်အားကိုးနဲ့ ကိုးကွယ်တာကို ဆန့်ကျင်ကြတယ်။ ဒါပေမယ့် သူတို့ရဲ့ ကုသိုလ်မစိုက်ထုတ်မှုမှာလည်း အားစိုက်မှုကို တွေ့ရပြန်ရော။ ဘာမှမလုပ်ပဲ ဖြောင့်မတ်ခြင်းကို ရလိုတာလည်း မျက်နှာရဖို့ အားထုတ်တာနဲ့ သဘောချင်း အတူတူပါပဲ။ ရှင်ပေါလုက မျက်နှာရချင်လို့ အားစိုက်တဲ့လူကို ဒီလိုပြောထားတယ်။

> "သင်တို့သည် ခရစ်တော်နှင့်အတူသေ၍၊ လောကီတရားနုမှ စုတေ့ကြသည်မှန်လျှင်၊- မတို့နှင့်၊ မမြည်းနှင့်၊ မကိုင်နှင့်ဟူသော ပညတ်စကားကို လောကီအသက်ရှင်သေးသကဲ့သို့၊  အဘယ်ကြောင့် နားထောင်ကြသနည်း။-  လူတို့၏  ပညတ်ဩဝါဒအတိုင်း  စောင့်ရှောက်သော ထိုပညတ်ရှိသမျှတို့သည်  ပုပ်ပျက်စေခြင်းအကြောင်း ဖြစ်ကြ၏။" - ကောလောသဲဩဝါဒစာ ၂:၂၀-၂၂

"ပရိုတက်(စ်)တဲန့်တွေက ဥပုသ်၊ အခါကြီးပွဲတွေ၊ လဆန်းပွဲတွေ စောင့်ဖို့မလိုတော့ဘူးလို့ လက်မ ထောင်ကြတယ်။  ရှေးရိုးစွဲသမားတွေဟာ  အဲဒီလူတွေရဲ့ အပြစ်တင်တာကို ခံရတယ်။  ရှင်ပေါလုက  ဒီကိစ္စတွေနဲ့  လုံးချာမလည်ကြဖို့ သတိပေးတယ်။ ဒါပေမယ့် ပရိုတက်(စ်)တဲန့်တွေကို  ခင်ဗျားက  ဥပုသ်ကိုစောင့်ကြောင်း ပြောပြရင် ခင်ဗျားဟာ အပြစ်တင်ခံရမှာပဲ။  ဥပုသ်နေ့ကို  စောင့်တဲ့သူတွေဟာ  ကုသိုလ် အားကိုးပြီး ဖြောင့်မတ်ခြင်းသီလကို ရယူသူလို့ အမြင်ခံရတယ်။ ဒါပေမယ့် ဥပုသ်ကိုမုန်းတဲ့သူတွေဟာလည်း ဥပုသ်မစောင့်ဘဲ ဖြောင့်မတ်ခြင်းသီလကို ရလိုသူတွေပါပဲ။


"အဲဒါရဲ့ ဆန့်ကျင်ဘက်ကတော့ ဘုရားရဲ့သားတော်ကို အကျဉ်းချုပ် သံခိပ်ပြုလိုက်ရင် အဲဒီမေးခွန်း (၅) ခုအပေါ် ဒီလိုသက်ရောက်ပါတယ်။ ။




"ဖြစ်ဖွားသော သားတော်ကို ကိုးကွယ်ခြင်းက ယုံကြည်ခြင်းအားဖြင့် အားလုံးကို အမွေရတဲ့ပုဂ္ဂိုလ်ကို ကိုးကွယ်ခြင်းပဲ။ အဲဒါက ယုံကြည်သူတွေဟာ သူတို့ရဲ့သခင်နဲ့အတူ 'ကျုပ်အားနဲ့ကျုပ် ဘာမှမလုပ်နိုင်ပါ။ ခမည်းတော်ပြုမူသလို ကျုပ်ပြုမူတယ်' လို့ ပြောဖြစ်စေပါတယ်။ အဲဒီဟာက မှီခိုတဲ့စိတ် ပိုဖြစ်စေတယ်။ ဘာလို့လဲဆိုတော့ သားတော်ကနေ တစ်ဆင့်ရတဲ့ ခမည်းတော်ရဲ့ လက်ဆောင်အားလုံးအတွက် ကျေးဇူးတင်တဲ့စိတ် ရှိနေလို့ပါ။ အဲဒီလိုလူတွေက ဘုရားက ဝတ်ပြုရာကျမ်း (၂၃) မှာ သတ်မှတ်တဲ့ အခါကြီးရက်တွေမှာ ရောင့်ရောင့်ရဲရဲနဲ့ နားရကြတယ်။ ဒါ့အပြင် သူတို့ရဲ့ ပစ္စက္ခအခြေအနေနဲ့ အပြစ်ဖြေနည်း


တွေ ကျမ်းစာမှာလာတာတွေကို ယေရှုရဲ့ယုံကြည်ခြင်းမျိုး ရှိကြလို့ လက်ခံနိုင်ကြတယ်။ သူတို့ရဲ့ ကိုးကွယ်မှုက အသက်ပါတဲ့ ယုံကြည်ခြင်းပါ။ ယုံကြည်ခြင်းဟာ တစ်ခုတည်းသော ရင်းမြစ်ဖြစ်ပြီး သူတို့ရဲ့အချိုးကို ပြောင်းပေးတဲ့ ယုံကြည်ခြင်းဖြစ်တယ်။ သဘောက မည်ကာမတ္တယုံကြည်ခြင်းမျိုး မဟုတ်လို့ပါ။ မျက်မြင်မရတဲ့ ယေရှုရဲ့ယုံကြည်ခြင်းသန္ဓေဟာ မျက်မြင်လို့ရတဲ့အသီးအဖြစ် သီးလာတယ်။ ဒါပေမယ့် ဒီအသီးတွေက ဘာထိုက်တန်မှုမှ မဖြစ်စေပါဘူး။ အကြောင်းကတော့ အားလုံးကို အခမဲ့ရလို့ပါ။ ဖြစ်ဖွားတော်မူတဲ့သားတော်က အရာခပ်သိမ်းကို အမွေရသလို သူ့ရဲ့သီလသိက္ခာဟာ စင်ကြယ်တဲ့ အတ္တမဲ့မေတ္တာတော်ပါ။ သူကရရှိခဲ့လို့ ပေးကမ်းတယ်။ သူ့ရဲ့နောက်လိုက်တွေလည်း ဒီလိုပဲ ပြုမူပြရမှာဖြစ်တယ်။

“သားတော်ဘုရားကို ကိုးကွယ်သူတွေရဲ့ အခြေခံယုံကြည်ချက်ဟာ။





ဒီယုံကြည်ချက်တွေက လူဟောင်းစိတ်ဟောင်းရဲ့ သန္တာန်ထဲမှာ သူ့ဗီဇနဲ့နေတယ်။ ။

"အလိုလိုဖြစ်လာတဲ့ ရလဒ်က။ ။




"လူတွေရဲ့ အာရုံ (၅) ပါးလုံးက ကိုယ့်ဆန္ဒကိုယ်ဖြည့်တာပါ။ ကိုယ့်ကိုယ်ကို ကိုးကွယ်တာကနေ လွတ်ချင်ရင် ကျွန်တော်တို့ဟာ ဘုရားရဲ့သားတော်ကို နာမ်မဆွဲဘဲ ရှာတွေ့ဖို့ ဘုရားရဲ့နှုတ်ကပတ်အပေါ် စင်ကြယ်တဲ့ ရသာရုံ လိုပါတယ်။ အဲလိုဖြစ်မှ ကျွန်တော်တို့ကို

ခရစ်တော်နားခိုတဲ့ ခမည်းတော်ဆီကို ပို့ပေးမှာဖြစ်တယ်။ ပွဲတော်တွေမှာ သူ့ရဲ့ဝိညာဉ်တော်က အဆများစွာ သွန်းလောင်းမှာဖြစ်တယ်။ ကျွန်တော်တို့က ပဋိညာဉ်သစ်ရဲ့ သင်းရနံ့ကိုရပြီး ဘုရားရဲ့ တင့်တယ်သပ္ပါယ်မှုကို မြင်ရမှာဖြစ်တယ်။ ဒီလိုနဲ့ ကျွန်တော်တို့ဟာ




အကုသိုလ်လုပ်ကြတဲ့ လူအများကြီးနဲ့ မဟုတ်ဘဲ (၂) ဦး၊ (၃) ဦးနဲ့တင် ဘုရားရဲ့အမှုတော်ကို လွတ်လွတ်လပ်လပ် ဆောင်တော့မှာဖြစ်တယ်။”

အရာခပ်သိမ်းကို အမွေရခဲ့တဲ့ ဘုရားရဲ့သားတော်ကို ကိုးကွယ်သူတွေ ဟာ ဘုရားနှုတ်က နေဆင်းလာတဲ့ တရားအတိုင်း  တစ်သဝေမတိမ်း နေကြမှာပါ။  အဲဒီနောက်မှာ သူတို့ရဲ့ နေ့တဓူဝ အလုပ်အကိုင်တွေကနေ  နားပြီး  သူတို့ကို ခမည်းတော်ကိုပြ၊ ဖိလိပ္ပုကိုလည်း ပြခဲ့တဲ့ ယေရှုရဲ့ ယုံကြည်ခြင်းမျိုးနဲ့ နေထိုင်ကြမှာ ဖြစ်တယ်။

"ကျွန်တော်ကတော့  ပဉ္စမာယာစနစ်ရဲ့  မဏ္ဍိုင်တွေကနေ ဘယ်လိုလွတ်အောင် ပြေးနိုင် မလဲဆိုတာကို  အတတ်နိုင်ဆုံး  ရှင်းပြပြီးပြီ။  အဓိကအူတိုင်ကတော့ ဖြစ်ဖွားသောသား တော်ကို ကိုးကွယ်ခြင်းအကြောင်းပဲ။ ခင်ဗျားလည်း ဒီအမှန်တရားကို ခမည်းတော်က သူ့ ကိုပြောခဲ့သလိုမျိုး ကြားနိုင်ပါတယ် — 'သင်သည် ငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေ တည်း' ဒီအမှန်တရားကို ခင်ဗျားလက်ခံဖို့ ဆုံးဖြတ်ပြီး ဇာစ်မြစ်တိုက်ပွဲမှာ အနိုင်ရမယ်ဆို ရင် ခင်ဗျားရှေ့မှာရှိတဲ့ တိုင်  (၅) တိုင်ဟာ  လဲပြိုသွားမှာပါ။  ဘုရားရဲ့သားတော်ဟာ ပဉ္စ မာယာကျော့ကွင်းကနေ  လွတ်စေမယ့် မုခ်ပါ။   ယေရှုကို ကသိုင်းရှုတဲ့အတွက် ခင်ဗျားရဲ့ သန္တာန်မှာ  သူ့ရဲ့စိတ်ထားမျိုး  အပင်ပေါက်ပြီး ပြီးပြည့်စုံတဲ့  ခရစ်ယာန်တစ်ဦး ဖြစ်လာပါ မယ်။"

တရားနာပရိသတ်တွေဟာ   တိတ်တိတ်ဆိတ်ဆိတ်နဲ့ အဲဒီဇယားစာရွက်ကို ယူကြတယ်။ ခမည်းတော်က   သူတို့ကို   မြို့ထဲကနေလွတ်မယ့်   လမ်းစဉ်ကို ပြပေးတဲ့အတွက် သူတို့ ကျေးဇူးတင်ကြတယ်။ အများစုက   အဲဒီဇယားကွက်တွေကို   တောင်းကြတယ်။ Maatan လည်း ပျော်ပျော်နဲ့ပေးတယ်။

အဲဒီညမှာ Maatan က ယေရှုရဲ့   နာမတော်ကိုအမှီပြုပြီး   ခမည်းတော်ကို ကျေးဇူးတင်ခဲ့ တယ်။ "အဖဘုရားက အဖဘုရားရဲ့   သားသမီးတွေကို အမှတ်ရတဲ့အတွက် ကျေးဇူးတင် ပါတယ်။  ကျွန်တော်တို့ဟာ အဝိဇ္ဇာ အမှောင်တိုက်မှာ လမ်းပျောက်နေပြီး ကိုယ်တော်က ကျွန်တော်တို့ကိုရှာပြီး   အိမ်ပြန်ပို့ပေးပါတယ်။ ကိုယ်တော်ရဲ့မေတ္တာ၊   ကရုဏာတော်အ တွက် ကျေးဇူးတင်ပါတယ်။ သခင်ယေရှုနာမဉ္ဇ ဆုတောင်းပါတယ်။ အာမင်။"

“ကျွန်ုပ် ကိုယ်တော့်ပညတ်စောင့်ပါ၏
မကြာမီ တရားစီရင်တော့မည်
ကျွန်ုပ် ကိုယ်တော့်အစေခံမည်
ကိုယ်တော့်အလို ကမ္ဘာပြည့်စုံသည်တိုင်
ကိုယ်တော့်အလို ကမ္ဘာပြည့်စုံသည်တိုင်

ဝန်းကျင်ကိုရှုရာ တရားမေ့သူများလှစွ
သူတို့ ကိုယ်တော့်ကိုမကြောက်
ကျွန်ုပ် ကိုယ်တော့်အစေခံမည်
လူအများလွတ်မြောက်ရန် အစေခံမည်
လူအများလွတ်မြောက်ရန် အစေခံမည်

အချိန်ကြာသည့်ခါ အားလျော့ပါ၏
ပညတ်တော်က အပြစ်ဖို့
မှန်ထဲရှုမိသောခါ
ခြေချင်းခတ်သည့် ကိုယ့်ရုပ်ကိုမြင်

ခြေချင်းဖြင့် ကျွန်ုပ်နေပါသည်
ကျွန်ုပ် ကိုယ်တော့်ခြေရင်း၌ ရပ်နေ
ကိုယ်တော် ကျွန်ုပ်ကိုစီရင်ပါ
ကျွန်ုပ် ကိုယ်တော့်အစေခံမည်
ကျွန်ုပ် ကိုယ်တော့်ကို အမြဲအရှက်ရစေ
ကျွန်ုပ် ကိုယ်တော့်ကို အမြဲအရှက်ရစေ

ကိုယ်တော် ကျွန်ုပ်ကိုပွေ့ကြောင်း ခံစား
ကျွန်ုပ်ကို ညှင်သာစွာမိန့်
သင်သည် အစေခံမဖြစ်ရ

သင်သည် ငါ၏သားဖြစ်သည်
နှစ်သက်မြတ်နိုးရာ သားပါပေ

သေခြင်းတရားသည် ရှင်ခြင်းတရားဖြစ်လာ
ကျွန်ုပ်၏စိတ် လွတ်လပ်ပြီ
ကျွန် မဟုတ်ကြောင်း ကြားခဲ့ရ
သားဟု ကျွန်ုပ်ကိုမှည့်ခေါ်
ချစ်သားဟု ကိုယ်တော်ခေါ်ခဲ့ပြီ

John Penman

# အခန်း ၅၆
# ဗိမာန်တည်ဆောက်ခြင်း

Maatan ဟာ မြို့ထဲအနှံ့ ခမည်းတော်နဲ့သားတော်၊ ဘုရားရဲ့နည်းနာ၊ ခရစ်တော်ရဲ့ကပ်တိုင်တော် တရားအကြောင်း လချီဟောခဲ့တယ်။ မြို့ရဲ့တစ်ဘက်မှာ ဒီတရားဟောဖို့ ပြင်နေတုန်း ဖုန်းဝင်လာတယ်။

"ဟလို Maatan။ လူကိုမသတ်တဲ့ ဘုရားကို နင်နဲ့ တစ်ချို့တွေ ရှိခိုးနေတယ်လို့ ကြားတယ်။ အဲဒါအမှန်ပဲလား" တဲ့။ ဖုန်းခေါ်တဲ့သူက Toby Stanford ပါ။ သူက ဖြစ်ဖွားတော်မူသော သားကို ကိုးကွယ်ပေမဲ့ အဓမ္မမဖက်တဲ့ဘုရားကိုတော့ အာရုံမထားဖူးသေးဘူး။

"ကျွန်တော် ဒီအကြောင်းကို လေ့လာနေတယ် တိုဘီ။ ယေရှုက သူဟာ ခမည်းတော်ကိုလာ ပြတယ်လို့ မိန့်ခဲ့တယ်။ Ellen White က ဘုရားက အဓမ္မမသုံးဘူးတဲ့။ ကျွန်တော်ကတော့ အခြားဖြစ်စဉ်တွေကို မေးချင်နေသေးတုန်းပါ"

"ဘုရားက သောဒုံနဲ့ဂေါမောရမြို့ကို ဖျက်ဆီးခဲ့တယ်လို့ ခင်ဗျားမှတ်သလား"

"ကျွန်တော်က ဒီအကြောင်းကို လေ့လာနေတုန်းပဲ"

"ဒါ မခက်ပါဘူး Maatan။ ဟုတ်တယ် မဟုတ်ဘူးလို့ ဖြေရုံပဲ။ သူဖျက်ဆီးခဲ့လား၊ မဖျက်ဆီးခဲ့ဘူးလား"

"ဒါက စုံစမ်းတာထက် စွပ်စွဲရာကျသလိုပဲ Toby။ ခမည်းတော်ဟာ ယေရှုဒီကမ္ဘာမှာ ပွင့်ခဲ့တုန်းက ပြခဲ့သလိုပဲလားလို့ သိရအောင် အချက်အလက်တွေ စုစည်းဖို့ မလိုဘူးလား"

"ကျွန်တော်ကတော့ လေ့လာပြီး။ ရှင်းလည်းရှင်းတယ်။ ဘုရားက သူတို့ကိုဖျက်ဆီးဖို့ ကောင်းကင်ကနေ မီးချတယ်။ ဒါပဲ"

"ကောင်းပြီလေ။ ခင်ဗျားက ဒီလိုမှတ်လိုက်ပြီဆိုရင် ကျွန်တော်လက်ခံပါတယ်။ ခင်ဗျားကို အတင်း မတွန်းလိုပါဘူး" လို့ Maatan က စိတ်ကိုငြိမ်အောင်ထား ပြောတယ်။

Maatan က မြန်မြန်ဆုတောင်းလိုက်တယ်။ *ဘုရားသခင် Toby ဆီ ကိုယ်တော့်သိက္ခာ တော်ကို တလွဲမပြချင်ပါဘူး။ ကျွန်တော်တော့ ဒီမတရားမှုအတွက် စိတ်မနေသာ ဖြစ်ရပါ တယ်။*

"ခင်ဗျား ဒီအကြောင်း ကျွန်တော်တို့ဆီ လာဟောချင်၊ မဟောချင်မှန်းတော့ မသိဘူး။ ကျွန်တော်တို့ကတော့ စိတ်မဝင်စားဘူး" လို့ Toby က အပြတ်ပြောလိုက်တယ်။

"ခင်ဗျား ဒီလိုမြင်တာကို ဝမ်းနည်းပါတယ် Toby။ ကျွန်တော်တို့ အချက်အလက်တွေ အ တူစုပြီး ကျမ်းစာအတူလေ့လာနိုင်ရင် ကောင်းပါလိမ့်မယ်။ အဲဒီလိုလုပ်ဖို့ ဘာစိုးရိမ်စရာ များ ရှိလဲခင်ဗျာ"

"ကျွန်တော်တို့ရဲ့ဘုရားဟာ သန့်စင်တဲ့ဘုရားပါ။ ကျွန်တော်တို့က ဖေ့လည်ကြောင်ပတ် မရိုက်ပဲ ဒဲ့ပြောသင့်တယ်" လို့ Toby က မကျေမနပ်သံနဲ့ပြောတယ်။

"ခင်ဗျားရဲ့စည်းကို ကျော်လာတဲ့လူတွေကို သတ်တာဟာ သန့်ရှင်းတယ်လို့ ပြောတာ လား" လို့ Maatan ကမေးတယ်။

"သောဒုံနဲ့ဂေါမောရမြို့ရဲ့ အဖြစ်မျိုးက နောက်ဆုံးသောနေ့မှာ ဖြစ်ပျက်မယ်လို့ ကျမ်း စာမှာလာတယ်။ ဘုရားက မေတ္တာရှေ့ထားပြီး သတိပေးအပြီးမှာ ခင်ဗျားက မပြောင်းလဲ ရင် မီးနဲ့ဖျက်ဆီးခံရမှာပါ"

"ဒါက မာဖီးယားဂိုဏ်းဝင်တစ်ယောက် ဆိုင်ထဲဝင်လာပြီး ဆိုင်ရှင်ဆီ အသံချိုနဲ့ ငွေ တောင်းတဲ့အခါ ငွေပေးရင် သူ့ကိုကာကွယ်ပေးမယ်၊ ဘာမှမဖြစ်စေရဘူး ဆိုတာနဲ့ တူမ နေဘူးလား"

"ဒါ ဟာသမဟုတ်ဘူး Maatan, ဒီအကြောင်း (၂) ခုက နှိုင်းစရာမဟုတ်ဘူး"

"အကြောင်းကတော့ ကျွန်တော့်အတွက် အတူတူပဲ။ 'ငါပြောသလိုလုပ်၊ မဟုတ်ရင်နာ မယ်' ခရစ်ယာန် မဟုတ်တဲ့သူတွေအတွက် ဒီလိုမမြင်နိုင်ဘူးလား" လို့ Maatan က Toby ကို စဉ်းစားစေချင်လို့ မေးလိုက်တယ်။

"အပြစ်က ဘယ်လိုနိဂုံးချုပ်မှာလဲ။ စာတန် သူ့ကိုယ်သူ သတ်သေမှာလား။ သူနဲ့ သူ့နောက်လိုက်တွေ ကိုယ့်ကိုယ်ကို သတ်သေကြမှာလား။ ဒါက ဘုရားဟာ အပြစ်ပြဿနာကို မဖြေရှင်းနိုင်တဲ့၊ မစွမ်းတဲ့ဘုရား ဖြစ်စေတာပေါ့"

"ခင်ဗျားမှတ်သလိုပဲ မစွမ်းဘူးပဲထားတော့၊ သူက ဘာလို့ ပြဿနာစပေါ်ကတည်းက မကယ်ဘဲ အပူသည်ပေါင်း သန်းထောင်ချီကို အခုမှကယ်တာလဲ။ ဘုရားက သတ်ရတာကို ပျော်ရင် အစကတည်းက ဘာလို့ မဖြေရှင်းခဲ့တာလဲ"

"အင်း၊ အပြစ်က ဘယ်လောက်ဆိုးလဲဆိုတာ ဘယ်သိရတော့မလဲ"

"ရေလွှမ်းမိုးပြီးတဲ့နောက်ပိုင်းမှာ လူတွေ သံဝေဂ မရသင့်ဘူးလား။ ဘုရားက အစမ္ဘကို သုံးချင်တယ်ဆိုရင် နှစ် (၆,၀၀၀) မဟုတ်ဘူး၊ နှစ်ရာဂဏန်းအတွင်းမှာတင် ရှင်းလို့ရတာပဲလေ"

"နင်က ဒီအကြောင်းမှာ ကန်းနေပြီ Maatan။ နင်နဲ့ စကားဆက်ပြောစရာ အကြောင်းမရှိတော့ဘူး" လို့ Toby က ပြောတယ်။

"ဒါဆိုရင်လည်း ဘုရားက ခင်ဗျားကို အနန္တအမှန်တရားဆီ လမ်းပြပါစေလို့ ဆုတောင်းပေးပါတယ်။"

"ခင်ဗျားလည်း ဒီမိစ္ဆာအယူကို ဖြန့်နိုင်ပါစေ" လို့ Toby က ပြန်ပြောတယ်။

"ကျွန်တော့်ကို ဒိဋ္ဌိလို့ ခဏတိုင်းပြောကြတာပဲ Toby။ ခင်ဗျားပြောတာ လောက်နဲ့တော့ ဘာမှထပ်နာစရာ မရှိဘူး။ ဘုရားရဲ့ နှုတ်ကပတ်တော်ကပဲ ကျွန်တော့်ကို သွေးဆောင်နိုင်မှာ။"

ဖုန်းလည်းပြတ်သွားတယ်။ Maatan လည်း လမ်းထွက်လျှောက်ပြီး စဉ်းစားကြည့်တယ်။ တရားစီရင်တာနဲ့ ပြစ်ဒဏ်ပေးခြင်းမှာ အချိတ်အဆက်ရှိပုံပဲ။ သူစဉ်းစားဖြစ်လေလေ၊ ရှင်းလာလေလေပဲ။ *ခင်ဗျားဟာ လူတစ်ယောက်ကို အရင်အပြစ်မဖို့ဘဲ ဘာမှလုပ်လို့မရဘူး။ ဒါက ဘုရားက လူကိုမသတ်ရင်၊ အပြစ်လည်းမဖို့ဘူး ဆိုတဲ့သဘော မဟုတ်ဘူးလား။*

*ဒါဆို ဒံယေလ (၇) က အကြောင်းအားလုံးကို ရေးမှတ်ထားတဲ့ စာစောင်တွေနဲ့ တရားစီရင် မယ့်အကြောင်း ပြောတဲ့ကျမ်းချက်တွေကကော ဘာလဲ။* Maatan လည်း ဒူးထောက်ပြီး "ဘုရားသခင် ဒီအကြောင်းတွေကို ဘယ်လိုဆက်စပ်ရမှာလည်း" လို့ ဆုတောင်းတယ်။

*ငါ့ရဲ့သားတော်ကို ရှုပါ။ ဒီအကြောင်း သူ ဘာမိန့်လဲ ဆိုတဲ့အတွေး ဝင်လာတယ်။ Maatan လည်း "ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်။"*

Maatan လည်း အိမ်အပြေးပြန်ပြီး ကွန်ပြူတာမှာ *တရားစီရင်ခြင်းနဲ့ အပြစ်ဖို့ခြင်း* နဲ့ပတ်သက်လို့ သခင်ယေရှု မိန့်ခဲ့တာတွေ ရှာလိုက်တယ်။ ကျမ်းချက်တွေ Maatan တက်လာတယ်။ ။

> "လောကီသားတို့အား အပြစ်စီရင်ခြင်းငှာ၊ ဘုရားသခင်သည်သားတော်ကို ဤလောကသို့ စေလွှတ်တော်မူသည်မဟုတ်။ လောကီသားတို့သည် ကိုယ်တော်အားဖြင့် ကယ်တင်ခြင်းသို့ရောက်မည်အကြောင်း စေလွှတ်တော်မူ၏။" - ရှင်ယောဟန်ခရစ်ဝင် ၃:၁၇
>
> "လူအပေါင်းတို့သည် ခမည်းတော်ကို ရိုသေသည်နည်းတူ၊" - ရှင်ယောဟန်ခရစ်ဝင် ၅:၂၂

*ဘာတဲ့။ ခမည်းတော်က ဘယ်သူ့ကိုမှ မစီရင်ဘူးတဲ့လား။ ဒါကို ငါဘာကြောင့် အရင်တုန်းက မတွေ့ခဲ့ရတာလဲ။ ကောင်းပြီလေ တရားစီရင်ခြင်းအမှုကို သားတော်ဆီ လွှဲထားတယ်ဆိုပဲ။ ဆိုတော့ ယေရှုကကော ဒါကို ဘယ်လိုမိန့်လဲ။*

> "သင်တို့သည် ဇာတိပကတိအတိုင်း စီရင်တတ်ကြ၏။ ငါမူကား အဘယ်သူကိုမျှမစီရင်။" - ရှင်ယောဟန်ခရစ်ဝင် ၈:၁၅

*ယေရှုက ဘယ်သူ့ကိုမှ မစီရင်ဘူးလို့ ဘယ်လိုပြောနိုင်တာလဲ။ ဒါက ခမည်းတော်ရော သားတော်ရောက ဘယ်သူ့ကိုမှ မစီရင်ဘူး ဆိုတဲ့အဓိပ္ပာယ်ပဲ။* ကျမ်းက ဒီလိုဆက်ပါတယ်။

> "ငါသည်စီရင်သော်လည်း ငါ၏စီရင်ခြင်းသည် တည်၏။ အကြောင်းမူကား။ ငါသည် တစ်ယောက်တည်း နေသည်မဟုတ်။ ငါ့ကိုစေလွှတ်တော်မူသော ခမည်းတော်သည် ငါ့ဘက်၌နေတော်မူ၏။" - ရှင်ယောဟန်ခရစ်ဝင် ၈:၁၆

*"ယေရှုက ဘယ်သူ့ကိုမှ မစီရင်ဘူးလည်းမိန့်သေး၊ စီရင်တယ်ဆိုရင်လည်း သူ့စီရင်မှုက မှန်တယ်လို့ ဘယ်လိုမိန့်နိုင်ရတာပါလိမ့်"* Maatan လည်း ဆက်ပြီးရှာတယ်။ ။

> "ငါ့စကားကိုကြားသောသူသည် မယုံကြည်ဘဲနေလျှင် ထိုသူကို ငါသည်အပြစ်မစီရင်။ လောကီသားတို့ကို အပြစ်စီရင်အံ့သောငှာ ငါလာသည်မဟုတ်၊ လောကီသားတို့ကို ကယ်တင်အံ့သောငှာ ငါလာ၏။- ငါ့ကိုပယ်၍ ငါ့စကားကို နားမခံသောသူအား အပြစ်စီရင်သောသူ ရှိသေး၏။ ငါဟောပြောသောစကားပင် နောက်ဆုံးသောနေ့၌ ထိုသူအား အပြစ်စီရင်လိမ့်မည်။- အကြောင်းမူကား၊ ငါသည် ကိုယ်အလိုအလျောက် ဟောပြောသည်မဟုတ်၊ ငါ့ကို စေလွှတ်သောခမည်းတော်သည် အဘယ်သို့ ငါဆုံးမဟောပြောရမည်ကို ပညတ်ပေးတော်မူပြီ။ ခမည်းတော်၏ ပညတ်တော်သည် ထာဝရအသက်ဖြစ်သည်ကို ငါသိ၏။- ထိုကြောင့် ဟောပြောသမျှတို့ကို ခမည်းတော်မှာထားတော်မူသည်အတိုင်း ငါဟောပြောသည်ဟု ကြွေးကြော်၍မိန့်တော်မူ၏။" - ရှင်ယောဟန်ခရစ်ဝင် ၁၂:၄၇-၅၀

*ငါ နားလည်တယ်လို့ မှတ်တယ်။ ယေရှုက သူ့ခမည်းတော်အကြောင်း အမှန်မိန့်ပြီး သူမိန့်တဲ့အကြောင်းတွေလည်း ကျွန်တော်တို့စိတ်မှာ လာပြီးကိန်းတာပါပဲ။ အဲဒီစကားတွေကို ကျွန်တော်တို့ ယုံခဲ့ရင် ကျွန်တော်တို့ဟာ ငြိမ်းချမ်းနေမှာဖြစ်ပြီး ငြင်းပယ်ခဲ့ရင်တော့*

*အပြစ်ဖို့ခံရမှာ။ အဲဒါကြောင့် **ကျွန်တော်တို့ကပဲ** အပြစ်ဖို့ခြင်းကို လုပ်နေတဲ့သူတွေ ဖြစ်မှာပေါ့။*

Maatan က ခဏစဉ်းစားတယ်။ *ဒီအဖြစ်ကို ဘယ်ကျမ်းမှာ တွေ့နိုင်မလဲ။ အိုး၊ ကာမဖောက်ပြန်ချိန် မိသွားတဲ့ အမျိုးသမီးအကြောင်းပေါ့။*

> "မှားယွင်းခြင်းအမှုကို ပြုလျက်နေသော မိန်းမတစ်ယောက်ကိုတွေ့လျှင်၊ ကျမ်းပြုဆရာတို့နှင့် ဖာရိရှဲတို့သည်ခေါ်ခဲ့၍ အလယ်၌ထားပြီးမှ၊- အရှင်ဘုရား၊ ဤမိန်းမသည် မှားယွင်းခြင်းအမှုကို ပြုစဉ်တွင်ပင်တွေ့မိပါသည်။- ထိုသို့သောမိန်းမကို ကျောက်ခဲနှင့်ပစ်ရမည်ဟု မောရှေသည်အကျွန်ုပ်တို့အား ပညတ်တရား၌ စီရင်ထုံးဖွဲ့ပါပြီ။ သို့ရာတွင် ကိုယ်တော်သည် အဘယ်သို့ မိန့်တော်မူမည်နည်းဟု လျှောက်ကြ၏။- ထိုသို့လျှောက်ကြသော်၊ ကိုယ်တော်၌ အပြစ်တင်ခွင့်ရှိစေခြင်းငှာ၊ စုံစမ်းနှောင့်ယှက်သောအားဖြင့် လျှောက်ကြ၏။ ယေရှုသည် အောက်သို့ငုံ့လျက် လက်ညှိုးတော်နှင့် မြေ၌ရေးသား၍နေတော်မူ၏။- ထိုသူတို့သည် အထပ်ထပ်မေးလျှောက်ကြသောအခါ ကိုယ်ကိုလှန်တော်မူ၍၊ သင်တို့တွင် အပြစ်ကင်းသောသူသည် ရှေ့ဦးစွာ ကျောက်ခဲနှင့်ပစ်စေဟု မိန့်တော်မူပြီးမှ၊- တစ်ဖန်အောက်သို့ငုံ့၍ မြေ၌ ရေးသားတော်မူပြန်၏၊ ထိုသူတို့သည်ကြားရလျှင် **မိမိတို့စိတ်နှလုံးသည် မိမိတို့အပြစ်ကို ဖော်ပြသဖြင့်၊** အသက်ကြီးသောသူမှစ၍ အငယ်ဆုံးသောသူတိုင်အောင် တစ်ယောက်နောက်တစ်ယောက် ထွက်သွားကြ၏။ ယေရှုသည် တစ်ယောက်တည်း ကျန်ရစ်တော်မူ၍၊ မိန်းမသည် အလယ်၌ရပ်နေ၏။" - ရှင်ယောဟန်ခရစ်ဝင် ၈:၃-၉

*သူတို့လည်း အိုးမလုံကြပါဘူး။ ယေရှုက သူတို့ကို မစီရင်ခဲ့ပါဘူး။ သူက အမှန်တရားကိုပဲ ရေးချတာ။ အဲဒီတရားကပဲ  သူတို့ရဲသိစိတ်ကို စီရင်သွားတာ။ အို၊ ထူးဆန်းလိုက်တာ။*[21] *ဒီအကြောင်း ယေရှုက ဘာမှမပြောဘူးလား။"*

> "သင်တို့သည် စစ်ကြောဆုံးဖြတ်ခြင်းနှင့် ကင်းလွတ်ရမည်အကြောင်း သူတစ်ပါး၏ အမှု၌  စစ်ကြော ဆုံးဖြတ်ခြင်းကို မပြုကြနှင့်။- သင်တို့သည်  အကြင်တရားအတိုင်း  သူတစ်ပါးကို  စီရင်ကြ၏၊ ထိုတရားအတိုင်း စီရင်ခြင်းကို ခံရကြမည်။  အကြင်ချိန်၊ တင်းပမာဏနှင့် သူတစ်ပါးအား ပေး၏။ ထိုပမာဏအတိုင်း ကိုယ်ခံရကြမည်။" - ရှင်မဿဲခရစ်ဝင် ၇:၁၊ ၂

*ကျွန်တော်က သူများကိုစီရင်ရင် ဘုရားက ကျွန်တော့်ကို ပြန်စီရင်မယ်လို့ အရင်ကမှတ်ခဲ့တာ။ ဒါပေမယ့်  ဒါကိုပြောတာ မဟုတ်ဘူးပဲ။ ဒီအကြောင်းက ကျွန်တော်တို့ဟာ သူများကို အပြစ်ဖို့တဲ့အကျင့် ရှိသွားရင်  ကျွန်တော်တို့ ယေရှုရဲ့မျက်နှာတော်ကို ရှုတဲ့အခါ ကျွန်တော်တို့ကိုယ်ကို အပြစ်ဖို့ကြပြီး သိုးသငယ်ကို မမြင်ရအောင် တောင်တွေက ကျွန်တော်တို့ကို လာဖိပါလို့ပြောမှာကို ပြောနေတာပဲ။*

*ဒါပေမယ့် အစာမကြေသေးတဲ့ဟာတွေ ရှိသေးတယ်။ စိတ်ဝင်စားစရာပဲ။ အပြစ်ဖို့တာနဲ့ တရားစီရင်တာကြားမှာ ဘုရားနည်းနာ ရှိရမှာပေါ့။ ခရစ်တော်ယေရှုဆီမှာ ခိုလှုံတဲ့အခါ အပြစ်ဖို့ခြင်းမရှိရတာက သူက အပြစ်မဖို့လို့ပါပဲ။*

ဒီလိုနဲ့ အားလုံးဟာ  ချက်ချင်းကို   အနေးကွက်ပြသလို ဖြစ်သွားတယ်။ အခန်းလည်း မီးမှိန်မှိန်လင်းသလို ဖြစ်သွားတယ်။ Maatan က  အတိတ်မှာ လူတွေကို သူ ဘယ်လိုအပြစ်မြင်ခဲ့၊  စီရင်ခဲ့တာတွေဟာ  သူ့ဗီဇတွေပါလား ဆိုတာကိုတွေးပြီး အတွေးထဲ စီးမျောသွားတယ်။ သူ့ကိုယ်သူ လုံးဝကို ပြောင်းပြန်မြင်သွားတယ်။ သူလည်း သူ့ကိုယ်သူ

[21] ဒီအကြောင်းထပ်သိချင်ရင် သင်စီရင်သည့်အတိုင်း ဆိုတဲ့စာအုပ် fatheroflove.info မှာဖတ်ပါ။

အရမ်းရှက်သွားတယ်။ ဒါပေမယ့် ဒါဟာ ဘုရားဆီက လာတာမဟုတ်ဘဲ သူ့ဆီကပဲ ဖြစ်တယ်။

*ဘုရားသခင် ကျွန်တော့်ရဲ့ဗီဇဆိုးအတွက် တောင်းပန်ပါတယ်။ အတိတ်မှာ အခြားလူတွေကို ကျွန်တော့် အတွေးထဲကနေ အပြစ်မြင်မိတာတွေအတွက် ကျွန်တော် နေမပျော်ပါဘူး။ ကျွန်တော်မှားတဲ့အခါ ကျွန်တော့်ကို အပြစ်မယူပါဘူးလို့ မိန့်တဲ့ကိုယ်တော့်စကားကို ယုံပြီးရပ်တည်ဖို့ ကျွန်တော်ဆုံးဖြတ်ပါတယ်။ ကိုယ်တော်က ခွင့်လွှတ်မယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော့်ခံစားချက်ကို ဆန့်ကျင်ဖို့လည်း ခက်ပါတယ်။ ကျွန်တော်က အပြစ်ဒဏ်ခံသင့်တယ်လို့ မှတ်နေတာပါ။ ဒါပေမယ့် ဒါက ကိုယ်တော့်ဆီက လာတာမဟုတ်ဘဲ ကျွန်တော့်စိတ်ကနေ ဖြစ်နေတဲ့စိတ်ပါ။*

*ဂေါလျတ်က ကျွန်တော့်ကို ဘာကြောင့် ဒီလောက်တောင် လွှမ်းမိုးရတာလဲဆိုတာကို မြင်တတ်ပါပြီ။ အာဒံဆီကနေရတဲ့ အပြစ်ယူတတ်တဲ့စိတ်က ဖျက်ဆီးလိုတဲ့ဆန္ဒ ဖြစ်စေပါတယ်။ အဲဒါကြောင့် အပြစ်နဲ့ ရင်ဆိုင်အတွေ့မှာ သူများကို ကျွန်တော်မြင်ခဲ့သလို ကိုယ့်ကိုယ်ကိုမြင်ပြီး အပြစ်ယူခဲ့တယ်။ ကျွန်တော့်ရဲ့မျက်နှာကို အာပိုလိုရုပ်တုမှာ မြင်ရတဲ့အခါ အဲဒီအကုသိုလ်ကြောင့် သေသင့်တယ်လို့ တွေးဖြစ်ခဲ့တယ်။ ဒါတွေလည်းပဲ ကျွန်တော့်အမြင်ပါ။ ဘုရားရဲ့အမြင် မဟုတ်ပါဘူး။*

Maatan ဟာ ရက်သပွတ်အတော်ကြာ လွင့်ပျံ့ခဲ့တယ်။ ငိုလိုက်၊ ရီလိုက်၊ ပျော်လိုက်နဲ့ပေါ့။ သူက အမှန်တရားကို Stella ဆီချပြပြီး Stella လည်း သူနဲ့အတူ ပျော်ခဲ့တယ်။

"သက်ကို စိတ်ရှည်ရှည်နဲ့တွဲခေါ်ခဲ့လို့ ကျေးဇူးပဲ Maatan။ အဲဒီအတွက် ဘုရားကို ကျေးဇူးတင်တယ်" ဆိုပြီး ပီတိမျက်ရည်ကျခဲ့တယ်။

"ငါနဲ့အတူ ရပ်တည်ပေးလို့ကျေးဇူးတင်ပါတယ်။ ဒါတွေဟာ အစစ်ခံရတဲ့အချိန်တွေပဲပေါ့။ နင့်ရဲ့ပံ့ပိုးမှုတွေဟာ ခမည်းတော်ဆီကရတဲ့ ရတနာတွေပါပဲ။ ဘုရားက သူ့ဘုန်းတော်ထင်ရှားဖို့၊ ငါတို့ပီတိဖြစ်ဖို့ ငါတို့ကို လက်ဆက်ပေးခဲ့တာပဲ"

Maatan နဲ့ Stella တို့ ဘုရားဆီ အတူဆုတောင်းကြတယ်။ "ကျွန်တော်တို့ကို ဤလမ်းကျဉ်းမှာ ဦးဆောင်ခဲ့တဲ့အတွက် ကိုယ်တော့်ကို ကျေးဇူးတင်ပါတယ်။ အမှောင်ဖုံးရာက နေကျွတ်ဖို့ သားတော်ကို လွှတ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော့်ကို မင်္ဂလာဖြစ်စေတဲ့ ဇနီးကောင်းပေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒီနေ့အထိ ကိုယ်တော်က ပို့ဆောင်ပေးတယ်လို့ ကျွန်တော်တို့ ယုံပါတယ်။ ကျွန်တော်တို့လည်း အရာအားလုံးကို ယေရှုနာမနဲ့ ကျော်လွှားနိုင်မှာပါ။ အာမင်"

အဲဒီအတောအတွင်းမှာပဲ Maatan ရဲ့မွေးနေ့မှာ Stella က ကျမ်းပိုဒ်တစ်ပိုဒ် ဖတ်ပြတယ်။ "ဒါက ယောကျ်ားလုပ်နေတာနဲ့ ပတ်သက်မယ်လို့ ထင်တယ် Maatan, သက်တို့ဟာ နေဟာမိလိုပဲ ဗိမာန်တော်ကိုဆောက်ဖို့ အခေါ်ခံရတယ်။ ။

"သို့ဖြစ်၍ ငါ့သား၊ ထာဝရဘုရားသည် သင့်ဘက်၌နေ၍ အကြံထမြောက်စေတော်မူသဖြင့်၊ အမိန့်တော်ရှိသည်အတိုင်း သင်သည် သင်၏ဘုရားသခင် ထာဝရဘုရား၏ အိမ်တော်ကို တည်ဆောက်ရလိမ့်မည်။ သို့ရာတွင် သင်သည် သင်၏ဘုရားသခင် ထာဝရဘုရား၏ တရားတော်ကိုစောင့်ရှောက်မည်အကြောင်း၊ ထာဝရဘုရားသည် ဥာဏ်ပညာကိုပေး၍၊ ဣသရေလအမျိုးကို စီရင်ခြင်းအမှု၌ မှာထားတော်မူပါစေသော။ ဣသရေလအမျိုး၏အမှု၌ ထာဝရဘုရားသည် မောရှေအားမှာထားတော်မူသော စီရင်ထုံးဖွဲ့ချက်တို့ကို စောင့်ရှောက်ခြင်းငှာ သတိပြုလျှင် အကြံထမြောက်ရလိမ့်မည်။ အားယူ၍ ရဲရင့်ခြင်းရှိလော့။ စိုးရိမ်ခြင်း၊ စိတ်ပျက်ခြင်း မရှိစေနှင့်။" - ရာဇဝင်ချုပ်ပထမစောင် ၂၂:၁၁-၁၃

"သင်တို့၏ ဘုရားသခင် ထာဝရဘုရားသည် သင်တို့နှင့်အတူ ရှိတော်မူသည်မဟုတ်လော။ အရပ်ရပ်၌ ငြိမ်ဝပ်ရသောအခွင့်ကို ပေးတော်မူသည် မဟုတ်လော။ ပြည်သူပြည်သားတို့ကို ငါ့လက်၌အပ်တော်မူသဖြင့်၊ ထာဝရဘုရား၏ရှေ့၊ ထိုဘုရားသခင်၏ လူတို့ရှေ့မှာ တစ်ပြည်

လုံးသည် နှိမ့်ချလျက်ရှိ၏။ သို့ဖြစ်၍ သင်တို့၏ ဘုရားသခင် ထာဝရဘု ရားကိုရှာခြင်းငှာ ကိုယ်စိတ်နှလုံးကို နှိုးဆော်တိုက်တွန်းကြလော့။ ထာ ဝရဘုရား၏ နာမတော်အဖို့၊ တည်ရသော အိမ်တော်ထဲသို့ ထာဝရဘု ရား၏ ပဋိညာဉ်သေတ္တာတော်နှင့် ဘုရားသခင်၏ သန့်ရှင်းသောတန် ဆာတို့ကို သွင်းခြင်းငှာ ထကြလော့။ ထာဝရအရှင် ဘုရားသခင်၏သန့် ရှင်းရာဌာနတော်ကို တည်ဆောက်ကြလော့ဟု မှာထားတော်မူ၏။" - ရာဇဝင်ချုပ်ပထမစောင် ၂၂:၁၈၊ ၁၉

Maatan က *ကိုယ်တော်ဟာ ကျွန်တော်တို့ကို တရားအများကြီး ပြခဲ့တဲ့အတွက် ကိုယ် တော်က ကျွန်တော်တို့ကို ခေါ်တော်မူတယ်လို့ မှတ်ပါတယ်။ ကိုယ်တော့်ဗိမာန်တော်ရဲ့ ထောက်တိုင်ဖြစ်စေမယ် ဆိုတဲ့ကတိကို ကျွန်တော်တို့ ကိုင်စွဲထားပါတယ်။ ကျွန်တော် တို့သည် ပြည့်စုံတယ်လို့ မမှတ်ကြပါဘူး။ ဒါပေမယ့် ကိုယ်တော်ရဲ့ ဆန္ဒကျင်ဘက်မှာ လည်း မနေလိုပါဘူး။ ကိုယ်တော့်ဘုန်းတော် ပိုကြီးစေဖို့ ကျွန်တော်တို့ကို လမ်းပြတော် မူပါ။*

# အခန်း ၅၇
# Chronos ရှုံးပြီ

အဲဒီနောက်ပိုင်းတွေမှာ Maatan က သူ့ရဲ့ကျန်သေးတဲ့ငုတ် (၁) ငုတ် ဘာလို့ ရွှေမဖြစ်ရသေးတာလဲလို့ ဘုရားဆီ ဆုတောင်းတယ်။ ဘုရားသခင် ကျွန်တော်က ဘုရားဟာ လူကို အပြစ်မဖို့ဘူးလို့ သိခြင်းက နောက်ဆုံးငုတ်ကို ဖြေရှင်းပေးမယ် ထင်ခဲ့တာ။ ဘာမှ ဖြစ်မလာသေးဘူး ဘုရား။ ဘာများ လိုသေးတာလဲ ဘုရား။

သူလည်း ဒီကိစ္စကို Stella ဆီပြောပြတယ်။ Tony, Eric, အခြားဓမ္မမိတ်ဆွေတွေနဲ့လည်း နှီးနှောခဲ့တယ်။ ဘာကြောင့် မပြောင်းရသေးတဲ့အကြောင်း တစ်ယောက်မှ အတပ်မပြောနိုင်ကြဘူး။ သူတို့လည်း အဖြေရဖို့ အစာရှောင် ဆုတောင်းကြတယ်။ နီးနေမှန်း သိကြပေမယ့် ဘာမှ ရှင်းရှင်းလင်းလင်း မဖြစ်သေးဘူး။

Maatan စိတ်မှာ လဆန်းနေ့ကျရင် နောက်ဆုံးတာဝါတိုင်ဆီ သွားချင်စိတ်ပေါက်နေတယ်။

"သက်လည်းလိုက်မယ်။ ရှင်တစ်ခုခုဖြစ်ရင် သက် ရှင့်အနားမှာရှိချင်တယ်" လို့ Stella က လိုက်ခွင့် တောင်းတယ်။ "တစ်ခုခုဖြစ်ရင်ဆိုတာက ဘာကြီးလဲ။"

"တစ်ခုခုတွေ့ရင်လို့ ပြောတာပါရှင်။ သက်လည်း ရှင်နဲ့အတူ ခံစားချင်လို့ပါ။ ရှင့်အလိုလိုက်ရတာ မိန်းမရဲ့ ငုတ်တွေလည်း အရောင်ပြောင်းခဲ့ပြီလေ။ ဒီတစ်ခါတော့ နေရာမှာရှိချင်တယ်။"

"ရတယ်လေ Stella, ကလေးတွေကကော။" "သူတို့တွေ သူငယ်ချင်းတွေနဲ့ နေကြမှာပါ။"

"အိုကေလေ၊ သွားကြတာပေါ့။"

တာဝါတိုင်ကတော့ မြို့ရဲ့ အခြားတစ်ဘက်မှာပါ။ (၂) နာရီ မောင်းသွားရမယ်။ Maatan က သူ့အမြင်တွေကို Stella ကို ပြောပြတယ်။ “ငါ ဒီနောက်ဆုံးလဆန်းတုန်းက အာပိုလို၊ ဒိုင်ယာနာ၊ Pan တို့နဲ့ ထိပ်တိုက်တွေ့ခဲ့ပုံကို ပြန်စဉ်းစားနေတာ”

“အဲဒါက အတော်ကြီးတဲ့ ကိစ္စလိုပဲ Maatan”
“ဟုတ်တယ်။ ဒါက ဇူး(စ်) (Zeus) နဲ့လည်း ပတ်သက်တယ်။ ဘာလို့လဲဆို လျှပ်စီး၊ မိုးကြိုးတွေလည်း ပါလာလို့ပါ။ ဇူး(စ်)ဆိုတာ စွမ်းအင်ကိုပြတာ။ သူက စွမ်းအားနဲ့ အာဏာကိုပြတယ်။ ငါ့စိတ်မှာ ဇူး(စ်)ရဲ့အဖေကို စဉ်းစားဖြစ်တယ်။”

“ဇူး(စ်)အဖေ ဘယ်သူလဲ Maatan, သက်က ဂရိဒဏ္ဍာရီနဲ့ မရင်းနှီးဘူး”

“Chronos ပဲ။ အချိန်ရှင်ကြီးလို့လဲ သိကြတယ်။ ပဉ္စမာယာလည်း လူတွေကို ဒီလိုထိန်းနိုင်တာမှာ အချိန်ဆိုတာ ပါမှာပဲ။”

Matan က ဆုတောင်းလိုက်တယ်။ ဒါနဲ့ “နောက်ဆုံးတိုင်ကိုမသွားခင် မြို့ထဲက ပြန်းခြံထဲက ရေပန်းဆီကို သွားမယ်ကွာ။ လမ်းလည်းတည့်နေတယ်” လို့ အတွေးဝင်တယ်။

သူတို့လည်း မြို့ထဲဝင်ပြီး ပန်းခြံနဲ့ နီးတဲ့နေရာမှာရပ်ပြီး လမ်းလျှောက်လာကြတယ်။

“Chronos ဆိုတာက ဖန်ဆင်းမခံရတဲ့ဘုရား၊ ဂရိဒဏ္ဍာရီဘုရားအားလုံး မဖြစ်ခင်မှာ ရှိပြီးသားဘုရား။ အဲဒါကြောင့် နောက်ဆုံးငုတ်က ဒါနဲ့ဆိုင်ကိုဆိုင်မှာပဲ။ ငါတို့ရဲ့ ခမည်းတော်ဟာ ဖျက်ဆီးသူမဟုတ်ဘူး ဆိုတဲ့တရားကို သိခြင်းက နောက်ဆုံးပိတ်ဂေါလျတ်ကို အလှဲထိုးနိုင်မယ်လို့ ထင်ခဲ့တာ။ ဒါပေမယ့် ဒီနောက်ဆုံးဘီလူးကြီးက ငါတို့ကို အမှောင်ချထားတယ်။” သူတို့ ပန်းခြံနဲ့နီးလာတဲ့အခါ ဟိုးအဝေးမှာ မိုးကြိုးသံကို ကြားကြတယ်။

“အေး၊ ဇူး(စ်)က ငါတို့ကိုတွေ့ဖို့ အသင့်ဖြစ်နေပုံပဲ”

ပန်းခြံထဲလည်းဝင်ရော လေက Maatan ရဲ့အတွေးနဲ့အတူ လိုက်ပင့်တယ်။ "Chronos ဟာ ဦးခေါင်း (၃) လုံးမြွေနဲ့ တွေ့ရတာက ငါ့ကို ဆွဲဆောင်နေတယ်။[22] အဲဒီအကြောင်းက ပန်နဲ့ဒိုင်ယာနာတို့ အာပိုလိုကိုသွားပူးတဲ့ အဖြစ်ကို သတိရစေတယ်။ ကလေးတွေက လည်း သူတို့ရဲ့ မိဘတွေအတိုင်း (၃) ခုပေါင်းတစ်ခု ဆိုတဲ့နိယာမကို ကျင့်သုံးတတ်ကြ တယ်"

သူတို့ ရေပန်းဆီရောက်ကြပြီ။ Maatan လည်း "အဖဘုရား၊ ကွင်းဆက်ပြတ်တဲ့နေရာကို ပြတော်မူပါ" လို့ ဒူးထောက် ဆုတောင်းတယ်။ မုန်တိုင်းလည်း ခြသေ့်က သားကောင်ကို ခုန်အုပ်သလိုမျိုး နီးကပ်လာတယ်။ လျှပ်စီးလည်း လက်ချောင်းတွေလို Maatan နဲ့ Stella ကို ကုပ်မလိုလို ဖြစ်နေတယ်။

"ဘုရားက ငါတို့ကို အကြောက်တရားမပေးဘူး။ မေတ္တာ၊ အစွမ်း၊ သမ္မာဇဉ်ပဲပေးတယ်" လို့ Maatan ကပြောတယ်။

"လျှပ်စီးလည်း Maatan နဲ့ Stella တို့ဦးတည်တဲ့ တစ်မြို့လုံးဘက်ကို ပြက်လိုက်တယ်။ Maatan နဲ့ Stella တို့ဟာ ငုတ် (၅) ငုတ်ထဲက (၄) ငုတ်က အကြောပြတ်ခဲ့ပြီးပြီဆိုတော့ တုန်ခါမှုကို သိပ်မခံရဘူး။ လျှပ်စီးရောင်က သူတို့ကိုပတ်ပြီး လင်းသွားတယ်။

Maatan လည်း Theseus ကြေးရုပ် ရှိတဲ့ဘက်ကို ချက်ချင်းပြေးပြီး ဒူးထောက်လိုက် တယ်။ လျှပ်စီးအလင်း ရေမျက်နှာပြင်မှာ အရောင်ပြန်တဲ့အခါ မီးညွန့်လို လင်းတဲ့စာကို မှတ်လိုက်တယ်။ ။

## ယဇ်ကောင်နဲ့ အလှူဒါနကို သင်အလိုမရှိ

"Stella ရေ ဒီဟာမပျောက်ခင် လာကြည့်ဦး" Stella လည်း အပြေးလာခဲ့ပေမယ့် စာက ပျောက်သွားပြီ။ အဲဒီနောက်မှာ လျှပ်စီးတစ်ခု နောက်ဆုံးတာဝါတိုင်ကနေ လျှပ်ပြက်ပြီး

[22] www.greekmythology.com/Other_Gods/Primordial/Chronos/chronos.html

မြို့တစ်ပတ် အခြားတိုင်တွေကို ကူးတယ်။ အဲဒါနဲ့ နောက်ထပ်စာကြောင်း ထပ်ပေါ်လာတယ်။

> “မိုလ်ခြေသခင်တိုင်အောင် ထောင်လွှားခြင်းကို ပြုလျက်၊ နေ့ရက်အစဉ် ပြုသောဝတ်ကိုပယ်၍၊ သန့်ရှင်းရာဌာနတော်ကို ရှုတ်ချလေ၏။” - ဒံယေလအနာဂတ္တိကျမ်း ၈:၁၁

“ဒီတစ်ခေါက်တော့ သက်လည်း မြင်ရတယ်။ ဒါ ဘာအဓိပ္ပာယ်လဲ”

“ဒံယေလကျမ်းကတော့ ချိုင်ယ်က ခရစ်တော်နဲ့ သူ့နောက်လိုက်တွေကို ဘယ်လိုတိုက်မယ့်အကြောင်း ရေးထားတာ။ ‘နေ့စဉ်ဝတ်’ ဆိုတာကတော့ ရုပ်တုကိုးကွယ်တဲ့ ဗာဟီရဘာသာက သူတို့ဘုရားတွေကို နေ့စဉ်ပသ,တာကို ပြောတာ။ ငါတွေ့တဲ့ ပထမစာလုံးဖြစ်တဲ့ ‘ဘုရားက ယဇ်ကောင်နဲ့ အလှူဒါနကို အလိုမရှိ’ ဆိုတဲ့စာလုံးနဲ့ ဆက်စပ်မှုရှိမယ် ထင်တယ်”

“လျှပ်စီး ထပ်လျှပ်တယ်။ ဒီတစ်ခေါက်က ခေါင်းထိပ်မှာကိုလျှပ်တာ။ ရေမျက်နှာပြင်မှာ ဒီစာသားပေါ်လာတယ်။ ။

> တစ်သီတင်းတွင် လူအများတို့နှင့် ပဋိညာဉ်ဖွဲ့ခြင်းရှိ၍ ထိုသီတင်းတစ်ဝက်တွင် ယဇ်ပူဇော်ခြင်းနှင့် ဆက်ကပ်ခြင်းကို ပပျောက်စေလိမ့်မည်။
> - ဒံယေလအနာဂတ္တိကျမ်း ၉:၂၇

Maatan က ဒီစာသားအဓိပ္ပာယ်ကို ခဏစဉ်းစားတယ်။ “ဒီအကြောင်း Tony, Eric တို့နဲ့ ပြောဖြစ်တာကို ပြန်သတိရပြီး၊ ဒါက ငါနားလည်ရခက်ခဲတဲ့ အကြောင်းပဲ။ Eric က သူ့ဘေးတော်ရေးခဲ့တာကို ဖတ်ပြတယ်။ ကားထဲက ငါ့ laptop ထဲမှာရှိတယ်။”

“ရေမျက်နှာပြင်ကနေ ထပ်ပေါ်ဦးမှာလား Maatan”

“စောင့်ကြည့်ရတာပေါ့။” နောက်မိနစ်ပိုင်းမှာ လျှပ်ပြန်စီးပြီး စာထပ်ပေါ်တယ်။ ။

... အချိန်ဟူသည် မရှိတော့။ - ဗျာဒိတ် ၁၀း၆ (KJV)

Maatan က Stella လက်ကိုဆုပ်ပြီး "ငါ Waggoner ဆီက စာကို ကြည့်ရဦးမယ်။ ငါတို့တော့ နောက်ဆုံးအဆင့် ရောက်ပါပြီ"

Maatan နဲ့ Stella တို့လည်း ကားဆီပြန် လျှောက်လာကြတယ်။ "ငါ့ laptop မှာ ဒီအကြောင်းရှာမှပဲ" "ဟော တွေ့ပြီ။"

> လူတွေက ကျွန်တော့်ကို နင်က ရင်ကြားစေ့တဲ့အလုပ်ဟာ လူ့ဘက်ကချည်းလို့ ပြောကြတယ်။ **ကျွန်တော်က ခရစ်တော်ရဲ့ အသေခံခြင်းက ဘုရားကလူဆီ သွားရင်ကြားစေ့တယ်လို့ အမြဲပြောခဲ့တာပါ။ ခရစ်တော်က ဘုရားရဲ့ တရားမျှတမှုကိုပြဖို့ အသေခံခဲ့တာပါ။ သူ့ကို ကျေနပ်စေဖို့ပါ။** ကောင်းပြီ။ ကျွန်တော်တို့ဟာ ရင်ကြားစေ့ရေးဋ္ဌကာကို ကျမ်းစာချကပြတဲ့ နေရာမှာတင် ကျန်ခဲ့တယ်။ လူက ဘုရားဆီ ရင်ကြားစေ့ရမယ့်အကြောင်း များများပြောပေမယ့် **ဘုရားက လူ့ဆီ ရင်ကြားစေ့ရမယ့်အကြောင်း တစ်ချက်တောင် မတွေ့ရပါဘူး။ ဒီလိုလုပ်နိုင်ဖို့ကလည်း ဘုရားရဲ့သိက္ခာပုဒ်ကို ထိပါးမှ လုပ်လို့ရမှာ ဖြစ်တယ်။** ဒီအတွေးကို ပါပရဟန်းက ခရစ်ယာန်သာသနာထဲ ခေါ်သွင်းတာဖြစ်ပြီး အဲဒါကလည်း ဗာဟီရဘာသာက ယူတာပါ။ အခြေခံ ခံယူချက်ကတော့ ဘုရားရဲ့အမျက်ကို ပသရမယ်ဆိုတဲ့ သဘောတရားပါ။ E.J. Waggoner, *Present Truth UK,* September 21, 1893, page 386.7.

"ဒါက ဘာပြောတာလဲဆိုတာ သိလား Stella" "ဘာလဲ Maatan" လို့ Stella က မျက်လုံးပြူးပြီး မေးတယ်။

"ဘုရားက ဘယ်သူ့ကိုမှ အဓမ္မနဲ့ မဖျက်ဆီးဘူးဆိုတာ ငါတို့ကို ပြခဲ့ပြီးပြီ။ ဘုရားက အသက်ကိုတောင်းခဲ့ရင် တစ်ယောက်ယောက်ကို ဖျက်ဆီးဖို့ တောင်းဆိုတာ ဖြစ်သွားပြီ။

ဒါက မမှန်နိုင်ဘူး။ ဘုရားက ယဇ်ကောင်ကို မလိုချင်ခဲ့ဖူးဘူး။ ဒါက သူ့သိက္ခာပုဒ်မဟုတ်ဘူး။ ဒါပေမယ့် လူသားတွေကို ပြန်ကယ်ဖို့ ခရစ်တော်ဟာ ငါတို့အတွက် အသေခံခဲ့တယ်။ အဲဒါကြောင့် ငါတို့ဟာ ခွင့်လွှတ်ခြင်းကို ရခဲ့တာ။ ငါတို့ဟာ ဘုရားဆီ ရင်ကြားစေ့ခံရတာ။ ဘုရားက ငါတို့ကိုလာပြီး ရင်ကြားစေ့တာ မဟုတ်ဘူး။ ယေရှုရဲ့ စတေးခံမှုက ဘုရားဟာ ငါတို့ကို ရက်ရက်ရောရော ခွင့်လွှတ်ပေးချင်တယ် ဆိုတာကို သိစေတာ”

“အဲဒါကြောင့် ယေရှုက သူ ကပ်တိုင်ပေါ် မသေခင်ညမှာ ခမည်းတော်ဆီ သူဟာ ခမည်းတော်ရဲ့အမှုကို ဆောင်ပြီးသွားပြီလို့ ပြောတာများလား”

“သေချာတာပေါ့ Stella။ ဘုရားက ပသမှုကို တောင်းဆိုတယ်ဆိုတာက ဗာဟီရဘာသာကနေ မြစ်ဖျားခံပြီး ခရစ်ယာန်ဘာသာထဲ စီးဝင်လာတာ။ အဲဒါကို ဖျက်ဆီးတတ်သော ရွံ့ရှာဖွယ်အမှုလို့လည်း ခေါ်တယ်။ ခရစ်ယာန်ဘာသာက ဗာဟီရဘာသာကို နှိမ်နှင်းပေမယ့် အသက်နဲ့ပူဇော်တာကိုကျ ယူကြတယ်။”

Maatan က ကားစက်နှိုးပြီး “နောက်ဆုံးသံတိုင်ဆီကို သွားရင်းနဲ့ ဆက်ပြောကြတာပေါ့” တဲ့။

Stella “အချိန်သည် မရှိတော့ဘူး ဆိုတာက ဘာလဲ” တဲ့။

Maatan ခဏစဉ်းစားပြီး “Chronos ဆိုတာက အချိန်ကိုပြတဲ့ ပုဂ္ဂိုလ်ပဲ။ လူ့ဖြစ်တည်မှုမှာတော့ အချိန်က ယောက်တိုင်းကို ဖျက်ဆီးတယ်။ နောက်ဆုံးတော့ လူတွေသေကြတယ်။ အဲဒါကို အချိန်တန်လို့ (ဝါ) Chronos က အသက်ကိုနုတ်တယ်လို့ ယူကြတယ်။ အဲဒါကြောင့် Chronos က သူ့ရဲ့သားသမီးတွေကို ပြန်စားတယ် (ဝါ) ဖျက်ဆီးတယ်လို့ ပြောကြတာ။”[23]

“Chronos က ဖန်ဆင်းမခံရတဲ့ဘုရား။ သူဟာ ဘုရားအားလုံးမရှိခင်က ရှိနှင့်ပြီးသား။ သမ္မာကျမ်းမြတ်က ငါတို့ရဲ့ ခမည်းတော်ဘုရားဟာ အနန္တကာလ ကတည်းက ဖြစ်တည်

[23] https://en-wikipedia.org/wiki/Chronos

ပြီးသားတဲ့ (ဟေရှာယ ၅၇း၁၅)။ ကျမ်းစာက Chronos နဲ့ ဘုရားရဲ့သားကို ဆက်စပ်ထား လား ဆိုတာကို ငါစိတ်ဝင်စားတယ်”

“ဘာလို့လဲ Maatan, ရှင်ဘာတွေ့ထားလဲ။”

“ပျော်စရာအချိန် အတူတူဖြုန်းပြီး ကုန်သွားတာမျိုးကို နင်သိလား။ ငါတို့က အချိန်ကို သတိမထားမိဘူး။ အဲဒါကြောင့် ‘နင်ပျော်နေချိန်မှာ အချိန်ကုန်မြန်လိုက်တာ’ ဆိုတဲ့ စကား ရှိရတာပါ။ ဒါမျိုးက ခမည်းတော်နဲ့ သားတော်တို့ ဒီလိုပဲ ထာဝရပျော်ခဲ့ကြလား ဆိုတာကို ငါသိချင်နေတာ။ ဂရိဓမ္မသစ်ကျမ်းမှာ Chronos ဆိုတာရှိလား ကြည့်ပေးပါဦး”

Stella က “ဒီတစ်ပိုဒ်တွေ့တယ်” ဆိုပြီး ဖြေးဖြေးဖတ်ပြတယ်။

> “ဘုရားသခင်သည် ငါတို့ကျင့်သောအကျင့်ကို ထောက်တော်မမူ။ ရှေးကပ်ကာလမရောက်မီ၊ ယေရှုခရစ်အားဖြင့် ငါတို့အဖို့ ကိုယ်တော်တိုင်ကြံစည်တော်မူသော ကျေးဇူးတော်နှင့်အညီ ငါတို့ကိုကယ်တင်၍၊ သန့်ရှင်းသောအရာ၌ ခေါ်သွင်းတော်မူ၏။” - တိမောသေဩဝါဒစာဒုတိယ စောင် ၁း၉

“Chronos Aeon မရှိခင်တဲ့လား! ဒါပဲ! ကျမ်းစာက ခရစ်တော်ဟာ Chronos မရှိခင်ကတည်းက ဖြစ်တည်ပြီးသားတဲ့။ အဓိပ္ပာယ်က ခမည်းတော်နဲ့ သားတော်အတွက် အချိန်ဆိုတာ တစ်မျိုးတစ်ဘာသာ ခြားနေတယ်။ သူတို့ရဲ့ ရင်းနှီးမှုမှာ သူတို့က မသေကြတဲ့အတွက် အချိန်ဆိုတာလည်း လူတွေရဲ့မြင်ပုံနဲ့ မတူနိုင်ဘူး။ အဲဒါကြောင့် ကျမ်းစာက Chronos ဆိုတာ ရှိကိုမရှိခဲ့ဘူးလို့ ပြောတာပေါ့။ ဒါဟာ ငါတို့နဲ့မတူတဲ့ အချိန်တစ်မျိုးပါ။”

“ရောမဩဝါဒစာထဲမှာ နောက်တစ်ပိုဒ်တွေ့တယ် Maatan”

> “ပညတ်တရားကို သိသောညီအစ်ကိုတို့၊ ပညတ်တရားသည် လူကို အသက်ထက်ဆုံးမျှသာ ပိုင်သည်ကို မသိကြသလော။” - ရောမဩဝါဒစာ ၇း၁

"နောက်ဆုံးတစ်ကြောင်း ပြန်ဖတ်လို့ရမလား။ လုပ်ပါဦး။" Stella လည်း ပြန်ဖတ်ပြတယ်။ Maatan က အသေအချာစဉ်းစားပြီး "အပြစ်တရားနဲ့ သေခြင်းဟာ Chronos ရှိနေသ၍ လူ့အပေါ်ရှိမှာ။ အဲဒါပဲ" လို့ Maatan ကပြောတယ်။

"နင့်မျက်စိမှာ အဲဒီရုပ်ပြန်ပေါ်တယ်" လို့ Stella ပြောတယ်။

"အဲဒီတစ်ပိုဒ်ရဲ့ ရှေ့တစ်ခန်းကိုကြည့်လိုက်။ အပြစ်ရဲ့အခက သေခြင်းလို့ ပြထားတယ်။ သေခြင်းက အချိန်ကို တစ်မျိုးတစ်ဘာသာ ခြားစေတယ်။ သေခါနီးလူအတွက် အချိန်က အလွန်တန်ဖိုးကြီးတယ်။ ဘာလို့လဲဆိုတော့ အချိန်က အကန့်အသတ်ရှိလာလို့။ အဲဒီအကြောင်းရင်းက Chronos ကို လူသားတွေအပေါ် အဓိပတိလို ဖြစ်စေတာ။"

Stella လည်း Maatan ကိုကြည့်ပြီး သူ့အမြင်ရဲ့နောက်ကို လိုက်နိုင်အောင် ကြိုးစားပြီး သူပြောတာကို နားလည်နိုင်ဖို့ ဆုတောင်းတယ်။

"အာဒံက ကောင်းကင်ဘုံက ခမည်းတော်ကို ကျောခိုင်းခဲ့တဲ့အခါ ဆက်ဆံရေးကို အဆက်ဖြတ်ခဲ့တာပါ။ သူသိခဲ့ရတဲ့ မေတ္တာ၊ ပီတိ၊ ငြိမ်းချမ်းခြင်းတွေ အကုန်လုံး ဆုံးရှုံးခဲ့တယ်။ အဲဒီနေရာမှာ သေဖို့ကြောက်တဲ့ တရားဝင်လာပြီး အချိန် (ဝါ) Chronos စတော့တာပဲ။ လူသားတွေရဲ့ သက်တမ်းက (၅၀) (ဝါ) (၈၀) တန်းတွေ ဖြစ်ရော။ အချိန်နိဋ္ဌိတံတဲ့တစ်နေ့နေ့ကျ ငါတို့ပြုခဲ့သမျှအတိုင်း တရားစီရင်ခံရမှာ။ ။

"ငါတို့ အပြစ်ကြောင့်သေရမယ်၊ နောက်ပြီး တရားစီရင်ခံရမယ်၊ အပြစ်ရှိရင် ဖျက်ဆီးခံရမယ် ဆိုတာတွေကြောင့် ကြောက်ကြောက်နဲ့ နေနေကြတယ်။ အခုတော့ ငါတို့က ဒီအကြောက်တရားဟာ တကယ်တမ်းမှာ မရှိမှန်း သိသွားပြီ။ စာတန်က ကလော်လို့ အာဒံက ဘုရားဟာ သူ့ကိုသတ်ချင်တယ်လို့ မှတ်တာပါ။ သေခြင်းကိုကြောက်ခြင်းက Chronos ကိုဖြစ်စေပြီး Chronos ကို သခင်မွေးလိုက်တာပါ။ ငါတို့ ဘုရားကိုကြောက်ဖို့ စာတန်က Chronos ရဲ့ စရိုက်အားလုံး ဘုရားပေါ် ပုံချလိုက်တယ်။ ဒီလိုနဲ့ ဘုရားကိုပျော်စေဖို့ ငါတို့က ချက်ချင်း မျက်နှာလုပ်ကြရရော။

“ချိုငယ်က ဗာဟီရတို့ရဲ့နည်းနာတွေကို ခရစ်ယာန်ဘာသာထဲ ယူလာပြီး ဘုရားက သူ့ရဲ့ သားကို ငါတို့ရဲ့အပြစ်အတွက် စတေးခံခိုင်းတယ် ဆိုတဲ့အယူကို သယ်လာတယ်”

“ရှင်ပြောတာ များနေတယ် Maatan, သက် နားရှုပ်ပြီ။” “ဆောရီးပါ Stella။ ဒါထက်ရှင်း အောင် ရှင်းပါ့မယ်”

ဒီလိုနဲ့ သူတို့လည်း နောက်ဆုံးတိုင်နားကို ရောက်လာကြတယ်။ ဒီတိုင်က အခြားတိုင် တွေထက် အတော့်ကိုမြင့်တယ်။

“ခဏတော့သည်းခံဦး Stella။ ဒီဟာတွေ အခုမှ အဓိပ္ပာယ်ရှိလာတယ်။ သေခြင်းတရား မရှိခင်တုန်းက အချိန်ဆိုတာ မှတ်ကိုမမှတ်တာ။ ခမည်းတော်နဲ့ သားတော်တို့ရဲ့မေတ္တာ က စကြဝဠာကို လွှမ်းခြုံပြီး ဘုရားသားသမီးတွေက ဒီလိုနိုင်ငံကောင်းမှာ နေထိုင်ကြ တယ်။ စာတန်က တရားမျှတမှုအကြောင်း တလွဲဝါဒဖြန့်ခဲ့တယ်။ ဘုရားရဲ့ပညတ်ကို ချိုးဖောက်ရင် ဘုရားက သေဒဏ်ပေးမယ်လို့ သူက ဝါဒဖြန့်ခဲ့တယ်။ ဒီသဘောတရားကို အာဒံနဲ့ဧဝဆီ မိတ်ဆက်ခဲ့တယ်။ ဘုရားက သူတို့အပြစ်ကို ခွင့်မလွှတ်ပဲ သေဒဏ်ပေး မယ်လို့ မှတ်စေခဲ့တယ်။

“အချိန်ဆိုတာ ဒီလိုစခဲ့တာ။ ဘုရားက သူ့စကားကို နားမထောင်တဲ့သူတွေကို သတ်မှာ ဆိုတဲ့အယူ စ, ရှိလာခဲ့ကတည်းက စကြဝဠာမှာ အချိန်ဆိုတာ စ,ခဲ့တယ်။”

“အာဒံက သူဘာကြောင့် အသီးကိုစားဖြစ်ခဲ့တဲ့အကြောင်း ဘုရားကို ဆင်ခြေပေးခဲ့တုန်း က စာတန်ရဲ့ အပြစ်ဖြေနည်းကို လုစ်ပြခဲ့တယ်။ သူက သူ့မိန်းမနဲ့ဘုရားကို အပြစ်ဖို့တုန်း က သူ့အပြစ်အတွက် သူတို့ကို လွှဲချခဲ့တာဖြစ်တယ်။ အာဒံက သူ့နေရာမှာ အခြားသူကို သေဖို့အကြံပေးခဲ့တယ်။ ဘုရားက ပသမှုကို မပြဌာန်းပါဘူး။ ဘုရားဟာ မေတ္တာရှင်ပါ။ ခွင့်လွှတ်ပေးချင်နေတာပါ။ သူ့ရဲ့မေတ္တာက ထာဝရမြဲပါတယ်။ ဘုရားက သူ့ကို ခွင့်လွှတ် မှာပါလို့ ယုံခဲ့သေးရင် ခွင့်လွှတ်ဖို့ တောင်းပန်ခဲ့မှာပါ။ သူက ဒီလိုမယုံတော့ဘူး”

“ဒါကြောင့် သက် ထင်တာမှန်ရင် ဘုရားနဲ့ သူ့ရဲ့သားတော်က စာတန်ကြောင့် သေခြင်း တရား မဝင်ခင်မှာတော့ အချိန်ကို တစ်မျိုးခံစားကြမယ်။ ဒါနဲ့ စာတန်က အာဒံနဲ့ဧဝတို့

အသီးကိုစားလို့ အပြစ်သင့်တဲ့အခါ ဘုရားက သူတို့ကို သတ်လိမ့်မယ်လို့ စာတန်က ပြောတာကို သူတို့ယုံတဲ့အခါ ထာဝရသုခကနေ Chronos အချိန် ဆိုတဲ့မြုံးထဲကျရော။ ဘာလို့ ဒီလိုပြောရလဲဆိုတော့ သူတို့မှာ မသေခင်အတွင်း အချိန်အကန့်အသတ်ရှိပြီလို့ ခံစားရလို့ပဲ။ သူတို့က ဘုရားကို  မမှန်မကန်ပြောခဲ့တာကိုယုံပြီး မေတ္တာရှိတဲ့ဖခင်ကနေ ကိုယ့်သားကိုပြန်စားတဲ့ Chronos ဆိုတဲ့ဘီဘူး ဖြစ်စေကြတယ်။ သက် ပြောတာ မှန်လား”

“ကွတ်တိပဲ Stella, ယေရှုခရစ်ဟာ   Chronos မရှိခင်ကတည်းက  ရှိပြီးသားလို့ ကျမ်းစာမှာလာတာက ဒါကိုပြောတာလို့ ငါမှတ်တယ်။ ဘုရားက ငါတို့ကို ခွင့်လွှတ်မှာမဟုတ်ဘူးလို့ ပြောတာကို    ငါတို့ကလက်ခံလို့  သေခြင်းတရားကို ယုံတဲ့အခါမှ Chronos ဟာ ဖြစ်တည်နိုင်မှာဖြစ်တယ်။ သေခြင်းဆိုတာ မရှိရင် အချိန်ဆိုတာ ငါတို့စိတ်မှာတောင် မရှိဘူး။ အချိန်ဆိုတာ အစ၊ အဆုံးရယ်လို့ မရှိတော့ စဉ်းကိုမစဉ်းစားဘူး။ ငါတို့က ခရစ်တော်အားဖြင့် ဒီလိုခံစားကြဖို့က ဘုရားရဲ့ဆန္ဒပါ။ အောက်ကကျမ်းပိုဒ်က အဲဒါကိုပြောတာပဲ။    ။

> “ထိုကျေးဇူးတော်ကား၊ ငါတို့ကိုကယ်တင်သောသခင်ယေရှုခရစ် ပေါ်ထွန်းသည်အရာမှာ  ယခုထင်ရှားလျက်ရှိ၏။ ထိုသခင်သည် သေခြင်းအကြောင်းကို ပယ်ရှား၍၊ အသက်ရှင်ခြင်းအကြောင်းနှင့် မဖောက်ပြန်ခြင်းအကြောင်းကို  ဧဝံဂေလိတရားအားဖြင့် ထင်ရှားစေတော်မူပြီ။” - တိမောသေဩဝါဒစာဒုတိယစောင် ၁:၁၀ (KJV)

“ဒီတရားကိုနားလည်ဖို့ အားထုတ်ဖို့လိုတယ်။ အဲဒါကြောင့်ပဲ နောက်ဆုံးတာဝါတိုင်ကိုဖြိုဖို့ ခက်နေတာပေါ့။ ဒါပေမယ့် ယေရှုက Chronos ဟာ ရှိတော့မှာမဟုတ်ဘူးလို့ မိန့်ထားတယ်။  ဆိုလိုတာက  လူသားတွေက  ဘုရားဟာ  သူ့ပညတ်ကိုစောင့်ဖို့  သေခြင်းနဲ့ မခြောက်ဘူးဆိုတာကို သိလာကြမယ်လို့  ဆိုလိုတာပါ။ ငါတို့က ဒီအယူတွေကို အောင်နိုင်သွားရင် Chronos က   ငါတို့ကို အုပ်စိုးလို့မရတော့ဘဲ  သူ့ရဲ့မြုံးထဲ မိကြတော့မှာ မဟုတ်တော့ဘူး” လို့ Maatan ပြောတယ်။

"ယဇ်ပူဇော်ခြင်း၊ ပူဇော်သကာတွေ ရပ်စေမယ်ဆိုတာက ဒါကိုပြောတာနေမှာလို့ ငါမှတ်တယ်။ ခမည်းတော်ရဲ့ သိက္ခာပုဒ်ကို အမှန်အတိုင်း လာပြခြင်းအားဖြင့် ငါတို့က ဘုရားဟာ ဘယ်သူ့ကိုမှ မသေစေလိုခဲ့ဖူးဘူး ဆိုတာကို ငါတို့တွေ့သွားတာပေါ့။ ခရစ်ယာန်ဘာသာက ယေရှုရဲ့အသေခံမှုဟာ ဘုရားရဲ့ပြဋ္ဌာန်းမှုကို နာခံတာလို့ သင်ပေးတယ်။ ဒါပေမယ့် ဘုရားရဲ့ပြဋ္ဌာန်းမှုမှာ အသေခံရဖို့ မပါဘူး။ ဘုရားရဲ့ပြဋ္ဌာန်းမှုမှာ သေခြင်းဆိုတာပါခဲ့ရင် ထာဝရကာလကို တစ်ယောက်မှ မြည်းစမ်းခွင့်ရမှာ မဟုတ်ဘူး။ သေခြင်းတရားက ခြိမ်းခြောက်နေသ၍ ပြီးပြည့်စုံတဲ့ ငြိမ်သက်ခြင်းဆိုတာ မရှိနိုင်ဘူး။"

"သက်လည်း ရှင်ပြောတာကို စပြီးနားလည်လာပြီ ယောကျ်ား။ ဒါက နက်နဲတယ်။ လူဘယ်လောက်က ဒါကို နားလည်နိုင်ကြမလဲ မသိဘူး"

"ဉာဏ်ရှိတဲ့လူတွေ နားလည်ပြီး ဖြောင့်မတ်ခြင်းသို့ ရောက်ကြမှာပါ Stella (ဒံယေလ ၁၂း၃၊ ၁၀)။ နိဂုံးမှာတော့ ယေရှုက ကောင်းကင်ဗိမာန်တော်ရဲ့ အသန့်ရှင်းဆုံးဌာနမှာ သွေးဖြန်းဖို့ မလိုတော့အောင် လုပ်နိုင်ပါတယ်။ အသန့်ရှင်းဆုံးဌာနမှာ သွေးလိုအပ်တာက ဘုရားဟာ အပြစ်လုပ်တဲ့လူတွေ သေရမယ်ဆိုတာကို ယုံတဲ့လူတွေအတွက် ယေရှုက စီမံပေးဖို့လိုတာကို ဆိုလိုတာပါ။ ဒါပေမယ့် ဒီဒဿနဟာ ဖျက်ဆီးခြင်းကို ကျူးလွန်မှုပါ။ ဒါဟာ ဗာဟီရဘာသာ ဆန်ပါတယ်။ ဘုရားက ကျွန်တော်တို့နဲ့ ရင်ကြားစေ့ဖို့ သူ့ရဲ့သား အသေခံဖို့ မလိုပါဘူး။ ခရစ်တော်က ကမ္ဘာကိုမဖန်ဆင်းခင်ကတည်းက ကျွန်တော်တို့ရဲ့ အသက်အဖြစ် ပေးထားပြီးပါပြီ။ ကျွန်တော်တို့က သေခြင်းတရား ဝိတက်မှာပဲမျောကြလို့ သူ့ကို ကျွန်တော်တို့ရဲ့ အသက်အဖြစ် လက်မခံခဲ့ကြဘူး။"

> "သေဘေးကိုကြောက်၍ တစ်သက်လုံး ကျွန်ခံရသော သူတို့ကို ကယ်လွှတ်ခြင်းငှာ။" - ဟေဗြဲဩဝါဒစာ ၂:၁၅ (KJV)

"ဘုရားက ငါတို့ဟာ သူနဲ့သင့်မြတ်ဖို့ သူ့ရဲ့သားကို ငါတို့ရဲ့လိုအပ်ချက်အရ ပေးခဲ့တယ်။ အဲဒါကို ဘုရားက ပြဋ္ဌာန်းခဲ့တာလို့ တစ်ချိန်လုံးမှတ်ခဲ့တာ။ ဘုရားကလည်း ငါတို့

အမှန်မြင်နိုင်တဲ့အထိ ငါတို့ရဲ့ မှားနေတဲ့အမြင်အတိုင်း ဗိမာန်တော်အားဖြင့် အမှုတော် ဆောင်ပေးခဲ့တာ။

"အခု ငါတို့က သူနဲ့သင့်မြတ်ဖို့ ဘုရားက သေစားသေစေဖို့ ပြဋ္ဌာန်းတယ်ဆိုတဲ့ အယူကို ရပ်သင့်ပြီ။ ဒါက ဗာဟီရတွေရဲ့အယူပဲ။ သူက ဒီလိုလုပ်လို့ အာဒံဆီကနေ ရခဲ့တဲ့အမွေကို အောင်နိုင်ခဲ့ပြီး သူနဲ့ပြန်သင့်မြတ်အောင်၊ ဘုရားက ငါတို့ရဲ့ကျူးလွန်မှုကြောင့် ငါတို့ကို သတ်ချင်ခဲ့တယ် ဆိုတဲ့အမြင်ကို ပြန်တည့်အောင် လုပ်ခဲ့ပြီးပြီ။

အဲဒီအချိန်မှာပဲ သူတို့ (၂) ယောက်ရှေ့မှာ လျှပ်စီးလျှပ်ပြီး နောက်ဆုံးသံတိုင်ရဲ့ အောက်ခြေကို ပစ်ပါတယ်။ "G" ဆိုတဲ့စာသားရှိတဲ့ နေရာကိုပစ်တယ်။ သူတို့လည်း ဒါကိုမြင်တဲ့ အခါ အော်ကြတယ်။

အဲဒီတိုင်ကနေပြီး ကျားသစ်လိုမျိုးတစ်ကောင် ကွတကွတ ထွက်လာပြီး ဆန့်ငင်ဆန့်ငင်နဲ့ မြေပေါ်လဲသွားတယ်။ သူတို့လည်း ကျောက်ရုပ်လိုငြိမ်သွားတယ်။

တိမ်လွှာတွေပျောက်ပြီး မြို့ကိုအုပ်မိုးခဲ့တဲ့ ကြေးဝါခေါင်မိုးကြီး ပေါ်လာတယ်။ အခုတော့ ပွင့်သွားပြီ (ယောဘ ၃၇း၁၈)။ သူတို့ရဲ့ ကြိမ်နှုန်းလည်း ပတ်ဝန်းကျင်ကို ပြောင်းနိုင်တဲ့အထိ ဖြစ်သွားတယ်။

အဲဒီချိန်မှာပဲ ကောင်းကင်ပွင့်ပြီး ကောင်းကင်တမန်တစ်ပါး သူတို့ဆီထင်ပြတယ်။

> "ကောင်းကင်တမန်ကလည်း၊ ကြောက်ရွံ့ခြင်းမရှိကြနှင့်။ လူအပေါင်းတို့သည် အလွန်ဝမ်းမြောက်ဝမ်းသာစရာ သတင်းကို ငါသည်သင်တို့အား ကြားပြောရ၏။- ထိုကောင်းကင်တမန်နှင့်အတူ ကောင်းကင်ဗိုလ်ခြေ အများတို့သည် ချက်ချင်းထင်ရှား၍၊- ကောင်းကင်ဘဝဂ်ဝယ် ဘုရားသခင်သည် ဘုန်းကြီးတော်မူစေသတည်း။ မြေကြီးပေါ်၌လည်း ငြိမ်သက်ခြင်း ရှိစေသတည်း။ လူတို့အား မေတ္တာကရုဏာ ရှိစေသတည်းဟု ဘုရားသခင်ကို ချီးမွမ်း၍မြွက်ဆိုကြ၏။" - ရှင်လုကာခရစ်ဝင် ၂း၁၀, ၁၃၊ ၁၄

ကောင်ကင်တမန် သူတို့အနားကပ်လာပြီး "နင်တို့ လွတ်လပ်ပြီ။ နင်တို့ ဒီ Constance မြို့နဲ့ ပြတ်သွားပြီ။ နင်တို့ထွက်ပြေးနိုင်ဖို့ လမ်းလည်းပေါက်နေပြီ။ ပြင်ဆင်ပြီး မြန်မြန် သာထွက်ကြတော့။ နင်တို့ ဘာထပ်လုပ်ရမယ်ဆိုတာ နောက်မှထပ်ပြောမယ်" လို့ ပြော တယ်။

Maatan နဲ့ Stella လည်း ဝမ်းသာမျက်ရည်ကျကြပြီး ခမည်းတော်နဲ့ သားတော်ကို ချီး မွမ်းကြတယ်။ သူတို့အတွက် Chronos မရှိတော့ဘူး။ သေခြင်းတရားလည်း သူတို့စိတ် ကို မခြောက်တော့ဘူး။ သူတို့က သေမင်းကို မကိုးကွယ်ဘဲ ရှင်ပြန်ထမြောက်ခြင်း၊ အ သက်ရှင်ခြင်း၊ ခမည်းတော်ဆီ အရောက်ပို့မယ့် ဘုရားကိုပဲ ကိုးကွယ်ကြလို့ ဒီလိုဖြစ်ကြ တာပါ။

Maatan က Stella ကိုဖက်ပြီး "ဒီခရီးမှာ ငါနဲ့အတူရှိပေးလို့ ကျေးဇူးတင်ပါတယ်" တဲ့။

Stella လည်း Maatan လက်ကိုညစ်ပြီး "ခမည်းတော်နဲ့ သားတော်ကိုယုံပြီး ဒီအထိ အပါ ခေါ်ခဲ့လို့ ကျေးဇူးတင်ပါတယ် Maatan။ ခမည်းတော်က ရှင့်ကို ကန္တာရထဲက အိုအေစစ် လို ဖြစ်စေခဲ့ပါတယ်။ ရှင်ရဲ့သွားနဲ့ တောင်တွေကိုဖြိုပစ်မှာပါ။ ဘုန်းတော်ဝင်စားဖို့ လမ်း လည်းခင်းထားပြီးပြီ။ မကြာခင် ဒီလမ်းကနေ ငါတို့ရဲ့ဘုရားကို တွေ့ရတော့မယ်။ ရှင့်ကို ဒီကိစ္စတွေမှာ ပါရမီဖြည့်ပေးဖို့ ဘုရားက မိန်းမကို ဒီလိုစီမံတယ်လို့ မှတ်တယ်"

"ငါတော့ အဲ့မြို့ရဲ့မုခ်ဝမှာ နင့်ရဲ့ဉာဏ်ပါရမီအတွက် သီချင်းဆိုဦးမယ်။
ကယ်တင်ရှင်ရဲ့ဘုန်းတော် ငါကတစ်ဆင့် နင့်ဆီထင်ရှားပါစေ"

ဘုရားသခင်က သူတို့တစ်ယောက်စီကို ပါရမီအသီးသီး ပေးခဲ့တာတွေအတွက် (၂) ယောက်သား မျက်နှာချင်းဆိုင်ရင်း ပတ်ဝန်းကျင်ကို မေ့နေကြတယ်။ အချိန်လည်းရပ်ပြီး ခမည်းတော်နဲ့ သားတော်တို့ရဲ့ မေတ္တာ Maatan နဲ့ Stella တို့အပေါ် လွှမ်းခြုံတာကို စကြဝဠာက မြင်ကြတယ်။ ငုတ် (၅) ငုတ်လုံး ရွှေဖြစ်သွားပြီးနောက်မှာ သူတို့ဟာ ခမည်း တော်နဲ့ သားတော်တို့ရဲ့ နိယာမကို အရင့်အရင်ကထက် မြင်မြင်သာသာ ပြလာကြတယ်။

“ငါချစ်ရာသခင်သည် ငါ့ကို ဆိုင်တော်မူ၏။ ငါ့အလိုသို့လည်း လိုက်တော်မူတတ်၏။ ကြွလာတော်မူပါ၊ ငါချစ်ရာသခင်။ ကြွလာတော်မူပါ။ တောအရပ်သို့ ထွက်သွား၍ ရွာတို့၌ ညကို လွန်စေကြကုန်အံ့။ နံနက်စောစောထ၍ စပျစ်ဥယျာဉ်သို့ သွားကြကုန်အံ့။ စပျစ်နွယ်ပင် သန်သည် မသန်သည်ကိုလည်းကောင်း၊ အပွင့်များသည် မများသည်ကိုလည်းကောင်း၊ သလဲပင်ပွင့်သည် မပွင့်သည်ကိုလည်းကောင်း၊ ကြည့်ရှုကြကုန်အံ့၊ ထိုအရပ်၌ ကျွန်မ၏မေတ္တာကို ကိုယ်တော်၌ အပ်ပေးပါမည်။ အနုဆေးပင်တို့သည် မွှေးကြိုင်ကြပါ၏။ ငါတို့တံခါးနားမှာ ချိုသောအသီးမျိုး အသစ်အဟောင်းတို့ကို ကိုယ်တော်ဖို့ ကျွန်မသိုထားပါပြီ၊ ငါချစ်ရာသခင်။” - ရှောလမုန်သီချင်း ၇:၁၀-၁၃

# အခန်း ၅၈
# နောက်ဆုံးအသင့်ပြင်ခြင်းများ

ခမ္မမိတ်ဆွေတွေက Maatan ရဲ့ အတွေ့အကြုံတွေကို သီတင်းပတ်အတော်ကြာ နားထောင်ပိုင်းခြားကြတယ်။ Tony နဲ့ Eric တို့ကတော့ သူတို့ရဲ့ နောက်ဆုံးငုတ် ရွှေဖြစ်သွားတော့ ဝမ်းသာပြီး ဘုရားကိုချီးမွမ်းကြတယ်။

ပင်တေကုတ္တေပွဲနေ့လည်း ရောက်လာတော့မှာဖြစ်ပြီး သူတို့ကလည်း မြို့ကနေထွက်ဖို့ ဘာပြင်ဆင်ရမယ် ဆိုတာတွေ ဆွေးနွေးကြတယ်။ သူတို့ရဲ့စက္ကူအသစ်နဲ့ မြို့ကြီးရဲ့ အနိဋ္ဌာရုံတွေကို အရင်ကထက် မြင်လာကြတယ်။ အရင်တုန်းကရှိခဲ့တဲ့ သူတို့ရဲ့ စိတ်ခေတ်တွေကို ခွင့်လွှတ်ပေးခြင်းအပေါ် သူတို့ဟာ ဘုရားကို လေးလေးနက်နက် ကျေးဇူးတင်ကြတယ်။ သူတို့ဟာ လွတ်လပ်ချင်ကြတယ်။ ကောင်းကင်မှာရှိတဲ့ ဘုရားကလည်း ဖေးမပေးမယ်လို့လဲ ကိုးစားကြတယ်။

သူတို့ဆွေးနွေးရမယ့် အကြောင်းတွေကလည်း အများကြီးရှိသေးတယ်။ သူတို့လည်း လေ့လာရင်းနဲ့ Maatan က တောထဲမှာတွေ့ခဲ့တဲ့ ဖန်သေ့က ကျမ်းစာကို ဘယ်လိုအနက်ရှင်းပြပေးလဲ ဆိုတာကို တွေ့ကြတယ်။

"ခါနနိအမျိုးသမီးရဲ့သမီးကို ပျောက်စေတဲ့ဖြစ်စဉ်မှာ ယေရှုပြုမူပုံက ဖန်သေ့က ဘာကိုပြလဲဆိုတာ ရှင်းပါတယ်။ ပထမပိုင်းမှာ ယေရှုက သူ့ကို ဘာမှပြန်မဖြေတော့ သူက သတိမမူမိဘူးလို့ ကျွန်တော်တို့က မှတ်ကြတယ်" လို့ Maatan က ရှင်မဿဲ ၁၅း၂၂-၂၈ ကို ကိုးကားပြီးပြောတယ်။ ။

> "ခါနာန်အမျိုးဖြစ်သော မိန်းမတစ်ယောက်သည် ထိုနယ်စပ်မှထွက်လာ၍၊ ဒါဝိဒ်၏သားတော်ရှင်၊ ကျွန်မကို သနားတော်မူပါ။ ကျွန်မ၏သမီးသည် နတ်ဆိုးနှိပ်စက်ခြင်းကို ပြင်းစွာခံရပါသည်ဟု ဟစ်ကြော်သော်လည်း စကားတစ်ခွန်းမျှ ပြန်တော်မမူ။- တပည့်တော်တို့သည် ချဉ်းကပ်၍၊ ထိုမိန်းမ ပြန်သွားရသောအ

ခွင့်ကို ပေးတော်မူပါ။ ငါတို့နောက်သို့ လိုက်၍ ဟစ်ကြော်လျက်နေပါသည်ဟု တောင်းလျှောက်ကြ၏။" - ရှင်မဿဲခရစ်ဝင် ၁၅:၂၂၊ ၂၃

"ခင်ဗျားပြောတာကို ကျွန်တော်နားလည်တယ် Maatan, အငယ် (၂၃) ကို ဆက်ဖတ်ရင် ဘာဖြစ်ပျက်လဲဆိုတာ မြင်ရတယ်။ ယေရှုရဲ့ ဆိတ်ဆိတ်နေခြင်းဟာ တပည့်တော်တို့ရဲ့ လူမျိုးရေးစိတ်ကို မြင့်တက်စေတယ်" လို့ Craig Ellison က ဝင်ထောက်တယ်။ ။

"တပည့်တော်တို့သည် ချဉ်းကပ်၍၊ ထိုမိန်းမ ပြန်သွားရသောအခွင့်ကို ပေးတော်မူပါ။ ငါတို့နောက်သို့ လိုက်၍ ဟစ်ကြော်လျက်နေပါသည်ဟု တောင်းလျှောက်ကြ၏။" - ရှင်မဿဲခရစ်ဝင် ၁၅:၂၃

"ဟုတ်တယ် Craig, ယေရှုက သူတို့ရဲ့စိတ်ဓာတ်ကို အပြစ်မတင်တာကိုလည်း ကြည့်ဦး။ သူတို့ကို အားပေးပုံတောင် ပေါက်တယ်" လို့ Edward Judson ကလည်း ပြောတယ်။

"ကိုယ်တော်ကလည်း၊ ဣသရေလအမျိုးအဝင် ပျောက်လွင့်သော သိုး များမှတစ်ပါး အခြားသောအမျိုးရှိရာသို့ ငါ့ကိုမစေလွှတ်ဟု မိန့်တော် မူ၏။" - ရှင်မဿဲခရစ်ဝင် ၁၅:၂၄

"ဒီအပိုဒ်က ယေရှုဟာ သူ့ဆီအပို့ခံရတာ မဟုတ်ဘူးလို့ ယူဖို့လွယ်တယ်။ ဒါပေမယ့် ကျမ်းစာမှာတော့ ဣသရေလတွေဟာ အမြဲပဲ တရားသမားတွေလို့ ပြထားတယ်။ ခင်ဗျား ဟာ အသစ်မမွေးဖွားရင် အမှန်တရားကို ဘယ်လောက်သိသိ သူတို့ကြားထဲမှာ ဘယ်လိုပဲ နေနေ သူတို့ရဲ့လူလို့ မမှတ်ကြဘူး" လို့ Tony Jones ကပြောတယ်။

"ဒီအမျိုးသမီးရဲ့ ယုံကြည်သဒ္ဓါအားက အံ့စရာပဲ။ ဘယ်လောက်ပဲ အတားအဆီး ကြီးမား မား သူက ဆက်ပြီးယုံဆဲပဲ။ ဂျူးရဲ့မေရှိယက ဘက်လိုက်တယ်၊ သူ့ကိုကူမှာမဟုတ်ဘူး ဆိုတဲ့စိတ်ကို သူပြန်နိုင်ရမှာ ဖြစ်တယ်" လို့ Stella ကပြောတယ်။ ။

"ထိုမိန်းမသည် ချဉ်းကပ်၍ ပျပ်ဝပ်လျက် ကျွန်မကို ကယ်တော်မူပါသခင်ဟု လျှောက်ပြန်၏။" - ရှင်မဿဲခရစ်ဝင် ၁၅:၂၅

“သူဟာ (၂) ချက် အစမ်းခံရတယ်။  ပေတရုကို  သုံးကြိမ်မြောက် ‘သင်သည် ငါ့ကိုချစ်သလော’ လို့ အမေးခံရသလို ဒီအမျိုးသမီးလည်း (၃) ကြိမ်  စမ်းသပ်ခံရလို့ အတော်ကိုခက်မှာပါ” လို့ Craig James က ပြောတယ်။

> “ကိုယ်တော်က၊ သားတို့၏အစာကိုယူ၍ ခွေးအားမပေးမချအပ်ဟု ပြန်ပြောတော်မူ၏။” - ရှင်မဿဲခရစ်ဝင် ၁၅:၂၆

“ယေရှုက သူ့ကို ခွေးမလို့  တကယ်ခေါ်တဲ့ပုံပဲနော်။ တကယ်မှာတော့ ဒီလိုမဟုတ်ပါဘူး။ ယေရှုက  သားတွေရဲ့အစာကို  ခွေးမကျွေးကောင်းဘူးလို့  ပြောတာပါ။ အဲဒါကို သူကလည်း ကျွန်မလည်း သားပါပဲ၊ သူလည်း  ဘုရားရဲ့မေတ္တာ ရထိုက်ပါတယ်လို့ ပြောလို့ရပါတယ်” လို့ Colin Nixon က သုံးသပ်တယ်။

“အေး၊ အဲဒီမှာ မှန်ရဲ့  လုပ်ဆောင်မှုကို  တွေ့ရတယ်။ ဒီအမျိုးသမီးရဲ့ အပြုအမူအရ လေလွင့်ခွေးလို့ ခံစားရပုံပဲ။  ဒါပေမဲ့  သူဆန္ဒကိုလက်မလွှတ်ဘဲ  ယေရှုရဲ့ယုံကြည်ခြင်းကို စွဲကိုင်ထားတယ်။”

> “မိန်းမကလည်း မှန်ပါ၏သခင်၊ ခွေးမည်သည်ကား မိမိသခင်၏ စားပွဲမှကျသော စားနုပ်စားပေါက်ကို စားမြဲထုံးစံရှိပါ၏ဟု လျှောက်ပြန်လျှင်၊” - ရှင်မဿဲခရစ်ဝင် ၁၅:၂၇

“သူက အာဗြဟံရဲ့ သမီးဖြစ်ကြောင်း  စိတ်မလျှော့ဘဲပြပြီး  ဘုရားရဲ့ကတိကို  အရယူခဲ့တယ်။ အဲဒီသဒ္ဓါအားကြောင့် လိုချင်တာရခဲ့တယ်” လို့ Maatan ကပြောတယ်။  ။

> “အို မိန်းမ၊ သင်သည်  ယုံကြည်အားကြီးလှပြီ။  သင့်အလိုရှိသည်အတိုင်း သင်၌ဖြစ်စေဟု မိန့်တော်မူ၏။ ထိုအချိန်မှစ၍ ထိုမိန်းမ၏သမီးသည် ကျန်းမာပကတိဖြစ်လေ၏။” - ရှင်မဿဲခရစ်ဝင် ၁၅:၂၈

"ဒါက အခိပ္ပာယ်ရှိတယ်။ ဒီနိယာမကို ဘုရားက လူတွေကို သတ်ဖြတ်တယ်လို့ ထင်လို့ရတဲ့ ဓမ္မဟောင်းကျမ်းနဲ့ ဘယ်လိုညှိမှာလဲ"[24] လို့ Ruben Olson ကပြောတယ်။

"ဥပမာ မောရှေကို လူမျိုးကြီးဖြစ်စေပြီး၊ ကျန်တဲ့ဣသရေလ လူမျိုးအားလုံး သူတို့ရဲ့ အပြစ်ကြောင့် အပြတ်ရှင်းမယ် ဆိုတဲ့ကိစ္စကို ဥပမာယူကြည့်ပေါ့" လို့ Maatan ကဖြေတယ်။ ။

> "ငါမှာထားသောလမ်းမှ အလျင်အမြန်လွဲသွား၍၊ နွားသငယ်ရုပ်ကို သွန်းပြီးလျှင်၊ အိုဣသရေလအမျိုး၊ ဤဘုရားသည် သင့်ကိုအဲဂုတ္တုပြည်မှ နုတ်ဆောင်ခဲ့သော ဘုရားဖြစ်တော်မူ၏ဟုဆိုလျက်၊ ရုပ်တုရှေ့မှာ ယဇ်ပူဇော်ကိုးကွယ်ကြပြီ ဟူ၍လည်းကောင်း၊ ဤလူမျိုးကို ငါကြည့်မြင်ပြီ။ လည်ပင်းခိုင်မာသော အမျိုးဖြစ်၏။ သို့ဖြစ်၍ ငါ့ကိုရှိစေတော့။ ငါသည် အမျက်ပြင်းစွာထွက်၍ သူတို့ကိုဖျက်ဆီးမည်။ သင့်ကိုကား ကြီးသောအမျိုးဖြစ်စေမည်ဟူ၍လည်းကောင်း၊ မောရှေအားမိန့်တော်မူ၏။" - ထွက်မြောက်ရာကျမ်း ၃၂:၈-၁၀

"မောရှေက ဣသရေလတွေကို လွှတ်ထားဖို့ ဘုရားဆီ အသနားခံခဲ့တာကို ကျွန်တော်တို့ တွေ့ရတယ်။ ဒီဖြစ်စဉ်မှာ မောရှေက ဘုရားထက် စိတ်ပိုရှည်တယ်လို့ ကျွန်တော်တို့ ယူကြလား။ ဒါက မဖြစ်နိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ညှာတာခြင်းတရားအားလုံးဟာ ဘုရားဆီက မြစ်ဖျားခံတာပါ။ လူကနေ မဟုတ်ပါဘူး"

"ဘုရားက ဣသရေလတွေကို အကုန်ရှင်းပစ်မယ်လို့ မိန့်တဲ့အခါလည်း လိမ်ပြောတာလို့ ကျွန်တော်တို့က ပြောလို့မရပါဘူး။ ဒါဟာလည်း လှည့်စားတာ ဖြစ်သွားမယ်။ ဘုရားက မလိမ်ဘူး" လို့ Eric က မှတ်ချက်ပြုတယ်။

---

[24] အတ္တမဲ့မေတ္တာ အခန်း (၁၆) ကိုဖတ်ပါ။ fatheroflove.info မှာ ရနိုင်ပါတယ်။

"ဒါက ဘုရားရဲ့ နှုတ်တော်ထွက်စကားတွေ မောရှေရင်ထဲမှာ ရှိနေမှာဖြစ်ပြီး အဲဒီစကားတွေပဲ ဘုရားဆီ ပြန်ပဲ့တင်တာပဲ ဖြစ်ရမယ်" လို့ Gavin Davison ကပြောတယ်။

"ဟုတ်တယ် Gavin။ ဒါဟာ အပြစ်ပွားဖို့ ပညတ်တော်ဝင်တာပဲ။ မောရှေကတော့ ဒါဟာ မှားတယ်လို့ မှတ်တာ။ အဲ့နောက်မှာမှ ဘုရားရဲ့ဝိညာဉ်တော်က မောရှေကို ဣသရေလတွေအတွက် တောင်းပန်ပေးတဲ့ ကုသိုလ်ကို လုပ်စေတယ်။ ဘုရားက ဒီလိုနည်းနဲ့ မောရှေရဲ့စိတ်ကို ပြန်မြင်စေပြီး ကရုဏာရဖို့ သူ့ရဲ့ လွတ်လပ်တဲ့စိတ်နဲ့ ဘုရားဆီတောင်းခဲ့တယ်။ ဘုရားက ဣသရေလတို့ကို ဖျက်ဆီးသင့်တယ်လို့ ဘုရာကမောရှေကို အတင်းတွန်းပြီး မမြင်စေပါဘူး။ မောရှေက တောင်းပန်ပေးပြီး သူတို့လည်း သက်သာသွားတယ်"

"ဒါက ဓမ္မဟောင်းအကြောင်းကို တကယ်ချပြတာပါ။ ဒီနိယာမသာ မရှိခဲ့ရင် ငါတော့ ဒီအကြောင်းတွေကို ဃနအခံနဲ့ ဘာမှမမြင်နိုင် ဖြစ်နေမှာ" လို့ Tony က ဝန်ခံတယ်။

"ဒါတွေက အရေးကြီးတယ်လို့ ပြောရတာက ငါတို့ ဒီမြို့ကနေ ရုန်းထွက်တဲ့အခါ ငါတို့ရဲ့ အာရုံတွေလည်း စမ်းသပ်ခံရမှာဖြစ်တယ်။ ငါတို့ဟာ ငါတို့ကို နှေးနှေးညညခြိမ်းခြောက်တဲ့ ဂေါလျတ်ရဲ့ စက်ကွင်းအပြင်ကို ရောက်ဖို့ ရုန်းထွက်တဲ့အခါ ဝိစိကိစ္ဆာဖြစ်နိုင်တယ်" လို့ Maatan က ထိုးပြတယ်။

"ဒါမှန်တယ် ငါတို့အားလုံးက စိတ်ထဲမှာ ဒါဟာမဖြစ်နိုင်ဘူးလို့ ဂေါလျတ်နဲ့ ပြောဖြစ်ကြတယ်။ အဲဒါကြောင့် မြို့ကနေထွက်သွားတဲ့အခါ တော်တော်ကို စုံစမ်းခံရမှာ။ ငါတို့ရဲ့ မျှော် လင့်ရာကတော့ ယေရှုရဲ့ ကောင်းမြတ်ခြင်းနဲ့ ငါတို့ကို အပြစ်လွှတ်ပေးတယ် ဆိုတာကို ယုံခြင်းပဲရှိတာ။ ဘုရားက ငါတို့ကို ဘယ်တုန်းကမှ အပြစ်မယူခဲ့ဖူးဘူး၊ ယူမှာလည်း မဟုတ်ဘူးလို့ ယုံဖို့လိုသေးတယ်။ အဲဒါမှ ငါတို့ မြို့ကနေ လွတ်မြောက်နိုင်မှာ"

"နောက်တစ်ခုက ဒီခရီးက တစ်ယောက်ချင်းသွားရမှာ။ အဖွဲ့လိုက် သွားလို့မရဘူး။ အဖွဲ့လိုက်နဲ့သွားရင် လူတွေကို ပိုသတိထားမိစေမှာ။ ငါတို့ဟာ မိသားစု၊ တစ်ယောက်ချင်းနဲ့ သွားရမယ်" လို့ Maatan ကပြောပြီး မြေပုံမှာ ဆုံကြမယ့်ဆုံမှတ်ကို ထောက်ပြတယ်။
"ငါတို့ ဝိတိုရိယတောင်မှာ တွေ့ကြပြီး သကေနေပွဲကို ကျင်းပမယ်" တဲ့။

Chi က "သားမှာ မေးစရာရှိတယ်။ ကျမ်းစာမှာ ဘုရားက သတ်တယ်လို့ တရားဟောရာကျမ်းမှာ လာတယ်။ အဲဒီအပိုဒ်ကို ကြည့်ရအောင်" တဲ့။

> "ငါသည် ကိုယ်တိုင်အားဖြင့် ဘုရားဖြစ်ကြောင်းကိုလည်းကောင်း၊ ငါမှ တစ်ပါး အခြားသောဘုရားမရှိကြောင်းကိုလည်းကောင်း ကြည့်ရှုကြလော့။ ငါသည် အသက်ကိုသေစေ၏။ အသက်ကိုလည်း ရှင်စေ၏။ ငါသည် အနာပေါ်စေခြင်းငှာ ဒဏ်ခတ်၏။ အနာကိုလည်း ပျောက်စေ၏။ ငါ့လက်မှ အဘယ်သူမျှ မကယ်မနုတ်နိုင်။" -
> တရားဟောရာကျမ်း ၃၂:၃၉

Maatan က "သိပ်ကောင်းတယ် Chi။ 'ငါသည် အသက်ကို သေစေ၏' ဆိုတာလေးကို ကွက်ပြီးယူရင် ဒီလိုပဲဖြစ်မှာ။ အငယ်တစ်ခုလုံးကိုဖတ်၊ ကျန်တဲ့ကျမ်းစာ တစ်အုပ်လုံးနဲ့ ညှိယူရမယ်။ 'ငါသည် အသက်သေစေ၏၊ ရှင်စေ၏' လို့ပြောတာကို သတိထားကြည့်ပါ။ ဟေဗြဲပါဠိမှာက တစ်မျိုးလာတယ်။ ဒါက ရင်းမြစ်နဲ့ လမ်းကြောပုံစံကို ပြသလိုလိုပဲ။ ရင်းမြစ်က 'ငါသည် သေစေ၊ ရှင်စေ၏' လို့ပြောပြီး လမ်းကြောက 'ငါသည် အနာပေါ်စေ၊ ဖြစ်စေ၏' တဲ့။

"ဒီအဓိပ္ပာယ်မျိုး ဘယ်ကျမ်းတွေမှာ ရှိသေးလဲ။ ဒီမှာ ဟန္နကဒီလိုပြောတယ်။ ။

> "ထာဝရဘုရားသည် သေစေသောအခွင့်၊ အသက်ရှင်စေသောအခွင့်၊ မရဏာနိုင်ငံသို့ နှိမ့်ချသောအခွင့်၊ ထမြောက်စေသောအခွင့် ရှိတော်မူ၏။ ဆင်းရဲစေခြင်းငှာလည်းကောင်း၊ ရတတ်စေခြင်းငှာလည်းကောင်း၊ ထာဝရဘုရားပြု၍၊ နှိမ့်ချသောအခွင့်၊ ချီးမြှောက်သောအခွင့် ရှိတော်မူ၏။ ဆင်းရဲသောသူကို မြေမှုန့်ထဲကလည်းကောင်း၊ ငတ်မွတ်သောသူကို နောက်ချေးပုံထဲကလည်းကောင်း ချီးမြှောက်၍၊ မင်းသားတို့နှင့် ထိုင်ရသောအခွင့်၊ ဘုန်းကြီးသောပလ္လင်ကို အမွေခံရသောအခွင့်ကို ပေးတော်မူ၏။ အကြောင်းမူကား၊ မြေကြီးတိုင်တို့ကို ထာဝရဘု

ရားပိုင်၍ ထိုတိုင်တို့အပေါ်မှာ လောကဓာတ်ကို တည်တော်မူပြီ။"
- ဓမ္မရာဇဝင်ပထမစောင် ၂:၆-၈

"ဒါကတော့ တစ်အိမ်ထဲမှာ မယားပြိုင်ရှိလာတဲ့အခါ သူကြုံရတဲ့အဖြစ်ကို အန်ထုတ်ပြတာပါ။ မယားပြိုင်က သားသမီးမွေးပေးနိုင်ပြီး ဟန္နက မမွေးပေးနိုင်ခဲ့ပုံ ရှိတာပေါ့။ အဲဒီအဖြစ်က သူ့ကို စိတ်ညစ်စေပြီး 'ဒီအဖြစ်က သူ့ကိုသတ်တယ်' လို့ ကျွန်တော်တို့က ပြောပြောတတ်ကြတယ်။ သူဆိုခဲ့တဲ့သီချင်းမှာ မျဉ်းပြိုင်လို ဖြစ်နေတာတွေ ငါတို့သတိထားဖြစ်တယ်။

၁။ ဘုရားက သေစေ၊ ရှင်စေတယ်။
၂။ ဘုရားက မရဏာကိုပို့၊ ပြန်ထမြောက်စေတယ်။
၃။ ဘုရားက ဆင်းရဲစေ၊ ဓန ရတတ်စေတယ်။
၄။ ဘုရားက အောက်ဆွဲချ၊ ချီးမြှောက်တယ်။
၅။ ဘုရားက ဆင်းရဲသူကို ချီးမြှောက်တယ်။
၆။ ဘုရားက ငတ်မွတ်တဲ့သူကို မင်းသားတို့နဲ့အတူ ပလ္လင်ကို အမွေခံခွင့်ပေးတယ်။

"ဒီဟာတွေအားလုံးက အကြောင်းတူကိုပဲ ပြောတာ။ ဓမ္မသစ်ထဲကဟာတွေကို ငါတို့ တစ်မျိုးပြောင်းကြည့်လို့ ရတာပဲ" လို့ Ruben ကပြောတယ်။

၁။ ကျမ်းဟောင်းတရားက အသက်သတ်ပြီး၊ ဝိညာဉ်တော်တရားက ရှင်စေတယ်။
၂ ကော ၃း၆
၂။ သေခြင်းတရားရဲ့ဘုန်းက ဝိညာဉ်တော်တရားကို ဘုန်းပိုကြီးစေတယ်။ ၁ ကော ၃း၇-၁၀
၃။ ပညတ်တရားက အပြစ်ကိုပွားစေပြီး၊ အပြစ်ပွားတဲ့နေရာမှာ ကရုဏာသာပြီးကြီးတယ်။ ရောမ ၅း၂၀
၄။ စိတ်နှလုံးနှိမ့်ချသူတို့ရဲ့ နိုင်ငံက ကောင်းကင်နိုင်ငံတော်ဖြစ်လို့ မင်္ဂလာရှိကြတယ်။ ရှင်မဿဲ ၅း၃

၅။ စိတ်မသာ၊ ညည်းတွားသောသူတို့သည် သက်သာခြင်းကို ရမှာမို့လို့ မင်္ဂလာရှိပါတယ်။ ရှင်မဿဲ ၅း၄

၆။ ဖြောင့်မတ်ခြင်းပါရမီကို ဆာငတ်ခင်မွတ်သောသူသည် ဝပြောမယ့်အတွက် မင်္ဂလာရှိပါတယ်။ ရှင်မဿဲ ၅း၆

၇။ ဒုစရိုက်အပြစ်နဲ့ အပြစ်ကင်းခြင်းကို လောကီသားတို့ကို အလင်းပေးမယ်။ ရှင်ယောဟန် ၁၆း၈

"ဒီစကားတွေက တစ်ထပ်တည်းပဲ။ ဒါက မင်္ဂလာတရားတော်ပဲ။ ကရုဏာတော်တိုးပွားဖို့ အပြစ်တရားကို သိမှမြင်မှ အလုပ်ဖြစ်မှာလေ။ ကိုယ်ကြည့်မှန်နဲ့ စစ်ကြည့်လိုက်ရင် လူ့ရဲ့ ကောင်းမှုသီလဆိုတာ ဘာမှမဟုတ်မှန်း သိရတယ်"

"ဒီအကြောင်းက အတော်ကို ရှင်းသွားစေတယ်။ ငါတို့က ပဋိညာဉ်ဟောင်းနိယာမကို နားလည်ပြီး မှန်ထဲကြည့်တဲ့အခါ နောင်တရစေတယ်။ အဲဒီနောက်မှာမှ ပဋိညာဉ်သစ်ရဲ့ ကရုဏာက ကျွန်တော်တို့ကို ကုပေးဖို့ အဆမျှားစွာတိုးပွားတယ်" ဆိုပြီး Colin ထောက်ခံတယ်။

"ဒါက မင်္ဂလာတရားတော်ရဲ့ ဘုရားရဲ့နည်းနာပဲ။ ပဋိညာဉ်ဟောင်းဟာ ပဋိညာဉ်သစ်ကို သွယ်ပေးတဲ့ မဟာလမ်းမပဲ။ ပဋိညာဉ်ဟောင်းက ငါတို့ဇီဇဟောင်းကို သတ်ပြီး၊ ပဋိညာဉ်သစ်က ငါတို့ကို လူသစ်ဖြစ်စေတယ်။ ဘုရားဟာ ကြမ်းကြုတ်တယ်၊ အမျိုးဖြုတ်တယ်လို့ ဓမ္မဟောင်းကျမ်းလာ သာဓကတွေနဲ့ ဘုရားကို ဒီလိုမှတ်တာဟာ လူ့ဇီဇဘက်က မှတ်တာပါ။ ဘုရားက ဒီလိုမဟုတ်ပါဘူး" လို့ Maatan က ဖြည့်ပြောတယ်။

"ဘုရားသိက္ခာပုဒ်ကို ကျမ်းစာက မှန်နဲ့တစ်မျိုး၊ တိုက်ရိုက်တစ်ဖုံနဲ့ ပြောမှန်း ကျွန်တော် တို့ ဘယ်လိုလုပ် အတပ်ပြောနိုင်မှာလဲ"

"ဒါက တကယ့်မေးခွန်းပဲ။ အားလုံးကိုအုပ်တဲ့ မေးခွန်းပဲ။ အဖြေကတော့ ဒီလိုလေးပါ။

။

"ယေရှုက၊ ဖိလိပ္ပု၊ ဤမျှကာလပတ်လုံး ငါသည်သင်တို့နှင့်အတူရှိပြီးမှ သင်သည် ငါ့ကို မသိသေးသလော ။ ငါ့ကိုမြင်သောသူသည် ခမည်းတော်ကိုမြင်၏။ သို့ဖြစ်လျှင်၊ ခမည်းတော်ကို အကျွန်ုပ်တို့အား ပြတော်မူပါဟု သင်သည်အဘယ်သို့ ဆိုရသနည်း။" - ရှင်ယောဟန်ခရစ်ဝင် ၁၄:၉

"ကျမ်းစာကိုဖတ်တဲ့အခါ ဘုရားဟာ ယေရှုနဲ့ပဲ တူတယ်လို့မှတ်ရင် ဘုရားက သူ့အကြောင်းကို တိုက်ရိုက်မိန့်တာ ဖြစ်ရောပဲ။ ဒီကျမ်းပိုဒ်တွေလိုမျိုးတွေပေါ့။ ။

"ထာဝရဘုရားသည် မောရှေရှေ့၌ ကြွသွားတော်မူလျက်၊ ထာဝရဘုရား၊ ထာဝရဘုရား၊ ချစ်သနားခြင်းမေတ္တာ ကရုဏာနှင့်ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာစောင့်ခြင်းနှင့် ကြွယ်ဝတော်မူထသော၊ - အထောင်အသောင်းများသောသူတို့အား သနားခြင်းကျေးဇူးတရားကို စောင့်တော်မူထသော်၊ အဓမ္မကျင့်ခြင်း၊ တရားတော်ကို လွန်ကျူးခြင်း၊ ပြစ်မှားခြင်းအပြစ်တို့ကို ဖြေလွှတ်သော်လည်း၊ အချည်းနှီးသက်သက် ဖြေလွှတ်တော်မမူထသော၊ သားစဉ်မြေးဆက်၊ တတိယအဆက်၊ စတုတ္ထအဆက်တိုင်အောင်၊ အဘတို့၏အပြစ်ကို သားတို့၌ ဆပ်ပေးစီရင်တော်မူသော ဘုရားသခင်ဟု ကြွေးကြော်တော်မူ၏။" - ထွက်မြောက်ရာကျမ်း ၃၄:၆၊ ၇

"သင်တို့၏ ဘုရားသခင်ထာဝရဘုရားသည် သင်တို့ကိုများပြားစေတော်မူ၍၊ သင်တို့သည် အရေအတွက်အားဖြင့် ကောင်းကင်ကြယ်ကဲ့သို့ ယနေ့ဖြစ်ကြ၏။ သင်တို့အဘများ၏ ဘုရားသခင်ထာဝရဘုရားသည် သင်တို့ကို အဆအထောင်အားဖြင့် များပြားစေတော်မူပါစေသော။ ကတိတော်ရှိသည်အတိုင်း ကောင်းချီးပေးတော်မူပါစေသော။" - တရားဟောရာကျမ်း ၁:၁၀၊ ၁၁

"ထာဝရဘုရားသည် အဝေးကထင်ရှား၍ မိန့်တော်မူသည်ကား၊ အကယ်စင်စစ် ထာဝရမေတ္တာနှင့် သင့်ကိုငါချစ်၏။ ထိုကြောင့်၊ ကရုဏာကျေးဇူးကို သင်၌ ကြာမြင့်စွာပြ၏။" - ယေရမိအနာဂတ္တိကျမ်း ၃၁:၃

အောက်ကကျမ်းချက်တွေမှာကျတော့ လူတွေ ပြဿနာကိုင်တွယ်ပုံကို ဘုရားက ပြန်ဟပ်ပြတယ်။ ဒါက လူ့သန္တာန်မှာ မှန်လိုမျိုး ဖြစ်တာပေါ့။ ။

"ထာဝရဘုရားကလည်း၊ ငါဖန်ဆင်းသောလူကိုလည်းကောင်း၊ လူမှစ၍ သားများ၊ တွားတတ်သော တိရစ္ဆာန်များ၊ မိုးကောင်းကင်ငှက်များတို့ကိုလည်းကောင်း မြေကြီးမျက်နှာမှ ငါသုတ်သင်ပယ်ရှင်းမည်။ သူတို့ကို ဖန်ဆင်းသောကြောင့် ငါနောင်တရသည်ဟု မိန့်တော်မူ၏။" - ကမ္ဘာဦးကျမ်း ၆:၇

"ထိုအခါ ထာဝရဘုရားသည်ကောင်းကင်ထက်၊ အထံတော်မှ သောဒုံမြို့နှင့် ဂေါမောရမြို့အပေါ်သို့ ကန့်နှင့် မီးမိုးကို ရွာစေတော်မူ၏။" - ကမ္ဘာဦးကျမ်း ၁၉:၂၄

"ငါသည် ပြောင်လက်သောဓားကိုသွေး၍၊ တရားစီရင်စပြုလျက် ငါ့ရန်သူတို့၌ အပြစ်တရားကို စီရင်မည်။ ငါ့ကိုမုန်းသောသူတို့ ခံထိုက်သော အပြစ်အလျောက် ငါဆပ်ပေးမည်။ ငါ့မြားတို့ကို အသွေးနှင့်ယစ်မူးစေမည်။ ငါ့ ဓားသည် အသားကိုစားလိမ့်မည်။ သတ်သောသူ၊ လက်ရသောသူတို့၏ အသွေး၊ ရန်သူအကဲအမှူးတို့၏ ဦးခေါင်းကို စားသောက်လိမ့်မည်။" - တရားဟောရာကျမ်း ၃၂:၄၁၊ ၄၂

"ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူသည်ကား၊ အဲဂုတ္တုပြည်မှ ထွက်လာသော ဣသရေလအမျိုး၌၊ အာမလက်အမျိုးပြုသော ဆီးတားခြင်းအမှုကို ငါမှတ်လျက်ရှိ၏။ ယခုသွား၍ ထိုအမျိုးကို လုပ်ကြံလော့။ နှမြောခြင်းမရှိဘဲ၊ ရှင်းရှင်းဖျက်ဆီး၍၊ ယောက်ျား၊ မိန်း

မ၊ သူငယ်၊ နို့စို့မှစ၍၊ သိုး၊ နွား၊ ကုလားအုတ်၊ မြည်းတို့ကိုသတ်လော့ ဟု ရှောလုအား ဆင့်ဆိုသည်အတိုင်း၊" - ဓမ္မရာဇဝင်ပထမစောင် ၁၅:၂၊ ၃

"အမျက်တော်အရှိန်အားဖြင့် သူတို့၌ ဆိုးသောတမန်တို့ကိုစေလွှတ်၍ လွှမ်းမိုးခြင်း၊ ဒဏ်ခတ်ခြင်း၊ နှောင့်ယှက်ခြင်းအမှုကို ဖြစ်စေတော်မူ၏။ အမျက်တော်ဖို့ လမ်းကိုပြင်ဆင်တော်မူ၏။ သူတို့အသက်ကို မနှမြော၊ သေစေခြင်းငှာ ကာလနာသို့ အပ်နှံသဖြင့်၊ အဲဂုတ္တုပြည်၌ သားဦးအ ပေါင်းတို့ကိုလည်းကောင်း၊ ဟာမသားတို့နေရာအရပ်၌ အထွဋ်အမြတ် များကိုလည်းကောင်း ဒဏ်ခတ်တော်မူ၏။" - ဆာလံကျမ်း ၇၈:၄၉-၅၁

"ဒီဝေါဟာရတွေ ကျမ်းစာထဲမှာ များရတာက လူ့စိတ်မှာ အပြစ်များလွန်းလို့ပဲ။ ဘုရားက လူ့ဇာတိ လာယူခဲ့တုန်းက ပထမဆုံး ဖြစ်ပျက်တဲ့အကြောင်းက လူ့အပြစ်တွေ တိုးပွား ခြင်းပဲ။ ကျွန်တော်တို့ရဲ့ အဖဘုရားက လူ့အပြစ်တွေကို ဒီလိုစကားတွေနဲ့ မိန့်ခဲ့တာပါ။ ယေရှုက ဒီကမ္ဘာမှာ လာခဲ့တုန်းက ဘယ်သူ့ကိုမှ မသတ်ခဲ့လို့ ဘုရားသခင်လည်း ဒီလို မသတ်မှန်း ကျွန်တော်တို့ သိကြတယ်။ ဘုရားက ကျွန်တော်တို့ကို မိန့်တဲ့အခါ (သို့) နောင်တရဖို့ မိန့်တဲ့အခါ သိတတ်ဖို့က ယေရှုရဲ့ သက်တော်စဉ်ဟာ သော့ချက်ပဲ" လို့ Maatan က စကားပိတ်လိုက်တယ်။

"ငါတော့ ဦးနှောက် ဆေးကိုဆေးမှဖြစ်မယ်။ ငါက ကျမ်းစာကို မှားတဲ့ဘက်ကနေပဲ ဖတ်ခဲ့တယ်" လို့ Edward ကပြောတယ်။့

"ငါတို့အားလုံး ဒီလိုပါပဲ။ အဲဒါဟာမှန်ကြောင်း ကျမ်းစာမှာလာတယ်" လို့ Craig Ellison က ထောက်ခံတယ်။

"ထိုသို့ကျင့်၍ ငါသည်တိတ်ဆိတ်စွာနေသောကြောင့်၊ ငါ့ကို သင်နှင့်တူ သည်ဟု ထင်လေပြီတကား။ သင်၏အပြစ်ကို ငါဖော်ပြ၍၊ သင့်မျက် မှောက်၌ ခင်းထားမည်။" - ဆာလံကျမ်း ၅၀:၂၁

“ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါ၏အကြံအစည်သည် သင်တို့၏ အကြံအစည်နှင့်မတူ။ ငါ၏အကျင့်သည်လည်း သင်တို့၏ အကျင့်နှင့်မတူ။ မိုးကောင်းကင်သည် မြေကြီးထက်သာ၍ မြင့်သကဲ့သို့၊ ငါ၏အကျင့်သည် သင်တို့၏အကျင့်ထက်လည်းကောင်း၊ ငါ၏အကြံအစည်သည် သင်တို့၏အကြံအစည်ထက်လည်းကောင်း သာ၍မြင့်၏။” - ဟေရှာယအနာဂတ္တိကျမ်း ၅၅:၈၊ ၉

“သူတို့စိတ်နှလုံးသည် မိုက်မဲလျက်ရှိ၍၊ ယခုတိုင်အောင် ဓမ္မဟောင်းကျမ်းစာကို ဖတ်ကြသောအခါ အနက်အဓိပ္ပာယ်သည် ဖုံးအုပ်လျက်ရှိ၏။ အကြောင်းမူကား၊ ခရစ်တော်အားဖြင့်သာ ထိုဖုံးအုပ်ခြင်း အကြောင်းကို ပယ်ရှင်းရ၏။” - ကောရိန္သုဩဝါဒစာဒုတိယစောင် ၃:၁၄

“ဓမ္မဟောင်းကျမ်းကို ခရစ်တော်ရဲ့ သီလပုဒ်ဘက်ကနေ ဖတ်တဲ့အခါ ဖုံးနေတဲ့အကာဟာ ယူပစ်သလို ဖြစ်သွားတယ်” လို့ Craig ကပြောတယ်။

တစ်ဖွဲ့လုံးလည်း ပျော်သွားတယ်။ တစ်ယောက်က “ငါတို့မျက်စိတွေ တကယ်ပွင့်သွားပြီး ထာဝရဘုရားကို ဘုန်းတော်အပြည့်နဲ့ တွေ့ခဲ့ကြပြီ” လို့ အော်ပြောတယ်။

“ယေရှုခရစ်အားဖြင့် ကျွန်တော်တို့ကို ကောင်းချီးပေးတဲ့ ခမည်းတော်ဘုရား ဘုန်းကြီးပါစေ။ ဘုရားက ကျွန်တော်တို့ကို မေတ္တာ၊ ကရုဏာတွေ သွန်းဖြိုးပေးတယ်။ ကျွန်တော်တို့က ဘုရားအကြောင်း အကောင်းဘက်ကနေ ကျမ်းစာမှာ ဖတ်လို့ရပါတယ်။ “ငွေအပြောက်မှာ စီချယ်သော ရွှေရောက်ချိုသီးလိုပေါ့ (သုတ္တံ ၂၅:၁၁)။ ကြေးဆိုတာ ပရိဝုဏ်မှာ ကျန်ခဲ့ပြီ။ ငါတို့က ဗိမာန်တော်ကိုပဲ တိုင်းတော့မှာ” လို့ အခြားတစ်ယောက်က ပီတိနဲ့ ပြောတယ်။

ဘုရားရဲ့ဝိညာဉ်တော်ဟာ သူတို့အပေါ် ပင်တေကုတ္တေပွဲမှာ သွန်းလောင်းပြီး သူ့ရဲ့သိက္ခာပုဒ်ဖြစ်တဲ့ ပညတ်တော်ဟာလည်း ပဋိညာဉ်သစ်မှာ ချပြထားသလို သူတို့ရဲ့နှလုံးမှာ ရေးထိုးထားပါတယ်။ ။

> “နောင်ကာလအခါ ဣသရေလအမျိုးသားတို့၌ ငါပေးအံ့သော ပဋိညာဉ်တရားဟူမူကား၊ ငါထာဝရဘုရားသည် ငါ့ပညတ်တို့ကို သူတို့စိတ်ဝိညာဉ်ထဲသို့ သွင်းမည်။ သူတို့နှလုံးပေါ်မှာ ရေးထားမည်။ ငါသည် သူတို့၏ ဘုရားဖြစ်မည်။ သူတို့သည်လည်း ငါ၏လူဖြစ်ကြလိမ့်မည်။” - ဟေဗြဲသြဝါဒစာ ၈:၁၀

ဒီကျမ်းလာတရားဟာ ဒီကနေ့မှာ ပြည့်စုံပါပြီ။

# အခန်း ၅၉
# ထွက်မြောက်ခြင်း

Maatan, Stella, သူတို့ရဲ့ကလေးတွေ Constance မြို့ကနေထွက်ဖို့ အဆင်သင့်ကြပြီ။ သူတို့ ဒွိပဟဖြစ်ခဲ့တဲ့ ကျမ်းပိုဒ်တွေအားလုံးလည်း လေ့လာပြီးသွားကြပြီး ဘုရားရဲ့သိက္ခာ ပုဒ်ကို ယေရှုခရစ်ရဲ့ မျက်နှာမှာ ရှင်းရှင်းတွေ့နိုင်ခဲ့ပြီးကြပြီ။[25]

သူတို့ဟာ တံပိုးမှုတ်ပွဲ၊ အပြစ်ဖြေရာနေ့ပွဲအတွက် (၁၀) ရက် အချိန်ပေးဖို့ ပိုင်းဖြတ်ခဲ့ကြ တယ်။ အဲဒီနောက်မှာ မြို့ကထွက်ပြီး တောင်ပေါ်မှာ တဲထိုးပြီး သကေနေပွဲနွဲဖို့ ကြံကြ တယ်။ အချိန်နီးလာတဲ့အခါ Constance မြို့ဟာ မုန်တိုင်းထိတယ်။ လေက သစ်ပင်အ များကြီးကို လှဲပစ်တယ်။ မီးလည်း ပျက်တယ်။ မြို့ကို လျှပ်စီး ၂၆၅,၀၀၀ ကြိမ် ပြက် တယ်။ မုန်တိုင်းက ဒီလောက်ထိကို ထန်တာ။ ဇူး(စ်)ဟာ အနိုးခံရပြီး အာပိုလိုနဲ့ ဒိုင်ယာ နာတို့ရဲ့အကူနဲ့ သူတို့ကို ထွက်မပြေးနိုင်အောင်တားမှန်း Maatan သိတယ်။

မိသားစုအားလုံး စိတ်လေးနေကြတယ်။ သူတို့က ဒီမြို့မှာ ကြီးပြင်းခဲ့ကြတာ။ ဒါ သူတို့သိ တဲ့အကြောင်းပဲ။ သူတို့ တောင်ပေါ်မှာ ဘယ်လိုနေကြမလဲ။ မောဟက သူတို့ကို စုံစမ်း နေတယ်။ သူတို့က ဇောရဆိုတဲ့ မြို့ငယ်လေးဆီ ပြေးခွင့်တောင်းချင်စိတ် ပေါ်ပေမယ့် Maatan က ဒါဟာ သူတို့သွားရမယ့်နေရာ မဟုတ်မှန်း ခွဲခြားတတ်တယ်။

မြို့ပြင်မှာ အသုံးလိုမယ့်ပစ္စည်းတွေ သူတို့ကျောပိုးအိတ်ထဲ ထည့်ကြတယ်။ ဘာကို ချန် ထားရမလဲဆိုတာ ဆုံးဖြတ်ရ ခက်နေတယ်။ သူတို့ရဲ့ လောကုတ္တရာအရေးကို နှောင့် ယှက်မယ့်ပစ္စည်းတွေ သူတို့မယူသွားချင်ကြဘူး။

Maatan က ဒီလိုအချိန်မျိုး တ,ခဲ့တာကြာလှပြီ။ အခုတော့ ဖြစ်လာပြီ။

---

[25] ကျေးဇူးပြုပြီး fatheroflove.info မှာရနိုင်တဲ့ Acts of Our Gentle God, အတ္တမဲ့မေတ္တာ၊ Canaan Conquest, Consuming Fire စတဲ့စာအုပ်တွေကို ဖတ်ပါ။

လဆန်းညနောက်တစ်နေ့ နေစထွက်တဲ့အချိန်မှာ Maatan နဲ့ Stella တို့ရဲ့ သန္ဓာန်မှာ တံပိုးသံကြားရသလို ဖြစ်တယ်။ သူတို့ဟာ နောက် (၁၀) ရက်ဆိုရင် ထွက်ကြတော့မှာ ဖြစ်တယ်။

သူတို့က မိတ်ဆွေတွေဆီ အလှည့်အပတ်သွားပြီး အပြစ်တွေခွင့်လွှတ်ပေးဖို့ တောင်းပန်ကြတယ်။ (၇) ရက်မြောက်နေ့မှာ မီးပြတ်ပြီး (၃) ရက် မှောင်သွားတယ်။ မှောင်လွန်းတော့ အပြင်တောင် မထွက်နိုင်ကြဘူး။ အိမ်ထဲမှာလင်းပေမယ့် အပြင်မှာတော့ ပိန်းပိတ်အောင် မှောင်နေတာ။ မြို့သားတွေက ကြောက်ကြတယ်။ ဒါက သူတို့အတွက် ဘာနိမိတ်လဲပေါ့။

အပြစ်ဖြေရာနေ့မှာတော့ နေပြန်ထွက်လာပါပြီ။ ဘုရားရဲ့ ဝိညာဉ်တော်လည်း သူတို့အပေါ် သွန်းဖြိုးလို့ ဇာခရိရဲ့ဗျာဒိတ်အဟော ပြည့်စုံသွားပါတယ်။ ။

> "ကျေးဇူးတော်ကို ခံသောသဘော၊ ဆုတောင်းပတ္ထနာပြုသောသဘောကို ဒါဝိဒ်မင်းမျိုး၊ ယေရုရှလင်မြို့သားတို့အပေါ်သို့ ငါသွန်းလောင်းသဖြင့်၊ သူတို့သည် မိမိတို့ ထိုးဖောက်သော ငါ့ကို ရှုမြင်ရကြလိမ့်မည်။ တစ်ယောက်တည်းသောသားအတွက် အဘသည် ငိုကြွေးမြည်တမ်းသကဲ့သို့၊ ထိုသူအတွက် ငိုကြွေးမြည်တမ်းရကြလိမ့်မည်။ သားဦးအတွက် အဘသည် နာကြည်းရကြလိမ့်မည်။" - ဇာခရိအနာဂတ္တိကျမ်း ၁၂:၁၀ (NLT)

Maatan က ခရစ်တော်ကိုစိတ်ဆိုးတဲ့ သူ့ရဲ့ရုပ်ကို အာပိုလိုရဲ့မျက်နှာမှာ တွေ့တဲ့အဖြစ်ကို ပြန်စဉ်းစားဖြစ်တယ်။ ဒါက ခမည်းတော်နဲ့ သားတော်ကို ဘယ်လောက်နာကျင်စေမလဲ ဆိုတာကိုတွေးပြီး ဝမ်းနည်းတယ်။ သူလည်း ကလေးတစ်ယောက်လို ငိုခဲ့တယ်။ ဒါပေမယ့် ဘုရားသခင်ရဲ့ ညှာတာမှု၊ ခွင့်လွှတ်ပေးမှုကို ကိုးစားပြီး သားတော်ရဲ့အရိပ်အောက်မှာ အေးအေးသက်သာ နေခဲ့တယ်။

Stella လည်း သူစွာခဲ့သမျှအတွက် ဝမ်းနည်းတယ်။ ဘုရားက သူတို့လိုအပ်တာတွေကို ဖြည့် ဆည်းပေးခဲ့ပေမယ့် သူက အခြားလူတွေကိုအားကျပြီး သူဟာ ပိုခက်ခဲတယ်လို့ ခံစားခဲ့တယ်။ ဒီအဖြစ်က သူ့ရဲ့ကယ်တင်ရှင်ကို ရင်နာစေမှန်း တွေးခဲ့၊ တောင်းပန်ခဲ့ပြီး စိတ်အေးအေး နေနိုင်သွားပါပြီ။

Chi နဲ့ Leo ကတော့ သူတို့မိဘရဲ့ နောက်ကို လိုက်ကြတယ်။ သူတို့ဟာ မြို့ကနေထွက် ချင်နေကြတယ်။ သူတို့က မိဘတွေကို လမ်းပြဖို့ပူဆာကြတယ်။ နောက်ကနေလိုက် မယ်ကူမယ်လို့ ပြောကြတယ်။

မိုးလင်းတာနဲ့ ဘုရားက ခွန်အားပေးဖို့ ဆုတောင်းကြတယ်။ ဂေါလျတ်က သူတို့ကို ခြိမ်း ခြောက်မှန်း စိတ်ထဲမှာ ခံစားကြတယ်။ ဒါပေမယ့် သူတို့ဟာ အပြစ်ဖြေရာနေ့ရဲ့ ဥပုသ် ဝိညာဉ်က သူတို့ကို ခွန်အားပေးပြီး ဒီဖိအားတွေကို သူတို့ခံနိုင်ကြတယ်။

သူတို့လည်း ပစ္စည်းတွေ တဲတွေကို ကားပေါ်တင်ပြီး မြို့ပြင်ကို ထွက်လာကြတယ်။ ခရီး သွားရင်း သူတို့ရဲ့စိတ် ဓမ္မသီချင်းကို အာရုံရောက်ဖို့ သီချင်းဆိုဖို့ ဆုံးဖြတ်ကြတယ်။ သူတို့ မှာ စိုးရိမ်မှုရှိကြပေမယ့် ကောင်းကင်ဘုံရဲ့ ငြိမ်းချမ်းခြင်းကိုလည်း ခံစားကြတယ်။

သူတို့သွားမယ့်ဘက်က မြူအရမ်းပိတ်နေတယ်။ သူတို့က နေကိုနောက်ထားပြီး အ နောက် ဘက်ကို သွားနေတာ။ မြူကပိတ်လွန်းလို့ ဖြည်းဖြည်းချင်းပဲ သွားကြတယ်။

"ကားကို အခုပဲရပ်လိုက်" ဆိုတဲ့အသံ Maatan ကြားလိုက်တယ်။ ဒါဘာသဘောလဲလို့ သူအံ့ဩသွားတယ်။ အရှေ့ကို မမြင်ရတဲ့အတူတူ နားထောင်ချင်စိတ် ပေါ်သွားတယ်။ သူ လည်း ကားကို လမ်းဘေးချရပ်ပြီး ကားပေါ်က ဆင်းတယ်။

သူက သူ့မိသားစုကို "ဒီမှာစောင့်နေကြနော်။ အခြေအနေ သွားကြည့်ဦးမယ်" လို့ပြော တယ်။

Chi က "အဖေနဲ့ အတူလိုက်လို့ရမလား" တဲ့။ "အိုကေ သား၊ သွားရအောင်။ Leo နင်က တော့ အမေနဲ့ နေခဲ့"

"အိုကေပါ ဖေဖေ"

သူတို့ ကားပေါ်ကနေဆင်းတော့  မြစ်ရေစီးသံကို ကြားကြတယ်။ မြူကပိတ်တော့ မြင်ဖို့ ခက်နေတယ်။  ဒါနဲ့ ဒူးထောက် ဆုတောင်းကြတယ်။ "အဖဘုရား ကျွန်တော်တို့ရဲ့အရှေ့မှာ ဘာရှိလဲဆိုတာကို မြင်ရဖို့ ဒီမြူတွေကို ရှင်းပေးလို့ရမလား ဘုရား"

လျှပ်စီးလည်း ချက်ချင်းလက်ပြီး မြူတွေကြားကနေ တံတားကို မြင်ကြတယ်။ ဒါပေမယ့် မုန်တိုင်းကြောင့် ပျက်နေတယ်။ တံတားက မိုးကြိုးပစ်ခံထားရတယ်။

တံတားဆီ  သွားတော့  "တံတားပျက်နေသည်။ ပြုပြင်ဆဲ" ဆိုတဲ့  ဆိုင်းဘုတ်ကို တွေ့တယ်။

"Chi ရေ အဖေတို့တော့  ဒီလမ်းကနေ မြို့ပြင်ကို  သွားလို့ရမှာ မဟုတ်ဘူး။ ဒါပေမယ့် ဘုရားက ငါတို့ထွက်နိုင်အောင် ကူမှာပါ။" သူတို့လည်း ကားဆီပြန်လာပြီး Stella နဲ့ Leo ကို အခြေအနေပြန်ပြောပြတယ်။

"ငါတို့ ဘာလုပ်ကြမလဲ Maatan။ နောက်ပြန်လှည့်ပြီး  တစ်ခြားလမ်းကို  ရှာရမယ်ထင်တယ်"

"ဘာလုပ်ရင် အကောင်းဆုံးဖြစ်မလဲလို့ ဘုရားကိုမေးကြတာပေါ့။ အဖဘုရား၊ ကျွန်တော်တို့ အခုဘာလုပ်ရမယ်ဆိုတာကို အလင်းပြတော်မူပါ။" ချက်ချင်းပဲ ကျမ်းတစ်ပိုဒ် စိတ်မှာ ပေါ်လာတယ်။   ။

> "စစ်မှုကို ထမ်းရသောအချိန်စေ့ပြီ။ သင်၏အပြစ်လည်း ပြေရှင်းပြီဟု ယေရုရှလင်မြို့အား နှစ်သိမ့်စေသောစကားကို ပြော၍ ကြွေးကြော်ကြလော့။ အကြောင်းမူကား၊ ထာဝရဘုရား၏လက်တော်၌ မိမိအပြစ်အတွက် နှစ်ဆခံရပြီ။ တော၌ ဟစ်ကြော်သောသူ၏အသံမှာ၊ ထာဝရဘုရား ကြွတော်မူရာလမ်းကို ပြင်ကြလော့။ ငါတို့ ဘုရားသခင်၏ လမ်းခရီးတော်ကို လွင်ပြင်၌ ဖြောင့်စေကြလော့။ ချိုင့်ဝှမ်းရာ ရှိသမျှတို့ကို ဖို့

ရမည်။ တောင်ကြီးတောင်ငယ် ရှိသမျှတို့ကို ဖြိုရမည်။ ကောက်သော လမ်းများကို ဖြောင့်စေရမည်။ ကြမ်းတမ်းသော လမ်းများကိုလည်း သုတ်သင်ပြင်ဆင်ရမည်။ ထာဝရဘုရား၏ ဘုန်းတော်ပေါ်ထွန်း၍၊ လူ အပေါင်းတို့သည် အတူမြင်ရကြလတ္တံ့ဟု ထာဝရဘုရား၏ နှုတ်တော် ထွက် အမိန့်တော်ရှိ၏။" - ဟေရှာယအနာဂတ္တိကျမ်း ၄၀:၂-၅

"ကိုယ်တော်က ကျွန်တော်တို့ ဒီမြို့ကနေထွက်နိုင်ဖို့ လမ်းပြပေးမယ်ဆိုတာ ကျွန်တော် တို့ ယုံပါတယ်။ အခု ကျွန်တော်တို့ ဘယ်လိုလုပ်ရမှာလဲ" သူတို့လည်း သုတ္တံကျမ်းထဲက ကျမ်းပိုဒ်ကိုကြားကြတယ်။

"ဖြောင့်မတ်သောသူလိုက်သောလမ်းမူကား၊ ဒုစရိုက်ကို ရှောင်ခြင်း တည်း။ ထိုလမ်းမှမလွှဲဘဲ အမြဲလိုက်သောသူသည် မိမိအသက်ဝိညာဉ် ကို စောင့်တတ်၏။" - သုတ္တံကျမ်း ၁၆:၁၇

"ကျွန်တော်တို့မှာ ပစ်ပယ်စရာ ပစ္စည်းအဆိုး ရှိသေးလားဘုရား။" သူတို့ရဲ့ အိတ်ကို မှောက်ချတော့ မျက်စိလျှမ်းခဲ့ပြီး Constance မြို့နဲ့ဆိုင်တဲ့ ပစ္စည်းတစ်ချို့ကို တွေ့ကြ တယ်။ Maatan က အဲဒါတွေကို ရိုက်ခွဲပြီး မြစ်ထဲလွှင့်ပစ်လိုက်တယ်။ အသံသေးသေးကို ပြန်ကြားကြတယ်။ ။

"ဣသရေလအမျိုးသားတို့သည် အဲဂုတ္တုပြည်မှထွက်သွားသောအခါ၌ ဖြစ်သကဲ့သို့၊ အာရှုရိပြည်မှ ကျန်ကြွင်းသော ကိုယ်တော်၏လူတို့သွား ရာလမ်းကြီး ဖြစ်ရလိမ့်မည်။" - ဟေရှာယအနာဂတ္တိကျမ်း ၁၁:၁၆

"ဒါတော့ အကောင်းဆုံးလမ်းထင်တယ် Stella။ ငါ့စိတ်ထဲမှာတော့ တံတားဘယ် လောက်ပျက်ပျက် တံတားကိုဖြတ်ဖို့ ဘုရားကို ကိုးစားသင့်တယ်လို့ ထင်နေတယ်" အဲလို နဲ့ အသံသေးသေးလေး ပြန်ပေါ်လာတယ်။ ။

"အို ဖောက်ပြန်သော သတို့သမီး၊ သင်သည် အဘယ်မျှကာလပတ်လုံး လှည့်လည်၍ နေလိမ့်မည်နည်း။ ထာဝရဘုရားသည် မြေကြီးပေါ်မှာ

ထူးဆန်းသောအမှုကို စီရင်တော်မူ၍၊ မိန်းမသည် ယောက်ျားကို ပတ်ဝိုင်းလိမ့်မည်။” - ယေရမိအနာဂတ္တိကျမ်း ၃၁:၂၂

“ဣသရေလတို့ရဲ့ ဘုရားကိုယုံပြီး ရှေ့ဆက်မယ်” ဆိုပြီး Maatan က ဆိုင်းဘုတ်ဖြုတ်ပြီး တံတားဆီမောင်းသွားတယ်။

“တံတား ဘယ်လောက်ခံနိုင်လည်းသိဖို့ လမ်းလျှောက်ကြည့်ဦးမယ်”

“ဒါက ဣသရေလတို့ရဲ့ ဘုရားကို ယုံတယ်ဆိုတဲ့ သဘောလား Maatan။ ဘုရားက ဒီတံတားဟာ လမ်းပဲလို့ပြောတာ မဟုတ်ဘူးလား” လို့ Stellaက သတိပေးတယ်။

“နင်မှန်တယ် မိန်းမ။ ငါတို့ ဒီလိုလုပ်မယ်။ အဖဘုရားက တံတားကို ထိန်းပေးပါ။ ဒါမှ ကျွန်တော်တို့ ဖြတ်နိုင်မှာ”

Maatan က ကားကို တံတားပေါ် ဖြည်းဖြည်းချင်း မောင်းတင်ကြည့်တယ်။ အသံတွေ ထွက်လာတာပေါ့။ ဒါပေမယ့် မဆိုးပါဘူး။ တံတားရဲ့ လေးချိုးသုံးချိုး အရောက်မှာတော့ တံတားက အတော်လေး လှုပ်သွားတယ်။ “ဘုရား ဒီတံတားကို ထိန်းပေးမယ်လို့ အားကိုးပါတယ်” သူလည်း စက်ကို တင်လိုက်တယ်။ တံတားလည်း အသံပြန်မြည်တယ်။ ဒါပေမယ့် ကားအလေးကို ထိန်းနိုင်ပါတယ် (ရောမ ၈း၂၂)။

Chi က “ဒီတံတားက ငါတို့ရဲ့အပြစ်ဝန်ထုပ်ကို ထမ်းရလို့ အသံမြည်တာနေမှာ” တဲ့။

Maatan ကလည်း “ဟုတ်တယ်။ ယေရှုဟာ တံတားခင်းတဲ့ အရှင်ကြီးဖြစ်ပြီး ငါတို့ရဲ့ ဝေဒနာ၊ အပြစ်တွေကို ထမ်းထားရတာ။ သူသာ မကူရင် ငါတို့ ဒီတံတားကို ဖြတ်နိုင်မှာ မဟုတ်ဘူး” လို့ဖြေတယ်။

“ဒီဟာနဲ့လိုက်ဘက်တဲ့ ကျမ်းပိုဒ်ကို သတိရတယ်” လို့ Leo ကပြောတယ်။

“သင်သည် ရေကို လျှောက်သွားသောအခါ၊ သင်နှင့်အတူ ငါရှိ၏။ မြစ်တို့ကို လျှောက်သွားသောအခါ၊ မနစ်မမွန်းရ။ မီးကို ချင်းနင်းသောအခါ

လည်း မလောင်ရ။ မီးလျှံလည်း မညီရ။” - ဟေရှာယအနာဂတ္တိကျမ်း ၄၃:၂

Stella က “သိပ်ကောင်းတယ်။ ဒီကတိကို ငါတို့ယုံကြမယ်” တဲ့။

အဲဒီအချိန်မှာ မိုးကြိုးတွေ၊ တိမ်ထုတွေ စာလိပ်လိုလိပ်ပြီး အလင်းပေါ်လာတယ်။ မြူလည်း အကုန်ပျောက်ပဲ။ သူတို့လည်း တဘက်ကမ်းကို ရောက်သွားကြတယ်။ ဒီလိုလွတ်မြောက်သွားတဲ့အတွက် သူတို့က ဘုရားကိုချီးမွမ်းကြပြီး ဝိတိုရိယတောင်ဘက်ကို ဦးတည်ကြတယ်။

ကားကို လူမသိမယ့် နေရမှာထားပြီး ပစ္စည်းတွေယူပြီး တောင်တက်လမ်းကိုတွေ့ပြီး စတက်ကြတယ်။

Stella က “တောင်ထိပ်ရောက်ဖို့ ဘယ်လောက်လိုသေးလဲ” လို့ မေးတယ်။

Maatan က “(၂) နာရီအတွင်း ရောက်မှာပါ” ဆိုပြီး မြို့ထဲကနေထွက်လာနိုင်လို့ ကျေးဇူးတင်သီချင်း စဆိုတယ်။ Stella နဲ့ ကလေးတွေကလည်း ဒီလိုလွတ်မြောက်တဲ့အတွက် သူနဲ့လိုက်ဆိုကြတယ်။

တောင်ထိပ်နားရောက်တော့ လမ်းက အတော်လေး မတ်လာတယ်။ Maatan က သူ့ခြေလှမ်းကို ထိန်းလျှောက်တယ်။ Maatan နဲ့ Stella တို့လည်း အားစိုက်လျှောက်ရလို့ အသက်ရှူသံ ပြင်းလာကြတယ်။ Chi နဲ့ Leo ကတော့ အေးအေးဆေးဆေးပဲ။ တောင်းထိပ်ရောက်ခါနီးပြီ ဆိုတဲ့အသိက Maatan နဲ့ Stella ကို အား ဖြစ်စေတယ်။ သူတို့လည်း နောက်ဆုံးမှာ တောင်ထိပ်ရောက်ပြီး တောင်အောက်ကမြို့ကို မိုးပြီးကြည့်ကြတယ်။ လေက သန့်ပြီး နေလည်း ထိန်လင်းနေတယ်။ Maatan ကတော့ ဝမ်းသာပြီး ဘုရားကို ချီးမွမ်းတယ်။ သူတို့က မြို့ကို အပေါ်စီးကကြည့်တဲ့အခါ မြို့ဟာ တိုင်ကြီး (၅) တိုင်က အုပ်မိုးနေသလို မြင်ကြတယ်။

“သွန်းသော ကြေးမုံကဲ့သို့ တည်လျက်ရှိသော မိုးကောင်းကင်ကို သင် သည် ဘုရားသခင်နှင့် ဝိုင်းညီ၍ ကြက်သလော။” - ယောဘဝတ္ထု ၃၇:၁၈ (NIV)

“ငါတို့ ထွက်ပြေးလာနိုင်တာဟာ အံ့သြဖို့ကောင်းတယ်။ မြို့ကိုအုပ်နေတဲ့အမိုးက ကြေးဝါ ပြားထူကြီးနဲ့ တစ်မြို့လုံးကို မိုးနေသလိုပဲ။ မြို့ထဲမှာနေတုန်းကတော့ ဒီလိုဖြစ်လိမ့်မယ် လို့ကို မထင်ခဲ့ဘူး။ ဒီလိုလွတ်မြောက်အောင် လုပ်ပေးတဲ့အတွက် အရှင်ဘုရားကို ကျေး ဇူးတင်ပါတယ်။ ဒီမြို့ဆိုးကနေ ကယ်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်” လို့ Maatan က ပြောပြီး မျက်ရည်ကျတယ်။

အသံသေးပြန်ပေါ်လာပြီး “နင်တို့ရဲ့နာမည်က Maayan နဲ့ Stela ဖြစ်ပြီ မှတ်ထားကြ။ နင့်ရဲ့ခရီးကြမ်းတွေ ပြီးဆုံးပြီ Maatan။ နင်ဟာ ဒီမြို့အတွက် ရေအရင်းမြစ်ပဲ။ နင့်မိန်းမ ကတော့ ဘုရားသခင်ရဲ့ သနား၊ ကရုဏာကိုပုံဆောင်တဲ့ ကျောက်တိုင်ပဲ” တဲ့။

“ကိုယ်တော်ရဲ့ ကရုဏာတော်အတွက် ကျေးဇူးတင်ပါတယ်” လို့ Maayan က တိုးတိုး လေးပြောတယ်။

အဲဒီနောက် သူတို့အိပ်ဖို့၊ သကေနေပွဲလုပ်ဖို့ တဲဆောက်ကြတယ်။ သူတို့ဟာ ပျော်ကြလို့ ကခုန် သီချင်းဆိုကြတယ်။ သူတို့က အသီးတွေ တောင်ထိပ်မှာစားကြပြီး တိမ်ရှင်းတဲ့နေ့ မှာ အာကာသ ယေရုရှလင်မြို့သစ်ကို ရှုနိုင်ခဲ့ကြတယ်။

# အခန်း ၆၀
# သင်္ကေနေပွဲတော်

Maatan တို့မိသားစုက သင်္ကေနေပွဲမတိုင်ခင် (၄) ရက် ကြိုပြီးရောက်ကြတယ်။ Maatan နဲ့ ကလေးတွေက တောင်ထိပ်ကနေ မီတာ (၁၀၀) ကွာတဲ့ လေနည်းတဲ့နေရာကောင်းမှာ တဲထိုးကြတယ်။

နောက်နေ့မှာ  လူတွေရောက်လာကြတယ်။ Tony, Eric တို့မိသားစု အရင်ရောက်လာကြတယ်။  ခမ္မမိတ်ဆွေတွေ ဖြစ်ကြတဲ့ Craig Ellison, Edward Juson, Gavid Davison, Colin Nixon, Craig James တို့ကို မိသားစုလိုက် တွေ့ရတာ တကယ့်မင်္ဂလာပါပဲ။ သူတို့မြို့ထဲကလွတ်လာတာကို  သိရတာ  ဝမ်းသာစရာပါပဲ။  အဲ့နောက်မှာ Ruben Olson, Claude Hudson, Frank King, Daniel Bernstein, Paul Ireland, James Counsellor, Lester Leon, Jonathan Olson, Gaye Jamison, Gavin Power တို့လည်း  သူတို့ရဲ့ မိသားစုကိုယ်စီနဲ့ ရောက်လာကြတယ်။

Website ကနေ  Maatan နဲ့  ရင်းနှီးလာကြတဲ့  မိတ်ဆွေတွေဖြစ်ကြတဲ့  Marc Fuller, Judith Shaft,  Sharyn Peterson, Boris Solomon, Deyan Diamond, Paul Foster, Morris Frankston,  John Penn,  Glenn Cooper,  Robert Johns, Susan Moses, Tina Marie, Elisabeth Daly,  Melissa Highfield,  Sandy Dougla, Shaquille Rice, Adam Paulson, Tony Paceman တို့လည်း မိသားစုကိုယ်စီနဲ့ ရောက်လာကြတယ်။ လူသစ်တွေ အဖွဲ့လိုက်  ရောက်လာကြတဲ့အခါ  လူတွေ မြို့ထဲကနေ အများကြီး ထွက်လာနိုင်ကြပါလားဆိုပြီး Maatan ပျော်သွားတယ်။

အဲဒီနောက်မှာ Dennis Weatherall,  Dale Climate,  Pedro Olson,  Len Neeson, Abraham Hilltop, Don Lamb, Angel Tulson,  Susanna King တို့  မိသားစုကိုယ်စီနဲ့ ရောက်လာကြတယ်။  အယောက်တိုင်းက  သူတို့ထွက်လာတဲ့ အတွေ့အကြုံပြောစရာကိုယ် စီရှိကြတယ်။ အဖွဲ့တောင့်လာတာနဲ့အမျှ သူတို့လည်း ပျော်ကြတယ်။

နောက်နေ့မှာလည်း George Bunson, Tor Maker, Ben Kross, Daniel Brown, Carlos Helmet, Philip Anson, Bester Simons, Frikkie Vanderfield, Cedric Vandermeer, Cecil Eben, Tommy Coppersmith, Tommy Omarson, Pavle Stanson, Richard Robles, Lorraine Bedford, Ray Foster, Tony Pulman, Lavanya Mawson, Bright Nason, Jiri Signal, Kevin Munson, Dietmar Henshaw, Wyman King, Shane Winslet တို့လည်း မိသားစုကိုယ်စီနဲ့ ရောက်လာကြတယ်။ လူတွေ ဒီလိုတိုးလာလို့ ပီတိတွေ တိုးလာတယ်။

နောက်တစ်နေ့မှာလည်း Emmah Abbot, Azadeh Bason, Paulina Paulson, Steven Dyson, Yvonne Ironblades, Chris Penticost, Sean Stanford, Darren Silas, Malcolm Reid, Andrew Bright, Bukhosi Namefield, Rogerio Branson တို့လည်း မိသားစုကိုယ်စီနဲ့ ရောက်လာကြတယ်။ ထပ်ပြီးလည်း ရောက်လာကြတယ်။ ဒီလူတွေဟာ လောကမာယာကျော့ကွင်းကနေ အဦးဆုံးလွတ်လာတဲ့ လူတွေပဲ။

အဲဒီ (၈) ရက်ကြာတဲ့ပွဲက တကယ့်မင်္ဂလာပါပဲ။ သခင်ခရစ်တော်နဲ့ ရင်းနှီးလေလေ သူတို့အချင်းချင်းလည်း ရင်းနှီးလေလေပဲ။ သူတို့က သီချင်း အတူဆို၊ ဆု အတူတောင်း၊ ဘုရားရဲ့မေတ္တာတော်ကို အတူလေ့လာကြတယ်။

သူတို့ဟာ မြို့ထဲမှာကျန်သေးတဲ့ မိတ်ဆွေတွေ မြို့ကနေလွတ်နိုင်အောင် အလင်းပြချင်ကြတယ်။ Maatan လည်း သူ့ရဲ့အလုပ်ရှင်ဟောင်း David ကို သတိရပြီး အလင်းပြခွင့်ရဖို့ ဆုတောင်းတယ်။

အများကြီးက သူတို့ဘယ်လိုလုပ်ပြီး မြို့ကနေထွက်နိုင်ခဲ့လဲ ဆိုတာကို ပြောပြကြတယ်။ အချို့က တံတားကို ယုံကြည်သဒ္ဓါအားစိုက်ပြီး မြူဆိုင်းတွေကို ဘယ်လိုတိုးခဲ့ကြောင်း ပြောကြတယ်။

ဒီမင်္ဂလာတရားတော်ကို ကမ္ဘာအနှံ့ဖြန့်ဖို့ စီမံကိန်းဆွဲကြတယ်။

* * * * *

ကျွန်တော်တို့ရဲ့ ဆုတောင်းကတော့ စာဖတ်ပရိသတ်အနေနဲ့ ဒီအထိဖတ်လာခဲ့ပြီဆိုရင် ဒီတရားကို သိလိုစိတ်ရှိပါစေပေါ့။ အပြင်ကို ထွက်လာနိုင်တဲ့အဖွဲ့နဲ့ ပူးပေါင်းနိုင်ပါစေ။ လောကမာယာကျော့ကွင်းမှာ ပိတ်မိနေတဲ့သူတွေကို လွတ်မြောက်အောင် ကူနိုင်ပါစေ လို့ ဆုတောင်းပါတယ်။ ဒီစာအုပ်ကို ဘာသာပြန်ပြီး ကျွန်တော်တို့နဲ့ ပူးပေါင်းချင်ရင် အထက်ကနာမည်တွေ ရေးထားတဲ့နေရာမှာ ခင်ဗျားနာမည်ကို ထပ်ဖြည့်ပါ။ စိတ်ရှိရင် နာမည်စာရင်းမှာ အားလုံးဝင်ရေးလို့ ရပါတယ်၊ မပိတ်သေးပါဘူး။

ဘုရားဖိတ်ခေါ်တာကို ခံရတဲ့နေ့ဟာ ခင်ဗျား ကယ်တင်ခြင်းရရှိတဲ့နေ့ပါပဲ။ ပွဲတော်ကို ဆင်နွှဲဖို့ ခင်ဗျားကို ဖိတ်ခေါ်ပါတယ်။ ကောင်းကင်ကနေ "သင်သည် ငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေတည်း" ဆိုတဲ့ ကြိုဆိုသံကို ခင်ဗျားကြားရပါစေ။

# နိဂုံး

သမ္မာကျမ်းစာက မင်္ဂလာတရားတော်ဟာ ဘာလဲဆိုတာကို ဓမ္မသစ်ကျမ်းထဲက ပထမဆုံး ရေးသားတဲ့ ခရစ်ဝင်ကျမ်းမှာ ပြပြီးသားပါ။ ပထမစာကြောင်းမှာတင် ဒီလိုရေးထားပါတယ်။

> "ဘုရားသခင်သားတော်ယေရှုခရစ်၏ ဧဝံဂေလိတရား၏ အစကို ဆိုပေအံ့။" - ရှင်မာကုခရစ်ဝင် ၁:၁

ယေရှုက တကယ်ကို ဘုရားသခင်ရဲ့ သားတော်ဖြစ်တယ်ဆိုတဲ့ တရားက ဧဝံဂေလိတရားရဲ့ မူလအစပဲ။ ဖြစ်ဖွားသောသားဆိုတဲ့ သူ့ရဲ့ဇာစ်မြစ်က စာတန်ရဲ့ ပဥ္စမာယာကျော့ကွင်းကနေ ထွက်မြောက်နိုင်မဲ့ ဘုရားနည်းနာသော့ချက်ကို ပေးပါတယ်။

ယေရှုဟာ ဖြစ်ဖွားသောသားလို့ သိရခြင်းက သူဟာ ခမည်းတော်ဆီ ပို့ပေးမယ့် လမ်းကြောပါလားလို့ ကျွန်တော်တို့ အရှင်းမြင်လို့ ရသွားတယ်။ ဒီဘုရားနည်းနာကြောင့် လင်နဲ့ မယားကြား၊ ဓမ္မဟောင်းနဲ့ ဓမ္မသစ်ကြား ဆက်စပ်ပုံတွေကို ကောင်းကောင်းခွဲခြားဝေဖန် ဝိဘဇ္ဇပြုလို့ရသွားတယ်။ ပဋိညာဉ်ဟောင်းနဲ့ ပဋိညာဉ်သစ်ရဲ့ ဆက်စပ်ပုံ၊ ကပ်တိုင်တော်အကြောင်းစတဲ့ ခရစ်ဝင်ကျမ်းထဲမှာ ရှိသေးတဲ့ အကြောင်းတွေလည်း ခွဲခြားလို့ရသွားတယ်။ ဒီတရားတွေအားလုံး ကျွန်တော်တို့ကို ပေးခဲ့တာက ခရစ်တော်သည် ခမည်းတော်နဲ့ ပတ်သက်မှုသည် လမ်းခရီး၊ အမှန်တရား၊ အသက် ဖြစ်လို့ပါ။

ဒီစာအုပ်ထဲမှာ ဘုရားသခင်ဟာ အဓမ္မ မသုံး၊ အပြစ်မယူတဲ့ ဘုရားသိက္ခာပုဒ်ကို ချပြထားပါတယ်။ ဘုရားဟာ အဓမ္မ မသုံး၊ ကြံစည်မှု မရှိပါဘူး။ ဘုရားဟာ ကျွန်တော်တို့ နားမလည်နိုင်တဲ့ အစိန္တေယျပါ။ ကျွန်တော်တို့ရဲ့ အပြစ်သင့်တဲ့ ပကတိကိုမြင်ပြီး နောင်တရကြဖို့ စိတ်ရှည်စွာ စောင့်နေပါတယ်။

ခရစ်ယာန်လောကအများစုက ဘုရားရဲ့ တရားမျှတမှုကို လက်ခံဖို့ ခရစ်တော်ဟာ ကပ်တိုင်မှာ အသေခံခဲ့တယ်၊ ဘုရားဆီ အကြွေးဆပ်တယ်လို့ ဟောကြတယ်။[26] ဒါဟာ ကျမ်းစာကပြတဲ့ မင်္ဂလာတရား မဟုတ်ပါဘူး။ ဒီစာအုပ်မှာ တွေ့ခဲ့ရတဲ့အတိုင်း မင်္ဂလာတရားတော်ဆိုတာ ယေရှုခရစ်နဲ့ သူ့ရဲ့မွန်မြတ်တဲ့သိက္ခာတော် အကြောင်းပါ။ သူဟာ ခမည်းတော်ပေးခဲ့တဲ့ တာဝန်ကို အသတ်မခံရမီည ကတည်းက အပြီးလုပ်ခဲ့တယ်။

ကျွန်တော်တို့ဟာ အပြစ်ကျူးလွန်ရင် သေရမယ်ဆိုတဲ့ အာဒံဆီကနေရတဲ့ အပြစ်ဖို့တတ်တဲ့စိတ် ရှိကြလို့ ဘုရားသခင်က သူ့ရဲ့သားကို ကျွန်တော်တို့ကို ပေးခဲ့တာပါ (ရောမ ၅း၁၆-၁၈)။ ဘုရားနဲ့ ကျွန်တော်တို့ ပြန်သင့်မြတ်နိုင်ဖို့ သူ့ရဲ့သားက သေဖို့မလိုပါဘူး။ ဘုရားသခင်က ငါတို့ကို ခွင့်လွှတ်ပါတယ် ဆိုတဲ့စိတ်ရှိနိုင်အောင် ကျွန်တော်တို့ရဲ့ တရားမျှတမှု မြင်ပုံအတိုင်း ဘုရားက သူ့ရဲ့သားကို စွန့်လွှတ်ခဲ့တာပါ။

ဒီတရားကို ကမ္ဘာမှာ မဟောကြသေးဘူး။ လုံးလုံးကို မသိရသေးတာ။ ဒီမင်္ဂလာတရားကို ကမ္ဘာမှာရှိတဲ့ လူတိုင်းဆီ မဟောနိုင်၊ ကိုယ်စီမဆုံးဖြတ်နိုင်မချင်း ကမ္ဘာကုန်မှာ မဟုတ်ဘူး။

ဒီမင်္ဂလာတရားကို ကမ္ဘာကိုဖြန့်ဖို့ ကျွန်တော်တို့နဲ့ လက်တွဲဖို့ ဖိတ်ခေါ်ပါတယ်။ ဒီတရားကို fatheroflove.info ဝက်(ဘ်)ဆိုက်မှာ နည်းအမျိုးမျိုးနဲ့ ဖြန့်ဝေနေပါတယ်။ ဒီစာအုပ်ကြောင့် အလင်းရပြီး အခမ္ဘ မသုံးတဲ့ဘုရားကို လက်ခံတယ်ဆိုလို့ရှိရင် ဒီတရားကို ဖြန့်ဝေမယ့်အဖွဲ့မှာပါဝင်ဖို့ ဖိတ်ခေါ်ပါတယ်။ ဒီတရားကို ဗျာဒိတ်ကျမ်း အခန်းကြီး (၁၄) က ပထမကောင်းကင်တမန် သတင်းစကားမှာ အကျဉ်းတွေ့ရတယ်။ ။

> “မြေကြီးပေါ်မှာနေသော သူတည်းဟူသော အသီးအသီး ဘာသာစကားကိုပြောသော လူအမျိုးအနွယ် ခပ်သိမ်းတို့အား ထာဝရဧဝံဂေလိတရားကို ဟောရသော ကောင်းကင်တမန်တစ်ပါးက၊- ဘုရားသခင်ကိုကြောက်ရွံ့၍ ချီးမွမ်းကြလော့။ တရားစီရင်တော်မူသော အချိန်ရောက်

[26] ဒီအကြောင်းပိုသိချင်ရင် fatheroflove.info မှာရနိုင်တဲ့ ကိုဖတ်ပါ။

လာပြီ။ ကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာနှင့် စမ်းရေတွင်းတို့ကို ဖန်ဆင်းတော်မူသောအရှင်ကို ကိုးကွယ်ကြလော့ဟု ကြီးသောအသံနှင့် ပြောဆို၍ ကောင်းကင်အလယ်၌ ပျံဝဲလျက် ရှိသည်ကို ငါမြင်၏။" - ဗျာဒိတ်ကျမ်း ၁၄:၆၊ ၇

ဒီတမန်ဆီမှာ ဟောဖို့ ထာဝရမင်္ဂလာတရားတော် ရှိတယ်။ ဒီတရားက ဒီကမ္ဘာမှာရှိတဲ့ လူတိုင်းဆီကို ရောက်ရမှာဖြစ်တယ်။ ဒီတရားကို အများကြီး စိတ်ဖြာနိုင်ပါတယ်။ ။

၁။ **ထာဝရဧဝံဂေလိတရား။** ဒီတရားကို ဘုရားနိယာမရဲ့ ပဋိညာဉ် (၂) ခုမှာ တွေ့ရတယ်။

၂။ **ဘုရားသခင်ကို ကြောက်ရွံ့(ဝါ)ရိုသေလော့။** ဒီအချက်က ဘုရားဟာ ဘာလဲဆိုတာကိုပြတယ်။ ဘုရားဟာ သုံးပါးတစ်ဆူလား (ဝါ) သားတော်ရှိတဲ့ ခမည်းတော်ဘုရားလား။


၃။ **ဘုရားသခင်ရဲ့ဘုန်း ထင်ရှားစေလော့။** ဒါကတော့ ဘုရားသိက္ခာပုဒ်နဲ့ဆိုင်တယ်။ ယေရှုက ရှင်ယောဟန် ၁၇း၄ မှာ သူက ခမည်းတော်ရဲ့ဘုန်းကို ထင်ရှားစေတယ်လို့ မိန့်တဲ့အတွက် ဒီသိက္ခာပုဒ်ကို သိနိုင်ဖို့က ယေရှုခရစ်ဆိုတဲ့ တစ်လမ်းပဲရှိတယ်။ ရှင်ပေါလုက ခရစ်တော်သည် ခမည်းတော်ရဲ့ ဘုန်းရောင်ခြည်တော်တဲ့။ ခရစ်တော်က ဘယ်သူ့ကိုမှ မသတ်ခဲ့ဘူး။ ဒါဟာ ဘုရားသခင်ရဲ့ သိက္ခာပုဒ်ပဲ။ ကမ္ဘာကိုဖြန့်ရမှာက ဒီတရားပဲ။ ဒီတရားက ခမည်းတော်ရဲ့နာမပါတဲ့ တံဆိပ်ခတ်စေမှာဖြစ်တယ်။

၄။ **တရားစီရင်ချိန်။** ဒါဟာ ဘုရားသိက္ခာပုဒ်ကို စစ်ရမယ့်အချိန်ပဲ။ သူဟာ အတ္တမဲ့ ဘုရားရှင်လား။ သူ့ကို ဆန့်ကျင်တဲ့သူကိုသတ်တဲ့ အဓမ္မကျင့်သုံးတဲ့ ဘုရားလား။ ကျွန်တော်တို့က ဘုရားကိုစီရင်သလို အပြစ်ရှိတဲ့ ကျွန်တော်တို့ကိုယ်ကိုလဲ ပြန်စီရင်ရမှာပါပဲ။

၅။ **ကောင်းကင်နဲ့မြေကြီးကို ဖန်ဆင်းတဲ့အရှင်ကို ကိုးကွယ်ကြလော့။** ဒါကတော့ ဖန်ဆင်းရှင်ကို ကိုးကွယ်ဖို့ ဖိတ်ခေါ်တာပါ။ ဘယ်အချိန်မှာ ကျွန်တော်တို့က စုရုံးပြီး ဘုရားရှိခိုးကြလဲ။ ဝတ်ပြုရာကျမ်း အခန်းကြီး (၂၃) ထဲကအတိုင်း ဘုရားကခေါ်တဲ့အချိန်မှာ ကျွန်တော်တို့က ဘုရားကိုရှိခိုးပြီး ဝိညာဉ်တော်ကို ရကြသလား (ဝါ) လူ့အလိုအတိုင်း ကြိုက်တဲ့နေ့သတ်မှတ်ပြီး ရှိခိုးကြလား။

ဒီ (၅) ချက်က ပဥ္စမာယာ ထောက်တိုင်အားလုံးနဲ့ ဆက်စပ်တယ်။ ဘုရားမှန်ကို ကိုးကွယ်ဖို့ ဖိတ်တယ်ဆိုတာ ခမည်းတော်နဲ့သားတော်ကို ကိုးကွယ်တာလား၊ သုံးပါးပေါင်းဘုရားကို ကိုးကွယ်တာလားပေါ့။ ဘုရား ဘုန်းထင်ရှားစေဖို့ ဖိတ်တာက ဘာသိက္ခာပုဒ်ကို ကိုးကွယ်လဲဆိုတာပဲ။ ထာဝရဇေဝံဂေလိတရား ဆိုတာသည် ပဋိညာဉ် (၂) ခုနဲ့ ကယ်တင်ခြင်းစီမံကိန်းတို့ကို သတိကပ်စေတာပါ။ တရားစီရင်ချိန်ရောက်ပြီ ဆိုတာက ကျွန်တော်တို့က သမ္မာကျမ်းစာကို ဘယ်လိုဖတ်သလဲပေါ့။ ဘုရားသခင်နဲ့ သူ့ရဲ့သားတော်တို့ကတော့ ငါတို့ဟာ တရားစီရင်ခံရမယ်လို့ မိန့်ထားတာကိုး။ ကောင်းကင်နဲ့မြေကြီးကို ဖန်ဆင်းရှင်ကို ကိုးကွယ်ဖို့ ဆော်ဩရတာက တနင်္ဂနွေနေ့၊ အီစတာ၊ ခရစ်စမတ်ပွဲတွေအစား ဥပုသ်နေ့နဲ့ အခါကြီးပွဲတွေနဲ့ ပတ်သက်ပါတယ်။

ပထမကောင်းကင်တမန် သတင်းစကားရဲ့ အဓိကအချက် (၅) ချက်က ပဥ္စမာယာရဲ့ ထောက် တိုင် (၅) တိုင်နဲ့ ပတ်သက်ပါတယ်။ အဲဒါကို အောက်ကပုံအတိုင်း စီလို့ရပါတယ်။ ။



ပထမကောင်းကင်တမန်ရဲ့ သတင်းစကားကို ပိုင်းခြားတတ်တဲ့အခါ ဗာဗုလုန်ရဲ့ ပဋ္ဌမာယာဟာ ပျက်သွားမှာဖြစ်ပြီး ဘုရားရဲ့လူတွေဟာ လွတ်လပ်သွားကြတယ်။ လွတ်လပ်ခြင်းရဲ့ အရသာကို ဒီမြို့ထဲမှာပိတ်မိနေတဲ့ ကျွန်တော်တို့အားလုံးကို ကိုယ်စားပြုတဲ့၊ ကာမကိစ္စဖောက်ပြန်ချိန်မှာ အဖမ်းခံရတဲ့ အမျိုးသမီးရဲ့ အဖြစ်ကနေမှ နားလည်နိုင်မှာဖြစ်တယ်။ ကျွန်တော်တို့ဟာ အပြစ်လွတ်ကြောင်း သိပြီးနောက်ပိုင်း ယေရှုဆီလာပြီး ဆေးကြောသုတ်သင်ကြတဲ့အခါ ယုဒဆိုတဲ့ အရှုံးသမားက အသင်းတော်လူကြီးတွေကို လာမွှေပြီး ယေရှုနောက်လိုက်တွေကို သေမိန့်ထုတ်ခိုင်းလိမ့်မယ်။

ဒီအကြောင်းစဉ်တွေအားလုံးဟာ ပဋ္ဌမာယာကျော့ကွင်းကနေ လွတ်မြောက်ဖို့ ဇာတ်ကွက်တွေပါပဲ။ အဲဒီအချိန်ကို မရောက်ခင်တော့ Constance မြို့ကနေ ထွက်နိုင်မယ့်သော့ချက်ကိုမြင်ပြီး အာကာသမြို့တော်ကို မြင်နိုင်တဲ့တောင်ပေါ်မှာ ကျွန်တော်တို့နဲ့အတူ ရှိနိုင်ဖို့ ဆုတောင်းပေးပါတယ်။ ျျျျျဂေါလျတ်နဲ့ သူ့ရဲ့သားတွေကို
ဘုရားရဲ့ကရုဏာအားအင်နဲ့ အနိုင် တိုက်ပြီး လူအများကြီးကို အလင်းဆီ ပို့နိုင်ပါစေ။

ကယ်တင်ရှင် ငါ့ကိုလမ်းပြသည်၊
ဘယ်တောင့်တရန်ရှိသနည်း၊
ငါ့ကိုလမ်းပြတော်မူရှင်အား၊
ယုံမှားခြင်းရှိရမည်လား၊
ဤဘဝအသက်ရှင်သည်တွင်၊
စုံစမ်းခြင်းမျိုးမျိုးတို့ပင်၊
ဖိစီးနှိပ်စက်လာသောအခါ၊
ကိုယ်တော်စီရင်တိုင်းဖြစ်ပါ၊
ဖိစီးနှိပ်စက်လာသောအခါ၊
ကိုယ်တော်စီရင်တိုင်းဖြစ်ပါ။

ကယ်တင်ရှင် ငါ့ကိုလမ်းပြသည်၊

ထောက်မအားပေးလျက်နှင့်ပင်၊
စံစမ်းခြင်းကိုခံနိုင်ဖို့ရာ၊
ကျွေးတော်မူအသက်မုန့်မှာ၊
ခွန်အားပြည့်လျက်မောပန်းခြင်းကင်း၊
သောက်လျက်နေသက်စမ်းရေတွင်း၊
ပလ္လင်တော်ရှေ့မှထွက်စီးလေ၊
ဝမ်းမြောက်ခြင်းစမ်းရေမြင်ပေ၊
ပလ္လင်တော်ရှေ့မှထွက်စီးလေ၊
ဝမ်းမြောက်ခြင်းစမ်းရေမြင်ပေ။

ကယ်တင်ရှင်ငါ့ကိုလမ်းပြသည်၊
ကိုယ်တော်ချစ်ခြင်းအံ့ဖွယ်တည်း၊
ထက်အဖအိမ်တော်တွင်ငြိမ်းစွာ၊
နေစိမ့်ငှာကတိတော်ထား၊
ထာဝရရှင်ခြင်းသို့နိုးလျက်၊
ထွန်းတောက်ကောင်းကင်သို့ပျံတက်၊
ထိုအခါစဉ်သီချင်းဆိုမည်၊
ယေရှုငါ့ကိုလမ်းပြပြီ၊
ထိုအခါစဉ်သီချင်းဆိုမည်၊
ယေရှုငါ့ကိုလမ်းပြပြီ။




မာန်တန်နှင့် စတယ်လာက ၉၁၁ အဖြစ်အပျက်နှင့် တွန်းတာဝါ ပြိုကျပြီးနောက်လျှပ်စစ်သံလိုက် အမိုးဖြင့်ဖုံးအုပ်ထားသောမြို့ထဲ၌ ပိတ်မိနေကြောင်း သတိထားမိခဲ့ကြသည်။လုံခြုံရေးအတွက် ရည်ရွယ်၍ မြို့နေလူအားလုံးကို ပရိုဂမ်တစ်ခုဖြင့် ဆက်သွယ်ထားသည်။ ထိုစနစ်သည် အမှန်မှာ လူများ၏ စိတ်နှလုံးကို အမှန်တရားမှ ကာထားသော အရာဖြစ်နေသည်။

အာပိုလိုနှင့် သူ့အဖွဲ့များ၌ ဆက်ကပ်ထားသောကြေးဝါငုပ်များဖြင့် ပြုလုပ်ထားသော မြို့၏ အုတ်မြစ်မှလွတ်မြောက်စေနိုင်မည့် သမ္မာတရားလမ်းကို ရှာတွေ့သွားသည်။ ဘုရားသခင်နှင့် သားတော်ကို ဆန့်ကျင်ပုန်ကန်ရန် တည်ထားသောမြို့မှ မာန်တန်နှင့် သူ့မိသားစု၏ လွတ်မြောက်ရေး ခရီးစဉ်ကို ဖတ်ရှုပါ။

FATHER
OF LOVE
fatherof love.info

9 780648 811466